


# စီမံကိန်းများတွင် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

## ထွန်းသစ်စဈေးကွက်များတွင် စီးပွားရေးလုပ်ကိုင်နေသော ကုမ္ပဏီများအတွက် အလေ့အကျင့်ကောင်းများကို စုစည်းဖော်ပြသောလက်စွဲစာအုပ်

IFC
International Finance Corporation
WORLD BANK GROUP
*Creating Markets, Creating Opportunities*

မျက်နှာဖုံးဓာတ်ပုံနှင့်စပ်လျဉ်း၍ကျေးဇူးတင်ထိုက်သူများ–
ပထမအတန်း (ဘယ်မှညာသို့)။ကမ္ဘာ့ဘဏ်ဝန်ထမ်း, ကမ္ဘာ့ဘဏ်ဝန်ထမ်း, ကမ္ဘာ့ဘဏ်ဝန်ထမ်း
ဒုတိယအတန်း (ဘယ်မှညာသို့)။ T.Pollett ၊ I. Michuci ၊ Courtesy of ADG
တတိယအတန်း (ဘယ်မှညာသို့)။ K.Merckens ၊ C. Warren, ကမ္ဘာ့ဘဏ်ဝန်ထမ်း
စတုတ္ထအတန်း (ဘယ်မှညာသို့)။ T.Pollett, Courtesy America Latina Logistica, ကမ္ဘာ့ဘဏ်ဝန်ထမ်း

® 2007 INTERNATIONAL FINANCE CORPORATION
2121 Pennsylvania Avenue, N.W.
Washington, D.C. 20433 U.S.A.
Telephone: 202 473–1000
Facsimile: 202 974–4384
Internet: www.ifc.org/enviro

မူပိုင်ခွင့်

မြန်မာဘာသာဖြင့် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေမှု၊ ၂၀၂၀ခုနှစ်၊ဇန်နဝါရီလ

ဤစာအုပ်တွင်ဖော်ပြထားသော တွေ့ရှိချက်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အတွေးအမြင်များနှင့် ကောက်ချက်များသည် စာရေးသူများ၏ အာဘော် များသာဖြစ်ပြီး အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC) သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ် (ကမ္ဘာ့ဘဏ်) တို့မှ အမှုဆောင်ဒါရိုက်တာများ သို့မဟုတ် ယင်းတို့ ကိုယ်စားပြုသောအစိုးရများ၏ သဘောထားအမြင်အာဘော်များကို ထင်ဟပ်ခြင်းမရှိပါ။

ရပိုင်ခွင့်များနှင့်ခွင့်ပြုချက်များ

အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC) သည် ယင်းထုတ်ဝေထားသော စာအုပ်စာတမ်းများ အသုံးပြုမှုနှင့် ဖြန့်ဝေမှုကို အားပေးပါသည်။ မူလသတင်းရင်းမြစ်ကို ရှင်းလင်းစွာကိုးကားပြီး ဤစာအုပ်ပါ အကြောင်းအရာများကို IFC ထံမှ ကြိုတင် ခွင့်ပြုချက်မယူဘဲ လွတ်လပ်စွာ အသုံးပြုနိုင်သည့်အပြင် အခြားသော စာရွက်စာတမ်းများအတွင်း မိတ္တူကူးထည့်နိုင်သည်။

# စီမံကိန်းများတွင် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

## ထွန်းသစ်စဈေးကွက်များတွင် စီးပွားရေးလုပ်ကိုင်နေသော ကုမ္ပဏီများအတွက် အလေ့အကျင့်ကောင်းများကို စုစည်းဖော်ပြသောလက်စွဲစာအုပ်


IFC International Finance Corporation
WORLD BANK GROUP
*Creating Markets, Creating Opportunities*

# မာတိကာ


## နိဒါန်း ........ 1

"ချိတ်ဆက်ဆောင်ရွက်မှု"ဆိုင်ရာပိုမိုကျယ်ပြန့်သော သဘောတရားရေးရာများ ........ 2
ဤလက်စွဲစာအုပ်အကြောင်း ........ 3
အောင်မြင်သောချိတ်ဆက်ဆောင်ရွက်မှုအတွက်အကြံဉာဏ်များ ........ 4

## အပိုင်း–၁
## စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ အဓိကသဘောတရားများနှင့် အခြေခံမှုများ

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ........ 13
သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်း ........ 27
ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း ........ 33
    အပြန်အလှန်တိုင်ပင်ဆွေးနွေးမှု အဆင့် ၅ ဆင့် ........ 34
    သတင်းအချက်အလက်များသိရှိပြီးနောက် ပါဝင်ဆောင်ရွက်ခြင်း ........ 44
    တိုင်းရင်းသားလူမျိုးစုများနှင့် တိုင်ပင်ဆွေးနွေးခြင်း ........ 47
    တိုင်ပင်ဆွေးနွေးရာတွင် ကျား၊ မ ရေးရာနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားမှုများ ........ 56
စေ့စပ်ညှိနှိုင်းခြင်းနှင့် မိတ်ဖက်အသွင်ပူးပေါင်းဆောင်ရွက်ခြင်းများ........ 63
ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေး ဆိုင်ရာ စီမံခန့်ခွဲမှု ........ 69
စီမံကိန်းအားစောင့်ကြပ်ကြည့်ရှုစစ်ဆေးရာတွင်
ပတ်သက်ဆက်နွယ်သူများပါဝင်ဆောင်ရွက်ခြင်း ........ 79
ပတ်သက်ဆက်နွယ်သူများထံသို့ သတင်းပေးပို့ အစီရင်ခံခြင်း ........ 87
စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းရပ်များ ........ 99

## အပိုင်း–၂
## စီမံကိန်းသက်တမ်းတစ်လျှောက် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ပေါင်းစပ်ဆောင်ရွက်ခြင်း

စီမံကိန်းဆိုင်ရာသဘောတရားများ အဆိုပြုကာလ........ 111
ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများနှင့် စီမံကိန်းရေးဆွဲရေးကာလ ........ 119
တည်ဆောက်ရေးကာလ........ 135
လုပ်ငန်းလည်ပတ်ရေးကာလ........ 143
ဝန်ထမ်းအင်အားနှင့် လုပ်ငန်း အရွယ်အစားလျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့်
ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရောင်းထုတ်သည့်ကာလ ........ 151

## နောက်ဆက်တွဲများ


နောက်ဆက်တွဲ ၁။ IFC မှ သတ်မှတ်ထားသော လုပ်ဆောင်မှု စံသတ်မှတ်ချက်များနှင့် သတင်းအချက်အလက် ထုတ်ပြန်အသိပေးခြင်းဆိုင်ရာ မူဝါဒအတွက် လမ်းပြမြေပုံတစ်ရပ် ........ 160

နောက်ဆက်တွဲ ၂။ စီးပွားရေးလုပ်ငန်းအကောင်အထည်ဖော်မည့် နည်းလမ်းအမျိုးမျိုးအလိုက် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မည့်ဗျူဟာများ................ 162

နောက်ဆက်တွဲ ၃။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ဆက်နွှယ်သူများ နှင့် ချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ် (ပါဝင်သောအကြောင်းအရာ နမူနာများ) ............................................ 164

နောက်ဆက်တွဲ ၄။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ဆက်နွှယ်သူများ ဆိုင်ရာမှတ်တမ်းနမူနာ ..................... 169

နောက်ဆက်တွဲ ၅။ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ အစီရင်ခံစာမူကြမ်း ထုတ်ပြန်အသိပေးမှုကို ကြော်ငြာရန် တရားဝင်လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်း ............ 170

နောက်ဆက်တွဲ ၆။ အသုံးဝင်သော သတင်းအချက်အလက်ရင်းမြစ်များ.................................... 171


## ပုံများ


ပုံ ၁။ လုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အဝန်းအဝိုင်း..................... 3

ပုံ ၂။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ဆက်နွှယ်သူများအားချိတ်ဆက်ဆောင်ရွက်ရာတွင် ပါဝင်သော အဓိက အချက်အလက်များ........................................................................ 12


## လေ့လာတွေ့ရှိချက်များ


လေ့လာတွေ့ရှိချက် ၁။ ထိခိုက်သက်ရောက်မှုဇုန်များသတ်မှတ်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သူများကိုဘယ်လိုဖော်ထုတ်မလဲ .................................. 15

လေ့လာတွေ့ရှိချက် ၂။ အများပြည်သူလက်တွေ့ပါဝင်ဆောင်ရွက်ခြင်း၏ အဓိကတန်ဖိုးများ ................. 35

လေ့လာတွေ့ရှိချက် ၃။ ကုမ္ပဏီတစ်ခုအပေါ် ဒေသခံလူထုယုံကြည်အောင် ဘယ်လိုလုပ်သလဲ ............... 39

လေ့လာတွေ့ရှိချက် ၄။ အာဏာပိုင်များက ဒေသခံပြည်သူလူထုကို ၄င်းတို့ဘာသာ စီစဉ် ဖွဲ့စည်း ခွင့်မပြုသည့်အခါ ချိတ်ဆက်ဆောင်ရွက်ရန်အတွက် လက်တွေ့အသုံးဝင်သည့် အကြံပေးစကားများ 42

လေ့လာတွေ့ရှိချက် ၅။ ပါဝင်ဆောင်ရွက်မှုဖြစ်စေသော နည်းလမ်းများနှင့် နည်းစနစ်များအတွက် အသုံးဝင်မည့် ကိုးကားစရာများ .................................................... 46

လေ့လာတွေ့ရှိချက် ၆။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ သဘောတူစာချုပ်အမှတ် ၁၆၉ အရ ဒေသခံ တိုင်းရင်းသားများ၊ မျိုးနွယ်စုများနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ချက်များ ........... 49

လေ့လာတွေ့ရှိချက် ၇။ ကျား၊ မ ရေးရာနှင့် ချိတ်ဆက်ဆောင်ရွက်မှုအတွက် အသုံးဝင်မည့် ရည်ညွှန်း ကိုးကားစရာများ ................................................................ 62

လေ့လာတွေ့ရှိချက် ၈။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် တိုင်ပင်ဆွေးနွေးရာမှ ထွက်လာသော ကတိကဝတ်များကို ခြေရာခံရန် Software Program များအသုံးပြုခြင်း ............. 90

လေ့လာတွေ့ရှိချက် ၉ ။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေကို သတင်းပေးပို့အစီရင်ခံခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများ ..................................... 91

လေ့လာတွေ့ရှိချက် ၁၀။ ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်ထုတ်ဝေမှု အစပျိုးအစီအစဉ် (Global Reporting Initiative–GRI) ဆိုင်ရာ အညွှန်းကိန်းများ ...................... 96

လေးထောင့်ကွက် ၁၁။ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ချေးငွေထုတ်ပေးသူများ၏ စည်းကမ်းသတ်မှတ်ချက်နမူနာများ ...... 125
လေးထောင့်ကွက် ၁၂။ စီမံကိန်းတစ်ခုသည် "ရပ်ရွာလူထုထောက်ခံအားပေးမှု ကျယ်ကျယ်ပြန့်ပြန့်" ရရှိထားခြင်း ရှိ၊ မရှိ ဆုံးဖြတ်သည့် IFC ၏ လုပ်နည်းလုပ်ဟန် ...... 130
လေးထောင့်ကွက် ၁၃။ ပင်မတည်ဆောက်ရေး ကန်ထရိုက်တာများကို ရွေးချယ်ရန် ကြိုတင်အရည်အချင်းစစ် အကဲဖြတ်မှုစံနှုန်းများ ...... 140
လေးထောင့်ကွက် ၁၄။ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများ၏ သဘောထားအမြင်စစ်တမ်းတွင် ထည့်သွင်းရန် အကြောင်းအရာများ ...... 150
လေးထောင့်ကွက် ၁၅။ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစား လျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရောင်းထုတ်ခြင်းတို့အပေါ် ထိရောက်စွာ ရေးဆွဲစီမံခန့်ခွဲရာတွင် ပတ်သက်ဆက်နွှယ်သည့်အုပ်စုများ ...... 155
လေးထောင့်ကွက် ၁၆။ KELIAN EQUATORIAL သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဒေသခံများနှင့် ရရှိခဲ့သော သဘောတူညီမှုများ ...... 156

## ဇယားများ

ဇယား ၁။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်မှု မှ တွေ့ရှိချက်များကို အများပြည်သူသို့ ထုတ်ပြန်အသိပေးခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းအတွက် လိုက်နာရန် သတ်မှတ်ထားသော အလေ့အကျင့်ကောင်းများ ...... 128
ဇယား ၂။ တည်ဆောက်ရေးကာလတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ စိုးရိမ်ပူပန်လေ့ရှိသည့်ကိစ္စများ ...... 141

## ဥပမာများ

MANILA WATER COMPANY။
စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ နှင့် ချိတ်ဆက်ဆောင်ရွက်မှု၏ အကျိုးကျေးဇူးများ ခံစားရရှိခြင်း ...... 9

GLAMIS GOLD။
MARLIN ရွှေတူးဖော်ရေးစီမံကိန်းတွင် ပတ်သက်ဆက်နွှယ်သူများကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ...... 17

တရုတ်နိုင်ငံအနောက်ပိုင်း။
စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူ ကိုယ်စားလှယ်များ၏ တရားဝင်မှုကို အတည်ပြုခြင်း ...... 21

ဂွာတီမာလာနိုင်ငံ။
စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် နိုင်ငံအဆင့်ချိတ်ဆက်ဆောင်ရွက်ခြင်း– အစိုးရ၏ အခန်းကဏ္ဍ ...... 25

SASOL ၊ မိုဇမ်ဘစ်နိုင်ငံ။
နောက်ခံသတင်း အချက်အလက် စာရွက်စာတမ်းကို ထုတ်ပြန်အသိပေးခြင်း ...... 32

ADASTRA သတ္တုလုပ်ငန်း။
တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်အသိပေးခြင်းတို့ကို ဒေသဆိုင်ရာ အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း ...... 37

SIBERIAN–URALS ALUMINUM COMPANY။
လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများ ပါဝင်ဆောင်ရွက်လာစေရန်
စွမ်းဆောင်ရည်တည်ဆောက်ခြင်း ........ 43

SAKHALIN ENERGY INVESTMENT COMPANY။
ဒေသခံတိုင်းရင်းသားလူနည်းစုများ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ် ........ 53

INDO EGYPTIAN ဓာတ်မြေသြဇာကုမ္ပဏီ။
ကျား၊ မ ရေးရာ ထိရှလွယ်သည့် ဒေသခံလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ........ 61

အိန္ဒိယနိုင်ငံ။
ခဲပါဝင်သည့် ဘက်ထရီထုတ်လုပ်ခြင်းနှင့် စုဆောင်းခြင်းလုပ်ငန်းစဉ်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ
အကောင်းဆုံး စံသတ်မှတ်ချက်တစ်ခုကို စေ့စပ်ညှိနှိုင်းခြင်း ........ 67

HOLCIM ၊ ဗီယက်နမ်နိုင်ငံ။
သဘာဝနေရင်းဒေသများထိန်းသိမ်းခြင်းအတွက် သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုပုံစံများ 68

LONMIN ကုမ္ပဏီ၊ တောင်အာဖရိကနိုင်ငံ။
အခကြေးငွေ ကောက်ခံခြင်းမရှိသော အရေးပေါ်တယ်လီဖုန်းလိုင်း ........ 71

MINERA YANACOCHA ။
ပဋိပက္ခဖြေရှင်းရန် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် စားပွဲဝိုင်းဆွေးနွေးပွဲ ........ 74

EXXONMOBIL ။
CHAD–CAMEROON ပိုက်လိုင်းစီမံကိန်း နှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များကို
ဖြေရှင်းရန် ပုဂ္ဂိုလ်အဖွဲ့အစည်းပေါင်းစုံပါဝင်သောကော်မရှင် ........ 77

EXXONMOBIL: CHAD CAMEROON PIPELINE အပေါ် ပြင်ပမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း ........ 82

BAKU–TBLISI–CEYHAN PIPELINE။
အဇာဘိုင်ဂျန်နှင့် ဂျော်ဂျီယာတို့တွင် NGO များက စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း ........ 83

LONMIN၊ တောင်အာဖရိကနိုင်ငံ။
အဓိကကျသော စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု အချက်အလက်များကို စီမံကိန်းကြောင့်
ထိခိုက်နစ်နာရသူများဖြန့်ဝေခြင်း ........ 89

MANILA WATER COMPANY။
လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သူများအား သတင်းပေးပို့အစီရင်ခံတင်ပြခြင်း ........ 95

SASOL ၊ မိုဇမ်ဘစ်နိုင်ငံ။
ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွက် စီမံကိန်းနှင့်
ပတ်သက်ဆက်နွယ်သူဆိုင်ရာ အချက်အလက်ဘဏ်တစ်ရပ်ထူထောင်ခြင်း ........ 104

BAKU–TBLISI–CEYHAN ပိုက်လိုင်းစီမံကိန်း။
ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ရာ၌ ပေးခဲ့သည့်
ကတိကဝတ်များကို ခြေရာကောက်ခြင်း ........ 105

COSAN SAIC ။
ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်၏ အစိတ်အပိုင်းအဖြစ် ရပ်ရွာလူထုနှင့်
တိုင်ပင်ဆွေးနွေးမည့် အစီအစဉ်ထူထောင်ခြင်း ... 108

LONMIN ကုမ္ပဏီ၊ တောင်အာဖရိကနိုင်ငံ။
လုပ်ငန်းနှင့်ပတ်သက်ဆက်နွှယ်သူများအပေါ် စီမံခန့်ခွဲမှုအားကောင်းစေခြင်း ... 109

ပီရူးနိုင်ငံတွင် ဓာတ်သတ္တုရှာဖွေခြင်း။
ဒေသခံလူထုနှင့် အစောပိုင်းကာလက တိုင်ပင်ဆွေးနွေးမှု၏ စိန်ခေါ်မှုများနှင့် အကျိုးကျေးဇူးများ ... 116

LAFARGE ဘိလပ်မြေစက်ရုံ။
စီမံကိန်းနေရာရွေးချယ်ရာ၌ စီမံကိန်းကြောင့် ထိခိုက်နစ်နာရမည့် ရပ်ရွာလူထုများပါဝင်စေခြင်း ... 117

စူးစမ်းလေ့လာရေးကာလ အဆင့်အမျိုးမျိုးကို ဦးတည်ထား၍ ချိတ်ဆက်ဆောင်ရွက်မှုများ ... 118

BAKU–TBLISI–CEYHAN ပိုက်လိုင်း။
ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ထားသည့် စာရွက်စာတမ်းများကို
ထုတ်ပြန်အသိပေးခြင်း ... 127

ဖိလစ်ပိုင်နိုင်ငံ။
ESIA မူကြမ်းအပေါ် တိုင်ပင်ဆွေးနွေးခြင်း ... 129

MINCA။
စီမံကိန်းခွင့်ပြုချက်မရသေးမီ အရေးပါသော ရပ်ရွာလူထုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတူတွဲ
လုပ်ဆောင်ရန် ကာလတိုဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိခြင်း ... 131

SASOL ၊ မိုဇမ်ဘစ်နိုင်ငံ။
ESIA လုပ်ငန်းစဉ်အတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပုံ ... 132

BAKU–TBLISI–CEYHAN ပိုက်လိုင်းစီမံကိန်း – ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးယန္တယား ... 139

MALAMPAYA ရေနက်ပိုင်းလုပ်ကွက်မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား
ထုတ်လုပ်သည့်စီမံကိန်း။
စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလအတွင်း ရပ်ရွာလူထုနှင့်
ချိတ်ဆက်ဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းထားခြင်း ... 148

RÖSSING သတ္တုတွင်း၊ NAMIBIA နိုင်ငံ။
မိုင်းပိတ်သိမ်းရန် နောက်ခံအခြေအနေများတွင် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့်
တိုင်ပင်ဆွေးနွေးခြင်း ... 157



# နိဒါန်း


၁၉၉၈ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် ယင်း၏ပထမဆုံး အလေ့အကျင့်ကောင်းများဆိုင်ရာ လက်စွဲစာအုပ် “ထိရောက်စွာ တိုင်ပင်ဆွေးနွေးခြင်းနှင့် ထုတ်ပြန်အသိပေးခြင်းအားဖြင့် ပိုမိုကောင်းမွန်စွာ စီးပွားရေးလုပ်ကိုင်ခြင်း”ကို ထုတ်ဝေခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့သည် ထွန်းသစ်စ ဈေးကွက်များရှိ ကျွန်ုပ်တို့၏ ထောက်ပံ့ဝန်ဆောင်မှုရရှိသူများ (Our Clients) နှင့်အတူ လုပ်ကိုင်ဆောင်ရွက်ရာမှ ရရှိလာသော အတွေ့အကြုံများက ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အခြားလုပ်ဆောင်ချက်များတွင် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း (Stakeholder Engagement) ၏ အရေးပါပုံနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ အတွေးအမြင်များကို သိသာစွာတိုးတက်စေခဲ့ပါသည်။ ထိုသို့ အတွေးအမြင် တိုးတက်ပြောင်းလဲလာသည်မှာ ကျွန်ုပ်တို့ အဖွဲ့ အစည်းတစ်ခုတည်း မဟုတ်ပါ။ ပုဂ္ဂလိက ကဏ္ဍနှင့် ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများသည် ယခုအခါတွင် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေး မပြေပြစ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာနိုင်ခြေများ နှင့် ထိရောက်သော အပြုသဘော ဆက်ဆံရေးကြောင့် ရရှိလာသေ အခွင့်အလမ်းများကို ပိုမိုနားလည်လာကြပြီဖြစ်သည်။ ကုမ္ပဏီများသည် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းနှင့် စီမံကိန်းဆိုင်ရာဆန်းစစ်မှုများ ပြုလုပ်သည့် အစောပိုင်း ကာလတွင်သာမကဘဲ စီမံကိန်းကြောင့် ထိခိုက်နစ်နာရမည့် ရပ်ရွာလူထု (Affected Communities) နှင့် အခြားသော ပတ်သက်ဆက်နွယ်သူများနှင့် စီမံကိန်းသက်တမ်းတစ်လျှောက် ဆက်ဆံရေး ထူထောင်မှုများကို ထိရောက်ကောင်းမွန် ရေရှည်တည်မြဲအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း သဘောပေါက်လာကြသလို စီမံကိန်းအပေါ် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုများ တိုးတက် ကောင်းမွန်၍ ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ လက်တွေ့ရရှိနေကြသည်။ ဆွေးနွေးတိုင်ပင်ခြင်း (Consultation) နှင့် အချက်အလက်များထုတ်ပြန်အသိပေးခြင်း (Disclosure) အတွက် နည်းလမ်းများသည် ရေတိုအသွင်ဆောင်သော ဥပဒေစည်းမျဉ်းနှင့် ချေးငွေထုတ်ပေးသူများ၏ လိုအပ်ချက် များနှင့် ကိုက်ညီရေးမှသည် ဆက်ဆံရေးထူထောင်မှုများ၊ ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းနှင့် စီးပွားရေး လုပ်ငန်းအသစ်များ ဖော်ထုတ်ခြင်းတို့အတွက် ရေရှည် အကျိုးမျှော်သော၊ ပိုမိုမဟာဗျူဟာပိုကျသော လမ်းကြောင်းများအဖြစ် ပြောင်းလဲလာသည်။ ထိုနည်းတူ ချဉ်းကပ်နည်းလမ်းသစ်များနှင့် ချိတ်ဆက်မှုပုံစံသစ်များသည်လည်း တိုးတက်ပြောင်းလဲလာကြပါသည်။

ကျွန်ုပ်တို့၏ ထောက်ပံ့ဝန်ဆောင်မှ ရယူသူများ၊ အခြားသူများနှင့် အလေ့အကျင့် ကောင်းများ တည်ဆောက်ခြင်းနှင့် နိုင်ငံတကာဆိုင်ရာ ဗဟုသုတများ ရှာဖွေလေ့လာမျှဝေခြင်းလုပ်ဆောင်ရန် IFC ၏ ကတိကဝတ် အစိတ်အပိုင်းတစ်ရပ်အဖြစ် ဤပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအကြောင်း ကိုးကားစရာ လက်စွဲစာအုပ်အသစ်ကို နောက်ဆုံးရအချက်အလက်များကိုအခြေခံ၍ ရေးသားပြုစုခဲ့ပါသည်။ ဤစာအုပ်သည် ထွန်းသစ်စ ဈေးကွက်များတွင် စီးပွားရေးလုပ်ကိုင်နေသော ကုမ္ပဏီများအတွက် အလေ့အကျင့်ကောင်းများ စုစည်းဖော်ပြထားသည့် လက်စွဲစာအုပ်ဖြစ်ပါသည်။ ထိုသို့ရေးသားပြုစုရာတွင် IFC သည် လွန်ခဲ့သော ၉နှစ်ကျော်ကာလက လေ့လာခဲ့မှုများနှင့် ကိုယ်ပိုင်အတွေ့အကြုံများအပြင် ကျွန်ုပ်တို့၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားသည့် ကုမ္ပဏီများ၊ အခြားအဖွဲ့အစည်းများ၏ လက်ရှိသဘောထားအမြင်များနှင့် အလေ့အကျင့်များကိုပါ ထည့်သွင်းပြုစုထားခြင်းဖြစ်သည်။ ဤလက်စွဲစာအုပ်သည် မမျှော်လင့်သော ဖြစ်ရပ်များနှင့် မြေပြင်အခြေအနေအပြောင်းအလဲရှိနိုင်သည့် မတည်ငြိမ်သော နောက်ခံအနေအထားတစ်ရပ်တွင် စီမံကိန်းတွင် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေးများကို စီမံခန့်ခွဲနိုင်ရေးအတွက် "မရှိမဖြစ်သော" အလေ့အကျင့်ကောင်းများကို စာဖတ်သူအား ပံ့ပိုးရန်ရည်ရွယ်ပါသည်။

# "ချိတ်ဆက်ဆောင်ရွက်မှု"ဆိုင်ရာပိုမိုကျယ်ပြန့်သော သဘောတရားရေးရာများ

အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုများကို မူလအားဖြင့် ဥပဒေစည်းမျဉ်း လိုအပ်ချက်အရ လုပ်ဆောင်ကြသည့်အခါ ပတ်ဝန်းကျင်နှင့်လူမှုဘဝဆိုင်ရာ ဆန်းစစ်မှုလုပ်ငန်းစဉ် ဆောင်ရွက်ရသည့်ကာလတွင်သာ အများအားဖြင့် တစ်ကြိမ်တစ်ခါခန့် ကျင်းပလေ့ရှိကြသည်။ ဤသို့သောတိုင်ပင်ဆွေးနွေးမှုများကို စီမံကိန်းရေးဆွဲရေးကာလနောက်ပိုင်းတွင် အဓိပ္ပာယ်ရှိသည့်နည်းလမ်းများဖြင့် ဆက်လက်လုပ်ဆောင်မှုမျိုးနည်းပါးသလို အရေးပါသော စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များထဲသို့ သွတ်သွင်းပေါင်းစပ်ဆောင်ရွက်မှုလည်း ရှားသည်။ သို့မဟုတ် အပြုသဘောရှိသည် လုပ်ငန်းဆက်ဆံရေးများထူထောင်ရာတွင် ယင်းတို့၏ထိရောက်မှု များကို တိုင်းတာမှုများလည်း နည်းပါးသည်။ ယနေ့ခေတ်တွင် "ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု"ဟူသော စကားရပ်သည် ကုမ္ပဏီနှင့် ထိခိုက်နစ်နာနိုင်ခြေရှိသူများအကြား ပိုမိုကျယ်ပြန့်သော၊ အားလုံးပါဝင်သော၊ အမြဲမပြတ်ချိတ်ဆက်ဆောင်ရွက်သည့် နည်းစဉ်တစ်ရပ်အဖြစ်ဖော်ပြ၍ လုပ်ဆောင်ချက်များနှင့် ချဉ်းကပ်ပုံများစွာကို စီမံကိန်းသက်တမ်းတလျှောက်လုံး ဖြန့်ကျက်ဆောင်ရွက်သည့် နည်းလမ်းတစ်ရပ်အဖြစ် ပေါ်ထွက်လာနေသည်။ (ပုံ-၁ကိုကြည့်ပါ)။ ထိုပြောင်းလဲမှုသည် စီးပွားရေးနှင့် ဘဏ္ဍာရေးလောက၏ ကျယ်ပြန့်သော ပြောင်းလဲမှုများကို ထင်ဟပ်သည်။ စီးပွားရေးနှင့် ဘဏ္ဍာရေးလောကများသည် လုပ်ငန်းအတွင်း ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေး အားနည်းမှုမှ ပေါ်ထွက်လာသော စီးပွားရေးလုပ်ငန်းနှင့် အဖွဲ့အစည်း၏ ဂုဏ်သိက္ခာအပေါ် ထိခိုက်နိုင်ခြေရှိမှုကို ပိုမို အသိအမှတ်ပြုလက်ခံ၍ လူမှုဆိုင်ရာ တာဝန်သိမှု၊ ပွင့်လင်းမြင်သာမှုနှင့် သတင်းပေးပို့အစီရင်ခံခြင်း တို့ကို ပိုမိုဇောင်းပေးလာကြသည်။ ဤအခြေအနေတွင် ဆုံးရှုံးနစ်နာနိုင်ခြေများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် စီမံကိန်းများတွင် ပတ်သက်ဆက်နွှယ်သူများနှင့်ကောင်းမွန်သော ဆက်ဆံရေးထူထောင်ခြင်းသည် အရေးပါလာသည်။

ပုံ ၁။ လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အဝန်းအဝိုင်း




# ဤလက်စွဲစာအုပ်အကြောင်း

ဤလက်စွဲစာအုပ်သည် စီးပွားရေး လုပ်ငန်းများ၏ အဓိကလုပ်ငန်း လည်ပတ်မှု ပြင်ပတွင်ရှိသော ပတ်သက်ဆက်နွယ်သူ အုပ်စုများ–ဥပမာအားဖြင့် ထိခိုက်နစ်နာသော ဒေသခံအသိုင်းအဝိုင်းများ၊ ဒေသန္တရအစိုးရ အာဏာပိုင်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အခြားသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဒေသန္တရအဖွဲ့အစည်းများနှင့် အခြားစိတ်ဝင်စားသူများ(သို့မဟုတ်) ထိခိုက်နစ်နာသော ပုဂ္ဂိုလ်/အဖွဲ့အစည်းများကို အဓိကထားပါသည်။ ပစ္စည်းပေးသွင်းသူများ၊ ကန်ထရိုက်တာများ၊ ဖြန့်ဖြူးသူများ သို့မဟုတ် ဝယ်လက်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို ဖော်ပြခြင်း မဟုတ်ပါ။ အကြောင်းမှာ ထိုပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုသည် ကုမ္ပဏီအများစု၏ ပင်မစီးပွားရေးလုပ်ငန်းလည်ပတ်မှုတွင် ပါဝင်နေပြီး နိုင်ငံ၏ ဥပဒေစည်းမျဉ်းများအရ သို့မဟုတ် သတ်မှတ်ထားသော ကုမ္ပဏီမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအရလည်း လုပ်ဆောင်နေသောကြောင့် ဖြစ်သည်။

ဤလက်စွဲစာအုပ်တွင် အပိုင်း(၂)ပိုင်းပါဝင်သည်။ ပထမပိုင်းတွင် လုပ်ငန်းအတွင်း ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် ရှိရမည့် အဓိကသဘောတရားများနှင့် **အခြေခံမူများ**၊ လက်တွေ့ အသုံးပြုနိုင်သော **အလေ့အကျင့်များ**၊ ပတ်သက်ဆက်နွယ်သူများနှင့် ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေး အထောက်အကူပြု **နည်းလမ်းများ** ပါရှိသည်။ ဒုတိယပိုင်းတွင် ထိုအခြေခံမူများ၊ အလေ့အကျင့်နှင့် နည်းလမ်းများသည် စီမံကိန်း သက်တမ်းတလျှောက် ကာလအပိုင်းအခြားအလိုက် စီမံကိန်းဆောင်ရွက်ရန် ကနဦး စဉ်းစားသည့်အဆင့်မှသည် တည်ဆောက်ရေးကာလနှင့် လုပ်ငန်းလည်ပတ်သည့်ကာလများကို ဖြတ်သန်း လာပြီးနောက် လုပ်ငန်းဆောင်ရွက်မှုပြီးစီး၍ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် (သို့မဟုတ်) လုပ်ဆောင်မှုများ ပိတ်သိမ်းခြင်းအထိ မည်မျှဆီလျော်မှုရှိကြောင်း ဖော်ပြထားသည်။ ထိုစီမံကိန်းကာလတစ်ခုခြင်းစီ အလိုက် ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအန္တရာယ်များနှင့် အခွင့်အလမ်းများ၊ ပတ်သက်ဆက် နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ကွဲပြားသော အလေ့အကျင့်များ အသုံးပြုခြင်းနှင့် စီမံကိန်း အဆင့်တစ်ခုခြင်းစီတွင် စီမံခန့်ခွဲမှုစနစ်အတွင်းသို့ သွတ်သွင်းပေါင်းစပ်ခြင်းများကို ဖော်ပြထားသည်။

# ကုမ္ပဏီများသည်သက်ဆိုင်ရာစီမံကိန်းများ၏ လိုအပ်ချက်များနှင့်ကိုက်ညီသည့်ချိတ်ဆက် ဆောင်ရွက်မှုဗျူဟာများကိုရေးဆွဲသင့်သည်။

ဤလက်စွဲစာအုပ်သည် လုပ်ငန်းတွင် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုရာတွင် အလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ခြုံငုံမိစေရန် ကြိုးပမ်းတင်ပြထားပါသည်။ **ဖော်ပြထားသောလမ်းညွှန်ချက်အားလုံးသည် စီမံကိန်း အမျိုးအစားအားလုံး (သို့မဟုတ်) စီမံကိန်း အရွယ်အစားအားလုံးအတွက် အသုံးပြုနိုင်မည် မဟုတ်ပါ။** ကုမ္ပဏီများသည် သက်ဆိုင်ရာ စီမံကိန်းများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ချိတ်ဆက်ဆောင်ရွက်မှု ဗျူဟာများကို ရေးဆွဲရမည်ဖြစ်သည်။ ဥပမာ – လူအများစုလက်ခံအသိအမှတ်ပြုသော နာမည်ကြီး အမှတ်တံဆိပ်ထုတ်ကုန်များကို ထုတ်လုပ်သောကုမ္ပဏီများသည် တစ်ဝက်ချောထုတ်ကုန်များ ထုတ်လုပ်သော ကုမ္ပဏီများထက် ဆွေးနွေးတိုင်ပင်မှုများ ပိုမိုပြုလုပ်ရန် လိုအပ်နိုင်ပါသည်။ အလားတူပင် ဆိုးကျိုးသက်ရောက်မှု နည်းပါးသော စီမံကိန်းငယ်များ သို့မဟုတ် ပတ်သက်ဆက်နွယ်သူများနှင့် အနည်းငယ်သာ ပြဿနာရှိနိုင်သော စီမံကိန်းများကို လုပ်ကိုင်နေသော ကုမ္ပဏီများအတွက်မူ ဤစာအုပ်တွင် ဖော်ပြထားသော ချဉ်းကပ်နည်းများ သို့မဟုတ် ဥပမာများသည် လိုအပ်သည် ထက်ပင် ပိုမိုနေကြောင်း တွေ့ရနိုင်သည်။ ထို့ကြောင့် **ဤစာအုပ်ကို အသုံးပြုနေသူများအနေနှင့် မည်သည့် ချဉ်းကပ်နည်း သို့မဟုတ် လုပ်ဆောင်ချက်များက မိမိတို့အတွက် အသင့်တော်ဆုံးဖြစ်သည်ကို ရွေးချယ်အသုံးပြုကြပါရန် တိုက်တွန်းအပ်ပါသည်။**

## အောင်မြင်သောချိတ်ဆက်ဆောင်ရွက်မှုအတွက်အကြံဉာဏ်များ

ကျွန်ုပ်တို့သည် ထောက်ပံ့ဝန်ဆောင်မှုများ ရယူထားသူများ၏ စီမံကိန်းများမှ ပိုမိုကောင်းမွန်သောရလဒ်များ ရရှိစေရန် အမြဲကြိုးပမ်းကူညီပေးနေသည်နှင့်အမျှ အရည်အသွေးမြင့် ချိတ်ဆက်ဆောက်ရွက်မှုများ၏ တန်ဖိုးကို ပိုမိုမြင်တွေ့လာလေလေဖြစ်သည်။ ထို့ကြောင့် ကြိုတင်စီမံခန့်ခွဲဆောင်ရွက်မှုများ ပြုလုပ်ထားရန် တိုက်တွန်းခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် တစ်ခါတစ်ရံ၌ ခက်ခဲနိုင်သည်။ သို့သော်လည်း အကျိုးရလဒ်များစွာ ဖြစ်ပေါ်စေသော လုပ်ငန်းစဉ်ဖြစ်၍ ကျွန်ုပ်တို့ တွေ့ကြုံထားသော သင်ခန်းစာအနည်းငယ်သည် သင်၏ ချိတ်ဆက်ဆောင်ရွက်မှု စတင်နိုင်ရေး အထောက်အကူပြုပေးနိုင်သည်။

### ဆောလျင်စွာ ဆောင်ရွက်ပါ

ဆက်ဆံရေးထူထောင်မှုသည် အချိန်ယူ ဆောင်ရွက်ရလေ့ ရှိပါသည်။ ကောင်းမွန်သော ဆက်ဆံရေးများ၏ အခြေခံအချက်များမှာ–ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ နားလည်သဘောပေါက်မှုတို့ဖြစ်၍ ထိုဒြပ်မဲ့ တန်ဖိုးများသည် တစ်ဦးတစ်ယောက်ချင်းနှင့် အုပ်စုအလိုက် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများ အပေါ်မူတည်၍ အချိန်ကာလကြာလာသည်နှင့်အမျှ တိုးတက်ပြောင်းလဲလာကြသည်။ ထို့ကြောင့် ကုမ္ပဏီများသည် ယခင်အတိတ်ကာလက ဆောင်ရွက်ခဲ့စဉ်ထက် စီမံကိန်းတွင် ပတ်သက်ဆက်နွယ်သူများနှင့် စီမံကိန်း၏ ကနဦးအဆင့်များကတည်းက စတင်၍ ချိတ်ဆက်ဆောင်ရွက်နေကြခြင်းဖြစ်သည်။ အရွယ်အစားကြီးမားသော၊ ပိုမိုရှုပ်ထွေးသော သို့မဟုတ် အငြင်းပွားဖွယ်ဖြစ်သောစီမံကိန်းများတွင် ကုမ္ပဏီများက အကြိုဖြစ်

မြောက်နိုင်စွမ်း လေ့လာသည့်ကာလ သို့မဟုတ် အကြိုစမ်းသပ်ကာလကတည်းကပင် (စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ) စတင် ချိတ်ဆက်ဆောက်ရွက်နေကြသည်မှာ အလွန်မှန်ကန်သည့် ဆောင်ရွက်ချက် ဖြစ်ပါသည်။ ထိုသို့ဆောက်ရွက်ခြင်းသည် ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် အခြားဒေသဆိုင်ရာ ပတ်သက်ဆက်နွယ်သူများ၏ သဘောထားအမြင်များနှင့် လူမှုဘဝသာယာဝပြောရေး(Welfare) များကိုလည်း အရေးပါသည့် အချက်များအနေနှင့် ထည့်သွင်းစဉ်းစားကြောင်း အချက်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။

## ကုမ္ပဏီများသည် စီမံကိန်းတွင် ပတ်သက်ဆက်နွယ်သူများနှင့် ယခင်အတိတ်ကာလတွင် ဆောင်ရွက်ခဲ့စဉ်ကထက် ပိုမိုစောစီးစွာ ချိတ်ဆက်ဆောင်ရွက်မှုကို စတင်ပြုလုပ်လာကြသည်။

နောင်ဖြစ်လာနိုင်သည်ကို ကြိုတင်တွက်ဆထားပြီး စီမံခန့်ခွဲဆောင်ရွက်သည့်နည်းလမ်းသည် တိုင်ပင်ဆွေးနွေးရန် တွန့်ဆုတ်လေ့ရှိသည့် ဗီဇစာတ်ခံကို တိုက်ဖျက်ခြင်းဖြစ်သည်။ တိုင်ပင်ဆွေးနွေးရန် နှောင့်နှေးရခြင်းအကြောင်းမှာ–စီမံကိန်းအတွက် စောလွန်းနေသေးသည့်ကာလဖြစ်၍ သင့်ထံတွင်လည်း အဖြေအားလုံး မရှိသေးခြင်း၊ မျှော်လင့်ချက်များ မြင့်တက်လာမည်ကိုလည်း စိုးရိမ်ခြင်းတို့ကြောင့် ဖြစ်သည်။ အများအားဖြင့် ဖြစ်တတ်သည်မှာ– ထိုကာလတွင် လူထု၏မျှော်လင့်ချက်များသည် ပုံစံအမျိုးမျိုးဖြင့် မြင့်မားနေကြပြီး စီမံကိန်းနှင့်ကုမ္ပဏီအကြောင်း ထင်မြင်ယူဆချက်များလည်း စတင်ပျံ့နှံ့နေနိုင်သည်။ အစောပိုင်းကတည်းက ချိတ်ဆက်ဆောင်ရွက်ထားခြင်းသည် အများပြည်သူ၏ သိမြင်နားလည်မှု အပေါ် လွှမ်းမိုးနိုင်ရန် တန်ဖိုးရှိသော အခွင့်အလမ်းတစ်ခုဖြစ်ပြီး စီမံကိန်းအတွင်း ပတ်သက်ဆက်နွယ်သူများနှင့် အပြုသဘောဆောင်သည့် အခြေအနေတစ်ရပ်ကိုလည်း အစောပိုင်းကာလကတည်းက ထူထောင်ထားနိုင်သည်။ မသေချာမှုများ၊ မသိနိုင်သေးသည့် ကိစ္စများစွာ ရှိနေသေးသည်ကိုလည်း ကြိုတင်ကာ ရှင်းရှင်းလင်းလင်းပြောပြထားနိုင်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် အစောပိုင်းကာလများတွင် အပြန်အလှန်ဆောင်ရွက်မှုများအား နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် ကိစ္စများနှင့် ထိခိုက်နိုင်ခြေများကို ခန့်မှန်းပေးနိုင်သည့် ကနဦးဒီဇိုင်းပိုင်းဆိုင်ရာ မေးခွန်းများအပေါ် အကြံဉာဏ်နှင့် အခြားရွေးချယ်စရာများအတွက် အကူအညီပေးနိုင်သည့်အရာတစ်ခုအဖြစ်လည်း အသုံးပြုနိုင်သည်။

### ချိတ်ဆက်ဆောင်ရွက်မည့်ကိစ္စကို ပြဿနာတစ်ခုဖြစ်လာသည် အထိ စောင့်ဆိုင်း မနေပါနှင့်

စီမံကိန်းတစ်ခုကို စတင်ဆောင်ရွက်ဆဲကာလ၏ ဖိအားများနေသည့် အခြေအနေတွင် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နေခြင်းသည် အရေးကြီးကိစ္စမဟုတ်သလို ဦးစားပေးစရာ မလိုပဲ အဖိုးတန်သည့် အချိန်နှင့်အရင်းအမြစ်များကို ထိုအတွက် အသုံးမပြုသင့်ဟုလည်း ထင်မြင်ယူဆနိုင်ပါသည်။ သို့သော်လည်း ပဋိပက္ခသို့မဟုတ် အကြပ်အတည်းတစ်ခု အမှန်တကယ် ဖြစ်ပေါ်လာခဲ့လျှင် ဆက်ဆံရေးနှင့်ဆက်သွယ်ရေး လမ်းကြောင်းများ ကြိုတင်တည်ဆောက်ထားခြင်းမရှိခြင်းကြောင့် ထိုကဲ့သို့ အခြေအနေမျိုးကို စီမံခန့်ခွဲရန် ကြိုးပမ်းရာ တွင် စီမံကိန်းအတွက် ရုတ်တရက်အချည်းနှီး ဖြစ်သွားနိုင်သည်။ ပထမအချက်မှာ–ဒေသခံလူထုနှင့် ၎င်းတို့ကို ကိုယ်စားပြုသူများသည် ၎င်းတို့ မသိသေးသည့်

## ပတ်သက်ဆက်နွယ်သူများနှင့်စီမံကိန်း စတင်ကတည်းက သင့်လုပ်ငန်း၏အဓိက နည်းဗျူဟာတစ်ရပ်အနေဖြင့် ချိတ်ဆက်ဆောင်ရွက်ထားခြင်းသည် စိန်ခေါ်မှုကြုံတွေ့နေရသည့် အချိန်ကာလများတွင် "အရင်းအနှီး"အဖြစ် ပံ့ပိုးပေးနိုင်မည့် လူမှုဆက်ဆံရေးကို ကြိုတင်ပြုစုပျိုးထောင်ပေးသကဲ့သို့ ဖြစ်စေသည်။

(ပုံမှန်အဆက်အဆံလည်း မရှိသည့်) ကုမ္ပဏီတစ်ခုအပေါ် သံသယအကျိုးခံစားခွင့် (Benefit of Doubt) များကိုပေးရန် ဖြစ်နိုင်ခြေနည်းပါသည်။ ဒုတိယအချက်မှာ– တုံ့ပြန်မှု၊ ကာကွယ်မှု သို့မဟုတ် အကြပ်အတည်း စီမံခန့်ခွဲမှု(Crisis Management) ပြုလုပ်နေရသည့် အခြေအနေရောက်မှ ထိခိုက်နစ်နာသူ ရပ်ရွာလူထုနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကုမ္ပဏီမှ စတင်ကြိုးစားခြင်းသည် စံနမူနာပုံစံ မဟုတ်ပါ။ ထိုသို့ ပြုလုပ်ခြင်း သည် ကုမ္ပဏီအတွက် နောင်ကာလများတွင် ကျော်လွှားရန်ခက်ခဲပြီး အလွန်ရှည်ကြာကာ အကျိုးမဲ့ဖြစ်စေမည့် သဘောထားအမြင်များကိုလည်း ဖန်တီးသွားနိုင်သည်။ ထို့အပြင်ပြဿနာတစ်ခုပေါ်ပေါက်ပြီးနောက်ပိုင်းမှ တတိယအဖွဲ့အစည်းဖြစ်သည့် NGO အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အစိုးရအရာရှိများကို အကူ အညီ မိတ်ဖက်အဖြစ် သို့မဟုတ် ကြားခံအဖြစ် ထားရှိဆောင်ရွက်ခြင်းသည် ပို၍ပင် အခက်အခဲရှိနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကုမ္ပဏီ၏ ဂုဏ်သိက္ခာပိုင်းအပေါ် ထိခိုက်နိုင်မှု အန္တရာယ်များရှိနိုင်ခြင်းကြောင့် ဖြစ်သည်။ ပက်သက်ဆက်နွယ်သူများနှင့်စီမံကိန်း စတင်ကတည်းက လုပ်ငန်း၏အဓိကနည်းဗျူဟာတစ်ရပ် အနေဖြင့် ချိတ်ဆက်ဆောင်ရွက်ထားခြင်းသည် စိန်ခေါ်မှုကြုံတွေ့နေရသည့်အချိန်ကာလများတွင် အရင်း အနှီးအဖြစ် ပံ့ပိုးပေးနိုင်မည့် လူမှုဆက်ဆံရေးကို ကြိုတင်ပြုစုပျိုးထောင်ပေးသကဲ့သို့ ဖြစ်စေသည်။

## ရေရှည်ကို ကြည့်ပါ

ကောင်းမွန်သည့် ရင်းနှီးဆက်ဆံမှုများကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် အချိန်ကာလများစွာ လိုအပ်ပါသည်။ ဤအမြင်ရှိသည့်ကုမ္ပဏီများသည် ကွဲပြားခြားနားသော ဆုံးဖြတ်ချက်ပုံစံများကို ချမှတ် လေ့ရှိသည်။ ထိုကုမ္ပဏီများသည် ဒေသခံလူထုနှင့် ကူညီဆက်သွယ်ပေးမည့် ဝန်ထမ်းကို ငှားရမ်းခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းတို့တွင် ရင်းနှီးမြှုပ်နှံပြီး စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ကတိကဝတ်များ နှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးခြင်း၏ တန်ဖိုးကို တွေ့မြင်သဘောပေါက်လာကြသည်။ ယင်းတို့၏ စီမံကိန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဒေသခံလူထုအတွက် နားလည်နိုင်မည့် ဘာသာ စကားပုံစံများသို့ ဘာသာပြန်ဆိုရာတွင် အကုန်အကျခံလာကြပြီး ဆက်လက်၍လည်း ဆောင်ရွက်ကြပါသည်။ လူမှုရေးဆိုင်ရာ ပိုမိုရင်းနှီး လွတ်လပ်သော အပြန်အလှန် ဆက်သွယ်မှုများမှတဆင့် ပုဂ္ဂိုလ်ရေး ရင်းနှီးမှုများ ရရှိလာစေရန် အားထုတ်လာကြသည်။ ၄င်းတို့၏ ဝန်ထမ်းများမှတဆင့် ဒေသခံလူထုနှင့် အဆက်အသွယ် ထူထောင်နိုင်ရန်လည်း ဆောင်ရွက်ကြသည်။ နစ်နာချက်၊ မကျေနပ်ချက်များ အပေါ်တွင်လည်း အလေးအနက် ထားကြပြီး ထိုကိစ္စများကို ယုံကြည်အားကိုးထိုက်စွာ အချိန်နှင့်တပြေးညီဆောင်ရွက်ပေးကြပါသည်။ ဒေသခံ လူထု၏ ပြောကြားမှုများကို ပိုမိုနားထောင်ပေးကြပြီး ဒေသခံလူထုထံမှလည်း ပိုမိုသင်ယူကြပါသည်။ စီမံ ကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုများတွင် ၄င်းတို့ ကုမ္ပဏီ၏ အဆင့်မြင့် မန်နေဂျာများလည်း ပါဝင်ကြပြီး ၄င်းတို့၏ လုပ်ငန်းစီမံချက်များတွင်လည်း ဤလုပ်ငန်းကို ပေါင်း

စပ်ထည့်သွင်းထားပါသည်။ ပိုအရေးကြီးသည်မှာ ရေရှည်တည်တံ့မည့် ဆက်ဆံရေးများကို အဓိကထားသော ကုမ္ပဏီများအနေဖြင့် ပိုမိုကျယ်ပြန့်စွာ စဉ်းစားတွေးတောလေ့ရှိပြီး ရေတိုအကျိုးစီးပွားများ (ဥပမာ– လျော်ကြေးကို အနိမ့်ဆုံးနှုန်းပေးရန် ဖြစ်နိုင်ခြေညှိနှိုင်းခြင်း)ကြောင့် စီမံကိန်းလည်ပတ်ဆောင်ရွက်နိုင်ရန် လူထုက ကျယ်ကျယ်ပြန့်ပြန့်ခွင့်ပြုထားမှု (Social License) ပေါ် ထိခိုက်မခံပါ။

## လုပ်ငန်းစဉ်ကို သင့်စီမံကိန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ပါ

စီးပွားရေးလုပ်ငန်းများအနေနှင့် ၎င်းတို့စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှုများ အပေါ်မူတည်ပြီး ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက် ဆောင်ရွက်သည့်နည်းဗျူဟာများကို ဟန်ချက်ညီအောင် ချမှတ်သင့်ပါသည်။ ချိတ်ဆက်ဆောင်ရွက်မှု လုပ်ဆောင်သည့်အခါ တစ်ခုတည်းနှင့် အားလုံး အဆင်ပြေနိုင်မည့်နည်းလမ်းဟူ၍မရှိပါ။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေး တည်ဆောက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပြုလုပ်သင့်သည့် ဆက်ဆံရေးပုံစံ၊ မြုပ်နှံမည့်အရင်းအမြစ်နှင့် ကြိုးပမ်းအားထုတ်မှုအဆင့်တို့သည် စီမံကိန်း၏ သဘောသဘာဝ၊ တည်နေရာ၊ အရွယ်အစား၊ စီမံကိန်း ဆောင်ရွက်နေသည့်အဆင့်နှင့် ပတ်သက်ဆက်နွယ်သူများ၏ စိတ်ဝင်စားမှုများအပေါ်မူတည်၍ ပြောင်းလဲနေမည်ဖြစ်သည်။ အနီးပတ်ဝန်းကျင်လူထုအပေါ် ထိခိုက်သက်ရောက်မှု လွန်စွာနည်းပါးသည့် အသေးစား စီမံကိန်းများအနေဖြင့် သတင်းအချက်အလက် ထုတ်ပြန်အသိပေးခြင်းနှင့် ဆက်သွယ်ခြင်းများကိုသာ အာရုံစိုက်ရန် လိုအပ်နိုင်သည်။ အမျိုးမျိုးသော ဒေသခံလူထုအပေါ် ထိခိုက်သက်ရောက်မှုများရှိနိုင်ပြီး ရှုပ်ထွေးမှုအဆင့် ပိုမိုများပြားသည့် စီမံကိန်းကြီးများတွင်မူ ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ပိုကောင်းသော နည်းဗျူဟာ၊ ခေတ်မီဆန်းသစ်သော နည်းလမ်းများကို ကျင့်သုံးရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိအချိန်တွင်မရှိသေးသော်လည်းကြိုတင်ဖြစ်တည်နေပြီးပြောင်းလဲနေသည့်ရှိရင်းစွဲသမိုင်းကြောင်းများ၊ ယဉ်ကျေးမှုများနှင့် ဆက်စပ်အကြောင်းအရာ အခြေအနေများ၊ စီမံကိန်းတစ်ခု ပေါ်ပေါက်လာမှုကြောင့် ပတ်သက်ဆက်နွယ်သူ အုပ်စုများအကြားတွင် အသားမကျနိုင်သေးသည့် ရှုပ်ထွေးသော နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ဆက်စပ်ချက်များနှင့် စီမံကိန်းနောက်ဆက်တွဲ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ ကြုံတွေ့လာမည်ဖြစ်သည့်အတွက် ကုမ္ပဏီများအနေနှင့် ပြင်ဆင်ထားရန် လိုအပ်ပါသည်။ တစ်နည်းဆိုရသော် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်ဆက်ဆံရေးသည် ရှုပ်ထွေးသည့်အပြင် နိုင်ငံရေးသဘော သက်ဝင်လာနိုင်သည်။ ကြိုတင်မျှော်မှန်းမထားသည့် ရလဒ်များထွက်ပေါ်လာနိုင်သည် သို့မဟုတ် ပဋိပက္ခများကို ကျယ်ပြန့်စေနိုင်သည်။ ဒေသဆိုင်ရာဆက်စပ်အကြောင်း အရာများနှင့် ကိုက်ညီစေရန်အတွက် ဤလက်စွဲစာအုပ်တွင် ဖော်ပြထားသည့် အလေ့အထကောင်းနည်းလမ်းများနှင့် အခြေခံမှု (Good Practice Approaches and Principles) အချို့ကို လက်ခံကျင့်သုံးခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ကြိုတင်ကာ စီမံခန့်ခွဲဆောင်ရွက်ရန်ကြိုးပမ်းခြင်းမှတစ်ပါး ထိုကဲ့သို့စိန်ခေါ်မှုများစွာကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အခြားလွယ်ကူသည့်နည်းလမ်းမရှိပါ။

# ပတ်ဝန်းကျင်လူထုအပေါ်ထိခိုက်မှုလွန်စွာနည်းပါးသည့် အသေးစားစီမံကိန်းများသည်သတင်းအချက်အလက်ထုတ်ပြန် အသိပေးခြင်းနှင့်ဆက်သွယ်မှုပြုလုပ်ခြင်းလုပ်ငန်းများကိုသာ အာရုံစိုက်ရန်လိုအပ်နိုင်သည်။

## စီးပွားရေး လုပ်ငန်းရပ်(Business Function) တစ်ခုကဲ့သို့သဘောထား၍ စီမံခန့်ခွဲပါ

အခြား Business Function များကဲ့သို့ပင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို စီမံခန့်ခွဲရန် လိုအပ်ပါသည်။ စနစ်တကျစီစဉ်ချမှတ်ထားသော ဗျူဟာဖြင့် စီမံခန့်ခွဲမှုကို ဆောင်ရွက်သင့်ပြီး ရှင်းလင်းပြတ်သားသည့် ရည်ရွယ်ချက်များ၊ အချိန်ဇယား၊ ရန်ပုံငွေနှင့် တာဝန်ခွဲဝေမှုများလည်း ရှိထားသင့်သည်။ ချမှတ်ထားသည့် ဗျူဟာအရ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဝန်ထမ်းအားလုံး သိရှိအောင် ပြုလုပ်ထားသင့်ပြီး မည်သည့်အတွက် ကြောင့် လုပ်ဆောင်ရသည်နှင့် စီမံကိန်း၏ အကျိုးရလဒ်များအတွက် မည်သည့်သက်ရောက်မှုများရှိနိုင်သည်ဆိုသည်ကိုလည်း ယင်းတို့ နားလည်အောင် ဆောင်ရွက်သင့်သည်။ (အခြေအနေကိုလိုက်၍ ဆောင်ရွက်သည်ထက်) လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအတွက် စနစ်တကျ ချည်းကပ်သည့်နည်းလမ်းကို ကျင့်သုံးလေ့ရှိသည့် ကုမ္ပဏီများသည် ၎င်းတို့ရင်းနှီးမြှုပ်နှံသည့် အရင်းအမြစ်များနှင့်အချိန်ကာလလိုက်၍ ပိုမိုကောင်းမွန်သည့် အကျိုးရလဒ်များ ရနိုင်သည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ ကိစ္စရပ်များနှင့် ထိခိုက်ဆုံးရှုံးနိုင်မှု အန္တရာယ်များ(Stakeholder Issues & Risks) ကိုလည်း ပိုမိုထိရောက်စွာ ခြေရာခံနိုင် စီမံခန့်ခွဲနိုင်စေသည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအတွက် လုပ်ငန်းခွဲ/ဌာနခွဲများ(Business Unit) ကို တာဝန်သတ်မှတ်ပေးထားခြင်းနှင့် ယင်းလုပ်ငန်းကို စီမံကိန်းလည်ပတ်မှု တစိတ်တစ်ဒေသအဖြစ် ပေါင်းစည်းထားသင့်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် လက်တွေ့ နှင့် အလှမ်းဝေးကာ ကုန်ကျစရိတ်များပြားသော အရေးမပါသည့် လုပ်ဆောင်ချက်များ ပေါ်ပေါက်လာခြင်းနှင့် မဖြည့်ဆည်းပေးနိုင်သော မျှော်လင့်ချက်များ မြင့်တက်လာခြင်းတို့အစား စီမံကိန်း ရည်ရွယ်ချက်များ အထမြောက်လာစေမည့် အခွင့်အလမ်းများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။ အခြားသော အဓိကစီးပွားရေးလုပ်ငန်းစဉ်များကဲ့သို့ပင် တိုက်ရိုက် အစီရင်ခံရမည့် လမ်းကြောင်းများနှင့် စီမံခန့်ခွဲမှုတွင် အဆင့်မြင့်သူများ ပါဝင်ဆောင်ရွက်ရန် အရေးကြီးပါသည်။

## MANILA WATER COMPANY။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ နှင့် ချိတ်ဆက်ဆောင်ရွက်မှု၏ အကျိုးကျေးဇူးများ ခံစားရရှိခြင်း

**ဖိလစ်ပိုင်နိုင်ငံရှိ Manila Water ကုမ္ပဏီ**သည် စီမံကိန်းကနဦးအဆင့် ၁၉၉၇ ခုနှစ်မှ စတင်၍ ဝန်ဆောင်မှုရယူမည့်သူများ၊ ဒေသအစိုးရနှင့် NGO အဖွဲ့အစည်းများ အပါအဝင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူ အားလုံးနှင့် ပွင့်လင်းသော၊ စနစ်တကျ စီမံခန့်ခွဲကြိုတင်ဆောင်ရွက်သည့် ဆက်ဆံရေးမျိုး ထူထောင်ရန် ကြိုးစားခဲ့သည်။ ခန့်မှန်းခြေအားဖြင့် မနီလာမြို့၏ ပြည်သူလူထု ထက်ဝက်ခန့်အား သန့်ရှင်းသော၊ လုံခြုံစိတ်ချရသော ရေနှင့်ရေဆိုးစနစ် ဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်သည့် ကုမ္ပဏီ၏ ပင်မစီးပွားရေးလုပ်ငန်းများ (Core Business)အတွက် လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေးကောင်းမွန်ခြင်းသည်လည်း အခြေခံကျကြောင်း ကုမ္ပဏီမှ နားလည်သဘောပေါက်ထားသည်။

မနီလာအစိုးရထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပြီးသည့်အခါ ကုမ္ပဏီသည် “Walk the Line” အစီအစဉ်ကို စတင်ခဲ့ပါသည်။ ထိုအစီအစဉ်တွင် ကုမ္ပဏီ၏မန်နေဂျာအဆင့်မှ ဒေသအဆင့် ကိုယ်စားလှယ်များအထိ ကုမ္ပဏီဝန်ထမ်းများအားလုံးသည်ဒေသခံပြည်သူများမရှိမဖြစ်လိုအပ်သည့်ဤဝန်ဆောင်မှုများပေးရန် အတွက် တိုင်ပင်ဆွေးနွေးရန် ပုံမှန်အခြေချနေထိုင်ခြင်း မဟုတ်သူများအပါအဝင် ၎င်းတို့၏ ဝန်ဆောင်မှု ရယူမည့်သူများထံသို့ သွားရောက်လေ့လာခဲ့ကြပါသည်။

ဤချိတ်ဆက်ဆောင်ရွက်မှုနှင့် အခြားလူပ်ရှားဆောင်ရွက်မှုများ၏ အကျိုးရလဒ်အနေဖြင့် ကုမ္ပဏီ၏ ဝန်ဆောင်မှုများ သိသိသာသာ တိုးပွားလာခဲ့သည်။ ၂၀၀၄ မှ ၂၀၀၆ ခုနှစ်အတွင်း ၂၄နာရီပတ်လုံး ရေရရှိသည့်အိမ်ထောင်စုသည် ၂၆% မှ ၉၅% သို့မြင့်တက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဝန်ဆောင်မှုလုပ်ငန်း၏ ရေဆုံးရှုံးမှုနှုန်းမှာ ၆၃ % မှ ၃၅.၅ % သို့ လျော့နည်းသွားခဲ့သည်။ ၂၀၀၄ခုနှစ်အစတွင် ဝန်ဆောင်မှုပေးနေသည့် အိမ်ထောင်စုပေါင်း ၃၂၅,၀၀၀ရှိရာမှ မြို့ပြနေ ဆင်းရဲသား ၈၄၈,၀၀၀ အပါအဝင် ဝန်ဆောင်မှုပေးသည့်အိမ်ထောင်စုပေါင်းမှာ ၂၀၀၆ခုနှစ်တွင် ၁,၀၀၀,၀၀၀ကျော်ရှိခဲ့သည်။

ကုမ္ပဏီ၏ ကြိုတင်ဆောင်ရွက်သည့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် နည်းဗျူဟာသည် “လူသားချင်းစာနာစွာ အသိုက်အမြုံဖန်တီးမှု (Habitat for Humanity)” အစီအစဉ်ဖြင့် နေအိမ်များ တည်ဆောက်ခြင်း၊ Bank of the Philippine Islands အစီအစဉ်ဖြင့် စီးပွားရေးလုပ်ငန်းငယ်များ စတင်နိုင်ရန် အသေးစားချေးငွေလုပ်ငန်းများ ကဲ့သို့ ဒေသလူထုကို အကျိုးဖြစ်စေသည့် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများစွာလည်း ပေါ်ပေါက်လာစေခဲ့သည်။ Manila Water ကုမ္ပဏီသည် သုံးလပတ်ဆွေးနွေးမှုများ၊ ကုမ္ပဏီ၏ ရေရှည်တည်တံ့ ကောင်းမွန်သည့် ဖွံ့ဖြိုးမှုနှင့် ဒေသဆိုင်ရာ လူထုအတွက် စီမံကိန်းများသို့ လေ့လာရေးသွားရောက်ခြင်း အစီအစဉ်များကို NGO အဖွဲ့အစည်းများ၊ မီဒီယာနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ရေးဆွဲထားသည့် ချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ် (Engagement Plan) တွင် ထည့်သွင်းဆောင်ရွက်ထားသည်။

# အပိုင်း–၁

# စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများအား ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ အဓိကသဘောတရားများနှင့် အခြေခံမူများ

ဤအပိုင်းသည် စီမံကိန်းလုပ်ငန်းပေါင်းများစွာတွင် ယေဘုယျအားဖြင့် အသုံးချ ဆောင်ရွက်နိုင်မည့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ သဘောတရားများနှင့် အလေ့အကျင့်ကောင်းနှင့် အခြေခံမူများ(Good Practice Principles) ကို ဖော်ပြထားပါသည်။ ထို့နောက် အပိုင်း ၂ တွင် စီမံကိန်းကာလအမျိုးမျိုးအတွင်း အသေးစိတ် အလေ့အကျင့်များနှင့် ချဉ်းကပ်မှုနည်းလမ်းများက မည်သို့အကောင်းဆုံး ကူညီပေးနိုင်မည်ဆိုသည်ကို အသေးစိတ် ဖော်ပြထားပါသည်။

## စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများဆိုသည်မှာမည်သူနည်း

စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများဆိုသည်မှာ စီမံကိန်းတစ်ခုကြောင့်တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက် ထိခိုက်နစ်နာသူများ၊ ထို့အပြင် စီမံကိန်းအပေါ်စိတ်ဝင်စားသူများ နှင့်(သို့မဟုတ်) စီမံကိန်း၏ အကျိုးရလဒ် များအပေါ် အပြုသဘော သို့မဟုတ် အပြုသဘောမဟုတ်သည့် လွှမ်းမိုးနိုင်စွမ်းရှိသော ပုဂ္ဂိုလ်များ သို့မဟုတ် လူအုပ်စုများကို ဆိုလိုပါသည်။ ပတ်သက်ဆက်နွှယ်သူများတွင် ဒေသအလိုက် ထိခိုက်ခံရသည့်အုပ်စုများ သို့မဟုတ် တစ်ဦးချင်း ပုဂ္ဂိုလ်များနှင့် တရားဝင်ဖြစ်သော၊ တရားဝင်မဟုတ်သော ကိုယ်စားလှယ်များ၊ နိုင်ငံ အဆင့် သို့မဟုတ် ဒေသအဆင့် အစိုးရအာဏာပိုင်များ၊ နိုင်ငံရေးသမားများ၊ ဘာသာရေး ခေါင်းဆောင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အထူး စိတ်ဝင်စားမှုများ ရှိသည့်အုပ်စုများ၊ ပညာရှင်အုပ်စုများ သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းများ ပါဝင်ပါသည်။ စီမံကိန်းတစ်ခု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုတွင် အထက်ပါ လူပုဂ္ဂိုလ်များသို့မဟုတ်အုပ်စုများ၏“အကျိုးစီးပွားပါဝင်သက်ဆိုင်မှုများ(State)”သည်မတူညီကြပါ။ဥပမာ– စီမံကိန်းတစ်ခုကြောင့် ပတ်ဝန်းကျင် သို့မဟုတ် လူမှုရေးဆိုင်ရာ တိုက်ရိုက်ထိခိုက်သက်ရောက် ရနိုင်သည့် လူပုဂ္ဂိုလ်များလည်းရှိသည်။ အခြားနိုင်ငံတွင် နေထိုင်ကြသူများလည်း ရှိနိုင်သည်။ သို့သော် ထိုသူတို့သည်

ယင်းတို့၏ စိုးရိမ်ပူပန်မှုများ သို့မဟုတ် အကြံပြုချက်များကို စီမံကိန်း အကောင်အထည်ဖော်သည့် ကုမ္ပဏီထံသို့ ပေးပို့လိုကြသည်။ ဥပဒေလိုက်နာမှု ရှိမရှိ စောင့်ကြည့်ထိန်းသိမ်းသည့် အစိုးရအရာရှိများ (Government Regulator)၊ နိုင်ငံရေး သို့မဟုတ် ဘာသာရေး ခေါင်းဆောင်များနှင့် ဒေသခံတက်ကြွလှုပ်ရှားသူများကဲ့သို့ စီမံကိန်းအပေါ်ကြီးမားစွာ လွှမ်းမိုးနိုင်သည့် ပုဂ္ဂိုလ်များလည်းရှိသည်။ ၎င်းတို့၏ အသိအမြင် သို့မဟုတ် ဂုဏ်သတင်းကျော်ကြားမှုကြောင့် စီမံကိန်းကို အပြုသဘော ပါဝင်ဆောင်ရွက်လိုကြသည့် ဥပမာ – အပြန်အလှန်ဆက်ဆံရေးတွင် ရိုးရိုးသားသားကြားခံအနေဖြင့် ဆောင်ရွက်ပေးလိုသည့် ပတ်သက်ဆက်နွယ်သူများလည်းရှိသည်။

## စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့်အချက်အလက်များက အဘယ်နည်း

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ဆိုသည်မှာ စီမံကိန်းတစ်ခု၏ အစမှ အဆုံးထိ ဆောင်ရွက်သည့် လုပ်ဆောင်မှုများနှင့် အပြန်အလှန်ထိတွေ့ဆက်ဆံမှုများကို ခြုံငုံထားသည့် ဝေါဟာရတစ်ခုဖြစ်သည်။ ထိုလုပ်ဆောင်ချက်များ၊ အပြန်အလှန်ထိတွေ့ဆက်ဆံမှုများကို အပိုင်း(၈)ပိုင်း ခွဲခြားနိုင်သည် (ပုံ ၂) ။ အပိုင်းတစ်ခုချင်းစီကို အပိုင်းလိုက် ဆွေးနွေးသွားမည်ဖြစ်သည် –

- ပတ်သက်ဆက်နွယ်သူများကို ရှာဖော်ထုတ်ခြင်းနှင့်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း
- သတင်းအချက်အလက်ထုတ်ပြန်အသိပေးခြင်း
- ပတ်သက်ဆက်နွယ်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း
- စေ့စပ်ညှိနှိုင်းခြင်းနှင့် မိတ်ဖက်အသွင်ပူးပေါင်းဆောင်ရွက်ခြင်း
- ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေး ဆိုင်ရာစီမံခန့်ခွဲမှု
- စီမံကိန်းအားစောင့်ကြပ်ကြည့်ရှု စစ်ဆေးရာတွင် ပတ်သက်ဆက်နွယ်သူများပါဝင်ဆောင်ရွက်ခြင်း
- ပတ်သက်ဆက်နွယ်သူများထံသို့ သတင်းပေးပို့အစီရင်ခံခြင်း
- စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းရပ်များ

## ပုံ ၂။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအားချိတ်ဆက်ဆောင်ရွက်ရာတွင် ပါဝင်သော အဓိကအချက်အလက်များ



# စီမံကိန်းနှင့်ပတ်သက် ဆက်နွှယ်သူများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

## ဤအပိုင်းတွင် ဘာတွေပါသလဲ


14 စီမံကိန်းကြောင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ထိခိုက်ခံရသည့် ပတ်သက်ဆက်နွှယ်သူများကို ရှာဖွေဖော်ထုတ်ပါ

15 စီမံကိန်းအပေါ် စိတ်ဝင်စားမှုများအရ ပတ်သက်ဆက်နွှယ်သူအဖြစ် သတ်မှတ်နိုင်သူများကို ရှာဖွေဖော်ထုတ်ပါ

16 ဗျူဟာကျကျဆောင်ရွက်၍ ဦးစားပေးရွေးချယ်ပါ

18 ပတ်သက်ဆက်နွှယ်သူများနှင့်ဆိုင်သော ယခင်ရှိပြီး သတင်းအချက်အလက်များနှင့် ဆွေးနွေးမှုမှတ်တမ်းများကို ကိုးကားပါ

19 အင်အားနည်းထိခိုက်လွယ်သည့်အုပ်စုများအပေါ် အလေးထားသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်စာရွက်စာတမ်းများပြုစုပါ

20 စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ ကိုယ်စားလှယ်များကို စိစစ်အတည်ပြုပါ

22 စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများကို ယင်းတို့ ရပ်ရွာအသိုင်းအဝိုင်းတွင်ပင် ချိတ်ဆက်ဆောင်ရွက်ပါ

23 အစိုးရသည် စီမံကိန်းနှင့် အဓိကပတ်သက်ဆက်နွှယ်သူ ဖြစ်ကြောင်း သတိပြုပါ

24 ကိုယ်စားလှယ်များ၊ တာဝန်ခံမှုရှိသော NGOများနှင့် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများနှင့် အတူဆောင်ရွက်ပါ

26 ဝန်ထမ်းများကို ဆက်သွယ်ရေးလမ်းကြောင်းကောင်းတစ်ခုအဖြစ် မှတ်ယူပါ

အုပ်စုတစ်ခု သို့မဟုတ် အုပ်စုခွဲတစ်ခုရှိ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအားလုံးသည် တူညီသည့် စိုးရိမ်ပူပန်မှုများ သို့မဟုတ် အားလုံးစုပေါင်း သဘောတူထားသည့် ထင်မြင်ချက်များ သို့မဟုတ် ဦးစားပေးမှုများကို ဖော်ပြလိမ့်မည်မဟုတ်ပါ။



# စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်၏ ပထမဆုံးအဆင့်မှာ – စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကို ရှာဖွေဖော်ထုတ်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ–စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများမှာ မည်သူတို့ဖြစ်သည်နှင့် ၎င်းတို့၏အဓိကအုပ်စုခွဲများကို ဆုံးဖြတ်ခြင်းဖြစ်သည်။ (အချို့ပတ်သက်ဆက်နွယ်သူအုပ်စုများကို ဥပဒေ သတ်မှတ်ချက်အရ ကြိုတင်ဆုံးဖြတ်ထားရမည်ကို သတိပြုပါ) ထိုသို့ရှာဖွေဖော်ထုတ်ပြီးနောက် ယင်းတို့ကို ခွဲခြမ်းစိတ်ဖြာလေ့လာရသည်။ ဆိုလိုသည်မှာ– ပတ်သက်ဆက်နွယ်သူအုပ်စုများ၏ စိတ်ဝင်စားမှုများ၊ ၎င်းတို့အပေါ် မည်သည့်အတိုင်းအတာအထိ ထိခိုက်နစ်နာနိုင်သည်၊ သင်၏စီမံကိန်းအပေါ် ၎င်းတို့က မည်သည့်လွှမ်းမိုးမှုများ ရှိနိုင်သည် စသည်တို့ကို အသေးစိတ်လေ့လာခြင်းဖြစ်သည်။ အထက်ပါ မေးခွန်းများ၏အဖြေများသည် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု ဗျူဟာတစ်ရပ် ရေးဆွဲနိုင်ရန် အခြေခံအချက်အလက်များကို ပံ့ပိုးပေးနိုင်သည်။ ဤနေရာတွင် တစ်ခုသောအုပ်စု သို့မဟုတ်အုပ်စုခွဲအတွင်းမှ ပတ်သက်ဆက်နွယ်သူများ အားလုံးသည် တူညီသော စိုးရိမ်ပူပန်မှုများ သို့မဟုတ် အများသဘောတူ စုပေါင်းထင်မြင်ချက်များ သို့မဟုတ် ဦးစားပေးချက်များကို ဖော်ပြလိမ့်မည် မဟုတ်ကြောင်း သိရှိထားရန်လိုအပ်သည်။

## ✔ စီမံကိန်းကြောင့်တိုက်ရိုက်သို့မဟုတ်သွယ်ဝိုက်ထိခိုက်ခံရမည့် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများကိုရှာဖွေဖော်ထုတ်ပါ

ထိခိုက်မှုခံရမည့်ပတ်သက်ဆက်နွယ်သူများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သည့်အခါ စီမံကိန်းက လွှမ်းမိုးသက်ရောက်မည့် ပထဝီဝင်အနေအထားကို ဘောင်သတ်မှတ်ကာ စတင် လေ့လာရပါသည်။ ထိုသို့ စနစ်တကျချည်းကပ်သည့် လုပ်ဆောင်သည့် နည်းလမ်းသည် အလုပ်ဖြစ်ပါသည်။ ဤနေရာတွင် မူလစီမံကိန်းနေရာများသာမက ဆက်စပ်အဆောက်အအုံနေရာများ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ ဆင့်ကဲပေါင်းစပ်သက်ရောက်မှုများ (Cumulative Impacts) ကြောင့် ထိခိုက်ခံရနိုင်ခြေရှိသည့် နေရာများ သို့မဟုတ် စီမံကိန်းမရှိသေးသော်လည်း နောင်တွင်ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်မည်ဟု ခန့်မှန်းရပြီး ထိခိုက်မှုရှိနိုင်သည့်ဧရိယာများအပါအဝင် ဆက်စပ်နေရာများ အားလုံးကိုလည်း ထည့်စဉ်းစားရန်ဖြစ်သည်။ **စီမံကိန်းလွှမ်းမိုးသက်ရောက်မည့်ဧရိယာ**ကို ရှင်းရှင်းလင်းလင်း သတ်မှတ်ရန်၊ မည်သူများအား မည်သည့်ပုံစံဖြင့် ထိခိုက်မည်ဆိုသည်ကို ဆုံးဖြတ်နိုင်ရန် ဤခွဲခြမ်းစိတ်ဖြာလေ့လာမှုနည်းလမ်းကို အသုံးပြုပါ။

စီမံကိန်းနေရာတွင် မြေအသုံးပြုမှုဖြစ်စေ၊ လေထုနှင့်ရေထုအတွင်းသို့ အခိုးအငွေ့နှင့်အရည်များ ထုတ်လွှတ်မှုများကြောင့်ဖြစ်စေ၊ အန္တရာယ်ရှိသည့် တည်ဆောက်ရေးသုံးပစ္စည်းများကို စီမံကိန်းနေရာပြင်ပမှ သယ်ယူပို့ဆောင်မှုကြောင့်ဖြစ်စေ၊ စီမံကိန်းလည်ပတ်ဆောင်ရွက်သည့်အစမှ အဆုံးကာလတလျှောက် အလုပ်အကိုင်ဖန်တီးပေးမှုကြောင့် လူမှုစီးပွားများသက်ရောက်မှုများကြောင့်ဖြစ်စေ စီမံကိန်းကြောင့် အများဆုံးတိုက်ရိုက်ထိခိုက်ခံရမည့်သူများကို ဤလုပ်ငန်းစဉ်က စတင်ဖော်ထုတ်ပေးမည်ဖြစ်သည်။ ဤကဲ့သို့ **ပတ်သက်ဆက်နွယ်သူများကို ပုံဖော်ရန်(Stakeholder Mapping)** အတွက် အလျင်မြန်ဆုံးနှင့် အလွယ်ကူဆုံးနည်းလမ်းတစ်ခုမှာ "ထိခိုက် သက်ရောက်မှုဇုန် သတ်မှတ်ခြင်း(Impact Zoning)" ဖြစ်သည်။ (လေးထောင့်ကွက် ၁ ကိုကြည့်ပါ။) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အမျိုးမျိုးသော ထိခိုက်သက်ရောက်မည့်နယ်ပယ်ကို မြေပုံပေါ်တင်လေ့လာခြင်းဖြင့် စီမံကိန်းအကောင်အထည်ဖော်မည့်ကုမ္ပဏီသည် ထိခိုက်သက်ရောက်မည့်ဧရိယာအလိုက် သိသာထင်ရှားသည့်အုပ်စုများကိုဖော်ထုတ်ရန် စတင်ဆောင်ရွက်နိုင်ပြီး ထိုမှတစ်ဆင့်၊တိုင်ပင်ဆွေးနွေးရမည့်သူများကို ဦးစားပေးရွေးချယ်နိုင်မည်ဖြစ်သည်။ စီမံကိန်းဆောင်ရွက်မှုအဆင့် အမျိုးမျိုးရှိနေသည့် စီမံကိန်းကြီးများတွင် လက်ရှိကာလနှင့် အနာဂတ်ဆောင်ရွက်မည့်လုပ်ငန်းများကြောင့် သက်ရောက်နိုင်ခြေများကို မြေပုံဖော်ထုတ်ရေးဆွဲခြင်းအားဖြင့် ပတ်သက်ဆက်နွယ်သူအုပ်စုများအပေါ် ဆင့်ကဲပေါင်းစပ်သက်ရောက်မှုများ ဖော်ထုတ်နိုင်မည် ဖြစ်သည်။ ထိုသက်ရောက်မှုများသည် စီမံကိန်း အားကြည့်ရုံမျှဖြင့် ထင်ရှားလိမ့်မည် မဟုတ်ပါ။

စီမံကိန်းဧရိယာအတွင်းရှိလူပုဂ္ဂိုလ်တစ်ဦးချင်းနှင့်အုပ်စုများအနက်မည်သူကတိုက်ရိုက်ဆိုးကျိုးသက်ရောက်နိုင်သည် ဆိုသည်နှင့်ပတ်သက်၍ ဦးစားပေးခွဲခြားရသည့်အခါတွင် မည်သူက ထိခိုက်မှုခံရပြီး မည်သူကထိခိုက်မှုမခံရဟု ခွဲခြားရန်မှာ–စိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ အကောင်းဆုံး ကြိုးပမ်းလုပ်ဆောင်လျှင်ပင်ပြဿနာများ ရှိနေနိုင်ဆဲ ဖြစ်ပါသည်။ စီမံကိန်းကြောင့် ထိခိုက်သက်ရောက်နိုင်သည့် သတ်မှတ်ဧရိယာများအပြင်ဘက်ရှိ ဒေသခံလူထုသည် စီမံကိန်းမှရရှိမည့်အကျိုးကျေးဇူးများမှ ၎င်းတို့ကိုဖယ်ထုတ်ထားသည်ဟုလည်းခံစားရနိုင်သည် သို့မဟုတ် ထိုသို့ထိခိုက်မှုရှိသည်ဟူသောအတွေးများ ဝင်လာနိုင်ပါသည်။ထိုအကြောင်းများကြောင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကို ဘောင်ကျဉ်းစွာသတ်မှတ်ခြင်းမျိုးကို ရှောင်ရှားသင့်ပါသည်။

### လေးထောင့်ကွက် ၁။ ထိခိုက်သက်ရောက်မှုဇုန်များသတ်မှတ်ခြင်းဖြင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကိုဘယ်လိုဖော်ထုတ်မလဲ။

၁။ ဒေသ၏သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှုရေးဆိုင်ရာတို့ကို ထိခိုက်သက်ရောက်မှုများဖြစ်နိုင်သည့် စီမံကိန်းလုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်ပြင်ပသက်ရောက်နေရာများ ပါဝင်မည့် စီမံကိန်း၏ အဓိက အစိတ်အပိုင်းများကို မြေပုံကြမ်းရေးဆွဲပါ။ (ဥပမာ-စီမံကိန်း လုပ်ငန်းခွင်နေရာ၊ လမ်းများ၊ ဓာတ်အားလိုင်းများနှင့် တူးမြောင်းများ၊ လေ၊ ရေ နှင့်မြေနေရာ ညစ်ညမ်းမှု စတင်သည့်နေရာများစသည်)

၂။ ထိုစီမံကိန်းဒီဇိုင်းအစိတ်အပိုင်းတစ်ခုစီမှ ကျယ်ကျယ်ပြန့်ပြန့်သက်ရောက်မည့်ဇုန်များကို ဖော်ထုတ်ပါ။ (ဥပမာ – ရယူထားသည့်မြေဧရိယာ၊ လေထုနှင့်ရေထု ညစ်ညမ်းမှု ခံရမည့်နေရာများစသည်)

၃။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူအုပ်စုများကို ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေဖော်ထုတ်၍ မြေပုံရေးဆွဲပြီးနောက် ထိုအုပ်စုများကို သက်ရောက်မှုဇုန်များပေါ်တွင် ထပ်ကြည့်ပါ။

၄။ သက်ဆိုင်ရာပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေး၍ မည်သည့်အုပ်စုများသည် မည်သည့်ထိခိုက်သက်ရောက်မှုများကြောင့် ထိခိုက်မှုခံရနိုင်ခြေရှိသည်ကို ဖော်ထုတ်ပါ။ ထိုပြုလုပ်ခြင်းများကို ကောင်းကင်ဓာတ်ပုံများ အသုံးပြု၍ ပိုမိုကောင်းမွန်ထိရောက်အောင် ဆောင်ရွက်နိုင်ပါသည်။

*Source: Doing Better Business Through Effective Consultation and Disclosure, IFC, (1998).*

## ✔ စိတ်ဝင်စားမှုများအရ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအဖြစ် သတ်မှတ်နိုင်သူများကို ရှာဖွေဖော်ထုတ်ပါ

အချို့စီမံကိန်းများတွင် နှုတ်ဖြင့် ဆန့်ကျင်ကန့်ကွက်မှုအများဆုံးသည် နိုင်ငံ၏ အခြားနေရာဒေသများမှ၊ အခြားနိုင်ငံများမှ သို့မဟုတ် နိုင်ငံရပ်ခြားရှိ ပတ်သက်ဆက်နွယ်သူများထံမှ စသည်ဖြင့် ထိခိုက်သက်ရောက်မှုခံရသည့် ဧရိယာပြင်ပရှိ ပတ်သက်ဆက်နွယ်သူများထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုသူတို့၏ စီမံကိန်းအပေါ် ဩဇာလွှမ်းမိုးနိုင်မှုကို လျှော့တွက်ပါက စီမံကိန်းအတွက် ဆုံးရှုံးနိုင်ခြေများ ရှိနိုင်ပါသည်။ သို့ဖြစ်၍ သင်၏ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ခွဲခြမ်းစိတ်ဖြာလေ့လာရာတွင် ဆိုးဆိုးဝါးဝါး ထိခိုက်သက်ရောက်ခြင်း မခံရသော်လည်း ၎င်းတို့၏ စိတ်ဝင်စားမှုအတိုင်းအတာအရ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအဖြစ် သတ်မှတ်ရမည့်အုပ်စုများ သို့မဟုတ် အဖွဲ့အစည်းများကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ပါဝင် ပတ်သက်သူအမျိုးမျိုး၏လှုံ့ဆော်မှုများနှင့် ၎င်းတို့အနေဖြင့် စီမံကိန်းအပေါ် မည်သည့်နည်းလမ်းဖြင့် လွှမ်းမိုးနိုင်သည် ဆိုသည်ကို ပိုမိုရှင်းလင်းစေရန် စိတ်ဝင်စားမှု **အခြေပြုခွဲခြမ်းစိတ်ဖြာ လေ့လာမှု (Interest-Based Analysis)** နှင့် မြေပုံရေးဆွဲခြင်းများက ကူညီနိုင်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအတွက် ကုန်ကျစရိတ် အသက်သာဆုံးနည်းလမ်းများ (သတင်းစာများ၊ ဝက်ဘ်ဆိုဒ်များ၊ ရည်ရွယ်ချက်ထားလုပ်ဆောင်သည့် အများပြည်သူနှင့်တွေ့ဆုံမှုများ) သုံး၍ ပွင့်လင်းသောဆက်သွယ်ရေးလမ်းကြောင်း တည်ဆောက် ထိန်းသိမ်းထားနိုင်သည်။ ထိုသို့သော အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်မှု မပြုပါက ၎င်းတို့၏ ပြဿနာကိစ္စရပ်များအား မီဒီယာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များကဲ့သို့ အခြားနေရာများတွင် ဆွေး

နွေးသည့် အနေအထားမျိုး၊ အန္တရာယ်မျိုး ဖြစ်ပေါ်လာနိုင်ပါသည်။ မည်သို့ပင်ဆိုစေ ထိုကဲ့သို့ဖြစ်လာသည့်အခါ တွင်လည်း အပြုသဘောဆောင်သည့် ဆွေးနွေးမှုများအတွက် အခွင့်အလမ်းများပေး၍ ထိခိုက်နိုင်မှု အန္တရာယ် များကို စီမံခန့်ခွဲရန် ကြိုးစားရာတွင် ကြိုတင်လုပ်ဆောင်ခြင်းသည် များသောအားဖြင့် ပိုမိုကောင်းပါသည်။

## စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ၎င်းတို့၏ စိတ်ဝင်စားမှုများသည် အချိန်ကာလအလျောက် ပြောင်းလဲ နိုင်သည်၊ အခြေအနေအားလုံးသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲနေသည်ကို သိနားလည်ရန် အရေးကြီးပါသည်။

### ✔ ဗျူဟာကျကျဆောင်ရွက်၍ ဦးစားပေးရွေးချယ်ပါ

စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူအုပ်စုများအားလုံးကို တူညီသည့် အလေးပေးမှု (Same Level of Intensity) ဖြင့် တစ်ချိန်လုံး ချိတ်ဆက်ဆောင်ရွက်ရန်မှာ လက်တွေ့မကျသည့်အပြင် များသောအားဖြင့်လည်း ထိုသို့ ပြုလုပ်ရန်လည်း မလိုပါ။ ချိတ်ဆက်ဆောင်ရွက်မှု မစတင်မီကပင် မည်သူတို့ကို မည်သည့်အတွက်ကြောင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုသည်နှင့် ပတ်သက်၍ ဗျူဟာကျကျနှင့် ရှင်းရှင်းလင်းလင်း သိရှိထားခြင်း ဖြင့် အချိန်နှင့် ငွေကုန်ကျမှု သက်သာစေနိုင်ပါသည်။ ထိုကဲ့သို့လုပ်ဆောင်ရန်မှာ ထိုစီမံကိန်းနှင့် ပတ်သက် ဆက်နွှယ်သူများသည် မည်သူဖြစ်သည်၊ ၎င်းတို့အနေဖြင့် မည်သည့်အကြောင်းအရာများကို စိတ်ဝင်စားသည် ကို အခြေခံပြီး အဓိကထား ချိတ်ဆက်ဆောင်ရွက်မည့်သူများကို ရွေးချယ်ရန်နှင့် ချိတ်ဆက်ဆောင်ရွက်ရန် အသင့်လျော်ဆုံးနည်းလမ်းကို ရှာဖွေထားရန် လိုအပ်သည်။ ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူအုပ်စု တစ်ခုစီအပေါ် စီမံကိန်း၏ သက်ရောက်မှုအတိမ်အနက်ကို ၎င်းတို့၏ရှုထောင့်အမြင်အရ ဆန်းစစ်ခြင်းအားဖြင့် ဤဦးစားပေးရွေးချယ်မှု ကို အကူအညီပေးသင့်သည်။ ထိုဦးစားပေး ရွေးချယ်မှုသည်လည်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ် သူများကို ခွဲခြမ်းစိတ်အပေါ် အပြန်အလှန်အားဖြင့် အထောက်အကူပြုနိုင်ပါသည်။ စီမံကိန်းနှင့် ပတ်သက် သော အခြေအနေများက အချိန်နှင့်အမျှ ပြောင်းလဲနေသလို ပတ်သက်ဆက်နွှယ်သူများနှင့် ၎င်းတို့၏ စိတ်ဝင်စားမှုများ နှစ်ခုစလုံးသည်လည်း စီမံကိန်းနှင့် သက်ဆိုင်မှုအရနှင့် စီမံကိန်း၏ အဆင့်ဆင့်ကာလများ တွင် တက်တက်ကြွကြွ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်မှုတို့အရ အချိန်နှင့်အမျှ ပြောင်းလဲနေမည်ဆိုသည် သော အချက်ကိုလည်း သတိချပ်ထားရန် လိုအပ်ပါသည်။ ဥပမာ– အချို့ ပတ်သက်ဆက်နွှယ်သူများသည် တည်ဆောက်ရေးကာလကဲ့သို့ စီမံကိန်း၏ အဆင့်တစ်ခုခုတွင် ပိုပြီးထိခိုက်သက်ရောက်မှုခံရလိမ့်မည်ဖြစ် သည်။

ဦးစားပေးရွေးချယ်သည့်အခါတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားလျှင် အကူအညီ ရနိုင်ပါသည်။

- **ဥပဒေအရ** သို့မဟုတ် အခြားလိုအပ်ချက်များအရ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် မည်သည့် ချိတ်ဆက် ဆောင်ရွက်မှုပုံစံကို မဖြစ်မနေပြုလုပ်ရန် လိုအပ်သနည်း။
- စီမံကိန်း၏ ဩဇာလွှမ်းမိုးသက်ရောက်မှုရှိနိုင်သည့်ဧရိယာ (Area of Influence) အတွင်း သဘာဝပတ် ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်သက်ရောက်နိုင်မှုများက မည်သူများအပေါ် **ဆိုးဆိုးရွားရွား ထိခိုက် နိုင်သလဲ။**

## GLAMIS GOLD ။ MARLIN ရွှေတူးဖော်ရေးစီမံကိန်းတွင်ပတ်သက်ဆက်နွယ်သူများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းသည် စိန်ခေါ်မှုများသောလုပ်ငန်းတစ်ခုဖြစ်နိုင်ပါသည်။စီမံကိန်းကြောင့်အမှန်တကယ်ထိခိုက်သက်ရောက်မှုခံစားရသည့် ဒေသခံလူထုနှင့် စီမံကိန်း၏ အခြားသောပတ်သက်ဆက်နွယ်သူများကိုသာ အာရုံစိုက်၍ လုပ်ဆောင်ရမည့်အချိန် မဟုတ်တော့ဘဲ ဆိုးဆိုးရွားရွား သက်ရောက်မှုများ ရှိလာနိုင်သည်ဟု အတွေးဝင်လာနေသူများ သို့မဟုတ် ထိခိုက်သက်ရောက်မှုခံရသူများ၏ ကိုယ်စားလှယ်အဖြစ် ခံယူရန် စဉ်းစားနေသူများကိုပါ ထည့်သွင်းစဉ်းစားရမည့်အချိန်ကာလဖြစ်ပါသည်။

**Glamis Gold Ltd.** သည် **ဂွာတီမာလာနိုင်ငံ**၏ မြူနီစပယ်ရီယာ ၂ ခုအတွင်း ကျရောက်နေသည့် **MARLIN ရွှေတူးဖော်ရေးစီမံကိန်း** ဆောင်ရွက်ရာတွင် ထိုအခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့ရပါသည်။ သတ္တုရိုင်းသိုက်အများစုနှင့် ထုတ်လုပ်သည့်လုပ်ငန်းစဉ်တွင် အသုံးပြုသည့် အဆောက်အအုံ၊ ပစ္စည်းများ အပါအဝင် စီမံကိန်းတစ်ခုလုံးတန်ဖိုး၏ ၈၇ % ခန့်သည် တိုင်းရင်းသားလူမျိုးစု (Mam) ၉၅ % ကျော်ရှိသည့် San Miguel တွင် တည်ရှိနေပါသည်။ စီမံကိန်း၏ ကျန် ၁၃ % သော ပိုင်ဆိုင်ပစ္စည်းများသည် တူးဖော်ရေးစီမံကိန်း၏ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံပစ္စည်းများဖြစ်ပြီး Sipakapa တိုင်းရင်းသားလူမျိုးစု လူဦးရေ ၇၇ % ခန့်ရှိသည့် နယ်မြေတွင် တည်ရှိပါသည်။

စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကို အစောပိုင်းကာလ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုလုပ်ငန်းစဉ်အရ ကုမ္ပဏီသည် အဓိကသတ္တုရိုင်းသိုက်နှင့် မိုင်းလုပ်ငန်း လည်ပတ်ဆောင်ရွက်မည့် ပစ္စည်း/အဆောက်အအုံများ တည်ဆောက်မည့် နေရာတွင်ရှိသည့် ကျေးရွာ ၃ ရွာနှင့် San Miguel မြူနီစပယ် နယ်မြေတို့တွင် ကနဦးတိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်ခဲ့သည်။ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းများနှင့် ဒေသခံလူထု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများ သည် Sipacapa တွင် နည်းပါးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာအများစုသည် မိုင်းလုပ်ငန်းခွင်နှင့် ၎င်း၏ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများမှ အတော်ဝေးကွာသည့်နေရာတွင် တည်ရှိနေ၍ဖြစ်သည်။ သို့သော်လည်း Sipacapa ရှိ ဒေသခံတက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးစိတ်ဝင်စားသူများက နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် NGO အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ကက်သလစ်ဘုရားကျောင်း အဖွဲ့ဝင်အချို့၏ အထောက်အပံ့ဖြင့် Marlin စီမံကိန်းဆန့်ကျင်ရေး လှုံ့ဆော်မှုများကို လုပ်ဆောင်ခဲ့ကြသည်။ ရလဒ်မှာ မိုင်းလုပ်ငန်းကို ကန့်ကွက်မှုသည် မိုင်းလုပ်ငန်းက ထိခိုက်သက်ရောက်မှုအနည်းဆုံးဖြစ်သည့် Sipacapa မြူနီစပယ်နယ်မြေတွင် ဗဟိုပြုခဲ့သည်။ သီးခြားလွတ်လပ်သည့် ဆန်းစစ်လေ့လာချက်များအရ ကျန်းမာရေးအပေါ် သက်ရောက်မှုများ သို့မဟုတ် မြေပေါ်ရေ ညစ်ညမ်းမှုအတွက်ဖြစ်စေ Sipacapa သည် သိသာထင်ရှားသည့် ထိခိုက်နိုင်မှုအန္တရာယ်မရှိကြောင်း တွေ့ရှိရသော်လည်း ဒေသခံလူများ၏ ဆန့်ကျင်ဘက် ထင်မြင်ယူဆချက်သည် စီမံကိန်းအား ကန့်ကွက်ရန်နှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များအပေါ် မေးခွန်းထုတ်ရန် ဖြစ်ပေါ်စေခဲ့သည်။

- ထိခိုက်ခံရနိုင်ခြေရှိသူများအနက် မည်သူများက **အင်အားနည်းထိခိုက်လွယ်ဆုံး** ဖြစ်ကြသလဲ။ ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များ လိုအပ်ပါသလား။
- စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှု၏ **မည်သည့်အဆင့်**သည် ပတ်သက်ဆက်နွယ်သူများ အများဆုံး ထိခိုက်ပါသလဲ။ (ဥပမာ – ပစ္စည်း ဝယ်ယူဖြည့်တင်းခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ ပိတ်သိမ်းခြင်း)
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ အမျိုးမျိုးသော **စိတ်ဝင်စားမှုများ**မှာ မည်သည့်အချက်များနည်း။ စီမံကိန်းအပေါ် မည်သည့်**လွှမ်းမိုးမှုများ** ရှိနိုင်ပါသလဲ။
- မည်သည့် ပတ်သက်ဆက်နွယ်သူများသည် စီမံကိန်း၏ ဒီဇိုင်းပုံစံ **ပိုမိုကောင်းလာစေရန်** သို့မဟုတ် စီမံကိန်း၏ ကုန်ကျစရိတ်များ လျော့နည်းသွားစေရန် ကူညီနိုင်ပါသလဲ။
- ပြဿနာများနှင့် ထိခိုက်သက်ရောက်နိုင်မှုများ၏ **နယ်ပယ်အတိုင်းအတာကို ကနဦးသတ်မှတ်ရာတွင်** မည်သည့် ပတ်သက်ဆက်နွယ်သူများက အကောင်းဆုံး ကူညီနိုင်ပါသလဲ။
- စီမံကိန်းကြောင့် ဖြစ်လာမည့် ပြောင်းလဲမှုများအပေါ် မည်သူတို့က ပြင်းပြင်းထန်ထန် **ထောက်ခံပါသလဲ** သို့မဟုတ် **ကန့်ကွက်ပါသလဲ**။ အဘယ်ကြောင့်နည်း။
- မည်သူ၏ ကန့်ကွက်မှုသည် စီမံကိန်းအောင်မြင်ရေးအတွက် အဆိုးရွားဆုံး ထိခိုက်နိုင်ပါသလဲ။
- ပထမဦးဆုံး ချိတ်ဆက်ဆောင်ရွက်ရန် မည်သူက **အရေးပါ**ပါသလဲ။ အဘယ်ကြောင့်နည်း။
- ချိတ်ဆက်ဆောင်ရွက်မှုအတွက် **အသင့်တော်ဆုံးလုပ်ငန်းစဉ်**ဟာ ဘာလဲ။

## ✔ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ဆိုင်သည့် ယခင်ကရှိပြီး သတင်းအချက်အလက်များနှင့် တိုင်ပင်ဆွေးနွေးမှုမှတ်တမ်းများကို ကိုးကားပါ

မိမိ၏စီမံကိန်း သို့မဟုတ် နယ်မြေနှင့် သက်ဆိုင်သည့် ပတ်သက်ဆက်နွယ်သူများအကြောင်း ယခင်ရှိပြီး သတင်းအချက်အလက်များကို ကိုးကားအသုံးပြုခြင်းသည် အချိန်ကုန်သက်သာစေမည့်အပြင် ထိခိုက်ဆုံးရှုံးနိုင်သည့် အန္တရာယ်များ၊ ဥပဒေအရ တာဝန်ရှိမှုများ ၊ မဖြေရှင်းရသေးသော ပြဿနာများကို မဟာဗျူဟာ အမျိုးမျိုးစဉ်းစားကာ အလေးအနက်ထား၍ ဦးစားပေးရွေးချယ်ခန့်ခွဲနိုင်သည်။ သင်၏ စီမံကိန်းသည် **ယခင်ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် လည်ပတ်ဆောင်ရွက်မှုကို ထပ်မံတိုးချဲ့သော လုပ်ငန်းတစ်ခုဖြစ်လျှင်** ယခင်သတင်းအချက်အလက်များ ရရှိနိုင်သည့် ရင်းမြစ်နေရာများမှာ – စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ အချက်အလက်စုဆောင်းသိမ်းဆည်းထားသည့် Data Base များ၊ တိုင်ပင်ဆွေးနွေးမှုနှင့် နစ်နာချက်/ မကျေနပ်ချက်ဆိုင်ရာမှတ်တမ်းများ၊ စီမံကိန်းအစောပိုင်းအဆင့်တွင် ဆောင်ရွက်ခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ် ကြည့်ရှုစစ်ဆေးမှု နှစ်ပတ်လည် အစီရင်ခံစာများ၊ နယ်မြေဒေသတစ်ခုတည်းတွင် တည်ရှိသည့် ကုမ္ပဏီ၊ ဒေသန္တရအစိုးရ သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းများက ဒေသခံလူထုအတွက် ပြုလုပ်ပေးသည့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ဖြစ်ကြသည်။

အခြားစီမံကိန်းများ မရှိသေးသော နယ်မြေသစ်တွင် စတင် အကောင်အထည်ဖော်မည့် စီမံကိန်း (Green Field Project)များအတွက် အစိုးရအာဏာပိုင်များ၊ အခြားအများပြည်သူကဏ္ဍနှင့် နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများထံတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ၎င်းတို့၏ စိတ်ဝင်စားမှုများကို ဖော်ထုတ်ကာ ပြုစုထုတ်ဝေထားသည့် အစီရင်ခံစာများနှင့် စီမံချက်များ ရှိနိုင်သည်။ သင့်စီမံကိန်းသည် စက်မှုဇုန်နယ်မြေတွင် တည်ရှိသည်ဆိုပါက ထိုနယ်မြေထူထောင်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာလုပ်ဆောင်ထားခြင်း သို့မဟုတ် ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ထားခြင်း ရှိမရှိ ဆိုသည်ကို စုံစမ်းနိုင်ပါသည်။

## ✔ အင်အားနည်းထိခိုက်လွယ်သောအုပ်စုများအပေါ် အလေးထားသည့် လူမှုစီးပွား အချက်အလက် စာရွက်စာတမ်းများကို ပြုစုပါ

ပထဝီဝင်အနေအထားအရ ကြီးမားကျယ်ပြန့်သည့် ဧရိယာအတွင်းရှိ သဘာဝပတ်ဝန်းကျင်နှင့် လူများအပေါ် ထိခိုက်နိုင်ခြေရှိသည့် သို့မဟုတ် အင်အားနည်းထိခိုက်လွယ်သည့်အုပ်စုများအပေါ် သက်ရောက်နိုင်သော ရှုပ်ထွေးသည့် စီမံကိန်းကြီးများဖြစ်လျှင်၊ စီမံကိန်းဒေသတွင် လုပ်ကိုင်နေသည့် စီမံကိန်းဝန်ထမ်းများနှင့် ပြင်ပအတိုင်ပင်ခံများသို့ ဖြန့်ဝေနိုင်ရန်အတွက် လူမှုစီးပွားဆိုင်ရာသတင်း အချက်အလက်များကို စုစည်းထားလျှင် အသုံးဝင်နိုင်ပါသည်။ ထိုအချက်အလက်များကို ကြိုတင်ကောက်ယူထားခြင်းသည် နောင်တွင် ဆောင်ရွက်မည့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု လုပ်ငန်းများသည် ကနဦးကတည်းက လေးစားမှုနှင့် ဒေသ၏ ယဉ်ကျေးမှုနှင့်ကိုက်ညီနိုင်မှုများ ရှိစေနိုင်ပါသည်။ ဆောင်ရွက်မည့်စီမံကိန်းကြောင့် အကျိုးမဲ့ဖြစ်ရန် အလားအလာရှိသော သို့မဟုတ် ထိခိုက်အားနည်းအလွယ်ဆုံးဖြစ်သော အုပ်စုများကို အစောပိုင်းကတည်းက ကြိုတင်ရှာဖွေဖော်ထုတ်ထားနိုင်စေသည်။ ထိုကဲ့သို့ အချက်အလက်၊ စာရွက်စာတမ်းများ ပြုစုရန်အတွက် နယ်မြေဒေသနှင့် ရင်းနှီးကျွမ်းဝင်သည့် အတွေ့အကြုံရှိ လူမှုရေးပညာရှင်တစ်ဦး လိုအပ်မည်ဖြစ်သည်။ ထိုအချက်အလက်များဖြင့် ပြုစုထားသည့် စာရွက်စာတမ်းများကို စီမံကိန်း၏ နောင်တွင် ဆောင်ရွက်မည့်အဆင့်များတွင် အသုံးပြုသွားနိုင်ပြီး လိုအပ်သလို ဆင့်ပွားအသုံးပြုနိုင်မည်ဖြစ်သည်။

ဒေသတစ်ခု၏ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အရေးပါသည့်ရှုထောင့်များတွင် အောက်ဖော်ပြပါ သတင်းအချက်အလက်များ ပါဝင်နိုင်သည်။

- လူဦးရေ နှင့် မြေပုံပေါ်တွင်ဖော်ပြထားသည့် တည်နေရာများ
- ဒေသနေလူဦးရေ ၊အသက်အရွယ်၊ ကျား/မ၊ ဖွား/သေနှုန်း စသည်ပါဝင်သည့် အချက်များ
- အမျိုးသမီးများ၊ စီးပွားရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပုံစံများ (အမြဲတမ်း၊ ရာသီအလိုက်၊ ရွှေ့ပြောင်းလုပ်သား၊ အလုပ်လက်မဲ့ဖြစ်မှု)၊ မြေနေရာ၏လုပ်ပိုင်ခွင့်နှင့် သဘာဝအရင်းအမြစ်ကို ထိန်းချုပ်ခြင်းများနှင့် ပတ်သက်သည့် အခြေအနေများ
- လူမှုရေးအဖွဲ့အစည်းများနှင့် သြဇာအာဏာသက်ရောက်ပုံများ
- စာတတ်မြောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း
- နည်းပညာဆိုင်ရာသတင်းအချက်အလက်များကို လက်လှမ်းမီနိုင်စွမ်း
- ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများနှင့် သိနားလည်သည့် သဘောထားအမြင်များ

ဖြည့်စွက်လမ်းညွှန်ချက်များအတွက် IFC ၏ အလေ့အကျင့်ကောင်းများ မှတ်စုဖြစ်သည့် "ပုဂ္ဂလိကကဏ္ဍ စီမံကိန်းများ၏ လူမှုရေးဆိုင်ရာ အဓိက အကြောင်းအရာများအား ဖြေရှင်းဆောင်ရွက်ခြင်း( IFC's Guidance Notes " Addressing the Social Dimensions of Private Sector Projects" ) " ကို ရည်ညွှန်းကိုးကားပါ။ www.ifc.org/enviro ဝက်ဘ်ဆိုဒ်တွင်လည်း ရယူနိုင်ပါသည်။

## ✔ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ကိုယ်စားလှယ်များကို စိစစ်အတည်ပြုပါ

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ကိုယ်စားပြုသူများကိုဖော်ထုတ်ပြီးငင်းတို့နှင့်အစဉ်မပြတ်ဆွေးနွေး တိုင်ပင်ကာ ဆောင်ရွက်ခြင်းသည် ပတ်သက်ဆက်နွယ်သူများစွာထံသို့ သတင်းဖြန့်ဝေရန်နှင့် ၎င်းတို့ထံမှ သတင်းအချက်အလက်များ ပြန်လည်ရရှိရန် ထိရောက်သည့်နည်းလမ်းတစ်ခုဖြစ်သည်။ ကိုယ်စားလှယ်များ ကို ရွေးထုတ်သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်သည့်အခါ စဉ်းစားသင့်သည့် အချက်အလက်များစွာရှိပါ သည်။ ပထမဦးစွာ ကိုယ်စားလှယ်တစ်ဦးချင်းစီသည် သက်ဆိုင်ရာနယ်မြေမှ အမှန်တကယ် ထောက်ခံမှုရရှိ ထားသူများ ဖြစ်ရန်နှင့် စီမံကိန်းကုမ္ပဏီက စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက် ပြီး ရလဒ်များကို သက်ဆိုင်ရာနယ်မြေသို့ ပြန်လည်ပြီးဆက်သွယ်ဆောင်ရွက်ရာတွင် ယုံကြည်စိတ်ချ အားထားရမည့်သူများဖြစ်ရန် လိုပါသည်။ ထိုကဲ့သို့ဖြစ်စေရန် နည်းလမ်းတစ်ခုမှာ– စီမံကိန်းကြောင့် ထိခိုက် နစ်နာသည့်သူများထဲမှ နမူနာလူတစ်စုအားရွေးချယ်ကာ တိုက်ရိုက်စကားပြော ကြည့်ခြင်းဖြင့် ချိတ်ဆက် ဆောင်ရွက်ရန် ရွေးချယ်ထားသည့်ကိုယ်စားလှယ်များ မှန်၊ မမှန် စိစစ်အတည်ပြုခြင်းဖြစ်သည်။ ဤနည်း လမ်းသည် ပတ်သက်ဆက်နွယ်သူများ၏အမြင်များကို မည်သို့ကိုယ်စားပြုကြောင်းနှင့် ထိုအမြင်များနှင့် ကိုက်ညီမှုရှိမရှိကိုလက်တွေ့ထင်ရှားစေနိုင်သည်။ပတ်သက်ဆက်နွယ်သူများ၏တရားဝင်ကိုယ်စားလှယ်များ မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်နိုင်ပြီး ယင်းတို့နှင့်သာ ကန့်သတ်မထားပါ။

- ဒေသဆိုင်ရာနှင့် ကျေးရွာကောင်စီများမှ ရွေးကောက်ထားသည့် ကိုယ်စားလှယ်များ
- ကျေးရွာလူကြီး သို့မဟုတ် လူမျိုးစုခေါင်းဆောင်များကဲ့သို့ ဓလေ့ထုံးစံအရ ကိုယ်စားလှယ်များ
- ဒေသတွင်း သမဝါယမအသင်းများ၏ ခေါင်းဆောင်များ(ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးများ)၊ အခြားရပ်ရွာ အခြေပြုအဖွဲ့အစည်းများ၊ ဒေသခံ NGO အဖွဲ့အစည်းများနှင့် ဒေသခံ အမျိုးသမီးအုပ်စု ခေါင်းဆောင်များ
- နိုင်ငံရေးသမားများနှင့် ဒေသအစိုးရဆိုင်ရာအရာရှိများ
- ကျောင်းဆရာ၊ ဆရာမများ
- ဘာသာရေးခေါင်းဆောင်များ

ထို့အပြင် စီမံကိန်းနှင့် ဒေသခံလူထုအကြားတွင် အချို့သောသူများကို "ပေါင်းကူးဆက်ဆံပေးမည့်သူများ (Laison)"အဖြစ် ရွေးချယ်ဆောင်ရွက်ခြင်းသည် ၎င်းတို့ကို အာဏာနှင့်လွှမ်းမိုးသက်ရောက်နိုင်မှုကို အတိုင်း အတာတစ်ခုအထိ ပေးလိုက်သည့် သဘောဖြစ်သည် ဆိုသည်ကို သတိပြုပါ။ တစ်ချို့အခြေအနေများတွင် ထိုကဲ့သို့ဆောင်ရွက်ခြင်းသည်အုပ်စုတစ်ခု(သို့မဟုတ်လူတစ်ဦးတစ်ယောက်ချင်းစုစည်းထာသည့်အစုတစ်ခု) ကို အခြားအုပ်စုတစ်ခုထက်ပို၍ လုပ်ပိုင်ခွင့်ခွဲဝေပေးသကဲ့သို့ ထင်မြင်ခံရနိုင်၍ ထိုမှတဆင့် တင်းမာမှုများ သို့မဟုတ် ပဋိပက္ခများဖြစ်ပေါ်စေနိုင်သည်။ အခြားဖြစ်ရပ်များတွင် ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် ထိုကြားခံ အဖြစ် ဆောင်ရွက်စေသည့် ပုဂ္ဂိုလ်တစ်ဦးချင်းအပေါ်တွင် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် အခြား ဒေသခံ လူအုပ်စု၏ ဖိအားများ သက်ရောက်နိုင်သည်။ ထို့ပြင် အထက်ပါလုပ်ငန်းစဉ်သည် ၎င်းတို့၏ ကိုယ်ကျိုး

## တရုတ်နိုင်ငံအနောက်ပိုင်း။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များ၏ တရားဝင်မှုကို အတည်ပြုခြင်း

တရုတ်နိုင်ငံအနောက်ပိုင်းတွင် သက်တမ်းနုနယ်သေးသည့် ပြည်တွင်း ဓာတုဗေဒကုမ္ပဏီတစ်ခုသည် စိုက်ပျိုးမြေနှင့် လူနေထိုင်သည့် မြေများ ဝန်းရံလျက်ရှိသည့် လက်ရှိစက်ရုံတွင် အဆောက်အအုံတစ်ခုကို တည်ဆောက်ခဲ့သည်။ ကုမ္ပဏီသည် စွန့်ပစ်ပစ္စည်းများ ထားရန်နေရာအတွက် ဒေသခံလယ်သမားအချို့ထံမှ စိုက်ပျိုးမြေ အနည်းငယ်ရယူရန် လိုအပ်ခဲ့သည်။ မြေနေရာရရှိရေးနှင့် လျော်ကြေးငွေကိစ္စရပ်များကို ထိခိုက်နစ်နာမည့် ဒေသခံလူစုနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရမည့်အစား လျော်ကြေးငွေသတ်မှတ်ခြင်းနှင့်ထုတ်ပေးခြင်းကို ကျေးရွာကောင်စီအဖွဲ့ဝင်အချို့နှင့် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ဤကိစ္စတွင် ကုမ္ပဏီက ရွေးချယ်ခဲ့သည့် ကောင်စီအဖွဲ့ဝင်များသည် စီမံကိန်းကြောင့် ထိခိုက်နစ်နာသည့် လူအုပ်စုကို အမှန်တကယ်ကိုယ်စားမပြုခဲ့ပါ။ တိုင်ပင်ဆွေးနွေးခြင်းနှင့် စိစစ်အတည်ပြုခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ခြင်းမရှိပဲ လျော်ကြေးငွေပေးချေသည့် လုပ်ငန်းစဉ်အတွက် ပွင့်လင်းမြင်သာမှုသည်လည်း အကန့်အသတ်ဖြစ်ခဲ့သည်။ နောက်ဆုံးရလဒ်မှာ ထိခိုက်နစ်နာများထံသို့ လျော်ကြေးငွေများ မရောက်ရှိဘဲ အမျက်ဒေါသထွက်နေသည့် ရွာသားများက ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများအတွက် ပေးရန်ကျန်ရှိနေသည့် လျော်ကြေးများကို တောင်းဆိုလျက် ကုမ္ပဏီ၏ စွန့်ပစ်ပစ္စည်းပုံသည့် နေရာသို့သွားသည့်လမ်းကို ပိတ်ဆို့ထားသည်ကိုတွေ့ရှိရသည်။ ဤဖြစ်ရပ်သည် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေးပျက်စီးခြင်းနှင့် လျော်ကြေးငွေပေးချေမှု နှစ်ကြိမ်တိုင်တိုင်ဆောင်ရွက်ပေးခဲ့ရခြင်းအားဖြင့် အကုန်အကျများသည့် သင်ခန်းစာယူစရာ အတွေ့အကြုံတစ်ခုဖြစ်ခဲ့သည်။

အတွက် အကျိုးအမြတ် ရရှိရန် သို့မဟုတ် ရလဒ်များအပေါ် ချယ်လှယ်ရန် အခွင့်အလမ်းရှာနေသူများ၏ ကြိုးကိုင်ခြယ်လှယ်မှုကိုလည်း ခံရနိုင်သည်။ ထိုကဲ့သို့ ကြားခံဆက်သွယ်ရန်အတွက် ရင်းမြစ်တစ်ခုတည်းပေါ်တွင် အလွန်အမင်းမှီခိုအားထားမှုမပြုဘဲ အချိန်ကာလအလိုက် အထက်ပါအတိုင်း တိုက်ရိုက်စိစစ်အတည်ပြု ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ချဲ့ထွင်နိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံမှုရှိစေရေးတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်သည်။

## ✔ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများကို ယင်းတို့ ရပ်ရွာအသိုင်းအဝိုင်းတွင်ပင် ချိတ်ဆက်ဆောင်ရွက်ပါ

ယေဘုယျအားဖြင့် စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများက သက်သောင့်သက်သာပိုရှိသည်ဟု ခံစားရသည့် နေရာတစ်ခု (များသောအားဖြင့် ဒေသခံတို့နယ်မြေ) ကို ရွေးချယ်သည့်ကုမ္ပဏီများအနေဖြင့် အောက်ပါအချက်များကြောင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များသည် ပို၍ ထိရောက်အောင်မြင်လေ့ရှိသည်–[1]

- ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို **ပွင့်လင်းမြင်သာ** ဖြစ်စေသည်။ ဒေသခံအဖွဲ့ဝင်များအနေနှင့်လည်းမျက်မြင်ကိုယ်တွေ့ဖြစ်သလိုငင်းတို့ကိုယ်စားမည်သည့်အကြောင်းအရာများကိုဆွေးနွေးနေသည်၊ တိုင်ပင်ဆွေးနွေးမှုသို့မဟုတ်ညှိနှိုင်းချက်များအပြီးတွင်မည်သည်ကိုသဘောတူခဲ့သည်စသည်ကိုလည်း သတင်းပေးပြီးသားဖြစ်စေသည်။
- ဒေသခံခေါင်းဆောင်များ၏ **တာဝန်ယူ၊ တာဝန်ခံမှု**ကိုလည်း မြင့်မားစေသည်။ ဒေသခံအဖွဲ့ဝင်များ အနေနှင့်လည်း ၎င်းတို့တောင်းဆိုရန် အကျုံးဝင်သည့် ကိစ္စများကိုသိရှိပြီး လိုက်လျောမှုများကိုလည် စောင့်ကြည့်နိုင်သည့်အပြင် အဂတိလိုက်စားမှုကိုလည်းရှောင်ရှားနိုင်သည်။
- ဒေသခံအဖွဲ့ဝင်များရှိရာသို့ မကြာမကြာ သွားလာကာအချိန်ပေး နေထိုင်ခြင်းအားဖြင့် **ဒေသခံလူထု၏ သဘောထားအမြင်များ၊ သတင်းအချက်အလက်များကို ကုမ္ပဏီများက တန်ဖိုးထားသည်**ဆိုသည့် သတင်း ပျံ့ပွားရောက်ရှိစေနိုင်သည်.။
- ဒေသခံအဖွဲ့ဝင်များသည် ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်အား **မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်း**ကဲ့သို့ ခံစားမိစေသည်။ အများပြည်သူနှင့် အစည်းအဝေးများတွင် ဒေသခံများ ပါဝင်ဆွေးနွေးရန် အခွင့်အလမ်း ရရှိခြင်းသည် ဆုံးဖြတ်ချက် ပြုလုပ်ရာတွင် ၎င်းတို့အနေဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရသည်ဟု ခံစားမိကြောင်း ဒေသခံအဖွဲ့ဝင်များက ပြောပါသည်။
- နောက်ဆုံးတွင် ဤကဲ့သို့ဆောင်ရွက်ခြင်းသည် **ဒေသခံအဖွဲ့ဝင်များ၏ ကိုယ်ပိုင် ကိုယ်စားလှယ်များကို** ရွေးချယ်သတ်မှတ်နိုင်ပြီး ဒေသခံလူထုအတွက် ကိုယ်စားပြု တောင်းဆိုပေးမည်ဆိုသော တရားမဝင်သည့် ကိုယ်စားလှယ်များကိုလည်း ကာကွယ်တားဆီးပြီးသား ဖြစ်စေသည်။

---

[1] "စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာထုတ်ပြန်ချက်စာတမ်း" ချိတ်ဆက်ဆောင်ရွက်မှုစီမံကိန်း၊ (နိုဝင်ဘာ ၂၀၀၄) www.cdainc.com ကို မှီငြမ်းထားပါသည်။

## ✔ အစိုးရသည် စီမံကိန်းနှင့် အဓိကပတ်သက်ဆက်နွယ်သူ ဖြစ်ကြောင်းသတိပြုပါ

အလွှာစုံမှအစိုးရအာဏာပိုင်များနှင့် ကောင်းမွန်သည့် ဆက်ဆံရေး တည်ဆောက်ထိန်းသိမ်းထားရန်နှင့် စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မျှော်မှန်းထားသည့် ထိခိုက်သက်ရောက်နိုင်မှုများအကြောင်းကို ၎င်းတို့အား သတင်းပေးထားရန် လိုအပ်သည့်အကြောင်းရင်း များစွာရှိပါသည်။ စီမံကိန်းတစ်ခု အောင်မြင်ရေးအတွက် အစိုးရ၏အထောက်အပံ့သည် အလွန်အရေးပါပြီး ပြည်သူ့ဝန်ထမ်းအာဏာပိုင် အဖွဲ့အစည်းအမျိုးမျိုးနှင့် ပုံမှန် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ လက်တွေ့တွင် ဒေသန္တရအစိုးရအာဏာပိုင်များသည် စီမံကိန်းကြောင့် ထိခိုက်နစ်နာသည့် လူထုနှင့် အခြားဒေသန္တရဆိုင်ရာနှင့် နိုင်ငံတော်အဆင့် ပတ်သက်ဆက်နွယ်သူအုပ်စုများနှင့် ရှေးယခင်ကတည်းကကြာမြင့်စွာထူထောင်ထားသည့်ဆက်ဆံရေးများရှိနိုင်ပါသည်။ထိုကာလကြာရှည်ထူထောင်ထားသည့် ဆက်ဆံရေးများသည် ပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များနှင့် စီမံကိန်းအကြား ဆွေးနွေးပွဲများကျင်းပခြင်းနှင့် အကူအညီများပေးရာတွင် အရေးပါပါသည်။ ဒေသန္တရအစိုးရသည် ပုဂ္ဂလိကကုမ္ပဏီများနှင့် နေရာတော်တော်များများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။ ဥပမာ– ဝန်ဆောင်မှုများပေးခြင်း၊ ဒေသခံလူထုသို့သတင်းအချက်အလက်များပေးခြင်း သို့မဟုတ် စီမံကိန်းလည်ပတ်မှု လိုအပ်ချက်တွင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ပေါင်းစပ်ထည့်သွင်းခြင်း စသည်တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

**အစိုးရဦးဆောင်သည့် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေးပွဲများ**တွင် စီမံကိန်းနှင့် သက်ဆိုင်သည့်အကြောင်းအရာဆွေးနွေးချက်များကိုမှတ်တမ်းထားရန်လေးလေးနက်နက်အကြံပြုပါသည်။ထိုတိုင်ပင်ဆွေးနွေးမှုများသည် ဒေသ၏စီးပွားရေးဆိုင်ရာ စီမံချက်ရေးဆွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များပေးခြင်း သို့မဟုတ် တူးဖော်ထုတ်လုပ်ရေးလိုင်စင်များခွင့်ပြုခြင်း၊ မြေနှင့် ပိုင်ဆိုင်ပစ္စည်းများအတွက် လျော်ကြေးပေးချေခြင်း သို့မဟုတ် အခြေခံအဆောက်အအုံများ၏ ဒီဇိုင်းပိုင်းစီမံခန့်ခွဲခြင်းတို့တွင် တစ်စိတ်တစ်ပိုင်းအားဖြင့် လိုအပ်နိုင်ပါသည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် ဆက်ဆံရေးအပေါ်လည်း ပတ်သက်လာနိုင်မည်ဖြစ်သဖြင့်၊ ထိုတိုင်ပင်ဆွေးနွေးမှုများကို ကုမ္ပဏီကသိရှိထားရန် လိုအပ်သည်။ ဥပမာ– အစိုးရဦးဆောင်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၏ အတိုင်းအဆ သို့မဟုတ် အရည်အသွေးသည် မလုံလောက်ပါက နစ်နာချက်၊ မကျေနပ်ချက်များ ပေါ်ပေါက်နိုင်သည်။ သို့မဟုတ် နောက်ပိုင်းတွင် ပုဂ္ဂလိက ကုမ္ပဏီမှ စီမံခန့်ခွဲဖြေရှင်းရန် လိုအပ်မည့် ထိခိုက်နိုင်ခြေအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်။ စီမံကိန်းနှင့်ပတ်သက်၍ လွဲမှားသည့် မျှော်မှန်းချက်များ မြင့်မားလာခြင်း သို့မဟုတ် လွဲမှားသည့် အသိများ ပေါ်ပေါက်လာခြင်းတို့လည်းပါဝင်သည်။ ပိုဆိုးသည်မှာ– လိုင်စင်များ သို့မဟုတ် လုပ်ပိုင်ခွင့်များကို ထုတ်မပေးမီ တိုင်ပင်ဆွေးနွေးမှုပြုလုပ်ခြင်းသည် အစိုးရ၏ ဥပဒေပါ သတ်မှတ်ချက်များဖြစ်ခဲ့လျှင် ၊ ဥပမာ – ထိုတာဝန်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် သင့်ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်များ ရရှိရန်အတွက်ထိ ထိခိုက်စေနိုင်သည်။

သို့ဖြစ်၍ အစိုးရ၏ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်အပေါ် သို့မဟုတ် ဖြေရှင်းမပေးနိုင်သေးသည့် ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သောကိစ္စရပ်များအပေါ် မေးခွန်းများရှိနေသည့်အခါ ထိုစိုးရိမ်ပူပန်မှုများ၏ သဘောသဘာဝကို တတ်နိုင်သမျှကြိုးစားဖော်ထုတ်ရန်နှင့် အခြေအနေကို ကိုင်တွယ်ဖြေရှင်းရန် သင့်ကုမ္ပဏီက အဓိကထားရမည်။

## ✔ ကိုယ်စားလှယ်များ၊ တာဝန်ခံမှုရှိသော NGOများနှင့် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများနှင့် အတူဆောင်ရွက်ပါ

ကြိုတင်ပြင်ဆင်သည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ပတ်သက်ဆက်နွယ်သူများကို ရွေးချယ်သတ်မှတ်ခြင်းနှင့် ချိတ်ဆက်ခြင်းဆောင်ရွက်ရာတွင်စီမံကိန်းကြောင့်တိုက်ရိုက်နစ်နာမှုရှိသောရပ်ရွာလူထုကိုကိုယ်စားပြုသည့် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ကုမ္ပဏီအတွက် အရေးပါ အရာရောက်သော ပတ်သက်ဆက်နွယ်သူများ ဖြစ်နိုင်ပါသည်။ ပတ်သက်ဆက်နွယ်သူများနှင့် ထိရောက်သော ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်ရန် NGOအဖွဲ့အစည်းများတွင်လည်း တန်ဖိုးရှိသော ကျွမ်းကျင်မှုများ ရှိနိုင်ပါသည်။ ဥပမာ – ထိုအဖွဲ့အစည်းများသည် ဒေသန္တရဗဟုသုတ ရရှိနိုင်သောနေရာများ၊ စီမံကိန်းဒီဇိုင်းနှင့် ထိခိုက်မှုလျှော့ချရေးများ၊ (လက်တွေ့ဖြစ်နိုင် မဖြစ်နိုင်) စမ်းသပ်တိုင်ပင်ခံသူများ (Sounding Boards)၊ ထိရှလွယ်သည့်အုပ်စုများနှင့် တိုင်ပင်ဆွေးနွေးနိုင်သောလမ်းကြောင်းများဖြစ်နိုင်ပြီး စီမံကိန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်အမျိုးမျိုးကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းများတွင်လည်း မိတ်ဖက်အဖြစ်လုပ်ဆောင်နိုင်ပါသည်။ သို့သော်လည်း NGO အဖွဲ့အစည်းများကဲ့သို့ ကြားခံအဖွဲ့အစည်းများသည် ၎င်းတို့က အထောက်အပံ့ပြုပေးမည့်၊ ကိုယ်စားပြုပေးမည့် ရပ်ရွာလူထု၏ အကျိုးစီးပွားများအပေါ် အမှန်တကယ် ကိုယ်စားပြုပြီး တာဝန်ယူ တာဝန်ခံမှု ရှိစေရေးအတွက် ဒေသ၏ အာဏာသက်ရောက်မှုပုံစံနှင့် အထူးစိတ်ဝင်စားသည့် အုပ်စုများ ဖြန့်ကျက် တည်ရှိမှုကို ကနဦးစူးစမ်း သုတေသန ပြုလုပ်ရန် အရေးကြီးပါသည်။ သင့်စီမံကိန်းကို NGOများမှ ကန့်ကွက်မှုများရှိလာလျှင် ၎င်းတို့၏ တင်ပြလာသော စိုးရိမ်ပူပန်မှုများ သို့မဟုတ် ဝေဖန်ချက်များကို စေ့စေ့စပ်စပ်... 




“ရပ်ရွာလူထု” အသိုက်အဝန်းတစ်ခုတွင် ဖွဲ့စည်းပါဝင်သည့် အမြင်နှစ်ခု

Source: Rifkin,1980

## ဂွာတီမာလာနိုင်ငံ။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် နိုင်ငံအဆင့်ချိတ်ဆက် ဆောင်ရွက်ခြင်း– အစိုးရ၏ အခန်းကဏ္ဍ

စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်မှုကို ဒေသန္တရအဆင့်ထက် နိုင်ငံ အဆင့်ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ အများပြည်သူနှင့် အချေအတင်ဆွေးနွေးပွဲများကို ကျင်းပရန်နှင့် အဆင်ပြေချောမွေ့အောင်ပံ့ပိုးရန်မှာ – ပုဂ္ဂလိက ကုမ္ပဏီတစ်ခုထက် အစိုးရက ပို သင့်တော်နိုင်ပါသည်။ ဂွာတီမာလာနိုင်ငံ၊ Glamis Gold’s Marlin စီမံကိန်းတွင် အလားတူဖြစ်ရပ်မျိုး ရှိခဲ့ပါသည်။ ဂွာတီမာလာ၏ ပထမဦးဆုံး ရွှေတူးဖော်ရေးလုပ်ငန်းအပေါ် အများပြည်သူ၏တုံ့ပြန်မှုများကြောင့် နိုင်ငံအဆင့်နှင့် ဒေသန္တရစီးပွားရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံထည့်ဝင်မှုများနှင့် သတ္တုတူးဖော်ရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများမှ ထိခိုက်သက်ရောက်မှုများနှင့် ပတ်သက်သည့် နိုင်ငံအဆင့် အချေ အတင် ဆွေးနွေးပွဲတစ်ခု ပေါ်ပေါက်လာခဲ့သည်။

အများပြည်သူ၏ မျှော်လင့်ချက်များကို တုံ့ပြန်စီမံနိုင်ရန်နှင့် အဓိက ပတ်သက်ဆက်နွယ်သူများအကြား ဆွေးနွေးမှုကို အထောက်အကူပြုနိုင်ရန် ဖိုရမ်တစ်ခုပြုလုပ်နိုင်ရေးအတွက် အစိုးရမှ အဆင့်မြင့်ကော်မရှင် တစ်ခုဖွဲ့စည်းခဲ့သည်။ ထိုကော်မရှင်သည် Marlin စီမံကိန်း အကောင်အထည်ဖော်မှုမှ ပေါ်ပေါက်လာသည့် ပဋိပက္ခများ လျော့ပါးစေရန်နှင့် သတ္တုတူးဖော်ရေးဥပဒေပြုပြင်ရေး အဆိုပြုရန် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် NGOအဖွဲ့အစည်းများနှင့် ကက်သလစ်ဘုရားကျောင်းတို့မှတစ်ဆင့် အများပြည်သူ သတိပြုမိလာသည့် ကိစ္စရပ်များကို ကော်မရှင်က နှိုင်းနှိုင်းချိန်ချိန် စဉ်းစားဆောင်ရွက်ပေးရန် ညွှန်ကြားခံရသည်။

ကော်မရှင်အဖွဲ့ဝင်များတွင် အစိုးရ၊ ကက်သလစ်ဘုရားကျောင်းမှ ကိုယ်စားလှယ်များ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ NGO တစ်ခုနှင့် တက္ကသိုလ် ကိုယ်စားလှယ်များ ပါဝင်ခဲ့ပါသည်။ ကော်မရှင်သည် စီမံကိန်းနှင့် အဓိကပတ်သက်ဆက်နွယ်သူများနှင့် အပြန်အလှန်ဆွေးနွေးနိုင်မည့် ဖိုရမ်တစ်ခုကို ကုမ္ပဏီအား ကျင်းပစေခဲ့ပြီး သတ္တုတူးဖော်ရေး အချေအတင် ဆွေးနွေးပွဲများနှင့် ဆက်စပ်ဖြစ်ပေါ်နေသည့် တင်းမာမှုများကို ဖြေလျော့နိုင်ရန် ကူညီခဲ့ပါသည်။ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လတွင် ကော်မရှင်သည် သတ္တုတူးဖော်ရေး ဥပဒေပြုပြင်ပြောင်းလဲရန် လမ်းညွှန်ချက်များပါရှိသည့် အစီရင်ခံစာတစ်ခုကို ပြုစုခဲ့ပါသည်။ ဂွာတီမာလာလွှတ်တော်သည် လက်ရှိတွင် ဥပဒေအသစ်တစ်ခုပြဋ္ဌာန်းနိုင်ရေးအတွက် ထို အစီရင်ခံစာကိုအခြေပြု၍ အချေအတင်ဆွေးနွေးလျက်ရှိပါသည်။

# ဒေသခံလုပ်သား အင်အားစုထံမှ သဘောထားအမြင်များသည် ဖြစ်ပေါ်လာနေဆဲ ပြဿနာများနှင့် ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများကို စိစစ်ဖော်ထုတ်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်နိုင်သည်။

## ✔ ဝန်ထမ်းများကို ဆက်သွယ်ရေးလမ်းကြောင်းကောင်းတစ်ခုအဖြစ် မှတ်ယူပါ

ဒေသခံလူထုအား ကုမ္ပဏီ၏ ဂိတ်တံခါး အပြင်ဘက်ကလူများ (Outside the Company Gates) ဟု ရှုမြင်လေ့ရှိကြသည်။ အမှန်မှာ– သင့်လုပ်ငန်း၏ လုပ်သားအင်အားအတွင်းတွင် ထိုဒေသခံလူအုပ်စု သို့မဟုတ် ဒေသခံများအကြား နေထိုင်သူများက တစိတ်တဒေသ ပါဝင်နေမည်ဖြစ်သည်။ ဝန်ထမ်းများသည် စီမံကိန်းနှင့် ကုမ္ပဏီသတင်းများကို ပြင်ပလောကသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ဆက်သွယ်ပေးပို့နိုင်ကြပြီး၊ သဘောထားအမြင်များဖြစ်ပေါ်စေရန်နှင့် သတင်းအချက်အလက်များဖြန့်ဝေပေးရန် အထောက်အကူပြုသည်။ ထိုအခြေအနေသည် ဒေသခံလူထုထံသို့ အိမ်တိုင်ရာရောက် သတင်းဖြန့်ဝေနိုင်သည့်နည်းလမ်းအဖြစ် ရှိရင်းစွဲဆက်သွယ်ရေးလမ်းကြောင်းကို ကုမ္ပဏီက အရှိန်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပေါ်စေပါသည်။ ဒေသခံလုပ်သားအင်အားစုထံမှ သဘောထားအမြင်များသည် ဖြစ်ပေါ်လာနေဆဲ ပြဿနာများနှင့် ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများကို စိစစ်ဖော်ထုတ်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်နိုင်သည်။ အထက်ပါအတိုင်း လိုက်နာလုပ်ဆောင်သည့် ကုမ္ပဏီများသည် ၎င်းတို့၏ ဝန်ထမ်းများထံသို့ သတင်းအချက်အလက်များ ပေးပို့အကြောင်းကြားရန်၊ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မည့် ကုမ္ပဏီ၏ နည်းဗျူဟာတွင် ဝန်ထမ်းများ ပါဝင်ဆောင်ရွက်စေရန်နှင့် ဒေသခံလူထုနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ဝန်ထမ်းများကို ရှေ့တန်းသံတမန်များအဖြစ် ထည့်သွင်းအသုံးပြုနိုင်ရန် ကြိုးပမ်းကြသည်။

# သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်း

## ဤအပိုင်းတွင် ဘာတွေပါသလဲ


28 ပွင့်လင်းမြင်သာမှု ရှိပါ

28 အလေ့အကျင့်ကောင်း အခြေခံမှုများကိုအသုံးပြုပါ

30 ထိခိုက်နိုင်မှုအန္တရာယ်နှင့် အကျိုးကျေးဇူးကို နှိုင်းယှဉ်ပါ

31 ထိခိုက်ရှလွယ်ပြီး အငြင်းပွားဖွယ်ဖြစ်သည့် ကိစ္စရပ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စီမံခန့်ခွဲပါ



အုပ်စုတစ်ခု သို့မဟုတ် အုပ်စုခွဲတစ်ခုရှိ စီမံကိန်းနှင့်
ပတ်သက်ဆက်နွယ်သူများအားလုံးသည် တူညီသည့်
စိုးရိမ်ပူပန်မှုများ သို့မဟုတ် အားလုံးစုပေါင်း
သဘောတူထားသည့် ထင်မြင်ချက်များ သို့မဟုတ်
ဦးစားပေးမှုများကို ဖော်ပြလိမ့်မည်မဟုတ်ပါ။



# သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်း

သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်း ဆိုသည်မှာ သတင်းအချက်အလက်များကို စိတ်ဝင်စားသူများနှင့် စီမံကိန်းကြောင့်ထိခိုက်နစ်နာမည့်သူများ လက်လှမ်းမီနိုင်ရန် ပြုလုပ်ခြင်းအပေါ် တရားဝင်သုံးနှုန်းနေကျ ဝေါဟာရတစ်ခုဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ နားလည်နိုင်သည့်ပုံစံဖြင့် သတင်းစကားပါးခြင်းသည် ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းစဉ်၏ အရေးပါသည့် ပထမဆုံး (နှင့် ဆက်လက်ဆောင်ရွက်နေသည့်) အဆင့်ဖြစ်ပါသည်။ တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ထုတ်ပြန်ပေး၍ ပါဝင်ဆောင်ရွက်စေခြင်းမှစကာ ညှိနှိုင်းခြင်းနှင့်နစ်နာချက်များကိုဖြေရှင်းဆောင်ရွက်ခြင်းလုပ်ငန်းများအထိ ထိခိုက်နစ်နာနိုင်သည့် ဒေသခံလူထုအပါအဝင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအနေနှင့် စီမံကိန်းအကြောင်း၊ စီမံကိန်းကြောင့် ထိခိုက်သက်ရောက်နိုင်မှုများနှင့် ၎င်းတို့အပေါ် ကျရောက်နိုင်သည့် အခြားအရာများနှင့် ပတ်သက်သည့် တိကျသော သတင်းအချက်အလက်များ အချိန်နှင့် တပြေးညီရရှိပါက ပိုမိုကောင်းမွန်မည်ဖြစ်သည်။

## ✔ ပွင့်လင်းမြင်သာမှု ရှိပါ

အလေ့အကျင့်ကောင်းများတွင်သင့်စီမံကိန်းအပေါ်ပိုမိုနားလည်သဘောပေါက်လာစေရန်ဆောင်ရွက်ခြင်းနှင့် အများပြည်သူယုံကြည်မှု ဖြစ်ပေါ်လာစေမည့် နည်းလမ်းများဖြင့် ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ယူ တာဝန်ခံမှုကို မြှင့်တင်နိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းအဆင့်များ ပါဝင်သည်။ ထုတ်ပြန်အသိပေးမှုကို ဦးစားပေးကျင့်သုံးခြင်းသည် သတင်းအချက်အလက်များကို လိုအပ်သလို ထုတ်ပြန်အသိပေးရန် လိုလားနေခြင်းဖြစ်သည်။အထူးသဖြင့်သတင်းအချက်အလက်မျှဝေခြင်းမပြုလုပ်နိုင်သည့်လက်ခံနိုင်ဖွယ်အကြောင်းရင်း မရှိသည့်အခါမျိုးတွင် သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ လိုလိုလားလားရှိနေခြင်းကို ဆိုလိုသည်။ သတင်းအချက်အလက် မရှိခြင်းကြောင့် စီမံကိန်းနှင့် ပတ်သက်သည့် သတင်းအမှားများ ပျံ့နှံ့နိုင်သည်ကို သတိပြုပါ။ သတင်းအမှားများ ပျံ့သွားလျှင် ကုမ္ပဏီ၏ ဂုဏ်သိက္ခာထိခိုက်၍ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား သတင်းအချက်အလက်ပေး၍ ဆွေးနွေးမှုများပြုလုပ်နိုင်ရေး ချိတ်ဆက်ကြိုးပမ်းမှုများ အားနည်း ထိခိုက်နိုင်သည်။ ဤနေရာတွင် ထင်မြင်ယူဆချက်အပိုင်း အရေးကြီးလာပါသည်။ ကုမ္ပဏီများ နှုတ်ပိတ်နေသည် သို့မဟုတ် လျှို့ဝှက်သည်ဟု အထင်အမြင်ခံရလျှင် ဝန်ဆောင်မှုရယူနေသူများနှင့် အများပြည်သူများ၏ ယုံကြည်စိတ်ချမှုကို ထိခိုက်နိုင်သည်။ တစ်ခါတစ်ရံတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများသည် ပွင့်လင်းမှုနှင့်ပွင့်လင်းမြင်သာရှိမှုသဘောတရားအပေါ်သတိပြုကြမိသလောက်ထုတ်ပြန်အသိပေးထားသည့် သတင်းအချက်အလက်တွင် ပါဝင်သည့်အကြောင်းအရာ အစစ်အမှန်များအပေါ် ဂရုပြုမှု လျော့နည်းနေတတ်သည်။

## ☐ ☐ သတင်းအချက်အလက်များကြိုတင်သိရှိပြီး ပါဝင်ဆောင်ရွက်စေရန် လိုအပ်သည့် သတင်းအချက်အလက်များကို ကြိုတင်ပေးပါ။

## ✔ အလေ့အကျင့်ကောင်း အခြေခံမှုများကို အသုံးပြုပါ

- **ဆောလျင်စွာ ထုတ်ပြန်အသိပေးပါ** – ဦးတည်ထားသည့် ပတ်သက်ဆက်နွှယ်သူများထံသို့ သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဆုံးဖြတ်ချက်မချမီ ကြိုတင်ပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ဆောလျင်စွာ ထုတ်ပြန်အသိပေးပါ။ အနည်းဆုံးအနေဖြင့် တိုင်ပင်ဆွေးနွေးမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု ရရှိသော အချက်များအပေါ် အခြေခံ၍ စီမံကိန်း၏ မည်သည့်အပိုင်းသည် ပုံသေဖြစ်သည်၊ မည်သည့်အပိုင်းကို ပြောင်းလဲနိုင်သည် သို့မဟုတ် ပိုမိုကောင်းမွန်အောင်လုပ်နိုင်သည် ဆိုသည့်အကြောင်း ရှင်းရှင်းလင်းလင်း ရှိပါစေ။ နောင်ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းအဆင့်များအကြောင်းကိုလည်း ရှင်းပြပါ။

- **ဓမ္မဓိဋ္ဌာန်ကျသော သတင်းအချက်လက်များကို တတ်နိုင်သမျှ ထုတ်ပြန်အသိပေးပါ** – စီမံကိန်းနှင့် ပတ်သက်၍ ပွင့်လင်းပါ။ အချုပ်အားဖြင့် "အမှန်အတိုင်းပြောပါ"။ အလုပ်အကိုင်အခွင့်အလမ်းများကဲ့သို့ သတင်းကောင်းများကို ချဲ့ကားပြောဆိုခြင်း သို့မဟုတ် တည်ဆောက်ရေးကာလအတွင်း ခန့်မှန်းထားသော အသံဆူညံမှု နှင့် ယာဉ်အသွားအလာ အနှောင့်အယှက်များကဲ့သို့ မလိုလားအပ်သည့်အကြောင်း အရာများအပေါ် လျှော့ပေါ့ပြောဆိုခြင်းကို ရှောင်ကြဉ်ပါ။ လက်တွေ့ကိန်းဂဏန်းများရရှိပါက ထိုကိန်းဂဏန်းများသည် ခန့်မှန်းခြေဖြစ်သော်ငြားလည်း ထုတ်ပေးပါ။ ဥပမာ–"အလုပ်အကိုင်တွေ အများကြီး ရှိလာလိမ့်မယ်" ဟုပြောမည့် အစား *"လောလောဆယ်တွင် ကျွမ်းကျင်မှုမလိုအပ်သည့် ယာယီအလုပ်ကိုင်*

*အသစ် ၂၀၀ ခန့်နှင့် ကျွမ်းကျင်မှု အသင့်အတင့်လိုအပ်သည့် အမြဲတမ်း အလုပ်အကိုင်သစ် ၂၀ ခန့် လိုအပ်သည်ဟု ကျွန်တော်တို့ခန့်မှန်းထားပါတယ်"* ဟု ပြောဆိုခြင်းက ရေရှည်တွင် ပို၍စိတ်ချရပါသည်။

- **တိုင်ပင်ဆွေးနွေးမှုကို အထောက်အကူဖြစ်စေရန် ထုတ်ပြန်အသိပေးမည့်ပုံစံ ကိုချမှတ်ပါ** – ဖြစ်နိုင်လျှင် စီမံကိန်းအကြောင်းနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များ ထုတ်ပြန်အသိပေးမှုကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးမှု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် သဘောထားကာ ဆောင်ရွက်ပါ။ သတင်းအချက်အလက် ကြိုတင်သိရှိသည့် အနေအထားဖြင့် ကိုယ်တိုင်ပါဝင်ဆွေးနွေးသည့်ပုံစံ ဖြစ်စေရန် လိုအပ်သည့် သတင်းအချက်အလက်များ ထုတ်ပြန်ပေးထားပါ။ အဓိကအားဖြင့် စီမံကိန်း၏ ကောင်းကျိုးဆိုးကျိုးများ (သို့မဟုတ် စီမံကိန်းလည်ပတ်ဆောင်ရွက်မှုတွင်ပြောင်းလဲမှုများနှင့်၎င်းတို့၏သက်ရောက်မှုများ)အကြောင်းသတင်းအချက်အလက်များ ထုတ်ပြန်ပေးထားသည့်အချိန်နှင့် စတင်တိုင်ပင်ဆွေးနွေးမှုအကြားတွင် လုံလောက်သည့်အချိန်ပေးပါ။ လူထုသည် ပြဿနာများနှင့်ပတ်သက်ပြီး စဉ်းစားနိုင်ရန်၊ အကောင်းအဆိုးတို့ကို နှိုင်းချိန်ကာ ရွေးချယ်နိုင်ရန်အတွက် အချိန်လိုအပ်ပါသည်။ စီမံကိန်းတစ်ခု၏ သတင်းအချက်အလက်များကို ပထဦးဆုံးအကြိမ်ကြားသိရ သို့မဟုတ် မြင်ရသည့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများသည် ၎င်းတို့လိုလားသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် ချက်ချင်းအဆင်သင့်ဖြစ်လိမ့်မည်ဟု မမျှော်လင့်ပါနှင့်။

- **ဦးတည်ထားသည့်အုပ်စုများ နားလည်လွယ်သော၊ အံဝင်ခွင်ကျဖြစ်သော ဘာသာစကား၊ ပုံစံတို့ဖြင့် အဓိပ္ပာယ်ရှိသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးပါ** – သတင်းအချက်အလက်များပေးလိုက်သည့် ရည်ရွယ်ချက်သည် ၎င်းတို့၏ ဘဝများကို ထိခိုက်သက်ရောက်နိုင်သည့် ပြောင်းလဲမှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်ရရှိမှု အပေါ်အခြေခံပြီး ဆုံးဖြတ်မှုများ ပြုလုပ်နိုင်စေရန် ဖြစ်သင့်သည်။ လူအမျိုးမျိုး၏ လိုအပ်ချက်နှင့် ကိုက်ညီရန် သတင်းအချက်အလက်များကို ပုံစံအမျိုးမျိုးဖြင့် လိုအပ်သည်။ သတင်းအချက်အလက်များကို မည်သည့်ပုံစံဖြင့် မည်ကဲ့သို့ တင်ပြရှင်းလင်းရမည်ကို ဆုံးဖြတ်ရာတွင် စဉ်းစားရမည့်အချက်များမှာ နည်းပညာဆိုင်ရာ အသေးစိတ် ပါဝင်မှုအဆင့်၊ ဒေသဘာသာစကားနှင့် လေယူလေသိမ်း၊ ယဉ်ကျေးမှုဆိုင်ရာထိရှလွယ်မှု၊ အမျိုးသမီးနှင့် အမျိုးသား၏အခန်းကဏ္ဍ၊ ဒေသခံလူထုနှင့် တိုင်းရင်းသားမျိုးနွယ်စု ပါဝင်မှုအချိုးအစား၊ စာတတ်မြောက်မှုအဆင့်၊ ဒေသတွင် ခေါင်းဆောင်မှုအဆင့်ဆင့်ပုံစံနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူအုပ်စုများအကြား သတင်းအချက်အလက်ဖြန့်ဖြူးရန်ဒေသမှ သုံးလေ့ရှိသောနည်းလမ်းများ စသည်တို့ဖြစ်ကြသည်။

- **ဦးတည်ထားသည့် သတင်းအချက်အလက် လက်ခံမည့်သူက သတင်းအချက်အလက်ကို မည်မျှအလွယ်တကူ ရရှိသည်၊ မည်ကဲ့သို့ အလွယ်တကူ နားလည်နိုင်မည်ကို စဉ်းစား၍ သတင်းအချက်အလက် လက်လှမ်းမီနိုင်အောင် ဆောင်ရွက်ပါ** – ဥပမာ– ဥပဒေအရ အများပြည်သူနှင့် လွတ်လပ်စွာ ဝင်ထွက်နိုင်မည့်နေရာများ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရရုံးများ၊ ဒေသစီမံကိန်းရေးဆွဲရေး အာဏာပိုင်ရုံး စသည်)တွင် သတင်းအချက်အလက် ထုတ်ပြန်အသိပေးခြင်းသည် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။သို့ရာတွင် ထိုနည်းလမ်းဖြင့် သတင်းအပြည့်အစုံပေးနိုင်မည်မဟုတ်ပဲ အရေးကြီးသောအချက်အလက်များကိုသာ ပတ်သက်ဆက်နွယ်သူများထံသို့ ပေးပို့နိုင်ပါသည်။ အထူးသဖြင့် စီမံကိန်းကြောင့် ထိခိုက်နစ်နာသည့် ဒေသခံအုပ်စုအတွက် သတင်းထုတ်ပြန်ရာတွင် အများပြည်သူပါဝင်သည့် အစည်းအဝေးများမှလည်းကောင်း၊ သီးသန့်အုပ်စုငယ်များတွေ့ဆုံပွဲများမှ လည်းကောင်း၊ (ကျေးရွာကောင်စီ သို့မဟုတ် ဘုရားကျောင်း သို့မဟုတ် ဓလေ့ထုံးစံအရခေါင်းဆောင်များ) ကဲ့သို့သော တစ်ဦး

ချင်း လမ်းကြောင်းများနှင့် ကြားခံအဖွဲ့အစည်းများမှတဆင့် လည်းကောင်း၊ အဓိက အရေးကြီးသည့် အနှစ်ချုပ် အချက်အလက်များကို ဒေသသုံးဘာသာစကားဖြင့် ဖြန့်ဝေအသိပေးသည့်ပုံစံဖြင့်လည်း ကောင်း သတင်းအချက်အလက်ကို ထုတ်ပြန်ပေးခြင်းသည် အပြုသဘောဆောင်ကာ ပိုမိုထိရောက်၍ အကျိုးရှိနိုင်ပါသည်။ ဥပမာအားဖြင့် သတင်းထုတ်ဝေရေးနှင့် အသံလွှင့်မီဒီယာများ၊ လမ်းဘေးကြော်ငြာ များ သို့မဟုတ် တိုက်ရိုက်စာပို့ခြင်းများမှတဆင့် ပေးပို့ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် တိုင်ပင် ဆွေးနွေးမှု လုပ်ငန်းစဉ်အတွက် အကြံပေးရန် ပတ်သက်ဆက်နွယ်သူများအား တောင်းဆိုမေးမြန်းခြင်း သည် စိတ်ကူးကောင်းတစ်ခု ဖြစ်ပါသည်။ မည်သည့်သတင်းအချက်အလက်အမျိုးအစားကို မည်သည့် ပုံစံဖြင့် လိုအပ်သည်၊ မည်သည့်အချိန်အခါတွင် မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်မှုကို လိုလားသည် စသည်တို့ကို ပြောပြရန် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများက အဆင်သင့် ဖြစ်နေတတ်သည်။

## ✔ ထိခိုက်ဆုံးရှုံးနိုင်မှုအန္တရာယ်များနှင့် အကျိုးကျေးဇူးများကို နှိုင်းယှဉ်ပါ

စီမံကိန်း ကာလတစ်လျှောက်အတွင်း ထိရှလွယ်သည့်အဆင့်များ၌ အချို့သတင်းအချက်အလက်များကို ထုတ်ပြန်အသိပေးရာမှ ထိခိုက်ဆုံးရှုံးနိုင်ခြေများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများလည်း ရှိနိုင်မည်။ ဥပမာအားဖြင့် စီမံကိန်းအကောင်အထည်ဖော်မှု အစောပိုင်းလုပ်ငန်းအဆင့်များတွင် ပြိုင်ဘက်များအား သင်ကမည်သည့်အရာလုပ်မည် ဆိုသည့်အကြောင်း ဗုက်ဖဲထုတ်ပြလိုက်ခြင်းသည် စီးပွားရေးလုပ်ငန်းအတွက် ဆိုးရွားစွာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ ဖြစ်ပေါ်နိုင်သည်ဆိုသည်ကို သဘောပေါက်နားလည်နိုင်ပါသည်။ မည်သည့် အကြောင်းအရာများကို မည်သည့်အချိန်တွင် ထုတ်ဖော်ကြေငြာမည် ဆိုသည်ကို ဆုံးဖြတ်ရာတွင် ထိုအချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်း မပြုသင့်သည့် အခြားအကြောင်းရင်းများတွင် စီးပွားရေးအရ လျှို့ဝှက်ထားရှိရမည့်ကိစ္စရပ်များနှင့် ပိုင်ဆိုင်မှု သတင်းအချက်အလက်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်အလက်များ၊ တစ်ဦးချင်းစီ၏ လုံခြုံမှု အတိုင်းအတာ၊ စီမံကိန်းအစောဆုံးကာလတွင် သတင်းအချက် အလက်များ ဖြန့်ဝေမှုကြောင့် မလိုလားအပ်သော မျှော်လင့်ချက် မြင့်မားမှုများ၊ စိတ်ကူးဖြင့် တွက်ချက်မှုများ သို့မဟုတ် မလိုလားအပ်သည့် စိုးရိမ်ကြောက်ရွံ့မှုများ ဖြစ်စေသော အခြေအနေများ ပါဝင်သည်။ သို့သော်လည်း သတင်းအချက်အလက် မထုတ်ပြန်ခြင်းကို အကျိုးစီးပွား ကာကွယ်နိုင်ရန်အတွက် စီမံကိန်းနှင့်ပတ်သက် ဆက်နွယ်သူများအား သတင်းအချက်အလက်ပေးရန်လိုအပ်မှုနှင့် ချိန်ဆရန် လိုအပ်သည်။ ယေဘုယျ အတွေ့ အကြုံများအရ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုကို ကတိကဝတ်ထားလုပ်ဆောင်သည့် ကုမ္ပဏီ များသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများမှ ရေရှည်အကျိုးအမြတ်များ တိုးပွားလာသည်ကို တွေ့ရသည်။

# ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ တာဝန်ခံမှုကို ကတိကဝတ်ထား လုပ်ဆောင်သည့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများမှ ရေရှည်အကျိုးအမြတ်များ တိုးပွားလာကြောင်း အတွေ့အကြုံများက ဖော်ပြသည်။

## ✔ ထိရှလွယ်ပြီး အငြင်းပွားဖွယ်ရာဖြစ်သော ကိစ္စရပ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စီမံခန့်ခွဲပါ

ဥပမာ- မြေယာသိမ်းဆည်း ရယူခြင်းနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကဲ့သို့ အထူးထိရှလွယ်သည့် ပတ်သက်ဆက်နွယ်သူများဆိုင်ရာကိစ္စများ ရှိတတ်ပါသည်။ ထိုထိရှလွယ်သည့် ကိစ္စရပ်များနှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ဆက်သွယ်ပေးပို့မှုနှင့် စီမံခန့်ခွဲမှု ထိထိရောက်ရောက် မပြုလုပ်ခဲ့လျှင် စီမံကိန်းကုမ္ပဏီအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုထိရှလွယ်သည့် ကိစ္စရပ်များအပေါ် နှစ်ဦးနှစ်ဖက်တိုင်ပင် ဆွေးနွေးသည်နှင့် နှင့်တစ်ပြိုင်နက် သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်းသည် ပို၍ကောင်းမွန်ပါသည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် ထိခိုက်နစ်နာဆုံးရှုံးရသည့် သူများ၏ တုံ့ပြန်ချက်များနှင့် သတင်းအမှားများကို အချက်အလက်အမှန်များနှင့် ချက်ချင်းတိုက်ဆိုင်ကာ ပြန်လည်ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ အငြင်းပွားဖွယ်ရာကိစ္စရပ်များနှင့်ပတ်သက်၍ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးရန်အတွက် သတင်းအချက်အလက်များကို ပြင်ဆင်ရာတွင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အကူအညီ ဖြစ်စေနိုင်ပါသည်။

- မတူညီသော ထိခိုက်ခံရသူ ပတ်သက်ဆက်နွယ်သူအမျိုးမျိုးနှင့် ကိုက်ညီအောင် သတင်းအချက်အလက်များကို ပြင်ဆင်ပါ။
- "အဓိကအချက်အလက်များ" ကို တင်ပြပြီး ဖြစ်နိုင်သမျှ ပွင့်လင်းမြင်သာရှိအောင် ဆောင်ရွက်ပါ။
- မသေချာမရေရာ မှုများကို ရှင်းပြပါ။ ထိုမသေချာမှုများ၏ အတိုင်းအဆကိုလည်း ရှင်းပြပါ။ (ဆိုလိုသည်မှာ "အဆိုးဆုံး"၊ "အကောင်းဆုံး"နှင့် "အဖြစ်နိုင်ဆုံး"ပုံစံများ)
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများထံမှ မည်သည့်အချက်အလက်များလိုအပ်သည် ဆိုသည့် အကြောင်းနှင့် အချက်အလက်များကို ဆုံးဖြတ်ချက် ချမှတ်သည့်လုပ်ငန်းစဉ်အတွင်း မည်သို့အသုံးပြုမည်ကို ရှင်းပြပါ။
- စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများက မည်သည်တို့ကို လုပ်ဆောင်နိုင်သည်နှင့် စီမံကိန်းနှင့် ပတ်သက်သည့်သတင်း ပိုမိုသိနိုင်ရန် မည်သူထံ ဆက်သွယ်နိုင်သည်ကို ရှင်းပြပါ။

## SASOL ၊ မိုဇမ်ဘစ်နိုင်ငံ။ နောက်ခံသတင်း အချက်အလက် စာရွက်စာတမ်းကို ထုတ်ပြန်အသိပေးခြင်း

Sasol ကမ်းလွန်ရေနံ၊ သဘာဝဓာတ်ငွေ့ စူးစမ်းလေ့လာခြင်းဆိုင်ရာ EIA လုပ်ငန်းစဉ်၏ ကနဦး အဆင့်တွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ ပါဝင်လာစေရန် နောက်ခံ သတင်းအချက်အလက် စာရွက်စာတမ်း (Background Information Document) ကို ကုမ္ပဏီက ပြုစုခဲ့သည်။ ထိုစာရွက်စာတမ်းကို လုပ်ငန်းစဉ်၏ ကနဦးအဆင့်တွင် ရွေးချယ်ထားသည့် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအားလုံးထံသို့ အီးမေးလ်၊ စာတိုက်တို့မှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခဲ့သည်။ EIA လုပ်ငန်းစဉ်တွက် Sasol ကုမ္ပဏီ ဝက်ဘ်ဆိုဒ်တွင် ထိုစာရွက်စာတမ်းများကို တင်ထားသည်။ ရည်ရွယ်ချက်မှာ Sasol မှ ဆောင်ရွက်မည့်လုပ်ငန်းများကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများသို့ အသိပေးရန်၊ ကနဦးစူးစမ်းလေ့လာရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပေးရန်၊ EIA လုပ်ငန်းစဉ်ကို ရှင်းလင်းရန်နှင့် ထို EIA လုပ်ငန်းစဉ်တွင် ပတ်သက်ဆက်နွယ်သူများက ဝေဖန်အကြံပြုရေးနှင့် ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်နိုင်ရန်ဖြစ်သည်။ ထိုနောက်ခံအချက်အလက်များသည် သက်ဆိုင်ရာဥပဒေများကို ရည်ညွှန်းထားပြီး စီမံကိန်းအဓိကလုပ်ငန်းများနှင့် ပတ်သက်ပြီး ယေဘုယျတင်ပြထားသလို စီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အဓိက ဆိုးကျိုးပြဿနာများကိုလည်း မီးမောင်း ထိုးပြထားပါသည်။ ထိုအဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းအပေါ် ဒေသခံများက ပိုမိုနားလည်နိုင်စေရန် ထိုနောက်ခံသတင်းအချက်အလက်စာရွက်ကို လက်ကမ်းစာစောင်ပုံစံဖြင့် ထုတ်ဝေခဲ့သည်။ ထိုသို့ထုတ်ဝေရာတွင် ပညာရပ်ပိုင်းမဆန်သည့် ဘာသာစကား၊ ရောင်စုံမြေပုံများနှင့် ကိန်းဂဏန်းများ အသုံးပြု၍ လုပ်ငန်းစဉ်ကို ရှင်းလင်းဖော်ပြခဲ့သည်။ ထိုလက်ကမ်းစာစောင်ကို ပေါ်တူဂီဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် ပြုစုခဲ့ပြီး ကုမ္ပဏီ၏ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးသည့်အစီအစဉ်အတွက် အထောက်အကူဖြစ်စေရန် အသုံးပြုခဲ့သည်။

# ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း

## ဤအပိုင်းတွင် ဘာတွေပါသလဲ


34 ထပ်ပြန်တလဲ တိုင်ပင်ဆွေးနွေးမှုအဆင့် ၅ ဆင့်

44 သတင်းအချက်အလက်များသိရှိပြီးနောက် ပါဝင်ဆောင်ရွက်ခြင်း

47 ဒေသခံတိုင်းရင်းသားများနှင့် တိုင်ပင်ဆွေးနွေးခြင်း

56 တိုင်ပင်ဆွေးနွေးရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်းများ



စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် စင်စစ်အားဖြင့် အပြုသဘောဆောင်သည့် ပြင်ပဆက်ဆံရေးများကို စတင်ခြင်းနှင့် စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။



# ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း

ပြီးခဲ့သည့်အခန်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း သတင်းအချက်အလက်များကို ထုတ်ပြန်အသိပေးခြင်းသည် တိုင်ပင်ဆွေးနွေးမှုအတွက် အထောက်အကူဖြစ်သင့်သည်။ တိုင်ပင်ဆွေးနွေးမှုသည် စီမံကိန်းကုမ္ပဏီနှင့် ၎င်း၏ ပတ်သက်ဆက်နွယ်သူများအကြား နှစ်ဖက်အပြန်အလှန်ပြောဆိုဆက်ဆံသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် စင်စစ်အားဖြင့် အပြုသဘောဆောင်သည့် ပြင်ပဆက်ဆံရေးများကို စတင်ခြင်းနှင့် စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်းပင် ဖြစ်သည်။ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်ကို စောစီးစွာစတင်ပြီး ရေရှည်အတွက် ဗျူဟာကျသည့်အမြင်ဖြင့် လုပ်ဆောင်သည့် ကုမ္ပဏီများသည် အမှန်အားဖြင့် စီမံကိန်းလည်ပတ်ဆောင်ရွက်ရန် အများပြည်သူ၏ သဘောတူခွင့်ပြုချက်များ (Social License) ရရှိရေးဆောင်ရွက်နေခြင်းဖြစ်သည်။

ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်သက်ရောက်မှုများရှိသည့် စီမံကိန်းများအနေဖြင့် တိုင်ပင်ဆွေးနွေးမှုသည် တစ်ကြိမ်တည်း မဟုတ်ပဲ စီမံကိန်းကြောင့် ထိခိုက်နိုင်ခြေရှိသူ သို့မဟုတ် စိတ်ဝင်စားသူများအကြား စီမံကိန်းအကြောင်း နားလည်နိုင်စေရန်နှင့် ပြင်ပအဖွဲ့အစည်းများမှ စီမံကိန်းနှင့် တစ်ဆက်တည်းပါလာသော ထိခိုက်ဆုံးရှုံးနိုင်ခြေများ၊ သက်ရောက်မှုများ၊ အခွင့်အလမ်းများနှင့် ထိခိုက်မှုလျော့ချနည်းများကို မည်ကဲ့သို့ ရှုမြင်သည်ကို လေ့လာနိုင်မည့် အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးခြင်းဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ စိုးရိမ်ပူပန်မှုများနှင့် တုံ့ပြန်ချက်များကို နားထောင်ခြင်းသည် စီမံကိန်းဒီဇိုင်းပုံစံနှင့် ရလဒ်များကို ပိုမိုကောင်းမွန်စေနိုင်သည့် တန်ဖိုးရှိသော သတင်းအချက်အလက်ရင်းမြစ်တစ်ခု ဖြစ်နိုင်သည်။ ထို့အပြင် ပြင်ပမှ ထိခိုက်နိုင်ခြေအန္တရာယ်များကိုလည်း ကုမ္ပဏီမှ ရှာဖွေဖော်ထုတ်ရန်နှင့် ထိန်းချုပ်နိုင်ရန် အတွက် အထောက်အပံ့ဖြစ်နိုင်ပါသည်။ အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်တည် ဆောက်ခြင်းအတွက်လည်း အခြေခံဖြစ်နိုင်သည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအတွက် ကုမ္ပဏီ၏ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်တစ်ခုသည် သတင်းအချက်အလက်ရရှိရန်အတွက် အခွင့်အလမ်းတစ်ခု ဖြစ်သည့်အပြင် စီမံကိန်းဆောင်ရွက်မည့်ဒေသ၏ ဆက်စပ်အကြောင်းအရာများကို ကုမ္ပဏီဝန်ထမ်းများအား သင်ကြားပေးရန်၊ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများကြုံတွေ့ရသည့် ကိစ္စပြဿနာရပ်များနှင့် စိုးရိမ်ပူပန်မှုများကို ဖော်ပြရန်၊ မေးခွန်းများမေးရန်နှင့် ကုမ္ပဏီက စဉ်းစားရမည့်၊ တုံ့ပြန်ရမည့်ကိစ္စများအတွက် အကြံပြုပေးခြင်းအားဖြင့် စီမံကိန်းအား ပုံဖော်နိုင်မည့် အခွင့်အရေးလည်းဖြစ်သည်။

# ထပ်ပြန်တလဲ တိုင်ပင်ဆွေးနွေးမှု အဆင့် ၅ ဆင့်

တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ထပ်ပြန်တလဲ ပြုလုပ်ရန် မရှိမဖြစ် လိုအပ်ပါသည်။ တိုင်ပင်ဆွေးနွေးမှုကို စီမံကိန်း၏ မည်သည့်အဆင့်တွင် ဆောင်ရွက်နေသည်ဖြစ်စေ ယင်းလုပ်ငန်းစဉ်ရှိ အခြေခံအဆင့်များမှာ အတူတူပင်ဖြစ်ပြီး စီမံကိန်း၏ သက်တမ်းတလျှောက် ကာလအတွင်း လိုအပ်သလို ထပ်တလဲလဲ ဆောင်ရွက်နိုင်သည်။

## ၁။ ကြိုတင်စီစဉ်ပါ

ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးသည့်လုပ်ငန်းစဉ် စတင်ခြင်းမပြုမီ မည်သည့်ခေါင်းစဉ်ကို မည်သည့်ရည်ရွယ်ချက်ဖြင့် ဆွေးနွေးမည်၊ မည်သူတို့ကို ဆွေးနွေးမည်ဆိုသည့်အကြောင်း ကြိုတင်စဉ်းစား ထားလျှင် အသုံးဝင်ပါသည်။ အထက်ပါ မေးခွန်းများအတွက် ရှင်းလင်းသည့်အဖြေ ကြိုတင်ရရှိထား လျှင် အချိန်ကုန် သက်သာနိုင်ပြီး ကုန်ကျစရိတ်လည်း သက်သာနိုင်သည်။ မျှော်မှန်းချက်၊ မျှော်လင့်ချက် များကိုလည်း ထိန်းထိန်းသိမ်းသိမ်း ဖြစ်စေရန် အထောက်အပံ့ဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူ အုပ်စုအမျိုးမျိုးနှင့် ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စအမျိုးမျိုး ရှိနေသည့် စီမံကိန်းများအတွက် တရားဝင် ချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ်တစ်ခုကို ကြိုတင်ပြင်ဆင်ရန် အကြံပြုပါသည်။ (ထိုအစီအစဉ်တစ်ခုတွင် ပါဝင်သည့် နမူနာ အကြောင်းအရာများကို နောက်ဆက်တွဲ ( ၃ ) တွင် ကြည့်ပါ။)

## လေးထောင့်ကွက် ၂။ အများပြည်သူလက်တွေ့ပါဝင်ဆောင်ရွက်ခြင်း၏ အဓိကတန်ဖိုးများ

အဖွဲ့အစည်းအမျိုးမျိုးသည် တစ်ခါတစ်ရံတွင် တိုင်ပင်ဆွေးနွေးခြင်း (Consultation)၊ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း (Public Consultation) သို့မဟုတ် အများပြည်သူ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း (Public Participation) ဟု ဝေါဟာရအမျိုးမျိုးကို အသုံးပြုကြပါသည်။ ဝေါဟာရအမျိုးမျိုးကို အသုံးပြုကြသော်လည်း သဘောတရားများနှင့် အခြေခံမှုများမှာ ဆင်တူပါသည်။ အများပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်သည့် နိုင်ငံတကာအဖွဲ့အစည်း၏ အဓိကတန်ဖိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁။ အများပြည်သူသည် ၎င်းတို့၏ ဘဝများကို ထိခိုက်နိုင်သည့် လုပ်ငန်းများ(Activities)နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များတွင် ပါဝင်အကြံပြုပြောဆိုခွင့်ရှိသင့်သည်။

၂။ အများပြည်သူပါဝင်ဆောင်ရွက်မှုတွင် အများပြည်သူ၏ အကြံပြုချက်များသည် ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးသက်ရောက်မှု ရှိလိမ့်မည်ဟူသည့် ကတိပါရှိသည်။ အများပြည်သူပါဝင် ဆောင်ရွက်မှုတွင် ဆုံးဖြတ်ချက် ချမှတ်သူများအပါအဝင် ပါဝင်ဆောင်ရွက်သူ အားလုံး၏စိတ်ဝင်စားမှုများနှင့် လိုလားမှုများကို အသိအမှတ်ပြုခြင်း၊ ဆက်သွယ်ဆောင်ရွက်ပေးခြင်းအားဖြင့် ရေရှည်တည်မြဲသည့် ဆုံးဖြတ်ချက်များ ဖြစ်စေသည်။

၃။ အများပြည်သူပါဝင်ဆောင်ရွက်မှုတွင် ထိခိုက်နစ်နာနိုင်ခြေရှိသူများ သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် စိတ်ဝင်စားသူများလည်း ပါဝင်လာစေပြီး ကူညီဆောင်ရွက်စေသည်။

၄။ အများပြည်သူပါဝင်ဆောင်ရွက်မှုတွင် ၎င်းတို့အနေနှင့် မည်ကဲ့သို့ ပါဝင်ဆောင်ရွက်မည်ကို ပုံစံချရာတွင် ပါဝင်ဆောင်ရွက်မည့်သူများထံမှ အကြံဉာဏ်များကို ရယူပါသည်။

၅။ အများပြည်သူပါဝင်ဆောင်ရွက်မှုတွင် ၎င်းတို့အနေဖြင့် ထိရောက်အဓိပ္ပာယ်ရှိသည့် နည်းလမ်းဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များကို ပါဝင်ဆောင်ရွက်မည့်သူများအား ပံ့ပိုးပေးသည်။

၆။ အများပြည်သူပါဝင်ဆောင်ရွက်မှုတွင် ၎င်းတို့၏ပါဝင်အကြံပြုချက်များက ဆုံးဖြတ်ချက်အပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိသည်ကို ပါဝင်ဆောင်ရွက်သူများ သိရှိအောင် ဆက်သွယ်ပေးပို့သည်။

*Source: International Association for Public Participation, www.iap2.org*

ရိုးရှင်းသောစီမံကိန်းများနှင့် တိုးချဲ့ဆောင်ရွက်သည့်စီမံကိန်းများအတွက် အချို့သော အဓိကမေးခွန်းများကို ထည့်သွင်းစဉ်းစားထားကြောင်း အတည်ပြုနိုင်လျှင် လုံလောက်နိုင်ပါသည်။ ထိုမေးခွန်းများမှာ–

- ရည်ရွယ်ချက် – **စီမံကိန်းအဆင့်တစ်ခုခုတွင် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးရသည့် ဗျူဟာမြောက်အကြောင်းအရင်းများမှာ အဘယ်နည်း။** ထိုအကြောင်းရင်းများမှာ ဥပဒေလုပ်ထုံးလုပ်နည်းသတ်မှတ်ချက်အရ ဆောင်ရွက်ခြင်းနှင့် လျော်ကြေးငွေညှိနှိုင်းခြင်းကိစ္စမှ အစပြု၍ မြေပြင်တိုင်းတာရန် ဒေသခံလူထု၏ နယ်မြေသို့ ဝင်ရောက်ခွင့်ရယူခြင်း၊ ဒေသခံများနှင့် ယုံကြည်မှုတည်

ဆောက်ခြင်း သို့မဟုတ် မျှော်လင့်ချက်များကို စီမံခန့်ခွဲခြင်းအထိ များစွာကျယ်ပြန့်သည့် ရည်ရွယ်ချက်များဖြစ်နိုင်ပါသည်။

- လိုအပ်ချက်များ – **ဤအဆင့်တွင် တိုင်ပင်ဆွေးနွေးမှုအတွက် လိုက်နာရမည့် လိုအပ်ချက်များ /သတ်မှတ်ချက်များ ရှိပါသလား။** ဆိုသည်မှာ ဥပဒေအရ သို့မဟုတ် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ၊ ကုမ္ပဏီ/လုပ်ငန်းဆိုင်ရာ မူဝါဒအရ သတ်မှတ်ချက်များ သို့မဟုတ် ချေးငွေထုတ်ပေးသူ သို့မဟုတ် အစုရှယ်ယာရှင်များ၏ သတ်မှတ်ချက်/ လိုလားချက်များ ဖြစ်နိုင်ပါသည်။

- စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ – **စီမံကိန်း၏ ဤအဆင့်တွင် တိုင်ပင်ဆွေးနွေးရန် လိုအပ်သည့် အဓိကပတ်သက်ဆက်နွယ်သူအုပ်စုများမှာ မည်သူနည်း။** ၎င်းတို့က ဆွေးနွေးရန်ဆန္ဒရှိသည့် ကိစ္စရပ်များမှာ အဘယ်နည်း။ ၎င်းတို့၏ စိတ်ဝင်စားမှုများမှာ အဘယ်နည်း။ ဘာကြောင့် စိတ်ဝင်စားပါသနည်း။

- ဦးစားပေးကိစ္စရပ်များသတ်မှတ်ခြင်း – **ဤအဆင့်တွင် အထူးဂရုပြုရန် လိုအပ်ပြီး ထိခိုက်နိုင်မှုဘေးအန္တရာယ်မြင့်မားသည့်အုပ်စုသို့မဟုတ်ကိစ္စရပ်များရှိပါသလား။**စီမံကိန်းဧရိယာအတွင်းထိခိုက်လွယ်ပြီး အင်အားနည်းသည့် အုပ်စုများ သို့မဟုတ် ထိရှလွယ်သော သို့မဟုတ် အငြင်းပွားဖွယ်ရာဖြစ်သော အကြောင်းအရာ ခေါင်းစဉ်များရှိပါသလား။ သတ်မှတ်ချက်များနှင့် တိုင်ပင်ဆွေးနွေးမှုများ ကိုက်ညီရေးအတွက် ကောင်းမွန်သည့် စီမံရေးဆွဲ ဆောင်ရွက်မှု လိုအပ်နိုင်သည်။

- နည်းလမ်းများ – **အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူအုပ်စုများနှင့် ဆက်သွယ်ရာတွင် မည်သည့် နည်းလမ်းများနှင့် လုပ်ကိုင်နည်းများသည် အထိရောက်ဆုံးဖြစ်ပါသလဲ။** ဤနေရာတွင် သမားရိုးကျ သို့မဟုတ် ဓလေ့ထုံးစံအတိုင်း တိုင်ပင်ဆွေးနွေး၊ ဆုံးဖြတ်ချက်ချမှတ်သည့် နည်းလမ်းများသည် ဆီလျော်နိုင်ပါသည်။ ပါဝင်ဆောင်ရွက်စေသည့် နည်းလမ်းများကို သင့်တော်လျှင်အသုံးပြုရန်နှင့် လုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်ပေးနိုင်မည့် လက်တွေ့ကျွမ်းကျင်သူများကို ချိတ်ဆက်ရန် စဉ်းစားပါ။

- တာဝန်ယူမှုများ – **ကုမ္ပဏီအတွင်း (သို့မဟုတ် ပြင်ပမှ) မည်သူက မည်သည့် ဆောင်ရွက်ချက်များအတွက် တာဝန်ရှိသလဲ။** လုပ်ငန်းဆောင်ရွက်မည့် အချိန်ဇယားများ၊ တာဝန်များနှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ဆောင်ချက်များအတွက် အစီရင်ခံရမည့် လမ်းကြောင်းများသည် ရှင်းလင်းပါသလား။

- စာရွက်စာတမ်းပြုစုခြင်း – **လုပ်ငန်းစဉ်၏ ရလဒ်များကို မည်ကဲ့သို့ စုစည်းပါသလဲ။ မှတ်တမ်းတင်ပါသလဲ။ အလွယ်တကူရှာဖွေနိုင်အောင် မည်သို့ ဆောင်ရွက်ပါသလဲ။ စာရွက်စာတမ်းများကိုမည်သို့အသိပေးဖြန့်ဝေပါသလဲ။**

## ADASTRA သတ္တုလုပ်ငန်း ။တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန် အသိပေးခြင်းတို့ကို ဒေသဆိုင်ရာ အခြေအနေများနှင့် လိုက်လျော ညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ Adastra Minerals အတွက် အလုပ်လုပ်နေသည့် အတိုင်ပင်ခံပုဂ္ဂိုလ်များသည် Katanga ပြည်နယ်ရှိ Kolwezi Tailings Project နှင့်ပတ်သက်၍ အများပြည်သူနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းကို စတင်လုပ်ဆောင်သောအခါ စိန်ခေါ်မှုများစွာဖြင့်ရင်ဆိုင်ခဲ့ရသည်။ ဒေသဆိုင်ရာအရာရှိများမှလွဲ၍ ထိခိုက်ခံရရန် အလားအလာရှိသော ဒေသခံအုပ်စုများမှ လူအနည်းစုသာလျှင် နိုင်ငံသုံးဘာသာစကားဖြစ်သည့် ပြင်သစ်ဘာသာကို ပြောဆိုကြပြီး၊ စာတတ်မြောက်မှုနှုန်းမှာလည်း အလွန်နည်းပါးသည်။ စက္ကူမှာ ဈေးကြီးပြီးရရန်လည်း ခက်ခဲသောကြောင့် နယ်မြေဒေသများစွာ၏ ဆက်သွယ်ရေးမှာ ထုံးစံအတိုင်း နှုတ်ဖြင့်သာ ဆက်သွယ်ကြသည့် ပုံစံသို့ ပြောင်းလဲခဲ့သည်။ Kolwezi မြို့တွင်လည်း ထုတ်ဝေသည့်သတင်းစာ မရှိပါ။ လမ်းဘေးကြော်ငြာ ဆိုင်းဘုတ်လည်းမရှိပါ။ တယ်လီဖုန်းစနစ်နှင့် စာပို့စနစ်လည်းမရှိပါ။

ထိုအခက်အခဲအချို့ကို ကျော်လွှားနိုင်ရန် ဒေသခံ လူထုနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်အတွင်း နယ်မြေအတွင်းရှိ ဒေသဆိုင်ရာ ရေဒီယို အသံလွှင့် လုပ်ငန်း (၆) ခုကို ကျယ်ပြန့်စွာ အသုံးပြုခဲ့သည်။ ရေဒီယိုအသံလွှင့်ဌာနများသည် ပြင်သစ်ဘာသာနှင့် ၄င်းတို့၏ ဆွာဟီလီ (Swahili) ဘာသာစကား ၂ မျိုးစလုံးကို အသုံးပြုပါသည်။ အဓိက သတင်းပေးမည့်သူများဆိုင်ရာ ကွန်ရက်တစ်ခု ထူထောင်ပြီးခဲ့သည့်အချိန်မှစ၍ နှုတ်ဖြင့် ပြောဆိုဆက်သွယ်မှုသည် အလွန်ထိရောက်လာခဲ့သည်။ EIA အစည်းအဝေးများတွင် စာမတတ်မြောက်မှုကို ကျော်လွှားနိုင်ရန် ထိခိုက်နိုင်ဖွယ်ရှိသည့် အကြောင်းအရာများကို ရေးဆွဲသရုပ်ဖော်ထားသော ပိုစတာများကို ပြုလုပ်ခဲ့ကြပြီး ဘာသာစကား အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက်လည်း ဒေသခံလူထုနှင့် တင်ပြဆွေးနွေးမှုများကို ဆွာဟီလီ (Swahili) နှင့် ပြင်သစ်ဘာသာစကား ၂ ခုစလုံးဖြင့် ပြုလုပ်ခဲ့သည်။ အဓိက အရေးပါသည့် ပုဂ္ဂိုလ်များကို ဆက်သွယ်ရန် နည်းလမ်းတစ်ခုအဖြစ် မိုဘိုင်းဖုန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ပါသည်။ မက်ဆေ့ပို့ခြင်း၊ ဖုန်းတိုက်ရိုက်ခေါ်ဆိုခြင်း နည်းလမ်း ၂ ခုလုံးဖြင့်လည်း အခြားပုဂ္ဂိုလ်များကို စည်းရုံးဆော်သြနိုင်ရန် မိုဘိုင်းဖုန်းများကို အသုံးပြုခဲ့ပါသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်လည်း မရှိ၊ ဆက်သွယ်ရေးလည်း အကန့်အသတ်ဖြစ်နေသည့် လုပ်ငန်းခွင်ထဲသို့ လူများစွာကို ခေါ်ယူလာရန် ကိစ္စနှင့်ပတ်သက်သည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများ ရှိသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ကျေးရွာများတွင်ပင် အစည်းအဝေးပေါင်း မြောက်မြားစွာကို ကျင်းပလျက် အချိန်များစွာကို ကုန်ဆုံးစေခဲ့ပါသည်။

## ၂။ အလေ့အကျင့်ကောင်းများနှင့် အခြေခံမူများကို အသုံးပြု၍ တိုင်ပင်ဆွေးနွေးပါ

တိုင်ပင်ဆွေးနွေးမှုဆောင်ရွက်ရာတွင် အမှန်ကန်ဆုံးတစ်ခုတည်းသော နည်းလမ်းဟူ၍မရှိပါ။ သဘောသဘာဝအားဖြင့်မူ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်သည် ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာများနှင့် အမြဲပတ်သက်နေပါသည်။ ဆိုလိုသည်မှာ နည်းပညာ၊ နည်းလမ်း၊ ချဉ်းကပ်ဆောင်ရွက်မှုနှင့် အချိန်ဇယားများမှာ ဒေသ၏ အခြေအနေနှင့် တိုင်ပင်ဆွေးနွေးမည့် အမျိုးမျိုးသောပတ်သက်ဆက်နွယ်သူများအတွက် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်သည်။ ယေဘုယျအားဖြင့် ကောင်းမွန်သည့်တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်တစ်ခုသည် –

- စီမံကိန်းကြောင့် ထိခိုက်မှုခံရရန် အလားအလာများစွာရှိသူများကို **ဦးတည်ထားသည်။**
- အဓိကပြဿနာများကို သတ်မှတ်ရန်နှင့် စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက်များသည် ၎င်းနှင့် ဆက်စပ်နေသည့်ကိစ္စများအပေါ် အကျိုးသက်ရောက်မှု ရှိစေရန်အတွက် **လုံလောက်သည့် အချိန်အတိုင်းအတာဖြင့် အစောတလျင်** ဆောင်ရွက်သည်။
- ကြိုတင်အသိပေးဖြန့်ဝေထားပြီးဖြစ်သည့် သက်ဆိုင်ရာသတင်းအချက်အလက်များအားဖြင့် **အသိပေးသည်။**
- တိုင်ပင်ဆွေးနွေးခံရသူများအတွက် **အဓိပ္ပာယ်ရှိသည်။** အဘယ်ကြောင့်ဆိုသော် ပါဝင်သည့် အကြောင်းအရာများသည် အလွယ်တကူ နားလည်လွယ်သောပုံစံဖြင့် ရှင်းလင်းပြသပြီး အသုံးပြုသည့် နည်းလမ်းများမှာ ယဉ်ကျေးမှုအရ သင့်တော်သည်။
- **နှစ်ဦးနှစ်ဖက်စလုံး**မှ အမြင်နှင့် သတင်းအချက်အလက်များကို ဖလှယ်ရန်၊ နားထောင်ရန်နှင့် ၎င်းတို့၏ ရေးရာကိစ္စများကိုလည်း ဖြေရှင်းဆောင်ရွက်နိုင်စေမည့် အခွင့်အရေးရစေရန် အပြန်အလှန်ဆွေးနွေးသည့်ပုံစံဖြစ်သည်။
- အမျိုးသားများနှင့် အမျိုးသမီးများသည် မတူညီသည့်အမြင်နှင့် လိုလားချက်များ ရှိသည်ဆိုသည်ကို သတိပြုမိရန် **ကျား/မအားလုံး ပါဝင်နိုင်ရေး**ကို ထည့်စဉ်းစားသည်။
- သင့်တော်သည့်အချိန်ကာလသတ်မှတ်ချက်၊ ဆက်စပ်အကြောင်းအရာများ၊ ဒေသဘာသာစကားများနှင့် ထင်ဟပ်မိစေရန် **ဒေသနှင့်ကိုက်ညီအောင်** ဆောင်ရွက်သည်။
- ကြိုးကိုင်ချယ်လှယ်ခြင်း သို့မဟုတ် ဖိအားပေးခြင်းမှ ကင်းလွတ်သည်။
- တင်ပြဆွေးနွေးခဲ့သည့် အဓိကကိစ္စရပ်များနှင့် မည်သူတို့နှင့် တိုင်ပင်ဆွေးနွေးခဲ့သည်ကို အလွယ်တကူ ရှာဖွေခြေရာခံနိုင်ရန် **မှတ်တမ်းပြုစုထား**သည်။
- တိုင်ပင်ဆွေးနွေးခဲ့သူများထံသို့ အချိန်မီ **သတင်းပြန်လည်ပေးပို့အစီရင်ခံသည်။** နောင်ဆောင်ရွက်မည့် လုပ်ငန်း စဉ်များကိုလည်း ရှင်းလင်းမှုနှင့်အတူ သတင်းပြန်လည်ပေးပို့သည်။
- စီမံကိန်းသက်တမ်းတလျှောက်လုံးတွင် လိုအပ်သလို **ဆက်လက်ထိန်းသိမ်းဆောင်ရွက်**သည်။

> **တိုင်ပင်ဆွေးနွေးမှုဆောင်ရွက်ရန် အမှန်ကန်ဆုံး တစ်ခုတည်းသော နည်းလမ်းဟူ၍ မရှိပါ။ လုပ်ငန်းသဘောသဘာဝအရ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်သည် ဆက်စပ်သည့် အကြောင်းအရာ အခြေအနေများအပေါ် မူတည်ကာ ဆောင်ရွက်ရသည်။**

## လေးထောင့်ကွက် ၃။ ကုမ္ပဏီတစ်ခုအပေါ် ဒေသခံလူထုယုံကြည်အောင် ဘယ်လိုလုပ်သလဲ

ယဉ်ကျေးမှုနှင့် ဆက်စပ်သည့်အခြေအနေတွင် မြင်တွေ့ရသည့်အခါ ကြိုတင်ခန့်မှန်းနိုင်စွမ်းနှင့် ပတ်သက်သည့်အခါများတွင် ယုံကြည်မှုသည် ပို၍ ထင်သာမြင်သာရှိလာပြီး စိတ်ကူးသက်သက်မဟုတ်သည့် သဘောတရားတစ်ခုဖြစ်လာသည်။ ယုံကြည်မှုကို "သင်၏မျှော်လင့်ချက်များ မည်သည့်အချိန်တွင် ပြည့်မည်ကို သိရှိခြင်း"ဟု အဓိပ္ပာယ် ဖွင့်သည့်အခါ ယုံကြည်မှု၏သဘောတရားကို ရှင်းရှင်းလင်းလင်းဖြစ်စေပြီး အလုပ်လုပ်ရန် ဓမ္မဓိဋ္ဌာန်ကျသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်တစ်ခုဖြစ်စေသည်။

ဒေသခံလူထုများစွာသည် ၎င်းတို့အတွက် အရေးပါသည့် ကုမ္ပဏီတစ်ခုအပေါ် ယုံကြည်မှုဖြစ်စေသည့် ငွေကြေးနှင့် မပတ်သက်သောခိုင်မာသော ဆက်ဆံရေးပုံစံနမူနာအချို့ကို ထပ်တလဲလဲ မျှဝေလာကြသည်မှာ –

- ကုမ္ပဏီသည် ဒေသခံလူထုထံမှ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဒေသခံလူထု၏ ယုံကြည်မှုလိုအပ်သည်ကို အသိအမှတ်ပြုသည် သို့မဟုတ် အများပြည်သူ သိအောင် ထုတ်ဖော်ပြောဆိုသည်။
- ဒေသခံလူထုများကို တိုင်ပင်ဆွေးနွေးပြီး ၎င်းတို့စိုးရိမ်ပူပန်သည့် ကိစ္စရေးရာများတွင် ပါဝင်ပြောဆိုစေသည်။
- ကုမ္ပဏီလုပ်ဆောင်ချက်များနှင့်ပတ်သက်၍ တာဝန်ယူ၊ တာဝန်ခံမှု ရှိစေမည့် လည်ပတ်မှုပုံစံ သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုရှိသည်။
- ကုမ္ပဏီ၏ အနာဂတ်အလားအလာ သို့မဟုတ် စီမံချက်များနှင့်ပတ်သက်၍ ဒေသခံလူထုကို အမြဲမပြတ်သတင်းပေးသည်။
- ကုမ္ပဏီဝန်ထမ်းများသည် အလွတ်သဘော၊ ပုဂ္ဂိုလ်ရေးရင်းနှီးမှုပုံစံဖြင့် တွေ့ဆုံဆွေးနွေးသည်။ ကုမ္ပဏီသည် ယုံကြည်အားကိုးနိုင်ပြီး ကြိုတင်ခန့်မှန်းနိုင်သည်။ ၎င်းကတိပေးထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သည်ဟု လူသိများလာသည်။
- ကုမ္ပဏီဝန်ထမ်းများသည် ကားကိုအသုံးပြုသည်ထက် မြို့အတွင်းလမ်းလျှောက်သွားလာ၍ အများနှင့် ရင်းရင်းနှီးနှီးရောနှောဆက်ဆံသည်။
- ကုမ္ပဏီဝန်ထမ်းများသည် ဒေသခံများနှင့် အလွတ်သဘော ရင်းရင်းနှီးနှီး ရောနှောဆက်ဆံသည်။
- လူတို့အတွက် သေးငယ်သည့်ပြဿနာများမှအစ ဖြေရှင်းရန် ကုမ္ပဏီက ကြိုးပမ်းအားထုတ်ပေးသည်။
- ကုမ္ပဏီသည် ဒေသခံလူထု နားလည်သည့် ဘာသာစကားကို အသုံးပြုသည်။

*Source: "Stakeholder Consultation Issue Paper," Corporate Engagement Project (November 2004). For more information go to: www.cdainc.com*

## တိုင်ပင်ဆွေးနွေးမှု လုပ်ဆောင်ချက်များနှင့် ၎င်းတို့၏ ရလဒ်များကို မှတ်တမ်းပြုစုထားခြင်းသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု လုပ်ငန်းစဉ်ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် အလွန်အရေးပါသည်။

### ၃။ သဘောထားမှတ်ချက်များ၊ အကြံဉာဏ်များကို ထည့်စဉ်းစားပါ

လူအများနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် အနိမ့်ဆုံးအနေဖြင့် တိုင်ပင်ဆွေးနွေးခံရသူများ၏အမြင်များကို ဆုံးဖြတ်ချက်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားမည်ဟူ၍ သွယ်ဝိုက်သည့်ကတိတစ်ခုဖြစ်စေသည်။ ကိစ္စတိုင်း သို့မဟုတ် တောင်းဆိုမှုတိုင်းကို အရေးယူဆောင်ရွက်ရန် မဆိုလိုပါ။ သို့သော် တိုင်ပင်ဆွေးနွေးခံရသူများ၏ အကြံပြုချက်များ၊ သတင်းအချက်အလက်များအပေါ် အခြေခံ၍ စီမံကိန်း၏ မည်သည့်အစိတ်အပိုင်းများကို ပြန်လည်ပြင်ဆင်မည်၊ မည်သည့်အပိုင်းများကိုမူ ပြင်ဆင်ခြင်းမပြုဟု ထိုသူများ ရှင်းရှင်းလင်းလင်းသိနေစေရမည်ဟုဆိုလိုသည်။ တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်အတွင်း ရရှိသည့် သဘောထားမှတ်ချက်များ၊ အကြံဉာဏ်များအပေါ် အလေးအနက်ထား၍ စီမံကိန်းဒီဇိုင်းများပြောင်းလဲခြင်း၊ အဆိုပြုထားသည့် ထိခိုက်မှု လျှော့ချရေးအစီအမံများသို့မဟုတ်ဖွံ့ဖြိုးမှုကြောင့်ရရှိမည့်အကျိုးကျေးဇူးများနှင့်အခွင့်အလမ်းများစသည်တို့ မှတဆင့် ပေါ်ပေါက်လာသော ကိစ္စများကို ဖြေရှင်းရန် အကောင်းဆုံး ကြိုးပမ်းအားထုတ်ခြင်းဟုလည်း ဆိုလိုသည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်မည့်အတိုင်း အတာသည် စီးပွားရေးဆိုင်ရာနှင့် လက်တွေ့ကျမှု ရှုထောင့် ၂ မျိုးစလုံးအရ အကန့်အသတ်များ မလွဲမရှောင်သာ ရှိပေလိမ့်မည်။ အခြားအခြေအနေများတွင် ပတ်သက်ဆက်နွှယ်သူများ၏ သဘောထားမှတ်ချက်များ၊ အကြံဉာဏ်များဖြင့် ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ခြင်းသည် ကုမ္ပဏီကောင်း၊ လုပ်ငန်းကောင်းတစ်ခုအဖြစ် သိမြင်လာစေသည်။ ဒေသ၏ဖွံ့ဖြိုးမှုကိုလည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်သည် သို့မဟုတ် ယုံကြည်မှုနှင့် ဆက်ဆံရေးကောင်းစွာ တည်ဆောက်သည့်ပုံစံ အဖြစ်လည်း ပြုလုပ်နိုင်ပါသည်။

### ၄။ တိုင်ပင်ဆွေးနွေးမှုများနှင့် ရလဒ်များကို မှတ်တမ်းပြုစုပါ

တိုင်ပင်ဆွေးနွေးမှုများနှင့် ရလဒ်များကို မှတ်တမ်းပြုစုထားခြင်းသည် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို ထိရောက်စွာ စီမံဆောင်ရွက်ရန်အတွက် အလွန်အရေးပါသည်။ ထိုအစည်းအဝေးများသည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် ပြုလုပ်သနည်း။ မည်သည့်ခေါင်းစဉ်အကြောင်းအရာများနှင့် အဓိကအာဘော်များကို ဆွေးနွေးသနည်း။ မည်သည့် ရလဒ်များ ရရှိသနည်း။ တိုင်ပင်ဆွေးနွေးမှုအတွင်း သို့မဟုတ် ထိုတိုင်ပင်ဆွေးနွေးမှု၏ ရလဒ်တစ်ခုအဖြစ် စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများအား ကတိကဝတ်များ ပေးခဲ့ပါက ၎င်းတို့ကိုပါ ထည့်သွင်း၍ မှတ်တမ်းပြုစုထားရန် လိုအပ်သည်။ ထိုတိုင်ပင်ဆွေးနွေးမှုများ မှတ်တမ်းတစ်ခုကို ထိန်းသိမ်းခြင်းသည် အကျိုးကျေးဇူးများစွာရှိသည်။ ထိုသို့ ပြုလုပ်ခြင်းသည် ESIA ဆိုင်ရာ ဥပဒေလိုအပ်ချက်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်သည် သို့မဟုတ် အလားအလာရှိသည့် ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် အထူးသဖြင့် စီမံကိန်းတစ်ခု၏ နောက်ပိုင်း အဆင့်တွင် ပါဝင်ရင်းနှီးမြှုပ်နှံလာနိုင်သည့် အခြားအစုရှယ်ယာရှင်များက စီးပွားရေးအပေါ် စိစစ်သုံးသပ်ရန် မေးမြန်းမှုများကို နောက်ပိုင်း ဆက်လက်ရှင်းလင်းပေးနိုင်ရန်အတွက်လည်း တန်ဖိုးရှိနိုင်သည်။ စီမံကိန်း ကြောင့် ထိခိုက်နစ်နာသူများနှင့် စီမံကိန်းအပေါ်လွှမ်းမိုးနိုင်စွမ်းရှိသူများ၏ သဘောထားအမြင်များကို စီမံကိန်း၏ သဘာဝ

ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုလျှော့ချရေးဗျူဟာများတွင် ထည့်သွင်းစဉ်းစားထားကြောင်း သက်သေပြရာတွင် အသုံးဝင်သည့် ကိရိယာတစ်ခုဖြစ်သည်။ ထိုမှတ်တမ်းများသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ သဘောထားအမြင်များကို မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ထားကြောင်းကို ယင်းတို့အား ပြန်လည်သတင်းပို့ရန် အခြေခံအဖြစ် ကိုးကားနိုင်စေသည်။

## ၅။ ပြန်လည်သတင်းပေးပို့အစီရင်ခံပါ

ကုမ္ပဏီများသည် တိုင်ပင်ဆွေးနွေးရန် ကိစ္စတစ်ခုရှိသည့်အခါ အိမ်တိုင်ယာရောက် ပေါ်လာကြပြီး ထို့နောက်တွင် တစ်စုံတစ်ရာ ထပ်မံကြားသိရခြင်း မရှိတော့ခြင်း သို့မဟုတ် အနည်းဆုံးအားဖြင့် နောက်တစ်ကြိမ် ၎င်းတို့လာရောက်နိုင်သည့် အချိန်အထိ ပေါ်မလာကြခြင်းများကြောင့် ဒေသခံလူထုက ယင်းတို့၏ စိတ်ပျက်မှုနှင့်အယုံအကြည်နည်းမှုများကို တစ်ခါတစ်ရံ ဖော်ပြကြပါသည်။ အလားတူပင် ထိုကဲ့သို့ ဖြစ်သည့်ကိစ္စများ နှင့် လုံးဝကွဲပြားခြားနား အခြေအနေများကိုလည်း ဖော်ပြကြပါသည်။ မိမိ တိုင်ပင်ဆွေးနွေးထားသည့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် အဆက်အသွယ်မပျက် ပြုလုပ်ကာ မည်သည်တို့ဖြစ်ပျက်နေသည်ကို အသိပေးခြင်း၊လုပ်ငန်းစဉ်အရနောက်ထပ်ဆောင်ရွက်မည့်အဆင့်များကိုအသိပေးပြောပြခြင်းသည်အလေ့အကျင့်ကောင်းအနေနှင့်ရော လောကဝတ်အရပါ ကောင်းမွန်ပါသည်။ ထို့အပြင် ဆွေးနွေးပြီးနောက်ပိုင်း အဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် လက်တွေ့အကျိုးကျေးဇူး များစွာရှိပါသည်။ ဥပမာအားဖြင့် သတင်းအချက်အလက်များအပေါ် နှစ်ကြိမ်နှစ်ခါ စိစစ်နိုင်ခြင်းနှင့် စမ်းသပ်နိုင်ခြင်း သို့မဟုတ် အဆိုပြုထားသည့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများနှင့် ထိခိုက်မှုလျော့ချခြင်း အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်သည်။ ထို့အပြင် ၎င်းတို့၏မည်သည့် စိုးရိမ်ပူပန်မှုများကို မည်သို့ဖြေရှင်းဆောင်ရွက်မည်ဆိုသည်ကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများထံသို့ ပြန်လည်သတင်းပေးပို့အစီရင်ခံခြင်းနှင့် မည်သည့်အကြံပြုချက်များကို မည်သည့်အကြောင်းကြောင့် ထည့်မသုံးနိုင်ခဲ့ကြောင်း ရှင်းပြသည့်လုပ်ငန်းစဉ်သည် အများပြည်သူ ယုံကြည်မှုတည်ဆောက်ရာတွင်လည်းကောင်း၊ မျှော်လင့်ချက်များကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ တိုင်ပင်ဆွေးနွေးမှု၏ အားနည်းချက်များနှင့် တိုင်ပင်ဆွေးနွေးမှုအပေါ် အဆိုးမြင်ဝါဒများကို လျှော့ချရာတွင်လည်းကောင်း ကူညီနိုင်သည်။ ထိုအကြောင်းအရာများအားလုံးသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ရေရှည်အမြင်ဖြင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အရေးပါသည်။

**သင်တိုင်ပင်ဆွေးနွေးထားသည့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေးပြီးနောက်ပိုင်း မည်သည်တို့ဖြစ်ပျက်နေသည်၊ လုပ်ငန်းစဉ်အရ မည်သည်တို့ကို ဆက်လက်ဆောင်ရွက်မည်စသည်တို့ သိရှိစေရန် အဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ခြင်းသည် လက်တွေ့အလေ့အကျင့်နှင့် လောကဝတ် နှစ်ခုစလုံးအတွက် ကောင်းမွန်ပါသည်။**

## လေးထောင့်ကွက် ၄။ အာဏာပိုင်များက ဒေသခံပြည်သူလူထုကို ၄င်းတို့ဘာသာ စီစဉ်ဖွဲ့စည်းခွင့်မပြုသည့်အခါ ချိတ်ဆက်ဆောင်ရွက်ရန်အတွက် လက်တွေ့အသုံးဝင်သည့် အကြံပေးစကားများ

ထိုအခြေအနေများတွင် ကုမ္ပဏီများသည် အောက်ပါနည်းလမ်းများဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်–

- **"ကျေးရွာဆက်သွယ်ရေးကော်မတီ"**ကို ရွေးကောက်တင်မြှောက်ရန် အစိုးရနှင့် ညှိနှိုင်းခြင်း။ ထိုရွေးကောက်ခံကော်မတီ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ လူမှုရေးဆိုင်ရာ အစီအစဉ်များကဲ့သို့ ကုမ္ပဏီနှင့် ဒေသခံလူထုအကြားမှကိစ္စရပ်များကို ဆွေးနွေးရန်ဖြစ်သည်။ ခြွင်းချက်အနေဖြင့် ကော်မတီသည် နိုင်ငံရေးကိစ္စရပ်များတွင် မည်သည့်နည်းနှင့်မျှ ပါဝင်ဆောင်ရွက်ခြင်း မပြုရန်ဖြစ်သည်။

- **အကြံပြုစာတိုက်ပုံးများ**သည် အချို့အခြေအနေ/အချို့ကိစ္စများတွင် အလုပ်ဖြစ်၍ အချို့နေရာတွင် အလုပ်မဖြစ်ပါ။ ဤအကြံပြု စာတိုက်ပုံးများကို မည်သူက ဖွင့်ဖောက်သည်၊ သတင်းအချက်အလက်များကို ဖတ်ကြားသည် ဆိုသည်နှင့် ပတ်သက်၍ ရွာသူ/ရွာသားများအနေဖြင့် သိရှိနိုင်စေရန် ကုမ္ပဏီက ဆောင်ရွက်ရန်လိုအပ်သည်။

- စာရင်းဇယားများ ကောက်ယူရန် သို့မဟုတ် အများပြည်သူ ကျန်းမာရေး သတင်းကိစ္စများ ဖြန့်ဝေပေးရန် **နေအိမ်များသို့ ပုံမှန် သွားရောက်** ဆောင်ရွက်မည့် ဝန်ထမ်းငှားရမ်းခြင်း(အမျိုးသမီးကို ပိုလိုလားသည်)။ ထို့ကြောင့်ဒေသခံလူထုအတွင်း လူမှုရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ကောင်းစွာ သိနားလည်နိုင်ရန် အဆိုပါဝန်ထမ်းများသည် အကောင်းဆုံးအနေအထားတွင် ရှိသည်။

- သီးခြားလွတ်လပ်သော **NGO အဖွဲ့အစည်းများ သို့မဟုတ် ဖောင်ဒေးရှင်းများ**သည် ပတ်သက်ဆက်နွယ်သူများနှင့် အလွတ်သဘော ချိတ်ဆက်ဆောင်ရွက်ကြရာတွင် ပိုမိုလုပ်ခွင့်သာကြသည်။ အုပ်စုအလိုက် စုစည်းရန် မလွယ်ကူသည့်နေရာများ၌ပင် ပိုမိုလွတ်လပ်စွာ ဆောင်ရွက်နိုင်ကြသည်။

*Source: "Stakeholder Consultation Issue Paper," Corporate Engagement Project (November 2004). For more information go to: www.cdainc.com*

## SIBERIAN–URALS ALUMINUM COMPANY။ လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများ ပါဝင်ဆောင်ရွက်လာစေရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်း


ဒေသန္တရအစိုးရများမှာ ဩဇာကြီးမားသော ပတ်သက်ဆက်နွယ်သူများဖြစ်နေပြီး ဒေသခံလူထုက ပုဂ္ဂလိက ကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်ရန် စွမ်းဆောင်ရည် မရှိသော နိုင်ငံများတွင် အများပြည်သူနှင့်တိုင်ပင် ဆွေးနွေးမှုနှင့် သတင်းအချက်အလက် ထုတ်ပြန်အသိပေးခြင်းများတွင် စိန်ခေါ်မှုများ ရှိနိုင်ပါသည်။ ရုရှားနိုင်ငံ၏ ဝေးလံခေါင်ဖျားဒေသ (Komi Republic) တွင်ရှိသော **Siberian–Urals Aluminum Company (SUAL)**၏ အလူမီနီယမ် လုပ်ကွက်အသစ်အတွက် ဒေသခံလူထုအနေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီး များနှင့် ပတ်သက်၍ အတွေ့အကြုံမရှိကြောင်း ထိုလုပ်ငန်းနှင့်ဆိုင်သည့် အများပြည်သူအား တိုင်ပင် ဆွေးနွေးခြင်း၊ သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်းများနှင့် ပတ်သက်၍လည်း အတွေ့ အကြုံမရှိကြောင်း ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှု ဆန်းစစ်ခြင်း (ESIA) လုပ်ငန်းစဉ် တွေ့ရှိချက် များက ဖော်ပြခဲ့သည်။ ဒေသခံလူထု၏ အသံများကို မကြားရဘဲ ဒေသခံ လူထု၏ စိတ်ဝင်စားမှုများကို အမှန်တကယ် ကိုယ်စားမပြုသည့် NGO အဖွဲ့အစည်းများ သို့မဟုတ် ဒေသန္တရ အစိုးရများကသာ လုပ်ငန်းစဉ်အတွင်း မကြာခဏ လွှမ်းမိုးခဲ့ပါသည်။ စီမံကိန်းနှင့် ပတ်သက် ဆက်နွယ်သူ အားလုံးသည် အများပြည်သူဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များထုတ်ပြန် အသိပေးခြင်း လုပ်ငန်းစဉ်တွင် မျှတစွာနှင့် ထိရောက်အကျိုးရှိစွာ ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့် ရရှိလာစေရန် စွမ်းဆောင်ရည် တည်ဆောက်ပေးဖို့ လိုအပ်နေကြောင်း ESIA လုပ်ငန်းစဉ်က ထင်ရှားစေခဲ့ပါသည်။ ထိုအစီအစဉ်တစ်ခုကို ကမကထပြုကာ ဆောင်ရွက်ပေးခြင်းဖြင့် SUAL သည် ၎င်းတို့၏ ပွင့်လင်းမြင်သာ ရှိမှုနှင့် မှန်ကန်ဖြောင့်မတ်မှုအပေါ် ဒေသခံများက အထင်အမြင်လွဲမှားရာမှ ဖြစ်ပေါ်လာမည့် ထိခိုက်မှု အန္တရာယ်များကို ကြိုတင်ပြင်ဆင်စီမံခန့်ခွဲနိုင်ရန် အခွင့်အလမ်းတစ်ခု ရရှိခဲ့သည်။

SUAL သည် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအား စွမ်းဆောင်ရည်တည်ဆောက်ရေး လုပ်ငန်း ၃ ခုကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ပိုမိုကျယ်ပြန့်သည့် နယ်မြေများသို့ရောက်ရှိလေ့လာစေခဲ့သည့် စီမံကိန်းလေ့ လာရေးခရီးစဉ်များနှင့် ဒေသန္တရအစိုးရနှင့် ကုမ္ပဏီတို့အကြား ဆက်ဆံရေး တိုးမြှင့်ခြင်း လုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့သည်။ ပါဝင်ခဲ့ကြသူများ၏ တုံ့ပြန်ဖြေကြားချက်များအရ ထိုအစီအစဉ်သည် အဆိုပြု စီမံကိန်းနှင့်ပတ်သက်သည့် ၎င်းတို့၏ နားလည်မှုများ တိုးတက်စေခြင်း၊ ဖြစ်နိုင်ခြေရှိသည့် ဖွံ့ဖြိုးမှုဆိုင်ရာ ထိခိုက်နစ်နာချက်များနှင့် ပတ်သက်သည့်မျှော်လင့်ချက်များ၊ စီမံကိန်း၏ တိုက်ရိုက်အကျိုးကျေးဇူးများ နှင့်ပတ်သက်သည့် မျှော်မှန်းချက်များကို ဖေးမထိန်းသိမ်းရာတွင်လည်း အသုံးဝင်ကြောင်း ဖော်ပြခဲ့သည်။ ကုမ္ပဏီ၏ မန်နေဂျာများဘက်ကလည်း ဒေသခံလူထု၏ စိုးရိမ်ပူပန်မှုများကို နဖူးတွေ့ဒူးတွေ့ သိရှိလာသည့် လက်တွေ့အတွေ့အကြုံများ၊ ကုမ္ပဏီအပေါ် ကျရောက်လာနိုင်သည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများနှင့် စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ရာတွင် ထည့်စဉ်းစားရမည့် ထိခိုက်မှုလျော့ချရေးအစီအမံများကို သိနား လည် ခဲ့သည်။ ထိုအစီအစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၏ ဆွေးနွေးမှုများ၊ ယင်းတို့သဘောထားအမြင် များအရ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုနှင့် သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်းနှင့် ကြားနာပွဲများအတွင်း လေ့လာဆန်းစစ်တွေ့ရှိသည်များကို ကုမ္ပဏီက ရှင်းလင်းတင်ပြရာ၌ ပါဝင်သင့်သည့် အကြောင်းအရာများ၊တင်ပြရမည့် နည်းလမ်းများနှင့်ပတ်သက်၍ ပိုမို သိမြင်နားလည်စေသည်။

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ ကောင်းမွန်သည့် အလေ့အကျင့် များနှင့် အားလုံးပါဝင်တိုင်ပင်ဆွေးနွေးကြသည့် လုပ်ငန်းစဉ်များအပေါ် ကုမ္ပဏီ၏ လေးစားလိုက်နာဆောင် ရွက်မှုကို ရုရှားနိုင်ငံ၏ ကုမ္ပဏီ/လုပ်ငန်း၏ လူမှုစီးပွားဆိုင်ရာ တာဝန်ရှိမှု (CSR) ဆိုင်ရာ အသိုင်းအဝိုင်းက အသိအမှတ်ပြုခဲ့ပြီး ထိုကြိုးပမ်းအားထုတ်မှုများမှ ကုမ္ပဏီ၏ပုံရိပ်၊ဂုဏ်သတင်းနှင့် သက်ဆိုင်သည့် အကျိုး ကျေးဇူးများစွာကိုလည်း ရရှိစေခဲ့ပါသည်။

# သတင်းအချက်အလက်များ သိရှိပြီးနောက် ပါဝင်ဆောင်ရွက်ခြင်း

သတင်းအချက်အလက်များသိရှိပြီးနောက် ပါဝင်ဆောင်ရွက်စေခြင်းသည် အလွန်ထိရောက်သည့် တိုင်ပင်ဆွေးနွေးမှုပုံစံတစ်မျိုးဖြစ်သည်။ အကျိုးဆက်အားဖြင့် သဘောထားအမြင်များနှင့် သတင်းအချက်အလက်များကို အသေးစိတ်အတွင်းကျကျ ဖလှယ်မှုအပါအဝင် အတူတကွ ခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုဆီသို့ ဦးတည်သွားစေသည်။ ထိုကဲ့သို့ ပါဝင်ဆောင်ရွက်မှုအဆင့် မြင့်မားလာခြင်းသည် လုပ်ငန်းစဉ်နှင့် ယင်း၏ ရလဒ်များအပေါ် မျှဝေတာဝန်ယူလုပ်ကိုင် ရိုင်းပင်းလိုစိတ်ကို ဖြစ်ပေါ်စေသည်။စီမံကိန်း၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူအုပ်စုတစ်ခုအပေါ် ပိုမိုထိခိုက်နိုင်လေလေ၊ ၎င်းတို့ အပေါ် တိုက်ရိုက်သက်ရောက်နိုင်သည့် ကိစ္စရပ်များကို ယင်းတို့အား ကောင်းစွာ အသိပေး၍ ထိုကိစ္စများ – ဥပမာ – ထိခိုက်မှုလျော့ချရေး အဆိုပြုအစီအမံများ၊ ဖွံ့ဖြိုးမှု၏ အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများကို မျှဝေခံစားခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု သို့မဟုတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုဆိုင်ရာ ကိစ္စများအပါအဝင်တွင် ယင်းတို့ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းကို အားပေးရန် ပိုမိုလိုအပ်လေလေဖြစ်သည်။ ရွှေ့ပြောင်းနေရာချထားရေးစီမံချက်ရေးဆွဲခြင်း၊ ဒေသခံလူထုဖွံ့ဖြိုးရေးအစီအစဉ်များ (Community Development) ပုံစံချခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားမျိုးနွယ်အုပ်စုများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့သည် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအနေနှင့် သတင်းအချက်အလက် ရရှိပြီး ယင်းတို့ ပါဝင်ဆောင်ရွက်မှုကြောင့် ပိုမိုကောင်းမွန်သည့်လက်တွေ့ရလဒ်များ ဖြစ်ပေါ်စေနိုင်သည့် နမူနာကောင်းများဖြစ်သည်။ အချို့အခြေအနေများတွင် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများ (အထူးသဖြင့် ဒေသခံလူထုနှင့်အဖွဲ့အစည်းများ) အနေနှင့် လုပ်ငန်းစဉ်အတွင်း ထိထိရောက်ရောက် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် လူ့စွမ်းအားဖွံ့ဖြိုးမှုအစီအစဉ်များ လိုအပ်နိုင်ပါသည်။




**စီမံကိန်း၏လုပ်ငန်းအစိတ်အပိုင်း တစ်ခုသည် စီမံကိန်းနှင့် ပတ်သက် ဆက်နွယ်သူ အုပ်စုတစ်ခုအပေါ် ပိုမိုထိခိုက်နိုင်လေလေ၊ ၎င်းတို့အပေါ် တိုက်ရိုက်သက်ရောက်နိုင်သည့် ကိစ္စရပ်များကို ယင်းတို့အား ကောင်းစွာ အသိပေး၍ ထိုကိစ္စများတွင် ယင်းတို့ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းကို အားပေးရန် ပိုမိုလိုအပ်လေလေဖြစ်သည်။**

## ✔ ပါဝင်ဆောင်ရွက်စေသည့် နည်းကိရိယာများ၊ နည်းစနစ်များနှင့် နည်းလမ်းများအကြောင်း

အများပြည်သူ ပါဝင်လာစေသော နည်းစနစ်များနှင့် နည်းလမ်းအမျိုးမျိုးကို အသေးစိတ်ဖော်ပြ ထားသည့် ကိုးကားရန် စာပေများနှင့် နည်းနာနိဿယျများစွာရှိပါသည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ် သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထိုနည်းပညာများနှင့် နည်းလမ်းများကို အသုံးချနိုင်ပါသည်။ သို့သော်လည်း လုပ်ငန်းစဉ်သည် ရှုထောင့်အမြင်ပေါင်းစုံ ပါဝင်နေသည့် ကိစ္စဖြစ်သဖြင့် နည်းလမ်းများ ရွေးချယ်မှုသည် ချိတ်ဆက်ဆောင်ရွက်နေသည့်အုပ်စု အမျိုးအစားနှင့် သက်ဆိုင်သည့် အကြောင်းအရာပေါ်တွင် မူတည်လိမ့်မည်ဖြစ်သည်။ အုပ်စုတစ်ခုနှင့် သို့မဟုတ် ယဉ်ကျေးမှုအရဆက်စပ်သည့် အကြောင်းအရာအခြေအနေတစ်ခုတွင် အလုပ်ဖြစ်နေသည့် နည်းလမ်းသည် အခြားကိစ္စ (သို့မဟုတ်) နေရာတွင် ထိရောက်မှု နည်းကောင်းနည်းမည်ဖြစ်သည်။ ထို့အကြောင်းကြောင့် သက်ဆိုင်ရာနည်းနာနိဿယျ သို့မဟုတ် နည်းစနစ်ကို အသေးစိတ် မရွေးချယ်ဘဲ လုပ်ငန်းစဉ်တွင် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ ပါဝင်ဆောင်ရွက်မှု မြင့်မားလာစေရန်နှင့် သင့်အနေနှင့် မရနိုင်သည့် တုံ့ပြန်မှုများ (ဥပမာ– ပြည်သူများစွာ ပါဝင်သည့်အစည်းအဝေးကြီးများကျင်းပခြင်း)ကို ရယူနိုင်ရန်အတွက်သာ ပါဝင်စေသော နည်းလမ်းများကို ရွေးချယ်ဖော်ပြသွားမည်ဖြစ်သည်။ ပါဝင်စေသောနည်းလမ်းများသည် စီမံကိန်း၏ရှုပ်ထွေးသည့်ကိစ္စများတွင် ဘက်ပေါင်းစုံသုံးသပ်ဖြေရှင်းမှုများ ကြိုးပမ်းသည့်အခါ သို့မဟုတ် ဒေသခံ လူထုအတွင်း၏ သီးခြားသတ်မှတ်ထားသောအုပ်စုခွဲများ(ဥပမာ– အမျိုးသမီးများ၊ လူငယ်များ၊ ထိခိုက်လွယ်သည့်အုပ်စုများ၊ လူနည်းစုများ သို့မဟုတ် အသက်ကြီးဘိုးဘွားများ)နှင့် ချိတ်ဆက်ဆောင်ရွက်ရသည့်အခါတွင် များစွာအသုံးဝင်နိုင်ပါသည်။ စာတတ်မြောက်မှုနှင့် ပညာရေးစနစ် နိမ့်ပါးသည့် အခြေအနေများနှင့် ပညာတတ်ပြီး သတင်းအချက်အလက် ကောင်းစွာရရှိထားသည့် အုပ်စုဖြစ်သော်လည်း အငြင်းပွားဖွယ်ရာများ သို့မဟုတ် ရှုပ်ထွေးမှုများရှိနေသည့် အခြေအနေတွင် ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ သဘောတူညီချက်ရယူနိုင်ရန်အတွက် ထိုနည်းစနစ်များက ထိရောက်နိုင်ပါသည်။

ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းစဉ်သည် ရှုပ်ထွေးနေသည့်အခါ သို့မဟုတ် သတင်းအချက်အလက်ပေးပြီး အကျိုးရှိသည့်ပါဝင်ဆောင်ရွက်မှု ဖြစ်စေရန် ယဉ်ကျေးမှုဆိုင်ရာအရ ဆီလျော်သင့်မြတ်မှုကို အလွန်အလေးထားရန် လိုအပ်နေသည့်အခါတွင် လုပ်ငန်းစဉ်ကို ပုံစံချခြင်းနှင့် လွယ်ကူအောင်စီမံရာတွင် သင့်အားကူညီနိုင်ရန် အတွေ့အကြုံရှိသော ကျွမ်းကျင်သူများကို ရှာဖွေခြင်းသည် အကောင်းဆုံးဖြစ်သည်။ ပါဝင်ဆောင်ရွက်မှုဖြစ်စေသော နည်းကိရိယာများ၊ နည်းစနစ်များနှင့် နည်းလမ်းများ၏ နမူနာအချို့မှာ–

- ပူးပေါင်းပါဝင်မှုကို အခြေခံသောအလုပ်ရုံဆွေးနွေးပွဲများ
- အတွေ့အကြုံနောက်ခံအကြောင်းအရာတူညီသူများကို ရွေးချယ်ပြီး သီးသန့်အကြောင်းအရာတစ်ခုကို ဆွေးနွေးစေခြင်း
- သတ်မှတ်အခန်းကဏ္ဍ/နေရာတစ်ခုတွင် သရုပ်ဆောင်စေပြီး ဆောင်ရွက်စေခြင်း
- အတိတ်တွင် အရေးကြီး အကြောင်းအရာဖြစ်စဉ်များ ဖြစ်ပျက်ခဲ့မှုကို ဖော်ပြသည့် အချိန်ကာလဇယားနှင့် ရှေ့အလားအလာများ
- ကျေးလက်လူထု ပါဝင်နိုင်မှုကို ဆန်းစစ်သည့်နည်းစနစ်
- ရာသီအလိုက်ဆောင်ရွက်မည့် အချိန်ဇယား

- နေ့စဉ်ဆောင်ရွက်မည့်အချိန်ဇယား
- တစ်စိတ်တစ်ပိုင်းပုံစံချထားသည့်တွေ့ဆုံမေးမြန်းမှုများ
- Venn Diagram ကားချပ်များ
- ဒေသအဖွဲ့အစည်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း
- အရင်းအမြစ်ဖော်ပြချက်နှင့် ကျေးရွာမြေပုံများ
- ဆင်းရဲမှုနှင့် ထိခိုက်လွယ်မှုပြ မြေပုံဖော်ခြင်း
- ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းနှင့် အဆင့်သတ်မှတ်သည့် အခြား နည်းလမ်းများ
- ရေးရာကိစ္စများနှင့် ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းဆောင်ရွက်မှုများကို ပူးတွဲဖော်ထုတ်သတ်မှတ်ခြင်း

## လေးထောင့်ကွက် ၅ ။ ပါဝင်ဆောင်ရွက်မှုဖြစ်စေသော နည်းလမ်းများနှင့် နည်းစနစ်များအတွက် အသုံးဝင်မည့် ကိုးကားစရာများ

GTZ Mapping Dialogue
http://www.nonformality.org/blog/wp-content/uploads/2006/12/mappingdialogue.pdf

Participation works! 21 Techniques of Community Participation for the 21st century, New Economics Foundation
www.neweconomics.org/gen/z_sys_publications.aspx

Participatory Learning and Action series, International Institute for Environment and Development (IIED), London
http://www.iied.org/NR/agbioliv/pla_notes/index.html.

Participatory methods toolkit: A practitioner's manual
http://www.viwta.be/files/30890_ToolkitENGdef.pdf

World Bank on Participation and Civic Engagement
http://web.worldbank.org/WBSITE/EXTERNAL/TOPICS/EXTSOCIALDEVELOPMENT/EXTPCENG/0menuPK:410312~pagePK:149018~piPK:149093~theSitePK:410306,00.html

# ဒေသခံတိုင်းရင်းသားများနှင့် တိုင်ပင်ဆွေးနွေးခြင်း



နိုင်ငံတဝှမ်းရှိ လူ့အဖွဲ့အစည်းအတွင်း လူအများစုဖြစ်ပြီးလွှမ်းမိုးကြီးစိုးနိုင်သည့် အုပ်စုများနှင့် လွန်စွာကွာခြားသည့် ဝိသေသလက္ခဏာများရှိသော ဒေသခံလူမျိုးစုများသည် **အဆင်းရဲဆုံး** နှင့် **အင်အားနည်းထိခိုက်လွယ်အုပ်စုများ** ဖြစ်ပါသည်။ ထိုတိုင်းရင်းသားအုပ်စုများသည် ထိခိုက်မှု ဘေးအန္တရာယ်များနှင့် ပြင်းထန်မှုအဆင့်အမျိုးမျိုး ၊ ဥပမာ – ယင်းတို့၏ ကိုယ်ပိုင်လက္ခဏာများ၊ ယဉ်ကျေးမှု၊ အစဉ်အဆက် နေထိုင်လုပ်ကိုင်လာသော မြေနေရာများနှင့် သဘာဝအရင်းအမြစ်အခြေပြု အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပျောက်ဆုံးနိုင်ခြင်း စသည်တို့ ခံစားရနိုင်ပါသည်။ စီမံကိန်းတစ်ခုသည် ဒေသခံတိုင်းရင်းသားအုပ်စုများနှင့် ယင်းတို့၏ အစဉ်အလာ သို့မဟုတ် ဓလေ့ထုံးစံနှင့် ယင်းတို့အသုံးပြုနေသည့်နယ်မြေများကို တိုက်ရိုက်ထိခိုက်သက်ရောက်လျှင် ရေရှည်တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များ၊ သတင်းအချက်အလက်ပေးပြီး ပါဝင်ဆောင်ရွက်စေခြင်းနှင့် ယုံကြည်မှုအခြေခံညှိနှိုင်းဆောင်ရွက်မှုများ ထူထောင်နိုင်ရေး စောစီးစွာ ချိတ်ဆက်ဆောင်ရွက်ခြင်းသည် ပထမဆုံးသော မရှိအဖြစ်အဆင့်တစ်ခုဖြစ်ပါသည်။ နိုင်ငံများစွာတွင် ဒေသခံလူမျိုးစုများနှင့် တိုင်ပင်ဆွေးနွေးမည်ဆိုလျှင် တရားဥပဒေအရ၊ ပြဋ္ဌာန်းဥပဒေအရနှင့်(သို့မဟုတ်) စည်းမျဉ်းစည်းကမ်းအရ လိုက်နာဆောင်ရွက်ရန် အထူးတာဝန်များရှိပါသည်။ ထိုသတ်မှတ်ချက်များသည် ကုမ္ပဏီတစ်ခု၏ ကိုယ်ပိုင်မူဝါဒများ၏ အစိတ်အပိုင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံရန် ငွေကြေးပံ့ပိုးမည့် အဖွဲ့အစည်းများက လိုလားသည့် အခြေအနေများလည်းဖြစ်နိုင်ပါသည်။ ထို့အပြင် ဥပဒေ သို့မဟုတ် နိုင်ငံတကာ သဘောစာချုပ်များ (လေးထောင့်ကွက် ၆ ကိုကြည့်ပါ) အရ ဒေသခံ တိုင်းရင်းသားအုပ်စုများနှင့် တိုင်ပင်ဆွေးနွေးရန် အစိုးရ၏ တာဝန်ဝတ္တရားများနှင့် အစိုးရက တာဝန်ဝတ္တရားအရချိတ်ဆက်ဆောင်ရွက်မှုပုံစံသည် ပုဂ္ဂလိကကဏ္ဍ ကုမ္ပဏီများအတွက် သက်ရောက်မှုများရှိနိုင်ပါသည်။

ဒေသခံတိုင်းရင်းသားများနှင့် တိုင်ပင်ဆွေးနွေးရာတွင် ထုတ်ပြန်အသိပေးမည့် စာရွက်စာတမ်းများကို ဒီဇိုင်းပြုလုပ်စဉ်အတွင်းနှင့် လူများ၊ အုပ်စုများအနေနှင့် မည်ကဲ့သို့ လက်လှမ်းမီလိုကြမည်၊ တိုင်ပင်ဆွေးနွေးမှုများကို မည်သည့်နေရာတွင်ဆောင်ရွက်မည်၊ တိုင်ပင်ဆွေးနွေးမှုဆိုင်ရာ ရှေ့နောက်အစီအစဉ်လိုက် (မည်သည့်ကိစ္စ၊ မည်သူတို့ကို မည်သည့်အစဉ်အလိုက် ဆွေးနွေးမည်နှင့်ပတ်သက်၍ မျှော်မှန်းချက်များ ရှိနိုင်မည်)နှင့် တိုင်ပင်ဆွေးနွေးစဉ်အတွင်း အသုံးပြုမည့်ဘာသာစကားနှင့် ပုံစံများကို ဆုံးဖြတ်စဉ်တွင် ဒေသခံတိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုသည့်အစုအဖွဲ့များ ပါဝင်နိုင်ရန် ကြိုးစားပေးပါ။ စုပေါင်းဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များနှင့် စီမံကိန်း၏ ဘဝကာလအတွက် ရေးဆွဲထားသည့် ထိခိုက်နစ်နာမှုများ တိုင်ကြား ဖြေရှင်းရေးယန္တယား(Grievance Mechanism) သည် သင့်လျော်ကြောင်းနှင့် အများအလွယ်တကူအသုံးပြုနိုင်ကြောင်း သေချာစေရေး ပြန်လည်သုံးသပ်နိုင်ရန် လုံလောက်သည့်အချိန်ပေးပါ။

## ✔ ဖြစ်နိုင်လျှင် ကြိုတင် တိုင်ပင်ဆွေးနွေးပါ

တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်မစတင်မီ တိုင်ပင်ဆွေးနွေးရမည့်ကိစ္စများကို သတ်မှတ်နိုင်ရန် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများအား ယင်းတို့၏ ကိုယ်စားပြုအစုအဖွဲ့ မှတဆင့် ဖြစ်နိုင်သမျှ ကြိုတင်တိုင်ပင်ဆွေးနွေးပါ။ တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်၏ အစီအစဉ်နှင့် ပါဝင်မည့် အကြောင်းအရာများကို ထိုလုပ်ငန်းစဉ်အတွင်း ကန့်သတ်ထားသင့်ပြီး ပြုပြင်ပြောင်းလဲမှုမလုပ်ရဟု မဆိုလိုပါ။ သို့သော် အဓိကအဖွဲ့အစည်းများ (အစိုးရ၊ ဒေသခံမျိုးနွယ်စုများ၏ ကိုယ်စားလှယ်များနှင့် စီမံကိန်းကုမ္ပဏီ)က အဓိကကိစ္စရပ်များနှင့်ပတ်သက်၍ အစကတည်းက ရှင်းလင်းပြတ်သားသည့် အမြင်မျိုးရှိရန် လိုအပ်သည်။ တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်မတိုင်မီ စဉ်းစားသင့်သည့် မေးခွန်းပေါင်းများစွာရှိပါသည်။ ၎င်းတို့မှာ–

- **ထိခိုက်နစ်နာရသည့်** တိုင်းရင်းသားမျိုးနွယ်စုများမှာ မည်သူနည်း
- မည်သူတို့သည် တိုင်ပင်ဆွေးနွေးမှုအတွက် **သင့်လျော်သည့် ကိုယ်စားလှယ်များ** ဖြစ်သနည်း
- တန်းတူညီတူ တိုင်ပင်ဆွေးနွေးနိုင်စေရန်အတွက် ကိုယ်စားလှယ်များသည် ကျွမ်းကျင်သူများ သို့မဟုတ် အခြားသူများထံမှ **အထောက်အပံ့များ** လိုအပ်ပါသလား
- **မည့်သည့်ကိစ္စများ**ကို အဓိက တိုင်ပင်ဆွေးနွေးမည်နည်း
- **မည်သည့် နည်းလမ်းများနှင့် ပုံစံများ**သည် တိုင်ပင်ဆွေးနွေးမှုကိုအထိရောက်ဆုံး ဖြစ်စေမည်နည်း
- တိုင်ပင်ခြင်းနှင့် ဆွေးနွေးခြင်းအတွက် **လျာထားသတ်မှတ်သော အချိန်ကာလ** ဘယ်လောက်လဲ
- ဥပဒေနှင့်(သို့မဟုတ်) နိုင်ငံတကာသဘောတူစာချုပ် များအရ **အစိုးရသည်** တိုင်ပင်ဆွေးနွေးရန် **ဝတ္တရားရှိပါသလား၊** ချိတ်ဆက်ဆောင်ရွက်မှု ပြုလုပ်နေပြီလား
- အနာဂတ်တွင်ဆောင်ရွက်မည့် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်များတွင် **အစိုးရသည် မည်သည့် အခန်းကဏ္ဍ**မှာ ပါဝင်သင့်သနည်း
- လုပ်ငန်းစဉ်သည် **လွတ်လပ်စွာ၊ ကြိုတင် အသိပေးဆောင်ရွက်ကြောင်း** သေချာစေရန် မည်သည့်အဆင့်များကို ဆောင်ရွက်ရန်လိုပါသလဲ

☐ ☐ တိုင်ပင်ဆွေးနွေးမည့်ကိစ္စများကို ကြိုတင်သတ်မှတ်နိုင်ရန် ဒေသခံ တိုင်းရင်းသားမျိုးနွယ်စုများအား ယင်းတို့၏ ကိုယ်စားပြု အစုအဖွဲ့များမှတဆင့် "ကြိုတင်တိုင်ပင်ဆွေးနွေးပါ။"

**လေးထောင့်ကွက် ၆ ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ သဘောတူစာချုပ်အမှတ် ၁၆၉ အရ ဒေသခံတိုင်းရင်းသားများ၊ မျိုးနွယ်စုများနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ချက်များ**

*၁၉၈၉ ခုနှစ်တွင် လက်ခံကျင့်သုံးခဲ့သည့် ဒေသခံတိုင်းရင်းသားလူမျိုးစုများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ သဘောတူ စာချုပ်အမှတ် ၁၆၉ သည် နိုင်ငံအစိုးရများအား လမ်းညွှန်ထားပြီး၊ စာချုပ်ကိုတရားဝင်လက်ခံအတည်ပြုခဲ့သည့် နိုင်ငံ ၁၇ နိုင်ငံအပေါ် စည်းနှောင်မှုရှိပါသည်။ ယင်းတို့အနက် ၁၃ နိုင်ငံမှာ လက်တင်အမေရိကနိုင်ငံများဖြစ်သည်။*

## အပိုဒ် ၆

၁။ ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးရာတွင် အစိုးရများသည်

(က) ဒေသခံတိုင်းရင်းသားလူမျိုးစုများအား တိုက်ရိုက် သက်ရောက်နိုင်သည့် ဥပဒေပြုရေးဆိုင်ရာ သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ စဉ်းစားဆောင်ရွက်သည့်အခါ ၎င်းတို့ကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများမှတဆင့်၊ သင့်လျော်သည့် လုပ်ထုံးလုပ်နည်းများသုံး၍ တိုင်ပင်ဆွေးနွေးရမည်။

( ခ ) ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများနှင့် သက်ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များအတွက် တာဝန်ရှိသည့်၊ ရွေးကောက်တင်မြှောက်သည့်စနစ်အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများတွင် ဆုံးဖြတ်ချက်ချမှတ်ရသည့် အဆင့်အားလုံးတွင် ထိုဒေသခံတိုင်းရင်းသားမျိုးနွယ်စုများက အနိမ့်ဆုံးအနေနှင့် အခြားသောကဏ္ဍများက ပါဝင်သည့် လူဦးရေပမာဏအတိုင်း လွတ်လပ်စွာပါဝင်ဆုံးဖြတ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ချမှတ်ဆောင်ရွက်ရမည်။

( ဂ ) ထိုဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ကိုယ်ပိုင် အဖွဲ့အစည်းများ/ အစပျိုးအစီအစဉ်များ (Initia-tives) အပြည့်အဝ ဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းများ ချမှတ်ဆောင်ရွက်ရမည်။ ဆီလျော်သည့် ကိစ္စများတွင် ထိုရည်ရွယ်ချက်အတွက် လိုအပ်မည့် အရင်းအမြစ်များကို ပံ့ပိုးပေးရမည်။

၂။ တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရာတွင် အဆိုပြုအစီအမံများအပေါ် သဘောတူညီမှုရရန် သို့မဟုတ် ခွင့်ပြုချက်ရရန် ရည်ရွယ်၍ ဤသဘောတူစာချုပ်ကို လိုက်နာသောအားဖြင့် ရိုးဖြောင့်စွာနှင့် အခြေအနေနှင့် ဆီလျော်သည့် ပုံစံဖြင့်ဆောင်ရွက်ရမည်။

## အပိုဒ် ၁၅

၁။ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများ၏ မြေနေရာများနှင့် ဆက်စပ်သည့် သဘာဝအရင်းအမြစ်များဆိုင်ရာ အခွင့်အရေးများကို အထူးကာကွယ် စောင့်ရှောက်ရမည်။ ထိုအခွင့်အရေးများအနက် အရင်းအမြစ်များကို အသုံးချခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် ထိုသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့် ပါဝင်သည်။

၂။ အစိုးရသည် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ မြေများရှိ ဓာတ်သတ္တုများ သို့မဟုတ် မြေအောက်သယံဇာတများ ရယူပိုင်ဆိုင်မှု သို့မဟုတ် အခြားအရင်းအမြစ်များ နှင့်ဆိုင်သည့် အခွင့်အရေးများကို ရယူသည့် ကိစ္စရပ်များတွင် ၎င်းတို့၏ မြေများတွင်ရှိသည့် သယံဇာတများကို စူးစမ်းလေ့လာခြင်း သို့မဟုတ် ဖော်ထုတ်အသုံးချခြင်းဆိုင်ရာ မည်သည့်လုပ်ငန်းအစီအစဉ်ကိုမဆို မဆောင်ရွက်မီ သို့မဟုတ် ခွင့်မပြုမီ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများ၏ အကျိုးစီးပွား ယုတ်လျော့ထိခိုက်နစ်နာခြင်း ရှိမရှိနှင့် မည်သည့် အတိုင်းအတာအထိ နစ်နာမည်ဆိုသည်ကို သေချာစေရေးအတွက် ထိုဒေသခံတိုင်းရင်းသား မျိုးနွယ်စုများနှင့် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထားရှိရမည် သို့မဟုတ် ထိန်းသိမ်းမွမ်းမံထားရမည်။ သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများသည် ထိုလုပ်ငန်းများကြောင့် ရရှိလာသော အကျိုးကျေးဇူးများကို ဖြစ်နိုင်သည့်အခါတိုင်း ပါဝင်ခံစားသင့်သည်။ ထိုလုပ်ငန်းဆောင်ရွက်မှုများကြောင့် ရေရှည်ကျန်ရှိနေမည့် ထိခိုက်နစ်နာမှုများအတွက် မျှတသည့် လျော်ကြေးငွေကိုလည်း လက်ခံ ရရှိစေရမည်။

*Source: www.ilo.org See also: "ILO Convention 169 and the Private Sector: Questions and Answers for IFC Clients" at www.ifc.org/enviro*

## ✔ သင့်လျော်သည့်ကိုယ်စားလှယ်များကို ရွေးချယ်သတ်မှတ်ပါ

ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ကိုယ်စားလှယ်များကို အထူးဂရုပြုသတ်မှတ် ရွေးချယ်ခြင်းသည် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ် ရေးဆွဲရာတွင် မရှိမဖြစ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဒေသခံလူထု အသိုင်းအဝိုင်းအတွင်း၌ အသိုင်းအဝိုင်းတစ်ခုထက်ပို၍ရှိနိုင်သည့် သို့မဟုတ် မတူညီသည့် တိုင်းရင်းသားများ သို့မဟုတ် အခြားအုပ်စုများသည် တစ်ခုထက် ပိုရှိနိုင်သည့်အတွက် ရိုးရှင်းလွယ်ကူသည့် ချိတ်ဆက်ဆောင်ရွက်မှုပုံစံတစ်မျိုးတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ တိုင်ပင်ဆွေးနွေးဆောင်ရွက်မှုများအတွက် တစ်ဦးချင်းနှင့် အုပ်စုအလိုက်ရှိကြသော ကိုယ်စားလှယ်များစွာကို ဖိတ်ကြားဆောင်ရွက်သင့်သည်။ ကိုယ်စားလှယ်များကို ရွေးချယ်သည့်အခါတွင် အောက်ပါတို့ကို ထည့်စဉ်းစားလျှင် အသုံးဝင်နိုင်ပါသည်–

- စီမံကိန်း သို့မဟုတ် အစီအမံကြောင့် ထိခိုက်ခံရသည့် ပိုင်နက်နယ်မြေ၏ စီရင်ပိုင်ခွင့်အတွင်း **ရွေးချယ်တင်မြှောက်ထားသည့် အရာရှိများ**မှာ မည်သူများဖြစ်ကြသနည်း။ ထိုအာဏာပိုင်များက ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများကို **မည်သည့် အတိုင်းအတာအထိ လုံလုံလောက်လောက်ကိုယ်စားပြု**ပါသလဲ။
- ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ **ရိုးရာဓလေ့အရ အကြီးအကဲများ**မှာ မည်သူဖြစ်ပါသနည်း။
- ဒေသခံတိုင်းရင်းသားအုပ်စုများမှာ တပြေးညီ အမျိုးအစားတစ်ခုတည်းရှိမည် မဟုတ်သည့်အတွက် **အမျိုးသမီးများ၊ လူငယ်များနှင့် သက်ကြီးဘိုးဘွားများ**ကဲ့သို့ ကိုယ်စားပြုမခံရသည့် အုပ်စုများရှိပါသလား။ ထိုအုပ်စုများကိုပါ တစ်ပြိုင်တည်း ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသလား။

**ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ကိုယ်စားလှယ်များကို ဂရုစိုက်ရွေးချယ်သတ်မှတ်ခြင်းသည် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ် ရေးဆွဲရာတွင် မရှိမဖြစ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။**

## ✔ တိုင်ပင်ဆွေးနွေးရန် ဦးစားပေးကိစ္စရပ်များကို ရွေးချယ် သတ်မှတ်ပါ

ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ကိုယ်စားလှယ်များ၊ ယင်းတို့နှင့် အတူလုပ်ကိုင်နေသော အခြားအဖွဲ့များ၊ သို့မဟုတ် အဖွဲ့အစည်းများနှင့် ကြိုတင် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်က ဒေသခံတိုင်းရင်းသားများအတွက် အထူးအရေးပါနိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်သည့် အသိအမြင်များ ပံ့ပိုးပေးနိုင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်အတွက် **အချိန်ဇယား**နှင့် ထိုအချိန်ဇယားသည် ဒေသခံတိုင်းရင်းသားအုပ်စုများအတွင်း ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ၏ လက္ခဏာရပ်များနှင့် မည်သို့ဆက်စပ်မှုရှိကြောင်း
- စီမံကိန်း၏ **သဘောသဘာဝ**၊ စီမံကိန်းတည်ရှိမည့် ဧရိယာများ၊ ဒေသခံတိုင်းရင်းသားများ၊ နယ်မြေများနှင့် သယံဇာတများအပေါ်တွင် ကျရောက်နိုင်သည့် **ဆိုးဝါးသောထိခိုက်သက်ရောက်မှုများ**

- စီမံကိန်းကြောင့် ထိခိုက်သက်ရောက်ခံရမည့် ဒေသခံတိုင်းရင်းသားများကို **ရွေးချယ်သတ်မှတ်ရန်** အသုံးပြုသည့် နည်းလမ်းများနှင့် စံညွှန်းများ
- စီမံကိန်း၏ **ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်ရန်** အသုံးပြုမည့်နည်းလမ်းများနှင့် ထိုနည်းလမ်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ **ပါဝင်ဆောင်ရွက်ခြင်း**
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဆန်းစစ် လေ့လာမှုများ ဆောင်ရွက်သည့်အခါ **ဒေသခံ တိုင်းရင်းသား နယ်မြေများ**သို့ ဝင်ရောက်ခွင့်
- မြေသိမ်းယူခြင်းနှင့် **လျော်ကြေးငွေဆိုင်ရာ** လုပ်ငန်းစဉ်များ
- **ယဉ်ကျေးမှုအရ ထိရှလွယ်သည့်နေရာများ**ကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ကာကွယ်ခြင်း
- **အခြားဒေသမှ အလုပ်သမားများ စုပြုံဝင်ရောက်လာခြင်း**ကြောင့် ဖြစ်ပေါ်နိုင်သော ထိခိုက်သက်ရောက်မှုများကို ထိန်းချုပ်ခြင်း
- ဒေသခံတိုင်းရင်းသားအုပ်စု၏အမြင်အရ စီမံကိန်း၏**အကျိုးကျေးဇူးများ**
- ကြိုတင်အသိပေး ပါဝင်ဆောင်ရွက်နိုင်စေရေး **စွမ်းဆောင်ရည် တည်ဆောက်ပေးမှုများ**နှင့်(သို့မဟုတ်) ဥပဒေ အကြံဉာဏ်များကို လက်လှမ်းမီခြင်း/အလွယ်အကူ အသုံးပြုနိုင်ခြင်း

## ✔ ယဉ်ကျေးမှုဆိုင်ရာသင့်လျော်မှုကို အထူးဂရုပြုပါ

ဒေသခံတိုင်းရင်းသားအုပ်စုများအား ကြိုတင်အသိပေးပါဝင်ဆောင်ရွက်စေခြင်းကို ကူညီမြှင့်တင်နိုင်ရန် သတင်းအချက်အလက်များ ပေးပို့ဆက်သွယ်သည့်ပုံစံနှင့် အပြုအမူကို အထူးဂရုပြုသင့်ပါသည်။ ရည်ရွယ်ချက်မှာ ယဉ်ကျေးမှုနှင့် ဆီလျော်ကြောင်းသေချာစေရန်၊ ထိခိုက်နစ်နာသည့် ရပ်ရွာလူထုအတွက် စီမံကိန်း၏ ထိခိုက်သက်ရောက်မှုများအပေါ် အမှန်တကယ်နားလည်စေရန်နှင့် ထိခိုက်မှုလျော့ချရေး အဆိုပြုအစီအမံများနှင့် အကျိုးကျေးဇူးများအပေါ် စစ်မှန်သည့်နားလည်မှုရရှိနိုင်ရေး ကူညီရန်တို့ဖြစ်သည်။ ထိုသို့ပြုလုပ်နိုင်ရန် ဆောင်ရွက်ရမည့် နည်းလမ်းများမှာ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို သင့်တော်သည့် ဒေသခံတိုင်းရင်းသားဘာသာ စကားများသို့ ဘာသာပြန်ဆိုခြင်း၊ နှုတ်ဖြင့် တိုက်ရိုက်ပြောဆိုသည့် ဓလေ့များကို ထည့်သွင်းစဉ်းစားခြင်းနှင့် သင့်လျော်ပါက ရုပ်မြင်/သံကြားအထောက်အကူများ အသုံးပြုခြင်းတို့ဖြစ်သည်။ စာရွက်စာတမ်းကို အခြေမခံသည့် ဆက်သွယ်ရေးနည်းလမ်းများ၊ ဥပမာ– ဒေသခံလူထုအား လမ်းညွှန်မှုပေးသည့်အစည်းအဝေးများနှင့် ရေဒီယိုအစီအစဉ်များကဲ့သို့ နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ရန်လည်း လိုအပ်နိုင်ပါသည်။ မေးလိုသောအဓိကမေးခွန်းမှာ– ဒေသခံလူထုအားလုံးသည် စီမံကိန်းက ၎င်းတို့အပေါ် မည်သို့ထိခိုက်သက်ရောက်နိုင်ကြောင်း သိနားလည်မှု ရှိ၊ မရှိ နှင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ (ထိုမှတဆင့် ၎င်းတို့ ရနိုင်ဖွယ်ရှိသည့် အကျိုးကျေးဇူးများသို့ ဦးတည်သွားနိုင်သည်)နှင့် ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိပင်ဖြစ်သည်။

## ✔ ထုတ်ဖော်အသိပေးခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ တာဝန်များကို အစိုးရနှင့် မျှဝေပါ

သဘာဝအရင်းအမြစ်ထုတ်ယူခြင်းကဲ့သို့ အချို့ကဏ္ဍများ၌ စီမံကိန်းတွင် ပုဂ္ဂလိကကုမ္ပဏီ ပါဝင်မလာသေးမီ ဒေသခံတိုင်းရင်းသားအုပ်စုများနှင့် အစိုးရတို့ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်နိုင်သည်။ ထိုသို့ ချိတ်ဆက်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားအုပ်စုများအား တိုင်ပင်ဆွေးနွေးသည့်ပုံစံနှင့် ထိုသို့တိုင်ပင်ဆွေးနွေးပြီးနောက် ကျေနပ်အားရမှုမည်မျှ ရသည်ဆိုသည့်အပေါ်မူတည်၍ ဒေသခံတိုင်းရင်းသားအုပ်စုများအပေါ် ထိခိုက်နိုင်သည့် ဧရိယာအတွင်း စူးစမ်းလေ့လာခွင့် လိုင်စင်ရရှိပြီး စီမံကိန်းကုမ္ပဏီအတွက် တိုက်ရိုက်ဂယက်ရိုက်ခတ်မှုများရှိနိုင်သည်။ သို့ဖြစ်၍ မည်သည့်အဆင့်တွင် ထိုကဲ့သို့ချိတ်ဆက်ဆောင်ရွက်မှုပြုလုပ်ခဲ့ကြောင်း၊ မည်သည့် ကတိကဝတ်များပြုခဲ့ကြောင်း (သို့မဟုတ်) မဖြေရှင်းနိုင်သေးသော မည်သည့်ကိစ္စများရှိနေသေးကြောင်းကို သိရှိနိုင်ရန် ဒေသခံတိုင်းရင်းသားများနှင့် ကြိုတင်ဆွေးနွေးမှုများကို ဆောင်ရွက်ထားရန် အကြံပြုပါသည်။ လုပ်ငန်းစဉ်၏ ရောက်ရှိနေသည့် အဆင့်ပေါ်မူတည်၍ တိုင်ပင်ဆွေးနွေးမှုအချို့ကို အစိုးရက (သို့မဟုတ်) အစိုးရ ကြီးကြပ်မှုအောက်တွင်ဆောင်ရွက်ရမည်ဖြစ်ပြီး လက်တွေ့ စူးစမ်းလေ့လာမှု သို့မဟုတ် ထုတ်ယူမှုကာလများတွင် ပြုလုပ်သည့်ဆွေးနွေးမှုကိုမူ ပုဂ္ဂလိက ကုမ္ပဏီက ပိုမိုလွတ်လပ်သည့် ပုံစံဟန်ပန်ဖြင့်ဆောင်ရွက်နိုင်သည်။ ဥပမာ– သဘာဝအရင်းအမြစ်များနှင့်ဆိုင်သည့် စီမံကိန်းတစ်ခုဖြစ်လျှင် အောက်ဖော်ပြပါလုပ်ငန်းအဆင့်များတွင် ထိခိုက်ခံရနိုင်ရှိသည့် ဒေသခံတိုင်းရင်းသားအုပ်စုများနှင့် တိုင်ပင်ဆွေးနွေးမှုသည် အထူးအရေးပါနိုင်ပါသည်။ ဤစာရင်းသည် စေ့စပ် ပြည့်စုံသည့် စာရင်းတစ်ခု မဟုတ်သော်လည်း ထိုစာရင်းတွင် တိုင်ပင်ဆွေးနွေးမှုအား ဘက်စုံချုံငုံစဉ်းစား ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်တစ်ခုအဖြစ် အကောင်းဆုံး ရှုမြင်ဖော်ပြထားပါသည်–

- စူးစမ်းလေ့လာမှုပြုလုပ်ရန်အလားအလာရှိသည့် ဧရိယာအတွက် မူလ ဖွံ့ဖြိုးရေးအစီအစဉ်
- ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ စူးစမ်းလေ့လာရေးလိုင်စင် ခွင့်ပြုပေးခြင်း
- စီမံကိန်း၏ စူးစမ်းလေ့လာရေးအဆင့်စတင်ခြင်း
- စူးစမ်းလေ့လာရေးအဆင့်ပြီးဆုံးခြင်း
- ပုဂ္ဂလိက ကုမ္ပဏီတစ်ခုသို့ ထုတ်လုပ်ခြင်း၊ အသုံးချခြင်းနှင့် ထုတ်ယူခြင်း သို့မဟုတ် တူးဖော်ခြင်းလိုင်စင်တစ်ခုကို ခွင့်ပြုပေးခြင်း
- ထုတ်လုပ်ခြင်း သို့မဟုတ် ထုတ်ယူမှုစတင်ခြင်း
- စီမံကိန်း၏အပြောင်းအလဲများ(ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း စသည်)

## SAKHALIN ENERGY INVESTMENT COMPANY။ ဒေသခံတိုင်းရင်းသားလူနည်းစုများ ဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ်

Sakhalin အမှတ် (၂) စီမံကိန်းသည် ဝေးကွာလှသည့် ရုရှားပြည်ထောင်စု အရှေ့ပိုင်းရှိ Sakhalin ကျွန်းနှင့် အနီးတဝိုက် ကမ်းလွန်ရေနံတွင်းများမှ ရေနံနှင့် ဓာတ်ငွေ့တူးဖော်ခြင်း၊ အဆင့်ဆင့်ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းတို့ ပြုလုပ်နေသော ကမ်းနီးနှင့် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ဘက်စုံစီမံကိန်းတစ်ခု ဖြစ်သည်။ ကျွန်းပေါ်တွင် Nivkhi ၊ Uilta ၊ Evenki နှင့် Nanai ဟူ၍ ဒေသခံတိုင်းရင်းသားလူမျိုးစု (၄) စုရှိပြီး လူဦးရေ ၃၅၀၀ ခန့်ရှိပါသည်။ စီမံကိန်းကြောင့် အချို့မှာ တိုက်ရိုက်ထိခိုက်မှုခံရသလို အချို့မှာ သွယ်ဝိုက်ထိခိုက်ခံရသည်။ စီမံကိန်းကြောင့် ထိခိုက်နစ်နာမှု မရှိသူများလည်း ရှိပါသည်။ စီမံကိန်းအတွက် ချေးငွေထုတ်ပေးရန် အလားအလာရှိသူများ၏ မူဝါဒရေးရာသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်နှင့် Sakhalin ကျွန်းပေါ်ရှိ ရေနံနှင့် ဓာတ်ငွေ့လုပ်ကိုင်သူများအားလုံးကို လိုက်လံ ကန့်ကွက်နေသည့် ကျွန်းပေါ်ရှိ ဒေသခံတိုင်းရင်းသားများနှင့် ဆက်ဆံရေးကို မြှင့်တင်နိုင်ရန်အတွက် Sakhalin Energy Investment Company (SEIC) သည် ဒေသခံတိုင်းရင်းသားလူနည်းစုများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(Sustainable Indigenous Minorities Development Plan) တစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ ယင်း အစီအစဉ်၏ ကျယ်ပြန့်သည့် ရည်ရွယ်ချက် (၂) ခုမှာ – ဒေသခံ တိုင်းရင်းသားများအပေါ် စီမံကိန်း၏ ထိခိုက်မှုများကို လျှော့ချရန်နှင့် ဒေသခံ တိုင်းရင်းသားများထံသို့ လူမှုစီးပွားအကျိုးကျေးဇူးများ ပေးအပ်နိုင်မည့် မူဘောင်တစ်ခု ထူထောင်နိုင်ရန်တို့ဖြစ်ကြသည်။

### တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်

Sakhalin ကျွန်းပေါ်ရှိ ဒေသခံတိုင်းရင်းသားများနှင့် ရေနံနှင့် ဓာတ်ငွေ့ ကုမ္ပဏီအားလုံးအကြား ဆက်ဆံရေးသည် အကောင်းဆုံး အနေအထားသို့ မရောက်ခဲ့သဖြင့် ဒေသခံလူထုအနေနှင့် စီမံကိန်းကို ကိုယ်ပိုင်လုပ်ငန်းသဖွယ် ပိုမိုသဘောထား ပါဝင်ဆောင်ရွက်စေရေးအတွက် အစီအစဉ်ရေးဆွဲ ဆောင်ရွက်ရာ၌ ဒေသခံများ ဖြစ်နိုင်သမျှ ပါဝင်စေရန် စီမံကိန်းက ဆုံးဖြတ်ခဲ့သည်။ သို့ဖြစ်၍ လုပ်ငန်းစဉ်တွင် Sakhalin ဒေသခံလူနည်းစု ခေါင်းဆောင်များသာမက ထိုသို့မလုပ်လျှင် ကုမ္ပဏီနှင့်(သို့မဟုတ်) အာဏာပိုင်များနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ရန် အခွင့်အရေး မရှိနိုင်သည့် သာမန်လူထု ခေါင်းဆောင်များလည်း ပါဝင်ခဲ့သည်။

**ပထမအကြိမ် တိုင်ပင်ဆွေးနွေးပွဲများ**သည် အကျိုးစီးပွားမျှဝေခံစားခြင်း အပိုင်းတွင် ဦးစားပေးမှုများကို သေချာအောင် လေ့လာရန် အဓိကထားခဲ့ပြီး ထိခိုက်မှုလျှော့ချရေးအစီအစဉ်အတွက် အချက်အလက်များ ကောက်ယူရန်အတွက်ပါ အသုံးချခဲ့ပါသည်။ စီမံကိန်းကြောင့် တိုက်ရိုက်ထိခိုက်မှုခံရသည့် ဒေသခံ တိုင်းရင်းသားအဖွဲ့ဝင်များ၊ အုပ်စုခေါင်းဆောင်များနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် လူဦးရေ ၂၀၀ နီးပါး သို့မဟုတ် ကျွန်းပေါ်ရှိ ဒေသခံတိုင်းရင်းသားလူဦးရေတစ်ခုလုံး၏ ၅ % ကျော် ပါဝင်ခဲ့ကြပါသည်။ လုပ်ငန်းစဉ်၏ သတင်းအချက်အလက်များကို ကုမ္ပဏီ၏ ပုံမှန်လမ်းကြောင်းများ (ဒေသခံ လူထုဆက်ဆံရေး အရာရှိများမှတဆင့်)အပြင် ပုံမှန်မဟုတ်သည့်လမ်းကြောင်းဖြင့်လည်း (မျိုးနွယ်စုများ၏ ကွန်ယက်မှတဆင့်) ဖြန့်ဝေပေးခဲ့သည်။ ကျွန်းပေါ်ရှိ ဒေသခံတိုင်းရင်းသားလူမျိုး စုများမှာ တသမတ်တည်း တူညီကြသည် မဟုတ်ပါ။ ၎င်းတို့၏ တည်နေရာများ၊ အလုပ်ကိုင်များနှင့်

## SAKHALIN ENERGY INVESTMENT COMPANY။

မိသားစုစည်းနှောင်မှုများ ကွဲပြားကြခြင်းကြောင့် မတူညီသည့် မျိုးနွယ်စုများတွင် မတူညီသည့် အမြင်များနှင့် စိတ်ဝင်စားမှုများ ရှိခဲ့ကြပါသည်။ ဒေသခံတိုင်းရင်းသားများနှင့် ဒေသန္တရ အရာရှိများ၊ ရေနံလုပ်ငန်းဆောင်ရွက်သူ အခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ဒေသခံတိုင်းရင်းသား ကျွမ်းကျင်သူများအပြင် အခြားသောပတ်သက်ဆက်နွယ်သူများနှင့် ဒေသခံတိုင်းရင်းသားများအကြား ဆွေးနွေးမှုများဆောင်ရွက်ခဲ့ကြပါသည်။

ဤတိုင်ပင်ဆွေးနွေးမည့်အစီအစဉ်ကို **ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့**အား လမ်းညွှန်မှုနှင့် စိစစ်သုံးသပ်မှုပေးနိုင်ရန် ကုမ္ပဏီဝန်ထမ်းနှင့် အတိုင်ပင်ခံများ၊ ဒေသန္တရအုပ်ချုပ်ရေး ကိုယ်စားလှယ်များနှင့် Sakhalin ဒေသခံတိုင်းရင်းသား လူနည်းစုကောင်စီအဖွဲ့ဝင်များ ပါဝင်သည့်လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထိခိုက်မှုလျှော့ချရေး အစီအမံများ၊ ဒေသခံတိုင်းရင်းသားများ၏ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အကျိုးကျေးဇူးမျှဝေခံစားရန် အခြားပုံစံများအပေါ် အကြံပြုနိုင်ရန် ဒေသန္တရအုပ်ချုပ်ရေးအရာရှိများ၊ ဒေသခံတိုင်းရင်းသားများ၊ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များအပြင် ကုမ္ပဏီဝန်ထမ်း/ အတိုင်ပင်ခံများပါဝင်သည့် လုပ်ငန်းအဖွဲ့ကော်မီတီများကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

ရွေးချယ်ထားသည့် စီမံကိန်းဆိုင်ရာအစိတ်အပိုင်းများနှင့်ဆိုင်သော ယာယီအကြောင်းအရာများကို စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများထံသို့ ပြန်လည်သတင်းပေးပို့ရန် **ဒုတိယအကြိမ် တိုင်ပင်ဆွေးနွေးပွဲများ**ကို ၂၀၀၅ ခုနှစ်၊ နွေဦးကာလအစောပိုင်းတွင် ကျင်းပခဲ့ပါသည်။ ထို့နောက် တတိယအကြိမ်မြောက်ဆွေးနွေးပွဲများကို ၃ လကြာ ကျင်းပခဲ့ပြီး ပြီးခဲ့သည့်ဆွေးနွေးပွဲများမှ ရရှိသောအချက်များကို အခြေခံရေးဆွဲထားသည့် ထိခိုက်မှုလျော့ချရေး အဆိုပြုအစီအမံများနှင့် လူမှုဆိုင်ရာ အကျိုးခံစားခွင့်အစီအစဉ်ကို ပြန်လည်ဆန်းစစ်ခြင်းဟူသည့် ရည်ရွယ်ချက်များ ထားရှိခဲ့သည်။ စီမံကိန်း၏ တိုက်ရိုက်ထိခိုက်မှုမခံစားရသော်လည်း Sakhalin ဒေသခံတိုင်းရင်းသားများအားလုံး ပါဝင်ရေးဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အကျိုးကျေးဇူးမျှဝေခံစားမှုအောက်တွင် အကျုံးဝင်သည့်နယ်မြေများကို တိုးချဲ့ခဲ့ပါသည်။

### တိုင်ပင်ဆွေးနွေးမှုများကို လက်လှမ်းမီစေခြင်း

တိုင်ပင်ဆွေးနွေးပွဲအများစုကို ဆောင်းတွင်းကာလများတွင် ဆောင်ရွက်ခဲ့သဖြင့် သက်ကြီးရွယ်အိုအဖွားများ (babushkas) ကဲ့သို့ အားနည်းထိခိုက်လွယ်သည့် ဒေသခံအဖွဲ့များတက်ရောက်နိုင်စေရန် အတွက် အထူး ဂရုပြုဆောင်ရွက်ရန် လိုအပ်သည့်အခါ အထူးသယ်ယူပို့ဆောင်ရေး အစီအစဉ် သို့မဟုတ် အသက်ကြီး သူများကို ငယ်ရွယ်သူဒေသခံများက အတူလိုက်ပါ စောင့်ရှောက်ပေးရန် စီစဉ်ခဲ့သည်။ ဖြစ်နိုင်သမျှ ဗဟိုအချက်အချာကျသည့်နေရာကို ရွေးချယ်ခဲ့ပြီး အစည်းအဝေးအချိန်များကို တစ်နေ့တာ ငါးဖမ်းပြီးချိန်နှင့်ကိုက်ညီအောင် သတ်မှတ်ခဲ့ပါသည်။

လူထုတွေ့ဆုံပွဲများတွင် မရှိမဖြစ်လိုအပ်သည့် အစားအသောက်နှင့် အဖျော်ယမကာများကိုလည်း ညှော်ခံကျွေးမွေးခဲ့သည်။ လုပ်ငန်းအစီအစဉ်နှင့် တိုက်ရိုက်မသက်ဆိုင်သည့်ကိစ္စပင်ဖြစ်လင့်ကစား

## SAKHALIN ENERGY INVESTMENT COMPANY။

လူတိုင်းသည် မိမိတို့ တစ်ဦးချင်းစီ၏ အမြင်ကိုပြောဆိုနိုင်မည့်အခွင့်အလမ်းရရှိခဲ့သည်။ ယေဘုယျ ပြဿနာများ၊ စိတ်ဆိုးအမျက်ထွက်မှုများကို ပြောပြရင်ဖွင့်နိုင်ရန် တက်ရောက်လာသူများအား အချိန် ပေးခဲ့သည်။ တက်ရောက်သူအားလုံးအား လေးစားစွာဆက်ဆံ၍ ဘုံသဘောတူညီချက်ရရှိရေး အလေး ထားခဲ့သည်။ ဆိုလိုသည်မှာ အစည်းအဝေးကျင်းပချိန် အတန်ငယ်ကြာသွားသော်လည်း တက်ရောက် လာသူများအနေနှင့် ဝင်ရောက်ဆွေးနွေးခွင့်ရ၍ ယင်းတို့ကိုယ် ယင်းတို့အရေးပါသည်ဟု ခံစားရနိုင် စေရန် ဆောင်ရွက်ခဲ့ပါသည်။

### ပါဝင်ဆောင်ရွက်မှုသည် ပိုင်ရှင်စိတ်ဓာတ်ကို အားပေးမြှင့်တင်သည်

Sakhalin ကျွန်းပေါ်ရှိ ဒေသခံတိုင်းရင်းသားအုပ်စုများအားလုံး ပါဝင်ခဲ့သည့် ကျယ်ပြန့်သည့် တိုင်ပင် ဆွေးနွေးမှုလုပ်ငန်းစဉ်များကြောင့် စီမံကိန်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို သဘောတူခဲ့ပြီး စီမံကိန်း စတင်ခဲ့သည့်အချိန်တွင် ကျွန်းသူ၊ ကျွန်းသားများက ၎င်းတို့ကိုယ်တိုင် ရေးဆွဲခဲ့သည့်၊ Sakhalin ကျွန်း ဒေသခံတိုင်းရင်းသားများ၏ လုပ်ငန်းအစီအစဉ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ခံစားခဲ့ကြရသည်။ လုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များက ပုံနှိပ်ဖော်ပြခဲ့သည်မှာ “Sakhalin စွမ်းအင်ကုမ္ပဏီ၏ ဒေသခံ တိုင်းရင်းသား လူနည်းစုများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သည် ယခင်က မကြုံတွေ့ခဲ့ဖူး သော အပြုသဘောဆောင်သည့် ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းဖြစ်သည်။ ၎င်းတွင် စစ်မှန်သည့် ပူးပေါင်း ဆောင်ရွက်မှုပါဝင်သည်။ ဆုံးဖြတ်ချက်များကို စုပေါင်းပြုလုပ်ခဲ့ပြီး ဒေသခံတိုင်းရင်းသားများ ကိုလည်း မိတ်ဖက်များအဖြစ် ညီတူညီမျှ ဆက်ဆံခဲ့သည်။ Sakhalin စွမ်းအင်ကုမ္ပဏီနှင့် ဆွေးနွေးမှု တစ်ခုကို ထူထောင်နိုင်ခဲ့ကြပြီး အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ရန်အတွက် ကျွန်ုပ်တို့အားကူညီခဲ့သည်” ဟူ၍ဖြစ်သည်။

### ပါဝင်ဆောင်ရွက်မှုဖြစ်စေသော လုပ်ငန်းစဉ်တစ်ခု၏ အခြားသောအကျိုးကျေးဇူးများ

ဒေသခံတိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုများနှင့် ဦးစားပေးကိစ္စရပ်များကို တိတိကျကျထင်ဟပ်သည့် လုပ်ငန်းအစီအစဉ်တစ်ခု ပြုလုပ်ခြင်း၏ သိသာထင်ရှားသည့် အကျိုးကျေးဇူးများအပြင် အခြားသော အကျိုးကျေးဇူးများလည်းရှိပါသည်။ ထိုလုပ်ငန်းစဉ်ကိုယ်တိုင်က Sakhalin လူနည်းစုများနှင့် ကုမ္ပဏီတို့ အကြားသာမက အစိုးရအာဏာပိုင်များနှင့် ဒေသခံတိုင်းရင်းသားများကြား ဆက်ဆံရေးများပါ တိုး တက်စေခဲ့သည်။ ကွဲပြားသော ထင်မြင်ယူဆချက်များ မလွဲမရှောင်သာ ရှိနေသေးသော်လည်း ကိစ္စ ရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်သည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုကို ထိုလုပ်ငန်းစဉ်က ထူထောင်ပေးခဲ့သည်။ ထို့အပြင် Sakhalin ဒေသခံ လူနည်းစုခေါင်းဆောင်များသည် ကိုယ့်ကိုကိုယ် ယုံကြည်မှုတိုးတက်လာကြပြီး ၎င်းတို့၏ စွမ်းဆောင်မှုများလည်း မြင့်မားလာခဲ့သည်။ ၎င်းတို့၏ ဒေသခံလူထုကို ဦးဆောင်ရန်နှင့် ရုရှားဖယ်ဒရေးရှင်းနိုင်ငံရှိ တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ကိုယ်စားပြုနိုင်ရန်အတွက် ကျွန်းပေါ်တွင် ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီတစ်ခုခုနှင့် အစိုးရတို့နှင့် ဆက် သွယ်ညှိနှိုင်းရာတွင် လုပ်ပိုင်ခွင့်များပိုမို ရရှိလာသည်ဟု ခံစားကြရသည်။

*Source: Courtesy of European Bank for Reconstruction and Development (EBRD) Staff*

# တိုင်ပင်ဆွေးနွေးရာတွင် ကျား၊မရေးရာများကို ထည့်သွင်းစဉ်းစားခြင်းများ



ဒေသခံလူထုတစ်ခုထံသို့ သင်၏ကုမ္ပဏီ ရောက်ရှိလာခြင်းသည် စီမံကိန်း၏ သဘောသဘာဝနှင့် အရွယ်အစားပေါ်မူတည်၍ အမျိုးမျိုးသော လူတို့၏ဘဝအစိတ်အပိုင်းများအပေါ်ထိခိုက်နိုင်ရန် အလားအလာရှိပါသည်။ ဤနေရာတွင် **အမျိုးသားများနှင့် အမျိုးသမီးများအပေါ် ထိခိုက်ပုံခြင်းမှာ မတူညီနိုင်သည်**ကို သိရှိထားရန် လိုအပ်သည်။ လူ့အဖွဲ့အစည်းအများစု၌ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍများတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် မတူညီသည့် အခန်းကဏ္ဍများမှ ပါဝင်လှုပ်ရှားနေကြပါသည်။ ထိုမတူညီသော၊ ရှုပ်ထွေးသော အခန်းကဏ္ဍများကြောင့် အရင်းအမြစ်များနှင့် ဘဏ္ဍာငွေကြေးများ၊ အဆက်အသွယ်များနှင့် ဆက်ဆံရေးများ၊ တစ်ကိုယ်ရည်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှု၊ အခွင့်အလမ်းများနှင့် အာဏာတို့ကို ရရှိလက်လှမ်းမီမှုတို့မှာ ကွာခြားကြသည်။ အမျိုးသားများအား အဓိကထားတိုင်ပင်ဆွေးနွေးခြင်းသည် အဖြစ်အပျက်ဇာတ်လမ်းများ၏ ထက်ဝက်ခန့်သာ သိရှိနိုင်သည်။ မပြည့်စုံသည့် သတင်းအချက်အလက်များသည် အန္တရာယ်နှင့် အခွင့်အရေးလက်လွတ်ဆုံးရှုံးမှု နှစ်ခုစလုံး ဖြစ်စေနိုင်သည်။ ကုမ္ပဏီအများစုတွင် အမျိုးသမီးများနှင့် အပြည့်အဝတိုင်ပင်ဆွေးနွေးရန် ပျက်ကွက်ခြင်းသည် တမင်ရည်ရွယ်လုပ်ဆောင်ခြင်း မဟုတ်သော်လည်း ထိုသို့ဖြစ်ပျက်ခဲ့ခြင်းမှာ အမျိုးသမီးများအား တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်အတွင်း ချိတ်ဆက်ဆောင်ရွက်ရာ၌ အသိအမြင်ပိုင်းနှင့် ညီညီညွတ်ညွတ် စုဖွဲ့ဆောင်ရွက်မှုများ များသောအားဖြင့် လိုအပ်နေခြင်းကြောင့်ဖြစ်ပါသည်။ သင်၏ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်ထဲသို့ အမျိုးသမီးများ၏ ရှုထောင့်အမြင်များကို မည်ကဲ့သို့ ပိုမိုပြည့်ဝစွာ ပေါင်းစပ်ထည့်သွင်းနိုင်မည့်အကြောင်း စဉ်းစားသည့်အခါ အောက်ဖော်ပြပါ အချက်အလက်များက အကူအညီပေးနိုင်ပါသည်။

## ✔ အားလုံးခြုံငုံ၍မြင်တတ်ပါစေ

အရေးကြီးသည့်ကိစ္စများတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် မတူညီသည့် အလေးထားမှုများနှင့် ရှုထောင့်အမြင်များရှိကြကြောင်း အတွေ့အကြုံများက ဖော်ပြနေပြီး စီမံကိန်းတစ်ခု သို့မဟုတ် လုပ်ငန်းအစီအစဉ်တစ်ခုကလည်း အမျိုးသားနှင့် အမျိုးသမီးများအပေါ် ကွဲပြားစွာ ထိခိုက်သက်ရောက်နိုင်သည်။ အမျိုးသမီးများသည် မမျှတသည့် ဆိုးကျိုးသက်ရောက်မှုများကို ခံစားကြရသည်။ အလေ့အကျင့်ကောင်းများက အမျိုးသမီးများ၏ သဘောထားအမြင်များကို ရှာဖွေရန် တိုက်တွန်းထားပါသည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသမီးတို့၏ အမြင်များသည် စီမံကိန်းနှင့်ဆိုင်သည့် ထိခိုက်နိုင်ခြေများ၊ သက်ရောက်မှုများ၊ အခွင့်အလမ်းများနှင့် ပတ်သက်၍ ပိုမိုပြည့်စုံသည့် သရုပ်သကန်ကို ပံ့ပိုးပေးနိုင်သောကြောင့်ဖြစ်သည်။ ဥပမာ–ကုမ္ပဏီတစ်ခု၏ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များ သို့မဟုတ် မူဝါဒများသည် မရည်ရွယ်ပါပဲ အရက်သောက်သုံးမှုမြင့်မားလာခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများနှင့် ပြည့်တန်ဆာလုပ်ငန်းများကဲ့သို့ သွယ်ဝိုက်

# အမျိုးသားများအား အဓိကထားတိုင်ပင်ဆွေးနွေးခြင်းသည် အဖြစ်အပျက်ဇာတ်လမ်းများ၏ ထက်ဝက်ခန့်သာ သိရှိနိုင်သည်။

ထိခိုက်မှုများမှတဆင့် ဒေသခံလူထုအတွင်း ကျား၊ မ ပါဝင်မှု အပြောင်းအလဲများအပေါ် ထိခိုက် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့မဟုတ် ထိုလုပ်ငန်းအစီအစဉ်များ၊ မူဝါဒများသည် အမျိုးသားများနှင့် အမျိုးသမီးများအကြားရှိ လက်ရှိမညီမျှမှုများကို ပိုမိုဆိုးဝါးသွားစေနိုင်သည်။

အမျိုးသားများနှင့် အမျိုးသမီးများသည် တူညီသည့်ရင်းမြစ်တစ်ခုပေါ်တွင် ကွဲပြားသောအမြင်များ ရှိနိုင်သည်။ ဥပမာအားဖြင့် အမျိုးသားများသည် သစ်တောတစ်တောကို အမဲလိုက်ခြင်းနှင့် သစ်ခုတ်ခြင်းအတွက် အသုံးပြုနိုင်သော်လည်း အမျိုးသမီးများသည် တိရစ္ဆာန် ကျွဲစာနွားစာနှင့် ဆေးဖက်ဝင်အပင်များ ရှာဖွေရန်အတွက် သစ်တောကို မှီခိုနိုင်သည်။ အမျိုးသမီးများ၏အမြင်များကိုထည့်သွင်း စဉ်းစားခြင်းအားဖြင့် ကုမ္ပဏီတစ်ခုသည် ထိခိုက်သက်ရောက်မှုများကို ပိုမိုနားလည်နိုင်၊ ပိုမိုကြိုတင်ခန့်မှန်းနိုင်၊ ထိခိုက်မှုပိုမိုလျော့နည်းနိုင်စေရန် ဆောင်ရွက်နိုင်ပါသည်။ စီမံကိန်း၏ လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များကိုလည်း မြင့်မားစေသည်။ အလုပ်ခန့်ထားရေး၊ လျော်ကြေးပေးရေးနှင့် အကျိုးကျေးဇူးများရရှိရေးဆိုင်ရာ အစီအစဉ်များကို ပုံစံချမှတ်ရာတွင် အမျိုးသမီးများ၏ အမြင်ကိုလည်း ရှာဖွေသင့်သည်။ ထိုလုပ်ငန်းများသည် ပိုမိုမျှတသည့် မျှဝေမှု ဖြစ်စေရန်အတွက် အထူးရည်ရွယ်လုပ်ဆောင်မှုများ လိုအပ်နိုင်ခြင်းကြောင့်ဖြစ်သည်။

## ✔ သင်၏ အချက်အလက်များကို အသေးစိတ်ခွဲခြားပြုစုပါ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဆန်းစစ်လေ့လာမှု လုပ်ငန်းစဉ်တွင် ထိခိုက်နစ်နာရသည့် ဒေသခံလူထုနှင့် အခြားသော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ် သူများထံမှ သတင်းအချက်အလက်များစွာကို ကုမ္ပဏီများက စုဆောင်းကြပါသည်။ မိမိ၏ စီမံကိန်းတွင် ကျား၊ မ မတူညီမှုများကို နားလည်သဘောပေါက်လျက် ထိုအချက်အလက်များကို အကောင်းဆုံး အသုံးပြုနိုင်ရန်၊ ကျား၊ မ အမျိုးအစားပေါ် မူတည်၍ အချက်အလက်များကို ခွဲခြားသင့်သည်။ ဆုံးဖြတ်ချက်ချမှတ်ရန် ရည်ရွယ်ချက်များအတွက် ထိုအချက်အလက်များကို ကုမ္ပဏီကအသုံးပြုရန် အလားအလာ ပိုရှိလေလေ ခွဲခြားပြုစုထားသည့် အချက်အလက်များ ပိုမိုလိုအပ်လေလေဖြစ်သည်။ ဥပမာအားဖြင့် ကုမ္ပဏီတစ်ခုသည် ဒေသခံလူထုအတွက် ပညာရေး သို့မဟုတ် အသေးစားချေးငွေ အစီအစဉ်တစ်ခုကို ထောက်ပံ့လိုပါက ထိုလုပ်ငန်းသည် အမျိုးသားများနှင့် အမျိုးသမီးများကို မည်သို့ကွဲပြားစွာ အကျိုးကျေးဇူးရှိစေမည်ဆိုသည်ကို ပိုမိုနားလည်နိုင်ရန် ထိုပြုစုထားသည့် အချက်အလက်များက ပေးသည့်အသိအမြင်များက ကူညီနိုင်သည်။ သို့မဟုတ် စီမံကိန်းကြောင့် ထိခိုက်မှုခံရသည့် ဒေသခံလူထုအတွင်း၊ အမျိုးသားများက အလုပ်အကိုင်နှင့် အခြေခံ အဆောက်အအုံများကို ပို၍အလေးထားကြသည့်အချိန်တွင် အမျိုးသမီးများက ကျန်းမာရေးနှင့် ပညာရေးများကို အလေးပေးလေ့ရှိခြင်းကြောင့် ကုမ္ပဏီတစ်ခုသည် လူမှုရေးဆိုင်ရာကိစ္စများအတွက် ရင်းနှီးမြှုပ်နှံရန် ၎င်း၏ အရင်း

အမြစ်များကို ခွဲဝေသတ်မှတ်ရန် မည်ကဲ့သို့ရွေးချယ် ရမည်ဆိုသည့်အပေါ် ဂယက်ရိုက်ခတ်မှုများ ရှိနိုင်ပါသည်။ စစ်တမ်းကောက်ယူမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်သည့်အခါ၊ ကျား၊ မ သဘာဝ အားဖြင့် ကိုယ်စားပြုနိုင်သည့် နမူနာအချက်အလက်များ ရရှိရန် လိုအပ်ပါသည်။ တွေ့ဆုံမေးမြန်းမှုအများစုကို "အိမ်ထောင်ဦးစီး" တနည်းအားဖြင့် အမျိုးသားများနှင့်ပြုလုပ်ကြသည်ဖြစ်၍ အမျိုးသမီးများအား တွေ့ဆုံမေးမြန်းထားသည့် အလားတူ နမူနာအချက်အလက်ရရှိရေး နည်းလမ်းရှာရန်လည်းလိုအပ်သည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည်လည်း ဦးတည်ထားရန် အရေးပါသည့် အုပ်စု ဖြစ်ပါသည်။ အကြောင်းမှာ မုဆိုးမများနှင့် ကလေးများကို တစ်ယောက်တည်း အုပ်ထိန်းရသော မိခင်များသည် ဒေသခံလူထုအတွင်း အင်အားနည်းထိခိုက်လွယ်မှု အများဆုံးအိမ်ထောင်စုများကို ကိုယ်စားပြုနိုင်သောကြောင့်ဖြစ်သည်။

## □ □ □ တိုင်ပင်ဆွေးနွေးသည့်နေရာသို့ အမျိုးသမီးများ ပိုမိုလာရောက်ကြစေရန်နည်းလမ်းမှာ အစည်းအဝေးများကို ပိုမိုလက်လှမ်းမီနိုင်ရန်နှင့် အဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

### ✔ အဖွဲ့၏ ဖွဲ့စည်းပါဝင်မှုအချိုးအစားနှင့် အသားပေးမှုကို ဂရုပြုပါ

ယဉ်ကျေးမှုအရ သင့်လျော်သည့် တိုင်ပင်ဆွေးနွေးမှုဆိုသည်မှာ - ရံဖန်ရံခါတွင် အမျိုးသမီးများသည် အခြားသော အမျိုးသမီးများနှင့် စကားပြောဆိုရလျှင် ပို၍သက်သောင့်သက်သာ ရှိနိုင်သည်ဟု ဆိုလိုရင်းဖြစ်သည်။ စစ်တမ်းကောက်ယူသည့်အဖွဲ့များနှင့် လူထုဆက်ဆံရေးအရာရှိများတွင် အမျိုးသမီးအဖွဲ့ဝင်များ ထည့်သွင်းသင့်သည်။ ယင်းတို့သည် (အမျိုးသမီးများနှင့်) ဆွေးနွေးမှုနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နိုင်သည် သို့မဟုတ် လိုအပ်သည့်အခါ အမျိုးသမီးများထံမှ နစ်နာဆုံးရှုံးမှု၊ မကျေနပ်ချက်များကို သိရှိနိုင်သည်။ အမျိုးသမီးများအတွက် ရည်ရွယ်ဆောင်ရွက်သည့် တိုင်ပင်ဆွေးနွေးမှုများတွင် ကုမ္ပဏီ၏ အမျိုးသမီးဝန်ထမ်းကို တာဝန်ပေးထားခြင်းသည် အကူအညီရနိုင်ပြီး ကုမ္ပဏီနှင့် ဒေသခံ အမျိုးသမီးများအကြား ဆက်သွယ်ပေးခြင်းနှင့် ဆက်ဆံရေးထူထောင်ခြင်းအတွက် လမ်းကြောင်းတစ်ခုကို ဖန်တီးပေးနိုင်သည်။ သို့သော် ဤကိစ္စသည် အမျိုးသမီးများနှင့် စပ်လျဉ်းသည့်ကိစ္စ သို့မဟုတ် အမျိုးသမီးများအား ငှားရမ်းရုံကိစ္စမျှသာ မဟုတ်ဘဲ ကျား၊ မ ရေးရာနှင့် ပတ်သက်သည့် အသိအမြင်ရှိပြီး အမျိုးသားနှင့် အမျိုးသမီး နှစ်ဘက်စလုံး၏ အမြင်များကိုဖော်ပြနိုင်သည့် အခြေအနေများဖြစ်အောင် ပံ့ပိုးကူညီနိုင်သည့် အဖွဲ့တစ်ခုထားရှိခြင်းလည်း ဖြစ်ပါသည်။ အတိုင်ပင်ခံပုဂ္ဂိုလ်များသည် ယေဘုယျအားဖြင့် ၎င်းတို့ကို ငှားရမ်းသည့် ကုမ္ပဏီဘက်မှနေ၍ လုပ်ငန်းဦးဆောင်ကြရသဖြင့် ကျား၊ မရေးရာကိစ္စ၏ အရေးပါပုံကို သင့်အဖွဲ့များထံသို့ ပြောဆိုအကြောင်းကြားထားရန်လိုအပ်ပါသည်။

## ✔ တိုင်ပင်ဆွေးနွေးသည့်နေရာသို့ အမျိုးသမီးများ ပိုမိုလာရောက်နိုင်အောင်ပြုလုပ်ပါ။

တိုင်ပင်ဆွေးနွေးသည့်နေရာသို့ အမျိုးသမီးများ ပိုမိုလာရောက်စေရန် နည်းလမ်းမှာ– အစည်းအဝေးပွဲများကို ပိုမိုလက်လှမ်းမီနိုင်ပြီး အဆင်ပြေအောင်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ဥပမာအားဖြင့် အစည်းအဝေးပြုလုပ်သည့်နေရာအနီးတွင် ကလေးထိန်းပေးခြင်း၊ အမျိုးသမီးများအတွက် အဆင်ပြေမည့် နေ့ရက်၊ အချိန်နှင့်နေရာရွေးချယ်ခြင်း အများအားဖြင့် အမျိုးသမီးများပါဝင်ကြသည့် ကွန်ရက်များက ၎င်းတို့၏ အဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်လာအောင် တိုက်တွန်းပေးရန် အဖွဲ့အစည်းများကို တောင်းဆိုခြင်းနှင့် အစည်းအဝေး ကျင်းပသည့်နေရာသို့ အသွားအပြန် သယ်ယူပို့ဆောင်ရေးများ ပံ့ပိုးပေးရန် စဉ်းစားခြင်းတို့ဖြစ်သည်။

## ✔ ထိရောက်သည့် ပံ့ပိုးကူညီမှုများကိုအသုံးပြုပါ

အများပြည်သူပါဝင်သည့်အစည်းအဝေးများ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲ၌ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုတိုးတက်စေရန် အမျိုးမျိုးသောနည်းလမ်းများ အသုံးပြု၍ ပံ့ပိုးပေးနိုင်ပါသည်။ ထိုနည်းလမ်းများမှာ– ဥပမာအားဖြင့် အုပ်စုငယ်များအလိုက်ဆွေးနွေးမှုတွင် အချိန်ပိုပေးခြင်း၊ အမျိုးသမီးများ အုပ်စုအလိုက်လေ့လာဆွေးနွေးစေခြင်း၊ အထူးသဖြင့် “ဤကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးခန်းထဲရှိ အမျိုးသမီးများက မည်ကဲ့သို့ထင်ပါသလဲ။” စသည်ဖြင့် မေးမြန်းခြင်းနှင့်(သို့မဟုတ်) အမျိုးသမီးများ၏ သက်သောင့်သက်သာရှိမှုနှင့် အထောက်အကူပြုနိုင်မှုများ ပိုမိုမြင့်တက်လာစေရန် ကစားနည်းများ၊ ဇာတ်လမ်းဇာတ်ကွက်ဖော်ခြင်းများ သို့မဟုတ် ပုံကားချပ်များကို အသုံးပြုခြင်း တို့ဖြစ်ကြသည်။ အခြားနည်းလမ်းတစ်ခုမှာ အစည်းအဝေး သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲ၏ ပထမအပိုင်းတွင် ဒေသခံအုပ်စုအလိုက်ရေးရာကိစ္စများကို စူးစမ်းရှာဖွေနိုင်ရန် မျက်နှာစုံညီ(Plenary) ဆွေးနွေးခြင်းနှင့် ၎င်းနောက်တွင် လုပ်ငန်းအဖွဲ့ငယ်များ (ဥပမာ – အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်များ၊ အသက်ကြီး ဘိုးဘွားများ) ခွဲခြားပြီး ထိုသီးသန့်အုပ်စုများ၏ စိုးရိမ်ပူပန်မှုများ သို့မဟုတ် အလေးထားသည့်ကိစ္စများကို ပို၍အသေးစိတ်ကျကျ စူးစမ်းလေ့လာစေခြင်း ဖြစ်သည်။

## ✔ အစည်းအဝေးများကို သီးခြားစီပြုလုပ်ပါ

လူမှုအသိုင်းအဝိုင်းအများစုတွင် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများအရ များသောအားဖြင့် သမားရိုးကျ အစည်းအဝေးများ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲများတွင် အမျိုးသမီးများ၏ ပြောဆိုဆွေးနွေးမှုများမှာ ထိထိရောက်ရောက် ကိုယ်စားမပြုခြင်း သို့မဟုတ် မကြားရပဲ ဖြစ်လေ့ရှိရာ အမျိုးသမီးများ၏ ကိုယ်ပိုင်ကိစ္စများနှင့် စိုးရိမ်ပူပန်မှုများကို တင်ပြနိုင်မည့် နေရာတစ်ခုဖန်တီးရန် အထူးဆောင်ရွက်ရမည့်အဆင့်များ လိုအပ်နိုင်ပါသည်။ များသောအားဖြင့်ဆောင်ရွက်လေ့သည့်နည်းလမ်းများမှာ– တူညီသည့် အခြေခံ/ အတွေ့အကြုံရှိသူ အမျိုးသမီးများအား အုပ်စုဖွဲ့၍ အကြောင်းအရာ ခေါင်းစဉ်တစ်ခုတည်းကို ဆွေးနွေးစေခြင်း သို့မဟုတ် သီးခြားရည်ရွယ်ချက်များအတွက် အမျိုးသမီးများနှင့် သီးခြားအစည်းအဝေးများခေါ်ယူခြင်း သို့မဟုတ် အမျိုးသမီးများစွာတက်ရောက်သော ဆောင်ရွက်နေဆဲအစည်းအဝေး တစ်ခုတွင် ထပ်ဆောင်းကိစ္စ တစ်ခုအဖြစ် ခေါ်ယူဆွေးနွေးခြင်းတို့ဖြစ်ကြသည်။ ကျောင်းသားမိဘများ၏ စာသင်ကျောင်း အစည်းအဝေးပွဲများ၊ မိဘများ သို့မဟုတ် မိခင်များ၏ ကလပ်များနှင့် အဖွဲ့အစည်းများ၊ အနုပညာရှင်အုပ်စုများ၊ အမျိုးသမီးသမဝါယမအဖွဲ့များ၊ ကျန်းမာရေးအားပေးမြှင့်တင်သူများနှင့် ဘုရားကျောင်း သို့မဟုတ် အခြားဘာသာရပ်

ဆိုင်ရာအုပ်စုများအပါအဝင်ဖြစ်သည့် အမျိုးမျိုးသော ကွန်ရက်များမှတဆင့် ဖြစ်နိုင်သမျှ အမျိုးသမီးများအား လက်လှမ်းမီနိုင်ရေး ဆောင်ရွက်ရန်အကြံပြုပါသည်။

### ✔ အမျိုးသမီးများအတွက် အရေးပါသောကိစ္စရပ်များကို ဖော်ထုတ်ပါ

အမျိုးသားများနှင့် ၎င်းတို့နှင့် ပတ်သက်မှုအများဆုံးကိစ္စများက ဆွေးနွေးပွဲများအပေါ် လွှမ်းမိုးချုပ်ကိုင်လာသည်ကို အတွေ့များရသည်မှာ မဆန်းပါ။ သို့သော် အမျိုးသမီးများက ဘာကိုပြောဆိုလိုကြပါသလဲ။ အမျိုးသမီးများအတွက် အရေးပါသည့်ကိစ္စများ ဖော်ထုတ်သတ်မှတ်ရန်နှင့် ၎င်းတို့အား သာတူညီမျှဖြစ်ကြောင်း သေချာစေရန် ထိရောက်သည့် ကြားဝင်ဆောင်ရွက်ပေးမှု လိုအပ်နိုင်ပါသည်။ ထိုကြားဝင်ဆောင်ရွက်ပေးမှုများမှာ – အမျိုးသမီးတို့၏ကိစ္စများကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းခြင်း၊ အုပ်စုဆွေးနွေးပွဲများတွင် ဆွေးနွေးခြင်းနှင့် စစ်တမ်းကောက်ယူသည့် မေးခွန်းပုံစံများတွင်ထည့်သွင်းခြင်းတို့ဖြစ်ကြသည်။

### ✔ "အမျိုးသမီးများ" သည် တသတ်မတ်တည်းတူညီကြသော အုပ်စုတစ်ခုမဟုတ်ကြောင်း သတိပြုပါ

အမျိုးသမီးများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ကြိုးစားသည့်အခါ ၎င်းတို့သည် တစ်သားတည်းဖြစ်နေသော အုပ်စုတစ်ခုမဟုတ်ကြောင်း သတိပြုနိုင်လျှင် အထောက်အပံ့ ဖြစ်ပါသည်။ အမျိုးသမီးအားလုံး၏ စိတ်ဝင်စားမှုများ သို့မဟုတ် အလေးထားမှုများသည် မတူညီကြပါ။ ထို့ကြောင့် တိုင်ပင်ဆွေးနွေးမှုများတွင် အမျိုးသမီးများကိုပါဝင်စေသည့်အခါ လူမှုစီးပွားရေး၊ လူမျိုးစုနှင့် ဘာသာရေးဆိုင်ရာ ရှုထောင့်အမြင်ပေါင်းစုံအပေါ် ကိုယ်စားပြုမှု သေချာစေရေး အထူးဂရုပြုရန် လိုအပ်ပါသည်။ အိမ်ထောင်ရေးအခြေအနေနှင့် အသက်အရွယ်သည်လည်း အရေးကြီးသည့်အချက်များ ဖြစ်နိုင်ပါသည်။ လူနည်းစုအုပ်စုများမှ အမျိုးသမီးများကို ကိုယ်စားပြုသည့် NGO အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြုအဖွဲ့အစည်းများကို ရွေးချယ်သတ်မှတ်၍ တိုင်ပင်ဆွေးနွေးခြင်းသည်လည်း အထောက်အကူဖြစ်နိုင်ပါသည်။

**အမျိုးသမီးများအတွက် အရေးပါသည့် ကိစ္စရပ်များကို ဖော်ထုတ်နိုင်ရန်နှင့် ၎င်းတို့အား တန်းတူညီမျှ အလေးပေးမှုများဖြစ်စေရန် ထိရောက်သည့် ကြားဝင်ဆောင်ရွက်မှု လိုအပ်နိုင်ပါသည်။**

## INDO EGYPTIAN ဓာတ်မြေသြဇာကုမ္ပဏီ ။ ကျား၊ မ ရေးရာ ထိရှလွယ်သည့် ဒေသခံလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

**Indo Egyptian Fertilizer Company (IEFC)** ၏ ဓာတ်မြေသြဇာ စက်ရုံနှင့် ကြိတ်ခွဲစက် စီမံကိန်းတစ်ခုအတွက် တိုင်ပင်ဆွေးနွေးမှုနှင့် ဒေသခံလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အတွင်း ကျား၊ မ ရေးရာ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အထူးထိရှလွယ်သည့်ကိစ္စဖြစ်ခဲ့သည်။ စီမံကိန်း၏ တည်နေရာကိုကြည့်လျှင် နိုင်ငံ၏ ဓလေ့ထုံးစံအလွန်ကြီးမားသော နယ်မြေဖြစ်သည့် Edfu နှင့် Luxor တို့၏ အလယ်ဗဟို၊ **အီဂျစ်နိုင်ငံ**၏ အောက်ပိုင်းတွင်တည်ရှိပါသည်။ ဆုံးဖြတ်ချက် ချမှတ်မှု နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွင်း ဒေသခံ အမျိုးသမီးများ ပြောရေးဆိုခွင့်ရရှိစေရန် အတိုင်ပင်ခံများဖြစ်ကြသည့် Cairo University’s Center for Advancement of Post–Graduate Studies and Research in Engineering Studies (CAPSCU) နှင့် Center for Environmental Research and Studies (CERS) တို့သည် လုပ်ငန်းအဆင့်များကို နှိုင်းနှိုင်းချိန်ချိန်ဆောင်ရွက်ခဲ့သည်။ အမျိုးသမီးပါမောက္ခများကိုလည်း အတိုင်ပင်ခံအဖွဲ့တွင် ပါဝင်စေခဲ့သည်။ အဆိုပြုစီမံကိန်းတည်နေရာနှင့် အနီးဆုံး ကျေးရွာ ၃ ရွာတွင် စစ်တမ်းကောက်ယူမှုနှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်၏အစိတ်အပိုင်းအဖြစ် အမျိုးသမီးများသာပါဝင်သည့် သီးသန့်အုပ်စုများနှင့် တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်ခဲ့သည်။ ကုမ္ပဏီမှ ရရှိလာသော အချက်အလက်များကိုလည်း ကျား၊ မ ဆိုင်ရာအပြင် အခြားအကြောင်းအရာများအပေါ်မူတည်၍ ခွဲခြားခဲ့သည်။

ထိုလုပ်ငန်းစဉ်၏ ရလဒ်များအနက် တစ်ခုမှာ – အမျိုးသမီးများ အထူးတလည်မေးမြန်းဆွေးနွေးခဲ့သော ကိစ္စများသည် ရှေ့တန်းသို့ ရောက်လာသည်။ ရပ်ရွာလူထုတစ်ခုလုံးက စီးပွားရေးအခွင့်အလမ်းများ (အထူးသဖြင့် လူငယ်များအတွက်) နှင့် လေထုထဲသို့ ညစ်ညမ်းဓာတ်ငွေ့များ ထုတ်လွှတ်မှုနှင့် ဖုန်မှုန့်များလျှော့ချရေး ရနိုင်သမျှ အကောင်းဆုံးနည်းပညာများ အသုံးပြုနိုင်ရေး အဓိကထား ဆွေးနွေးနေချိန်တွင် အမျိုးသမီးများ၌လည်း မတူကွဲပြားသည့် စိုးရိမ်ပူပန်မှုများရှိခဲ့သည်။ အမျိုးသားများနှင့် မတူဘဲ အမျိုးသမီးများသည် ၎င်းတို့ နယ်မြေအတွင်းသို့ ပြင်ပမှဝင်ရောက်လာသော လုပ်သား အရေအတွက်တိုးမြင့်လာမှု(စက်ရုံအသစ်နှင့်ကြိတ်ခွဲစက်တွင်အင်အားကြီးမား၊များပြားလာသည့်အမျိုးသားလုပ်သား အင်အားစု) နှင့် ပတ်သက်ပြီး ထိခိုက်သက်ရောက်နိုင်မှုများ၊ ထိုပြင်ပလူဦးရေများပြားလာမှုကြောင့် ပညာရေးနှင့် ကျန်းမာရေးစသည့် အခြေခံအဆောက်အဦ(ဝန်ဆောင်မှု)များအပေါ် သက်ရောက်လာမည့် ဖိအားများနှင့် ဆက်စပ်သည့် ထိခိုက်မှုများကို စိုးရိမ်နေခဲ့ကြသည်။

## လေးထောင့်ကွက် ၇ ။ ကျား၊ မ ရေးရာနှင့် ချိတ်ဆက်ဆောင်ရွက်မှုအတွက် အသုံးဝင်မည့် ရည်ညွှန်းကိုးကားစရာများ

CIDA policy and resource materials on Gender Equality
http://www.acdi-cida.gc.ca/CIDAWEB/acdicida.nsf/En/ EMA-218123616-NN9

Gender Checklist, Asian Development Bank
http://www.adb.org/Documents/Manuals/Gender_Checklists/ Resettlement/resettle-ment0300.asp?p=gencheck

Gender Manual, A Practical Guide for Development Policy Makers and Practitioners, Department for International Development
http://www.dfid.gov.uk/pubs/files/gendermanual.pdf#search=%22 gender%20assess-ment%20guide%20DFID%22

Gender and Participation, Bridge – Institute of Development Studies (IDS) UK
http://www.bridge.ids.ac.uk/reports_gend_CEP.html#Participation

Gender Training Manual, Oxfam
http://publications.oxfam.org.uk/oxfam/results.asp?sf_01= CTI-TLE&TAG=&CID=&st_01=gender+training+manual&SORT= SORT_DATE%2FD

OECD Gender Tipsheets
http://www.oecd.org/document/34/0,2340,en_2649_34541_18962 90_1_1_1_1,00.html

# စေ့စပ်ညှိနှိုင်းခြင်းနှင့် မိတ်ဖက် အသွင်ပူးပေါင်းဆောင်ရွက်ခြင်းများ

## ဤအပိုင်းတွင် ဘာတွေပါသလဲ


64 မည်သည့်အချိန်တွင် သင်စေ့စပ်ညှိနှိုင်းရမည်ကို နားလည်ပါ

64 သဘောရိုးဖြင့် စေ့စပ်ညှိနှိုင်းပါ

65 ဆက်ဆံရေးထူထောင်နိုင်စေမည့် စေ့စပ်ညှိနှိုင်းမှုပုံစံကို ရွေးချယ်ပါ

66 ဗျူဟာမြောက်သည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် စေ့စပ်ညှိနှိုင်းပါ



၎င်းတို့၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီသည်ဟု ထင်ရသည့်အခါ သို့မဟုတ် ဒေသခံလူထုများထံမှ ၎င်းတို့က တစ်စုံတစ်ရာ ရလိုသည့်အခါမှသာ လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုပြုသည်ဟု ထင်မြင်ခံရသည့် ကုမ္ပဏီများသည် ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားများကို လျော့ပါးအောင် ဆောင်ရွက်နေခြင်းဖြစ်သည်။



# စေ့စပ်ညှိနှိုင်းခြင်းနှင့် မိတ်ဖက်အသွင်ပူးပေါင်း ဆောင်ရွက်ခြင်းများ

စေ့စပ်ညှိနှိုင်းခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း တို့သည် မတူညီသော်လည်း ပိုမိုကျယ်ပြန့်သော ချိတ်ဆက်ဆောင်ရွက်မှု နယ်ပယ်အဝန်းအဝိုင်းတလျှောက်တွင် ဆက်စပ်နေသည့် လုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။ တိုင်ပင်ဆွေးနွေးမှုသည် အမြင်များနှင့် သတင်းအချက်အလက်များကို ဖလှယ်ရန်ရည်ရွယ်ချက်ဖြင့် ပိုမိုပွင့်လင်းမြင်သာလေ့ရှိပြီး စေ့စပ်ညှိနှိုင်းမှုသည် သက်ဆိုင်ရာကိစ္စတစ်ခု သို့မဟုတ် ကိစ္စများအပေါ်တွင် သဘောတူညီချက်ရရှိရန် ရည်ရွယ်သည်။ ထိရောက်သည့် စေ့စပ်ညှိနှိုင်းမှုသည် သီးသန့်သဘောနှင့် လုပ်လျှင် အောင်မြင်လေ့မရှိသဖြင့် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်မတိုင်မီ ကြိုတင်ဆောင်ရွက်မှုမှတစ်ဆင့် ယုံကြည်လက်ခံနိုင်မှုကို ထူထောင်၍ အခြေခံအလုပ်များကို ချမှတ်ဆောင်ရွက်ရန်လိုအပ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီသည်ဟု ထင်ရသည့်အခါ သို့မဟုတ် ၎င်းတို့က ဒေသခံလူထုထံမှ တစ်စုံတစ်ရာ အလိုရှိသောအခါမှသာ လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ကြသည်ဟု ထင်မြင်ယူဆခံရသည့် ကုမ္ပဏီများသည် ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားများကို လျော့ပါးအောင်ဆောင်ရွက်နေခြင်း ဖြစ်သည်။ တိုင်ပင်ဆွေးနွေးမှုသည် ကုမ္ပဏီနှင့် အနီးနားရှိ ဒေသခံတို့အကြား မျက်နှာချင်းဆိုင် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုမှ တစ်ဆင့် “လူသားချင်းစာနာသည့်” အဖိုးတန်ဆက်ဆံရေး အခွင့်အလမ်းတစ်ရပ်ကို ဖြစ်စေသည့်အပြင် ငြင်းခုံဆွေးနွေးမှုမှတစ်ဆင့် ပိုမိုလက်တွေ့ကျသည့် မျှော်မှန်းချက်များ ဖြစ်ပေါ်လာစေရန် တွန်းအားပေးသည်။ တိုင်ပင်ဆွေးနွေးမှုမရှိလျှင် စီမံကိန်းသည် အကန့်အသတ်မရှိသော ရင်းမြစ်များပိုင်ဆိုင်ပြီး အများနှင့် ကင်းကင်းရှင်းရှင်းနေသော စီမံကိန်းဖြစ်သည်။ ထို့ကြောင့် ယင်းထံမှငွေကြေးဆိုင်ရာ အကျိုးအမြတ်အများဆုံး ယူသင့်သည်ဟု စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများက အလွယ်တကူထင်မြင်သွားနိုင်သည်။ စေ့စပ်ညှိနှိုင်းမှု၊ မိတ်ဘက်အသွင်ပူးပေါင်းဆောင်ရွက်မှုများ – အခြားအရာများစွာနှင့်အတူ – လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံမှုအရည်အသွေးသည် နှစ်ဦးနှစ်ဖက်လက်ခံနိုင်ဖွယ်ရှိသည့် ရလဒ်များ ရရှိစေရန် အဓိကကျသည်။

## ✔ မည်သည့်အချိန်တွင် သင်စေ့စပ်ညှိနှိုင်းရမည်ကို နားလည်ပါ

အချို့သော အခြေအနေများတွင် စေ့စပ်ညှိနှိုင်းမှုသည် အသုံးဝင်ပါသည်။ ကုမ္ပဏီများသည် အများအားဖြင့် လုပ်ငန်းကိစ္စများ ရှေ့ဆက်ဆောင်ရွက်နိုင်ရန် ဥပမာ – မြေနေရာနှင့် အခြားသော အရင်းအမြစ်များနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်များရရှိရေး ဆောင်ရွက်သည့်အခါနှင့် လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သူများ ထံမှ သဘောတူညီချက်တစ်ခု လိုအပ်သည့်အခါတွင် စေ့စပ်ညှိနှိုင်းကြပါသည်။ မြေနေရာကို မဖြစ်မနေ ရယူခြင်းနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းနေရာချထားသည့် ကိစ္စများတွင် စေ့စပ်ညှိနှိုင်းခြင်းသည် ဥပဒေကြောင်း အရ တရားစွဲဆိုမှု ပြင်ပမှနေ၍ လျော်ကြေးငွေအဆင့် (ပမာဏ) သတ်မှတ်ဆုံးဖြတ်နိုင်ရန် ကျေလည်မှုတစ်ခု ရောက်ရှိစေနိုင်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ အခြေအနေတိုင်းတွင် ထိုသို့ ဆောင်ရွက်ရန်မသင့် လျော်သော်လည်း စေ့စပ်ဆွေးနွေးမှုသည် ရွေးချယ်နိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည့်အခါ စေ့စပ်ဆွေးနွေး ခြင်းဖြင့် အချိန်နှင့် ကြိုးနီစနစ်လျော့ချနိုင်ကာ ပိုမိုကောင်းမွန်သည့်ရလဒ်တစ်ခုကို ပေးနိုင်ပြီး ထိခိုက်နစ်နာ သည့် မြေပိုင်ရှင်များအကြားတွင်လည်း ကျေနပ်မှုအဆင့် ပိုမြင့်မားစေသည်။

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ စိုးရိမ်ပူပန်မှုများကြောင့် စီမံကိန်းလည်ပတ်ဆောင်ရွက်မှုများ သို့မဟုတ် ကုမ္ပဏီ၏ ဂုဏ်သိက္ခာအပေါ် သိသာထင်ရှားသည့် ထိခိုက်မှုအန္တရာယ် ဖြစ်လာနိုင်သည့် ထိရှလွယ် သည့်အခြေအနေများတွင်စေ့စပ်ညှိနှိုင်း၍သဘောတူညီချက်များရယူသည့်နည်းလမ်းကသင့်တော်နိုင်သည်။ တိုင်ပင်ဆွေးနွေးမှုအပြင် စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်သည် ထိခိုက်ခံရသည့်အဖွဲ့များအနေနှင့် ရလဒ်များ အတွက် ပြောရေးဆိုခွင့်ပိုရရန် သေချာစေသည်။ စေ့စပ်ညှိနှိုင်းမှုသည် ကုမ္ပဏီက မည်သည်တို့ကို လုပ်ဆောင် ရန် ကတိကဝတ်ပြုသည်နှင့် ထိခိုက်ခံရသူများ၏ အခန်းကဏ္ဍများ နှင့်ပတ်သက်၍ (ရှိလျှင်) တိတိကျကျ အသေးစိတ်ဖော်ပြထားသည့် လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက် တစ်ရပ်၏ ရှင်းလင်းတိကျမှု၊ ကြိုတင်ခန့်မှန်းနိုင်မှုနှင့် လုံခြုံစိတ်ချရမှုများကိုလည်း ထိခိုက်နစ်နာမှုရှိသော ပတ်သက်ဆက်နွယ်သူများထံသို့ ပေးပို့နိုင်သည်။

## ✔ သဘောရိုးဖြင့် စေ့စပ်ညှိနှိုင်းပါ


စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်မှုများသည် သဘောရိုးဖြင့် ဆောင်ရွက်မှု များဖြစ်သင့်သည်။ ဆိုလိုသည်မှာ ချိတ်ဆက်ဆောင်ရွက်လိုသည့်ဆန္ဒတစ်ခုဖြင့် အဖြေရရှိရေးနှင့် သဘော တူညီချက်ရောက်ရှိရေး စစ်မှန်သည့်လိုလားမှုဖြင့် ပွင့်ပွင့်လင်းလင်းဆောင်ရွက်ခြင်းဖြစ်သည်။ သဘောရိုးဖြင့် စေ့စပ်ညှိနှိုင်းမှုများသည် ပွင့်လင်းမြင်သာမှုရှိ၍ စေ့စပ်ညှိနှိုင်းဆောင်ရွက်နေသည့်အဖွဲ့များ၏ အချိန်ကို လည်း ထောက်ထားကာ အားလုံးအလွယ်တကူနားလည်သဘောတူညီသည့် ညှိနှိုင်းရေးလုပ်ငန်းစဉ်များနှင့် ဘာသာစကားကိုလည်း အသုံးပြုသည်။ မှတ်သားထားသင့်သည့် အဓိကအခြေခံမှုအချို့မှာ–

- တရားဝင်ကိုယ်စားလှယ်များပါဝင်ခြင်း
- အကြပ်ကိုင်မှု သို့မဟုတ် ခြိမ်းခြောက်မှုမပါသည့် လိုလိုလားလား ချိတ်ဆက်ဆောင်ရွက်ခြင်း
- အရေးပါသည့်အဓိကကိစ္စများကို ပူးတွဲ စူးစမ်းလေ့လာခြင်း
- ရနိုင်သမျှ အကောင်းဆုံးသတင်းအချက်အလက်များကို တန်းတူညီတူလက်လှမ်းမီနိုင်မှု၊ ပါဝင်ဆောင် ရွက်မှုဖြစ်စေသည့်နည်းလမ်းများကို အသုံးပြုခြင်း

- အချိန်ရနိုင်မှု နှင့် နေရာသို့ အလွယ်တကူ လက်လှမ်းမီနိုင်ခြင်း
- ဆုံးဖြတ်ချက်ချမှတ်ရန် လုံလောက်သည့်အချိန်ပေးခြင်း
- ယဉ်ကျေးမှုဆိုင်ရာနှင့် အခြားသော မတူကွဲပြားမှုများအပေါ် နှစ်ဖက်အပြန်အလှန်လေးစားမှုနှင့် ထိရှလွယ်ခြင်း
- ပြုလွယ်ပြောင်းလွယ်ရှိမှု၊ ဖြစ်နိုင်သည့်နည်းလမ်းများစွာကို စဉ်းစားမှုနှင့် ညှိနှိုင်းလိုသည့် စိတ်ဆန္ဒရှိခြင်း
- ရလဒ်များကို မှတ်တမ်းပြုစုခြင်း
- သဘောတူညီချက်ကို အကောင်အထည်ဖော်ရာမှ ပေါ်ပေါက်လာသည့် မည်သည့်ကိစ္စကိုမဆို ဖြေရှင်းဆောင်ရွက်ရန် ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေး ယန္တယားတစ်ခု ထည့်သွင်းထားခြင်း

## ✔ ဆက်ဆံရေးထူထောင်နိုင်စေမည့် စေ့စပ်ညှိနှိုင်းမှုပုံစံကို ရွေးချယ်ပါ

အကျိုးစီးပွားအခြေခံသည့်(Interest-Based) အများလက်ခံသော သဘောတူညီချက်များ(Consensual Agreements) ပါ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်သည့်အခါတွင် သဘောရိုးဖြင့် စေ့စပ်ညှိနှိုင်းမှုများသည် ကောင်းစွာအလုပ်ဖြစ်ပါသည်။ ဤနည်းလမ်းသည် ဆွေးနွေးရာတွင် ကနဦးတင်ပြချက်များကို ဆွေးနွေးခြင်း မပြုသော်လည်း စေ့စပ်ညှိနှိုင်းမှုပြုလုပ်သည့် အဖွဲ့အားလုံး၏ နောက်ကွယ်တွင် ရှိနေသည့် ပိုမိုနက်ရှိုင်းသည့် အကျိုးစီးပွားများနှင့် စိတ်အားထက်သန်မှုများအတွက် အနိမ့်ဆုံးအားဖြင့် ကျေနပ်စရာ ရလဒ်တစ်ခုကို ပေးပါသည်။ ဥပမာ - ဒေသခံလူထုက လျော်ကြေးငွေကို ကနဦးတောင်းဆိုမှုများသည် "အခြေအနေ" တစ်ရပ်ဖြစ်ပြီး ထိုငွေကြေး တောင်းခံရသည့် အကြောင်းပြချက်ကိုပြေလည်အောင် ဖြေရှင်းပေးနိုင်မည့် အခြားနည်းလမ်းများ၊ (ဥပမာ - အလုပ်အကိုင်အခွင့်အလမ်းများ၊ ရိုးရာဓလေ့အရ ဖြစ်လာသော ခေါင်းဆောင်များ၏ မူလအာဏာကို ပြန်လည် တည်ဆောက်ပေးခြင်း၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ သို့မဟုတ် ဝန်ဆောင်မှုများပံ့ပိုးပေးခြင်း)လည်း ရှိနိုင်ပါသည်။ ပြဿနာ ပူးတွဲ ဖြေရှင်းခြင်းနှင့် အများသဘောတူညီမှု တည်ဆောက်ခြင်းဆိုင်ရာစည်းမျဉ်းများကိုအခြေခံ ဆောင်ရွက်သည့် ဤစေ့စပ်ညှိနှိုင်းမှုပုံစံသည် စေ့စပ်ညှိနှိုင်းနေသည့်အဖွဲ့များအကြား ဆက်ဆံရေးကို ခိုင်မာစေပြီး နှစ်ဖက်စလုံးက လက်ခံနိုင်သည့် တတိယအဖွဲ့အစည်းတစ်ခုက ပါဝင်ဆောင်ရွက်သည့်အခါ အကောင်းဆုံးရလဒ်ရရှိသည်။ အဖွဲ့တစ်ဖွဲ့အတွက် တတ်နိုင်သမျှ အကောင်းဆုံး ရလဒ် ရရှိရေးသာ ဦးတည်ဆောင်ရွက်ပြီး ထိုဆောင်ရွက်မှုသည် ထိုအဖွဲ့နှင့် အခြားသော အဖွဲ့များ၏ဆက်ဆံရေးအပေါ် သို့မဟုတ် အခြား



ဆက်သွယ်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ပူးတွဲဆုံးဖြတ်ချက်ချခြင်းတို့မရှိလျှင် ဘယ်အရာမျှ အောင်မြင်မည်မဟုတ်ပါ။

*Source: University of East Anglia, School of Development Studies*

သော အဖွဲ့များအပေါ် နောက်ဆက်တွဲရလဒ် မည်သို့ ပင်ဖြစ်ဖြစ်ဟု သဘောထားသည့် စေ့စပ်ညှိနှိုင်းမှု ပုံစံများသည် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန် မဖြစ်နိုင်ပဲ သဘောတူညီချက် တစ်ခုရယူရင်း ရေရှည်ဆက်ဆံရေးပါ တည်ဆောက်နိုင်မည့် အခွင့်အလမ်းကို ဆုံးရှုံးသွားသည်။

## ✔ ဗျူဟာမြောက်သည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် စေ့စပ်ညှိနှိုင်းပါ

တိုင်ပင်ဆွေးနွေးခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့်စေ့စပ်ညှိနှိုင်းခြင်းဟူသည့် ချိတ်ဆက်ဆောင်ရွက်မှုဖြစ်စဉ်ကြီး၏ အလွန်တွင် ကုမ္ပဏီများ၊ဒေသခံလူထုနှင့် (သို့မဟုတ်) အစိုးရ သို့မဟုတ် NGO အဖွဲ့အစည်းများ ကဲ့သို့ အခြားသော ပတ်သက်ဆက်နွှယ်သူများအကြား ဗျူဟာမြောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တည်ရှိပါသည်။ ကုမ္ပဏီမှ အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စေ့စပ်ညှိနှိုင်း ထားသည့်အစီအစဉ်များ သို့မဟုတ် သဘောတူညီချက်များအစား ဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ ဆိုသည်မှာ– လူမှုရေးဆိုင်ရာ အရင်းအနှီးထူထောင်ခြင်းသို့ ဦးတည်စေသည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စုဖွဲ့ဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှုများ ဖြစ်သည်။ နှစ်ဖက်အဖွဲ့အစည်းများအကြား အတူပူးပေါင်းနိုင် သည့်ပြင် ဘုံအကျိုးစီးပွားများမှာ– ဖွံ့ဖြိုးမှုဆိုင်ရာ ရှုထောင့်အမြင်အချို့ ဖြစ်ကြသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်အုပ်ချုပ်မှု၊ အများပြည်သူကျန်းမာရေး၊ လူမှုရေးဆိုင်ရာများကို ထည့်သွင်းစဉ်းစားခြင်းနှင့် ဒေသခံလူထု၏ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ဒေသစီးပွားရေးဖွံ့ဖြိုးမှုများ ဖြစ်သည်။ ထိရောက်သည့်ပူးပေါင်း ဆောင်ရွက်မှုများ၏ ယေဘုယျ လက္ခဏာအချို့မှာ –

- ဘုံရည်မှန်းချက် သို့မဟုတ် ဗျူဟာကျသည့် အကျိုးစီးပွားများ
- စေ့စပ်ညှိနှိုင်းသည့်အဖွဲ့အားလုံးထံမှ ငွေကြေး သို့မဟုတ် အခြားထည့်ဝင်နိုင်သည့် အရင်းအမြစ်များကို စုစည်းခြင်း
- သတင်းအချက်အလက်များ မျှဝေခြင်း၊ ပွင့်လင်းမြင်သာရှိခြင်းနှင့် အချက်အလက်များ ပူးတွဲရှာဖွေခြင်း
- စေ့စပ်ဆွေးနွေးနေသည့် အဖွဲ့တစ်ခုစီ၏ အဓိက ကျွမ်းကျင်မှုများနှင့် အခြားအဖွဲ့များ၏ ကျွမ်းကျင်မှု များအပေါ် ဖြည့်စွက်ပြည့်စုံစေနိုင်သည့် ကျွမ်းကျင်မှုများကို ဖော်ထုတ်ခြင်း
- ပူးပေါင်းဆောင်ရွက်မှုတွင် ဘဏ္ဍာရေးနှင့် ဂုဏ်သိက္ခာ နှစ်ခုစလုံးနှင့် သက်ဆိုင်သည့် အန္တရာယ်များနှင့် အကျိုးစီးပွားများကို မျှဝေခံစားခြင်း

## အိန္ဒိယနိုင်ငံ၊ ခဲပါဝင်သည့် ဘက်ထရီထုတ်လုပ်ခြင်းနှင့် စုဆောင်းခြင်း လုပ်ငန်းစဉ်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အကောင်းဆုံး စံသတ်မှတ်ချက်တစ်ခုကို စေ့စပ်ညှိနှိုင်းခြင်း

အိန္ဒိယနိုင်ငံတွင် ကလေးများ ခဲဆိပ်သင့်မှုအတွက် နှစ်စဉ် ကျန်းမာရေး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်ရှိသည်ဟု ခန့်မှန်းရပြီး အမေရိကန်နိုင်ငံတွင် ဒေါ်လာ ၄၃ ဘီလီယံ ကုန်ကျပါသည်။ မော်တော်ယာဉ်များ၊ ဆက်သွယ်ရေးနှင့် အခြားသော အသုံးချနည်းပညာများအတွက် ဘက်ထရီများ ထုတ်လုပ်ခြင်း၊ ကိုင်တွယ်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများသည် ကမ္ဘာအဝှမ်းမှ ပတ်ဝန်းကျင်များအပေါ် ခဲဆိပ်ဖြစ်စေသည့် အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။ ထိုကိစ္စကို ဖြေရှင်းရန် ခဲဘက်ထရီ ထုတ်လုပ်ခြင်းနှင့် စုဆောင်းခြင်းလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံတစ်ခု ထူထောင်ရန် လိုအပ်ကြောင်း **Occupational Knowledge (OK) International** က ရှုမြင်ခဲ့ပါသည်။

ပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးပိုမိုကောင်းမွန်သည့်ရည်မှန်းချက်များ (Better Environmental Sustainability Targets– BEST) ပါရှိသည့် စံသတ်မှတ်ချက်များ ချမှတ်ပြီး တိုးမြှင့်လုပ်ဆောင်ရန်အတွက် OK International နှင့် အိန္ဒိယNGO အဖွဲ့အစည်းနှစ်ခုသည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ဘက်ထရီထုတ်လုပ်သည့် ကုမ္ပဏီ **Amara Raja** ၏ လုပ်ငန်းဆောင်ရွက်မှုများကို စမ်းသပ်စစ်ဆေးရန် ထိုကုမ္ပဏီနှင့် ၂၀၀၂ ခုနှစ်တွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စူးစမ်းလေ့လာမှုနှင့် စမ်းသပ်မှုများမှ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးရေရှည် တည်တံ့ကောင်းမွန်ရေး တိုးမြှင့် ဆောင်ရွက်နိုင်မည့် နယ်ပယ်များကို ရွေးချယ်ဖော်ထုတ်ခဲ့ကြသည်။ ထိုစမ်းသပ်စစ်ဆေးမှုမှသည် ဘက်ထရီထုတ်လုပ်ရေးအတွက် ပထမဆုံးသော BEST စံသတ်မှတ်ချက်မူကြမ်းကို ပြုစုနိုင်ခဲ့သည်။

မူကြမ်းအခြေအနေမှ လက်မှတ်ထုတ်ပေးရေး စံတစ်ခုအဖြစ်သို့ ကူးပြောင်းရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးနှင့် စေ့စပ်ညှိနှိုင်းရန် လိုအပ်ခဲ့သည်။ ထိုရည်ရွယ်ချက်အတွက် ပတ်သက်ဆက်နွယ်သူ ပေါင်းစုံ ပါဝင်သည့် ဆွေးနွေးပွဲအမျိုးမျိုးကို အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သည်။ အဖွဲ့အစည်း ၂၃ ခု ပါဝင်ဆောင်ရွက်ခဲ့ပြီး Hero Honda နှင့် Tata Motors ကဲ့သို့ ဘက်ထရီအကြီးစား ဝယ်ယူသူများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအေဂျင်စီများ၊ ထိုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်သူများနှင့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အဓိကအရေးပါသည့် ကဏ္ဍအားလုံးကို ကိုယ်စားပြုခဲ့သည်။ နည်းပညာပိုင်းဆိုင်ရာ အစည်းအဝေးများ ကျင်းပ၍ စံမူကြမ်းနှင့် စစ်ဆေးမှုရလဒ်များကို စိစစ်ဆွေးနွေးခဲ့ကြပြီး စံမူကြမ်းအပေါ် လိုအပ်သည်များကို ပြောင်းလဲပြင်ဆင်ရန် အဆိုပြုခဲ့ပါသည်။ အချို့ကိစ္စများ၌ ၎င်းတို့သက်ဆိုင်ရာကဏ္ဍများ အလိုက်ရှိနေသည့် လမ်းညွှန်ချက်များကို စတင်စိစစ် သုံးသပ်ခဲ့သည်။ နှိုင်းချိန် စဉ်းစားဆောင်ရွက်မှုများအပြီးတွင် သဘောတူထားသည့် သတ်မှတ်ချက်များပါရှိသည့် နောက်ဆုံးစံမူကြမ်းတစ်စောင်ထွက်ပေါ်ခဲ့သည်။ အဆိုပါ နောက်ဆုံး စံမူကြမ်းကို အတည်မပြုမီ အများပြည်သူသို့ ထုတ်ပြန်အသိပေးခြင်းနှင့် တိုင်ပင်ဆွေးနွေးမှု ၂ ကြိမ် ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါချိတ်ဆက်ဆောင်ရွက်မှု လုပ်ငန်းစဉ်သည် မတူညီသောနယ်မြေများရှိ လူထုပရိသတ်အကြား မဟာမိတ်ဆက်ဆံရေးများ ဖြစ်ပေါ်စေခဲ့ပြီး ဘက်ထရီထုတ်လုပ်သူများအနေနှင့် ၎င်းတို့၏ ပစ္စည်းပေးသွင်းသူများထံမှ အလေ့အကျင့်ကောင်းများဖြင့် ဆောင်ရွက်မှုကို မျှော်လင့်ရန် တွန်းအားပေးခံခဲ့ရသည်။ လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်မှုမှတစ်ဆင့် စေ့စပ်ညှိနှိုင်းခြင်း သည် ခဲဘက်ထရီထုတ်လုပ်မှုအတွက် ဂေဟစနစ်ဆိုင်ရာလိုက်နာမှုပြု နိုင်ငံတကာ အညွှန်း BEST တစ်ခုထူထောင်ရန် ကဏ္ဍပေါင်းစုံ၏ ကတိကဝတ်များကို စုစည်းခိုင်မာစေခဲ့သည်။

## HOLCIM ၊ ဗီယက်နမ်နိုင်ငံ။ သဘာဝနေရင်းဒေသများ ထိန်းသိမ်းခြင်းအတွက် သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုပုံစံများ

ဗီယက်နမ်နိုင်ငံအနောက်တောင်ပိုင်း အလွန်ဝေးကွာသည့် Ha Tien လွင်ပြင်တွင် လွန်ခဲ့သော ၁၅နှစ်အတွင်း ရွှေ့ပြောင်းလုပ်သားဦးရေ ရုတ်ချည်းများပြားလာခဲ့သည်။ ရွှေ့ပြောင်းလုပ်သားများ သည် စပါးစိုက်ပျိုးခြင်း၊ ပုဇွန်မွေးမြူခြင်း၊ စီးပွားရေးအခွင့်အလမ်းများနှင့် ဒေသရှိ ဘိလပ်မြေ စက်ရုံများတွင် အလုပ်အကိုင် ရှာဖွေရန် ရောက်လာကြခြင်း ဖြစ်သည်။ ထိုဘိလပ်မြေစက်ရုံများအနက် တစ်ခုဖြစ်သည့် **Holcim Vietnam** စက်ရုံအတွက် IFC က ငွေချေးခဲ့သည်။ ထိုနယ်မြေရှိ ဇီဝမျိုးစုံ မျိုးကွဲများ၏ တန်ဖိုးများအကြောင်း ပိုမိုသိနားလည်လာကြသော်လည်း စက်ရုံများကြောင့် မြေ အသုံးပြုမှုပုံစံ ပြောင်းလဲလာမှုသည် ထိုဒေသရှိ (အပင်နှင့်သတ္တဝါတို့၏) သဘာဝနေရင်းဒေသများ ဆုံးရှုံးမှုကို သိသိသာသာ မြင့်တက်စေခဲ့သည်။ သဘာဝနေရင်းဒေသများ(Habitats)တွင် ရာသီအလိုက် ရေလွှမ်းသည့် မြက်ခင်းပြင်များ၊ ရေတိမ်ဒေသများ၊ ထုံးကျောက်တောင်များ၊ သဲကျောက်တောင်ကုန်းများနှင့် လမုတောများ ရောစပ်ဖြစ်တည်နေသည်။

စီမံကိန်းများ ဖွံ့ဖြိုးလာသဖြင့် သဘာဝနေရင်းဒေသများ ထိန်းသိမ်းခြင်းအတွက် ထိရောက်သည့် ကြားဝင်ဆောင်ရွက်မှု ပေါ်ပေါက်လာစေရန် အဓိကပတ်သက်ဆက်နွှယ်သူများအကြား ဘုံသဘောတူသည့် လုပ်ငန်းစဉ်နှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်မည်ဖြစ်ကြောင်း ထင်ရှားလာခဲ့သည်။ IFC မှ ဆွေးနွေးပွဲများ ကျင်းပပေးနိုင်သည့် အင်အား၊ Holcim ဘိလပ်မြေကုမ္ပဏီ၏ ဒေသအပေါ် လွှမ်းမိုးနိုင်မှု၊ ဒေသခံ NGO များမှ နည်းပညာကျွမ်းကျင်သူများနှင့် ပညာရှင်များ၊ ဒေသန္တရအစိုးရ၏ အများထောက်ခံမှုအရ လုပ်ပိုင်ခွင့်အာဏာနှင့် ဒေသခံများ၏ တက်ကြွသော ကူညီပံ့ပိုးမှုများစသည့် ထိုပတ်သက်ဆက်နွှယ်သူ အုပ်စုတစ်ခုစီ၏ အခန်းကဏ္ဍများနှင့် ပတ်သက်သည့် ဆွေးနွေးမှုများကို ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သည်။ ရလဒ်တစ်ခု သေချာစေရန် ထိုပတ်သက်ဆက်နွှယ်သူအားလုံး ပါဝင်ရန် လိုအပ်ခဲ့သည်။ လုပ်ငန်းစဉ်၏ နောက်တစ်ဆင့်မှာ အရင်းအမြစ်များအား ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ လိုလားသော ရလဒ်များရရှိရေးအတွက် ပုံစံ(Model) တစ်ခု ရေးဆွဲချမှတ်ရန်ဖြစ်သည်။

၂၀၁၃ ခုနှစ် ပထမ ၃ လအတွင်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများနှင့် မြေပုံ ရေးဆွဲခြင်းလုပ်ငန်းများ စတင်ခဲ့ပြီး ထိုအတွက် IFC နှင့် Holcim တို့၏ ပူးတွဲသဘောတူစာချုပ်မှ ရန်ပုံငွေ ကျခံခဲ့သည်။ ၂၀၁၃ ခုနှစ် မေလတွင် လုပ်ငန်းရလဒ်များကို အဖွဲ့အားလုံးနှင့် ဆွေးနွေးရန်နှင့် ရှေ့ပြေးစီမံကိန်း ပြုလုပ်ရန်နေရာအတွက် သဘောတူညီရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။ ရှေ့ပြေးစီမံကိန်း ဆက်လက်ဆောင်ရွက်ရန်အတွက် လုပ်ထုံးလုပ်နည်းအတိုင်း ခွင့်ပြုချက်ရရှိရန် ပူးတွဲနားလည်မှု စာချွန်လွှာ (MOU) ရေးဆွဲခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရှေ့ပြေးစီမံကိန်းမှ လက်ဆုပ်လက်ကိုင်ပြနိုင်သော ရလဒ်များ ရရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံ အဆင်းရဲဆုံးပြည်နယ်များအနက် တစ်ခုဖြစ်သည့် စီမံကိန်းတည်ရှိရာပြည်နယ်မှ အိမ်ထောင်စု ၂၀၀ ကျော်သည် ရေတိမ်ဒေသ/မြက်ခင်းပြင်ဒေသများရှိ အရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ကိုယ်တိုင်စီမံခန့်ခွဲ ထုတ်ယူခြင်းမှ ဝင်ငွေ ၂ ဆ တိုးခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် မဲခေါင်မြစ်ဝှမ်းတွင် မပျက်စီးသေးဘဲ နောက်ဆုံး ကျန်နေသေးသည့် သဘာဝနေရင်း နယ်မြေကို ကာကွယ်စောင့်ရှောက်နေကြပါသည်။

# ထိခိုက်နစ်နာမှုများကို တိုင်ကြား ဖြေရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု

## ဤအပိုင်းတွင် ဘာတွေပါသလဲ


70 လုပ်ငန်းစဉ်က အဓိကကျသည်

70 စီမံကိန်းလိုအပ်ချက်နှင့် ကိုက်ညီအောင် ယန္တရားကို ချိန်ဆပါ

72 စာဖြင့် ရေးသား၍ အများသိအောင် ထုတ်ပြန်ပါ

73 လိုအပ်လျှင် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများအား ပါဝင်လာစေရန်ဆောင်ရွက်ပါ

72 လွယ်လင့်တကူဖြစ်စေရန်၊ လက်လှမ်းမီနိုင်ရန် စီစဉ်ပေးပါ

75 ကိစ္စရပ်များအပေါ် ပွင့်လင်းမြင်သာစွာ အချိန်မီဖြေကြားပေးပါ

75 မှတ်တမ်းများကို သေချာစွာထိန်းသိမ်း၍ ပြန်လည်အစီရင်ခံပါ

76 ဥပဒေလမ်းကြောင်းဖြင့် ကုစားမှုယူရန် ကြိုးပမ်းမှုအပေါ် ဟန့်တားနှောင့်ယှက်မှုမပြုရ



လုပ်ငန်းစဉ်ကောင်းတစ်ခုသည် ရလဒ်များကို မြင့်မားစေမည့်အပြင် ယင်းတို့တိုင်စာများကို သိရှိကြောင်းကြားရသဖြင့် ရလဒ်သည် အသင့်တော်ဆုံးမဟုတ်သော်လည်း လူများအပေါ် ကျေနပ်နှစ်သိမ့်မှုပေးနိုင်သည်။



# ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်သက်ရောက်မှုများရှိသော စီမံကိန်းများတွင် စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များသည် လက်ခံပေးရမည့်အရာဖြစ်သည်။ ထိုစိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များပေါ်ထွက်လာခြင်းသည် အရေးကြီးပြီး၊ **စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များအပေါ် သိသာထင်ရှားသော ပတ်သက်မှုများ** ဖြစ်လာနိုင်သောအခါ ကုမ္ပဏီက မည်သို့တုံ့ပြန်ဖြေရှင်းသည် (သို့မဟုတ် တုံ့ပြန်ဖြေရှင်းရန် သဘောပေါက်ထားပါသလဲ) – ဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ စီမံကိန်းတစ်ခုအပေါ် ကျရောက်လာနိုင်သော အန္တရာယ်များ၊ ထိခိုက်မှုအတိုင်းအတာနှင့် စိုးရိမ်ပူပန်မှုများ၊ မကျေနပ်ချက်များကိုင်တွယ်ဆောင်ရွက်သော လုပ်ငန်းစဉ်တစ်ရပ်သည် အချိုးညီသင့်သည်။ အဆိုပါလုပ်ငန်းစဉ်သည် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် ကုမ္ပဏီ၏ ပိုမိုကျယ်ပြန့်သောလုပ်ငန်းစဉ်နှင့် စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်ရေး အခြေခံမူများမှ မြစ်ဖျားခံသင့်ပြီး ရှေ့ပိုင်းတွင် ဆွေးနွေးခဲ့သည့် ချိတ်ဆက်ဆောင်ရွက်မှု၏ အဓိကအစိတ်အပိုင်းများထဲသို့ ထည့်သွင်းပေါင်းစပ်သင့်သည်။ အမှန်တကယ်အားဖြင့် ရပ်ရွာလူထု တစ်ရပ်လုံးနှင့် ချိတ်ဆက်ဆောင်ရွက်သည့် ကောင်းမွန်သော လုပ်ငန်းစဉ်ထားရှိကာ သတင်းအချက်အလက်များကို ပုံမှန်လက်လှမ်းမီနိုင်ရေး စီစဉ်ပေးထားခြင်းသည် စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များ

ပေါ်ထွက်လာခြင်းကို နေရာတွင်ပင် တားဆီးပေးနိုင်ရန် များစွာအထောက်အကူ ပြုနိုင်သည်။ သို့မဟုတ် စီးပွားရေးလုပ်ဆောင်ချက်များကို အားနည်းထိခိုက်စေသည့်အဆင့်သို့ ရောက်ရှိသွားခြင်းမှလည်း ကာကွယ်ရန် များစွာအထောက်အကူပြုနိုင်သည်။ ထို့ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများစီမံခန့်ခွဲမှုအခြေခံ ရှုထောင့်တစ်ရပ်မှကြည့်လျှင် အချိန်နှင့်ကြိုးပမ်းမှုများကို ကြိုတင်ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းစဉ်ကောင်းတစ်ရပ် ချမှတ်ဆောင်ရွက်ခြင်းသည် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။ များသောအားဖြင့် စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များ တင်ပြနိုင်သော လုပ်ထုံးလုပ်နည်းများသည် လူမှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှုလုပ်ငန်းစဉ်အစကတည်းက ချမှတ်ဆောင်ရွက်သင့်ပြီး တည်ဆောက်ရေးနှင့် လည်ပတ်ရေး ကာလတစ်လျှောက်လည်း ဆက်လက်တည် ရှိနေပြီး စီမံကိန်းကာလကုန်ဆုံးသည်အထိ ဆောင်ရွက်နေရန် ဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းစဉ် ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ စီမံခန့်ခွဲသူခေါင်းဆောင်ပိုင်းကလည်း ထိုလုပ်ငန်းစဉ်ကို အမြဲသိရှိနေပြီး သက်ဆိုင်ရာဆုံးဖြတ်ချက်များ မြန်မြန်ဆန်ဆန်ချမှတ်ရာတွင် ပါဝင်ရမည် ဖြစ်သည်။ သို့မှသာ အငြင်းပွားမှုများ အရှိန် မြင့်တက်လာခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးယန္တယား တစ်ရပ်ထူထောင်သည့်အခါ အောက်ပါအချက်များကို ထည့်စဉ်းစားသင့်သည်။

## ✔ လုပ်ငန်းစဉ်က အဓိကကျသည်

တိုင်ကြားစာများဖြေရှင်းပေးနိုင်ရန်တင်ပြသည့် ထိခိုက်နစ်နာသူဒေသခံလူထုနှင့် အခြားအုပ်စုများအနေနှင့် စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များ ကိုင်တွယ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုနှင့် "မျှတမှုရှိသည်"ဟု သဘောပေါက်ကြရန် အရေးကြီးသည်။ လုပ်ငန်းစဉ်ကောင်းတစ်ရပ်သည် ရလဒ်များကို မြင့်မားစေသလို တိုင်ကြားမှုများကို သိရှိကြောင်း ဖော်ပြခြင်းသည် ထိုတိုင်စာအပေါ် ဖြေရှင်းမှုရလဒ်က အကောင်းဆုံးမဖြစ်သော်လည်းလူအများအားကျေနပ်နှစ်သိမ့်မှုပေးနိုင်သည်။စိုးရမ်ပူပန်မှုများနှင့်မကျေနပ်ချက်များကိုင်တွယ်ဆောင်ရွက်သော လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသည့်အခါ ထိုလုပ်ထုံးလုပ်နည်းများသည် ဒေသခံများအတွက် အလွယ်တကူ နားလည်သဘောပေါက်နိုင်ခြင်း ရှိ၊ မရှိ၊ လက်လှမ်းမီနိုင်ခြင်း ရှိ၊ မရှိနှင့် ယဉ်ကျေးမှုနှင့် ဆီလျော်ခြင်း ရှိ၊ မရှိ မူလကတည်းက စဉ်းစားရပါမည်။ မည်သူက ထိုလုပ်ထုံးလုပ်နည်းကို အသုံးပြုရန် မျှော်မှန်းကြောင်းကိုလည်း အစကတည်းက ရှင်းလင်းအောင်လုပ်ရန်လိုအပ်၍ စိုးရိမ်ပူပန်မှုများ၊ မကျေနပ်ချက်များ တင်ပြခြင်းနှင့်စပ်လျဉ်း၍ မည်သည့်ပေးဆပ်ရမှုများ သို့မဟုတ် ဒဏ်ခတ်ခံရခြင်းမျှ ရှိမည်မဟုတ်ကြောင်း အာမခံရန်လိုအပ်သည်။ လုပ်ငန်းစဉ်တစ်ခုလုံး တိုင်စာတစ်စောင်ကို မည်သို့လက်ခံ၍ မည်သို့လေ့လာသုံးသပ်မည်ဆိုသည်မှအစပြု၍ ဆုံးဖြတ်ချက်များကို မည်သို့ချမှတ်၍ အယူခံဝင်ရန် မည်သည့် ဖြစ်နိုင်ခြေ ရှိနိုင်ကြောင်းအထိ သေသေချာချာရှင်းလင်းပြသကာ တတ်နိုင်သမျှ ပွင့်လင်းမြင်သာမှု ရှိအောင် စီစဉ်ထားသင့်သည်။

## ✔ စီမံကိန်းလိုအပ်ချက်နှင့် ကိုက်ညီအောင် ယန္တယားကို ကိုချိန်ဆပါ

ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေး ယန္တယား(Grievance Mechanism) သည် သက်ဆိုင်ရာ စီမံကိန်းတစ်ခု၏ နောက်ခံအခြေအနေနှင့် လိုအပ်ချက်များနှင့်ကိုက်ညီရန် ဒီဇိုင်းပုံဖော်သင့်သည်။ ပိုမိုရိုးရှင်းသော ဖြေရှင်းစရာများရှိနေသည့် စီမံကိန်းငယ်များတွင် တိုင်စာများကို ကိုင်တွယ်ဆောင်ရွက်သည့် ပိုမိုရိုးရှင်းသော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။ ဥပမာ– လူထုတွေ့ဆုံပွဲများ၊ လူမှုဆက်ဆံရေးဝန်ထမ်းနှင့် အကြံပြုစာတိုက်ပုံးများတွင် အမည်မဖော်ဘဲ အကြံပြုနိုင်သည့် နည်းလမ်းများ၊ ပိုမိုရှုပ်ထွေးသောစီမံကိန်းများတွင်

ပို၍ နည်းလမ်းတကျ ရှိသော လုပ်ငန်းစဉ်၊ လုပ်ထုံး လုပ်နည်းတစ်ရပ်နှင့် တိုင်စာများလက်ခံခြင်း၊ မှတ်တမ်းသွင်းခြင်း၊ ခြေရာ ကောက်ခြင်းနှင့် ဖြေရှင်းခြင်းများအတွက် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ဆောင်ရွက်ကြမည့် လူသားရင်းမြစ် များစွာ လိုအပ်နိုင်သည်။ သို့သော် ထိုစိုးရိမ်ပူပန်မှုများ၊ မကျေနပ်ချက်များ ကိုင်တွယ်ဖြေရှင်းသည့် လုပ်ငန်းစဉ်များကို ကုမ္ပဏီက လူထုနှင့် ချိတ်ဆက်ဆောင်ရွက်နေသောလုပ်ငန်းစဉ်တစ်ခုအတွက် အစားထိုးလုပ်ငန်း စဉ်အဖြစ် သို့မဟုတ် အပြန်အလှန် အစားထိုးစရာအဖြစ် မမြင်သင့်ပေ။ ထိုလုပ်ငန်းစဉ် နှစ်ခုသည် တစ်ခုကို တစ်ခု အပြန်အလှန် အားဖြည့်ကူညီသည့် ပုံစံမျိုးဖြင့် ပြီးပြည့်စုံအောင် ပံ့ပိုးခြင်းမျိုးဖြစ်သင့်သည်။

စီမံကိန်းတစ်ခုတည်းတွင်ပင် စိုးရိမ်ပူပန်မှုများ သို့မဟုတ် မကျေနပ်ချက်များအားလုံးကို တူညီသောနည်းလမ်းတစ်ခုတည်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ပါ။ သို့မဟုတ် ကိုင်တွယ်ဖြေရှင်းရန်လည်း မသင့်လျော်ပါ။ ဥပမာ– ကုမ္ပဏီပိုင် ထရပ်ကားတစ်စီးမှ လမ်းပေါ်တွင် အိမ်မွေးကြက်များကို ဖြတ်ကြိတ်သွားကြောင်း တိုင်စာတစ်စောင်နှင့် ပတ်သက်၍ တိုင်ကြားသူနှင့် ကုမ္ပဏီ၏လူမှုဆက်ဆံရေး ဝန်ထမ်းတို့အကြား တိုက်ရိုက်အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ခြင်းနည်းအားဖြင့် အလွယ်တကူဖြေရှင်းနိုင်သည်။ (ထိုဝန်ထမ်းက ဖြေရှင်းပေးခြင်းမရှိမှသာ တိုင်စာများကို ပိုမို ရှုံးကနားဆန်သော လုပ်ငန်းစဉ်တစ်ရပ်၏ ကျောထောက်နောက်ခံဖြင့် ဖြေရှင်းပေးရန်ဖြစ်သည်။) ဥပမာအားဖြင့် မြေအောက်ရေညစ်ညမ်းကြောင်း ကျယ်ကျယ် ပြန့်ပြန့် စွပ်စွဲမှုမျိုးသည် ပြဿနာကြီးမားပြီး ချက်ချင်းကိုင်တွယ်ဆောင်ရွက်ရမည့် သဘောသဘာဝရှိနိုင်သောကြောင့် ယင်းကိစ္စတွင် အကြီးတန်းမန်နေဂျာများက ကြားဝင်ပေးရန် လိုအပ်နိုင်ပြီး ဆက်လက်၍ စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် လိုအပ်သည်။ တနည်းအားဖြင့်ဆိုသော် သင်၏ ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေး

## LONMIN ကုမ္ပဏီ၊ တောင်အာဖရိကနိုင်ငံ။ အခကြေးငွေ ကောက်ခံခြင်းမရှိသော အရေးပေါ် တယ်လီဖုန်းလိုင်း

တောင်အာဖရိကနိုင်ငံက LONMIN ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် တတိယမြောက် ပလက်တီနမ် အများဆုံးထုတ်လုပ်သောကုမ္ပဏီဖြစ်သည်။ ထိုကုမ္ပဏီသည် LONMIN လုပ်ငန်းလည်ပတ်မှုများနှင့်ဆိုင်သော စိုးရိမ်ပူပန်မှုများ သို့မဟုတ် တိုင်စာများ – အထူးသဖြင့် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ၊ ရပ်ရွာလူထု၊ လုံခြုံရေးကိစ္စရပ်များနှင့်ဆိုင်သော တိုင်စာများကို အများပြည်သူက တင်ပြနိုင်ရန် ထိရောက်သောနည်းလမ်းတစ်ရပ်ကို တွေ့ရှိခဲ့သည်။ ထိုနည်းလမ်းမှာ ကုမ္ပဏီက အခမဲ့ အရေးပေါ်ဖုန်းလိုင်း တပ်ဆင်ထားခြင်းဖြစ်သည်။ ထိုတိုင်ကြားမှုများနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများနှင့်ဆိုင်သည့် မှတ်တမ်းတစ်စောင်ကိုလည်း ထိန်းသိမ်းထားသည်။ ထို့အပြင် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူ အုပ်စုငယ်များနှင့် ပြုလုပ်သည့် ပုံမှန်တွေ့ဆုံပွဲများတွင် ပြဿနာရှိသော နယ်ပယ်များကို ဆွေးနွေးရန်၊ ဥပမာ– ဟင်းလင်းပွင့် သတ္တုတွင်းအသစ်တွင် ယမ်းဖောက်ခွဲမှုများနှင့် ဆက်စပ်နေသည့် ဆူညံသံများနှင့် တုန်ခါမှုများ စသည်တို့ကို ဆွေးနွေးရန် စီစဉ်ပေးထားသည်။ စီမံကိန်းနှင့် ပတ်သက် ဆက်နွယ်သူများသည် LONMIN ကုမ္ပဏီ၏ စီမံခန့်ခွဲသူအဆင့်နှင့် အဓိကကျသော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူအုပ်စုများပါဝင်တက်ရောက်သည့် ပုံမှန်ကျင်းပသော ဖိုရမ်များသို့ တက်ရောက်၍ ယင်းတို့၏ အထွေထွေစိုးရိမ်ပူပန်မှုများကို တင်ပြရန် ဖိတ်ကြားခံရသည်။

ယန္တယားသည် တိုင်စာတစ်စောင်၏ ပြင်းထန်မှုနှင့် ကြီးမားကျယ်ပြန့်မှု အတိုင်းအတာအလျှောက် ဖြေရှင်းမှု အဆင့်အမျိုးမျိုး ဆောင်ရွက်နိုင်ရေး (Different Level of Redness) ရေးဆွဲထားရန် စဉ်းစားရန် ဖြစ်သည်။

## ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေး ယန္တယား များကို ကုမ္ပဏီက လူထုနှင့် ချိတ်ဆက်ဆောင်ရွက်နေသောလုပ်ငန်းစဉ် တစ်ခု အတွက် အစားထိုးလုပ်ငန်းစဉ်အဖြစ် သို့မဟုတ် အပြန်အလှန် အစားထိုးစရာအဖြစ် မမြင်သင့်ပေ။ ထိုလုပ်ငန်းစဉ်နှစ်ခုသည် တစ်ခုကိုတစ်ခု အပြန်အလှန် အားဖြည့်ကူညီသည့် ပုံစံမျိုးဖြင့် ပြီးပြည့်စုံအောင် ပံ့ပိုးခြင်းမျိုးဖြစ်သင့်သည်။

### ✔ စာဖြင့် ရေးသား၍ အများသိအောင် ထုတ်ပြန်ပါ

တိုင်စာများကိုင်တွယ်ဖြေရှင်းရေးမူဝါဒ သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ်ကို မည်သူမျှမသိလျှင် ထိုလုပ်ငန်းစဉ်သည် မထိရောက်နိုင်ပါ။ ကုမ္ပဏီ၏ တိုင်စာကိုယ်တွယ်ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများကို စာဖြင့်ရေးသားကာ အများပြည်သူသိအောင် ထုတ်ပြန်သင့်ပြီးသက်ဆိုင်ရာ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူအုပ်စုများအား ရှင်းပြသင့်သည်။ ထို့အပြင် ရိုးရှင်းစွာဖော်ရမည်။ လူအများအနေနှင့် ယင်းတို့ထံတွင် တိုင်စရာတစ်ခုရှိလျှင် မည်သည့်နေရာသို့သွား၍ မည်သူနှင့်စကားပြောဆိုရမည်ကို သိရန်နှင့် ယင်းတို့၏တိုင်စာကို မည်သို့ ကိုင်တွယ်ဆောင်ရွက်မည်ဟူသည့် လုပ်ငန်းစဉ်ကိုလည်း နားလည်သဘောပေါက်သင့်သည်။ လိုအပ်သော သတင်းအချက်အလက်အားလုံးပါဝင်လျက် ဒေသခံများ အလွယ်တကူ နားလည်နိုင်သောပုံစံ၊ ဘာသာစကားနှင့် ဖော်ပြခြင်း၊ ရှင်းပြခြင်းများ ပြုလုပ်သင့်သည်။ သို့မဟုတ် စာတတ်မြောက်သူနည်းပါးသော နေရာများတွင် နှုတ်ဖြင့် ဆက်သွယ်ရှင်းပြသင့်သည်။ ယေဘုယျသတ်မှတ်ချက်တစ်ရပ်မှာ လုပ်ငန်းစဉ်သည် လက်တွေ့သုံးရန် အလွန်ရှုပ်ထွေးနေခြင်းမျိုး မဖြစ်သင့်သလို တိုင်ကြားမှုလုပ်ငန်းစဉ်ပြီးမြောက်ရေးအတွက် ရှေ့နေ ရှေ့ရပ်များနှင့် တိုင်ပင်ဆွေးနွေးရခြင်းမျိုး မလိုအပ်သင့်ပါ။

### ✔ လိုအပ်လျှင် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ ပါဝင်လာစေရန် ဆောင်ရွက်ပါ

တစ်ခါတစ်ရံတွင် ထိခိုက်နစ်နာသူ ပုဂ္ဂိုလ်များသို့မဟုတ် လူအုပ်စုများအတွက် “မျှတသောလုပ်ငန်းစဉ်” ဖြစ်ရန် နားလည်သဘောပေါက်မှု တန်းတူညီမျှရှိစေရေး အချို့အစီအမံများ လိုအပ်ပေမည်။ အနည်းဆုံးအနေနှင့် ရပ်ရွာလူထုများသည် သတင်းအချက်အလက်များ လက်လှမ်းမီနိုင်ရန်လိုအပ်သည်။ ကုမ္ပဏီများသည် ထိုသို့ သတင်းအချက်အလက် လက်လှမ်းမီနိုင်ရေး ပံ့ပိုးကူညီနိုင်ရန် စီမံကိန်းနှင့်ဆိုင်သော သတင်းအချက်အလက်များကို ယင်းတို့ နားလည်သဘောပေါက်နိုင်သောပုံစံဖြင့် အချိန်မီအကြောင်းကြားရန် ဖြစ်သည်။ ဇဟုသုတ၊ လုပ်ပိုင်ခွင့်အာဏာနှင့် ဩဇာလွှမ်းမိုးမှုအတိုင်းအတာတို့တွင် တစ်ဖက်နှင့် တစ်ဖက်အကြား မညီမျှကြောင်း ထင်ရှားပေါ်လွင်နေသည့်ဖြစ်ရပ်များရှိပါက ကုမ္ပဏီသည် ထိုလုပ်ငန်းစဉ်တွင် အကူအညီပေးရန် အခြားမိတ်ဖက်များအား ဆက်သွယ်တောင်းခံနိုင်သည်။ ငြင်းခုံဆွေးနွေးစရာများရှိလျှင် အစိုးရမဟုတ်

သော အဖွဲ့အစည်းတစ်ခုသည် ဒေသခံလူထုများအား ကူညီရန်နှင့် ယင်းတို့ကိုယ်စား ငြင်းခုံဆွေးနွေးပေးရန် ပါဝင်လာနိုင်သည်။ စေ့စပ်ညှိနှိုင်းမှုကိုအလိုရှိလျှင် တက္ကသိုလ်ကောလိပ်ကျောင်း သို့မဟုတ် အခြားဒေသန္တရ အဖွဲ့အစည်းများသည် ကုမ္ပဏီနှင့် ယင်း၏ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူအုပ်စုများအကြား စေ့စပ်ညှိနှိုင်းရာ၌ "ရိုးသားမှုရှိသော အကျိုးဆောင်"(Honest Broker) တစ်ဦး၏ အခန်းကဏ္ဍတွင် ပါဝင်ပေးနိုင်သည်။ အချို့အခြေအနေများတွင် ထိုသို့ တတိယပုဂ္ဂိုလ်အဖွဲ့အစည်း၏အကြံဉာဏ် သို့မဟုတ် ပံ့ပိုးကူညီမှုကို ရယူခြင်းသည် အားလုံးကလက်ခံနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ လုပ်ငန်းစဉ်တစ်ခုလုံးကို မထိခိုက်လျှင် ထိုလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ကုမ္ပဏီမှ ကျခံခြင်းသည် အလေ့အကျင့်ကောင်းတစ်ရပ်ဖြစ်နိုင်သည်။

## ✔ လက်လှမ်းမီနိုင်ရန် စီစဉ်ပေးပါ

လူအများမှ ယင်းတို့စိုးရိမ်ပူပန်မှုများကို အလွယ်တကူတင်ပြနိုင်ပြီး ထိုတင်ပြချက် များကို ကုမ္ပဏီမှကြားသိပြီး အရေးယူဆောင်ရွက်မည်ဟု ယုံကြည်ချက်ရှိစေသော စီမံကိန်းများသည် ဂုဏ်သိက္ခာကောင်းတစ်ရပ်နှင့် ပိုမိုကောင်းမွန်သော လူမှုဆက်ဆံရေးများ စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။ ထိုအကျိုးကျေးဇူးရရှိရန် အကောင်းဆုံးနည်းလမ်းများထဲမှ တစ်ခုမှာ မိမိဘက်မှ ဆက်သွယ်ဆောင်ရွက်ပေးမည့်သူများကို အဆိုပါဒေသတွင် တာဝန်ချထားရန်ဖြစ်သည်။ သင့်တော်သော လုပ်ငန်းကျွမ်းကျင်မှုများ၊ သက်ဆိုင်ရာသင်တန်းများ တက်ခဲ့ဘူးသူနှင့် ပင်ကိုယ်စရိုက်ကောင်းရှိသူများအား လူမှုဆက်ဆံရေးအတွက် ငှားရမ်း၍ ယင်းတို့ကို စီမံကိန်းနယ်မြေသို့ တတ်နိုင်သမျှ အမြန်ဆုံးတာဝန်ချထားရပါမည်။ ဒေသခံလူထုထံသို့ ပုံမှန်သွားရောက်တွေ့ဆုံစေ၍ လူပုဂ္ဂိုလ်ချင်း ရင်းနှီးမှုမှသည် ကုမ္ပဏီနှင့် ဒေသခံများအကြားဆက်ဆံရေး ကောင်းမွန်မှုအထိ များစွာအထောက်အကူပြုစေရန်နှင့် ယုံကြည်မှုများပေါက်ဖွားလာစေရန် ဆောင်ရွက်ပါ။ ရွာသို့ ပုံမှန်လာရောက်လေ့ရှိသူ သို့မဟုတ် အနီးအနားတွင်နေထိုင်သည့် မျက်နှာသိတစ်ဦးနှင့် စကားပြောခြင်းသည် အလွတ်သဘောပြောဆိုရသည့်ဝန်းကျင်တစ်ခုကို ဖန်တီးပေးသလိုဖြစ်ပြီး စိုးရိမ်ပူပန်မှုများ၊ မကျေနပ်ချက် များကို ဖွင့်ဟပြောဆို၊ ဖြေရှင်း သို့မဟုတ် တာဝန်ရှိသူအဆင့်ဆင့်ထံသို့ တင်ပြပေးနိုင်စေသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ကုမ္ပဏီရုံးများရှိရာ အလှမ်းဝေးကွာသောနေရာများသို့ ရုံးချိန်အတွင်း သွားရောက်၍ တိုင်စာတစ်စောင်ကို တရားဝင်လုပ်ထုံးလုပ်နည်းအတိုင်း တင်ပြရသည်ထက်စာလျှင် လူအများအတွက် များသောအားဖြင့် ပိုမိုအဆင်ပြေ၍ စိတ်အနှောင့်အယှက်လည်း နည်းပါးစေသည်။

## ✔ ကိစ္စရပ်များအပေါ် ပွင့်လင်းမြင်သာစွာ အချိန်မီဖြေကြားပေးပါ

□ □ □ ဒေသခံလူထုထံသို့ ပုံမှန်သွားရောက်တွေ့ဆုံစေ၍ လူပုဂ္ဂိုလ်ချင်း ရင်းနှီးမှုမှသည် ကုမ္ပဏီနှင့် ဒေသခံများအကြား ဆက်ဆံရေးကောင်းမွန်မှုအထိ များစွာအထောက်အကူပြုစေရန်နှင့် ယုံကြည်မှုများ ပေါက်ဖွားလာစေရန် ဆောင်ရွက်ပါ။

## MINERA YANACOCHA ။ ပဋိပက္ခဖြေရှင်းရန် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် စားပွဲဝိုင်းဆွေးနွေးပွဲ

Peru နိုင်ငံ Minera Yanacocha ရွှေတွင်းတစ်ဝိုက်က ဒေသခံများနှင့် ပဋိပက္ခများ ပြင်းထန်လာခဲ့ခြင်းမှာ ကျေးရွာ ၃ ရွာကို ဖြတ်သွားသောလမ်းအပိုင်းတစ်ပိုင်းတွင် ပြဒါးများဖိတ်စင်ခဲ့ခြင်းက စတင်ခဲ့ခြင်း ဖြစ်သည်။ ဒေသခံအုပ်စုများက ကုမ္ပဏီသည် ရွာအနီးတစ်ဝိုက်က ရေထုနှင့် လေထု၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးအောင် ပြုလုပ်ခဲ့ကြောင်းနှင့် ရွှေတွင်းတူးဖော်မှုတွင် ရပ်ရွာလူထုအား လုံလောက်စွာ တိုင်ပင် ဆွေးနွေးခြင်းမရှိကြောင်းလည်း စွပ်စွဲ ခဲ့သည်။

စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ စုံစမ်းတင်ပြရန် IFC ဟာစ်တိုင်အရာရှိ(Compliance Advisor Ombudsman) ထံသို့ တိုင်ကြားရာမှ Mesa ခေါ် စားပွဲဝိုင်းဆွေးနွေးပွဲတစ်ရပ်ဖြစ်လာသည်။ စားပွဲဝိုင်းဆွေးနွေး ပွဲတွင် တရားဝင်မှတ်ပုံတင်ထားသော အဖွဲ့အစည်း ၅၂ ခုမှ ကိုယ်စားလှယ်များ – နိုင်ငံတော်အစိုးရ၊ ထိခိုက်နစ်နာရသော ရပ်ရွာများမှ ပုဂ္ဂိုလ်များ၊ အစိုးမဟုတ်သော အဖွဲ့အစည်းများ၊ ခရစ်ယာန်ဘုရား ရှိခိုးကျောင်းမှ အုပ်စုများ၊ ကုန်သည်အသင်းချုပ်၊ ကုမ္ပဏီနှင့် ထိုစားပွဲဝိုင်းဆွေးနွေးပွဲမှ ရွေးကောက် ထားသောဒါရိုက်တာအဖွဲ့တို့ပါဝင်၍ စားပွဲဝိုင်းဆွေးနွေးပွဲကို လစဉ်ကျင်းပခဲ့သည်။ ထိုသို့ ကျင်းပ ရသည့် အဓိကလုပ်ငန်းစဉ်မှာ “Minera Yanacocha ကုမ္ပဏီနှင့် Cajamarca ရပ်ရွာလူထု တို့အကြား က ပဋိပက္ခများကို အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုဖြင့် ပွင့်လင်းမြင်သာသော၊ လမ်းဖွင့်ပေးသော၊ လွတ်လပ်အမှီအခိုကင်းသော၊ အားလုံးပူးပေါင်းပါဝင်သော ပုံစံတစ်ရပ်ဖြင့် ညှိနှိုင်း ဖြေရှင်းရန်ဖြစ်သည်။”

Mesa ခေါ် စားပွဲဝိုင်းဆွေးနွေးပွဲသည် “ညှိနှိုင်းဆွေးနွေးသည့် ယဉ်ကျေးမှု” အသစ်တစ်ရပ်ကို အောင်မြင်စွာဖန်တီးခဲ့ပြီးကုမ္ပဏီနှင့်ရပ်ရွာလူထုကြားကတင်းမာမှုများကိုလျှော့ပါးသွားစေရန်အတွက် အပြန်အလှန်လေးစားသော၊ သည်းခံသောပုံစံဖြင့် နီးကြားတက်ကြွစွာ ဆောင်ရွက်သည့် ပုဂ္ဂိုလ် အဖွဲ့အစည်းပေါင်းစုံပါဝင်သော ဆွေးနွေးပွဲများမှတဆင့် ဆောင်ရွက်နိုင်ရန် အထောက်အကူရခဲ့သည်။ ဥပမာအားဖြင့် ရေအရည်အသွေးနှင့် ညစ်ညမ်းမှုပမာဏလေ့လာရေးကို လွတ်လပ်အမှီအခိုကင်းစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ထိုကိစ္စများကိုမည်သို့ဖြေရှင်းနိုင်ကြောင်း အကြံပြုချက်များလည်းရရှိ ခဲ့သည်။ ကုမ္ပဏီ၏ အန္တရာယ်ရှိပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်မှုနှင့် အရေးပေါ်အခြေအနေ တုံ့ပြန် ဆောင်ရွက်မှု အစီအစဉ်များကိုလည်း ထိုဆွေးနွေးပွဲရလဒ်များအရ ပြန်လည်သုံးသပ် ပြင်ဆင်နေပြီဖြစ် သည်။ သို့သော် Mesa ခေါ် စားပွဲဝိုင်းဆွေးနွေးမှုဖြင့် မဖြေရှင်းနိုင်သေးသည့် ပြဿနာများလည်း ရှိသည်။ ထိုလုပ်ငန်းစဉ်သည် ပိုမိုကျယ်ပြန့်သော ရပ်ရွာလူထုအသိုင်းအဝိုင်းများစွာက ယင်းတို့၏ ကိုယ်စားလှယ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးလာသည့်အခါ အများပြည်သူ၏ သဘော ထားအမြင်များ၊ လွတ်လပ်အမှီအခိုကင်းမှုနှင့် ပွင့်လင်းမြင်သာမှုတို့နှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများကို လည်း ရင်ဆိုင်လာရသည်။ ထို့အပြင် Mesa ခေါ် စားပွဲဝိုင်းဆွေးနွေးပွဲသည် IFC ဟာစ်တိုင် အရာရှိထံမှ ငွေကြေးနှင့် နည်းပညာဆိုင်ရာအကူအညီများကို ပထမဆုံးဆွေးနွေးပွဲကျင်းပစဉ်ကတည်းက လက်ခံ ရရှိနေခဲ့သောကြောင့် ထိုလုပ်ငန်းစဉ်၏ ရေရှည်တည်တံ့မှုသည် မေးခွန်းတစ်ရပ်အဖြစ် ကျန်ရှိနေသည်။

*Source: Report of the Independent Evaluation of the Mesa de Dialogo y Consenso CAO Cajamarca May 2005 http://www.cao-ombudsman.org/pdfs/MESA_%20Evaluation_%20Report_%20Final_%20English.pdf*

ကုမ္ပဏီသည် မှတ်တမ်းတင်ထားသော တိုင်ကြားမှုအားလုံးကို ဖြေရှင်းပေးရန် အချိန်ကာလတစ်ရပ်ကို အများပြည်သူအား ကတိကဝတ်ပြုခြင်းနှင့် ထိုသတ်မှတ်အချိန်အတိုင်း အမှန်တကယ်ဆောင်ရွက်ခြင်းများသည် ကုမ္ပဏီအတွက် အလေ့အကျင့်ကောင်းတစ်ခုဖြစ်သည်။ သတ်မှတ်အချိန်ကာလတစ်ရပ်အတွင်း ဖြေကြားပေးရန် (၄၈ နာရီအတွင်း၊ တစ်ပတ်အတွင်း သို့မဟုတ် ရက် ၃၀ အတွင်း) ကုမ္ပဏီဝန်ထမ်းက ယင်းတို့အား မည်သည့်အချိန်တွင် ဆက်သွယ်လာနိုင်သည်ဆိုသည်ကို လူအများသိရှိထားခြင်းနှင့်( သို့မဟုတ်) မည်သည့်အချိန်တွင် ယင်းတို့တိုင်စာအပေါ် ဖြေရှင်းမှုလက်ခံရရှိမည်ဆိုသည်ကို လူအများသိရှိထားခြင်းဖြင့် ကုမ္ပဏီအပေါ်ထားရှိသော အမျက်ဒေါသများ ဖြေဖျောက်ပေးနိုင်သည်။ ထိုလုပ်ဆောင်မှုနှင့် ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်တစ်ရပ်တို့ပေါင်းစပ်ခြင်းအားဖြင့် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများသည် ဆုံးဖြတ်ချက်များ မည်သို့ချမှတ်ကြောင်း နားလည်သဘောပေါက်နိုင်ပြီး စနစ်အပေါ် ယုံကြည်မှုများ တိုးပွားစေသည်။ အရေးကြီးသောအချိန်ကာလ ဥပမာ တည်ဆောက်ရေးကာလအတွင်း အချိန်နှင့်တစ်ပြေးညီ ပြန်ကြားရမည့် ထိလွယ်ရှလွယ်တိုင်စာများ၊ ကန်ထရိုက်တာက ခြံစည်းရိုးတစ်ခု ပြိုကျသွားအောင်ပြုလုပ်လိုက်ခြင်းနှင့် ထိုအတွက်ကြောင့် ကျွဲ၊ နွားများ လွတ်ထွက်သွားခြင်းသည် ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်သည်။ ဆက်စပ်ကိစ္စတစ်ခုမှာ စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များလက်ခံရှိသော ကုမ္ပဏီဝန်ထမ်း (များသောအားဖြင့် လူထုဆက်ဆံရေးဝန်ထမ်း) သည် သာမန်တိုင်ကြားမှုများကို ယင်းတို့ဘာသာ ဖြေရှင်းနိုင်သည့် လုပ်ပိုင်ခွင့်ရှိထားရန်နှင့် ပြဿနာပိုကြီးလျှင် သို့မဟုတ် ဖြေရှင်းရန် ကုန်ကျစရိတ်များမည်ဆိုလျှင် အကြီးတန်းမန်နေဂျာများထံသို့ တိုက်ရိုက်တင်ပြနိုင်သည့် လမ်းကြောင်းတစ်ရပ်လည်း ထားရှိရမည်။

### ✔ မှတ်တမ်းများကို ကောင်းစွာထိန်းသိမ်း၍ ပြန်လည်အစီရင်ခံပါ

## ☐ ကုမ္ပဏီသည် မှတ်တမ်းတင်ထားသော တိုင်ကြားမှုအားလုံးကို ဖြေရှင်းပေးရန် အချိန်ကာလတစ်ရပ်ကို အများပြည်သူအား ကတိကဝတ်ပြုရန်နှင့် ထိုသတ်မှတ်အချိန်အတိုင်း အမှန်တကယ်ဆောင်ရွက်စေခြင်းသည် ကုမ္ပဏီအတွက် အလေ့အကျင့်ကောင်းတစ်ခုဖြစ်သည်။

(စီမံကိန်းငယ်များတွင်) မှတ်တမ်းစာအုပ်တစ်အုပ်ကိုထားကာ (ကြီးမားသော ထိခိုက်ဆုံးရှုံးမှုများရှိနိုင်သည့် ပိုမိုကြီးမားသော စီမံကိန်းကြီးများတွင်) ပိုမိုအသေးစိတ်ကျသော အချက်အလက်ဘဏ်တစ်ခုထူထောင်ထားသော်လည်း တိုင်ကြားမှုအားလုံးကို စာဖြင့် မှတ်တမ်းတင်ထားခြင်းသည် ထိုစိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များကို ထိရောက်စွာ စီမံခန့်ခွဲပေးနိုင်ရန်အတွက် အလွန်အရေးပါသည်။ ထိုမှတ်တမ်းတွင် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏အမည် ၊တိုင်ကြားသည့်နေ့ရက်နှင့် တိုင်ကြားမှုအမျိုးအစား၊ တိုင်ကြားမှုအရ ဆက်လက်အရေးယူဆောင်ရွက်ခဲ့မှု၊ နောက်ဆုံးရလဒ်နှင့် ဆုံးဖြတ်ချက်ကို တိုင်ကြားသူထံသို့ မည်သည့်အချိန်တွင် မည်သို့အသိပေးအကြောင်းကြားခဲ့ကြောင်းတို့ ပါရှိသင့်သည်။ အချို့နိုင်ငံများတွင် စိုးရိမ်ပူပန်မှု၊ မကျေနပ်မှုကို တရားဝင်မှတ်တမ်းတင်နိုင်ရန်၊ ပုဂ္ဂိုလ်ရေး အသေးစိတ်အချက်အလက်များ၊ ဥပမာ– နိုင်ငံကူးလက်မှတ်နံပါတ်များကို ဖော်ပြရန် လိုအပ်သည်။ ထိုသတ်မှတ်ချက်သည် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအားခြိမ်းခြောက်ခြင်းနှင့်ထိုလုပ်ငန်းစဉ်ကိုအသုံးမပြုရန်ဟန့်တားခြင်းမျိုးဟုခံစားရနိုင်သည်။ပုဂ္ဂိုလ်ရေး ပိုဆန်သောအချက်အလက်များကို လိုအပ်မှသာရယူသင့်သည်။ အာဏာပိုင်များအား ဖော်ပြရန်မလိုအပ်လျှင်

လျှို့ဝှက်စွာ ထိန်းသိမ်းပေးထားသင့်သည်။ တိုင်စာအပေါ် ဆက်လက်ဆောင်ရွက်ရန်ဆုံးဖြတ်ချက်ကို တိုင်ကြားသူအား (ဖြစ်နိုင်လျှင် စာဖြင့်) အသိပေးခြင်းအပြင် ရပ်ရွာလူထုများနှင့် အခြားသော စီမံကိန်းနှင့် ပတ်သက် ဆက်နွယ်သူအုပ်စုများအား ကုမ္ပဏီသည် လက်ခံရရှိသော တိုင်စာများအား မည်သို့ဖြေရှင်းဆောင်ရွက်ပေးနေကြောင်း အချိန်မှန်ပြန်လည်အသိပေးခြင်းသည် ရပ်ရွာလူထုနှင့် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အလေ့အကျင့်ကောင်းလည်း ဖြစ်သည်။

## ✔ ဥပဒေလမ်းကြောင်းဖြင့် ကုစားမှုယူရန် ကြိုးပမ်းမှုအပေါ် ဟန့်တားနှောင့်ယှက်မှုမပြုရ

စီမံကိန်းသည် တိုင်ကြားမှုတစ်ခုကို မဖြေရှင်းပေးနိုင်လျှင် တိုင်ကြားသူများအနေနှင့် ပြင်ပကျွမ်းကျင်သူများထံမှ အကူအညီများယူနိုင်ရန် ဆောင်ရွက်ခြင်းသည် သင့်တော်ပါသည်။ ပြင်ပကျွမ်းကျင်သူများတွင် အစိုးရအမှုလိုက်ဥပဒေအရာရှိများ၊ ဥပဒေအကြံပေးများ၊ ဥပဒေရေးရာကိစ္စများဆောင်ရွက်နေသော အစိုးရ မဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် တက္ကသိုလ်ဝန်ထမ်းများ ပါဝင်နိုင်သည်။ ကုမ္ပဏီသည် ထိုတတိယပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်၍ ထိုကိစ္စများကို အောင်မြင်စွာ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်သည်။ သို့သော် ထိုနည်းလမ်းသည် အမြဲတမ်းအလုပ်ဖြစ်နိုင်မည် မဟုတ်ပါ။ တိုင်ကြားသူများက ဥပဒေကြောင်းအရ ဖြေရှင်းမည့်နည်းလမ်းကို ရွေးချယ်သည့် အခြေအနေများလည်း ဖြစ်ပေါ်လာနိုင်သည်။ ထိုအခြေအနေများတွင် ကုမ္ပဏီများသည် ယင်းတို့ဝင်ရောက်လုပ်ကိုင်နေသော နိုင်ငံအတွင်း အငြင်းပွားမှုများနှင့် ပတ်သက်၍ တရားရေးဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဖြေရှင်းနည်းများကို သိရှိထားသင့်ပြီး ထိုလုပ်ငန်းစဉ်များ လက်လှမ်းမီနိုင်ရန် ဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်မှုမပြုသင့်ပါ။

## EXXONMOBIL ။ CHAD–CAMEROON ပိုက်လိုင်းစီမံကိန်းနှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များကို ဖြေရှင်းရန် ပုဂ္ဂိုလ်အဖွဲ့အစည်းပေါင်းစုံပါဝင်သောကော်မရှင်

တစ်ခါတစ်ရံ၌ စိုးရိမ်ပူပန်မှုများ မကျေနပ်ချက်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူ အုပ်စုအမျိုးမျိုးမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခြင်းသည် လုပ်ငန်းစဉ်၏ မှန်ကန်ဖြောင့်မတ်မှုနှင့် သဘာဝကျဆီလျော်မှုကို တိုးတက်စေနိုင်သည်။ Cameroon နိုင်ငံတွင် Exxon Mobil ကုမ္ပဏီသည် ကြီးမားသော မြေတစ်ကွက် ရယူရန်အတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုမြေကွက်ရှိရာနေရာတွင် ပုဂ္ဂလိက မြေပိုင်ဆိုင်မှု ရှိကြောင်း အစိုးရက အသိအမှတ်ပြုထားခြင်းမရှိပါ။ ထို့အပြင် မြေယာပိုင်ဆိုင်ခွင့် ရှုပ်ထွေးသော အခြေအနေတစ်ရပ်ကြောင့် မြေကွက်တစ်ခုပေါ်တွင်ပင် လူများစွာက သူတို့ပိုင်ဆိုင်ကြောင်း တောင်းဆိုမှုများရှိလာသည်။ ကုမ္ပဏီသည် မျှတပြီး ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ရန်လိုအပ်ခဲ့သည်။ ထိုလုပ်ငန်းစဉ်အရ လျော်ကြေးတောင်းခံခွင့်ရှိပြီး နစ်နာမှုများ ကုစားပေးမှု ရရှိနိုင်သည့် အရည်အချင်းပြည့်မီသူများကို သတ်မှတ်ပေးနိုင်မည်ဖြစ်သည်။

အစိုးရအရာရှိများ၊ ရွာသူကြီးများ၊ ရိုးရာအစဉ်အလာအရ ဩဇာအာဏာရှိသူများ၊ Exxon Mobil ကုမ္ပဏီကိုယ်စားလှယ်များနှင့် တင်ဒါယှဉ်ပြိုင်မှု လုပ်ငန်းစဉ်တစ်ရပ်မှ ရွေးချယ်ထားသော၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှစ်ခုတို့ပါဝင်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းစုံပါဝင်သောကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ကော်မရှင်သည် တစ်ရွာချင်းစနစ်တကျ ဆန်းစစ်သည့်လုပ်ငန်းစဉ် "လူမှုရေးနည်းလမ်းအရဖြေရှင်းမှု (Social Closure)" ကိုဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းစဉ်အရကော်မရှင်သည် ပိုက်လိုင်းတစ်လျှောက်ရှိ လျော်ကြေးဆိုင်ရာသဘောတူညီမှုတစ်ခုချင်းစီအပေါ်သုံးသပ်ခဲ့ပြီး ပိုမိုကျယ်ပြန့်သောပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်နှင့် ကိုက်ညီခြင်း ရှိ၊ မရှိ ဆုံးဖြတ်ခဲ့သည်။ မလိုက်နာမှုများ တွေ့ရှိရလျှင် ကော်မရှင်သည် သင့်တော်သည့် ပြန်လည်တည့်မတ်ရန်ဆောင်ရွက်မည့် အစီအမံများ ချမှတ်ခဲ့သည်။ အပြီးသတ်လျော်ကြေးပေးမှုများကို ထိခိုက်နစ်နာခဲ့သောကျေးရွာများတွင်ပြုလုပ်သည့် အများပြည်သူဆိုင်ရာ တွေ့ဆုံပွဲများတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများထဲမှတစ်ခုကို သက်သေထား၍ ပေးအပ်ခဲ့သည်။

# စီမံကိန်းအားစောင့်ကြပ်ကြည့်ရှုစစ်ဆေးရာတွင် ပတ်သက်ဆက်နွယ်သူများပါဝင်ဆောင်ရွက်ခြင်း

## ဤအပိုင်းတွင် ဘာတွေပါသလဲ


80 စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာတွင် ပူးပေါင်းပါဝင်ရန် အားပေးမြှင့်တင်ပါ

81 ပြင်ပစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းမှ ရရှိနိုင်သောအကျိုးကျေးဇူးများကိုလေ့လာပါ

ကုမ္ပဏီတစ်ခု၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များကို ပြင်ပမှ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းသည် ပွင့်လင်းမြင်သာမှုကို တိုးတက်စေကာ ယုံကြည်မှုများ မြှင့်တင်ပေးသဖြင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သော လုပ်ငန်းစဉ်များကို ခိုင်မာအားကောင်းစေနိုင်သည်။



# စီမံကိန်းအပေါ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ ပါဝင် ဆောင်ရွက်ခြင်း

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ စိုးရိမ်ပူပန်မှုများ ပြေပျောက်စေရန်နှင့် ပွင့်လင်းမြင်သာမှုကို အားပေးမြှင့်တင်ရန် အထောက်အကူပြုသည့် နည်းလမ်းတစ်ခုမှာ စီမံကိန်းကြောင့် ထိခိုက်နစ်နာခဲ့ရသူများ အပေါ် ဆိုးကျိုးသက်ရောက်မှုများ လျှော့ချရန် အကောင်အထည်ဖော် ဆောင်ရွက်မှုများ သို့မဟုတ် အခြား သော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အစီအစဉ်များ အကောင်အထည်ဖော်မှုများကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးရာ၌ ပါဝင်ဆောင်ရွက်စေခြင်းဖြစ်သည်။ ထိုသို့ ပါဝင်ဆောင်ရွက်ခြင်းနှင့် ထိုလုပ်ငန်းစဉ်မှတစ်ဆင့် အချက်အလက်များ စီးဆင်းစေခြင်းသည် ဒေသခံများအနေနှင့် စီမံကိန်းနှင့်ဆက်စပ်နေသော ယင်းတို့၏ ပတ်ဝန်းကျင်နှင့် လူမှုဘဝသာယာဝပြောရေးကို ပိုမိုအလေးအနက်ထား တာဝန်ယူကြရန်လည်း တိုက်တွန်း ပေးသည်။ ထိုအပြင် ယင်းတို့ဘဝတွင် သက်ရောက်နေသောကိစ္စများကိုဖြေရှင်းရန် ယင်းတို့ကိုယ်တိုင်လည်း တစ်စုံတစ်ခုကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်ရသည်ဟု ခံစားမိနိုင်သည်။ ဒေသခံများ ပူးပေါင်းပါဝင်သော စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းသည် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများ၊ အခြားသော ပတ်သက်ဆက်နွယ်သူများအကြား ဆက်ဆံရေးများကိုလည်း ခိုင်မာအားကောင်းစေသည်။

ဒေသခံများတွင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် စွမ်းဆောင်ရည်မရှိလျှင် ကုမ္ပဏီက စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများနှင့် ဒေသန္တရအဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် သင်တန်းအစီအစဉ်များကို ဆောင်ရွက်ပေးခြင်းဖြင့် လိုအပ်သော နည်းပညာဆိုင်ရာကျွမ်းကျင်မှုများရရှိလာပြီး စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုကို ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးစဉ်းစားရန် ဆန္ဒရှိလာနိုင်သည်။ စီမံကိန်းအပေါ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးနေသော မည်သည့်အဖွဲ့မဆို၊ စီမံကိန်းလုပ်ငန်းစဉ်အပေါ် နည်းပညာဆိုင်ရာ နားလည်သဘောပေါက်မှု ကောင်းကောင်းတစ်ရပ်ရှိစေရန် ကုမ္ပဏီကကြိုးပမ်းဆောင်ရွက်ပေးခြင်းသည် ကုမ္ပဏီ၏ကိုယ်ပိုင်အကျိုးစီးပွားများအတွက် အကောင်းဆုံး ဖြစ်အောင်ပြုလုပ်ခြင်းဖြစ်သည်ဟု ဆောင်ရွက်နေကြသော ကုမ္ပဏီများက ပြောကြသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် ပိုမိုတိကျမှန်ကန်သော စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု ရလဒ်များရရှိစေပြီး သတင်းအချက်အလက်များအပေါ် သိရှိနားလည်လာကာ နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ✔ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာတွင် ပူးပေါင်းပါဝင်ရန်အားပေးမြှင့်တင်ပါ

စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်းသည် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုမှ ရရှိသော အချက်အလက်များ ပြသတိုင်ပင်ခြင်းထက်သာလွန်သည်။ **စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့်အချိန်၌ စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများကိုယ်တိုင်ရှိနေစေရန်နှင့် သက်ဆိုင်ရာထိခိုက်နစ်နာရသူများအတွက် အဓိပ္ပာယ်ရှိသောနည်းလမ်းများနှင့် အညွှန်းကိန်းများ** အသုံးပြုရန် လိုအပ်သည်။ အချို့နေရာများတွင် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများက ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်သက်ရောက်မှုများ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် လျှော့ချခြင်းတွင် ပါဝင်ဆောင်ရွက်သည့်ကိစ္စသည် ဥပဒေအရလိုက်နာရမည့် သတ်မှတ်ချက်တစ်ရပ်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အလေ့အကျင့်ကောင်းဖြစ်သည်။ စီမံကိန်းအပေါ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးရာ၌ ပါဝင်ဆောင်ရွက်ကြမည့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူအမျိုးမျိုးတို့၏ ကိုယ်စားလှယ်များအား ရွေးချယ်ရာတွင် အထူးသတိထားသင့်ပြီး ရွေးချယ်ရေးလုပ်ငန်းစဉ်သည်လည်း ပွင့်လင်းမြင်သာမှု ရှိသင့်သည်။

ပါဝင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းတွင် အောက်ပါတို့လည်း ပါဝင်နိုင်သည်။ ဥပမာ:[2]–

- စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများသည် စီမံကိန်းဆိုင်ရာ **သိပ္ပံနည်းကျ နမူနာများ** ကောက်ယူသည့် နည်းလမ်းများနှင့် ဆန်းစစ်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း – ဒေသခံအဖွဲ့အများစုသည် ပညာရပ်ဆိုင်ရာ သင်တန်းများ ပေးစရာမလိုဘဲ ထိုနည်းစနစ်များကို နားလည်သဘောပေါက်နိုင်ကြသည်။ သို့ရာတွင် အခြားသူများအတွက်မူ အချို့စွမ်းဆောင်ရည်မြှင့်သင်တန်းများ လိုအပ်နိုင်သည်။
- စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူ ပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ **စောင့်ကြည့်လေ့လာခြင်းသည်** ဆန်းစစ်မှုမှ ရရှိသောအချက်အလက်များကို အတည်ပြုနိုင်ရေး အားကောင်းသော သုံးဦးသုံးဖလှယ်ပါဝင် ဆောင်ရွက်မှုကို ဖြစ်စေသည်။

2. Source: Adapted in part from: the Global Development Research Centre
http://www.gdrc.org/uem/e-mgmt/10.html

## □ □ □ ပြင်ပစောင့်ကြပ်ကြည့်ရှုစစ်ဆေးသူတစ်ဦးသည် စီမံကိန်း၏ တာဝန်ယူတာဝန်ခံမှုနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရရှိသော ရလဒ်များတိကျမှန်ကန်မှု တိုးတက်စေရန်ကူညီနိုင်သည်။

- ဆိုးကျိုးသက်ရောက်မှုများကို အောင်မြင်စွာ လျှော့ချခြင်း သို့မဟုတ် ကောင်းကျိုးသက်ရောက်မှုများကို မြင့်မားအောင် လုပ်ဆောင်ပေးခြင်း အစီအမံများ နှင့်(သို့မဟုတ်) ပေါ်ပေါက်လာသော ပြဿနာအသစ်များကို မည်သို့ စီမံခန့်ခွဲမည်နှင့်စပ်လျဉ်း၍ **အုပ်စုလိုက် ဆွေးနွေးမှုများ**
- ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားအခြေအနေများ အချိန်နှင့်အမျှ ပြောင်းလဲနေခြင်းကို ဆန်းစစ်ရန် **သမားရိုးကျပါဝင်ဆောင်ရွက်စေသောနည်းလမ်းများ**ကို လိုက်လျောညီထွေအသုံးပြုခြင်း၊ ဥပမာ – ရာသီအလိုက် ဆောင်ရွက်မည့် ကိစ္စများကို ပြက္ခဒိန်တွင် မှတ်သားထုတ်ပြန်ခြင်း၊ နေ့စဉ်/အပတ်စဉ် လုပ်ငန်းဆောင်ရွက်မှု အချိန်ဇယားများ၊ အရင်းအမြစ်များနှင့် မြေအသုံးချမှုဆိုင်ရာ မြေပုံများ၊ ချမ်းသာကြွယ်ဝမှု အဆင့်များ သတ်မှတ်ပေးခြင်း

အချို့ကုမ္ပဏီများသည် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုကို ကူညီကြမည့် ဒေသခံများထံ၌ ရှိထားသည့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များကို သံသယရှိနေနိုင်သည်။ သို့သော်လည်း ထိုနည်းလမ်းကို ကြိုးစားသုံးစွဲခဲ့သော ကုမ္ပဏီများသည် ယင်းတို့ ခန့်မှန်းထားသည်ထက် ဒေသခံများက ပိုမိုမြန်ဆန်စွာ လေ့လာသင်ယူနိုင်ကြောင်း ဖော်ပြထားသည်။

### ✔ ပြင်ပစောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုမှရနိုင်သောအကျိုးကျေးဇူးများကိုလေ့လာပါ

ကုမ္ပဏီတစ်ခု၏ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာကတိကဝတ်များကို ပြင်ပမှ စောင့်ကြည့်လေ့လာခြင်းသည် စီမံကိန်းနှင့် ယင်း၏ အဓိကကျသော ပတ်သက်ဆက်နွယ်သူများအကြား ပွင့်လင်းမြင်သာမှု တိုးတက်စေကာ ယုံကြည်မှုများ တိုးပွားစေသဖြင့် ချိတ်ဆက်ဆောင်ရွက်သောလုပ်ငန်းစဉ်များကို ခိုင်မာအားကောင်းစေနိုင်သည်။ ယင်းတို့စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်မှုတစ်ရပ်လက်ခံရရှိခြင်းသည် ကုမ္ပဏီများအား များစွာအကျိုးပြုသည်။ ပြင်ပမှ အပြစ်တင်ဝေဖန်မှုများ လျှော့နည်းပပျောက်ရန်နှင့် ဒေသခံများ၏ ထောက်ခံအားပေးမှုများ ခိုင်မာအားကောင်းလာရန်အထောက်အကူပြုနိုင်သည်။ **ပြင်ပမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသူတစ်ဦး**သည် စီမံကိန်း၏ **တာဝန်ယူတာဝန်ခံမှု**နှင့် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသော ပြည်သူနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အမြင်တွင် **စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုရလဒ်များက မှန်ကန်တိကျသည်**ဟု လက်ခံမှုများ တိုးတက်စေရန် လွတ်လပ်အမှီအခိုကင်းသော၊ ဓမ္မဓိဋ္ဌာန်ကျသော သတင်းအချက်အလက်အရင်းအမြစ်နှင့် သတင်းပေးပို့မှုတစ်ခုအဖြစ် ဆောင်ရွက်ပေးခြင်းအားဖြင့် များစွာအထောက်အကူပြုနိုင်သည်။ ပြင်ပ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသူများသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရဌာန စည်းကမ်းကြပ်မတ် ထိန်းသိမ်းသူများ၊ တက္ကသိုလ်ကောလိပ်များမှ ပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ ရပ်ရွာလူထုကိုယ်စားလှယ်များ၊နည်းပညာဆိုင်ရာကျွမ်းကျင်သူများသို့မဟုတ်ထင်ရှားသောပုဂ္ဂိုလ်များလည်းဖြစ်နိုင်သည်။ရုပ်ထွေးသောသို့မဟုတ်အငြင်းပွားဖွယ်ရာ

စီမံကိန်းများတွင် ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ပွင့်လင်းမြင်သာမှုတို့သည် အဓိကသော့ချက်များဖြစ်ရာ စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာလုပ်ဆောင်ချက်ကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးပြီး အစီရင်ခံစာတင်ပြရန် **လွတ်လပ်အမှီအခိုကင်းသော စောင့်ကြပ်ကြည့်ရှု စစ်ဆေးရေးအဖွဲ့** (Independent Monitoring Panel) သို့မဟုတ် အုပ်စုတစ်ခု ထူထောင်ခြင်းသည် အလေ့အကျင့်ကောင်း ဖြစ်နိုင်သည်။ ထိုအဖွဲ့တွင် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ ၏ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အသိအမှတ်ပြု နည်းပညာဆိုင်ရာကျွမ်းကျင်သူများ နှင့်(သို့မဟုတ်) ထင်ရှားသော ပုဂ္ဂိုလ်များ ပါဝင်နိုင်သည်။ ထိုအဖွဲ့၏ အောင်မြင်မှုအတွက် အဓိကသော့ချက်မှာ အဖွဲ့တွင် ပါဝင်သူများသည် ယုံကြည်ကိုးစားခံရပြီး **နည်းပညာဆိုင်ရာအရ စွမ်းဆောင်ရည်ရှိသူများဖြစ်ရန်** နှင့် ယင်းတို့၏ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမှုအစီရင်ခံစာများကို အများပြည်သူသို့ ထုတ်ပြန်အသိပေးရန် လိုအပ်သည်။ ထိုသဘောတရားကို ပိုမိုသေးငယ်သော စီမံကိန်းများတွင်လည်း အသုံးပြုနိုင်သည်။ သို့သော် စီမံကိန်းငယ်များတွင် ရပ်ရွာလူထုကိုယ်စားလှယ်များနှင့် ဒေသခံကိုယ်စားလှယ်များ သို့မဟုတ် တက္ကသိုလ်၊ ကောလိပ်များမှ ပညာရှင်များ ဖြင့်သာ လျှော့ချဖွဲ့စည်းကြသည်။

## EXXONMOBIL ၊ CHAD CAMEROON PIPELINE အပေါ် ပြင်ပမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

**Chad Cameroon ပိုက်လိုင်း စီမံကိန်း**ကို **ExxonMobil** ကလုပ်ကိုင်သည်။ ပြင်ပစောင့်ကြပ်ကြည့်ရှု စစ်ဆေးသောအဖွဲ့ (ECMG) သည် လုပ်ငန်းလုပ်ကိုင်သူနှင့် အစိုးရအဖွဲ့အစည်း ၂ ခုစလုံးက စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ဆိုင်ရာကတိကဝတ်များ လိုက်နာဆောင်ရွက်မှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် လုပ်ငန်းအပ်နှံခံရသည်။ ExxonMobil က ငှားရမ်းထားသော (IFC က ကြားခံအဖြစ် ဆောင်ရွက်ပေးသည်) အတိုင်ပင်ခံအဖွဲ့ ECMG သည် စီမံကိန်းနေရာကို စီမံကိန်း ပြီးစီးသည့်နေ့ရက်အထိ တစ်နှစ်လျှင် အနည်းဆုံး ၄ ကြိမ် သွားရောက်လေ့လာခဲ့သည်။ ကုမ္ပဏီ၏ ကိုယ်စားလှယ်များ၊ ထိခိုက်နစ်နာရသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုကို စောင့်ကြည့် ဆန်းစစ်ရန် တာဝန်ရှိသော အခြားအဖွဲ့အစည်းများနှင့်လည်း တိုင်ပင်ညှိနှိုင်းဆွေးနွေးခဲ့သည်။ ECMG ၏ အစီရင်ခံစာအားလုံးကို အများပြည်သူ ဖတ်ရှုနိုင်စေရန် စီစဉ်ထားပြီး ကမ္ဘာ့ဘဏ်နှင့် ExxonMobil တို့၏ ဝက်ဘ်ဆိုဒ်များတွင် (အင်္ဂလိပ်ဘာသာ နှင့် ပြင်သစ်ဘာသာတို့ဖြင့်) ရယူနိုင်သည်။

**For more information on setting up an external monitoring mechanism for complex projects, please see: External Monitoring of the Chad–Cameroon Pipeline Project: Lessons of Experience, IFC (September 2006) www.ifc.org/enviro*

## BAKU–TBLISI–CEYHAN PIPELINE။ အဇာဘိုင်ဂျန်နှင့် ဂျော်ဂျီယာတို့တွင် NGO များက စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

**Baku–Tblisi–Ceyhan Pipeline** စီမံကိန်းတည်ဆောက်ရေးကာလတွင် ထိုစီမံကိန်းအပေါ် အစိုးရမဟုတ်သောပြည်တွင်းအဖွဲ့အစည်းတစ်ရပ်က စောင့်ကြည့်ဆန်းစစ်ရန် အကြံပြုချက်တစ်ရပ်ထွက်လာသည်။ NGO အဖွဲ့မှ ဆောက်ရွက်မည့် အပြုသဘောဆောင်ကာ ထိရောက်စွာအသိပေးနိုင်သော စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းသည် ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာလုပ်ဆောင်မှုများ တိုးတက်စေရေး အထောက်အကူပြုရန် အသုံးဝင်နိုင်သည်ဟူသောအမြင်ဖြင့် BTC စီမံကိန်းသည် IFC နှင့် EBRD တို့၏ ကူညီထောက်ပံ့မှုဖြင့် ထိုအကြံပြုချက်ကို လက်ခံဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ပိုက်လိုင်း စီမံကိန်းဝင်နိုင်ငံများတွင်ရှိသော NGO များစွာသည် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုကို ထိထိရောက်ရောက်ဆောင်ရွက်ရန် အတွေ့အကြုံနှင့် ငွေကြေးအရင်းအမြစ်များ မရှိခဲ့ကြပါ။ BTC စီမံကိန်း၏ စိန်ခေါ်မှုမှာ–NGOများ၏ လွတ်လပ်အမှီအခိုကင်းမှုကို ဆက်လက်ထိန်းသိမ်းနိုင်စေရေးအတွက် ယင်းတို့ကို တိုက်ရိုက်ငွေကြေးအထောက်အပံ့မပေးဘဲ ယင်းတို့ လေ့လာသင်ယူနိုင်သော လုပ်ငန်းစဉ်တစ်ရပ်နှင့် ငွေကြေးဆိုင်ရာအကူအညီတစ်ရပ်ကို ပေးအပ်နိုင်မည့် နည်းလမ်းတစ်ရပ် ရှာဖွေရန်ဖြစ်ခဲ့သည်။

ထို့ကြောင့် BTC သည် NGO များက အဇာဘိုင်ဂျန်နိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံတို့တွင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးကြသည့်အစီအစဉ် အကောင်အထည်ဖော်မှု မြန်ဆန်ချောမွေ့ရန် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများကို ချိတ်ဆက်ခဲ့ရသည်။ (တူရကီနိုင်ငံတွင်မူ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု မြန်ဆန်ချောမွေ့ရေးအတွက် အဖွဲ့အစည်းတစ်ခုခုကို ချိတ်ဆက်ဆောင်ရွက်ခဲ့ရခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် တူရကီတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အတွေ့အကြုံနှင့် စွမ်းဆောင်ရည်များသည် အဇာဘိုင်ဂျန်နိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံများရှိ NGO များထက် များစွာသာလွန်သောကြောင့် ဖြစ်သည်။ တူရကီ NGO များစွာသည် ထိုစီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေခဲ့ကြပြီးဖြစ်သည်။) စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုလုပ်ငန်းစဉ် မြန်ဆန်ချောမွေ့ရေးအတွက် အဇာဘိုင်ဂျန်နိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံတို့တွင် လုပ်ငန်းအဖွဲ့များစွာ ဖွဲ့စည်းနိုင်ခဲ့သည်။ လုပ်ငန်းအဖွဲ့တစ်ခုစီ၏ အဖွဲ့ဝင်များသည် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုနှင့် စာရင်းစစ်ဆေးမှုများဆိုင်ရာ သင်တန်းများတက်ခွင့်ရရှိခဲ့သလို BTC စီမံကိန်းကုမ္ပဏီ၏ ဝန်ထမ်းများမှ ပြုလုပ်သော စီမံကိန်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးမှုများ၊ သတင်းအချက်အလက်မျှဝေသော ဆွေးနွေးပွဲများသို့ တက်ခွင့်ရရှိခဲ့ကြသည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့်ကာလတလျှောက်လုံးတွင် BTC သည် စီမံကိန်းနေရာများသို့ ဝင်ရောက်နိုင်ရေး ကူညီပေးခြင်း၊ သက်ဆိုင်ရာ BTC ဝန်ထမ်းများနှင့် ကန်ထရိုက်တာများနှင့် အစည်းအဝေးများ ပြုလုပ်နိုင်ရန် ကူညီပံ့ပိုးခြင်း၊ စာရွက်စာတမ်းမှတ်တမ်းများ ကူညီပံ့ပိုးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။ ထိုအစီအစဉ်၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် (၁) NGO များသည် လိုအပ်သော ကျွမ်းကျင်မှုများ ရရှိလာပြီး BTC များအပေါ် နိုင်ငံတကာအဆင့်မီ ဓမ္မဓိဋ္ဌာန်ကျကျ စောင့်ကြပ်ကြည့်ရှုစစ်ဆေး အစီရင်ခံတင်ပြသည့် လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရာ၌ ပါဝင်ဆောင်ရွက်နိုင်ကြစေရန် (၂) NGO များအနေနှင့် အခြားစီမံကိန်းများ၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများအပေါ် စောင့်ကြည့် ဆန်းစစ်ရာ၌လည်း ယခုရရှိထားသော ကျွမ်းကျင်မှုများကို လွှဲပြောင်းအသုံးချ နိုင်စေရန်နှင့်

## BAKU–TBLISI–CEYHAN PIPELINE
– အဆက်

(၃) BTC သည် ယင်းတို့ ကတိကဝတ်ပြုထားသည့်အတိုင်း ပွင့်လင်းမြင်သာမှုကို အလေးအနက်ထား ဆောင်ရွက်ကြောင်း အများပြည်သူအား သက်သေပြရန်တို့ဖြစ်သည်။

အဇာဘိုင်ဂျန်အစီအစဉ်တွင် ပါဝင်သူများသည် ၂၀၀၅ ခုနှစ်၊ မတ်လတွင် ဂျော်ဂျီယာနိုင်ငံသို့ လာရောက်လေ့လာ၍ ယင်းတို့အတွေ့အကြုံများကို မျှဝေခဲ့ကြသည်။ ထို ၂ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် စီမံကိန်းအစီအစဉ်များ ရှေ့ဆက်ဆောင်ရွက်နေသမျှ ကာလပတ်လုံး ဆက်လက်တည်ရှိနေမည်ဟု မျှော်မှန်းရသည်။ ဤကဲ့သို့ စီးပွားရေးလုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းများအကြား တရားဝင်ပူးပေါင်းဆောင်ရွက်ခြင်းသည် Caucasus ဒေသတွင် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအတွက် နမူနာပုံစံတစ်ရပ်အဖြစ် တွေ့မြင်ရစေသည်။

### Azerbaijan
အဇာဘိုင်ဂျန်နိုင်ငံတွင် BTC သည် အဇာဘိုင်ဂျန်နိုင်ငံ၏ ပွင့်လင်းလူ့အဖွဲ့အစည်းနှင့် မိတ်ဖက်ဆက်ဆံရေးတစ်ရပ် ထူထောင်ခဲ့သည်။ အဇာဘိုင်ဂျန်နိုင်ငံ၏ ပွင့်လင်းလူ့အဖွဲ့အစည်းသည် NGO များအတွက် ပေါင်းစပ်ညှိနှိုင်းပေးသူအဖြစ် ထမ်းဆောင်၍ NGO များ ပါဝင်ဆောင်ရွက်နိုင်ရေး အထောက်အကူပြုရန် အဓိကကျသော ရန်ပုံငွေများကို ထည့်ဝင်ခဲ့သည်။ အဆိုပါ ပွင့်လင်းသော လူ့အဖွဲ့အစည်းသည် NGO များအတွက် မှတ်ပုံတင်ခြင်း၊ သင်တန်းပေးခြင်းနှင့် အနီးကပ်လေ့ကျင့်သင်ကြားခြင်းစနစ်တစ်ရပ်ကိုလည်း ထူထောင်ခဲ့သည်။ အဇာဘိုင်ဂျန်နိုင်ငံမှ NGO များက ဆက်လက်၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် နယ်ပယ် ၅ ရပ်(လူမှုရေးဆိုင်ရာ၊ မြေယာနှင့် အလုပ်သမားအခွင့်အရေးများ၊ ဒေသန္တရနှင့် ဆက်စပ်ပါဝင်ဆောင်ရွက်မှုအခြေအနေ(Local Content)၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်ဝန်းကျင်)ကို ဖော်ထုတ်သတ်မှတ်ခဲ့ကြသည်။ ထို့နောက် နယ်ပယ်တစ်ခုစီအတွက် အုပ်စုတစ်ခုစီကို ဖွဲ့စည်း၍ အခြားသူများကိုယ်စား စောင့်ကြပ်ကြည့်ရှု စစ်ဆေးပေးရန် ပိုမိုသေးငယ်သော လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့သည်။ အဇာဘိုင်ဂျန်မှ NGO များသည် စောင့် ကြပ်ကြည့်ရှုစစ်ဆေးရေးဆိုင်ရာသင်တန်းများ၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် အစီရင်ခံတင်ပြပုံနည်းစနစ်များကိုပါဝင်တက်ရောက်ခဲ့သလိုBTC စီမံကိန်းအကြောင်း ဆွေးနွေးမှုများကိုလည်း ရရှိခဲ့သည်။

### Chad–Cameroon pipeline အတွေ့အကြုံများကို မျှဝေခြင်း
အဇာဘိုင်ဂျန်၏ ပွင့်လင်းသော လူ့အဖွဲ့အစည်းသည် Chad Cameroon Pipeline စီမံကိန်းတွင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးနေသော NGO တစ်ခု၏ လုပ်ငန်းကျွမ်းကျင်မှုကို အသုံးပြု၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု ဆိုင်ရာနည်းစနစ်များအကြောင်း သင်တန်းပေးရန် ကက်သလစ်ခရစ်ယာန်များဆိုင်ရာ လူမှုဝန်ထမ်းကယ်ဆယ်ရေး ဝန်ဆောင်မှုများကို အသုံးပြုခဲ့သည်။ BTC ပိုက်လိုင်းနှင့် အလားသဏ္ဍာန်တူသော စီမံကိန်းအနည်းငယ်ရှိသည်။ ထို့ကြောင့် BTC ပိုက်လိုင်းစီမံကိန်းနှင့် နှိုင်းယှဉ်

## BAKU–TBLISI–CEYHAN PIPELINE
– အဆက်

ကြည့်နိုင်သော စီမံကိန်းတစ်ခုမှ အဖိုးတန် အတွေ့အကြုံများကို မျှဝေနိုင်ရန် အခွင့်အလမ်းတစ်ရပ် ရှိခဲ့သည်။ Chad Cameroon Pipeline ၏ စောင့်ကြပ်ကြည့်ရှု စစ်ဆေးသူ NGO သည် အဇာဘိုင်ဂျန် NGO များအပေါ် အကူအညီများ ဆက်လက်ပေးခဲ့သည်။ ဤသို့ဖြင့် အဇာဘိုင်ဂျန် NGO များသည် ယင်းတို့၏ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်များကို ရေးသားအကောင်အထည်ဖော်၍ တွေ့ရှိချက်များကို အစီရင်ခံစာများ ပြုစုခဲ့ကြသည်။

### Georgia

ဂျော်ဂျီယာနိုင်ငံတွင် ယူရေးရှားဖောင်ဒေးရှင်း၏ (Pipeline Monitoring and Dialogue Initiative –PMDI) အစီအစဉ်သည် Tbilisi ရှိ NGO များနှင့် ပိုက်လိုင်းတလျှောက်မှ NGO များကို ကူညီပေးနေသည်။ PMDI ဆိုသည်မှာ ပိုက်လိုင်းစီမံကိန်းတလျှောက်တွင် ဆိုးကျိုးသက်ရောက်မှုများကို စောင့်ကြည့်နေသည့် NGO အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များစွာအား စောင့်ကြပ်ကြည့်ရှုစစ်ဆေး မှုဆိုင်ရာ ကျွမ်းကျင်ကေဒါများ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် တွေ့ရှိချက်များကို အများပြည်သူအား အသိပေးနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအားပေးသော "စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု မြန်ဆန်ချောမွေ့စေရေး" အစီအစဉ်တစ်ရပ်ဖြစ်သည်။ NGO များစွာသည် မှတ်ပုံတင်ရန် ကနဦးဖိတ်ကြားချက်ကို လက်ခံမှတ်ပုံတင်၍ ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သောကြောင့် ရလဒ်အနေနှင့် (စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ မူလအနေအထားအတိုင်း ပြန်လည်ထူထောင်ပေးမှုနှင့် လူမှုရေးနှင့် လူ့အခွင့်အရေးများ) ဟူသည့် လုပ်ငန်းအဖွဲ့ ၃ ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့သည်။ NGO များအား သင်တန်းပေးခြင်းနှင့် NGOများ၏ စောင့်ကြည့် ဆန်းစစ်မှုတို့သည် ၂၀၀၅ ဒီဇင်ဘာတွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ နောက်ထပ် စွမ်းဆောင်ရည်တည်ဆောက်ရေး သင်တန်းများကို ၂၀၀၆ ခုနှစ်တွင် စတင်မည်ဖြစ်သည်။

*Source: The BTC Pipeline Project: Lessons of Experience, IFC (September 2006) available at www.ifc.org/envirolessons*

# ပတ်သက်ဆက်နွယ်သူများထံသို့ သတင်းပေးပို့ အစီရင်ခံခြင်း

## ဤအပိုင်းတွင် ဘာတွေပါသလဲ


88 စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများအား ပြန်လည် သတင်းပေးပို့ အစီရင်ခံနိုင်ရေး အကြံဉာဏ်များ

89 စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေကို သတင်းပေးပို့အစီရင်ခံခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများ

90 ရေရှည်တည်တံ့သော သတင်းပေးပို့အစီရင်ခံမှုနည်းလမ်းမှတဆင့် ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိခြင်း

91 ရေရှည်တည်တံ့သော သတင်းပေးပို့အစီရင်ခံမှုပုံစံ၏ အကျိုးကျေးဇူးများ

လူပုဂ္ဂိုလ်ဆိုင်ရာဆက်ဆံရေးနှင့်
လုပ်ငန်းသဘောဆက်ဆံရေး နှစ်မျိုးစလုံးကို
အစဉ်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်။



# ပတ်သက်ဆက်နွယ်သူများအား သတင်းပေးပို့အစီရင်ခံခြင်း

လူပုဂ္ဂိုလ်ဆိုင်ရာဆက်ဆံရေးနှင့် လုပ်ငန်းသဘောဆက်ဆံရေး နှစ်မျိုးစလုံးကို အစဉ်ထိန်းသိမ်းဆောင်ရွက်သွားရန်အရေးကြီးသည်။ ထိုအခြေခံမူကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်ရာ၌ အသုံးပြုကြသည်။ တိုင်ပင်ဆွေးနွေးမှုတစ်ကြိမ်ဆောင်ရွက်ပြီးတိုင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများသည် ယင်းတို့၏ မည်သည့်အကြံပြုချက်များကို အသုံးပြုကြောင်း သို့မဟုတ် ယင်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးနိုင်ရေးအတွက် အန္တရာယ် သို့မဟုတ် ဆိုးကျိုးထိခိုက်မှုလျှော့ချရေး အစီအမံများကို မည်သို့ကျင့်သုံးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဥပမာ – စီမံကိန်းကြောင့် ထိခိုက်နစ်နာမှုများကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနေခြင်း စသည်ကို သိလိုကြပေမည်။

တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်၏အစိတ်အပိုင်းတစ်ရပ်အဖြစ်စီမံကိန်းကြောင့်ထိခိုက်နစ်နာရသူအုပ်စုများနှင့် အခြားသောပတ်သက်ဆက်နွှယ်သူများအား **ပြန်လည်သတင်းပေးပို့အစီရင်ခံခြင်း**အပြင် ပတ်သက်ဆက်နွှယ်သူ အမျိုးမျိုးအလိုက် ဦးတည်ထားကာ ဆောင်ရွက်ရသည့် သတင်းအချက်အလက် သတင်းပေးပို့ အစီရင်ခံပုံ အခြားနည်းလမ်းများလည်း ရှိသည်။ ဥပမာ **ရေရှည်တည်တံ့သော သတင်းပေးပို့ အစီရင်ခံပုံစံ**(Sustainable Reporting) သည် ကုမ္ပဏီများအနေဖြင့် ၎င်းတို့လုပ်ငန်း၏ပတ်ဝန်းကျင်၊ လူမှု၊ စီးပွားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ဆောင်မှုများအကြောင်းကို စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား ကျယ်ကျယ်ပြန့်ပြန့်ဆက်သွယ် အချက်အလက်ပေးရန် အခွင့်အရေးတစ်ရပ်ကို ရရှိစေသည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် မည်သူတွေနှင့် မည်သည့်အကြောင်းအရာကို တိုင်ပင်ဆွေးနွေး ခဲ့ကြောင်းနှင့် မည်သည့်ရလဒ် ရရှိခဲ့ကြောင်းတို့ကို ပြန်လည်သတင်းပေးပို့အစီရင်ခံကြသည့် စနစ်တစ်ရပ် ကိုလည်း ဖော်ပြထားသည်။ ယခုအခါ ကုမ္ပဏီအဖွဲ့အစည်းများ၏ သတင်းပေးပို့ဖော်ပြမှုဆိုင်ရာ နိုင်ငံတကာ စံနှုန်းများစွာတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် အခြေအနေများ အား သတင်းပေးပို့အစီရင်ခံရန် သတ်မှတ်ချက်များကိုလည်း ထည့်သွင်းထားပြီးဖြစ်သည်။

## ✔ စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများအား ပြန်လည်သတင်းပေးပို့ အစီရင်ခံနိုင်ရေး အကြံဉာဏ်များ

စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူအုပ်စုအမျိုးမျိုးအား အချိန်ကာလ အပိုင်းအခြားအလိုက်ပေးခဲ့သော ကတိ ကဝတ်များစွာကို အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိ မှတ်တမ်းတင် စောင့်ကြည့်ခြင်းနှင့် အဆိုပါ ကတိကဝတ် များနှင့်စပ်လျဉ်း၍ ဆက်သွယ်ရှင်းလင်းတင်ပြမှုများကို ပုံမှန်ပြုလုပ်ခြင်းတို့အတွက် စီမံရေးဆွဲခြင်းနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းတို့ လိုအပ်သည်။ (လေးထောင့်ကွက် ၈ ကိုကြည့်ပါ)။ စီမံကိန်းနှင့် ပတ်သက် ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုဗျူဟာအတွက် သတင်းပေးပို့အစီရင်ခံစာရေးသည့် အပိုင်းကို ရေးဆွဲပြုစုသည့်အခါ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် အထောက်အကူပြုနိုင်သည်။

- မည်သည့်သတင်းအချက်အလက်ကို မည်သည့် ပတ်သက်ဆက်နွှယ်သူထံသို့ မည်သည့်နည်းလမ်းဖြင့် မည်သည့်အချိန်တွင် သတင်းပေးပို့အစီရင်ခံရန် လိုအပ်ကြောင်း တင်ပြပါ။
- သင်၏ ကတိကဝတ်မှတ်တမ်းကို နောက်ဆုံးရအချက်အလက်များနှင့် ပုံမှန်မွမ်းမံ၍ တိုးတက်မှု အခြေ အနေကို စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများနှင့် စီမံကိန်းအပေါ် စိတ်ဝင်စားသော အဖွဲ့အစည်းများ အား ထုတ်ပြန်အသိပေးပါ။ အထူးသဖြင့် ကတိကဝတ်များ သို့မဟုတ် အများပြည်သူအား ဖော်ပြထား သော စာရွက်စာတမ်းများထဲမှ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ဆိုင်သော အဓိက အပြောင်း အလဲများကို အများပြည်သူသိအောင် ဖော်ပြပါ။
- စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုရလဒ်များ အထူးသဖြင့် ပြင်ပစောင့်ကြပ်ကြည့်ရှုစစ်ဆေးသူများ၏ အစီရင် ခံစာများကို အများပြည်သူ ဖတ်ရှုနိုင်ရန် စီစဉ်ပါ။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ် တစ်ခုလုံးအပေါ် ပုံမှန်မှတ်တမ်းပြုစု၍ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရသော ပတ်သက်ဆက်နွှယ်သူများနှင့် အခြား စိတ်ဝင်စားသော အဖွဲ့အစည်းများထံသို့ ပေးပို့အစီရင်ခံပါ။
- စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများထံသို့ ပေးပို့တင်ပြသော သတင်းအချက်အလက်များကို ဒေသခံဘာ သာစကားများဖြင့် ဘာသာပြန်ဆို၍ ယင်းတို့အလွယ်တကူနားလည်နိုင်သောပုံစံဖြင့် ပြုစုဖော်ပြပေးပါ။

## LONMIN၊ တောင်အာဖရိကနိုင်ငံ။ အဓိကကျသော စောင့်ကြပ်ကြည့်ရှု စစ်ဆေးမှု အချက်အလက်များကို စီမံကိန်းကြောင့် ထိခိုက်နစ်နာရ သူများဖြန့်ဝေခြင်း

တောင်အာဖရိကနိုင်ငံရှိ Lonmin ပလက်တီနမ် သတ္တုတူးဖော်ရေးလုပ်ငန်းတည်ရှိရာ အနီးတဝိုက်မှ လေထုနှင့်ရေထုဆိုင်ရာ အရည်အသွေးအချက်အလက်များကို လွတ်လပ်သော အတိုင်ပင်ခံများမှ စောင့်ကြပ်ကြည့်ရှု စစ်ဆေး၍ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲသူ အစိုးရအဖွဲ့များနှင့် ထိခိုက်နစ်နာရသော ဒေသခံလူထုထံသို့ပြန်လည်သတင်းပေးပို့အစီရင်ခဲ့သည်။ မကြာသေးမီကပင် ထိုရပ်ရွာလူထုက စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အတိုင်ပင်ခံရွေးချယ်ရာ၌ ပါဝင်ဆောင်ရွက်ခွင့်ရရန် တောင်းဆိုထားခဲ့ကြရာ ကုမ္ပဏီက သဘောတူခဲ့သည်။ ထိုဟင်းလင်းပွင့်သတ္တုတွင်းလုပ်ငန်းနှင့် ပတ်သက်၍ ယမ်းဖောက်ခွဲမှု မပြုမီနှင့် ဖောက်ပြီးနောက်ပိုင်း အက်ကြောင်းရာများ စစ်ဆေးရာတွင်လည်းကောင်း၊ ဆူညံသံများ စောင့်ကြပ်ကြည့်ရှု စစ်ဆေးရာတွင်လည်းကောင်း အလားတူဆောင်ရွက်ခဲ့သည်။ ကုမ္ပဏီ သည် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဖိုရမ်ကိုလည်း ၃ လတစ်ကြိမ် လက်ခံ ကျင်းပသည်။ ထိုဖိုရမ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုရလဒ်များကို တင်ပြအစီရင်ခံ၍ သက်ဆိုင်ရာ ရပ်ရွာလူထုနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းအုပ်စုများနှင့်ဆွေးနွေးခဲ့သည်။

## ✔ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေကို သတင်းပေးပို့အစီရင်ခံခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများ

မကြာသေးမီနှစ်များအတွင်း စီးပွားရေးလုပ်ငန်းများအတွက် သတင်းပေးပို့အစီရင်ခံရမည့် နိုင်ငံတကာစံနှုန်းများတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်မှုများ၊ လုပ်ဆောင်ချက်များကို အစီရင်ခံတင်ပြရန် သတ်မှတ်ချက်များလည်း စတင်ထည့်သွင်းလာခဲ့သည်။ ကုမ္ပဏီများစွာသည် ထိုစံနှုန်းများကို လိုက်နာနေကြသော ကုမ္ပဏီများဖြစ်ကြသည်။ တိုင်းတာပုံနှင့် သတင်းပေးပို့အစီရင်ခံပုံကို အနည်းငယ်သာ မွမ်းမံပြင်ဆင်ရန် လိုအပ်ကြသည်။ အခြားသောကုမ္ပဏီများအတွက်မူ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ သတင်းပေးပို့ အစီရင်ခံရေးမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းအသစ်များကို ရေးဆွဲချမှတ်ဆောင်ရွက်ရန်လိုအပ်ပေမည်။ ထိုစံနှုန်းများနှင့် ပြည့်မီအောင်ဆောင်ရွက်ခြင်းသည် ကုမ္ပဏီများအနေနှင့် ဈေးကွက်အသစ်များကို လက်လှမ်းမီရန် အကူအညီရခြင်း (ဥပမာ – ကမ္ဘာလုံးဆိုင်ရာ ရောင်းသူ၊ ဝယ်သူ၊ ပစ္စည်းပေးသွင်းသူဆိုင်ရာ သတ်မှတ်ချက်များနှင့် ပြည့်စုံခြင်း) စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။ လူမှုဆိုင်ရာတာဝန်ယူ၊ တာဝန်ခံသော ရင်းနှီးမြှုပ်နှံသူများစာရင်း(SRI)တွင် စာရင်းဝင်နိုင်ရေး သေချာ၍ အခြားသော ပြိုင်ဘက်များနှင့်နှိုင်းယှဉ်လျှင် ယင်းတို့၏ ရပ်တည်မှုအခြေအနေက ပိုမိုတိုးတက်နိုင်သည်။ အဓိကကျသည့် နိုင်ငံတကာစံနှုန်း အချို့နှင့်ဆိုင်သောအချက်အလက်များကို လေးထောင့်ကွက် ၉ တွင်ဖော်ပြထားသည်။

## လေးထောင့်ကွက် ၈။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးရာမှ ထွက်လာသော ကတိကဝတ်များကို ခြေရာခံရန် Software Program များအသုံးပြုခြင်း

စီမံကိန်းကြီးများတွင်ဆောင်ရွက်ကြသော တိုင်ပင်ဆွေးနွေးမှုများနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ အားပေးအပ်သောကတိကဝတ်များကို ခြေရာခံရန် အမျိုးမျိုးသော Software ဝန်ဆောင်မှုအပြည့်အစုံနှင့် အင်တာနက်မှတဆင့် ပေးအပ်သောဝန်ဆောင်မှုများရှိနေပြီဖြစ်သည်။*

- **Comm–Trac™** – ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အချက်အလက်များ စီမံခန့်ခွဲရေး Softwareသည် "လိုက်နာဆောင်ရွက်မှုပြအညွှန်းကိန်းဒိုင်ကွက်တစ်ခုကို တည်ဆောက်၍ ပတ်ဝန်းကျင်ဆိုင်ရာလိုက်နာဆောင်ရွက်ရန် ကတိကဝတ်များပြည့်မီခြင်း ရှိ၊ မရှိ" မန်နေဂျာများကို အလိုအလျောက် သတိပေးသည်။

- **Credit 360** – ဝက်ဘ်ဆိုဒ်အခြေခံ အချက်အလက်စီမံခန့်ခွဲသည့် စနစ်တစ်ခုဖြစ်ပြီး ထိုစနစ်သည် ဆက်သွယ်ဆောင်ရွက်ရန်နှင့် သတင်းပေးပို့အစီရင်ခံရန် ရည်ရွယ်ချက်များအတွက် အချက်အလက် ကောက်ယူမှုနှင့် စုစည်းမှုများကို မြန်ဆန်ချောမွေ့စေသည်။ www.credit360.com

- **Entropy System™** – ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ အတွက် အင်တာနက်ကွန်ရက် ချိတ်ဆက်မှုကို အခြေခံသော Software တစ်ခုဖြစ်၍ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု မြန်ဆန်ချောမွေ့စေသည့်အပြင် စီမံခန့်ခွဲမှု ဆိုင်ရာ စိန်ခေါ်မှုများအတွက် မူဘောင်တစ်ရပ်ကိုလည်း ဖော်ပြပေးထားသည်။

- **REACT** – ဒေသအာဏာပိုင်များက ခရိုင်တစ်ခုအတွင်း လုပ်ကိုင်ဆောင်ရွက်ကြသည့် သုတေသန၊ ချိတ်ဆက်ဆောင်ရွက်မှုနှင့် တိုင်ပင်ဆွေးနွေးမှုဆိုင်ရာ လုပ်ဆောင်မှုများကို အွန်လိုင်းစနစ်ဖြင့် မှတ်တမ်း တင်ခြင်းဖြစ်သည်။

- **Smart Dialogue™** – အတိုင်ပင်ခံများစွာအပေါ် စီမံခန့်ခွဲနိုင်ပြီး စာရင်း စစ်ဆေးမှု အချက်အလက်များကို ခြေရာခံနိုင်ရန် ထိန်းသိမ်းပေးသည်။ ပါဝင်ဆောင်ရွက်သူများနှင့် ဆုံးဖြတ်သူများကို အကြံဉာဏ်များ ပေးသည်။

- **3PTracking™** – စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူအမျိုးမျိုးနှင့် ကဏ္ဍအသီးသီးတွင် မိတ်ဖက်အသွင် ကူးလူးယှက်နွယ်ဆောင်ရွက်ကြသော၊ စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ကြသူများက ငွေကြေးဆိုင်ရာ နှင့် ငွေကြေးနှင့်မဆိုင်သော ကတိကဝတ်များကို ဖမ်းယူခြေရာခံနိုင်သည်။

** IFC has not verified the effectiveness of these products or services.*

## လေးထောင့်ကွက် ၉ ။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေကို သတင်းပေးပို့အစီရင်ခံခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများ

**AA1000 Stakeholder Engagement Standard** – AccountAbility က စီမံခန့်ခွဲသည့် ဒီဇိုင်းရေးဆွဲမှု အရည်သွေး၊ အကောင်အထည်ဖော်မှု၊ ဆန်းစစ်မှု၊ ဆက်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ရန် အရည်အသွေးအာမခံမှုတို့အပြင် သုံးစွဲသူများအား ဂရုစိုက်ခြင်း၊ ပြဿနာကို အခြေခံသော ချိတ်ဆက်ဆောင်ရွက်မှုများ (ဥပမာ–လူ့အခွင့်အရေး)နှင့် သတင်းပေးပို့အစီရင်ခံခြင်းနှင့်အာမခံခြင်းတို့၏ အရည်အသွေးများတိုးတက်လာစေရန် ပွင့်လင်းသောမူဘောင်တစ်ရပ်။ www.accountability21.net

**Dow Jones Sustainability Index** – ကုမ္ပဏီများ၏ အုပ်ချုပ်မှုနှင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုတို့အပြင် ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရန် ကျင့်ဝတ်ပြဋ္ဌာန်းချက်များနှင့် အများပြည်သူသို့ သတင်းအချက်အလက် ဖြန့်ဝေထုတ်ပြန်ခြင်း တို့အပါအဝင်အတွက် စံနှုန်းများ သတ်မှတ်ဖော်ပြထားသည်။ www.sustainability–indexes.com

**FTSE4Good Index Series** – လူမှုဆိုင်ရာတာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများ စံအဖြစ်အသုံးပြုနိုင်သော၊ ခြေရာခံနိုင်သော အညွှန်းကိန်းအတွဲလိုက်၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီများအတွက် အားလုံးနှင့်ဆိုင်သော စံနှုန်းများအပါအဝင်၊ ILO ၏ အဓိကကျသော အလုပ်သမားစံနှုန်းများကို လေးစားရန် ကတိကဝတ်ပြုခြင်း (သို့မဟုတ် UN Global Compact ကို ပါဝင်လက်မှတ်ရေးထိုးကြရန်၊ SA8000 သို့မဟုတ် နိုင်ငံများရှိ စီးပွားရေး လုပ်ငန်းများလိုက်နာရန် OECD လမ်းညွှန်ချက်များ)၊ ဒေသခံတိုင်းရင်းသားများအပေါ် လေးစားစွာဆက်ဆံရန်၊ လွတ်လပ်အမှီအခိုကင်းသော ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရန်၊ အန္တရာယ်ဆန်းစစ်မှုများထဲသို့ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်မှုများအား ထည့်သွင်းပေါင်းစပ်ဆန်းစစ်ရန်နှင့် လူ့အခွင့်အရေးဆိုင်ရာ လေးစားလိုက်နာဆောင်ရွက်မှုများကို အများပြည်သူအား ဖြန့်ဝေအသိပေး ရန်တို့ပါဝင်သည်။ http://www.ftse.com/Indices/FTSE4Good_Index_Series/index.jsp

**Global Reporting Initiative (GRI)** – ကမ္ဘာလုံးဆိုင်ရာ သတင်းပေးပို့ တင်ပြရေး ကနဦးအစီအစဉ် (GRI) – စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရေးဆိုင်ရာ အညွှန်းကိန်းအနည်းငယ် အပါအဝင် လူမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ အသေးစိတ်ကျနသော အညွှန်းကိန်းများအတွဲလိုက်တစ်စုံ www.globalreporting.org

**စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD) ၏ အဖွဲ့ဝင်နိုင်ငံများအတွက် လုပ်ငန်းလမ်းညွှန်ချက်များ**– အလုပ်ရှင်နှင့် အလုပ်သမားများအကြား တိုင်ပင်ဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားပေးမြှင့်တင်ရန်၊ အလုပ်သမားများနှင့် အခြားသောလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သော အဓိကကိစ္စရပ်များအကြောင်း သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးရန်နှင့် စီးပွားရေးလုပ်ငန်း၏ ပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ မူဝါဒများနှင့် ထိုမူဝါဒ

## လေးထောင့်ကွက် ၉ ။ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေကို သတင်းပေးပို့အစီရင်ခံခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများ – အဆက်

အကောင်အထည်ဖော်မှုကြောင့် တိုက်ရိုက်ထိခိုက်နစ်နာရသော ပြည်သူလူထုနှင့် ဆက်သွယ်ဆောင်ရွက် တိုင်ပင်ဆွေးနွေးမှုကို ပြည့်စုံလုံလောက်စွာ အချိန်နှင့်တပြေးညီဆောင်ရွက်ရန် www.oecd.org

SA 1000 – လူမှုဆိုင်ရာ တာဝန်ယူတာဝန်ခံမှုရှိရေး နိုင်ငံတကာအဖွဲ့အစည်း (Social Accountability International – SAI) က ရေးသားပြုစုထားသော၊ ဆန္ဒအလျောက် လိုက်နာနိုင်သော၊ တတိယအဖွဲ့အစည်း က အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသော စံနှုန်းတစ်ရပ်ဖြစ်ပြီး ထိုစံနှုန်းသည် ယင်းတို့၏ရုံးလုပ်ငန်းခွင် များနှင့် ယင်းတို့အား ပစ္စည်းပေးသွင်းသူများ၊ ရောင်းချသူများ၏ ရုံးလုပ်ငန်းခွင်များတွင်စာရင်းစစ်ဆေးမှု နှင့် လုပ်သားများ၏ လုပ်ဆောင်မှုများအပေါ် အသိအမှတ်ပြု မှတ်တမ်းတင်ရန် စိတ်ဝင်စားသည့်ကုမ္ပဏီများ အတွက်ရည်ရွယ်ခြင်းဖြစ်သည်။ www.sa-intl.org

UN Global Compact – ဤကုလသမဂ္ဂ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကတိကဝတ်ပြုထားသော ကုမ္ပဏီများသည် နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုကို အားပေးကူညီရန်နှင့် လေးစားရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ကျူးလွန်မှုမရှိကြောင်း သေချာ စေရန် ကတိကဝတ်ပြုကြရသည်။ www.unglobalcompact.org

## ✔ ရေရှည်တည်တံ့သော သတင်းပေးပို့ အစီရင်ခံမှု နည်းလမ်းမှတဆင့် ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိခြင်း

သာမန်အားဖြင့် ရေရှည်တည်တံ့သော သတင်းပေးပို့အစီရင်ခံမှုနည်းလမ်းသည် ကုမ္ပဏီက စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူအလွှာစုံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရန်ရည်ရွယ်သည့် ချိတ်ဆက်ဆောင်ရွက်မှု တစ်ခုလုံးနှင့် ဆက်သွယ်ရေး ဗျူဟာများ၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။ အဓိက ဦးတည်ထားသော ပတ်သက်ဆက်နွှယ်သူအုပ်စုများအား သက်ဆိုင်ရာစီမံကိန်းနှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်အသိပေးရန် အစားထိုးနည်းလမ်းတစ်ရပ်အဖြစ်မဟုတ်ဘဲ ပိုမိုပြည့်စုံစေရန် ဖြည့်စွက်ဖော်ပြမှု တစ်ရပ်အဖြစ် ဤအစီရင်ခံစာအား ရှုမြင်သင့်သည်။ သို့မဟုတ် ကြိုတင်တိုင်ပင် ဆွေးနွေးမှုရလဒ်များကို စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား တိုက်ရိုက်ပြန်လည် သတင်းပေးပို့ အစီရင်ခံနိုင်သည့် အခြား နည်းလမ်းတစ်ရပ်အဖြစ်လည်း ရှုမြင်နိုင်သည်။ များသောအားဖြင့် ရေရှည်ထုတ်ဝေသော အစီရင်ခံစာသည် ယုံကြည်စိတ်ချရပြီး ရှင်းရှင်းလင်းလင်းရှိသင့်သည်။ အကောင်းနှင့် အဆိုးသတင်းများ ပါဝင်မှု မျှတသင့်သည်။ အစီရင်ခံစာများတွင် အရေးအကြီးဆုံးကိစ္စများ၊ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအတွက် “အဓိက အကြောင်းအရာများ” ပါဝင်ကြောင်း သေချာစေရန်နှင့် သတင်းအချက်အလက်များ အပေါ် စိစစ်အတည်ပြု သည့် အလေ့အကျင့်ကောင်းများ တိုးပွားလာသည်နှင့်အမျှ ကုမ္ပဏီများစွာသည် ယင်းတို့ အစီရင်ခံစာများကို တတိယပုဂ္ဂိုလ်အဖွဲ့အစည်းအား စိစစ်အတည်ပြုခိုင်းလာခဲ့ကြသည်။

ရေရှည်တည်တံ့မည့် သတင်းပေးပို့အစီရင်ခံမှုတွင် ပါဝင်မည့် အကြောင်းအရာများ၊ အတိုင်းအတာနယ်ပယ်နှင့် သတင်းအချက်အလက်များ၏ အရည်အသွေး စသည်တို့သည် ကုမ္ပဏီများအကြား များစွာကွဲပြားနေသည်။ သို့သော်လည်း အောက်ပါအချက်များကို စဉ်းစား၍ သတင်း အချက်အလက်ပါဝင်မှု မျှတစေရန် များသောအားဖြင့် ကြိုးပမ်းကြပါသည်။

- **အဓိကအကြောင်းအရာပါဝင်မှု** – ပင်မကုမ္ပဏီ၏ လုပ်ဆောင်ချက်များစွာကို လိုအပ်သည်ထက် ပိုမိုဖော်ပြခြင်းထက် ကုမ္ပဏီ၏ အဓိကကျသောစီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ၊ လုပ်ဆောင်မှုများ၊ သက်ရောက်မှုများ စသည့်အသေးစိတ်အကြောင်းအရာများနှင့် ယင်းတို့ကိုယင်းတို့ စီမံခန့်ခွဲနေကြောင်းကိုသာ အဓိကထားဖော်ပြခြင်း၊
- **စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ မေးမြန်းမှုများကို ဖြေကြားပေးခြင်း** – စီးပွားရေးလုပ်ငန်းက စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအား မည်သည်ကိုသာ သိစေလိုသည် သို့မဟုတ် ယင်းတို့သိစေလိုသော အကြောင်းအရာကိုသာ "စဉ်းစားစေလိုသည်"ဆိုသည်ထက် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ တကယ့်မျှော်မှန်းချက်များနှင့် အကျိုးစီးပွားများအကြောင်း ဖြေကြားထားသော သတင်းအချက်အလက်များကိုသာ ပေးခြင်း၊
- **ဆက်စပ်နောက်ခံအခြေအနေ** –ပေးပို့တင်ပြသောသတင်းအချက်အလက်များသည်နောက်ခံအခြေအနေများနှင့် ကိုက်ညီခြင်း။ သို့မှသာ ထိုသတင်းအချက်အလက်များ၏ အရေးပါမှုအပေါ် ကောင်းစွာ ဆုံးဖြတ်မှုများ ပြုလုပ်နိုင်မည်။ ဥပမာ– ကျေးလက်ဒေသမှ ဆင်းရဲသော လူအုပ်စုအနည်းငယ်အတွက် အလုပ်အသစ် (၅၀) ဖန်တီးပေးခြင်းသည် ကြီးမားသော သိသာထင်ရှားမှုတစ်ရပ်ဖြစ်နိုင်သည်။ သို့သော်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသော မြို့ပြဒေသများတွင် ထိုအလုပ်အကိုင်အရေအတွက် ဖန်တီးမှုသည် သိသာထင်ရှားမှုများစွာ မရှိနိုင်ပါ။
- **ပြီးပြည့်စုံမှု** – စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများက ကုမ္ပဏီ၏ လုပ်ဆောင်ချက်အပေါ် ကိုယ်ပိုင်ကောက်ချက်များချနိုင်ရန် လုံလောက်သော အကြောင်းအရာများကို ပြည့်ပြည့်စုံစုံ လွှမ်းခြုံဖော်ပြပေးခြင်း၊

## ✔ ရေရှည်တည်တံ့သော သတင်းပေးပို့ အစီရင်ခံမှုပုံစံ၏ အကျိုးကျေးဇူးများ

ရေရှည်တည်တံ့သော သတင်းပေးပို့ အစီရင်ခံသည့်ပုံစံ ဆောင်ရွက်သည့်ကုမ္ပဏီများသည် အကျိုးကျေးဇူးများစွာ ရရှိကြောင်း ဖော်ပြကြသည်။ ထိုအကျိုးကျေးဇူးများတွင် အောက်ပါတို့ပါဝင်၍ နိုင်ငံအလိုက်၊ ကဏ္ဍအလိုက် ကွဲပြားမှုရှိသည်–

- စီမံကိန်းနှင့် အဓိကပတ်သက်ဆက်နွယ်သူများ (ဥပမာ– လုပ်ငန်းအပ်နှံသူများနှင့် ဒေသခံပြည်သူများ) ထံမှ ယုံကြည်မှုနှင့် ထောက်ခံမှုများတိုးတက်လာခဲ့သည်
- ကုမ္ပဏီအမည်နှင့် အမှတ်တံဆိပ်၊ ဂုဏ်သိက္ခာများတိုးတက်လာသည် (ဥပမာ–Manila Water ကုမ္ပဏီကို ကြည့်ပါ)
- အစိုးရများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်လာသည်

- ဝန်ထမ်းများ၏ အကျင့်စာရိတ္တနှင့် သစ္စာရှိမှုများတိုးတက်လာသည် (ဝန်ထမ်းများသည် အဆိုပါ သတင်းပေးပို့အစီရင်ခံမှုများကို အဓိကထားဖတ်ရှုကြသည့် ပရိသတ်များ ဖြစ်ကြကြောင်း မကြာခဏ ရည်ညွှန်းဖော်ပြကြသည်။)
- ဂုဏ်သိက္ခာအပေါ် ဝေဖန်မှုများအား ပြန်လည်ချေပနိုင်စွမ်း တိုးတက်လာသည်
- လူမှုဆိုင်ရာတာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခြင်း
- ကုမ္ပဏီ၏ စနစ်များနှင့် ထိရောက်အကျိုးများမှု တိုးတက်ရန်အခွင့်အလမ်းများ
- ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ဆန်းသစ်တီထွင်မှုရှိခြင်း (ပတ်သက်ဆက်နွယ်သူများ၏ လိုအပ်ချက်ကို ပိုမိုနားလည်သဘောပေါက်လာသောကြောင့်)
- ဈေးကွက်နေရာတွင် အများနှင့်မတူဘဲ ကွဲပြားစွာ ထုတ်လုပ်ဆောင်ရွက်နိုင်စွမ်းများ



## MANILA WATER COMPANY ။ လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သူများအား သတင်းပေးပို့အစီရင်ခံတင်ပြခြင်း

ဖိလစ်ပိုင်နိုင်ငံမှ Manila Water Company ကုမ္ပဏီသည် ကုမ္ပဏီအတွက် ရေရှည်ဖွံ့ဖြိုးသော ဗျူဟာတစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် ရည်ရွယ်၍ ကုမ္ပဏီ၏ ဝန်ထမ်းအလွှာစုံပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ အဆိုပါ ရေရှည်ဖွံ့ဖြိုးမှုဗျူဟာသည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများအတွင်းသို့ ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကိုပါ ထည့်သွင်းပေါင်းစပ်မည့်ချဉ်းကပ်နည်းကို အကျဉ်းချုပ်ဖော်ပြသည်။ လုပ်ဆောင်ချက်များကိုစောင့်ကြည့်တိုင်းတာမည့် အညွှန်းကိန်းများနှင့် တိုးတက်မှုအခြေအနေများ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုအပြင် ရည်မှန်းချက်များနှင့် ပန်းတိုင်များ (Objectives and Targets) လည်းပါရှိသည်။ ရေရှည်ဖွံ့ဖြိုးရေးဗျူဟာသည် အစဉ်အပြောင်းလဲနေသော မူဘောင်တစ်ရပ်ဖြစ်ပြီး ထိုမူဘောင်သည် ကုမ္ပဏီ၏လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ ဆက်လက်မြဲမြံရန် လမ်းညွှန်ချက်ပေးခြင်းဖြစ်သည်။ ကုမ္ပဏီ၏ ဗျူဟာ၊ လုပ်ငန်းလည်ပတ်မှုများ၊ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပြင်ပပုဂ္ဂိုလ် အဖွဲ့အစည်းများအား သတင်းထုတ်ပြန်အစီရင်ခံခြင်း တို့အတွက်လည်း အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်စေသည်။

၂၀၀၅ခုနှစ်တွင် Manila Water ကုမ္ပဏီသည် ရေရှည်တည်တံ့ရေးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည့် ပထမဆုံးပြည်တွင်း ကုမ္ပဏီတစ်ခု ဖြစ်လာပြီး၊ ယင်း၏ပွင့်လင်းမြင်သာရေး ကတိကဝတ်များကို သက်သေပြခဲ့သည်။ ယင်းအစီရင်ခံစာသည် Global Reporting Initiative's Sisutanabilty Reporting Guidelines ကို အခြေခံရေးဆွဲခဲ့ခြင်းဖြစ်သည်။ နောက်ထပ်နှစ်ပတ်လည်အစီရင်ခံစာတစ်အုပ်ကို ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများနှင့် ၂၀၀၅ ခုနှစ်အတွင်း တိုးတက်မှုများ၊ အနာဂတ်အစီအစဉ်များကို ဖော်ပြထားခဲ့သည်။ ထိုအစီရင်ခံစာများသည် Manila Water ကုမ္ပဏီ၏ လုပ်ငန်းတစ်ခုချင်းနှင့်ဆိုင်သည့် စနစ်တကျပြုလုပ်ထားသော ရေရှည် ကောင်းကျိုးဆိုးကျိုးများဆိုင်ရာ ဆန်းစစ်မှုတစ်ခုအပေါ် အခြေခံထား၍ ကုမ္ပဏီ၏ ရေရှည်ဖွံ့ဖြိုးရေးမူဝါဒ၊ လုပ်ဆောင်ချက်များ တိုင်းတာသည့် အညွှန်းကိန်းများ၊ ရည်မှန်းချက်များ၊ ပန်းတိုင်များနှင့်လည်း ချိတ်ဆက်ထားသည်။

ထိုအစီရင်ခံစာများသည် ကုမ္ပဏီ၏လက်ရှိဆောင်ရွက်မှုများအပေါ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးအစီရင်ခံ တင်ပြမှုနှင့် ဆက်လက်တိုးတက်နိုင်ရန် ဗျူဟာတစ်ရပ် ချမှတ်နိုင်ရေးအတွက် အခြေခံအချက်များကို ဖော်ပြထားသည်။ Manila Water ကုမ္ပဏီ၏ ရေရှည်ဖွံ့ဖြိုးရေး နှစ်ပတ်လည်အစီရင်ခံစာကို အခြေခံအဖြစ်အသုံးပြု၍ လက်ရှိတိုင်ပင်ဆွေးနွေးမှုများ၊ ဝန်ထမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ လုပ်ငန်းအပ်နှံသူများ၊ ပြည်သူများ၊ အခြားသော လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုပြုလုပ်ကြသည်။ ကုမ္ပဏီ၏ ထိုဆောင်ရွက်မှုသည် မိခင်ကုမ္ပဏီ ဖြစ်သော Ayala Corporation ကိုလည်း စိတ်ဓာတ်ခွန်အားများပေး၍ မိခင်ကုမ္ပဏီက ယင်း၏ကုမ္ပဏီခွဲ အားလုံးအား ရေရှည်ဖွံ့ဖြိုးရေး အစီရင်ခံစာများ ကိုယ်စီထုတ်ပြန်ရန် သတ်မှတ်ခဲ့သည့်အပြင် ကုမ္ပဏီ အုပ်စုတစ်ခုလုံး၏ လုပ်ဆောင်ချက်များကို စုစည်းဖော်ပြသည့် အစီရင်ခံစာ တစ်စောင်ကိုလည်း ထုတ်ပြန်ရန် ၂၀၀၇ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။ Manila Water ကုမ္ပဏီသည် ယင်း၏အတွေ့အကြုံများကို တစ်ကမ္ဘာလုံးသို့ မျှဝေပေးရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အခြားသော စီးပွားရေးလုပ်ငန်းများအား လမ်းညွှန်ချက်များပေးရန် မကြာခဏဖိတ်ကြားခြင်းခံရသည်။

## လေးထောင့်ကွက် ၁၀။ ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်ထုတ်ဝေမှု အစပျိုးအစီအစဉ် (Global Reporting Initiative–GRI) ဆိုင်ရာ အညွှန်းကိန်းများ

ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်ထုတ်ဝေမှု အစပျိုးအစီအစဉ် (GRI) သည် စံအညွှန်းကိန်းအစုံလိုက်ကို ဖော်ပြ၍ ကုမ္ပဏီများအနေနှင့် ယင်းတို့၏ ရေရှည်ဖွံ့ဖြိုးအောင်လုပ်ဆောင်နိုင်စွမ်းကို ထိုအညွှန်းကိန်းများနှင့် တိုင်းတာနိုင်သည်။ အောက်ပါခေါင်းစဉ်များအတွက် အညွှန်းကိန်းများဖော်ပြပါရှိသည်။

### စီးပွားရေး

- စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်
- ဈေးကွက်နေရာရမှု
- စီးပွားရေးဆိုင်ရာသွယ်ဝိုက်သက်ရောက်မှုများ

### ပတ်ဝန်းကျင်

- ပစ္စည်းများ( Maerial)
- စွမ်းအင်
- ရေ
- ဇီဝမျိုးစုံမျိုးကွဲများ
- အခိုးအငွေ့ထုတ်လွှတ်မှုများ၊ ရေဆိုးများနှင့် အမှိုက်များ
- ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ
- လိုက်နာဆောင်ရွက်မှု
- သယ်ယူပို့ဆောင်မှု

### ဝန်ထမ်းများအတွက် အလေ့အကျင့်ကောင်းများနှင့် တင့်တယ်သော \အလုပ်

- အလုပ်အကိုင်
- အလုပ်သမား/စီမံခန့်ခွဲသူတို့ဆက်ဆံရေး
- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး
- သင်တန်းနှင့် ပညာပေးရေး
- မတူကွဲပြားမှုများနှင့်တန်းတူအခွင့်အရေး

## လေးထောင့်ကွက် ၁၀။ ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်ထုတ်ဝေမှု အစပျိုးအစီအစဉ် (Global Reporting Initiative–GRI) ဆိုင်ရာ အညွှန်းကိန်းများ – အဆက်

### လူ့အခွင့်အရေးများ

- ရင်းနှီးမြှုပ်နှံမှုနှင့် ဝယ်ယူဖြည့်တင်းမှု အလေ့အကျင့်များ
- ခွဲခြားဆက်ဆံမှုမရှိခြင်း
- လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းခြင်း
- ကလေးလုပ်သားများကို ဖျက်သိမ်းခြင်း
- အဓမ္မဖိအားပေး အလုပ်စေခိုင်းမှုများတားမြစ်ခြင်း
- ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းခြင်း အလေ့အကျင့်များ
- လုံခြုံရေးအလေ့အကျင့်များ
- ဒေသခံတိုင်းရင်းသားများ၏အခွင့်အရေးများ

### လူ့အဖွဲ့အစည်း

- ရပ်ရွာလူထု
- အဂတိလိုက်စားမှု
- ပြည်သူ့ရေးရာမူဝါဒ
- ယှဉ်ပြိုင်မှုမပြုသော အမူအကျင့်
- လိုက်နာဆောင်ရွက်မှု

### ထုတ်ကုန်အပေါ် တာဝန်ခံခြင်း

- သုံးစွဲသူတို့၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး
- ထုတ်ကုန်နှင့် ဝန်ဆောင်မှုများတွင် အမှတ်တံဆိပ်နှင့် အညွှန်းအမှတ်အသားများ တပ်ထားခြင်း
- ဈေးကွက်ထိုးဖောက်နိုင်ရေး ဆက်သွယ်ဆောင်ရွက်မှုများ
- လုပ်ငန်းအပ်နှံသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ
- လိုက်နာဆောင်ရွက်မှု

အောက်ပါ လုပ်ငန်း ကဏ္ဍများအတွက်လည်း နောက်ထပ်အညွှန်းကိန်းများကိုဖော်ပြထားသည်– ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဓာတ်သတ္တုတူးဖော်ရေးနှင့် သတ္တုများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ၊ ရေဒီယို၊ တယ်လီဖုန်း၊ ကြေးနန်း၊ တယ်လီဗေးရှင်း စသည့်ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် မော်တော်ကားလုပ်ငန်း။

## လေးထောင့်ကွက် ၁၀။ ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်ထုတ်ဝေမှု အစပျိုးအစီအစဉ် (Global Reporting Initiative–GRI) ဆိုင်ရာ အညွှန်းကိန်းများ – အဆက်

(GRI)၏ အစီရင်ခံစာအတွက်လိုက်နာရမည့်အချက်များသည် လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်နေကြသည့် ကုမ္ပဏီများ၏ လုပ်ဆောင်မှုများနှင့် များစွာဆက်စပ်နေပြီး အောက်ပါတို့လည်း အပါအဝင်ဖြစ်သည်–

၃.၉။ ပတ်သက်ဆက်နွယ်သူများကို ရှာဖွေဖော်ထုတ်ရွေးချယ်ရန် အခြေခံအချက်များ

၃.၁၀။ ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးမှု အခြေအနေများအား သတင်းအချက်အလက်ထုတ်ပြန်နိုင်ရန်၊ တိုင်ပင်ဆွေးနွေးမှုအမျိုးအစား၊ တိုင်ပင်ဆွေးနွေးခံရသည့် လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူအုပ်စုများ၊ တိုင်ပင်ဆွေးနွေးသည့်အကြိမ်အရေအတွက်

၃.၁၁။ ပတ်သက်ဆက်နွယ်သူများအား တိုင်ပင်ဆွေးနွေးရာမှ ထွက်ပေါ်လာသော သတင်းအချက်အလက်အမျိုးအစားများ

၃.၁၂။ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာမှ ရရှိသော သတင်းအချက်အလက်များအသုံးချမှု

*"GRI က အရေအတွက်သတ်မှတ်ဖော်ပြထားသော အညွှန်းကိန်းများကြောင့် ငွေကြေးဆိုင်ရာ ဆန်းစစ်သူများ ရှာဖွေနေသော သတင်းအချက်အလက်များကို အလွယ်တကူ တွေ့ရှိနိုင်၍ နိုင်ငံအမျိုးမျိုးမှ အစီရင်ခံစာများအပေါ် ပိုမိုနှိုင်းယှဉ်ကြည့်နိုင်လာသည်။"*

*ရင်းမြစ်။ Global Reporting Initiative (GRI) သတင်းအချက်အလက် အသေးစိတ်အတွက် www.globalreporting.org ဝက်ဘ်ဆိုက်သို့သွားပါ။*

# စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းရပ်များ

## ဤအပိုင်းတွင် ဘာတွေပါသလဲ


100 လုပ်ဆောင်မှုများကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် အလုံးစုံတာဝန်ယူမှုအတွက် သတ်မှတ်တာဝန်ပေးပါ

101 သင့်တော်သူကိုသာ ငှားရမ်း၊ လေ့ကျင့်သင်ကြား၊ တာဝန်ပေးပါ

102 လူထုဆက်ဆံရေးလုပ်ငန်းတာဝန်အရသတင်းအချက်အလက် ထုတ်ပြန်မှုနှင့်ကုမ္ပဏီအတွင်းရှိ အဆင့်မြင့်စီမံခန့်ခွဲသူများသို့ သတင်းပေးပို့အစီရင်ခံမှုတို့ကို မည်သို့ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ သတ်မှတ်ပေးထားပါ

103 ဆက်ဆံရေးဗျူဟာအတွက် ကုမ္ပဏီအတွင်း အချင်းချင်း ဆက်သွယ်ဆောင်ရွက်ပါ

103 စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သော သတင်းအချက်အလက်ဘဏ်တစ်ခု ထူထောင်ထိန်းသိမ်းပါ

104 ကတိကဝတ်မှတ်တမ်းတစ်ရပ် ရေးသားပြုစုထိန်းသိမ်းပါ

106 “တတိယပုဂ္ဂိုလ်အဖွဲ့အစည်း”နှင့် ချိတ်ဆက်ဆောင်ရွက်မှုကို ထိန်းချုပ်ထားပါ

107 ကန်ထရိုက်တာကြောင့် ဖြစ်လာနိုင်သောအန္တရာယ်များကို စီမံခန့်ခွဲပါ

107 စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေး၏ အရည်အသွေးပိုင်းဆိုင်ရာ အပြောင်းအလဲများကို မျက်ခြေမပြတ်စောင့်ကြည့်ပါ



စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့်
ချိတ်ဆက်ဆောင်ရွက်ခြင်းကို အခြားသော စီးပွားရေး
လုပ်ငန်းတစ်ရပ်ကို စီမံခန့်ခွဲသည့်အတိုင်း စီမံခန့်ခွဲ
ဆောင်ရွက်သင့်သည်။



# စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းရပ်များ

ကုမ္ပဏီ၏ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ်ထဲသို့ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းများကို ထည့်သွင်းရန် အလေ့အကျင့်ကောင်းများက ပိုမိုထောက်ပြလာကြသည်။ ထိုအချက်သည် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုများပိုမိုစနစ်ကျစေရန် ကုမ္ပဏီ၏ အဓိကကျသော လုပ်ငန်းလုပ်ဆောင်မှုများအတွင်းသို့ သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့်အလုပ်ကိုပါ ထည့်သွင်းပေါင်းစပ် ဆောင်ရွက်စေခြင်းဖြစ်သည်။ ထိုလုပ်ဆောင်ချက်အောင်မြင်ရန်အတွက် မန်နေဂျာများသည် စီမံကိန်းသက်တမ်းတစ်လျှောက်တွင် လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်ရန်၊ လိုအပ်မည့် လုပ်ငန်းရပ်များကို ဖော်ထုတ်သတ်မှတ်ထားရန်နှင့် မည်သူက ထိုလုပ်ငန်းရပ်များဆောင်ရွက်ရန်နှင့် အဓိကကျသော လုပ်ငန်းလည်ပတ်မှုဆိုင်ရာလုပ်ငန်းစဉ်များအတွင်းသို့ အောက်ပါအချက်များ အပါအဝင် ရှေ့ပိုင်းတွင်ဆွေးနွေးခဲ့သော ချိတ်ဆက်ဆောင်ရွက်မှု ရှုထောင့်ပုံစံအမျိုးမျိုးတို့ကို မည်သို့အကောင်းဆုံး ထည့်သွင်းပေါင်းစပ်နိုင်မည်ဆိုသည်ကို သတ်မှတ်ပေးရန် လိုအပ်ပေမည်။

- လက်ရှိစီမံကိန်း/လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်နေသူများအား ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ထိုသူများ၏ စိုးရိမ်ပူပန်မှုများ ဆန်းစစ်ခြင်းကို "ထိခိုက်ဆုံးရှုံးနိုင်ခြေ" ရှုထောင့်တစ်ရပ်မှ ပြုလုပ်ခြင်း
- လူထုဆက်ဆံရေး အရာရှိများ ငှားရမ်းခြင်းနှင့် သင်တန်းပေးခြင်း
- ကုမ္ပဏီ၏မူဝါဒများ နှင့်( သို့မဟုတ်) ချေးငွေထုတ်ပေးသူများနှင့် အစိုးရမှ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်သည့်တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်များ
- စီမံကိန်း၏ ဒီဇိုင်းပိုင်းဆိုင်ရာနှင့် အဆိုပြုထားသော ထိခိုက်မှုလျှော့ချရေး အစီအမံများအပေါ် ပတ်သက် ဆက်နွယ်သူများထံမှ အကြံဉာဏ်များ၊ သဘောထား အမြင်များ၊ သတင်းအချက်အလက်များ
- ပတ်သက်ဆက်နွယ်သူများ၏ ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းခြင်း ယန္တယားများ
- စီမံကိန်းအပေါ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာတွင် ဒေသခံများပါဝင်ဆောင်ရွက်စေခြင်း
- ပတ်သက်ဆက်နွယ်သူအားလုံးထံသို့ သတင်းအချက်အလက်များ ပေးပို့အစီရင်ခံခြင်း

(ဤလက်စွဲစာအုပ်ဒုတိယပိုင်းတွင် စီမံကိန်းသက်တမ်းတစ်လျှောက် သက်ဆိုင်ရာကာလအလိုက် ဆောင်ရွက် ရမည့် အချို့သော အဓိက စီမံခန့်ခွဲမှုဆိုင်ရာတာဝန်များကိုဖော်ပြထားသည်။)

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းကို အခြားသော စီးပွားရေးလုပ်ငန်း တစ်ရပ်ကို စီမံခန့်ခွဲသည့်အတိုင်း ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အဓိပ္ပာယ်ရှင်းလင်းစွာ ဖွင့်ဆိုထားသော ရည်မှန်းချက်များ၊ ပန်းတိုင်များ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ စိတ်ရောကိုယ်ပါနှစ်မြှုပ် ဆောင်ရွက်မည့်ဝန်ထမ်းများ၊ အချိန်ကာလသတ်မှတ်ချက်များနှင့် ဘတ်ဂျက်၊ အဆင့်မြင့်စီမံခန့်ခွဲသူများ၏ တာဝန်ရှိမှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုများကို ပြည့်စုံစွာ ချမှတ်ဆောင်ရွက်သင့်သည်။ ပတ်သက်ဆက်နွယ် သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတွက် စီမံခန့်ခွဲရေးအလေ့အကျင့်ကောင်းနှင့် ဆိုင် သည့် အခြေခံမှုအချို့ကို အောက်တွင်ဖော်ပြထားသည်။

## ကုမ္ပဏီအတွင်းမှ အဖွဲ့အမျိုးမျိုး သို့မဟုတ် လုပ်ငန်းဌာန အမျိုးမျိုး တို့က စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများကို ထုတ်ပြန်ပေး သော သတင်းအချက်အလက်များ တသတ်မတ်တည်း ဖြစ်ရန် အရေးကြီးသည်။

### ✔ လုပ်ဆောင်မှုများကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် အလုံးစုံတာဝန်ယူမှုအတွက် သတ်မှတ်တာဝန်ပေးရန်

စီမံကိန်းသက်တမ်းတစ်လျှောက်တွင် စီမံကိန်းကုမ္ပဏီ၏ ကိုယ်စားလှယ်အမျိုးမျိုးတို့သည် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသောပြည်သူများနှင့် စီမံကိန်းအပေါ် စိတ်ဝင်စားကြသော အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် အပြန်အလှန်ထိတွေ့မှုများ ရှိပေလိမ့်မည်။ ထိုချိတ်ဆက်ဆောင်ရွက်မှုအမျိုးမျိုးတို့အတွင်း ပေါင်းစပ်ညှိနှိုင်း မှုရှိရန်လိုအပ်သည်။ ကုမ္ပဏီအတွင်းမှ အဖွဲ့အမျိုးမျိုး သို့မဟုတ် လုပ်ငန်းဌာနအမျိုးမျိုးတို့က စီမံကိန်းနှင့်

# လူထုဆက်ဆံရေးဝန်ထမ်းကို ငှားရမ်းသည့်အခါ ဒေသခံလူထုနှင့် ဆက်ဆံရေး ကောင်မွန်စွာ ထူထောင်ပြီး ဆက်လက် ထိန်းသိမ်း ဆောင်ရွက်နိုင်သည့်သူများကိုသာ ငှားရမ်းရန်ဖြစ်သည်။

ပတ်သက်ဆက်နွယ်သူများအား သတင်းအချက်အလက်များ ထုတ်ပြန်ပေးရာ၌ တသတ်မတ် တည်းဖြစ်ရန် အရေးကြီးသည်။ သတင်းအချက်အလက်ထုတ်ပြန်ရာ၌ ထိရောက်မှုမရှိခြင်း၊ ရှုပ်ထွေးဝေဝါး သောသတင်းများဖြစ်ခြင်းနှင့် သတင်းစကားများ သို့မဟုတ် ကတိကဝတ်များ ကွဲလွဲဆန့်ကျင်နေခြင်းတို့ နည်းပါးစေရန် ပေးအပ်သည့်သတင်းအချက်အလက်မှန်သမျှကို ခြေရာကောက်မှတ်တမ်းတင်ထားရန် ဖြစ်သည်။ ထိုလုပ်ဆောင်ချက်ကို အောင်မြင်စေရန် အကောင်းဆုံး ဆောင်ရွက်နိုင်ရန်မှာ– များသောအားဖြင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ရသည့် အလုံးစုံတာဝန်ကို ဝါရင့်မန်နေဂျာ တစ်ဦးအား ပေးအပ်ထားခြင်းဖြစ်သည်။ ထိုကဲ့သို့ ရာထူးမြင့်မားသူတစ်ဦးဦးအား တာဝန်ပေးစောင့်ကြည့် ထိန်းကျောင်းစေခြင်းသည် ထိုဆက်သွယ်ဆောင်ရွက်ရသည့်လုပ်ငန်းအပေါ် အလေးထားကြောင်း သတိပြုမိ ကြစေရန် အထောက်အကူပြုသလို ဗျူဟာအား ထိရောက်စွာအကောင်အထည်ဖော်ရန်နှင့် ကုမ္ပဏီအတွင်းရှိ အခြားဌာနခွဲများနှင့် လုပ်ဆောင်ချက်အမျိုးမျိုးကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လည်းလိုအပ်သည်။

## ✔ သင့်တော်သူကိုသာ ငှားရမ်း၊ လေ့ကျင့်သင်ကြား၊ တာဝန်ပေးပါ

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအကြောင်း ကနဦးလေ့လာ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတစ်ရပ်ပြုလုပ် ခြင်းအားဖြင့် ထိုစီမံကိန်း သက်တမ်းတစ်လျှောက် လုပ်ငန်းကာလ အမျိုးမျိုးအလိုက် ချိတ်ဆက်ဆောင်ရွက် ရန် လိုအပ်နိုင်သည့် ပတ်သက်ဆက်နွယ်သူအုပ်စုများ၏ အခြေအနေနှင့်စပ်လျဉ်းသည့် သတင်းအချက် အလက်များကို ရရှိနိုင်ပါသည်။ ကွဲပြားခြားနားသောစီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ရန် ကျွမ်းကျင်မှုအမျိုးမျိုး ရှိသော ဝန်ထမ်းများ ခန့်ထားဆောင်ရွက်နိုင်ရေး စဉ်းစားထားရန် လိုအပ်သည်။ ဥပမာ– ဒေသခံလူထုနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံကိန်းနယ်မြေတွင် ရုံးစိုက်သော လူမှုဆက်ဆံရေး အရာရှိတစ်ဦး သို့မဟုတ် အရာရှိများစွာ လိုအပ်ကောင်းလိုအပ်နိုင်ပြီး အစိုးရအရာရှိများ သို့မဟုတ် ဒေသန္တရအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင် ရွက်ရာ၌ ကျွမ်းကျင်မှုအမျိုးမျိုး လိုအပ်သလို ဝါရင့်မန်နေဂျာများကိုယ်တိုင် တိုက်ရိုက်ပါဝင်ဆောင်ရွက် ရန်လည်းလိုအပ်နိုင်သည်။ ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်သည် ရှုပ်ထွေးနိုင်သည့် သို့မဟုတ် ထိလွယ်ရှလွယ်ဖြစ်နိုင်သည့်စီမံကိန်းများတွင် အဆိုပါလုပ်ငန်းစဉ်ကို မည်သို့ ဆောင်ရွက်နိုင်ကြောင်း ဒီဇိုင်းရေးဆွဲပုံပိုး ကူညီရန်နှင့် ပတ်သက်ဆက်နွယ်သူများ ပူးပေါင်း ပါဝင်ဆောင်ရွက် လာရေး နည်းလမ်းများနှင့် အခြားသော အထူးနည်းစနစ်များ ဖော်ထုတ်ဆောင်ရွက်နိုင်ရေးကူညီရန် လူမှုရေး ဆိုင်ရာ အကြံပေးများ သို့မဟုတ် အခြား ကျွမ်းကျင်ဝန်ထမ်းများ ပါဝင်လာနိုင်ရန် စဉ်းစားပါ။

လူထုဆက်ဆံရေးအရာရှိများကို ငှားရမ်းသည့်အခါ ဒေသခံလူထုနှင့် ဆက်ဆံရေး ထူထောင်ပြီး အဆိုပါ အလုပ် သဘောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်နိုင်သူများကိုသာ ထိုတာဝန်အတွက် စဉ်းစားရန် ဖြစ်သည်။ ယင်းတို့အလုပ်သည် ဒေသခံများ၏ စိုးရိမ်ပူပန်မှုများ၊ အကြံဉာဏ်များ၊ တိုက်တွန်းချက်များကို

နားထောင်ပြီး ဖြေရှင်းပေးရခြင်းများလည်း ပါဝင်နိုင်သည်။ အဆိုပါ ဆက်ဆံရေးဝန်ထမ်းရာထူး၏ အရည်အချင်းများတွင် အောက်ပါတို့ကိုလည်း ထည့်သွင်းထားရန်ဖြစ်သည်–

- လူကောင်းဖြစ်ပြီး ဆက်ဆံရေးပိုင်းကျွမ်းကျင်မှုရှိခြင်း
- ဒေသသုံး ဘာသာစကားနှင့် ရပ်ရွာလူထုဆိုင်ရာ/ ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်မှု အခြေအနေများကို ကောင်းစွာနားလည်ခြင်း
- အတွေးအခေါ်အယူအဆသစ်များကို လက်ခံနိုင်ပြီး အခြားသူများ၏ သဘောထားအမြင်များကို လေးစားတတ်သူဖြစ်ခြင်း
- အဖြေရှာသည့်နည်းလမ်းကို ဦးစားပေးသည့် ချဉ်းကပ်နည်းတစ်ရပ်ကျင့်သုံးခြင်း
- ဖြောင့်မတ်တည်ကြည်မှုမြင့်မားခြင်း/ ယုံကြည်ထိုက်သောအတိုင်းအတာရှိခြင်း
- တာဝန်အပေါ်နှင့် ရည်မှန်းချက်ပန်းတိုင်များသို့ရောက်ရှိရေးအပေါ် စစ်မှန်သော ကတိကဝတ်ထားခြင်း

### ✔ လူထုဆက်ဆံရေးလုပ်ငန်းတာဝန်အရသတင်းအချက်အလက်ထုတ်ပြန်မှုနှင့် ကုမ္ပဏီအတွင်းရှိ အဆင့်မြင့်စီမံခန့်ခွဲသူများသို့ သတင်းပေးပို့အစီရင်ခံမှုတို့ကို မည်သို့ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ သတ်မှတ်ပေးထားပါ

ထိရောက်မှုများ ရရှိစေရန် လူထုဆက်ဆံရေးအရာရှိများသည် ကုမ္ပဏီကိုယ်စား ညှိနှိုင်းပိုင်ခွင့်များ ရရှိထားရန်လိုအပ်သည်။ ထို့အတွက် သတင်းပို့အစီရင်ခံသည့်ပုံစံကို ရှင်းရှင်းလင်းလင်း ရှိစေပြီး မည်သည့်ကိစ္စများကို ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်ကြောင်းနှင့် မည်သည့်ကိစ္စများကို ကုမ္ပဏီအတွင်းက အဆင့်မြင့်စီမံခန့်ခွဲသူများထံသို့ တင်ပြ၍ ဆုံးဖြတ်ချက်ခံယူရမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းသတ်မှတ်ပေးထားရန်ဖြစ်သည်။ တိုက်ရိုက် သတင်းပေးပို့အစီရင်ခံနိုင်သောလမ်းကြောင်းများ သတ်မှတ်ပေးခြင်းအားဖြင့် ဝါရင့်မန်နေဂျာများသည် မြေပြင်သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ သိရှိနိုင်ကြပြီး ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုလည်း ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ကြသည်။ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများသည် စီမံကိန်းအတွက် ထိခိုက်ဆုံးရှုံးမည့် အန္တရာယ်တစ်ခု ဖြစ်လာနိုင်ခြေများလေလေ သို့မဟုတ် စီမံကိန်း၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့် ပတ်သက်လာနိုင်ခြေများလေလေ လူမှုဆက်ဆံရေးအရာရှိအနေဖြင့် ဝါရင့်အရာရှိများထံသို့ တိုက်ရိုက်သတင်းပေးပို့ဆောင်ရွက်နိုင်ရန် ပိုမို အရေးကြီးလေလေဖြစ်သည်။

**ဒေသခံများ၏စိုးရိမ်ပူပန်မှုများသည် စီမံကိန်းအတွက် ထိခိုက်ဆုံးရှုံးမည့် အန္တရာယ်တစ်ခု ဖြစ်လာနိုင်ခြေများလေလေ သို့မဟုတ် စီမံကိန်း၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့် ပတ်သက်လာနိုင်ခြေများလေလေ လူမှုဆက်ဆံရေးအရာရှိအနေဖြင့် ဝါရင့်အရာရှိများထံသို့ တိုက်ရိုက်သတင်းပေးပို့ဆောင်ရွက်နိုင်ရန် ပိုမိုအရေးကြီးလေလေ ဖြစ်သည်။**

## ✔ ဆက်ဆံရေးဗျူဟာကို ကုမ္ပဏီအတွင်း အချင်းချင်း ဆက်သွယ်ဆောင်ရွက်ပါ

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့်အလုပ်ကို ကုမ္ပဏီ၏ နေ့စဉ်ဆောင်ရွက်မှုများထဲသို့ အမှန်တကယ် ပေါင်းစပ်လိုက်လျှင် ကုမ္ပဏီဝန်ထမ်းအားလုံးတွင်လည်း တာဝန်ရှိသည်ဟု ခံယူရန်လိုအပ်သည်။ ကုမ္ပဏီ၏ လုပ်ငန်းဌာနအားလုံးသည် ကုမ္ပဏီက ထိုသို့ဆက်ဆံရေးတစ်ရပ် ထူထောင် ထိန်းသိမ်းနိုင်ရန် အရင်းအမြစ်များကို မည်သည့်အတွက်ကြောင့် အချိန်ပြည့် မြှုပ်နှံကတိကဝတ်ပြုဆောင်ရွက်နေကြောင်း နားလည်သဘောပေါက်သင့်သလို ဆောင်ရွက်နေသည့် ဗျူဟာကိုလည်း သိရှိထားရန်လိုအပ်သည်။ များသောအားဖြင့် အဆိုပါ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်များသည် ကုမ္ပဏီအတွင်းက ဌာနခွဲတစ်ခု သို့မဟုတ် လူထုဆက်ဆံရေးဝန်ထမ်းအနည်းငယ်နှင့်သာဆိုင်သော "နူးညံ့ ပျော့ပျောင်းသည့် သဘောတရား (A Soft Concept) " တစ်ရပ်ဟု မှတ်ယူလေ့ရှိကြသည်။ ထိုကဲ့သို့သော အခြေအနေများကို ရှောင်ရှားရန် သတင်းစကားများကို ကုမ္ပဏီအတွင်း အချိန်ယူဖြန့်ဝေရခြင်းဖြစ်သည်။ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာလုပ်ဆောင်မှုတို့ အကြားဆက်စပ်နေပုံအပြင် ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် စီမံကိန်းဆိုင်ရာ ရလဒ်များအပေါ် သက်ရောက်လာနိုင်ခြေများကိုပါ နားလည်သဘောပေါက်ထားခြင်းဖြင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေးသည် အားလုံး၏ တာဝန်အဖြစ် သိရှိနားလည်အောင် အသိအမြင်ဖွင့်ပေးနိုင်သလို ကုမ္ပဏီပြင်ပမှ ပတ်သက်ဆက်နွယ်သူများနှင့် ကောင်းမွန်သောအလုပ်သဘော ဆက်ဆံရေးများ ထူထောင်နိုင်ရေးကူညီရန် ကုမ္ပဏီအတွင်း ဌာနစုံမှ ဝန်ထမ်းများအား "ဆက်ဆံရေးသံတမန်"များအဖြစ် ဆောင်ရွက်ကြစေရေး မက်လုံးတစ်ရပ်ပေးနိုင် သည်။

## ✔ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သော သတင်းအချက်အလက်ဘဏ်တစ်ခု ထူထောင်ထိန်းသိမ်းပါ

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်ဘဏ်ကို လက်ရှိအချက်အလက်များနှင့် ပုံမှန်ထည့်သွင်း၊ မွမ်းမံပြုစုခြင်းသည် အသုံးဝင်သော စီမံခန့်ခွဲမှုနည်းလမ်းတစ်ရပ် ဖြစ်နိုင်သည်။ သာမန်အားဖြင့် အဆိုပါအချက်အလက်ဘဏ်တွင် ပတ်သက်ဆက်နွယ်သူ အုပ်စုအမျိုးမျိုးတို့၏ အသေးစိတ်အချက်အလက်များ (ယင်းတို့၏ ကိုယ်စားလှယ်များ၊ အကျိုးစီးပွားများနှင့် စိုးရိမ်ပူပန်မှုများ)၊ ဆောင်ရွက်ခဲ့သော တိုင်ပင်ဆွေးနွေးပွဲများအကြောင်း အသေးစိတ် အချက်အလက်များ (ဆောင်ရွက်ခဲ့သည့်နေရာ၊ ဆွေးနွေးခဲ့သည့်အကြောင်းအရာနှင့် ရလဒ်များ)၊ စီမံကိန်းကုမ္ပဏီက ပေးခဲ့သော ကတိကဝတ်များ၊ ဖြည့်ဆည်းပေးရန်ကျန်သော ကတိကဝတ်များနှင့် ဆောင်ရွက်ပေးခဲ့ပြီး ကတိကဝတ်များ၊ နစ်နာမှုဆိုင်ရာ အသေးစိတ်မှတ်တမ်းတစ်ရပ်နှင့် ဖြေရှင်းပေးခဲ့သည့် အခြေအနေ စသည်တို့ကို ထည့်သွင်းထားသင့်သည်။ ထိုသတင်းအချက်အလက်ဘဏ်တစ်ခု ထူထောင်ထိန်းသိမ်းမှုကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်သည်။ အထူးသဖြင့် စီမံကိန်းသက်တမ်းတစ်လျှောက် ဝန်ထမ်းအပြောင်းအလဲဖြစ်သည့် အခြေအနေများတွင် ထိုသို့နောက်ဆုံးရအချက်အလက်များအား ထည့်သွင်းမွမ်းမံသည့် အလေ့အကျင့်သည် အလွန်အသုံးဝင်သည်။ ကုမ္ပဏီအနေနှင့် တိုင်ပင်ဆွေးနွေးမှုများကို လုံလုံလောက်လောက်ဆောင်ရွက်ခဲ့ကြောင်းသက်သေပြရန်လိုအပ်သည့်အခါသို့မဟုတ် သတင်းထုတ်ပြန်ရန်သို့မဟုတ် သတင်းပေးပို့အစီရင်ခံရန်လိုအပ်သည့်အခါ၌လည်း လွယ်ကူနိုင်သည်။

## SASOL ၊ မိုဇမ်ဘစ်နိုင်ငံ။ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွက် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူဆိုင်ရာ အချက်အလက်ဘဏ်တစ်ရပ်ထူထောင်ခြင်း

**မိုဇမ်ဘစ်နိုင်ငံ**တွင် ကမ်းလွန်ရေနံရှာဖွေရန် ခွင့်ပြုချက်ရရှိမှုနှင့်စပ်လျဉ်း၍ **Sasol ကုမ္ပဏီ** သည် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်လာမည့်သူများစာရင်းတစ်ခုကို ကနဦးပြုစု၍ သက်ဆိုင်ရာအစိုးရဌာန/ အဖွဲ့အစည်းများနှင့်ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲမှ ရရှိခဲ့သော အကြံပြုချက်များ၊ သဘောထားအမြင်များကို အခြေခံ၍ ထိုစာရင်းကို ထပ်မံပြင်ဆင်ရေးဆွဲ၍ အဆိုပါပတ်သက်ဆက်နွယ်လာမည့်သူများအား ကုမ္ပဏီက ဆက်သွယ်ခဲ့သည်။ ထိုလုပ်ငန်းစဉ်သည် ထပ်တလဲလဲဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပြီး လက်ရှိစာချုပ်များမှရရှိသော အချက်အလက်များ၊ နောက်ထပ် ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် မီဒီယာကြော်ငြာများ သို့မဟုတ် ပြည်သူ့ တွေ့ဆုံပွဲများကို အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထပ်မံပြုစုထားသော စာရင်းကို အချက်အလက်ဘဏ်အသွင် ပြောင်းလဲ၍ ထိုအချက်အလက်ဘဏ်ထဲသို့ အမည်များ၊ ယင်းတို့၏ အဆက်အသွယ်များ၊ အဖွဲ့ဝင်များ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များနှင့် အီးမေးလ်လိပ်စာများ (ရနိုင်လျှင်) တို့ကို ထည့်သွင်းခဲ့သည်။ ထိုအချက်အလက်ဘဏ်သည် ကုမ္ပဏီအတွက် အလွန် အသုံးဝင်သောလက်နက်တစ်ခုဖြစ်လာခဲ့သည်။ အများပြည်သူနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်လျှောက် ထိုအချက်အလက်ဘဏ်မှ အချက်အလက်များကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းကြောင့် ထိခိုက်နစ်နာသူများနှင့် စီးပွားရေးလုပ်ငန်းအပေါ် စိတ်ဝင်စားသူများ အားလုံးနှင့် အမြဲမပြတ် ဆက်သွယ်ဆောင်ရွက်ခဲ့သည်။

## ✔ ကတိကဝတ်မှတ်တမ်းတစ်ရပ် ရေးသားပြုစုထိန်းသိမ်းပါ

သင်လုပ်မည်ဟု ပြောထားသောအရာကို ပြောထားသည့်အတိုင်း ဆောင်ရွက်ပေးရန်လိုအပ်သည်။ သို့မှသာ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ယုံကြည်မှုတည်ဆောက်ပြီး ကောင်းမွန်သောအလုပ်သဘောဆက်ဆံရေးများ ထူထောင်နိုင်မည်ဖြစ်သည်။ စီးပွားရေး သက်တမ်းတစ်လျှောက်တွင် သက်ဆိုင်ရာစီးပွားရေးနှင့် ပတ်သက်ဆက်နွယ်သူအုပ်စုများ (ထိခိုက်နစ်နာသောရပ်ရွာလူထုများ၊ ဒေသခံအစိုးရ၊ ချေးငွေထုတ်ပေးသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အခြားအဖွဲ့အစည်းများအား) ပေးအပ်ခဲ့သော ကတိကဝတ်အားလုံးကို အချိန်နှင့်တပြေးညီ မျက်ခြေမပြတ် ဆက်လက်လုပ်ဆောင်ရန် လိုအပ်သည်။ များသောအားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်နိုင်ခြေဆန်းစစ်မည့် အတိုင်းအတာသတ်မှတ်ခြင်းနှင့် လက်တွေ့ဆန်းစစ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်သည့် ကာလ၏ အစောပိုင်းနေ့ရက်များနှင့် နစ်နာမှုများနှင့် ဆိုးကျိုးထိခိုက်မှုများအပေါ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသည့် တည်ဆောက်ရေးကာလများတွင် စီးပွားရေးနှင့်ပတ်သက်ဆက်နွယ်သူများအား ကတိကဝတ် အများဆုံးပေးကြသည်။ ကုမ္ပဏီတစ်ခုက ပေးခဲ့

## BAKU–TBLISI–CEYHAN ပိုက်လိုင်းစီမံကိန်း၊ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ရာ၌ ပေးခဲ့သည့် ကတိကဝတ်များကို ခြေရာကောက်ခြင်း

Baku–Tblisi–Ceyhan Pipeline စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်သည့် အစီရင်ခံစာတွင် ကုမ္ပဏီက ဆောင်ရွက်ပေးရန် ကတိကဝတ်ပြုထားသည့် စီမံခန့်ခွဲမှုနှင့် ထိခိုက်မှု လျှော့ချရေးအစီအမံရာပေါင်းများစွာပါရှိသည်။ ထိုကတိကဝတ်များသည် မှတ်တမ်းမှတ်ရာအမျိုးမျိုး၏ ခေါင်းစဉ်အမျိုးမျိုးအောက်တွင် ပျံ့ကြဲနေသောကြောင့် ကုမ္ပဏီသည် ထိုကတိကဝတ်များကို လက်တွေ့ အကောင်အထည်ဖော်ပေးရန် စီစဉ်ရာ၌ အစပိုင်းတွင်အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် အဆိုပါ ကတိကဝတ်အားလုံးပါရှိသည့် အသေးစိတ်စာရင်းပါဝင်သည့် "ကတိကဝတ် မှတ်တမ်း (Commitments Register)" တစ်စောင်ကို ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ထိုမှတ်တမ်းတွင် ကတိကဝတ်တစ်ခုစီအလိုက် ဖော်ပြထားသည့် မူရင်းစာရွက်စာတမ်းနှင့် ထိုကတိကဝတ်ကို ဖြည့်ဆည်း ဆောင်ရွက်မည့်စီမံခန့်ခွဲမှုအစီအစဉ်တို့ကို ရှင်းလင်းစွာဖော်ပြပါရှိသည်။

ကတိကဝတ်မှတ်တမ်းတစ်စောင် ပြုစုပြီးသည်နှင့် တစ်ပြိုင်နက် ထိုမှတ်တမ်းသည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် တည်ဆောက်ရာတွင် အသုံးဝင်သော ကိရိယာတစ်ခု ဖြစ်လာခဲ့သည်။ ထိုမှတ်တမ်းသည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စီမံခန့်ခွဲမှုစနစ် တို့အကြား ချိတ်ဆက်ပေး၍ ပေးထားသောကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော်မှုများ နှင့် ချိတ်ဆက်ခြေရာကောက်ကြည့်နိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း ဖော်ပြပေးသည်။ သို့သော် BTC စီမံကိန်းတွင် ဖြစ်ပျက်ပြီးမှ ကတိကဝတ်များကို မှတ်တမ်းထဲ ဆွဲထုတ်ထည့်သွင်းသည့်အလုပ်မှာ အချိန်ကုန်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ မူရင်းမှတ်တမ်းမှတ်ရာထဲမှ ထုတ်နှုတ်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုကတိကဝတ်များသည် မကြာခဏဆိုသလို ဝေဝေဝါးဝါးဖြစ်သွားပြီး အကောင်အထည် ဖော်ရန် တာဝန်ပေးအပ်မှုမှာလည်း အမြဲတမ်းမရှင်းမလင်းဖြစ်ခဲ့၍ ထပ်နေသောကတိကဝတ်များကို လည်း သိသာစွာတွေ့ရှိခဲ့ရသည်။

ထိုစီမံကိန်းမှ ရရှိသောသင်ခန်းစာမှာ ကတိကဝတ်များပေးသည့်အခါ ရှင်းလင်းတိကျသော စကားလုံး များ သုံးစွဲသင့်ကြောင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ တစ်ခုလုံး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကတိကဝတ်မှတ်တမ်းတစ်စောင်ကို ထည့်သွင်းပြုစုရန် လည်း အကြံပြုအပ်ပါသည်။ ကတိကဝတ်မှတ်တမ်းကို ရေးသားပြုစုရာ၌လည်း စီမံကိန်းကာလ အလိုက် (ဥပမာ– တည်ဆောက်ရေးကာလ သို့မဟုတ် လည်ပတ်ရေးကာလ စသည်) နှင့် ဖြေရှင်းဆောင် ရွက်ပေးမည့်ကိစ္စရပ်အလိုက် (ဥပမာ– အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများအပေါ် စီမံခန့်ခွဲခြင်း) စသည်ဖြင့် စနစ်ကျသောပုံစံတစ်ရပ်ဖြင့် ရေးသားပြုစုထည့်သွင်းခြင်းနှင့် ကုမ္ပဏီအတွက်သော်လည်း ကောင်း၊ ထိုကတိကဝတ်များကိုအကောင်အထည်ဖော်ရန် တာဝန်ရှိသည့်ကုမ္ပဏီနှင့် ကန်ထရိုက်တာ များအတွက်သော်လည်းကောင်း၊ တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်အတွင်းနှင့် အမျိုးမျိုးသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆန်းစစ်မှုမှတ်တမ်းမှတ်ရာများနှင့် လုပ်ငန်းစီမံချက်များအတွင်း ထည့်သွင်းခြင်းတို့ဆောင်ရွက်ရန် ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်နိုင်ပေမည်။ ထိုကတိကဝတ် မှတ်တမ်းတွင် လုပ်ငန်းအကောင်အထည်ဖော်မှုအတွက် အချိန်ကာလ သတ်မှတ်ချက်များနှင့် အရေး ကြီးသည်မှာ– သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ငန်းဌာနခွဲများ၊ အကောင်အထည်ဖော်ပေးမည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ (အချို့ကိစ္စများတွင် ကန်ထရိုက်တာများ၊ အစိုးရ မဟုတ်သော အဖွဲ့ အစည်းတစ်ရပ် သို့မဟုတ် ဒေသန္တရအစိုးရ အဖွဲ့အစည်းလည်း ဖြစ်နိုင်သည်) တို့ကို တာဝန်ချထားမှု အချက်အလက်များလည်း ပါရှိသင့်သည်။

သော ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ ကတိကဝတ်များစွာကို မှတ်တမ်းတင်ရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေအနေကို မျက်ခြေမပြတ် စောင့်ကြည့်ရန် "ကတိကဝတ် မှတ်တမ်းတစ်ရပ်" ထူထောင်ခြင်းသည် စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်ကောင်းတစ်ရပ်ဖြစ်သည်။

## စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေးအပေါ် စီမံခန့်ခွဲမှု တစ်စိတ်တစ်ပိုင်းသည် စီမံကိန်းကိုယ်စား မည်သူက ပြောဆိုပေးနေကြောင်းနှင့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းက မည်သည်ကို ပြောဆိုနေကြောင်းကို မျက်ခြေမပြတ်စောင့်ကြည့်ခြင်း ဖြစ်သည်။

### ✔ "တတိယပုဂ္ဂိုလ်အဖွဲ့အစည်း"နှင့် ချိတ်ဆက်ဆောင်ရွက်မှုကို ထိန်းချုပ်ထားပါ

စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့်ဆက်ဆံရေး၏ အစိတ်အပိုင်းတစ်ခုမှာ **စီမံကိန်းကိုယ်စား မည်သူက ပြောဆိုပေးနေကြောင်း**နှင့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းက ဘာကိုပြောဆိုနေကြောင်းကို မျက်ခြေမပြတ် စောင့်ကြည့်ခြင်းဖြစ်သည်။ ပြင်ပကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အတိုင်ပင်ခံများ၊ အစိုးရဌာနမှ ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီမံကိန်းကုမ္ပဏီနှင့် အတူ လုပ်ကိုင်နေသော ကန်ထရိုက်တာများသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် အပြန်အလှန် ထိတွေ့နေရန် လိုအပ်နိုင်သည်။ ထိုသို့ တတိယပုဂ္ဂိုလ်အဖွဲ့အစည်း ပါဝင်ချိတ်ဆက်ဆောင်ရွက်လာသည့်အခါ၌ အန္တရာယ်များလည်း ပေါ်ပေါက်လာနိုင်သောကြောင့် ပါဝင်ချိတ်ဆက်ဆောင်ရွက်မှုကို နီးနီးကြားကြား စီမံခန့်ခွဲဆောင်ရွက်ရန် လိုအပ်ပေမည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုမ္ပဏီမှ ဖြန့်ဝေသော သတင်းအချက်အလက်များနှင့် မကိုက်ညီသည့် စီမံကိန်းဆိုင်ရာသတင်းအချက်အလက်များကို ထုတ်ပြန်အသိပေးခြင်း၊ ယဉ်ကျေးမှုနှင့်မဆီလျော်သော တိုင်ပင်ဆွေးနွေးမှုများ သို့မဟုတ် အချို့သော ပတ်သက်ဆက်နွှယ်သူအုပ်စုများကို ချန်လှပ်ဆွေးနွေးတိုင်ပင်မှုများ၊ စီမံကိန်း၏ အကျိုးများနှင့် စပ်လျဉ်း၍ မှားယွင်းသော မျှော်မှန်းချက်များ မြင့်တက်စေခြင်း (ဥပမာ– လျော်ကြေးပမာဏနှင့် အလုပ်အကိုင်အခွင့်လမ်းများ)၊ ကြိုတင်ခွင့်ပြုချက်မယူပဲ ကုမ္ပဏီကိုယ်စား ကတိကဝတ်များပေးခြင်း၊ ရည်ရွယ်ထားသူများ၏ ကျေနပ်မှုရစေရန် လုပ်ဆောင်ရမည့် ထိခိုက်မှုလျော့ချရေးအစီအမံများ သို့မဟုတ် ရပ်ရွာဖွံ့ဖြိုးရေး စီမံကိန်းများဖော်ဆောင်ရန် ပျက်ကွက်ခြင်း စသည့်အန္တရာယ်များ ပေါ်ပေါက်လာနိုင်ပါသည်။ ထိုအန္တရာယ်များကို လျှော့ချနိုင်သည့် နည်းလမ်းတစ်ရပ်မှာ **ထိုအပြန်အလှန် ချိတ်ဆက်မှုများ ဆောင်ရွက်စဉ်တွင် စီမံကိန်းဝန်ထမ်းများထားပေးရန်** ဖြစ်သည်။ ယုတ်စွအဆုံး အစောပိုင်းကာလများတွင် အမြဲရှိနေပေးရန်နှင့် ထို့နောက်ပိုင်းကာလများတွင် အခါအားလျော်စွာ ရှိနေပေးရန်ဖြစ်သည်။ ရှေ့ထွက်၍ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ထိတွေ့ဆက်ဆံရာ၌ တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ဖြစ်နိုင်လျှင် ရှင်းရှင်းလင်းလင်း သတ်မှတ်ပေးနိုင်ရန်အတွက် စာဖြင့်ရေးသားထားသော လုပ်ငန်းလမ်းညွှန် (Term of Reference) သို့မဟုတ် ကန်ထရိုက်စာချုပ်များက အထောက်အကူရနိုင်သည်။ ထိုသို့ ပါဝင် ချိတ်ဆက်

ဆောင်ရွက်မှုများ လုပ်ကိုင်သည်နှင့်တပြိုင်တည်း စီမံကိန်းဝန်ထမ်းများက ပုံမှန်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းသည် **စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် အရည်အသွေးအာမခံခြင်း**ဆိုင်ရာ အဓိကကျသော နည်းလမ်းတစ်ရပ်ဖြစ်သည်။

## ✔ ကန်ထရိုက်တာကြောင့် ဖြစ်လာနိုင်သောအန္တရာယ်များကို စီမံခန့်ခွဲပါ

ယင်းတို့၏ အမူအကျင့်များနှင့် ဒေသခံများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံခြင်းများမှတဆင့် ကန်ထရိုက်တာများသည် စီမံကိန်းနှင့် ပတ်သက်ဆက်သွယ်သူများနှင့် ဆက်ဆံရေးအပေါ် တိုက်ရိုက်သက်ရောက်နိုင်ခြေမှာ အခြားသော တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများထက် ပိုနိုင်သည်။ တည်ဆောက်ရေးကာလတွင် ကန်ထရိုက်တာများနှင့် ယင်းတို့၏ တဆင့်ခံကန်ထရိုက်တာများသည် စီမံကိန်းဝန်ထမ်းများထက် ပိုမို၍ ဒေသခံများနှင့် မကြာခဏ ဆက်သွယ်ရနိုင်သည်။ စီမံကိန်းကြောင့် **ထိခိုက်နစ်နာရသူများသည် များသောအားဖြင့် ကန်ထရိုက်တာများနှင့် ကုမ္ပဏီတာဝန်ရှိသူများကို ခွဲခြားမမြင်ကြပါ။** နှစ်ဖက်စလုံးကို "စီမံကိန်း"၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်သာ မြင်ကြသည်။ ထို့ကြောင့် ကန်ထရိုက်တာများ၏ လုပ်ရပ်များသည်လည်း ကုမ္ပဏီအတွက် အန္တရာယ်ဖြစ်လာနိုင်၍ ကန်ထရိုက်တာများ၏ ချိတ်ဆက်ဆောင်ရွက်မှုများကို ကုမ္ပဏီများက အစကတည်းက စီမံခန့်ခွဲသင့်သည်။ ထိုဆောင်ရွက်မှုတွင် စီမံကိန်းနှင့် ပတ်သက်ဆက်သွယ်သူများနှင့် ထိထိရောက်ရောက် ဆက်ဆံနိုင်စွမ်းရှိသော ကန်ထရိုက်တာများအား ရွေးချယ်ခြင်း၊ ဆောင်ရွက်ရန် သတ်မှတ်ချက်များကို ယင်းတို့၏ ကန်ထရိုက်စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခြင်းတို့ ပါဝင်ကြသည်။ ကန်ထရိုက်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များတွင် စီမံကိန်းနှင့် ပတ်သက်ဆက်သွယ်သူများ၏ ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရန် ကိုယ်ပိုင်ယန္တယားတစ်ရပ်ထားရှိစေခြင်း၊ ကိုယ်ပိုင်လူထုဆက်ဆံရေးမန်နေဂျာ ထားရှိခြင်းနှင့် ဒေသခံများအား မည်သို့အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ယင်းတို့ ဝန်ထမ်းများနှင့် တဆင့်ခံ ကန်ထရိုက်တာများအား သင်တန်းများပေးခြင်းတို့ ပါဝင်သည်။ ကန်ထရိုက်တာများ၏ လက်တွေ့ ဆောင်ရွက်မှုများကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးရန် နှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများက ကန်ထရိုက်တာများအပေါ် တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ ကူညီရန် ကုမ္ပဏီဝန်ထမ်းများကို ဖြန့်ကျက်တာဝန်ပေးသင့်သည်။

## ✔ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေး၏ အရည်အသွေးပိုင်းဆိုင်ရာ အပြောင်းအလဲများကို မျက်ခြေမပြတ်စောင့်ကြည့်ပါ

စီမံကိန်းကာလအမျိုးမျိုးအတွင်း ဆက်ဆံရေး အရည်အသွေးများ (Quality of Relationships) သည် အချိန်ကြာလာသည်နှင့်အမျှ ပြောင်းလဲလာနိုင်သလို ချိတ်ဆက်ဆောင်ရွက်သည့် အကြိမ်အရေအတွက် သို့မဟုတ် လေးနက်မှုအတိုင်းအတာ (Intensity) ပြောင်းလဲနိုင်ပါသည်။ ထို့ကြောင့် မိမိ၏ အဓိကကျသော ပတ်သက်ဆက်နွယ်သူအုပ်စုများကယေဘုယျအားဖြင့်စီမံကိန်းအပေါ်နှင့်အထူးသဖြင့်ချိတ်ဆက်ဆောင်ရွက်ခြင်းအပေါ် "သည်းခံနိုင်မှုရေချိန်" နှင့် ယင်းတို့၏ ကျေနပ်အားရမှုအတိုင်းအတာကို အခါအားလျော်စွာ စမ်းသပ်ခြင်းသည် စီမံကိန်းအတွက် အသုံးဝင်နိုင်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်အပေါ် စီမံခန့်ခွဲရာ၌ အထောက်အကူရစေရေးအတွက် "သဘောထားအမြင်" စစ်တမ်း(Perception Survey) ကို နှစ်စဉ် သို့မဟုတ် ၆ လတစ်ကြိမ် လွတ်လပ်စွာ ကောက်ယူလေ့လာခြင်းနည်းလမ်းကို ကုမ္ပဏီအချို့က အသုံးပြုကြသည်။ ထိုစစ်တမ်းသည် စီမံကိန်းဆိုင်ရာ အောင်မြင်

မှုများ အဆက်မပြတ်ရရှိခြင်း ရှိ၊ မရှိ တိုင်းတာရန် တူညီသောမေးခွန်းများကိုသာ ပြန်လည်မေးမြန်းခြင်း ဖြစ်သည်။

ကျေနပ်အားရမှုအဆင့် အပြောင်းအလဲများကို တိုင်းတာခြင်းနှင့် ထိုသို့ပြောင်းလဲစေသည့် အကြောင်းရင်းများကို ဖော်ထုတ်စိစစ်ခြင်းအားဖြင့် လေ့လာမှုစစ်တမ်း သတင်းအချက်အလက်များသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့် ဆက်ဆံရေးအခြေအနေများ မူလအခြေအနေ/ လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေး တွက် လိုအပ်သလို လုပ်ငန်းစဉ်များကို ချိန်ညှိခြင်း သို့မဟုတ် လုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်းတို့ကို ဝန်ထမ်းများနှင့် မန်နေဂျာများက ဆောင်ရွက်နိုင်စေသည်။

## COSAN SAIC။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်၏ အစိတ်အပိုင်း အဖြစ် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးမည့် အစီအစဉ် ထူထောင်ခြင်း

Cosan SAIC။ ဘရာဇီးနိုင်ငံမှ သကြားနှင့် အက်သနောလောင်စာ ထုတ်လုပ်သော ထိပ်တန်းကုမ္ပဏီသည် ယင်း၏ လုပ်ငန်းများကို တိုးချဲ့ခဲ့ရာ ရေဆိုးစီမံခန့်ခွဲမှု၊ စွမ်းအင်သုံးစွဲမှုနှင့် အခြားအရာများအပြင် စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများစွာ ပေါ်ပေါက်လာခဲ့သည်။ ကုမ္ပဏီ လုပ်ငန်းလည်ပတ်နေသော ဘရာဇီးနိုင်ငံမှ ထိုဒေသသည် နိုင်ငံအတွင်းရှိ အခြားဒေသများထက် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း ပိုမိုတင်းကြပ်သည်။ ငွေကြေးပံ့ပိုးပေးမှုနှင့်အတူ IFC သည် ထိုကုမ္ပဏီ၏ လုပ်ငန်းများအတွက် ကုမ္ပဏီ၏ ပထမဆုံး ပေါင်းစပ်လူမှုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စနစ်(Integrated Social and Enviornmental Management System) တစ်ရပ်ကို ထူထောင်ရန် Cosansaic ကုမ္ပဏီအားအကြံပေးခဲ့သည်။ ထို့အပြင် ကုမ္ပဏီ၏ အဆင့်မြင့်စီမံခန့်ခွဲသူများကလည်း ကုမ္ပဏီ၏ စီမံခန့်ခွဲမှု စနစ်များအတွင်းသို့ လူထုနှင့် တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်ကို ထည့်သွင်းပေါင်းစပ်ရန်နှင့် လုပ်ဆောင်မှုများစီမံခန့်ခွဲရန် အချိန်ပြည့်ဝန်ထမ်း ခန့်အပ်နိုင်ရေး ကတိကဝတ်ပြုဆောင်ရွက်ခဲ့သည်။ ကုမ္ပဏီသည် ချေးငွေယူထားသောကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ၏ အဓိကအစိတ်အပိုင်း တစ်ရပ်အဖြစ် လူထုနှင့်တိုင်ပင်ဆွေးနွေးမှု အစီအစဉ်များကို ထည့်သွင်း ရေးဆွဲအကောင်အထည်ဖော်ရရန် ကတိကဝတ်ထားရှိပြီး နယ်မြေအသစ်များတွင် ပြုလုပ်မည့် Cosan SAIC ကုမ္ပဏီ၏ အနာဂတ်စီမံကိန်းများတွင်လည်း ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည်။

## LONMIN ကုမ္ပဏီ၊ တောင်အာဖရိကနိုင်ငံ။ လုပ်ငန်းနှင့်ပတ်သက်ဆက်နွှယ်သူများအပေါ် စီမံခန့်ခွဲမှုအားကောင်းစေခြင်း

"တောင်အာဖရိကနိုင်ငံတွင်အခြေစိုက်သောပလက်တီနမ်သတ္တုတူးဖော်ရေးကုမ္ပဏီဖြစ်သည့် Lonmin ကုမ္ပဏီကြီးသည် အဓိကကျသော ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေး အားနည်းခဲ့သည့် သမိုင်းအစဉ်အလာတစ်ရပ်ရှိခဲ့သည်။ သို့သော် ၂၀၁၄ ခုနှစ်ကစ၍ ကုမ္ပဏီသည် ယင်း၏ ဆက်ဆံရေး အခြေအနေများကို အသွင်ပြောင်းလဲရန်နှင့် လုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆိုင်သော ပြဿနာများကို စီမံခန့်ခွဲရာ၌ အားကောင်းလာစေရန် ကြိုးပမ်းသည့်အနေနှင့် တက်ကြွသော ခြေလှမ်းများ စတင်ခဲ့သည်။ Lonmin ကုမ္ပဏီ၏ အဓိကဗျူဟာများတွင် အောက်ပါအချက်များ ပါဝင်သည်–

- လုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် ဖိုရမ်တစ်ခု ကျင်းပရာ၌ ပံ့ပိုးကူညီရန် အတွေ့အကြုံရှိ နိုင်ငံတကာအတိုင်ပင်ခံ အဖွဲ့အစည်းတစ်ခုကို လုပ်ငန်းအပ်နှံခြင်း
- ကုမ္ပဏီဝန်ထမ်းများနှင့် ရပ်ရွာလူထုထဲမှ ပုဂ္ဂိုလ်များ ထိုဖိုရမ်သို့ ပါဝင်တက်ရောက်၍ လိုအပ်သော စွမ်းဆောင်ရည်တည်ဆောက်မှု များရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း
- အဓိကကျသော ပတ်သက်ဆက်နွှယ်သူအုပ်စုငယ်များအကြား ကျေနပ်အားရမှုအဆင့်ကိုတိုင်းတာရန် "လူထုသဘောထားအမြင်စစ်တမ်းများကို နှစ်စဉ် လွတ်လပ်အမှီအခိုကင်းစွာ ဆောင်ရွက်ခြင်း"
- ထိုသဘောထားအမြင် စစ်တမ်း၏ ရလဒ်များကို အများပြည်သူသို့ ထုတ်ပြန်ခြင်းနှင့် ဖြန့်ဝေခြင်း
- ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်မှ ပေါ်ထွက်လာသော ထင်သာမြင်သာရှိသော တိုးတက်မှု အခြေအနေနှင့် ရလဒ်များအကြောင်းကို လစဉ်သတင်းစာ တစ်စောင်တွင် ရေးသားထုတ်ပြန်ခြင်း

ထိုကြိုးပမ်းမှုများကြောင့် Lonmin ကုမ္ပဏီ၏ လုပ်ဆောင်ချက်အပေါ် လူထုထောက်ခံမှုများသည် ယနေ့အထိ သိသိသာသာတိုးတက်လာစေခဲ့သည်။ ထို့အပြင် ကုမ္ပဏီသည် အဓိကကျသော ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ ဌာနတွင်းဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်စေရန်နှင့် ဆက်သွယ်ဆောင်ရွက်မှုများ တသတ်မတ်တည်း ရှိစေရန် ပိုမိုရှင်းလင်းစွာ တာဝန်သတ်မှတ်ပေး၍ ထိုအပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများကို အာရုံစိုက် ဆောင်ရွက်စေရန် စုဖွဲ့အားထုတ်မှုတစ်ရပ် ပြုလုပ်ခဲ့သည်။ ထိုအားထုတ်မှုတွင် ဆက်ဆံရေး မန်နေဂျာတစ်ဦး နောက်ထပ်ခန့်ထားခြင်း၊ ကုမ္ပဏီအတွင်းနှင့် အပြင် နှစ်ခုစလုံးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများ ရှင်းရှင်းလင်းလင်း သတ်မှတ်ပေးခြင်းနှင့် လူထုနှင့် ဆက်ဆံဆောင်ရွက်မှုအပိုင်းကို စီမံခန့်ခွဲရန် တာဝန်ရှိ မန်နေဂျာများကို သတ်မှတ်ပေးခြင်းတို့ပါရှိခဲ့သည်။

# အပိုင်း-၂

# စီမံကိန်းသက်တမ်းတစ်လျှောက် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ပေါင်းစပ်ဆောင်ရွက်ခြင်း

ဤအပိုင်းတွင် စီမံကိန်း သက်တမ်းတစ်လျှောက် ကာလတစ်ခုစီအလိုက် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်လာမည့်သူများအား အောင်မြင်စွာ ချိတ်ဆက် ဆောင်ရွက်ရာ၌ အထောက်အကူအရဆုံးဖြစ်မည့် လက်တွေ့အလေ့အကျင့်များနှင့် ချဉ်းကပ်နည်းများကို ဆွေးနွေးထားသည်။ စီမံကိန်း သက်တမ်းတစ်လျှောက် ကြုံတွေ့ရမည့် စီမံကိန်းကာလများမှာ–


- စီမံကိန်းဆိုင်ရာ သဘောတရားများ အဆိုပြုကာလ
- ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများနှင့် စီမံကိန်းရေးဆွဲရေးကာလ
- တည်ဆောက်ရေးကာလ
- လုပ်ငန်းလည်ပတ်ရေးကာလ
- လုပ်သားအရေအတွက်နှင့် လုပ်ငန်းအရွယ်အစားလျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ရောင်းထုတ်သည့်ကာလ



# စီမံကိန်းဆိုင်ရာသဘောတရားများ အဆိုပြုကာလ

## အလေ့အကျင့်ကောင်းများအတွက် အကြံဉာဏ်များ

- စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သည့် ယခင်အချက်အလက်များနှင့် တိုင်ပင်ဆွေးနွေးမှုဆိုင်ရာအချက်အလက်များကို ကိုးကားပါ။
- အစောပိုင်းကာလများတွင် သေချာစွာ ရွေးချယ် ထုတ်ပြန်၍ တိုင်ပင်ဆွေးနွေးပါ။
- စီမံကိန်းအကောင်အထည်ဖော်မည့် အခြားနည်းလမ်းများနှင့် ဒီဇိုင်းပိုင်းဆိုင်ရာများ သို့မဟုတ် စီမံကိန်းနေရာ ရွေးချယ်မှုဆိုင်ရာများကို ထုတ်ဖော်ပြပါ။
- ဖြစ်နိုင်လျှင် ဗျူဟာကျကျ စီမံရေးဆွဲနေစဉ်အတွင်း အစိုးရဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပါ။
- လက်ရှိ ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လုံလောက်ခြင်း ရှိ၊ မရှိ သုံးသပ်ပါ။
- စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ချေးငွေထုတ်ပေးသူများ၏ စည်းကမ်းချက်များ မည်သို့ရှိသည်ကို လေ့လာသုံးသပ်ပါ။
- စီမံကိန်းအပေါ်ကျရောက်နိုင်သော အန္တရာယ် ခွဲခြမ်းစိတ်ဖြာမှု တိုင်းတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ပြဿနာများကို ထည့်သွင်းထားပါ။
- ရှုပ်ထွေးနက်နဲသောစီမံကိန်းများတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများဆိုင်ရာ စီမံရေးဆွဲမှု ဖိုရမ်တစ်ခုကျင်းပနိုင်ရန် စဉ်းစားပါ။




စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအား စီမံကိန်း၏အစောပိုင်းကာလဖြစ်သည့် စီမံကိန်းသဘောတရားများ အဆိုပြုတင်ပြသည့်အဆင့်၌ပင် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် စီမံကိန်းအပေါ် ဒေသခံများ၏ ထောက်ခံအားပေးနိုင်ခြေ သို့မဟုတ် ကန့်ကွက်နိုင်ခြေကို တိုင်းတာခြင်း၊ ရွေးချယ်စရာ အမျိုးမျိုးနှင့် အခြားဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ စီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်းကို ထိခိုက်နိုင်သည့် အဓိက ပြဿနာနှင့် စိုးရိမ်မှုများကို ဖော်ထုတ်သတ်မှတ်ခြင်းပင်ဖြစ်သည်။ ထိုစိုးရိမ်ပူပန်မှု (နှင့် အခွင့်အလမ်း)များကို ဆုံးဖြတ်ချက် ချမှတ်သော လုပ်ငန်းစဉ်အတွင်းသို့ ပြန်လည်ထည့်သွင်းပေးသင့်သည်။

စီမံကိန်းဆိုင်ရာ သဘောတရားများအဆိုပြုကာလ၌ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်လာမည့်သူများနှင့် တိုင်ပင်ဆွေးနွေးသင့်သည်။ အကြောင်းမှာ– ဖြစ်နိုင်ခြေရှိသော ပတ်သက်ဆက်နွယ်သူများနှင့် တစ်နည်းနည်းဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးဆိုင်ရာ အကျိုးစီးပွား ယှဉ်ပြိုင်လာနိုင်ခြေများကို ကာကွယ်နိုင်၍ စီမံကိန်းအပေါ် ကျရောက်လာနိုင်သော အန္တရာယ်များကို ဖော်ထုတ်ရန် အထောက်အကူ

ရသည့်အပြင် ဗျူဟာကျသည့် ရွေးချယ်မှုများဖြစ်စေရေး သတင်းအချက်အလက်များလည်း ရရှိစေသည်။ ထိုကြောင့် သေချာစွာ ဦးတည်ရွေးချယ်ထားသူများနှင့် တိုင်ပင်ဆွေးနွေးမှုမျိုးဖြစ်သင့်သည်။ စီမံကိန်းကြီးများတွင်ထိုတိုင်ပင်ဆွေးနွေးပွဲများ၌စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်နိုင်ခြေရှိသူ၊ဩဇာလွှမ်းမိုးသူအချို့လည်း ပါဝင်လာနိုင်သည်။ စီမံကိန်းအကောင်အထည်ဖော်မှု ကနဦးကာလများတွင် လိမ္မာပါးနပ်စွာ ရွေးချယ်တိုင်ပင်ဆွေးနွေးခြင်းသည် အနာဂတ်တွင် စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေး ဆက်လက်ထူထောင်ထိန်းသိမ်း ဆောင်ရွက်သွားနိုင်ရန်အတွက် အရေးပါသော နောက်ဆက်တွဲအကျိုးဆက်များကို ရရှိနိုင်သည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူအုပ်စုများအား စောစီးစွာချိတ်ဆက်ဆောင်ရွက်၍ ဗျူဟာကျသော ဆုံးဖြတ်ချက်များနှင့် အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများအကြောင်း တိုင်ပင်ဆွေးနွေးခြင်းသည် စီမံကိန်းအပေါ် ဆန့်ကျင်ကန့်ကွက်မှုများနှင့် အခြားသောဂုဏ်သိက္ခာဆိုင်ရာ ထိခိုက်လာနိုင်ခြေများကို ရှောင်ကြဉ်နိုင်ပြီး ပြန်လည်ဒီဇိုင်းရေးဆွဲ ရသည့်အတွက် ပိုမိုကုန်ကျမှုများနှင့် လျော်ကြေးပေးချေရမှုများကိုလည်း ရှောင်ရှားနိုင်ပေမည်။ စီမံကိန်းမှ လျော်ကြေးတန်ဖိုးအဆိုပြုသည့်ကာလတစ်ဝိုက်တွင်လည်း ဒေသခံများမှ အဆိုပြုသည့်အတိုင်း လက်ခံနိုင်သည့် အခွင့်အလမ်းပိုများနိုင်သည်။ ထို့ပြင် စောစီးစွာချိတ်ဆက် ဆောင်ရွက်မှုသည် တန်ဖိုးရှိသော အခွင့်အလမ်းများ ရရှိနိုင်စေပြီး အလုပ်အကိုင်ဆိုင်ရာသင်တန်း၊ အခြေခံ အဆောက်အအုံနှင့် စီမံကိန်း၏ ဝန်ဆောင်မှု လိုအပ်ချက်များနှင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ဒေသခံလူထုများ၏ အစီအစဉ်များ ဦးစားပေးများနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိစေသည်။

ထိုသို့အစောပိုင်းကာလကတည်းက ချိတ်ဆက်ဆောင်ရွက်ရာတွင် စွန့်စားရမှုများလည်းရှိသည်။ ပထမဆုံးတစ်ခုမှာ– စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်အသိပေးနေသော်လည်း အပြန်အလှန် တိုင်ပင်ဆွေးနွေးဆောင်ရွက်နိုင်ရန်လမ်းဖွင့်ပေးမှုမှာ အကန့်အသတ်ရှိနေနိုင်သည်။ ထို့ကြောင့် အမှန်တကယ် ဗျူဟာကျသော ရွေးချယ်စရာသိပ်များများမရှိပါ။ ဥပမာ– စီမံကိန်းဆောင်ရွက်မည့်နေရာသည် သဘာဝသယံဇာတများတည်ရှိသည့် နေရာဖြစ်နေနိုင်သည် သို့မဟုတ် သယ်ယူပို့ဆောင်ရေးကွန်ရက်ချိတ်ဆက်မှုများ သို့မဟုတ် ဈေးကွက်များအတွက် အရေးပါသော ဝင်၊ ထွက် သွားလာရာနေရာဖြစ်နေနိုင်သည်။ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအပေါ် ရွေးချယ်မှုတွင်လည်း ကုန်ကျစရိတ်သက်သာမှုနှင့် လက်ခံနိုင်သော စွမ်းဆောင်ရည်ရှိကြောင်း လက်တွေ့သက်သေတို့ကို ချိန်ထိုးစဉ်းစားလျှင် ရွေးချယ်စရာအကန့်အသတ်မျှသာ ရှိနိုင်သည်။ ဒုတိယအချက်မှာ– စီမံကိန်းဆောင်ရွက်မည့် သဘောတရားများကို သတ်မှတ်နိုင်ရေး၊ ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အခွင့်အလမ်းတစ်ရပ်ရှိသည့်အခါ ရင်းနှီးမြှုပ်နှံမှုကိုယ်၌က မသေချာသေးသည့်အချိန်၌ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်လာနိုင်ခြေရှိသူများနှင့် ထိုသို့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ခြင်းသည် မရည်ရွယ်သော နောက်ဆက်တွဲအကျိုးဆက်များ ဖြစ်သွားနိုင်သည် ဆိုသည်ကို သတိရှိသင့်သည်။

မည်သို့ပင်ဖြစ်စေကာမူ စီမံကိန်းအကောင်အထည်ဖော်ရန် သဘောတရားရေးရာများ ဖော်ထုတ်နိုင်ရန် သတင်းအချက်အလက်များကောက်ယူသည့် အစောပိုင်းကာလတွင် အစိုးရအရာရှိများနှင့် ဆွေးနွေးခြင်း၊ ဈေးကွက်လေ့လာမှုများပြုလုပ်ခြင်း၊စီမံကိန်းနေရာကို စူးစမ်းလေ့လာခြင်း၊ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း သို့မဟုတ် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများပြုလုပ်ခြင်းများအတွက် အချို့သော ပတ်သက်ဆက်နွှယ်လာနိုင်ခြေ ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများသည် မလွှဲမရှောင်သာ ရှိနေမည်ဖြစ်သည်။ စီမံကိန်းဆောင်ရွက်ရန် သဘောတရားရေးရာများ လေ့လာအဆိုပြုသည့်အဆင့်တွင် လူအင်အားနှင့် ငွေကြေးအင်အား အကန့်အသတ်မျှသာရှိသောကြောင့် ကျွမ်းကျင်ပညာရှင်များကို ကာလတိုသာ ငှားရမ်းဆောင်ရွက်လေ့ရှိကြသည်။ ကနဦး ညှိနှိုင်းဆွေးနွေးမှုများနှင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများကို ဂရုတစိုက် ကိုင်တွယ်ရန်လိုအပ်သည်။ ယင်းတို့၏ မျှော်မှန်းချက်များကို စီမံခန့်ခွဲသွားရန်ဟူသည့် အမြင်ဖြင့် ပထမဆုံးချိတ်ဆက်ဆောင်ရွက်သူများသည် အဆိုပြုစီမံကိန်းနှင့်စပ်လျဉ်း၍ ကောင်းမွန်သော သဘောထားအမြင်ရှိသူများဖြစ်စေရန်လည်း လိုအပ်သည်။

## စီမံကိန်းအကောင်အထည်ဖော်မှုအစောပိုင်းကာလများတွင် မဟာဗျူဟာကျကျ ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေးများကို အနာဂတ်ကာလတွင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် အရေးပါသော နောက်ဆက်တွဲအကျိုးဆက်များရရှိနိုင်သည်။

| လုပ်ဆောင်ချက် | အသေးစိတ်လမ်းညွှန်ချက် |
|---|---|
| စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆိုင်သည့် ယခင်အချက်အလက်များနှင့် တိုင်ပင်ဆွေးနွေးမှုဆိုင်ရာအချက်အလက်များကို ကိုးကားပါ။ | သင်၏စီမံကိန်းသည် ယခင်ရင်းနှီးမြှုပ်နှံမှုတစ်ခု သို့မဟုတ် လုပ်ငန်းလည်ပတ်မှုတစ်ခုကို တိုးချဲ့သည့် စီမံကိန်းဖြစ်လျှင် ယခင်သတင်းအချက်အလက်များရရန် ဖြစ်နိုင်ခြေရှိသော သတင်းရင်းမြစ်များတွင် – လက်ရှိ ပတ်သက်ဆက်နွှယ်နေသူများအကြောင်း သတင်းအချက်အလက်ဘဏ်၊ တိုင်ပင်ဆွေးနွေးမှုနှင့် နစ်နာမှုကိုင်တွယ်ဖြေရှင်းခဲ့သော မှတ်တမ်းများ၊ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်လေ့လာမှုများနှင့် စီမံကိန်း၏အစောပိုင်းကာလတွင် ပြီးစီးခဲ့သော တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု နှစ်စဉ်အစီရင်ခံစာများ၊ ကုမ္ပဏီက ရပ်ရွာလူထုအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးသော အစီအစဉ်များ၊ ဒေသန္တရအစိုးရ သို့မဟုတ် တူညီသော ရပ်ရွာဒေသတစ်ခုအတွင်းရှိနေသည့် အခြား စီးပွားရေးလုပ်ငန်းများက ရပ်ရွာလူထုအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးသော အစီအစဉ်များပါဝင်သည်။ ယခုမှ စတင် ဆောင်ရွက်မည့် စီမံကိန်းအသစ်များဖြစ်လျှင် ကြီးကြပ်သူအာဏာပိုင် အဖွဲ့အစည်းများနှင့် အခြားသော အစိုးရကဏ္ဍ အဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများထံတွင်ရှိသော စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ယင်းတို့၏အကျိုးစီးပွားများအကြောင်း စိစစ်ဖော်ထုတ်ထားသည့် စီမံချက်များနှင့် အများပြည်သူသို့ ထုတ်ပြန်ထားသော အစီရင်ခံစာများ ရှိနိုင်သည်။ သင်၏စီမံကိန်းသည် စက်မှုဇုန်နယ်မြေတွင် တည်ရှိလျှင် ထိုစက်မှုဇုန် ဖော်ထုတ်စဉ်က ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့် လုပ်ငန်းစဉ်တစ်ရပ် ဆောင်ရွက်ခဲ့ခြင်းရှိ၊ မရှိ သို့မဟုတ် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် တိုင်ပင်ဆွေးနွေးခဲ့ခြင်း ရှိ၊ မရှိ စုံစမ်းကြည့်နိုင်သည်။ |
| အစောပိုင်းကာလများတွင် သေချာစွာ ရွေးချယ်ထုတ်ပြန် အသိပေးဖော်ပြ၍ တိုင်ပင်ဆွေးနွေးပါ။ | ဗျူဟာကျသော စီမံကိန်း အကောင်အထည်ဖော်မှု နည်းလမ်းအမျိုးမျိုးနှင့် ရွေးချယ်စရာအမျိုးမျိုးရှိနေလျှင် ပြည်သူများအား သတင်းအချက်အလက်အပြည့်အစုံကို အမြဲထုတ်ပြန်အသိပေးရန် မဖြစ်နိုင်သလို သတင်းထုတ်ပြန်အသိပေးရာတွင်လည်း နှိုင်းချိန်ဆောင်ရွက်ရန်ဖြစ်သည်။ သို့မဟုတ်ပါက မရည်ရွယ်ထားသော နောက်ဆက်တွဲ အကျိုးဆက်များ ဥပမာ– ယင်းတို့မျှော်လင့်ချက်များ ပိုမိုမြင့်မားလာခြင်းများ၊ ကြောက်ရွံ့မှုများ သို့မဟုတ် ထင်မြင်ယူဆမှုများဖြစ်ပေါ်လာနိုင်သလို စီးပွားရေးပြိုင်ဖက်များ ပေါ်ထွက်လာ၍ ယင်းနှင့်ဆက်နွှယ်သည့် စီးပွားရေးဆိုင်ရာ ထိခိုက်နိုင်ခြေများလည်း ဖြစ်ပေါ်လာနိုင်သည်။ တစ်ချိန်တည်းမှာပင် အစောပိုင်းကာလကတည်းက တိုင်ပင်ဆွေးနွေးခြင်းသည် အဓိကပြဿနာများကို ဖော်ထုတ်စိစစ်နိုင်ရန် အထောက်အကူပြု၍ ဒီဇိုင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် သတင်းအချက်အလက်များရရှိခြင်း၊ အစောပိုင်းကာလကတည်းက ရင်းနှီးမှု တည်ဆောက်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကိုလည်း ရရှိနိုင်သည်။ စီမံကိန်းဆောင်ရွက်မည့် သဘောတရားရေးရာများနှင့် အခြားဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့်စပ်လျဉ်းသည့် ထိလွယ်ရှလွယ်ရှိနိုင်သော သတင်းအချက်အလက်များကို ပတ်သက်ဆက်နွှယ်သူအုပ်စုနှင့် ဆွေးနွေးရာတွင် သတိကြီးစွာထားကာ စဉ်းစားရန် လိုအပ်၍ ယင်းတို့၏ ကိုယ်စားလှယ်များနှင့်သာ တိုင်ပင်ဆွေးနွေးသင့်သည်။ |

| လုပ်ဆောင်ချက် | အသေးစိတ်လမ်းညွှန်ချက် |
|---|---|
| **စီမံကိန်းအကောင်အထည် ဖော်မည့် အခြားနည်းလမ်း များနှင့် ဒီဇိုင်းပိုင်းဆိုင်ရာ များ သို့မဟုတ် စီမံကိန်း နေရာ ရွေးချယ်မှုဆိုင်ရာ များကို ထုတ်ဖော်ပါ။** | တိုင်ပင်ဆွေးနွေးရန်ရွေးချယ်ထားသူများအား ဒီဇိုင်းပိုင်းဆိုင်ရာ ရွေးချယ်စရာပုံစံ အမျိုးမျိုးအကြောင်း ရှင်းပြခြင်း (“မည်သည့်စီမံကိန်းမျှ မဆောင်ရွက်ခြင်း” အပါအဝင်)နှင့် မည်သည့်ရွေးချယ်စရာ နည်းလမ်းက စီမံကိန်းနှင့် သက်ဆိုင်သူအမျိုးမျိုးအတွက် မည်သည့်အတိုင်းအတာအထိ သက်ရောက်နိုင်ခြေရှိကြောင်းတို့ကို ရှင်းပြနိုင်ရေးအတွက် သတင်းအချက်အလက်များပြုစုပါ။ အထူးသဖြင့် သံသယဖြစ်ဖွယ်ရာ သို့မဟုတ် ထိလွယ်ရှလွယ်သော စီမံကိန်းများဖြစ်လျှင် ကုမ္ပဏီအနေနှင့် ဖြစ်ပေါ်လာနိုင်သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးစဉ်းစားထား၍ စီမံကိန်းနေရာအမျိုးမျိုး၊ စီမံကိန်း အခြေခံအဆောက်အအုံများ ခင်းကျင်းမည့် လမ်းကြောင်းအမျိုးမျိုး၊ ဆောင်ရွက်မည့် နည်းလမ်းအမျိုးမျိုးနှင့် အခြားရွေးချယ်စရာ နည်းလမ်းအမျိုးမျိုးကိုပါ လေ့လာသုံးသပ်နေကြောင်း ပြည်သူများနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား အထင်အရှားဖော်ပြရန် အရေးကြီးသည်။ အချို့ဖြစ်ရပ်များတွင် စီမံကိန်းနေရာ ရွေးချယ်ရာ သို့မဟုတ် ဒီဇိုင်းပိုင်းဆိုင်ရာ ရွေးချယ်ရာများတွင် သို့မဟုတ် ရွေးချယ်မှု လုပ်ငန်းစဉ်တွင် ဒေသခံများအား တိုက်ရိုက်ပါဝင်ဆောင်ရွက်စေ၍ တိုင်ပင်ဆွေးနွေးရန်ဖြစ်သည်။ |
| **ဖြစ်နိုင်လျှင် ဗျူဟာကျကျ ရေးဆွဲနေစဉ်အတွင်း အစိုးရဌာန အဖွဲ့အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်ပါ။** | ဖြစ်ရပ်တော်တော်များတွင် စီမံကိန်းနေရာ ရွေးချယ်မှုနှင့် စပ်လျဉ်းသည့် မဟာဗျူဟာကျသော ဆုံးဖြတ်ချက်များ၊ စီမံကိန်းတွင် တပ်ဆင်မည့် စက်အင်အား သို့မဟုတ် အခြားသော အဓိကကျသော ရွေးချယ်စရာနည်းလမ်းများကို ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်မှုမပြုမီကပင် အစိုးရမှ မဟာဗျူဟာ စီမံရေးဆွဲ လုပ်ဆောင်မှု လုပ်ငန်းစဉ်များအားဖြင့် သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ ထိုအစိုးရ စီမံရေးဆွဲသော လုပ်ငန်းစဉ်များတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်မှုသည် အတိုင်းအတာအမျိုးမျိုး ရှိနိုင်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအတွက် တာဝန်ရှိသော အစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးကြခြင်းအားဖြင့် သင်၏ကုမ္ပဏီသည် ဆုံးဖြတ်ချက်များအပေါ်နှင့် အစိုးရဦးဆောင်ကျင်းပသော ပြည်သူများနှင့် တိုင်ပင်ဆွေးနွေးပွဲများ၏ အရည်အသွေးကို ဝင်ရောက်ဩဇာလွှမ်းမိုးရန် အခွင့်အလမ်း တစ်ရပ်ရရှိနိုင်သည်။ သို့မဟုတ်ပါက အစိုးရ ဦးဆောင်သော ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများ၏ အရည်အသွေးသည် နောက်ပိုင်းတွင် သင့်ကုမ္ပဏီက စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သောကြောင့် ဖြစ်သည်။ |
| **လက်ရှိ ထိခိုက်နစ်နာ မှုများကို တိုင်ကြား ဖြေရှင်းရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လုံလောက်ခြင်း ရှိ၊ မရှိ သုံးသပ်ပါ။** | သင်၏စီမံကိန်းသည် ယခင်ရင်းနှီးမြှုပ်နှံမှု တစ်ခု သို့မဟုတ် လုပ်ငန်းလည်ပတ်မှုတစ်ခုကို တိုးချဲ့သည့် စီမံကိန်းဖြစ်လျှင် စီမံကိန်း တိုးချဲ့မည့် ကာလအသစ်အတွက် လက်ရှိ ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် လုံလောက်ခြင်း ရှိ၊ မရှိ သုံးသပ်ရန် လိုအပ်သည်။ |
| **စီမံကိန်းနှင့် ပတ်သက် ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက် ရန် သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ နှင့် ချေးငွေထုတ်ပေး သူများ၏ စည်းကမ်းချက် များ မည်သို့ရှိသည်ကို လေ့လာသုံးသပ်ပါ။** | သင်၏ချိတ်ဆက်ဆောင်ရွက်မှုဗျူဟာသည် သတ်မှတ်ထားသော တာဝန်ဝတ္တရားအားလုံးနှင့် ကိုက်ညီကြောင်း သေချာစေရန် အစိုးရ အာဏာပိုင်အဖွဲ့အစည်းများနှင့် ချေးငွေထုတ်ပေးသူများ၏ စည်းကမ်းသတ်မှတ်ချက်များနှင့် သင့်ကုမ္ပဏီ၏ တရားဝင် သို့မဟုတ် အလွတ်သဘော တိုင်ပင်ဆွေးနွေးမှု မူဝါဒများ၊ ပွင့်လင်းမြင်သာရေး မူဝါဒများ၊ သတင်းအချက်အလက်မျှဝေရေးမူဝါဒများကို နှိုင်းယှဉ်ကြည့်ရန် လိုအပ်သည်။ |

| လုပ်ဆောင်ချက် | အသေးစိတ်လမ်းညွှန်ချက် |
|---|---|
| **စီမံကိန်းအပေါ် ကျရောက်နိုင်သော အန္တရာယ် ဆန်းစစ်မှုတိုင်းတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ပြဿနာများကို ထည့်သွင်းထားပါ။** | သမားရိုးကျအန္တရာယ်များ – စီးပွားရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် ဂုဏ်သိက္ခာဆိုင်ရာတို့ကို ခွဲခြမ်းစိတ်ဖြာခြင်းအပြင် စီမံကိန်းဆောင်ရွက်မည့် သဘောတရားရေးရာများ ဒီဇိုင်းထုတ်သည့်အဆင့်တွင် စီမံကိန်းဆိုင်ရာ အန္တရာယ်များကို ဆန်းစစ်ခြင်းသည် ဖြစ်နိုင်ခြေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများက ဆောင်ကြဉ်းလာနိုင်သော လူမှုဆိုင်ရာအန္တရာယ်များကို ပေါ်လွင်ထင်ဟပ်၍ ဖြစ်ပွားမည့်အတိုင်းအတာသတ်မှတ်ခြင်းတို့ ပါဝင်သင့်သည်။ |
| **ရှုပ်ထွေးနက်နဲသော စီမံကိန်းများတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများဆိုင်ရာ စီမံရေးဆွဲမှု ဖိုရမ်တစ်ခု ကျင်းပနိုင်ရန် စဉ်းစားပါ။** | သင်၏ စီမံကိန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုသည် ထိုဒေသတွင် နေထိုင်သူများအပေါ် သိသာထင်ရှားသော ထိခိုက်သက်ရောက်မှုများရှိမည်ဆိုလျှင် ဒေသန္တရအဆင့်နှင့် ပြည်နယ်/တိုင်းအဆင့် ကိုယ်စားလှယ်များ ပါဝင်သော ဖိုရမ်တစ်ခု ကျင်းပရန်စဉ်းစားပါ။ (ဥပမာ– အစိုးရ အာဏာပိုင်အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဒေသခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ) ထိုသူများနှင့် ပုံမှန်တွေ့ဆုံ၍ စီမံကိန်းဆောင်ရွက်ရန် သဘောတရားရေးရာများ ဒီဇိုင်းပုံထုတ်ရွေးချယ်မှု အမျိုးမျိုးကို အကဲဖြတ်ဆန်းစစ် ထုတ်ပြန်ရန်ဖြစ်သည်။ ထိုဖိုရမ်၏ အရွယ်အစားနှင့် ပါဝင်တက်ရောက်မည့်သူများသည် စီမံကိန်း ဆောင်ရွက်မည့် အတိုင်းအတာနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များအရ သင့်တော်နိုင်မည့် သူများဖြစ်ရန်လိုသည်။ ပါဝင်တက်ရောက်သူများသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ စစ်မှန်သောကိုယ်စားလှယ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများထံမှ သဘောတူခွင့်ပြုချက်ရနိုင်သူများနှင့် ယင်းတို့ မဲဆန္ဒနယ်မြေအတွင်း ထိရောက်သော ဆက်ဆံရေး လမ်းကြောင်းများ ဖော်ဆောင်ထားသူများဖြစ်သင့်သည်။ ဖိုရမ်၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မည့်ပုံစံနှင့် အချိန်ကာလ သတ်မှတ်ချက်များအပေါ် ပါဝင်ဆွေးနွေးသဘောတူ ဆုံးဖြတ်ကြခြင်းသည် အလေ့အကျင့်ကောင်းတစ်ရပ်ဖြစ်သည်။ |

## ပီရူးနိုင်ငံတွင် ဓာတ်သတ္တုရှာဖွေခြင်း။ ဒေသခံလူထုနှင့် အစောပိုင်းကာလက တိုင်ပင်ဆွေးနွေးမှု၏ စိန်ခေါ်မှုများနှင့် အကျိုးကျေးဇူးများ

ပီရူးနိုင်ငံတောင်ပိုင်းက သတ္တုရှာဖွေရေးစီမံကိန်း ဆောင်ရွက်သည့်ကုမ္ပဏီသည် စူးစမ်းလေ့လာရေး ကာလအစောပိုင်းအဆင့်များတွင်ပင် အကြောင်းအမျိုးမျိုးကြောင့် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးမှုကို စတင်ဆောင်ရွက်ခဲ့သည်။ ကုမ္ပဏီအနေနှင့် သတ္တုတူးဖော်သည့် ဧရိယာတစ်ဝိုက်တွင် နိုင်ငံရေးဆိုင်ရာ ထိလွယ်ရှလွယ်ကိစ္စများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန် အထူးသဖြင့် ထိုအချိန်က ပီရူးနိုင်ငံတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများက ပြင်းထန်နေသည့် အချိန်အခါ၌ ထိုသို့ဆောင်ရွက်ခြင်းသည် ကုမ္ပဏီအတွက် အထောက်အကူ ရနိုင်သည့် နည်းလမ်းတစ်ရပ်ဟု မြင်သောကြောင့်ဖြစ်သည်။ ထို့ပြင် ဒေသခံလူထုက မြေယာလုပ်ပိုင်ခွင့်များ ရရှိထားသည့် ဧရိယာများတွင် စူးစမ်းလေ့လာရေးဆိုင်ရာ လုပ်ကိုင်ခွင့်နှင့်အညီ စတင် ဆောင်ရွက်မှု မပြုမီ ဒေသခံလူထုထံမှ သဘောတူညီချက်ကို ရယူရမည်ဟု ပီရူးနိုင်ငံ ဥပဒေတွင်လည်း သတ်မှတ်ထားသည်။

စူးစမ်းလေ့လာရေးကာလတွင် ကြုံတွေ့ရမည့် အချို့သော စိန်ခေါ်မှုများမှာ စူးစမ်း လေ့လာမှု၏ သဘောသဘာဝကို ဒေသခံလူထုအားရှင်းပြခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် အမှန်တကယ်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တို့အကြား ကွာခြားမှုများကို အသိပေးရှင်းပြခြင်းနှင့် မသေချာသော ရလဒ်များကြုံတွေ့ရသည့်အခြေအနေတွင်ပင် မျှော်မှန်းချက်များကိုစီမံခန့်ခွဲရန် ကြိုးစားပေးခြင်းတို့ ပါဝင်သည်။ ကုမ္ပဏီသည် အဆိုပြု စူးစမ်းလေ့လာရေးလုပ်ဆောင်ချက်အသေးစိတ်ကိုရှင်းပြရန် စီမံကိန်းနှင့် အဓိကပတ်သက်ဆက်နွယ်သူများ၏ကိုယ်စားလှယ်များကို ဖော်ထုတ်စိစစ်၍ ယင်းတို့အပေါ် ယုံကြည်စိတ်ချအားကိုးကာ ကုမ္ပဏီက ပေးသော သတင်းအချက်အလက်ကို ယင်းတို့က ရပ်ရွာလူထု ဆွေးနွေးပွဲများတွင် ပြန်လည်ဖြန့်ဝေစေရန် ဆောင်ရွက်ခဲ့သည်။ တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်ကြောင့် ကုမ္ပဏီသည် ဒေသခံလူထု၏ သဘောတူညီချက်ဖြင့် စူးစမ်းလေ့လာရေးလိုင်စင်ကို အောင်မြင်စွာရရှိခဲ့သည်။

ထိုလုပ်ငန်းစဉ်မှ ရရှိခဲ့သော သင်ခန်းစာများထဲမှ တစ်ခုမှာ – စူးစမ်းလေ့လာရေးကာလတွင် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများ သိသာထင်ရှားမှု မရှိခဲ့သော်လည်း စီမံကိန်းကာလ အစောပိုင်းကတည်းက ဒေသခံလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၏ စစ်မှန်သောတန်ဖိုးမှာ ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီမှ လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် ရပ်ရွာလူထု၏ ထောက်ခံချက်များရရှိခဲ့ပြီး လူထု၏ ဆက်လက်ထောက်ခံမှုသည် ထိုဒေသတွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန်အတွက်လည်း အရေးပါသည်။

## LAFARGE ဘိလပ်မြေစက်ရုံ။ စီမံကိန်းနေရာရွေးချယ်ရာ၌ စီမံကိန်းကြောင့် ထိခိုက်နစ်နာရမည့် ရပ်ရွာလူထုများပါဝင်စေခြင်း

ရပ်ရွာလူထု နေထိုင်သည့် နေရာအနီးတစ်ဝိုက်တွင် ကျောက်မိုင်းတစ်ခု လာရောက်လုပ်ကိုင်မည်ဟူသည့် သတင်းကို နွေးထွေးစွာကြိုဆိုသူ ရှားပါသည်။ Lafarge ကုမ္ပဏီသည် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ လျှော့ချရန်နှင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးရှိကြောင်း သက်သေပြရန် ကြိုးပမ်းဆောင်ရွက်သည်။ ထိုကဲ့သို့သော စီမံကိန်းမျိုးကို အများပြည်သူက ဆူညံသော၊ တုန်ခါမှုများဖြစ်စေသော၊ ပတ်ဝန်းကျင်ရှုခင်းအလှအပကို ပျက်စီးစေသော စီမံကိန်းတစ်ခုဟု ရှုမြင်ကြသည်။ မော်ရိုကိုနိုင်ငံက Tetouan ဘိလပ်မြေစက်ရုံသည် မူလအစက မြို့အစွန်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြို့ပြချဲ့ထွင်မှုများ ဖြစ်ပေါ်လာပြီးနောက်ပိုင်းတွင် ထိုစက်ရုံနေရာသည် မြို့၏အလယ်ခေါင်တည့်တည့်ဖြစ်လာသည်။ စက်ရုံကလည်း အိုမင်းဟောင်းနွမ်းလာသည့် လက္ခဏာများ စပြလာပြီဖြစ်သည်။ ကုမ္ပဏီသည် စက်ရုံအသစ်တစ်ခု တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ပြီး ထိုစက်ရုံသစ်ကို မည်သည့်နေရာတွင် တည်ဆောက်သင့်ကြောင်း ဒေသခံများအား ဖိတ်ကြား၍ စဉ်းစားစေခဲ့သည်။ အနီးအနားမှ ဖြစ်နိုင်ခြေရှိသောနေရာများသို့ ဒေသခံများ သွားရောက်လေ့လာနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့သောကြောင့် ဒေသခံများအတွက် ကရိကထဖြစ်မှု အတိုင်းအတာကို လျှော့ချနိုင်ခဲ့သည်။ ထိုလုပ်ရပ်သည် (“ငါ့အိမ်နောက်ဘေး လာမလုပ်နဲ့” Nimby) ဟူသော အယူဝါဒများကို ရှောင်ရှားနိုင်သည့် နည်းလမ်းကောင်းတစ်ရပ်ဖြစ်သည်။ ဆွေးနွေးမှုအကြိမ်ကြိမ် ပြုလုပ်ပြီးနောက်တွင် စက်ရုံအသစ်ကို မူလစက်ရုံနေရာမှ ကီလိုမီတာအနည်းငယ်အကွာတွင် ရွှေ့ပြောင်းနေရာချနိုင်ခဲ့သည်။ ယခုအခါတွင် ဘိလပ်မြေစက်ရုံအသစ်ကို အားလုံးက လက်ခံထားကြသည်။

Source: www.lafarge.com

## စူးစမ်းလေ့လာရေးကာလ အဆင့်အမျိုးမျိုးကို ဦးတည်ထား၍ ချိတ်ဆက်ဆောင်ရွက်မှုများ

အာဖရိကတိုက် ဝေးလံခေါင်ဖျားနေရာတွင် လုပ်ကိုင်သော သတ္တုတူးဖော်ရေး ကုမ္ပဏီတစ်ခုသည် စူးစမ်းလေ့လာမှုလုပ်ငန်းစဉ်၏ အစောပိုင်းကာလများတွင် ဒေသခံများနှင့် ချိတ်ဆက်ဆောင်ရွက်မှု နည်းလမ်းအမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့သည်–

- ကောင်းကင်ဓာတ်ပုံရိုက်ကူးလေ့လာသည့်ကာလအတွင်း၌ ကုမ္ပဏီသည် ရပ်ရွာခေါင်းဆောင်များနှင့် စကားပြောဆို၍ လေယာဉ်ပုံပါရှိသော လက်ကမ်းစာစောင်များ ဝေပေးခဲ့သည်။ ထိုလက်ကမ်းစာစောင်တွင် လေယာဉ်နိမ့်နိမ့် ပျံသန်းမည့်အကြောင်းများကို ဖော်ပြထားသည်။ ထို့ကြောင့် ဒေသခံများသည် ကောင်းကင်ဓာတ်ပုံ ရိုက်ကူးမည့်အကြောင်းကို ကြိုတင်သိရှိထားပြီး လေယာဉ်ကို မြင်ဖူးလေ့မရှိသော ဒေသခံများထံမှ စိုးရိမ်ပူပန်မှုများကို ရှောင်ရှားနိုင်ခဲ့သည်။

- မြေပြင် စူးစမ်းလေ့လာမှုများ မဆောင်ရွက်မီ ကုမ္ပဏီသည် ထိုကာလအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်မှုတစ်ရပ် ဆောင်ရွက်ခဲ့သည်။ ကုမ္ပဏီသည် ထိခိုက်မှုလျော့ချနိုင်ရေးအတွက် သင့်တော်ကောင်းမွန်သော အစီအစဉ်များဖော်ထုတ်ရန် အစိုးရအာဏာပိုင်များ၊ ဒေသခံများနှင့် အခြားသော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၊ စိတ်ဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေးခဲ့သည်။


- စမ်းသပ်တွင်းတူးသည့်ကာလတွင်မူ ကုမ္ပဏီသည် စမ်းသပ်တွင်းတူးမည့်နေရာ အနီးတစ်ဝိုက်မှ ရပ်ရွာလူထုများအား ထိုတွင်းတူးစမ်းသပ်မှု၏ သဘောသဘာဝအကြောင်းကို ကြိုတင်ဆက်သွယ်ကာ ရှင်းလင်းနိုင်ခဲ့သည်။ တွင်းတူးစမ်းသပ်သည့် စက်ပစ္စည်းများကိုမြင်လျှင် တကယ်လက်တွေ့သတ္တုတူးဖော်ထုတ်လုပ်နေသည်ဟုအလွယ်တကူအထင်မှားသွားနိုင်သောကြောင့် ဖြစ်သည်။ ထိုလုပ်ဆောင်ချက်သည် စီမံကိန်းနယ်မြေတွင် မလိုလားအပ်သော စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာခြင်း၊ မျှော်မှန်းချက်များမြင့်တက်လာခြင်း သို့မဟုတ် ထင်မြင်ယူဆချက်များ ဖြစ်ပေါ်လာခြင်းတို့ကြောင့် သတ္တုတွင်းကို ဖွင့်လှစ်လုပ်ကိုင်နေပြီဖြစ်ကြောင်း သတင်းမှားများ၊ မပြည့်စုံသော သတင်းအချက်အလက်များပျံ့နှံ့ဖြစ်ပေါ်လာမှုကို ရှောင်ရှားရန်နှင့် သတ္တုတွင်းလည်ပတ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်များကို စီမံခန့်ခွဲရန် အထောက်အကူရသည်။



# ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများနှင့် စီမံကိန်းရေးဆွဲရေးကာလ

## အလေ့အကျင့်ကောင်းများအတွက် အကြံဉာဏ်များ

- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်  ယင်းတို့၏အကျိုးစီးပွားလိုလားချက်များကို စနစ်တကျ ရှာဖွေဖော်ပါ။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်အတွက် အစိုးရအာဏာပိုင်များနှင့် ချေးငွေထုတ်ပေးသူများ၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လေ့လာသုံးသပ်ပါ။
- ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်နိုင်ရေး နယ်ပယ်အတိုင်းအတာ သတ်မှတ်သည့် အဆင့်တွင် အဆိုပါ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ပါဝင်ဆောင်ရွက်ခွင့်ပြုပါ။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအနေနှင့် မည်သို့တိုင်ပင်ဆွေးနွေးမှုကို လိုလားကြောင်း ယင်းတို့အား မေးမြန်းအကြံဉာဏ်ယူပါ။
- စီမံကိန်းကြောင့် ထိခိုက်သက်ရောက်နိုင်ခြေများနှင့် အချိုးညီမျှသော ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ်တစ်ရပ် ရေးဆွဲပြုစုပါ။
- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်သက်ရောက်မှုများအတွက် တိုင်ပင်ဆွေးနွေးပွဲများမတိုင်မီ ကတည်းက အချက်အလက်များ ကြိုတင်ပေးထားပါ။
- ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းတွင် ပါရှိသော သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် သို့မဟုတ် သတ်မှတ်ချက်များထက်ပင် ကျော်လွန်သည့် တိုင်ပင်ဆွေးနွေးမှုအလေ့အကျင့်ကောင်းများ ကျင့်သုံးပါ။
- ထိခိုက်နိုင်ခြေလျှော့ချမှု တိုးတက်စေရန်နှင့် လျော်ကြေးများနှင့် အကျိုးခံစားခွင့်များအပေါ် သဘော တူညီမှုရရန် တိုင်ပင်ဆွေးနွေးမှုနည်းလမ်းကိုအသုံးချပါ။
- အစိုးရဦးဆောင်သော ဆွေးနွေးပွဲများတွင် ကုမ္ပဏီ၏ ပါဝင်မှုကို ဆက်ထိန်းထားပါ။
- သင့်စီမံကိန်းအပေါ် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ထောက်ခံမှုကို တိုင်းတာပါ။
- ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်မချမီ မိတ်ဖက်အသွင် ဆက်ဆံဆောင်ရွက်မှုကို ကာလတို ထိန်းသိမ်း ဆောင်ရွက်ပါ။
- လူထုဆက်ဆံရေးဝန်ထမ်းများထံသို့ လက်လှမ်းမီရေး စီစဉ်ဆောင်ရွက်ပေးပါ။
- ယခင်တိုင်ပင်ဆွေးနွေးမှုများသည် နစ်နာကြောင်းတိုင်ကြားမှုများကို ဖြစ်စေသော အဓိကအကြောင်းရင်း ဖြစ်လျှင် ထိုယခင်တိုင်ပင်ဆွေးနွေးခဲ့သောနေရာများသို့ ထပ်မံသွားရောက်ပါ သို့မဟုတ် ပြန်လည်သုံးသပ်ပါ။
- စီမံကိန်းဒီဇိုင်းပိုင်းဆိုင်ရာ ပြောင်းလဲမှုအခြေအနေများကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများထံသို့ ပုံမှန်သတင်းပေးပို့ အစီရင်ခံပါ။
- တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်နှင့် ရလဒ်များကို မှတ်တမ်းတင်ထားပါ။
- EIA အတိုင်ပင်ခံများနှင့်အတူလိုက်ပါ၍ လုပ်ငန်းစဉ် တစ်လျှောက် ပါဝင်ပတ်သက်နေပါ။
- စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တစ်လျှောက်မှ ရရှိသော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆိုင်သည့် သတင်းအချက်အလက်များကို စုစည်းပေါင်းစပ်ပါ။



စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် စီစဉ်ထားရာတွင် လုပ်ရကိုင်ရ အခက်ခဲဆုံးနှင့် အကြိတ်အနယ်ဆောင်ရွက်ရမည့်ကာလမှာ – စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ နှင့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်မှုဆန်းစစ်သည့် လုပ်ငန်းစဉ်ကာလအတွင်း ဖြစ်နိုင်သည်။ အဆိုပါ လေ့လာဆန်းစစ်မှုများသည် စီမံကိန်းအသစ်တစ်ခု သို့မဟုတ် မူလစီမံကိန်းကို ထပ်မံတိုးချဲ့မှုတစ်ရပ် ဆက်လက်လုပ်သင့်၊ မလုပ်သင့် ဆုံးဖြတ်ရန် အထောက်အကူပြုနိုင်သည်။ ထိုအဆင့်တွင် စီမံကိန်း၏ နည်းပညာနှင့် ငွေကြေးဆိုင်ရာဖြစ်မြောက်နိုင်စွမ်းများနှင့် ရင်ဆိုင်ရနိုင်သည့် စီးပွားရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်သတ်မှတ်ဖော်ပြရန် လေ့လာမှုများ ဆောင်ရွက်၍ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ သို့မဟုတ် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဒီဇိုင်းပုံစံများ ရေးဆွဲကြသည်။ ထိုဖြစ်မြောက်နိုင်စွမ်း လေ့လာသည့် အဆင့်တွင် ရရှိလာသော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ စိုးရိမ်ပူပန်မှုများနှင့် စိတ်အားထက်သန်မှု ဆိုင်ရာ အချက်အလက်အများစုသည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုလေ့လာ ဆန်းစစ်ရန် ဦးတည် ထားသော အုပ်စုများနှင့် တိုက်ရိုက်တိုင်ပင်ဆွေးနွေးမှုများမှ ရရှိလာခြင်းဖြစ်နိုင်သည်။

စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာသည့်အချိန်တွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ရာ၌ အခြေခံကျသောအချက်များမှာ–

- ရှုပ်ထွေးနက်နဲမှုများရှိနိုင်သော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုတစ်ခု ကို သင့်တော်သော စွမ်းဆောင်ရည်ရှိ ဝန်ထမ်းအလုံအလောက်နှင့် တာဝန်၊ အချိန်ကာလ တိတိကျကျ သတ်မှတ်ရေးဆွဲဆောင်ရွက်ခြင်း၊
- ပြောင်းလဲမှုနှင့်ထိစပ်နေသောကြောင့် သို့မဟုတ် ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်အားနည်းသောကြောင့် ဖြစ်ဖြစ် စီမံကိန်းကြောင့် ထိခိုက်နစ်နာမှု အများဆုံးဖြစ်မည့်သူများအပေါ် အဓိကထား ကြိုးပမ်းဆောင် ရွက်ပေးခြင်း၊
- လူတို့၏ သဘောထားအမြင်များနှင့် စိတ်ကူးစိတ်သန်းများကို အလေးအနက်ထား လက်ခံစဉ်းစားပေး ကြောင်းပြသသည့်အနေနှင့် ဖော်ထုတ်တွေ့ရှိရသော စိန်ခေါ်မှုများကို "ဖယ်ရှားရန် ဒီဇိုင်းရေးဆွဲပြင်ဆင် ခြင်း"၊ ဒေသစီးပွားရေး သို့မဟုတ် လူမှုရေးအကျိုးကျေးဇူးများ ထပ်တိုးရရှိရန် "ထည့်သွင်းဒီဇိုင်းရေးဆွဲ ပုံဖော်ခြင်း" သို့မဟုတ် အမျိုးမျိုးသောဒီဇိုင်းများနှင့် အန္တရာယ်စီမံခန့်ခွဲမှုနည်းလမ်းများ၏ ဖြစ်နိုင်ခြေကို စမ်းသပ်ရာ၌ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ သဘောထားအမြင်များကို ထည့်သွင်းခြင်းအား ဖြင့် ဆောင်ရွက်သည်။

မတူကွဲပြားပြီး သိသာထင်ရှားသော လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်သက်ရောက်မှုများ ရှိနိုင်သော စီမံကိန်းကြီးများတွင် ဒီဇိုင်းရေးဆွဲခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှု ဆန်းစစ်မှု ဆောင်ရွက်သောအခါ စီမံကိန်းနှင့် ပတ်သက် ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်မှုလည်း ပါဝင်နိုင်သည်။ အသေးစားစီမံကိန်းများ ဆောင်ရွက် သော ကုမ္ပဏီများတွင် ထိုစီမံကိန်းများ(ဥပမာ–လက်ရှိရုံးအဆောက်အအုံတစ်ခုကို တိုးချဲ့သည့် စီမံကိန်း)သည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ရန် သတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ရကြောင်းတွေ့ရ နိုင်သည်။ ထိုသို့ကင်းလွတ်ခွင့်ပြုမည့်အစား ထိုစီမံကိန်းများကိုလည်း ဒီဇိုင်း၊ တည်ဆောက်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများအတွက် နိုင်ငံကတရားဝင်သတ်မှတ်ထားသော စံနှုန်းများကို လိုက်နာစေမှသာ ပြည့်စုံ လုံလောက်နိုင်သည်။ သို့သော် စီမံကိန်းဒီဇိုင်းရေးဆွဲစဉ်အတွင်း လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များ နှင့် ပြဿနာများ ပေါ်ထွက်လာသည့်အခါ ထိုပေါ်ထွက်လာသော ကိစ္စရပ်များကို စီမံကိန်းဖြစ်မြောက် နိုင်စွမ်းလေ့လာမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားသင့်ပြီး ထိုထိခိုက်မှုများ ရှောင်ကြဉ်ရန် သို့မဟုတ် လက်ခံနိုင်သောအဆင့်အထိ လျှော့ချရန် နည်းလမ်းများရှာဖွေဖော်ထုတ်ရာ၌ စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများအား ပါဝင်ဆောင်ရွက်ခွင့်ပြုသင့်သည်။

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုဆန်းစစ်လေ့လာရန် သတ်မှတ်အချိန်ကာလသည် အခြားသော ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများဖြစ်ကြသည့် ငွေကြေးဆိုင်ရာဆန်းစစ်ခြင်း၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ လေ့လာဆန်းစစ်ခြင်း၊ လုပ်ငန်းပမာဏနှင့် စီမံကိန်း ကုန်ကျစရိတ်များဆန်းစစ်ခြင်း၊ စီမံကိန်းကြောင့် ဖြစ်လာနိုင်သော အန္တရာယ်များ ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်သည့်အချိန်နှင့် အမြဲတိုက်ဆိုင်မနေနိုင်ပါ။ ထိုအခြေအနေများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများဆန်းစစ်ခြင်းနှင့် စီမံကိန်းနှင့် ပတ်သက် ဆက်နွှယ်သူများ၏ သဘောထားအကြံဉာဏ်တို့ကို ပိုမိုကျယ်ပြန့်သော ဖြစ်မြောက်နိုင်စွမ်းရှိမှုပုံသေနည်းထဲသို့ ထည့်သွင်းသင့်သည်။ ဤသို့ဖြင့် စီမံကိန်းသည် ကုန်ကျစရိတ်သက်သာမှု၊ ဒီဇိုင်းပိုင်းဆိုင်ရာအရည်အသွေးရှိမှု၊ အန္တရာယ်စီမံခန့်ခွဲမှု သို့မဟုတ် ဂုဏ်သိက္ခာပိုင်းဆိုင်ရာအရ တန်ဖိုးများ ပေါင်းထည့်ရာရောက်ပေမည်။

| လုပ်ဆောင်ချက် | အသေးစိတ်လမ်းညွှန်ချက် |
| --- | --- |
| **စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ယင်းတို့၏ အကျိုးစီးပွား လိုလားချက်များကို စနစ်တကျ ရှာဖွေဖော်ထုတ်ပါ။** | အခြားသော ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများနှင့် စီမံကိန်းဒီဇိုင်းသည် သဘောတရားရေးရာ အကြမ်းဖျဉ်းပုံဖော်သည့်အဆင့်မှ ပိုမိုတိကျသော ဒီဇိုင်းအဆင့်သို့ တိုးတက်လာသည်နှင့်အမျှ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအားပိုမိုစနစ်တကျ ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လာသည်။ ထိုသို့ ဆောင်ရွက်ရခြင်းသည် သတ်မှတ်ထားသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာလေ့လာဆန်းစစ်မှုများကို အသိပေးရန် သို့မဟုတ် စီမံကိန်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေ၊ အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်များထဲသို့ သတင်းအချက်အလက်များ ထည့်သွင်းပေါင်းစပ်ရန်ဖြစ်သည်။ |
| **စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အစိုးရအာဏာပိုင်များနှင့်ချေးငွေထုတ်ပေးသူများ၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လေ့လာသုံးသပ်ပါ။** | ကုမ္ပဏီများသည်ပွင့်လင်းမြင်သာမှု၊ တိုင်ပင်ဆွေးနွေးမှုနှင့် သတင်းအချက်အလက်မျှဝေမှုတို့အတွက် ကိုယ်ပိုင်မူဝါဒများ သို့မဟုတ် ရှယ်ယာရှင်များချမှတ်သည့်မူဝါဒများ ရှိထားနိုင်ပါသည်။ ထိုမူဝါဒများသည် အစိုးရ အာဏာပိုင်အဖွဲ့ အစည်းများနှင့် ချေးငွေထုတ်ပေးသူများက သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့် ကိုက်၊ မကိုက်စစ်ဆေးသင့်သည်။ သို့မှသာ ချိတ်ဆက်ဆောင်ရွက်မှုများသည် ဆောင်ရွက်ရန် သတ်မှတ်ထားသောတာဝန်အားလုံးနှင့် ကိုက်ညီသည့်နည်းလမ်းပုံစံဖြင့် ဆောင်ရွက်ကြောင်း သေချာမည်ဖြစ်သည်။ |
| **ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်မှု ဆန်းစစ်နိုင်ရေး ဆန်းစစ်မည့် နယ်ပယ်အတိုင်းအတာ သတ်မှတ်သည့်အဆင့်တွင် အဆိုပါ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား ပါဝင်ဆောင်ရွက်ခွင့်ပြုပါ။** | ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်းဆောင်ရွက်ရန် လိုအပ်သည့်စီမံကိန်းများသည်ယင်းတို့လေ့လာမှုတွင် မည်သည့်ထိခိုက်သက်ရောက်မှုများနှင့် အန္တရာယ်များကို ဆန်းစစ်မည်ဖြစ်ကြောင်း စနစ်တကျ ဖော်ထုတ်သတ်မှတ်နိုင်ရေး "နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း" လုပ်ငန်းစဉ် ကနဦးကတည်းကစီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများကို (ရွေးချယ်မှုအခြေခံဖြင့်) ပါဝင်ဆောင်ရွက်စေခြင်းသည် များစွာအကျိုးအညီရနိုင်သည်။ ဆန်းစစ်မည့် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းတွင် စီမံကိန်းနယ်မြေမှ သတင်းအချက်အလက်များ တိုက်ရိုက်စုဆောင်းခြင်းနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများက စိုးရိမ်ပူပန်မှု အရှိဆုံးကိစ္စများကို နားထောင်ပေးခြင်းအားဖြင့် သတင်းအချက်အလက်များ စုဆောင်းရယူနိုင်ခြင်း တို့ပါဝင်သည်။ ဆန်းစစ်မည့် နယ်ပယ်အတိုင်းအတာသတ်မှတ်ရန် တိုင်ပင်ဆွေးနွေးခြင်းသည် အလေ့အကျင့်ကောင်းဖြစ်၍ ထိုအလေ့အကျင့်ကောင်းကို ကျွမ်းကျင်ပုဂ္ဂိုလ်၏ ချင့်ချိန်ဆန်းစစ်မှုများနှင့် တစ်ဆင့်ခံ သတင်းရင်းမြစ်များအပေါ် သုံးသပ်ခြင်းတို့ကိုအခြေခံသည့် နောက်ထပ်ဖြည့်စွက် သုတေသနများတွင် အသုံးပြုသင့်သည်။ |
| **စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအနေနှင့်မည်သို့ တိုင်ပင်ဆွေးနွေးမှုကို လိုလားကြောင်းယင်းတို့အား မေးမြန်းအကြံဉာဏ်ယူပါ။** | သံသယရှိလျှင် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူအုပ်စုများအား ယင်းတို့အနေနှင့် မည်သို့တိုင်ပင်ဆွေးနွေးမှုကို လိုလားကြောင်း၊ မည်သည့်သတင်းအချက်အလက်များကို မည်သည့်ပုံစံဖြင့် လက်ခံရရှိလိုကြောင်း၊ တွေ့ဆုံဆွေးနွေးမည့်အချိန်ကာလ၊ အကြိမ်အရေအတွက်နှင့် နေရာများသည် ယင်းတို့ လိုလားမှုနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ တို့ကို မေးမြန်းရန်ဖြစ်သည်။ |
| **စီမံကိန်းကြောင့် ထိခိုက်နိုင်ခြေများနှင့် အချိုးညီမျှသော စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား ချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ်တစ်ရပ် ရေးဆွဲပြုစုပါ။** | ဖော်ပြပါအစီအစဉ်သည် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်မှု လေ့လာဆန်းစစ်သည့် ကာလနှင့်အခြားသော စီမံကိန်းဆိုင်ရာ ဆန်းစစ်မှုနှင့် ဒီဇိုင်းရေးဆွဲမှုကာလတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား တိုင်ပင်ဆွေးနွေးမှုများနှင့် ဆက်သွယ်ဆောင်ရွက်မှုများအတွက် လမ်းညွှန်ပေးသင့်သည်။ ထိခိုက်မှုလျှော့ချရေးအစီအမံများ၏ ထိရောက်မှုကို စောင့်ကြည့်တိုင်းတာရာ၌ ပါဝင်ဆောင်ရွက်နိုင်ရန် လမ်းပြမြေပုံတစ်ရပ် ရေးဆွဲပေးနိုင်ရေးအတွက် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှု ဆန်းစစ်မှုပြီးသည်အထိ ဤအစီအစဉ်ကို ဆက်လက်မွမ်းမံပြင်ဆင်သင့်သည်။ သိသာထင်ရှားသော ထိခိုက်မှုဖြစ်နိုင်ခြေနည်းသည့် စီမံကိန်းများတွင် အဆိုပါ ရှုံးကနားဆန်သောအစီအစဉ်များ လိုအပ်မှုနည်းနိုင်သည်။ (စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်မည့် အစီအစဉ်တစ်ခုတွင် ပါရှိသည့် လုပ်ဆောင်ချက် နမူနာများကို နောက်ဆက်တွဲ-၃ တွင် ကြည့်ပါ) |

| လုပ်ဆောင်ချက် | အသေးစိတ်လမ်းညွှန်ချက် |
|---|---|
| **ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများအတွက် တိုင်ပင်ဆွေးနွေးပွဲများ မတိုင်မီကတည်းက အချက်အလက်များ ကြိုတင်ပေးထားပါ။** | စီမံကိန်း၏ပတ်ဝန်းကျင်ဆိုင်ရာသို့မဟုတ် လူမှုဆိုင်ရာထိခိုက်မှုများကိုစီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုမပြုမီ တိုင်ပင်ဆွေးနွေးမည့်သူများ အလွယ်တကူ နားလည်သဘောပေါက်နိုင်ရေးအတွက် အောက်ပါတို့အပါအဝင် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရေးသားပြုစုပါ။<br>● စီမံကိန်းအကြောင်း လွှမ်းခြုံဖော်ပြချက်နှင့် စီမံကိန်း၏ အဓိကရည်ရွယ်ချက်များ၊ တည်နေရာနှင့် အဓိကလုပ်ဆောင်ချက်များ ဆောင်ရွက်မည့်အချိန်ဇယား- တည်ဆောက်ရေးကာလ၊ အမြင့်ဆုံးဝန်အားဖြင့် လုပ်ငန်းလည်ပတ်မှု၊ စီမံကိန်းကာလပြီးဆုံး၍ လုပ်ငန်းလည်ပတ်မှုကို ပိတ်သိမ်းခြင်း<br>● တိုင်ပင်ဆွေးနွေးရန်အတွက် သို့မဟုတ် ပိုမိုကျယ်ပြန့်သော ပတ်သက်ဆက်နွယ်သူများ ချိတ်ဆက်ပါဝင်ဆောင်ရွက်ရန်ဟူသည့်ခေါင်းစဉ်များနှင့် သက်ဆိုင်လျှင် စီမံကိန်းအကြောင်း အသေးစိတ်အချက်အလက်များကို ပိုမိုဖော်ပြခြင်း<br>● တိုင်ပင်ဆွေးနွေးသည့်ကာလတွင် ဆန်းစစ်မည့်ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုများအကြောင်းအကျဉ်းချုပ်နှင့် ကြိုတင်ကောက်ချက် ချမှုများ သို့မဟုတ် ခန့်မှန်းတွက်ချက်မှုများ<br>● ထိခိုက်မှုလျှော့ချရေးအစီအမံများအတွက် လက်ရှိတင်ပြထားသော အဆိုပြုချက်များ |
| **ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းအပိုင်းတွင် တိုင်ပင်ဆွေးနွေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် သို့မဟုတ် သတ်မှတ်ချက်များထက်ပင် ကျော်လွန်သည့် အလေ့အကျင့်ကောင်းများကျင့်သုံးပါ။** | နိုင်ငံများစွာတွင် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအား ထုတ်ဖော်တိုင်ပင်ဆွေးနွေးမှုကို ESIA လေ့လာမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်သင့်ကြောင်း တရားဝင်သတ်မှတ်ချက်အမျိုးမျိုးရှိကြသည်။ အနိမ့်ဆုံး အဆင့်အဖြစ် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ အောက်ပါစည်းကမ်းချက်များရှိကြသည် –<br>● ESIA အစီရင်ခံစာတွင် တိုင်ပင်ဆွေးနွေးမှုအကြောင်း မှတ်တမ်းတင် ဖော်ပြခြင်း<br>● ESIA အစီရင်ခံစာနှင့် စီမံခန့်ခွဲမှု စီမံချက်မူကြမ်း (သို့မဟုတ် စီမံကိန်း နှင့်ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သည့် စီမံခန့်ခွဲမှု အစီအစဉ် တစ်စိတ်တစ်ပိုင်း)ကို သတ်မှတ် အချိန်ကာလအတွင်း ထုတ်ပြန်အသိပေးခြင်း<br>● ဆိုးဆိုးရွားရွားထိခိုက်နစ်နာရနိုင်သူများအား ထိုအန္တရာယ်များ သို့မဟုတ် ထိခိုက်မှုများကျရောက်နိုင်ကြောင်း အသိပေးခြင်း<br>● စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏သဘောထား မှတ်ချက်များအပေါ် စီမံကိန်းလုပ်ကိုင်သူက တုံ့ပြန်ဖြေကြား ပေးခြင်း<br>● ESIA အကျဉ်းချုပ်အစီရင်ခံစာ ရေးသားပြုစုဖြန့်ဝေခြင်း<br><br>ESIA လုပ်ငန်းစဉ်ဆောင်ရွက်စဉ်အတွင်း တိုင်ပင်ဆွေးနွေးမှုများနှင့် ပတ်သက်၍ ကုမ္ပဏီများအနေနှင့် ရွေးချယ်ဆောင်ရွက်နိုင်သော၊ အခြားသော အလေ့အကျင့်ကောင်းများလည်း ရှိပါသည် (ဇယား ၁ ကို ကြည့်ပါ)။ ထိုအလေ့အကျင့်ကောင်းများသည် အနည်းဆုံး မဖြစ်မနေဆောင်ရွက်ရန် သတ်မှတ်ထားသည်ထက် ကျော်လွန်ဆောင်ရွက်ပေးသည့် ပုံစံဖြစ်သည်။ ထိုအစီအမံများသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ESIA လေ့လာမှုများထဲသို့ စိတ်ရင်းစေတနာကောင်းဖြင့် ထည့်သွင်းပေါင်းစပ်ပေး၍ စီမံကိန်း၏ ဒီဇိုင်းပိုင်းဆိုင်ရာအပေါ် ဩဇာလွှမ်းမိုးနိုင်ရန်လည်း ကူညီပေးခြင်းဖြစ်သည်။ ထိုအလေ့အကျင့်ကောင်းများတွင် အောက်ပါတို့ ပါဝင်နိုင်သည် –<br>● တိုင်ပင်ဆွေးနွေးမှု မပြုလုပ်မီ စီမံကိန်းနှင့် စပ်လျဉ်း၍ ထိရောက် အဓိပ္ပာယ်ရှိသော သတင်းအချက်အလက်များကို ထုတ်ပြန်အသိပေးပါ။<br>● ESIA လေ့လာမှု ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်တွင် ထည့်သွင်းနိုင်ရေး ထိခိုက်မှု ဆန်းစစ်မည့် အတိုင်းအတာကို အသိပေးတိုင်ပင်ပါ။<br>● စီမံကိန်းမတိုင်မီ လက်ရှိအခြေအနေ အချက်အလက်များ ကောက်ယူကာ သတ်မှတ် ခွဲခြမ်းစိတ်ဖြာနိုင်ရန် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ပါ။<br>● ESIA အစီရင်ခံစာမူကြမ်းကို ထုတ်ပြန်အသိပေးမှုမပြုမီ ထိခိုက်နိုင်ခြေများ လျှော့ချခြင်းနှင့် အကျိုးကျေးဇူးရရှိမှု တိုးတက်စေရေး အဆိုပြု အစီအမံများကို ပြန်လည်သုံးသပ်ပြင်ဆင်ပါ။<br>● ESIA အစီရင်ခံစာ အပြီးသတ် မူကြမ်း၊ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်တို့ကို ထုတ်ပြန်အသိပေးတိုင်ပင်ဆွေးနွေးပါ။<br>● ထိခိုက်မှုများ၊ အန္တရာယ်များနှင့် ထိရောက်စွာ ရှောင်ကြဉ်မှု၊ လျှော့ချမှုနှင့် လျော်ကြေးပေးမှု အစီအမံများအပေါ် စောင့်ကြည့် ဆန်းစစ်နိုင်ရန် တိုင်ပင်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ပါ။ |

| လုပ်ဆောင်ချက် | အသေးစိတ်လမ်းညွှန်ချက် |
|---|---|
| **ထိခိုက်နိုင်ခြေလျှော့ချမှု တိုးတက်စေရန်နှင့် လျော်ကြေးများနှင့် အကျိုးခံစားခွင့်များ အပေါ်သဘောတူညီမှု ရရန် တိုင်ပင်ဆွေးနွေးမှု နည်းလမ်းကိုအသုံးချပါ။** | ဖြစ်နိုင်ခြေရှိသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ လျော့နည်းပပျောက်စေရန်၊ အစားထိုးပြန်လည်တည်ဆောက်ပေးရန် သို့မဟုတ် လျှော့ချရန် ရနိုင်သမျှ ရွေးချယ်စရာ နည်းလမ်းများစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးအသုံးပြုပါ။ တိုက်ရိုက် ထိခိုက်နစ်နာရမည့်သူများ၏ ဒေသန္တရဗဟုသုတများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆန်းသစ်တီထွင်မှုများနှင့် ကျယ်ပြန့်သောအတွေ့အကြုံများ၊ ခေတ်မီသော ရပ်ရွာလူထု၏အတွေ့အကြုံများသည် ထိခိုက်မှုလျှော့ချရေး အစီအမံများ ပိုမိုထိရောက်အောင် အထောက်အကူပြုနိုင်သည်။ တိုင်ပင်ဆွေးနွေးမှုနည်းလမ်းသည် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအနေနှင့် မည်သည့် လျော်ကြေးပေးမှုအစီအမံများက ယင်းတို့အတွက် လက်ခံနိုင်ခြေရှိမည်နှင့် ဦးတည်ထားသော အုပ်စုအလိုက် အကျိုးခံစားခွင့်ပေးသည့်အစီအစဉ်များကို ယင်းတို့၏ ယဉ်ကျေးမှုနှင့်ကိုက်ညီစွာရေးဆွဲခြင်းအားဖြင့် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများက သဘောတူလာစေရန် မရှိမဖြစ်သော နည်းလမ်းတစ်ရပ်ဖြစ်သည်။ |
| **အစိုးရဦးဆောင်သော ဆွေးနွေးပွဲများတွင် ကုမ္ပဏီ၏ ပါဝင်မှုကို ဆက်ထိန်းထားပါ။** | အစိုးရဦးဆောင်သောတိုင်ပင်ဆွေးနွေးပွဲများသည် ကုမ္ပဏီ၏စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ထူထောင်ဆောင်ရွက်မည့် အနာဂတ် ဆက်ဆံရေးများအပေါ် ပတ်သက် သက်ရောက်နိုင်သောကြောင့် အစိုးရဦးဆောင်သော တိုင်ပင်ဆွေးနွေးပွဲများတွင်လည်း မဖြစ်မနေပါဝင်ရန်လည်း လိုအပ်ကြောင်း သိရှိထားပါ။ အစိုးရဦးဆောင်သည့် ဆွေးနွေးပွဲများ၏ မပြည့်စုံမှုသည် မကျေနပ်ချက်များ ဖြစ်ပေါ်လာစေနိုင်သည့်အပြင် မျှော်မှန်းချက်များ မြင့်တက်လာခြင်း သို့မဟုတ် စီမံကိန်းအပေါ် အမြင်လွဲမှားခြင်းနှင့် အစိုးရအဖွဲ့အစည်း၏ တာဝန်မကျေပွန်မှုများသည် စီမံကိန်း ဖြစ်မြောက်နိုင်ခြေကို ထိခိုက်နိုင်သည်။ (အစိုးရဦးဆောင်သော တိုင်ပင်ဆွေးနွေးပွဲများအကြောင်း သတင်းအချက်အလက်များ ပိုမိုသိရှိနိုင်ရန် စာမျက်နှာ ၂၃ ကို ကြည့်ပါ။) |
| **သင့်စီမံကိန်းအပေါ် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ ထောက်ခံမှုကို တိုင်းတာပါ။** | ကုမ္ပဏီဘက်က ဆိုးကျိုးသက်ရောက်မှု များကို လျှော့ချရန် အကောင်းဆုံးကြိုးစား၍ ဒေသခံများအတွက် အသားတင်အကျိုးရှိသော စီမံကိန်းဖြစ်ကြောင်း သက်သေပြရန် မည်သို့ ကြိုးစားစေကာမူ စီမံကိန်းအပေါ် သံသယရှိနေကြပြီး စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူအုပ်စု မည်သည့်အုပ်စုကမျှ ထောက်ခံမှု မရှိသည့် အခြေအနေများလည်း ရှိနိုင်သည်။ စီမံရေးဆွဲသည့်အဆင့်အစောပိုင်းကာလများတွင် သင် မေးမြန်းရန် လိုအပ်နိုင်သည့် အဓိကမေးခွန်းမှာ စီမံကိန်းရှေ့ဆက်ရန် ဒေသခံများထံမှ ထောက်ခံအားပေးမှု အလုံအလောက်ရှိပါရဲ့လားဟူသည့် မေးခွန်းဖြစ်သည်။ အောက်ပါမေးခွန်းများ၏ အဖြေများသည် ဆုံးဖြတ်ချက်ချရန် သင့်အား အကူအညီပေးနိုင်သည်။<br><br>• စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား ယနေ့အထိ သတင်းပေးပို့ တင်ပြတိုင်ပင်ခဲ့သည့်ပုံစံနှင့် အတိုင်းအတာသည် ကျေနပ်အားရစရာ ရှိပါသလား။<br>• စီမံကိန်းအပေါ် စီးပွားရေးအရ သို့မဟုတ် ဂုဏ်သိက္ခာအရ ထိခိုက်ဆုံးရှုံးနိုင်ခြေဖြစ်စေသော မဖြေရှင်းရသေးသည့် စိုးရိမ်ပူပန်မှု တစ်ရပ်ရပ်ရှိပါသလား။<br>• အစိုးရအာဏာပိုင်များ သို့မဟုတ် ချေးငွေထုတ်ပေးသူ အဖွဲ့အစည်းများမှ စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လက်တွေ့ဆောင်ရွက်နိုင်ရေး ခွင့်ပြုချက်ပေးသည့်အခါ၌ ထည့်သွင်းစဉ်းစားနိုင်သည့် အချက်တစ်ခု ဖြစ်သည့် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများက စီမံကိန်းအပေါ် ကန့်ကွက်နေသည့် ကိစ္စကြီး တစ်ခုခု ရှိပါသလား။<br>• ကန့်ကွက်မှုများရှိလျှင် ဖြေရှင်းနိုင်ပါသလား။ သို့မဟုတ် ပြေလည်သင့်မြတ်အောင် မဆောင်ရွက်နိုင်ပဲ ရှိပါသလား။ ထိုကန့်ကွက်မှုများသည် (ပါဝင်ဆောင်ရွက်သော ကုမ္ပဏီတစ်ခု သို့မဟုတ် ကုမ္ပဏီအများ သို့မဟုတ် ချေးငွေထုတ်ပေးသူ အဖွဲ့အစည်းအပေါ်တွင် ကန့်ကွက်ခြင်းအစား) စီမံကိန်းဆောင်ရွက်မည့် သဘောတရားရေးရာ အဆိုပြုချက်အပေါ်သာ ကန့်ကွက်နေခြင်း ဖြစ်ပါသလား။<br>• မကျေနပ်မှုများရှိလျှင် ထိုမကျေနပ်မှုသည် မည်သည့်အတိုင်းအတာအထိ ကျယ်ပြန့်နေပါသနည်း။ ကန့်ကွက်မှုသည် ဒေသခံများထံမှ ထွက်ပေါ်လာသလား။ သို့မဟုတ် စီမံကိန်းဧရိယာပြင်ပမှ ထွက်ပေါ်လာသလား။ ဒေသခံအများစုက စီမံကိန်းကို ထောက်ခံအားပေးပါသလား။ |

| လုပ်ဆောင်ချက် | အသေးစိတ်လမ်းညွှန်ချက် |
|---|---|
| ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်မချမီ မိတ်ဖက်အသွင် ဆက်ဆံဆောင်ရွက်မှုကို ကာလတို ထိန်းသိမ်း ဆောင်ရွက်ပါ။ | အစိုးရအာဏာပိုင်အဖွဲ့အစည်းထံမှ သို့မဟုတ် ချေးငွေထုတ်ပေးသူထံမှ စီမံကိန်းအပေါ် နောက်ဆုံးခွင့်ပြုချက်မရရှိမီဒေသန္တရဆိုင်ရာမဟာဗျူဟာကျသောမိတ်ဖက်ဆက်ဆံရေးထူထောင်ဆောင်ရွက်သည့်အခါ သတိထားရမည့် ကိစ္စအချို့ရှိသည်။ ခွင့်ပြုချက်မရရန် သို့မဟုတ် ခွင့်ပြုချက်ချပေးမှုများစွာ နှောင့်နှေးရန် ဖြစ်နိုင်ခြေရှိလျှင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် အနာဂတ်ဆက်ဆံရေး မပျက်စေရန် အရေးကြီးသည်။ထို့ကြောင့် နှစ်ဘက်စလုံး၏ ရေရှည်ဆက်ဆံရေးအတွက် ကာလတို ရည်မှန်းချက်များကို မိတ်ဖက်ဆက်ဆံရေးပုံစံဖြင့် အောင်မြင်စွာ ချမှတ်ဆောင်ရွက်နိုင်ခဲ့သော စီမံကိန်းတစ်ခုသည် ပိုမိုကောင်းမွန်သော ဆက်ဆံရေးထူထောင်နိုင်စေပြီး စီမံကိန်း ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် ပိုမိုကျယ်ပြန့်သော မိတ်ဖက်ဆက်ဆံရေးအစီအစဉ်အတွက် အခြေခံအုတ်မြစ်သဖွယ် ဖြစ်စေနိုင်သည်။ |
| လူထုဆက်ဆံရေး ဝန်ထမ်းများထံသို့ လက်လှမ်းမီရေး စီစဉ်ဆောင်ရွက်ပေးပါ။ | စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်မှုအနည်းငယ်သာဆောင်ရွက်နိုင်သော စီမံကိန်းငယ်များ သို့မဟုတ် တစ်ဦးချင်းစီနှင့် တိုင်ပင်ဆွေးနွေးရန် မဖြစ်နိုင်သော်လည်း ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးကြိုးပမ်းအားထုတ်သော စီမံကိန်းများတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအနေနှင့် ယင်းတို့၏ မေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်မှုများအတွက် ကုမ္ပဏီအတွင်းမှ မည်သူ့ထံသို့ ချဉ်းကပ်သင့်ကြောင်း သိထားရန်နှင့် ချဉ်းကပ်မှုကို မည်သည့်နေရာတွင် မည်သို့ဆောင်ရွက်သင့်ကြောင်း မည်သည့်တုံ့ပြန်ဖြေရှင်းပေးမှုကို ရရှိရန် မျှော်မှန်းထားကြောင်းကို သိရှိနားလည်စေရေး စီစဉ်ဆောင်ရွက်ထားရန် အရေးကြီးသည်။ |
| ယခင်တိုင်ပင်ဆွေးနွေးမှုများသည် နစ်နာကြောင်းတိုင်ကြားမှုများဖြစ်စေသောအဓိကအကြောင်းရင်းဖြစ်လျှင် ထိုယခင်တိုင်ပင်ဆွေးနွေးခဲ့သောနေရာများသို့ ထပ်မံသွားရောက်ပါ (သို့မဟုတ်) ပြန်လည်သုံးသပ်ပါ | စီမံကိန်းကုမ္ပဏီမတိုင်မီက သို့မဟုတ် စီမံကိန်း ကုမ္ပဏီပါဝင်မှုမရှိဘဲ တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများက တိုင်ပင်ဆွေးနွေးခဲ့သော စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများကို အဓိကအာရုံစိုက်ပါ။ ဥပမာပေးရလျှင် အစိုးရအာဏာပိုင်အဖွဲ့အစည်းများက ဆောင်ရွက်ခဲ့သော မြေယာလျော်ကြေးဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်ဝန်ဆောင်မှုများ ဥပမာ – လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ရေပေးဝေခြင်း သို့မဟုတ် လမ်းတည်ဆောက်ခြင်းလုပ်ငန်းပိုင်ရှင်များက ဆောင်ရွက်ခဲ့ သော ယခင် တိုင်ပင်ဆွေးနွေးမှုများ ဖြစ်ကြသည်။ မကျေနပ်ချက်များ တာရှည်စွဲကျန် နေကြောင်း အထောက်အထားများရှိလျှင် အဆိုပါ စိုးရိမ်ပူပန်စရာများကို တတိယပုဂ္ဂိုလ်နှင့် အခြားသော စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအကြား လက်ရှိ ထူထောင်ထားသည့် ဆက်ဆံရေးများအပေါ် ထိခိုက်မည့်အတိုင်းအတာကို ထည့်စဉ်းစား၍ တတိယပုဂ္ဂိုလ်နှင့်အတူတွဲ၍ ဥပဒေမူဘောင်အတွင်းမှ ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်သည်။ |
| စီမံကိန်း ဒီဇိုင်းပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုအခြေအနေများကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများထံသို့ ပုံမှန်သတင်းပေးပို့ အစီရင်ခံပါ။ | စီမံကိန်းဖြစ်မြောက်နိုင်ခြေ လေ့လာမှုအမျိုးမျိုး နှင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုလေ့လာခြင်းများ တိုးတက်အရှိန်ရလာသည် နှင့်တစ်ပြိုင်နက် စီမံကိန်းဆိုင်ရာဒီဇိုင်းကို ပြင်ဆင်မွမ်းမံ၍ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအား နောက်ဆုံးရသတင်းအချက်အလက်များကို ပုံမှန်ဖြန့်ဝေပေးရန်ဖြစ်သည်။ ဥပမာ – အိမ်ထောင်စုတစ်ခုချင်းစီသို့ သို့မဟုတ် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ကိုယ်စားလှယ်များမှတစ်ဆင့် ပုံမှန်သတင်းစာစောင်များ ဖြန့်ဝေခြင်း |
| တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်နှင့် ရလဒ်များကို မှတ်တမ်းတင်ထားပါ။ | ထိရောက်သောအကောင်အထည်ဖော်မှု၏အဓိကသော့ချက်မှာ “မည်သူ့အား မည်သည့်အကြောင်းအရာနှင့်စပ်လျဉ်း၍ မည်သည့်အချိန်က မည်သည့်နေရာတွင် တိုင်ပင်ဆွေးနွေးခဲ့ကြောင်း မှတ်တမ်းများထားရှိထိန်းသိမ်းခြင်းဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအားပေးခဲ့သော ကတိကဝတ်များကိုလည်း မှတ်တမ်းတင်ထားသင့်သည်။ ဂရုတစိုက် မှတ်တမ်းတင်ခြင်းသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ သဘောထားအမြင်များကို စီမံကိန်း၏ဗျူဟာများရေးဆွဲရာ၌ ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း သက်သေပြရန် အထောက်အကူရနိုင်ပြီး ယင်းတို့၏ စိုးရိမ်ပူပင်မှုများအား မည်သို့ ဖြေရှင်းခဲ့ကြောင်း ပြန်လည်သတင်းပေးပို့နိုင်ရေးအတွက် အသုံးဝင်သောသတင်းရင်းမြစ်တစ်ခုဖြစ်သည်။ (စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူ မှတ်တမ်းတစ်စောင်ကို နောက်ဆက်တွဲ ၄ တွင် ဥပမာ အဖြစ် ကြည့်ပါ) |
| EIA အတိုင်ပင်ခံများနှင့် အတူလိုက်ပါ၍ လုပ်ငန်းစဉ် တစ်လျှောက် အတူပါဝင်ပတ်သက်နေပါ။ | ESIA လုပ်ငန်းစဉ်တွင် ကုမ္ပဏီ၏အတိုင်ပင်ခံများက ပတ်သက်ဆက်နွယ်သူများအား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်သည့်အခါ စီမံကိန်းဝန်ထမ်းများကလည်း တတ်နိုင်သမျှ အတူလိုက်ပါသင့်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် စီမံကိန်းဝန်ထမ်းများနှင့် ပတ်သက်ဆက်နွယ်သူများအကြား ရေရှည်ဆက်ဆံရေးများ ထူထောင်နိုင်ရန် အထောက်အကူပြု၍ အတိုင်ပင်ခံများက ယင်းတို့နည်း ယင်းတို့ဟန်ဖြင့် ဆောင်ရွက်သောကြောင့် ဖြစ်လာမည့် အန္တရာယ်များကို လျော့ချနိုင်သည်။ စီမံကိန်းဝန်ထမ်းများသည် ဖြစ်ပေါ်လာသည့် ပြဿနာများ၏ အဓိကအကြောင်းရင်းကိုလည်း သိရှိနားလည်ကြ၍ အတိုင်ပင်ခံ၏ အစီရင်ခံစာများတွင် အကြံပြုထားသော ထိခိုက်မှုလျှော့ချရေး အစီအမံများကို မည်သူက ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း သိနားလည်ကြသည်။ |

| လုပ်ဆောင်ချက် | အသေးစိတ်လမ်းညွှန်ချက် |
|---|---|
| **စီမံကိန်း ရေးဆွဲသည့် လုပ်ငန်းရပ်တစ်လျှောက်မှ ရရှိသော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူ များနှင့်ဆိုင်သည့် သတင်း အချက်အလက်များကို စုစည်းပေါင်းစပ်ပါ။** | စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်မှုကိုစီမံခန့်ခွဲရသည့်အဓိကအကြောင်း ရင်းမှာ– တိုင်ပင်ဆွေးနွေးစဉ်အတွင်း ရရှိခဲ့သော သတင်းအချက်အလက်များကို စီမံကိန်းဆိုင်ရာ စီမံရေးဆွဲမှု အမျိုးမျိုးဖြစ်ကြသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်မှု၊ ဒီဇိုင်းနှင့် အင်ဂျင်နီယာလုပ်ငန်းများ စီမံရေးဆွဲမှု၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံရေးဆွဲမှု၊ ပြင်ပနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ ငွေကြေးဆိုင်ရာ စီမံရေးဆွဲမှုများနှင့် လုပ်သားအင်အားဆိုင်ရာ စီမံရေးဆွဲမှုများတွင် သတင်းအချက်အလက်များ ထည့်သွင်းဆောင်ရွက်နိုင်သည်။ ESIA လေ့လာရေးအဖွဲ့များ၊ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သောလုပ်ငန်းကို ဦးဆောင်နေကြသူများအတွက်လည်း အလေ့အကျင့်ကောင်းတစ်ရပ်ဖြစ်စေ၍ ယင်းတို့သည် စီမံကိန်းရေးဆွဲမှုများ ဆောင်ရွက်စဉ်အတွင်း စီမံကိန်းအင်ဂျင်နီယာများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးကြရသည်။ ဤသို့ဖြင့် ထိခိုက်မှု လျှော့ချရေး သို့မဟုတ် ဒီဇိုင်းပိုင်းဆိုင်ရာပြောင်းလဲမှုများအတွက် အကြံပြုချက်များကို အကဲဖြတ်ချိန်ထိုးနိုင်ကြသည်။ စီမံကိန်းလုပ်ငန်းစဉ်များထဲသို့ ထည့်သွင်း ပေါင်းစပ်မည် သို့မဟုတ် ရှင်းလင်းသော ကြောင်းကျိုးဝေဖန်ပိုင်းခြားမှုတစ်ရပ်ဖြင့် ပယ်ချမည် ဖြစ်သည်။ ထို့နောက် သက်ဆိုင်ရာ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ပြန်လည်သတင်းပေးပို့ခြင်းစသည်ကို ဆောင်ရွက်နိုင်စေသည်။ အလားတူပင် စီးပွားရေးဆိုင်ရာ သို့မဟုတ် ဂုဏ်သိက္ခာဆိုင်ရာထိခိုက်မှုရှိနိုင်သည့် ပတ်သက်ဆက်နွယ်သူများ၏ စိုးရိမ်ပူပန်မှုများကိုလည်း ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်မှုတွင် ထည့်သွင်းစဉ်းစား၍ အစိုးရအဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်း ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အန္တရာယ်များအလိုက် ဦးစားပေးများ ပိုမိုအဓိကကျစွာ သတ်မှတ်ကိုင်တွယ်နိုင်ရန် ဆန်းစစ်နေသူများထံသို့ ဆက်သွယ်ပေးပို့နိုင်ရန် လိုအပ်သည်။ |

## လေးထောင့်ကွက် ၁၁။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ချေးငွေထုတ်ပေးသူများ၏ စည်းကမ်းသတ်မှတ်ချက် နမူနာများ

**Trinidad နှင့် Tobago ။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအက်ဥပဒေ**

အက်ဥပဒေ အပိုဒ် ၅(၂)။ လျှောက်ထားသူသည် သတ်မှတ်လုပ်ငန်းတာဝန်များနှင့် အချိန်ကာလများ ဖော်ပြပါရှိသည့် လုပ်ငန်းလမ်းညွှန် (Term of Reference) မူကြမ်းကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားသောပြည်သူလူထုတို့နှင့် သင့်တော်သလို တိုင်ပင်ဆွေးနွေးမှုများ ဆောင်ရွက်ရမည်။ ထို့အပြင် အပိုဒ် (၁–ဂ) အရ အကြောင်းကြားမှုကို ရရှိပြီး ၂၈ ရက်အတွင်း လုပ်ငန်းလမ်းညွှန် မူကြမ်းကို မေတ္တာရပ်ခံ ထားသည့်အတိုင်း ပြင်ဆင်ရေးဆွဲသတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်သို့ စာဖြင့် တင်ပြနိုင်သည်။

(က) လုပ်ငန်းလမ်းညွှန်ကို ပြင်ဆင်သင့်ကြောင်း ယင်းအဆိုပြုထားသည့်အတိုင်း ပြင်ဆင်တင်ပြရန်
(ခ) အဆိုပြုပြင်ဆင်ချက်များအတွက် ဆီလျော်သော အကြောင်းပြချက် တစ်ရပ်ပေးရန်
(ဂ) သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အခြားသောပြည်သူများနှင့် လုပ်ငန်းလမ်းညွှန် မူကြမ်းအပေါ် တိုင်ပင်ဆွေးနွေးခဲ့မှု အစီရင်ခံစာတစ်စောင်

အပိုဒ် ၈(၁)။ အစိုးရအာဏာပိုင်အဖွဲ့အစည်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ထုတ်ပေးရန် တစ်မျိုးသားလုံးဆိုင်ရာ မှတ်တမ်းတစ်ရပ်ထူထောင်ရမည်။ ...... အပိုဒ် ၉(၁)။ ထိုမှတ်တမ်းကို အများပြည်သူက သတ်မှတ်နေရာ တစ်နေရာ သို့မဟုတ် နေရာများတွင် သတ်မှတ်အချိန်ကာလအတွင်း စစ်ဆေးနိုင်ရန် ခွင့်ပြုပေးရမည်။ ထိုသို့စစ်ဆေးနိုင်ကြောင်းကို သက်ဆိုင်ရာ အာဏာပိုင်က နိုင်ငံတော်ပြန်တမ်းနှင့် ပုံမှန် ဖြန့်ဝေနေသော နေ့စဉ်သတင်းစာ တစ်စောင် သို့မဟုတ် များစွာတွင် အခါအားလျော်စွာ အသိပေးကြေငြာနိုင်သည်။ ..... အပိုဒ် ၉(၂)။ မည်သူမဆို သတ်မှတ်အခကြေးငွေများ ပေးသွင်း၍ ထိုမှတ်တမ်းထဲမှ အချက်အလက်များကို ရယူရန်တောင်းဆိုလာလျှင်ဆောင်ရွက်ပေးရမည်။

## လေးထောင့်ကွက် ၁၁။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ချေးငွေထုတ်ပေးသူများ၏ စည်းကမ်းသတ်မှတ်ချက် နမူနာများ – အဆက်

**Equator Principle (ပါဝင်ဆောင်ရွက်သောဘဏ်များအတွက် စည်းမျဉ်းသတ်မှတ်ချက်များ)**

**စည်းမျဉ်းနံပါတ် (၅)။ တိုင်ပင်ဆွေးနွေးခြင်းနှင့် ထုတ်ဖော်ကြေငြာခြင်း** – အုပ်စု A အောက်တွင် အကျုံးဝင်သောစီမံကိန်းအားလုံးနှင့် အုပ်စု B အောက်တွင် အကျုံးဝင်သော OECD အဖွဲ့ဝင်မဟုတ်သော နိုင်ငံများတွင်တည်ရှိသော စီမံကိန်းများ(သင့်တော်လျှင်)နှင့် OECD နိုင်ငံများတွင်တည်ရှိပြီး ဝင်ငွေမြင့်မားသည်ဟု သတ်မှတ်မခံရသည့်စီမံကိန်းများဟု ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများ အချက်အလက်ဘဏ်တွင် ဖော်ပြထားသည့်အတိုင်း အစိုးရ၊ ချေးငွေထုတ်ပေးသူ သို့မဟုတ် တတိယပုဂ္ဂိုလ်၊ ကျွမ်းကျင်သူများသည် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများကို ယဉ်ကျေးမှုအရ ဆီလျော်သောပုံစံဖြင့် စနစ်တကျတွေ့ဆုံဆွေးနွေးခဲ့ရမည်။[4] ရပ်ရွာလူထုအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများရှိနိုင်သည့် စီမံကိန်းများတွင် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များသည် ထိခိုက်နစ်နာမည့်သူများအား လွတ်လပ်စွာ ကြိုတင်အသိပေး တိုင်ပင်ကြောင်း သေချာစေရမည် ဖြစ်သည်။ EPFI အဖွဲ့များ ကျေနပ်နိုင်သည်အထိ ထိခိုက်နစ်နာရမည့်သူများသည် အဆိုပါတိုင်ပင်ဆွေးနွေး ပါဝင်ဆောင်ရွက်စေသည့်လုပ်ငန်းစဉ်ကို ထိရောက်စွာဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်နိုင်စေရန်လည်း ပံ့ပိုးပေးရန်နှင့် ထိခိုက်နစ်နာရမည့်သူများ၏ စိုးရိမ်ပူပန်မှုများကို စီမံကိန်းမှ စဉ်းစားဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိပါ ဖော်ပြပေးရန်ဖြစ်သည်။[5]

**စည်းမျဉ်းနံပတ် (၆)။ ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးယန္တယား** – တည်ဆောက်ရေးကာလနှင့် စီမံကိန်းလည်ပတ်လုပ်ကိုင်သည့်ကာလတစ်လျှောက် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်၍ တိုင်ပင်ဆွေးနွေး ထုတ်ပြန်အသိပေးမှုများ ဆက်လက်ဆောင်ရွက်နေစေရန်နှင့် စီမံကိန်းကြောင့် ဖြစ်ပေါ်မည့် အန္တရာယ်များနှင့် ဆိုးကျိုးသက်ရောက်မှုအတိုင်းအတာအလိုက် ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးယန္တယားတစ်ရပ်ကို စီမံခန့်ခွဲမှုစနစ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထူထောင်ရန် ချေးငွေထုတ်ယူသူမှ ဆောင်ရွက်ရန်ဖြစ်သည်။ ထိုလုပ်ဆောင်မှုသည် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် စီမံကိန်းကြောင့် ထိခိုက်နစ်နာရမည့်ပြည်သူများထဲမှ အုပ်စုများက တင်ပြလာသော စီမံကိန်း၏ လူမှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုများကြောင့် ထိခိုက်နစ်နာမှုများ၊ စိုးရိမ်ပူပန်မှုများအကြောင်း သတင်းအချက်အလက်များ လက်ခံရရှိ၍ ချေးငွေထုတ်ယူသူဘက်မှ အဆင်ပြေပြေ ဖြေရှင်းဆောင်ရွက်ပေးနိုင်စေသည်။ ချေးငွေထုတ်ယူသူသည် ယင်း၏ ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် အဆိုပါထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေး ယန္တယားအကြောင်းကို ထိခိုက်နစ်နာရသူများအား အသိပေး၍ ထိုလုပ်ငန်းစဉ်သည် စိုးရိမ်ပူပန်မှုများကို ဆောလျင်စွာနှင့် ပွင့်လင်းမြင်သာစွာ ယဉ်ကျေးမှုနှင့် ဆီလျော်သော နည်းလမ်းအားဖြင့် ဖြေရှင်းဆောင်ရွက်ပေးကာ ထိခိုက်နစ်နာရသူ ပြည်သူလူထုအတွင်းက မည်သည့် လူတန်းစားမဆို လွယ်လင့်တကူ လက်လှမ်းမီစေရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များအတွက် www.ifc.org. နှင့် www.equator–principles.com ကို ဝင်ရောက်လေ့လာပါ။

---

*4. ထိခိုက်နစ်နာသော ဒေသခံအသိုင်းအဝိုင်းဆိုသည်မှာ စီမံကိန်းသက်ရောက်လွှမ်းမိုးမှုရှိသော ဧရိယာအတွင်းနေထိုင်ကြသော စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ခံရနိုင်သည့် ဒေသခံပြည်သူများပင်ဖြစ်သည်။ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းသည် စနစ်တကျ ပြင်ဆင်ကာ ပြုလုပ်ရမည်ဖြစ်ရာ EPFIs အနေဖြင့် အများပြည်သူတိုင်ပင်ဆွေးနွေးခြင်းနှင့် ထုတ်ဖော်အသိပေးခြင်း အစီအစဉ်တစ်ခု လိုအပ်နိုင်သည်။ တိုင်ပင်ဆွေးနွေးမှုသည် လွတ်လပ်မှုရှိခြင်း(ပြင်ပမှ ကြိုးကိုင်ချယ်လှယ်မှု၊ စွက်ဖက်မှု သို့မဟုတ်အကြပ်ကိုင်မှုနှင့် ခြိမ်းခြောက်မှုများမှာ ကင်းလွတ်ခြင်း) ၊ ကြိုတင်ပြင်ဆင်ခြင်း(သတင်းအချက်အလက်များကို အချိန်ကိုက် ထုတ်ပြန်အသိပေးခြင်း) ၊ အကြောင်းကြားထားခြင်း(အကျိုးကြောင်းသက်ဆိုင်မှု၊ နားလည်လွယ်မှုနှင့် သတင်းအချက်အလက်များကို လက်လှမ်းမှီနိုင်မှု) တို့ရှိရမည်ဖြစ်ပြီး စီမံကိန်းအစပိုင်းများတွင်သာမဟုတ်ပဲ စီမံကိန်းသက်တမ်းတစ်လျှောက်လုံး ကျင့်သုံးရမည်ဖြစ်သည်။ ထိခိုက်နစ်နာရသော ဒေသခံလူထု၏ ဘာသာစကား၊ ယင်းတို့၏ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များနှင့် အင်အားနည်းထိခိုက်လွယ်သောအုပ်စု၏ လိုအပ်ချက်များနှင့်အညီ ချေးငွေထုတ်ယူထားသူအနေဖြင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ပြုပြင်ရေးဆွဲရမည်ဖြစ်သည်။*

*5. ဒေသခံတိုင်းရင်းသားများနှင့် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ရာတွင် လုပ်ဆောင်မှု စံသတ်မှတ်ချက်–၇ ပါ အသေးစိတ်လိုအပ်ချက်များနှင့် ကိုက်ညီရမည်။ ထိုအပြင် စီမံကိန်းလုပ်ကိုင်သော တိုင်းပြည်၏ ဥပဒေကြောင်းအရ အသိအမှတ်ပြုထားသော ဒေသခံတိုင်းရင်းသားများ၏ အထူးအခွင့်အရေးများကိုလည်း ထည့်သွင်းရန်လိုအပ်သည်။ "*

## BAKU–TBLISI–CEYHAN ပိုက်လိုင်း ။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ထားသည့် စာရွက်စာတမ်းများကို ထုတ်ပြန်အသိပေးခြင်း

Baku–Tblisi–Ceyhan စီမံကိန်းသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးမည့်အတိုင်းတာနှင့် ထုတ်ပြန်အသိပေးမည့် သတင်းပမာဏတို့ကို ပုံစံချလေ့ရှိသည့် အစဉ်အလာရှိသည်။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သတင်းအချက်အလက်များကို ဒေသန္တရရုံးနှင့် IFC ၏ သတင်းအချက်အလက် မျှဝေရာ နေရာတွင် ထုတ်ပြန်ပေးခဲ့သည့်ပမာဏမှာ အလွန်များပြားသည် (အတွဲပေါင်း ၃၈ တွဲရှိသည်)။ ထိုစာရွက်စာတမ်းများကို ဒေသခံဘာသာစကားများသို့ ပြန်ဆို၍ ဒေသန္တရစာကြည့်တိုက်များ၊ ပြည်နယ်/တိုင်းစင်တာများ၊ ဒေသန္တရအစိုးရရုံးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် BTC ကုမ္ပဏီ၏ ရုံးများရှိရာ ၃ နိုင်ငံစလုံးတွင် ရရှိနိုင်ရန် စီစဉ်ထားသည်။ ထိုနေရာများကို နိုင်ငံပိုင်သတင်းစာ၊ ဒေသန္တရ သတင်းစာများနှင့် ရေဒီယိုတို့မှ ကြေညာပေးခဲ့သည်။

သို့သော်လည်း ထိုလုပ်ငန်းစဉ်အတွင်း ရရှိခဲ့သော သင်ခန်းစာတစ်ရပ်မှာ – စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများနှင့် ထိရောက်သော ဆက်ဆံရေးတစ်ရပ်ကို ပံ့ပိုးနိုင်ရန်နှင့် ထိခိုက်နစ်နာရသူများက ထိုသတင်းအချက်အလက်များကို အသုံးပြုကြစေရေး ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရန် ထိုမျှများပြားသော သတင်းအချက်အလက်စာအုပ်တွဲများ ထုတ်ဖော်ပေးရန် မလိုအပ်ဟူ၍ဖြစ်သည်။ အထူးသဖြင့် ကြီးမားရှုပ်ထွေးသော စီမံကိန်းများတွင် ထုတ်ဖော်ပေးမည့် အကြောင်းအရာ၊ စာရွက်စာတမ်းများ အရေအတွက်နှင့် တင်ပြပုံအပေါ် အထူးဂရုစိုက်ကြရသည်။ ဖြစ်နိုင်လျှင် သက်ဆိုင်ရာ အကြောင်းအရာကို ပိုမိုအဓိကထားသော အကျဉ်းချုပ် အစီရင်ခံစာများကို ထုတ်ပြန်ပေးရန် လိုအပ်သည်။ သို့မှသာ ဒေသခံပြည်သူများသည် နည်းပညာဆိုင်ရာ စာရွက်စာတမ်း စာအုပ်အတွဲအစုံလိုက်ထက်စာလျှင် ထိုအကျဉ်းချုပ် အစီရင်ခံစာများကို ပိုမိုလွယ်ကူစွာ ဖတ်မှတ်နားလည်နိုင်ပေမည်။ (နည်းပညာဆိုင်ရာ စာအုပ်စာတမ်းအတွဲလိုက်ကို တောင်းဆိုသည့်အခါ၌ ပေးနိုင်ရန် အမြဲစီစဉ်ထားနိုင်သည်)။

ထိုကိစ္စကို ကူညီရန် BTC သည် ရပ်ရွာလူထုကို အဓိက ဦးတည်ထားသော လက်ကမ်းစာစောင်များ၊ နည်းပညာနှင့်မဆိုင်သော အကျဉ်းချုပ်ဖော်ပြချက်များ၊ ပိုစတာများ၊ သက်ဆိုင်ရာကိစ္စရပ်များနှင့် ဆိုင်သည့် လေ့လာစရာ နမူနာဖြစ်ရပ်များကို ပုံနှိပ်ထုတ်ဝေ၍ ကျေးရွာအစည်းအဝေးများစွာတွင် ထိုသတင်း အချက်အလက်များကို ဖော်ပြပေးခဲ့သည်။ ဥပမာအားဖြင့် တူရကီနိုင်ငံ ကျေးရွာအဆင့်တွင် ရိုးရှင်းသော ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ၌ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုဆန်းစစ်ရာမှ အဓိကတွေ့ရှိချက်များကို အသိပေးနိုင်သည့် ပိုမိုထိရောက်သောနည်းလမ်းတစ်ရပ်မှာ နှုတ်ဖြင့် ဆက်သွယ်ပြောဆိုသည့် နည်းလမ်းဖြစ်ကြောင်းလည်း တွေ့ရှိခဲ့ရသည်။

*Source: The BTC Pipeline Project: Lessons of Experience, (IFC) September 2006. Go to www.ifc.org/envirolessons*

## ဇယား ၁၊၊ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းမှ တွေ့ရှိချက်များကို အများပြည်သူသို့ ထုတ်ပြန်အသိပေးခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းအတွက် လိုက်နာရန် သတ်မှတ်ထားသော အလေ့အကျင့်ကောင်းများ

| အကြောင်းအရာ | အလေ့အကျင့်ကောင်းများ |
|---|---|
| **ESIA အစီရင်ခံစာတွင် တိုင်ပင် ဆွေးနွေးပွဲများ ဆောင်ရွက်ပုံကို မှတ်တမ်း ပြုစုခြင်း** | ESIA လေ့လာမှုအစောပိုင်းအဆင့်များ ဆောင်ရွက်စဉ်နှင့် ESIA အစီရင်ခံစာမူကြမ်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်တို့အပေါ် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်ခဲ့ပုံမှတ်တမ်းများကို ESIA အစီရင်ခံစာထဲတွင် ဖော်ပြသင့်သည်။ ထို့ကြောင့် ESIA အစီရင်ခံစာတွင် အောက်ပါတို့ ပါဝင်သင့်သည်–<br>● အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် တိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်နေရာနှင့် ရက်စွဲများ၊ တိုင်ပင်ဆွေးနွေးခဲ့သော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူအုပ်စုများနှင့် အခြားသူများ အကြောင်း ဖော်ပြချက်များ<br>● ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆန်းစစ်မည့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်ပေါ်ထွက်လာသောပြဿနာများ၊စိုးရိမ်ပူပန်မှုများကိုစုစည်းဖော်ပြခြင်း<br>● ထိုပေါ်ထွက်လာသော ပြဿနာများ၊ စိုးရိမ်ပူပန်မှုများကို စီမံကိန်းပိုင်ရှင်က မည်သို့ ဖြေကြားခဲ့ကြောင်း<br>● တိုင်ပင်ဆွေးနွေးခံရသူများက စီမံကိန်းပိုင်ရှင်၏ ဖြေရှင်းချက်များကို မည်သို့ သယ်ယူ၍ တစ်ဆင့် စကား ဖြန့်ဝေခဲ့ကြောင်း<br>● မဖြေရှင်းရသေးသောကိစ္စရပ်အသေးစိတ်နှင့် နောက်ဆက်တွဲအဖြစ် ဖြေရှင်းရန် စီမံရေးဆွဲထားမှု တစ်ရပ်ရပ် |
| **ESIA အစီရင်ခံစာ မူကြမ်းနှင့် စီမံ ခန့်ခွဲမှုအစီအစဉ်ကို ထုတ်ပြန်အသိပေးခြင်း** | ESIA အစီရင်ခံစာမူကြမ်းများကို အများအားဖြင့် အများပြည်သူရရှိနိုင်ရန် စီစဉ်ပေးပြီး သဘောထား မှတ်ချက်များပေးရန်လည်း လမ်းဖွင့်ပေးထားရန် လိုအပ်ပါသည်။ ထိုစာရွက်စာတမ်းများကို အများ ပြည်သူ လက်လှမ်းမီနိုင်သောနေရာများစွာတွင် ထားပေးသင့်ပြီး သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များ၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဘာသာပြန်ဆိုမှုကုန်ကျစရိတ်များ၊ ထိုစာရွက်စာတမ်းများကို လေ့လာ ဖတ်ရှုရန် ခွင့်ပြုပေးမည့် အချိန်ကာလနှင့် ဝင်ရောက်လေ့လာကြည့်ရှုကြသည့်အချိန်များ (ဥပမာ – စနေ၊ တနင်္ဂနွေနှင့် အားလပ်ရက်များ)စသည်ကို ထည့်စဉ်းစား၍ ဆောင်ရွက်သင့်သည်။ အဆိုပါ စာရွက် စာတမ်းများ ထားပေးနိုင်သောနေရာများတွင် အောက်ပါတို့ပါဝင်နိုင်သည် –<br>● စည်ပင်သာယာရေးကော်မတီရုံးနှင့် ဗဟိုအစိုးရရုံးများ<br>● ပြည်သူ့စာကြည့်တိုက်များ<br>● ရပ်ရွာလူထုစုဝေးရာစင်တာများ<br>● ဒေသန္တရတက္ကသိုလ်များ သို့မဟုတ် ပညာရေး သုတေသနစင်တာများ<br>● ကုမ္ပဏီရုံးများ<br>● အစိုးရမဟုတ်သော ဒေသန္တရအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ၏ ရုံးများနှင့် စီမံကိန်းပိုင်ရှင်မှ ပြုစု၍ သို့မဟုတ် စီမံကိန်းပိုင်ရှင်ကိုယ်စားအခြားတစ်ဦးဦးက ပြုစုထားသည့် ဝက်ဘ်ဆိုဒ်လိပ်စာများမှတစ်ဆင့်လည်း သက်ဆိုင်ရာ စာရွက်စာတမ်းများ ရရှိနိုင်ရန် စီစဉ်ပေးထားနိုင်သည်။ အများပြည်သူသို့ ကနဦးထုတ်ပြန်အသိပေးပြီးနောက်မှ ပြန်လည်ပြင်ဆင်မှု သို့မဟုတ် ထပ်မံထည့်သွင်းသော အချက်အလက်များကိုလည်း အထက်တွင် ဖော်ပြထားသကဲ့သို့ အများပြည်သူ ရရှိနိုင်ရန် စီစဉ်ထားသင့်သည်။ |
| **စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူ များအား အသိပေး အကြောင်းကြားခြင်း** | ESIA စာရွက်စာတမ်းများကို မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် လေ့လာဖတ်ရှုသုံးသပ်နိုင် ကြောင်းနှင့် အကယ်၍ တွေ့ရှိချက်မူကြမ်းနှင့် စပ်လျဉ်းသည့် အများပြည်သူဆိုင်ရာဆွေးနွေးပွဲများ ကျင်းပရန်ရှိလျှင် ဒေသန္တရသတင်းစာများ၊ နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်သံမီဒီယာများမှတစ်ဆင့် ယဉ်ကျေးမှုအရ ဆီလျော်သော ကြော်ငြာများ (ဘာသာစကား၊ နေရာ၊ စာတတ်မြောက်မှု အဆင့်အတန်း စသည်တို့ကို ထည့်စဉ်းစား၍) ကို ထည့်သွင်းကြော်ငြာသင့်သည်။ |
| **သဘောထား မှတ်ချက် များအပေါ် ပြန်လည် ဖြေကြားပေးခြင်း** | ESIA အစီရင်ခံစာမူကြမ်းအပေါ် သဘောထားမှတ်ချက်ပေးအပ်လာမှုများကို ကောင်းမွန်စွာ တုံ့ပြန်ဖြေ ကြားနိုင်ရန် စီမံကိန်းကုမ္ပဏီသည် သဘောထားမှတ်ချက်များ လက်ခံယူခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြန်လည်ဖြေကြားခြင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်သင့်သည်။ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များတွင် – သဘောထားမှတ်ချက်များ လက်ခံ ရရှိကြောင်း အကြောင်းကြားခြင်း၊ သင့်တော် သည့် သဘောထားအကြံဉာဏ်များကို ESIA အစီရင်ခံစာ မူကြမ်းထဲသို့ ထည့်သွင်းခြင်းနှင့်(သို့မဟုတ်) သဘောထားမှတ်ချက်များကို လက်ခံကျင့်သုံးမှု မပြုနိုင်လျှင်လည်း ဘာကြောင့် ထိုသို့မပြုနိုင်ကြောင်း ရှင်းလင်းချက်တစ်ရပ်ပေးခြင်းတို့ ပါဝင်သင့်သည်။ |

| အကြောင်းအရာ | အလေ့အကျင့်ကောင်းများ |
|---|---|
| အကျဉ်းချုပ်အစီရင်ခံစာ | ESIA အစီရင်ခံစာထဲမှ ထုတ်နုတ်၍ အကျဉ်းချုပ် အချက်အလက်ပြုစုမှုကို ရိုးရှင်းသော၊ အလွယ်တကူ နားလည်နိုင်သောပုံစံဖြင့် ထင်သာမြင်သာရှိအောင် ပုံဖော်ခြင်းများအပါအဝင် ဒေသခံဘာသာစကားများ နှင့် စာတတ်မြောက်မှု အဆင့်အတန်းတို့ကို စဉ်းစား၍ ပြုစုသင့်သည်။ ထိုအကျဉ်းချုပ် အစီရင်ခံစာသည် အဓိကကျသော ထိခိုက်မှုလျှော့ချရေး အစီအမံများကို ဦးစားပေးဖော်ပြ၍ စီမံကိန်းနှင့် ပတ်သက်ဆက် နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရန် အဆိုပြုချက်များ ဥပမာ–လက်ရှိစီမံကိန်းနေရာသို့ သွား ရောက်လေ့လာခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်များနှင့် တွေ့ဆုံဆွေးနွေးရန်နှင့်သတင်း အချက်အလက်ရယူရန် တံခါးအမြဲဖွင့်ပေးထားသောမူဝါဒများစသည်တို့ အကျဉ်းချုပ်ဖော်ပြသင့်သည်။<br><br>ESIA အစီရင်ခံစာအကျဉ်းချုပ် ဖြန့်ဝေခြင်းသည် အဆိုပြုစီမံကိန်းမှ ရှေ့ဆက်ဆောင်ကြဉ်းလာမည့် အပြောင်းအလဲများ၊ အန္တရာယ်များနှင့် ဆိုးကျိုးသက်ရောက်မှုများ လျှော့ချရန်နှင့် ကောင်းကျိုးသက် ရောက်မှုများ ပိုမြင့်လာစေရန်တို့ ကြိုးပမ်းမှုများအကြောင်းကို ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထား သည့် အကျဉ်းချုပ်တစ်စောင်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့်အခွင့်အရေးကို ရရှိစေနိုင်သည်။ ယခင် က တိုင်ပင်ဆွေးနွေးခဲ့မှုများကိုလည်း စီမံကိန်းဒီဇိုင်းရေးဆွဲရာ၌ အလေးအနက်ထား ထည့်စဉ်းစားခဲ့ ကြောင်းလည်း သိသာထင်ရှားစွာပြနိုင်သည့် အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။<br><br>အစီရင်ခံစာအကျဉ်းချုပ်ဖြန့်ဝေသည့်ဗျူဟာသည် စီမံကိန်းကြောင့် အင်အားနည်းထိခိုက်ခံရဆုံးနှင့် ဆိုးကျိုးခံစားရဆုံးသူများကို အသိပေးရှင်းပြရန် လိုအပ်ချက်နှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူ အလွှာအသီးသီးနှင့် အပြုသဘောဆက်ဆံရေးများ ထူထောင်ရန် လိုအပ်ချက်တို့က မောင်းနှင် တွန်းအားပေးခြင်းဖြစ်သင့်သည်။ ထိရောက်သော ဗျူဟာတစ်ခုမှာ ထိုအကျဉ်းချုပ် အစီရင်ခံစာကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ကိုယ်စားလှယ်များနှင့် အရေးပါသော သတင်းပေးများမှ တစ်ဆင့် ဖြန့်ဝေရန်ဖြစ်သည်။<br><br>Source: Overseas Development Institute |

## ဖိလစ်ပိုင်နိုင်ငံ ။ ESIA မူကြမ်းအပေါ် တိုင်ပင်ဆွေးနွေးခြင်း

ဖိလစ်ပိုင်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြို့ပြလူစီးရထား တိုးချဲ့ပြေးဆွဲရန်အတွက် တည် ဆောက်– လုပ်ကိုင်–လွှဲပြောင်း (Build–Operate–Transfer) ကန်ထရိုက်စာချုပ်တစ်ခုကို လုပ်ငန်း အပ်နှံဆောင်ရွက်ခဲ့သည်။ ESIA အစီရင်ခံစာမူကြမ်းနှင့် ဆက်စပ်ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်း အစီအစဉ်တို့ ထွက်ပေါ်လာသည့်အခါ ထိခိုက်သက်ရောက်မှုများကို ရှောင်ရှားနိုင်ရန်နှင့် ထိခိုက် သက်ရောက်နိုင်ခြေများ လျှော့ချမည့်အစီအမံများ အဆိုပြုတင်ပြနိုင်ရေး အပြန်အလှန်ဆွေးနွေး ကြရန် သတင်းစာများ၊ တယ်လီဗေးရှင်းနှင့် ရေဒီယိုတို့ကို ဖိတ်ကြားခဲ့သည်။ ထို့အပြင် ထွက်ပေါ်လာ သော အဆိုပြုချက်များကို ရောင်စုံလက်ကမ်းစာစောင်တွင် အကျဉ်းချုပ်စုစည်း ဖော်ပြ၍ ထိုလက် ကမ်း စာစောင်ကို အဆိုပြုရထားလမ်းကြောင်း၏ ၁၀၀ မီတာအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ ရပ်ကွက်သူ/ရပ်ကွက်သားများအားလုံးသို့ ဖြန့်ဖြူးပေးခဲ့သည်။ တိုးချဲ့မည့် ရထားလမ်းကြောင်း တစ်လျှောက်တွင်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် ရပ်ရွာလူထုအသင်းအဖွဲ့များနှင့် တိုင်ပင် ဆွေးနွေးသည့် အစီအစဉ်တွင် ပြသရန် စီမံကိန်း၏ နမူနာပုံစံငယ်တစ်ခုကို တည်ဆောက်၍ ရွှေ့လျားပြပွဲတစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ဆောင်ချက်များကအင်ဂျင်နီယာပိုင်းဆိုင်ရာ ထိခိုက်သက်ရောက်မှု လျှော့ချရေးလုပ်ငန်းအစီအစဉ်များကို ဦးစားပေးသတ်မှတ်၍ ရထားပြေးဆွဲမှု ကြောင့် ထိခိုက်နစ်နာမှုများနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများအပေါ် ဆူညံသံများကြောင့် ထိခိုက်မှု၊ နှောင့်ယှက်မှုတို့အတွက် လျော်ကြေးပေးရမည့်အတိုင်းအတာကိုလည်း သဘောတူညီမှုရရှိခဲ့သည်။

## လေးထောင့်ကွက် ၁၂။ စီမံကိန်းတစ်ခုသည် "ရပ်ရွာလူထုထောက်ခံအားပေးမှု ကျယ်ကျယ်ပြန့်ပြန့်" ရရှိထားခြင်း ရှိ၊ မရှိ ဆုံးဖြတ်သည့် IFC ၏ လုပ်နည်းလုပ်ဟန်

အချို့သော ထူးခြားသည့်အခြေအနေများတွင် "... IFC သည် ကိုယ်တိုင်စုံစမ်းစစ်ဆေးမှုများကို အခြေခံ၍ ယင်း၏ ထောက်ပံ့ဝန်ဆောင်မှုများ ရယူထားသူမှ ဆောင်ရွက်သော ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှုတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား လွတ်လပ်စွာ အသိပေးတိုင်ပင်ခြင်း ပြုလုပ်သည့်အပြင် ထိခိုက်နစ်နာသူများပါ အသိပေးပါဝင်ဆောင်ရွက်စေခဲ့သည်။ ထိုသို့အားဖြင့် ထိခိုက်နစ်နာသူ ရပ်ရွာအသိုင်းအဝိုင်းများထဲမှ ထိုစီမံကိန်းအပေါ် ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံမှု ဖြစ်ပေါ်လာစေသည်။ ထိုသို့လည်း IFC ၏ ဒါရိုက်တာအဖွဲ့သို့ တင်ပြကာ ခွင့်ပြုချက်မရမီကတည်းကပင် ဆောင်ရွက်ခဲ့သည်။ ရပ်ရွာလူထုက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံအားပေးမှုရှိမရှိသိရန် ထိုစီမံကိန်းကို ထောက်ခံသော လူတစ်ဦးတစ်ယောက်ချင်း သို့မဟုတ် ယင်းတို့က အသိအမှတ်ပြုထားသည့်ကိုယ်စားလှယ်များမှတစ်ဆင့် ထိခိုက်နစ်နာသူများ၏ထောက်ခံကြောင်း ဖော်ပြချက်များကို စုစည်းတင်ပြစေသည်။ ရပ်ရွာလူထုအများစုမှာ စီမံကိန်းအပေါ် ထောက်ခံသော်လည်း အချို့သော ပုဂ္ဂိုလ်များ သို့မဟုတ် လူအုပ်စုများက စီမံကိန်းအပေါ် ကန့်ကွက်မှု ရှိနိုင်ပေသည်"

– IFC ၏ လူမှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေး မူဝါဒ၊ အပိုဒ် ၂၀

ရပ်ရွာလူထု၏ ထောက်ခံအားပေးမှု ကျယ်ကျယ်ပြန့်ပြန့်ရှိ၊ မရှိသိရန် ပြုလုပ်သော IFC ၏ဆန်းစစ်မှုတွင် သုံးသပ်မှုလမ်းကြောင်း ၂ ရပ်မှ ရရှိသော အချက်အလက်များအပေါ် စဉ်းစားသုံးသပ်ခြင်း၊ လုပ်ငန်းစဉ်နှင့် ရလဒ်အပေါ် စဉ်းစားသုံးသပ်ခြင်းတို့ ပါဝင်သည်။

- လမ်းကြောင်း ၁။ စီမံကိန်းဆောင်ရွက်သူသည် စီမံကိန်းကြောင့် ထိခိုက်နစ်နာရနိုင်ခြေရှိသူများအပေါ် လွတ်လပ်စွာကြိုတင်အသိပေး တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ခဲ့ခြင်း ရှိမရှိ နှင့် ယင်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ကြောင်း အသိပေးဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိ။

— ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ရေရှည်တည်တံ့ရေးလုပ်ဆောင်မှုစံနှုန်းများ၊
လမ်းညွှန်ချက်မှတ်စုများ ၊ နောက်ဆက်တွဲ ၄

- လမ်းကြောင်း ၂။ စီမံကိန်းကြောင့် ထိခိုက်နစ်နာရနိုင်ခြေရှိသူများအကြား စီမံကိန်းအပေါ်ထောက်ခံအားပေးမှုနှင့် ဆန့်ကျင်ကန့်ကွက်မှုအတိုင်းအတာ မည်သို့ရှိသည်ဆိုသည်ကို "ထောက်ခံအားပေးကြောင်း သဘောထားမှတ်ချက်များ စုစည်းကောက်ယူခြင်း"နှင့် "ဆက်စပ်စဉ်းစားရမည့်နောက်ခံအကြောင်း အရာအခြေအနေ"ဟူ၍ ခွဲခြားထားသည်။

— IFC ၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လေ့လာသုံးသပ်မှု လုပ်ထုံးလုပ်နည်း

## MINCA ။ စီမံကိန်းခွင့်ပြုချက်မရသေးမီ အရေးပါသော ရပ်ရွာလူထုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတူတွဲလုပ်ဆောင်ရန် ကာလတို ဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိခြင်း

ဗင်နီဇွဲလားနိုင်ငံ၊ Bolivar ပြည်နယ်တွင် ရွှေတူးဖော်ရေးစီမံကိန်း အဆိုပြုထားသော စီမံကိန်းကုမ္ပဏီ Minca သည် ဒေသခံ Las Claritas မျိုးနွယ်စု၊ ဒေသန္တရမြို့တော်ဝန်ရုံးနှင့် အစိုးရမဟုတ်သော နိုင်ငံတကာကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အစည်းတို့နှင့် သဘောရိုးဆွေးနွေးမှုများကို ၂၀၀၀ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ Minca ကုမ္ပဏီသည် စီမံကိန်းချေးငွေ ရရှိရန်နှင့် စီမံကိန်း၏ ဒီဇိုင်းပိုင်းဆိုင်ရာများ အသေးစိတ်အပေါ် သဘောတူညီချက်များရရန် လုပ်ဆောင်နေဆဲကာလ၌ပင် ထိုသို့ဒေသခံများနှင့်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အသွင်ပူးပေါင်းဆောင်ရွက်ရန်အတွက် ကုမ္ပဏီ၊ အစိုးရကျန်းမာရေး အာဏာပိုင်အဖွဲ့အစည်း၊ ရပ်ရွာအုပ်စုများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတို့အကြား သဘောတူညီမှုရလဒ်အရ သတ္တုတွင်းအနီးတဝိုက်တွင် အမေရိကန်ဒေါ်လာ ၂ သန်းကျော် ကုန်ကျမည့် ကျေးလက်ကျန်းမာရေး စင်တာတစ်ခု တည်ဆောက်လည်ပတ်ပေးရန် အာမခံခဲ့သည်။ ထိုကျန်းမာရေးစင်တာသည် သတ္တုတွင်းလုပ်သား ဖြစ်လာမည့်သူများ၏ မိသားစုများအပါအဝင် လူပေါင်း ၁၂,၀၀၀ ကို အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးရန် ဒီဇိုင်းဆွဲထားသည်။ တည်ဆောက်ရေးအတွက် အဖွဲ့အစည်းအားလုံးက ငွေကြေး၊ ပစ္စည်း သို့မဟုတ် လုပ်အားအကူအညီများ ပံ့ပိုးထည့်ဝင်ခဲ့ကြသည်။ အဖွဲ့အစည်းအားလုံးသည် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် လက်လှမ်းမီမှု အတိုင်းအတာ၊ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ၊ ပုဂ္ဂိုလ်အဖွဲ့အစည်းများအကြား ဆက်ဆံရေး သို့မဟုတ် အန္တရာယ်များကို ကြိုတင်သိရှိ အတူရပ်တည်ဖြေရှင်းခြင်းအားဖြင့် အကျိုးကျေးဇူးများရရှိရန် အဆင့်သင့်ဖြစ်ခဲ့သည်။

ကနဦးထူထောင်ထားသော မိတ်ဖက်ဆက်ဆံရေးသည် ယာယီသဘောဖြစ်ပြီး ကျန်းမာရေးစင်တာ ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းကိုသာ ငွေကြေးပံ့ပိုးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထိုအချိန်က ရွှေဈေးအလွန် နိမ့်ပါးနေသောကြောင့် Minca ကုမ္ပဏီ၏ အရေးပါသော အရင်းအနှီးထည့်ဝင်သူများထဲမှ တစ်ဦးသည် စီမံကိန်းအတွက် ဆက်လက်ထည့်ဝင် ပူးပေါင်းဆောင်ရွက်ခြင်း မပြုရန် ရွေးချယ်ခဲ့သည်။ ကနဦးဆွေးနွေးထားသော မိတ်ဖက်အသွင်ပူးပေါင်းလုပ်ကိုင်မှုပုံစံသည် ယာယီသဘောသာဖြစ်သောကြောင့် ကျန်ရှိနေသော ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် ထိုကျန်းမာရေးစင်တာ ရေရှည်လည်ပတ်နိုင်ရေးဆန္ဒရှိပြီး စာချုပ်အသစ်တစ်ရပ်ကို ပြန်လည်ညှိနှိုင်းချုပ်ဆိုနိုင်ခဲ့ကြသည်။ ပိုမိုအရေးပါသည်ဟု ဆိုနိုင်သည့်ကိစ္စမှာ – ထိုမိတ်ဖက်အသွင် ပူးပေါင်းလုပ်ကိုင်မှုတွင် ရပ်ရွာအုပ်စု ၁၃ ခုနှင့် အငြင်းပွားဖွယ်ရာသတ္တုကဏ္ဍမှ ပုဂ္ဂိုလ်အဖွဲ့အစည်းများပါဝင်ခဲ့ကြပြီး ထိရောက်သော ဆက်ဆံရေးအသစ်များကို ထူထောင်ခဲ့ကြသည်။

“ဤအောင်မြင်မှု၏ အကြီးဆုံးပြယုဒ်တစ်ခုဟု ကျွန်တော် ယုံကြည်သည့်အရာမှာ– ပဋိပက္ခများ မရှိခြင်းဖြစ်သည်။ နိုင်ငံ၏ အခြားနေရာများတွင် သတ္တုတွင်းကုမ္ပဏီများနှင့် ပဋိပက္ခများစွာ ရှိနေကြသည်။”

Alex Mansutti, UNEG

Source:Las Cristinas Gold MiningProject,Venezuela, Business Partnerships for Development, http://www.bpd-naturalresources.org/html/focus_las.html#

## SASOL ၊ မိုဇမ်ဘစ်နိုင်ငံ။ ESIA လုပ်ငန်းစဉ်အတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပုံ အလေ့အကျင့်ကောင်းများ

### ထုတ်ဖော်အသိပေးခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း

SASOL ကုမ္ပဏီသည် ကမ်းလွန်ရေနံ၊ သဘာဝဓာတ်ငွေ့တူးဖော်မှုနှင့် စပ်လျဉ်းသည့် EIA လုပ်ငန်းစဉ်၏ အဓိကအဆင့် ၃ ဆင့်အတွင်း အများပြည်သူဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခဲ့သည်–

၁။ နယ်ပယ်အတိုင်းအတာ သတ်မှတ်သည့်ကာလ အစပိုင်းတွင် အဆိုပြု EIA လုပ်ငန်းစဉ်နှင့် စီမံကိန်းအကြောင်း အများပြည်သူအား ရှင်းလင်းတင်ပြရန်၊ အများပြည်သူ၏ စိုးရိမ်ပူပန်မှုများကို စားပွဲတင်ဆွေးနွေးနိုင်ရန်၊

၂။ နယ်ပယ်အတိုင်းအတာ သတ်မှတ်သည့်ကာလကုန်ခါနီးတွင် ဆန်းစစ်မည့်နယ်ပယ်အတိုင်းအတာသတ်မှတ်သည့် အစီရင်ခံစာမူကြမ်းကို တင်ပြဆွေးနွေးရန်၊

၃။ EIA ပြုစုမှုကာလ အဆုံးသတ်ခါနီးတွင် EIA အစီရင်ခံစာမူကြမ်းကို တင်ပြဆွေးနွေးရန် ဆောင်ရွက်ခဲ့သည်။

စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား တိုင်ပင်ဆွေးနွေးချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ စုစုပေါင်း ၁၁ ခု ကျင်းပခဲ့သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူအမျိုးမျိုးတို့ရှိသည့်အားလျော်စွာ အစည်းအဝေးပွဲအားလုံးကို ဘာသာစကားအနည်းဆုံး ၂ မျိုး (ပေါ်တူဂီဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့်) ဆောင်ရွက်ခဲ့ပြီး အချို့အစည်းအဝေးပွဲများကို ၃ ဘာသာ (ဒေသသုံးဘာသာစကား ပြောဆိုမှုများရှိလျှင်)နှင့် ပြုလုပ်ခဲ့သည်။ ပြောဆိုဆွေးနွေးမှုကို အလိုရှိရာဘာသာစကားသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ဘာသာပြန်ပေးသော ဝန်ဆောင်မှုကိုလည်း အသုံးပြုခဲ့သည်။ အစည်းအဝေးအားလုံးသို့ သက်ဆိုင်ရာ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား (စာများ၊ ဖက်စ်များ၊ အီးမေးလ်များ၊ တယ်လီဖုန်းများ) ဖြင့် တိုက်ရိုက်ဖိတ်ကြားခြင်းမှတစ်ဆင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ခဲ့သည်။ (ရေဒီယိုနှင့် သတင်းစာများ)မှ တစ်ဆင့်လည်း ကြေညာခဲ့သည်။ အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပမည့်နေရာနှင့် နေ့ရက်ဆိုင်ရာ သတင်းအချက်အလက်များ သာမကဘဲ ဖိတ်ကြားမှုများနှင့် ကြေညာချက်များတွင် အများပြည်သူ လေ့လာဖတ်ရှု သုံးသပ်နိုင်ရန် စာရွက်စာတမ်းများကို မည်သည့်နေရာများတွင် ရယူနိုင်ကြောင်းနှင့် သဘောထားမှတ်ချက်များ ရယူသည့်လုပ်ငန်းစဉ်အကြောင်း ရှင်းပြပေးမှုများလည်း ထည့်သွင်းထားခဲ့သည်။ အစည်းအဝေးတစ်ခုချင်းစီမှ ထွက်လာသော အစည်းအဝေးမှတ်တမ်းများကို EIA လုပ်ငန်းစဉ်အတွက် ပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုမှတ်တမ်းတစ်ရပ်အဖြစ် ရယူသိမ်းဆည်းခဲ့သည်။ စီမံကိန်းကာလ တလျှောက်လုံးတွင် အများပြည်သူနှင့် တိုင်ပင် ဆွေးနွေးပွဲများမှ ထွက်လာသော အစီရင်ခံစာများကို စီမံကိန်းတည်ရှိရာ ခရိုင်အားလုံးနှင့် ပြည်နယ်အတွင်း အများပြည်သူနှင့် ဆိုင်သောနေရာများတွင် ရရှိနိုင်ရန် စီစဉ်ပေးထားခဲ့သည်။

## SASOL ၊ မိုဇမ်ဘစ်နိုင်ငံ။ ESIA လုပ်ငန်းစဉ်အတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပုံ အလေ့အကျင့်ကောင်းများ

– အဆက်

### စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် တွေ့ဆုံဆွေးနွေး သတင်းအချက်အလက်ရယူသည့် ဖိုရမ်တစ်ခု ကျင်းပခြင်း

EIA လုပ်ငန်းစဉ်၏ နယ်ပယ်အတိုင်းအတာသတ်မှတ်သည့် ကာလတွင် အများပြည်သူနှင့် ကနဦး တွေ့ဆုံဆွေးနွေးပွဲများစွာ ကျင်းပခဲ့သည်။ အစည်းအဝေးတက်ရောက်လာသူများတစ်ဦးမှ စီမံကိန်း နှင့် ပတ်သက်ဆက်နွှယ်သည့် အဓိကကျသော လူအုပ်စုများ ပါဝင်ဆောင်ရွက်မှု တိုးတက်လာစေ ရေး အားပေးရန် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် တွေ့ဆုံဆွေးနွေး အချက်အလက်ရယူ သည့် ဖိုရမ်တစ်ခု ပြုလုပ်သင့်ကြောင်း အကြံဉာဏ်ပေးခဲ့သည်။ ထိုဖိုရမ်ကျင်းပနိုင်ရန် လုပ်ငန်း လမ်းညွှန်ကို ဆက်လက်ပြုစု ဆွေးနွေးခဲ့သည်။

ခွင့်ပြုချက်အတည်ပြုရယူထားသော ဖိုရမ်ကျင်းပနိုင်ရေး လုပ်ငန်းလမ်းညွှန်တွင် စီမံကိန်းဧရိယာ တန့်တလျားတွင် ရှိကြသည့် အဓိကကျသောကဏ္ဍများ၊ ခရီးသွားလာရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံ သူများ၊ ဒေသန္တရ လက်မှုပညာသည်များနှင့် စက်မှုလုပ်ငန်းရှင်များ၊ ငါးဖမ်းလုပ်ငန်းရှင်များ အသင်းများ၊ ဒေသန္တရနှင့် ပြည်နယ်အစိုးရကိုယ်စားလှယ်များ၊ စီမံကိန်းဧရိယာတွင် လုပ်ကိုင် နေသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရငါးလုပ်ငန်းအဖွဲ့အစည်းများ ENH နှင့် Sasol တို့အပါအဝင်မှ ကိုယ်စားလှယ် တစ်ဦးစီ ဖော်ထုတ်သတ်မှတ်ရန် အဓိကထားခဲ့သည်။

အဆိုပါဖိုရမ်သည် Sasol ကုမ္ပဏီ၊ ၎င်း၏အတိုင်ပင်ခံများနှင့် စီမံကိန်းအပေါ် စိတ်ဝင်စားသူများ၊ စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအကြား အမြဲမပြတ် ချိတ်ဆက်ဆောင်ရွက်နိုင်စေရေး အဓိက ကျသော ဆက်သွယ်ရေး ယန္တရားတစ်ခု ဖြစ်လာခဲ့သည်။ Inhassoro ရှိ စီမံကိန်းဧရိယာတွင် EIA လုပ်ငန်းစဉ်တလျှောက်၌ အဆိုပါဖိုရမ်မျိုး စုစုပေါင်း ၇ ခု ကျင်းပခဲ့သည်။ Maputo တွင် ဖိုရမ်အငယ်စားတစ်ခု ပြုလုပ်ခဲ့သည်။ အကြောင်းမှာ အဓိကကျသော ခရီးသွားလုပ်ငန်းရင်းနှီး မြှုပ်နှံသူများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း များသည် Maputoတွင် အခြေစိုက်သောကြောင့် ဖြစ်သည်။ ဖိုရမ်အားလုံးအတွက် အစည်းအဝေး မှတ်တမ်းများ ရယူခဲ့သည်။ ထိုမှတ်တမ်းများသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်မည့် နောက်ပိုင်း လုပ်ငန်းစဉ်အတွက် အဓိက မှတ်တမ်း တစ်စောင် ဖြစ်လာခဲ့သည်။ စူးစမ်းလေ့လာရေးစီမံကိန်း အကောင်အထည်ဖော်သည့် ကာလတလျှောက်လုံး တွင် အဆိုပါဖိုရမ်များကို ဆက်လက်ဆောင်ရွက်နေမည်ဖြစ်သည်။ Mozambique နိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်း (MICOA)မှ EIR ခွင့်ပြုချက်ကို စည်းမျဉ်းစည်းကမ်းများနှင့် အတူ ထုတ်ပြန်ပေးလိုက်သည့်အချိန်မှစ၍ ယနေ့အထိ ဖိုရမ်ပေါင်း ၄ ခု ကျင်းပ ပေးခဲ့ပြီးဖြစ်သည်။

**SASOL ၊ မိုဇမ်ဘစ်နိုင်ငံ။ ESIA လုပ်ငန်းစဉ်အတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပုံ အလေ့အကျင့်ကောင်းများ**
– အဆက်

## EIA အစီရင်ခံစာမူကြမ်းအပေါ် လွတ်လပ်အမှီအခိုကင်းစွာ အသေးစိတ် လေ့လာသုံးသပ်ခြင်း


စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သောဖိုရမ်တွင် တောင်းဆိုချက်အရနှင့် ဖိုရမ်၏ကိုယ်စား EIA အစီရင်ခံစာမူကြမ်းအပေါ် လွတ်လပ်အမှီအခိုကင်းစွာ အသေးစိတ်သုံးသပ်မှုတစ်ရပ် ပြုလုပ်ခဲ့သည်။ ထိုသုံးသပ်မှုအတွက် ရန်ပုံငွေကို Sasol ကုမ္ပဏီမှ ထောက်ပံ့ခဲ့ပြီး လုပ်ငန်းလမ်းညွှန်ကို အဆိုပါ ဖိုရမ်တွင် ပြုစု၍ လွတ်လပ်အမှီအခို ကင်းသော နိုင်ငံတကာ အသေးစိတ်သုံးသပ်သူများအား ခန့်ထားခဲ့ခြင်းဖြစ်သည်။ EIA အစီရင်ခံစာမူကြမ်းအပေါ် ပေးအပ်လာသော သဘောထားမှတ်ချက်များ စုစည်းစီစဉ်မှု၏ တရားဝင်အစိတ်အပိုင်းတစ်ရပ်အဖြစ် အသေးစိတ် လေ့လာသုံးသပ်မှုအစီရင်ခံစာကို မှတ်တမ်းပြုတင်ပြခဲ့သည်။ အပြီးသတ် EIA အစီရင်ခံစာထဲတွင်လည်း အဆိုပါလေ့လာသုံးသပ်မှုအစီရင်ခံစာ အပြည့်အစုံနှင့်အတူ သုံးသပ်တွေ့ရှိချက်များအပေါ် ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးမှုတစ်ရပ်ကိုပါ ထည့်သွင်းဖော်ပြထားခဲ့သည်။



# တည်ဆောက်ရေးကာလ

## အလေ့အကျင့်ကောင်းများအတွက် အကြံဉာဏ်များ

- တည်ဆောက်ရေးလုပ်ငန်းကြောင့် ထိခိုက်နိုင်ခြေအများဆုံးနိုင်သည့် ပတ်သက်ဆက်နွယ်သူများကို ဖော်ထုတ်ပါ။
- ဒေသခံများကို တည်ဆောက်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေး အချိန်ဇယား အပြောင်းအလဲများကို အသိပေးပါ။
- လူထုဆက်ဆံရေးအရာရှိကို လုပ်ငန်းခွင်တွင် အလျှင်အမြန် ခန့်ပါ။
- မကျေနပ်မှုများ ဖြေရှင်းရာ၌ မြန်မြန်ဆန်ဆန် ဖြေရှင်းရန် ရည်ရွယ် ဆောင်ရွက်ပါ။
- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၏ တိုးတက်မှုအခြေအနေများကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအားသတင်းပေးပို့အစီရင်ခံပါ။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ထိထိရောက်ရောက်ချိတ်ဆက် ဆောင်ရွက်နိုင်စွမ်းရှိသူ ကန်ထရိုက်တာများကို ရွေးချယ်ပါ။
- ကန်ထရိုက်တာများက စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေး ထူထောင်ဆောင်ရွက်ရာမှ ဖြစ်လာနိုင်သော အန္တရာယ်များကို စီမံခန့်ခွဲပါ။




တည်ဆောက်ရေးကာလတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် အကြိုတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် တည်ဆောက်ရေးကာလအတွင်း လုပ်ဆောင်မှုများ၊ အခြေခံ အဆောက်အအုံ သို့မဟုတ် အဆောက်အဦးများ တည်ဆောက်ခြင်း (နှင့် တည်ဆောက်ရေးလုပ်ငန်းကို ဖြည့်ဆည်းရန် လုပ်ကိုင်ရသော ယာယီလုပ်ငန်းများ "ဥပမာ – ချဉ်းကပ်လမ်းများ ဖောက်လုပ်ခြင်း) နှင့် ကန်ထရိုက်တာများကို စီမံခန့်ခွဲခြင်း၊ တည်ဆောက်ရေးလုပ်ငန်းစာချုပ်များကို စီမံခန့်ခွဲခြင်းအားလုံးနှင့် ဆက်စပ်နေသည်။

စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများနှင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် စိတ်ဝင်စားသူ အုပ်စုများအတွက် **တည်ဆောက်ရေးကာလသည် စိုးရိမ်ပူပန်မှုများစွာရှိနိုင်သောကာလတစ်ရပ်** ဖြစ်သည်။ စီမံကိန်း၏ သဘောသဘာဝနှင့် အရွယ်အစားအပေါ် မူတည်၍ ဆိုးကျိုးသက်ရောက်မှုများနှင့် အန္တရာယ်များသည် အရေအတွက်များစွာနှင့် ပုံစံအမျိုးမျိုး ဖြစ်ပေါ်နိုင်သည်။ ဥပမာ – ဒေသခံများ၏ အသက်မွေး

## သင်၏ကုမ္ပဏီသည် တည်ဆောက်ရေးကာလအတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို မည်သို့ စီမံခန့်ခွဲခဲ့သည်ဆိုသည့်အချက်သည် ရပ်ရွာလူထု၊ ဒေသန္တရအစိုးရ နှင့် စီမံကိန်း၏ ကျန်ရှိသော လည်ပတ်ရေးကာလတွင် အခြားသော ပြင်ပနှင့်ဆက်ဆံဆောင်ရွက်မှုများ အလားအလာကောင်းရန် အခြေအနေကောင်းကို များသောအားဖြင့် ဖန်တီးနိုင်စေသည်။

ဝမ်းကျောင်းအတွက် အရေးပါသောမြေနှင့် သဘာဝအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မြေပေါ်ရေ အရည်အသွေး နိမ့်လာခြင်း၊ လမ်းများပျက်စီးခြင်း၊ ရေသယံဇာတများနှင့် ကျန်းမာရေး အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ ကူးစက်လွယ်သောရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာခြင်း၊ ဒေသခံများနှင့် ယာယီပြောင်း ရွှေ့လုပ်ကိုင်သူ လုပ်သားအင်အားတို့အကြား ပဋိပက္ခများဖြစ်ပေါ်ခြင်း၊ (အပင်နှင့်သတ္တဝါတို့၏) သဘာဝ နေရင်းဒေသများ ဆုံးရှုံးခြင်း နှင့်သဘာဝတောရိုင်းတိရိစ္ဆာန်များအတွက် အနှောင့်အယှက်ဖြစ်ခြင်း၊ ယာဉ် အသွားအလာများလာ၍ စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် ကျန်းမာရေးဆိုင်ရာ စိတ်ပူစရာများ၊ ဖုန်မှုန့်များ၊ ဆူညံသံများ၊ မီးအလင်းရောင်များပြားလာခြင်း၊ လေထုညစ်ညမ်းခြင်းများ ဖြစ်သည်။ အခြားတစ်ဖက်တွင် လည်းတည်ဆောက်ရေးကာလကိုဒေသန္တရစီးပွားရေးအကျိုးအမြတ်များစွာရရှိနိုင်သည့်အခွင့်အလမ်းကာလ တစ်ရပ်အဖြစ်လည်း လူများစွာက လက်ခံယုံကြည်ထားကြသည်။ လက်ခံနိုင်သော လျော်ကြေးပေးမှုအစီ အစဉ်များ၊ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးမှု အခြေအနေများ၊ ဒေသ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန် ယာယီတည်ဆောက်ရေးလုပ်ငန်းများ အသုံးပြုခြင်း သို့မဟုတ် ပိုမိုကြီးသော စီမံကိန်းများတွင် ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံ ဆောင် ရွက်ပေးသည့်အစီအစဉ်များ စသည်တို့မှတစ်ဆင့်လည်း ဒေသန္တရစီးပွားရေးဆိုင်ရာအကျိုးအမြတ်များ ရရှိနိုင် သည်ဟု ယုံကြည်ကြခြင်း ဖြစ်သည်။

စီမံကိန်းဒီဇိုင်းရေးဆွဲသည့်ကာလနှင့် ESIA လေ့လာမှုများ ဆောင်ရွက်စဉ် ကာလတို့တွင် အစောပိုင်းကပင် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် သိသာထင်ရှားသော ဆိုးကျိုး သက်ရောက်မှုများကို ဒီဇိုင်းပုံစံပြောင်းလဲသော နည်းလမ်းဖြင့် ဖယ်ရှားခြင်း၊ လက်ခံနိုင်သည့်အဆင့်သို့ လျှော့ချခြင်း သို့မဟုတ် လျော်ကြေးပေးခြင်း စသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် အထောက်အကူ ပြုခဲ့ပြီးဖြစ်သည်။တည်ဆောက်ရေးလုပ်ငန်းများစတင်သည်နှင့်တစ်ပြိုင်နက်ထိခိုက်နစ်နာနိုင်ခြေရှိသူများက ပါဝင်၍ ကြုံတွေ့လာနိုင်သည့် ထိခိုက်သက်ရောက်မှုများကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းသည်လည်း ညီတူညီမျှ အရေးကြီးသည်။ တည်ဆောက်ရေးပစ္စည်း ကိရိယာများနှင့် ကန်ထရိုက်တာများ မြန်မြန်ဆန်ဆန် ဝင်ရောက်လာခြင်းနှင့်အတူ သတ်မှတ်ထားသော အလုပ်အချိန်ဇယားအတိုင်း ပြီးစီးရေး အလျင်လိုမှုတို့နှင့် ထိခိုက်မှုလျှော့ချရေးအစီအမံများ သို့မဟုတ် အလုပ်အကိုင်များ သို့မဟုတ် အခြားမျှော်မှန်းထားသော အကျိုး ကျေးဇူးများသည် မျှော်မှန်းထားသလို ထိရောက်မှုမရှိခြင်း စသည့်အန္တရာယ်များလည်း ကြုံတွေ့ရနိုင်သည်။ ထို့ကြောင့် မျှော်မှန်းထားသည့်အတိုင်း အစီအမံများ အလုပ်ဖြစ်မဖြစ် ဆန်းစစ်ရန်၊ မကျေနပ်ချက်များကို ဖြေရှင်းပေးနေရန်နှင့် အဆင်မပြေမှုများရှိလျှင် အခြားဆောင်ရွက်နိုင်သော နည်းလမ်းများကို ဖော်ထုတ် သတ်မှတ်ပေးရန် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ ကိုယ်တိုင်ပါဝင်၍ လေ့လာဆန်းစစ်စေခြင်းသည် တည်ဆောက်ရေးကာလအတွက် မရှိမဖြစ်အရေးပါသည်။ သင်၏ကုမ္ပဏီသည် တည်ဆောက်ရေးကာလ

အတွင်းစီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်မှုကိုမည်သို့စီမံခန့်ခွဲခဲ့သည်ဆိုသည့် အချက်သည် ရပ်ရွာလူထု၊ ဒေသန္တရအစိုးရနှင့် စီမံကိန်း၏ ကျန်ရှိသော လည်ပတ်ရေးကာလတွင် အခြားသော ပြင်ပနှင့် ဆက်ဆံဆောင်ရွက်မှုများ အလားအလာကောင်းရန် အခြေအနေကောင်းကို များသောအားဖြင့် ဖန်တီးနိုင်စေသည်။

| လုပ်ဆောင်ချက် | လမ်းညွှန်ချက်အသေးစိတ် |
|---|---|
| **တည်ဆောက်ရေးလုပ်ငန်းကြောင့်အများဆုံးထိခိုက်နိုင်ခြေရှိသည့် ပတ်သက်ဆက်နွယ်သူများကို ဖော်ထုတ်ပါ။** | စီမံကိန်းဒီဇိုင်းပိုင်းအပြီးသတ်ရေးဆွဲပြီးတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မည့်အတိုင်းအတာအပေါ် ကန်ထရိုက်တာများနှင့် သဘောတူညီချက် ရရှိပြီးသည်နှင့်တစ်ပြိုင်နက် တည်ဆောက်ရေးလုပ်ငန်း အမျိုးမျိုးတို့ကြောင့် မည်သည့်အချိန်တွင် မည်သည့် လူအုပ်စုများအပေါ် ထိခိုက်နိုင်မည်ဖြစ်ကြောင်း ပိုမိုရှင်းလင်းတိကျစွာ သိရှိလာမည်ဖြစ်သည်။ ထိုအချက်ကို ESIA ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများဆိုင်ရာ ယခင်ကောက်ယူခဲ့သော သတင်းအချက်အလက်များ နှင့် တိုက်ဆိုင်စစ်ဆေးပါ။ ဥပမာ – တည်ဆောက်ရေးလုပ်ငန်း ရပ်ဆိုင်းခြင်းကြောင့် ထိခိုက်နစ်နာနိုင်ခြေရှိသူအားလုံး ဖော်ထုတ်သတ်မှတ်၍ ယင်းတို့၏ စိုးရိမ်ပူပန်မှုများကို ဦးစားပေးအလိုက် စီစဉ်ထားရန် ဖြစ်သည်။ |
| **ဒေသခံများကို တည်ဆောက်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးအချိန်ဇယား အပြောင်းအလဲများကို အသိပေးပါ။** | တည်ဆောက်ရေးလုပ်ငန်းများနှင့် ယှဉ်တွဲနေသော ဆူညံမှုများ၊ ဖုန်မှုန့်များ၊ တုန်ခါမှုများ၊ ယာဉ်ကြောရှုပ်ထွေးမှုနှင့် မီးအလင်းရောင်ထိုးမှုများက စီမံကိန်းနေရာအနီးတဝိုက်တွင် နေထိုင်ကြသူများအပေါ် ထိခိုက်နှောင့်ယှက်နိုင်သည်။ စိတ်ပိုင်းဆိုင်ရာဖိအားများခံစားရနိုင်သည့်အပြင် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရင်းမြစ်များလည်း ဖြစ်လာနိုင်သည်။ အရင်းအနှီးကြီးမားသော လုပ်ငန်းဖြစ်စေ၊ အသေးအဖွဲတည်ဆောက်ရေးလုပ်ငန်းဖြစ်စေ အောက်ပါအကြောင်းအရာများကို အများပြည်သူအား အသိပေးအကြောင်းကြားခြင်းသည် အလေ့အကျင့်ကောင်းဖြစ်သည်။<br>• ဆောင်ရွက်မည့်ကာလ<br>• ဖြစ်နိုင်ခြေရှိသော တည်ဆောက်ရေးလုပ်ငန်းများ၏ ရည်ရွယ်ချက်နှင့် သဘောသဘာဝ<br>• စတင်သည့်နေ့ရက်နှင့် သက်ရောက်မှုများ<br>• ကန်ထရိုက်တာနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ/တိုင်ကြားလိုသူများရှိလျှင် မည်သူထံသို့ ဆက်သွယ်နိုင်ကြောင်း သတင်းအချက်အလက်<br><br>အဆိုပါသတင်းအချက်အလက်များကို ဆက်သွယ်ပေးပို့နိုင်သည့် နည်းလမ်းများစွာရှိသည်။ ထိုလမ်းကြောင်းများတွင် လမ်းဘေးတွင် ဆိုင်းဘုတ်များထောင်ခြင်း၊ အများပြည်သူနှင့် ဆိုင်သောနေရာများတွင် ပိုစတာဆိုင်းဘုတ်များထောင်ခြင်း၊ သတင်းစာစောင်များ၊ အိမ်တိုင်ရာရောက် လက်ကမ်းစာစောင်ဝေခြင်းနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ကိုယ်စားလှယ်များမှတစ်ဆင့် ကြားသိစေခြင်း သို့မဟုတ် လူထုတွေ့ဆုံပွဲများ ကျင်းပခြင်းတို့ပါဝင်သည်။ |
| **လူထုဆက်ဆံရေးအရာရှိကို လုပ်ငန်းခွင်တွင် လျင်မြန်စွာခန့်ထား ဆောင်ရွက်ပါ။** | စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေးကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၏ အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီ လူထုဆက်ဆံရေးဝန်ထမ်းကို ငှားရမ်း သင်တန်းပေး၍ စီမံကိန်းထဲသို့ ချထားတာဝန်ပေးခြင်းဖြစ်သည်။ တည်ဆောက်ရေးကာလသည် ဆိုးကျိုးသက်ရောက်မှုဖြစ်နိုင်ခြေ အန္တရာယ်အမြင့်ဆုံးဖြစ်သောကြောင့် ထိုကာလတွင် တိုင်ကြားစာအများဆုံး ရရှိတတ်သည်။ တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီ စီမံကိန်းကုမ္ပဏီနှင့် ပင်မကန်ထရိုက်တာတို့၏ဝန်ထမ်းများသည် ဒေသခံများထံသို့ ပုံမှန်သွားရောက်လည်ပတ်ခြင်းသည် အလေ့အကျင့်ကောင်းဖြစ်၍ နောက်ဆုံးရအချက်အလက်များကို ဒေသခံများအား ပြောပြခြင်းနှင့် ယင်းတို့၏ မေးခွန်းများဖြေကြားခြင်းစသည်ကို ကြိုတင်၍ တက်ကြွစွာစီမံဆောင်ရွက်ကြရန်ဖြစ်သည်။ တည်ဆောက်ရေး စတင်သည်နှင့်တစ်ပြိုင်နက် လူထုဆက်ဆံရေးဝန်ထမ်းကို စီမံကိန်းနေရာတွင် တတ်နိုင်သမျှ များများခန့်ထား တာဝန်ပေး၍ ထိခိုက်နစ်နာသူ ရပ်ရွာလူထုအား လက်လှမ်းမီနိုင်ရေး ဆောင်ရွက်စေရန် ဖြစ်သည်။ |

| လုပ်ဆောင်ချက် | လမ်းညွှန်ချက်အသေးစိတ် |
|---|---|
| **မကျေနပ်မှုများ ဖြေရှင်းရာ၌ မြန်မြန်ဆန်ဆန် ဖြေရှင်းရန် ရည်ရွယ်ဆောင်ရွက်ပါ။** | ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးယန္တယား မည်မျှကောင်းစွာအလုပ်ဖြစ်ကြောင်း တည်ဆောက်ရေးကာလတွင် စမ်းသပ်နိုင်သည်။ အကြောင်းမှာ တည်ဆောက်ရေးလုပ်ငန်းသည် အချိန်တိုအတွင်း တည်ဆောက်ရေးပစ္စည်းများနှင့် လူအင်အားများကို ရွှေ့ပြောင်းနေရာချ၍ အလုပ်ကို အချိန်ဇယားအတိုင်း မြန်ဆန်စွာ လုပ်ကိုင်ဆောင်ရွက်ရသည့် အလုပ်ဖြစ်ရာ မကျေနပ်မှုများအား ဖြေရှင်းခြင်းကိုလည်း ထိုနည်းအတူ မြန်ဆန်ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်သည်။ ဥပမာ – တည်ဆောက်ရေးယာဉ်များ၊ စက်ယန္တရားများသွားလာမှုသည် ကျောင်းသားများအတွက် အန္တရာယ်ဖြစ်စေကြောင်း တင်ပြလာလျှင် တည်ဆောက်ရေးဆိုင်ရာ ယာဉ်များ၊ စက်ယန္တရားများ လမ်းကြောင်းပြောင်းခြင်း သို့မဟုတ် ယာဉ်များကို အရှိန်လျှော့ သွားလာစေခြင်း စသည့်တစ်ခုခုကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ကုမ္ပဏီသည် တည်ဆောက်ရေးကာလအတွင်း တိုင်ကြားမှုအရေအတွက် များပြားစွာ လက်ခံရရှိခြင်း (တစ်ခါတစ်ရံပြင်းထန်သည့် မမျှော်မှန်းထားသော ဖြစ်ရပ်များ)အတွက်လည်း ပြင်ဆင်ထားသင့်သည်။ စီမံကိန်းကြီးများတွင်မူ လိုအပ်လျှင် နောက်ထပ်အရင်းအမြစ်များကိုပါ ခွဲဝေချထားနိုင်ရေးအတွက် ပြင်ဆင်ထားသင့်သည်။ |
| **ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ၏ တိုးတက်မှုအခြေအနေများကို စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအားသတင်းပို့ အစီရင်ခံပါ။** | စီမံကိန်းကြီးများသည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များကို တည်ဆောက်ရေးကာလတွင် မည်သို့ကိုက်ညီအောင်ဆောင်ရွက်နေကြောင်း တိုးတက်မှုအခြေအနေကို စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများအား ပြောပြပါ။ ပေးပို့တင်ပြသည့် သတင်းအချက်အလက်အမျိုးအစားနှင့် တင်ပြမှုအကြိမ်အရေအတွက်သည် စီမံကိန်းနှင့် ပတ်သက် ဆက်နွှယ်သူများက စိုးရိမ်ပူပန်နေသည့် အတိုင်းအတာနှင့် အချိုးညီသင့်သည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု အစီရင်ခံစာ များကို အများပြည်သူအား ထုတ်ပြန်ခြင်း၊ တတိယပုဂ္ဂိုလ်အဖွဲ့အစည်းက စောင့်ကြပ်ကြည့်ရှုစစ်ဆေးစေခြင်းများသည် (ရှိလျှင်) အလေ့အကျင့်ကောင်းဟု ယူဆသည်။ |
| **စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ထိထိရောက်ရောက် ချိတ်ဆက် ဆောင်ရွက်နိုင်စွမ်းရှိသူ ကန်ထရိုက်တာများကို ရွေးချယ်ပါ။** | တည်ဆောက်ရေးကာလတွင် ကန်ထရိုက်တာများနှင့် တဆင့်ခံကန်ထရိုက်တာများသည် ဒေသခံများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံကြရသည်မှာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်အခြေအနေ ဖြစ်သည်။ ယင်းတို့၏ ထိခိုက်နစ်နာရသူများ၊ အစိုးရအာဏာပိုင်များ၊ အခြားသူများနှင့် အပြန်အလှန် ထိတွေ့ဆက်ဆံမှု အရည်အသွေးသည် စီမံကိန်းအပေါ် တိုက်ရိုက်ထင်ဟပ်မည်ဖြစ်ပြီး စီမံကိန်းကုမ္ပဏီအတွက်လည်း ဂုဏ်သိက္ခာပိုင်းဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များလည်း ရှိလာနိုင်မည်ဖြစ်သည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများနှင့် လူမှုဆိုင်ရာလုပ်ဆောင်ချက်များအတွက် အနိမ့်ဆုံးစံနှုန်းများကို ကိုက်ညီအောင် စွမ်းဆောင်နိုင်သည့် ပင်မကန်ထရိုက်တာများကို ယှဉ်ပြိုင်ရွေးချယ်ရာတွင် အရည်အချင်း စိစစ်သည့် စံနှုန်းများနှင့် ဆက်စပ်မေးခွန်းအစုံများ အသုံးပြု၍ ကြိုတင်အရည်အချင်းစိစစ်ခြင်းသည် ရွေးချယ်ရေး လုပ်ငန်းစဉ်အပေါ် အထောက်အကူရနိုင်သည်။ ကြီးမားသော သို့မဟုတ် ရှုပ်ထွေးသော စီမံကိန်းများတွင် ပင်မကန်ထရိုက်တာသည် ယင်းတို့ကိုယ်ပိုင် လူမှုဆက်ဆံရေးမန်နေဂျာ ခန့်ထားရန်နှင့် တိုင်ကြားမှုများ ကိုင်တွယ်ဖြေရှင်းရေးလုပ်ငန်းစဉ်ထားရှိခြင်းသည် အလေ့အကျင့်ကောင်း ဖြစ်သည်။ |
| **ကန်ထရိုက်တာများက စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေး ထူထောင်ဆောင်ရွက်ရာမှ ဖြစ်လာနိုင်သော အန္တရာယ်များကို စီမံခန့်ခွဲပါ။** | ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုလျှော့ချရေး အစီအမံများကျင့်သုံးရန် တာဝန်ကို ကန်ထရိုက်တာများအပေါ် ချမှတ်ထားလျှင် ထိုကန်ထရိုက်တာက ယင်း၏ တာဝန်ကို ကျေပွန်စွာ မဆောင်ရွက်နိုင်လျှင် ဖြစ်လာမည့် အန္တရာယ်များကို ဆန်းစစ်ထားပါ။ စီမံကိန်းနှင့် ဒေသခံများအကြားက ဆက်ဆံရေးများကို ထိခိုက်ပွန်းစားနိုင်သောကြောင့် ဖြစ်သည်။ ထိခိုက်နိုင်သည့် အန္တရာယ်များကို ရှာဖွေတွေ့ရှိလျှင် နှင့် (သို့မဟုတ်) ကန်ထရိုက်တာများသည် စွမ်းဆောင်ရည်မရှိကြောင်း တွေ့ရှိရလျှင် စီမံကိန်းကုမ္ပဏီသည် စီမံကိန်း အကောင်အထည်ဖော်မှု စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုနှင့် ကတိကဝတ်များအပေါ် ခြေရာခံမှုတို့အတွက် ကုမ္ပဏီအတွင်းမှစောင့်ကြည့်ထိန်းကျောင်း စီမံခန့်ခွဲမှုကို ဆက်လက်ထိန်းထားရန် အကြံပြုလိုပါသည်။ |

## BAKU–TBLISI–CEYHAN ပိုက်လိုင်းစီမံကိန်း – ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးယန္တယား

ရပ်ရွာလူထုနှင့်ဆက်ဆံရေးများအပေါ် စီမံခန့်ခွဲရာတွင် မရှိမဖြစ်သောအစိတ်အပိုင်းတစ်ရပ်မှာ ထိရောက်ပြီး ကောင်းမွန်စွာအလုပ်ဖြစ်သော ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးယန္တယားတစ်ရပ်ထားရှိခြင်းပင်ဖြစ်သည်။ BTC ပိုက်လိုင်းစီမံကိန်းတွင် ကုမ္ပဏီသည် စီမံကိန်းနှင့် ပတ်သက်သော တိုင်စာများကို စီမံခန့်ခွဲရန် စီမံကိန်းကြောင့် ထိခိုက်မည့် နိုင်ငံ ၃ နိုင်ငံ (အဇာဘိုင်ဂျန်၊ ဂျော်ဂျီယာနှင့် တူရကီ) အတွက် နိုင်ငံတစ်နိုင်ငံလျှင် တိုင်ကြားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်တစ်ရပ် သီးသန့်စီ ချမှတ်ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များမှာ (၁) တိုင်စာတစ်စောင် တိုင်ကြားရန် ထိခိုက်နစ်နာရသူများ လက်လှမ်းမီနိုင်သော ရိုးရှင်းလွယ်ကူသောနေရာများထားပေးရန် သို့မဟုတ် စီမံကိန်းလုပ်ကိုင်စဉ်ကာလတွင် ဖြစ်ပေါ်လာနိုင်သော မည်သည့်အငြင်းပွားမှုကိုမဆို ဖြေရှင်းပေးရန်၊ (၂) သင့်တော်သော၊ နှစ်ဖက် အပြန်အလှန်လက်ခံနိုင်သော၊ ပြုပြင်တည့်မတ်ရေး လုပ်ဆောင်ချက်များကို ဖော်ထုတ်သတ်မှတ်အကောင်အထည်ဖော်စေရန်နှင့် (၃) တိုင်ကြားသူများသည် ပြုပြင်တည့်မတ်ပေးသော လုပ်ဆောင်ချက်၏ ရလဒ်များအပေါ် ကျေနပ်နှစ်သိမ့်မှုရရှိခဲ့ကြောင်း အတည်ပြုနိုင်ရန် တို့ဖြစ်သည်။ ထို့အပြင် BTC တည်ဆောက်ရေးကန်ထရိုက်တာများကလည်း ထိုတိုင်ကြားနိုင်သော လုပ်ငန်းစဉ်နှင့်အပြိုင် နစ်နာမှုများ၊တိုင်ကြားမှုကို လက်ခံဆောင်ရွက်ပေးသည့် ကိုယ်ပိုင်လုပ်ငန်းစဉ်တစ်ရပ်စီ ထူထောင်ဆောင်ရွက်ခဲ့သည်။

BTC စီမံကိန်း၊ တိုင်ကြားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တစ်ရပ်၏ အဓိကအချက်အချို့တွင် အောက်ပါတို့ပါဝင်သည် –

- ရပ်ရွာလူထုဆက်ဆံရေးအရာရှိများသည် စီမံကိန်းနေရာတွင် အခြေစိုက်၍ တိုင်စာများလက်ခံခြင်းနှင့် ဖြေရှင်းပေးရန် ပေါင်းစပ်ညှိနှိုင်းခြင်းများအတွက် တာဝန်ရှိသည်။
- "တိုင်စာမှတ်တမ်း" တစ်စောင်ထားရှိပြီး တိုင်စာတစ်ခုချင်းအလိုက် အရေးယူဆောင်ရွက်ပေးခဲ့ပုံနှင့် တိုင်ကြားသူအား ပြန်လည်ဖြေရှင်းခဲ့ပုံများကို မှတ်တမ်းတင်သည်။
- တိုင်စာအားလုံးအတွက် ပြန်လည် ဖြေရှင်းချိန် ၂ ပတ်ဖြစ်သည်။ (တိုင်စာတစ်စောင်ကို ဖြေရှင်းရန် အဆိုပြုလုပ်ဆောင်ချက်များစွာ ဆောင်ရွက်ရမည်ဆိုလျှင်ပင် ဖြစ်သည်။)
- တိုင်စာအားလုံးကို စာဖြင့်ရေးသား အကြောင်းပြန်သည် (သို့မဟုတ် အခြေအနေပေးလျှင် နှုတ်ဖြင့် အကြောင်းပြန်သည်)။
- တိုင်စာအပေါ် ဖြေရှင်းမှုသည် ကျေနပ်ဖွယ်ရာမရဘဲ ညှိနှိုင်းဆွေးနွေး မရနိုင်လျှင် စီမံကိန်းတည်ရှိရာနိုင်ငံ၏ ဥပဒေအရ တရားစွဲဆို မှုအကြိုစေ့စပ်ဆွေးနွေးမှုလုပ်ငန်းစဉ်နှင့် တရားစွဲဆို ဖြေရှင်းကြသည့် လုပ်ငန်းစဉ်များသို့ ဦးလှည့်နိုင်သည်။
- လူထုဆက်ဆံရေးခေါင်းဆောင်အရာရှိသည် အပတ်စဉ်နှင့် လစဉ်အစီရင်ခံစာများ ရေးသားပြုစုတင်ပြရသည်။ ထိုအစီရင်ခံစာများတွင် တိုင်စာအရေအတွက်နှင့် ထိုတိုင်စာများ၏ အခြေအနေ၊ နိုင်ငံတစ်နိုင်ငံစီတွင် ရှိနေသော BTC စီမံကိန်းဆိုင်ရာ လူထုဆက်ဆံရေးမန်နေဂျာများထံသို့ ပေးပို့တင်ပြထားသော ဖြေရှင်းရန် ကျန်ရှိနေသေးသည့်ကိစ္စရပ်များအကြောင်း အသေးစိတ် ပါရှိသည်။

တည်ဆောက်ရေးကာလတွင် BTC သည် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများထံမှ လက်ခံရရှိခဲ့သော တိုင်စာအရေအတွက်များစွာကို အချိန်နှင့်တစ်ပြေးညီ ဖြေကြားနိုင်ရေး စီမံခန့်ခွဲရန် အချို့နေရာများတွင် ယင်းတို့၏ လူထုဆက်ဆံရေးအရာရှိ အရေအတွက်ကို တောက်လျှောက်တိုးမြှင့်ပေးခဲ့ရသည်။ ထိုဖြစ်ရပ်မှ ရရှိခဲ့သည့် အထွေထွေသင်ခန်းစာတစ်ရပ်မှာ ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးမှုကို တောက်လျှောက်ဆောင်ရွက်ပေးနေခဲ့သော်လည်း တိုင်စာများစွာ တက်လာနိုင်သေးသည် ဟူသည့်အချက်ဖြစ်သည်။ စီမံကိန်းကုမ္ပဏီများနှင့် ကန်ထရိုက်တာများသည် ထိုဖြစ်နိုင်ခြေအတွက်လည်း ပြင်ဆင်ထားရန်လိုအပ်သည်။ လိုအပ်လျှင် နောက်ထပ်ကျွမ်းကျင်ဝန်ထမ်းများ ထပ်မံခန့်ထားနိုင်ရန်လည်း ပြင်ဆင်ထားရန် လိုအပ်သည်။

*Source: "The BTC Pipeline Project: "Lessons of Experience," (IFC) September 2006 available at www.ifc.org/envirolessons*

## လေးထောင့်ကွက် ၁၃။ ပင်မတည်ဆောက်ရေး ကန်ထရိုက်တာများကို ရွေးချယ်ရန် ကြိုတင်အရည်အချင်းစစ် အကဲဖြတ်မှုစံနှုန်းများ

**တင်ဒါနှင့်ဆိုင်သော အသေးစိတ်အချက်အလက်များ ဖော်ပြသည့် စာရွက်စာတမ်း (Bid Data Sheet)** တွင် အောက်ပါ တောင်းဆိုချက်များ ထည့်သွင်းထားပါ –

- စီမံခန့်ခွဲမှုစနစ်များ လိုက်နာဆောင်ရွက်ကြောင်း အသိအမှတ်ပြုလွှာများနှင့် အခြားသော လူမှုဆိုင်ရာနှင့် အလုပ်သမားစံနှုန်းများကို လေးစားလိုက်နာကြောင်း အထောက်အထားများ (ဥပမာ – ISO, SA စသည်ဖြင့်)
- လူမှုဆိုင်ရာနှင့် ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှု မူဝါဒ
- အောက်ပါနယ်ပယ်များတွင် သင့်တော်သည့် အရည်အချင်းရှိ မန်နေဂျာများနှင့် ဝန်ထမ်းအရေအတွက်များ– ဒေသန္တရဝယ်ယူဖြည့်တင်းရေးကို စီမံခန့်ခွဲခြင်း၊ လူထုဆက်ဆံရေး၊ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းပေးခြင်း/အလုပ်သင်အဖြစ် လုပ်ကိုင်ခြင်းနှင့် ဒေသန္တရစီးပွားရေးအထောက်အကူ
- ဝန်ထမ်းများကို သင်တန်းပေးမှုများနှင့် လူထုဆက်ဆံရေးဆိုင်ရာမှတ်တမ်းများ
- စီမံကိန်းကြီးများတွင် လူထုဆက်ဆံရေးမန်နေဂျာတစ်ဦး

တည်ဆောက်ရေးကာလတွင် ကန်ထရိုက်တာသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို စီမံခန့်ခွဲနိုင်စွမ်း ရှိ၊ မရှိ သိရှိနိုင်ရန် ရေးသားပြုစုထားသည့် မေးခွန်းလွှာတစ်စုံကိုလည်း အဆိုပြုတင်ပြမှုထဲတွင် ထည့်သွင်းတင်ပြရန် ထည့်ထားပေးပါ။ ထိုမေးခွန်းလွှာတွင် ဥပမာအားဖြင့် အောက်ပါ မေးခွန်းများ ပါဝင်သည် –

- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုလျှော့ချရေးအစီအမံများသည် စာချုပ်စည်းကမ်းအရ ကန်ထရိုက်တာက ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်လျှင် (အဆိုပါ ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသောကိစ္စများကို အဓိကထား) ကိုင်တွယ်ဆောင်ရွက်မှုကို ကန်ထရိုက်တာအနေနှင့် မည်သို့ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြပါ
- ထိခိုက်နစ်နာနိုင်ခြေရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအပေါ် စီမံခန့်ခွဲမှု အတွေ့အကြုံများ
- ဝန်ထမ်းခန့်ထားရေး အတွေ့အကြုံများ (အလှည့်ကျစနစ်ဖြင့် တာဝန်ထမ်းဆောင်စေခြင်းအပါအဝင်)၊ အလုပ်သမားစခန်း စီမံခန့်ခွဲမှု၊ ဒေသန္တရဝယ်ယူဖြည့်တင်းမှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်တန်းပေးခြင်း
- တည်ဆောက်ရေးလုပ်ငန်းများကြောင့် ဆိုးဝါးစွာ ထိခိုက်နစ်နာရသည့် ရပ်ရွာလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဒေသန္တရဝယ်ယူဖြည့်တင်းမှုအခွင့်အလမ်းများ တိုးတက်အောင်စီမံပေးခြင်း စသည့် သီးသန့်အတွေ့အကြုံများ
- ဒေသတွင်းအဆင့် လက်အောက်ခံကန်ထရိုက်တာများနှင့် ဒေသန္တရအဆင့် ပစ္စည်းပေးသွင်းသူများ၏ စွမ်းဆောင်ရည်များ တိုးတက်လာစေရန် ကန်ထရိုက်တာက ယခင်ဆောင်ရွက်ပေးခဲ့ဖူးသည့် အတိုင်းအတာ

*Source: Shell international,"Social Performance during Construction, Management Social Performance" Guidance Note.*

## ဇယား ၂။ တည်ဆောက်ရေးကာလတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ စိုးရိမ်ပူပန်လေ့ရှိသည့်ကိစ္စများ

| အကြောင်းအရာ | စိုးရိမ်ပူပန်လေ့ရှိသည့် ကိစ္စများ |
| --- | --- |
| မြေသိမ်းယူခြင်း | • ဆန္ဒမပါဘဲ ရွှေ့ပြောင်းနေရာချထားခြင်း {ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာနှင့်(သို့မဟုတ်) စီးပွားရေးဆိုင်ရာ ရွှေ့ပြောင်းနေရာချထားမှု}<br>• ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများ ဆုံးရှုံးခြင်းနှင့် အသက်မွေးဝမ်းကြောင်း ထိခိုက်မှုများ<br>• လျော်ကြေးကိစ္စများ |
| အသက်မွေးဝမ်းကြောင်း ရင်းမြစ်များ | • အဓိကကျသော ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝအရင်းအမြစ်များ ဖြစ်ကြသည့် စိုက်ပျိုးမြေ၊ တောရိုင်းတိရိစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ၊ နေရင်းဒေသများ၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ ငါးသယံဇာတ စသည်တို့ ဆုံးရှုံးခြင်း သို့မဟုတ် လျော့နည်းပြုန်းတီးခြင်း သို့မဟုတ် သွားလာဝင်ထွက်နိုင်မှု ပိုမိုခက်ခဲလာခြင်း |
| ဒေသခံတိုင်းရင်းသားများ | • ယဉ်ကျေးမှုတန်ဖိုးများနှင့် ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများ လျော့နည်းထိခိုက်ခြင်း<br>• ယဉ်ကျေးမှုတန်ဖိုးရှိသော နေရာများ ပျက်စီးခြင်း သို့မဟုတ် ထိုနေရာများသို့ ဝင်ထွက်သွားလာခွင့် ဆုံးရှုံးခြင်း |
| ဇီဝမျိုးစုံမျိုးကွဲ များ | • ဇီဝမျိုးစုံမျိုးကွဲတန်ဖိုး မြင့်မားသည့် အပင်နှင့် သတ္တဝါတို့၏ နေရင်းဒေသများ ဆုံးရှုံးခြင်း<br>• ဆူညံသံများ၊ တုန်ခါမှုများ၊ အလင်းရောင်များနှင့် ယာဉ်အသွားအလာထူထပ်မှု စသည်တို့ကြောင့် တောရိုင်းတိရိစ္ဆာန်များအပေါ်အနှောင့်အယှက်ဖြစ်ခြင်း ဥပမာ– သားပေါက်သည့်ရာသီနှင့် ရွှေ့ပြောင်းသွားလာသည့်ရာသီအတွင်း |
| ရေအရင်း အမြစ်များ | • ကျောက်စရစ်များတူးဖော်ထုတ်လုပ်ခြင်း၊ တူးဖော်ထားသောနေရာများမှ မြေများ တိုက်စားခံရခြင်း၊ တွင်းတူးရာမှ ထွက်လာသော ရွှံ့ကျောက်အနှစ်များ၊ ရေများ စွန့်ထုတ်ခြင်း စသည်တို့ကြောင့် မြေပေါ်မြေအောက်ရေ၏ အရည်အသွေးများ ယုတ်လျော့ခြင်း<br>• ရေရှည်တွင် ရေသယံဇာတအပေါ် ထိခိုက်နိုင်မည့် ရေထုတ်ယူသုံးစွဲသည့်နှုန်းထား၊ ဥပမာ – စက်ပစ္စည်းများကို ဆေးကြောသန့်စင်ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် မိလ္လာအညစ်အကြေးနှင့် အိမ်တွင်းအမှိုက်သရိုက်များကို စွန့်ထုတ်ခြင်း |
| အခြေခံအဆောက်အအုံ ပိုင်ဆိုင်မှု အတိုင်းအတာ | တည်ဆောက်ရေးလုပ်ငန်းများကြောင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ သို့မဟုတ် ရွှေ့ပြောင်းလုပ်သားအလုံးအရင်း နှင့် ဝင်ရောက်လာမှုကြောင့် ဒေသအတွင်း သို့မဟုတ် ကျေးရွာအဆင့် အခြေခံအဆောက်အအုံများက လက်ခံဝန်ဆောင်မှုပေးနိုင်သည့် အတိုင်းအတာကိုပျက်စီးစေခြင်းနှင့် ထိုဝန်ဆောင်မှုကို သုံးစွဲနေသော ဒေသခံများ ထိခိုက်နစ်နာမှုရှိခြင်း။ ဥပမာ –<br>• လမ်းများ သို့မဟုတ် ရေကြောင်းသွားလာရေးလမ်းကြောင်းများကို အလွန်အကျွံသုံးစွဲလိုက်သောကြောင့် ထိုလမ်း၏အရည်အသွေးထိခိုက်ပျက်စီးခြင်း သို့မဟုတ် သုံးစွဲနိုင်မှုအတိုင်းအတာလျော့နည်းကျဆင်းခြင်း<br>• ပို့ဆောင်ရေး၊ တယ်လီဖုန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေ၊ ရေဆိုးသန့်စင်မှုနှင့် အညစ်အကြေးစွန့်ပစ်မှုစသည့် ဝန်ဆောင်မှုများကို အလွန်အမင်း လိုအပ်လာသောကြောင့် သက်ဆိုင်ရာ ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီများက လူတိုင်းကို ဝန်ဆောင်မှုပေးနိုင်စွမ်းမရှိ ဖြစ်လာခြင်း<br>• ဒေသန္တရ ကျန်းမာရေးစောင့်ရှောက်မှုများကို မနိုင်မနင်းဖြစ်လာခြင်းနှင့် အသုံးပြုသူက ပေးရသည့် စရိတ်များ ကြီးမြင့်လာခြင်း |
| စွန့်ပစ်ပစ္စည်းများ | • စွန့်ပစ်ပစ္စည်းများ သယ်ယူပို့ဆောင်မှုတွင် မတော်တဆ ထိခိုက်မှုများ ၊ ဥပမာ– ရေနံ သို့မဟုတ် ဓာတုပစ္စည်း ယိုဖိတ်မှုကြောင့် ကျန်းမာရေးထိခိုက်မှုများ<br>• အန္တရာယ်ရှိသောနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများကို သန့်စင်သောစနစ် မထိရောက်ခြင်း |
| စိတ်အနှောင့်အယှက်ပေးသော ထိခိုက်မှု များ | • ဆူညံသံများ၊ ဖုန်မှုန့်များ၊ လေထုအတွင်းသို့ အခိုးအငွေ့ထုတ်လွှတ်မှုများ၊ ယာဉ်အန္တရာယ်များ၊ ညစ်ညမ်းမှု၊ အလွန်အမင်းအလင်းရောင်ထိုးမှု စသည့် အနှောင့်အယှက်ဖြစ်စေသော သက်ရောက်မှုများနှင့် လူ့ကျန်းမာရေးကို ဆိုးကျိုးဖြစ်စေသော အရာများ |

## ဇယား ၂။ တည်ဆောက်ရေးကာလတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ စိုးရိမ်ပူပန်လေ့ရှိသည့်ကိစ္စများ – အဆက်


| အကြောင်းအရာ | စိုးရိမ်ပူပန်လေ့ရှိသည့် ကိစ္စများ |
|---|---|
| အလုပ်သမားများနှင့် ယာယီစခန်းများ | • နိုင်ငံတကာဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များကို ချိုးဖောက်သည့် အလုပ်သမားစံနှုန်းများ<br>• အလုပ်သမားယာယီစခန်းတွင် နေထိုင်သော အလုပ်သမားများက ဒေသခံလူထုအပေါ် လက်မခံနိုင်သော အပြုအမူများ ပြုလုပ်ခြင်း<br>• ဒေသခံလူထု၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို မလေးမစားပြုသည့်ကိစ္စများနှင့် ပြည့်တန်ဆာလုပ်ငန်းကို အားပေးခြင်း<br>• ကူးစက်နိုင်သော ရောဂါများ (လိင်ဆက်ဆံမှုမှတဆင့် ကူးစက်တတ်သောရောဂါ၊ ခုခံအားကျဆင်းသည့်ရောဂါ) နှင့် ဒေသတွင်ရှိနိုင်သော (ငှက်ဖျား၊ တီဘီ စသည့်) ရောဂါများ ကူးစက်ပြန့်ပွားခြင်း |
| လူမှုစီးပွားဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ | • ဒေသခံများမျှော်မှန်းထားသောအလုပ်အကိုင်အခွင့်အလမ်းများကိုအကောင်အထည်ဖော်မပေးခဲ့ခြင်း<br>• ပြင်ပမှာခေါ်ယူလာသောအလုပ်သမားများထက် ဒေသခံများ လိုချင်သော လစာနှုန်း /မျှော်မှန်းချက်များက ပိုမိုမြင့်မားနေ၍ ဒေသခံများအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံးလာခြင်း<br>• ရွှေ့ပြောင်းလုပ်သားများ အလုံးအရင်းနှင့် ဝင်ရောက်လာမှုကြောင့် စီးပွားရေး နေရာပြောင်းရွှေ့ရခြင်း၊ ဒေသခံများ၏ ဝယ်ယူနိုင်စွမ်းများ ဆုံးရှုံးခြင်းနှင့် ရာဇဝတ်မှု၊ အရက်သေစာသောက်စားမှု၊ လောင်းကစားမှု၊ ပြည့်တန်ဆာမှု ၊ လိင်ဆက်ဆံမှုမှ ကူးစက်တတ်သော ရောဂါများ စသည့် လူမှုရေးပြဿနာများ<br>• ဒေသခံလူထုနှင့် ရွှေ့ပြောင်းလုပ်သားများအကြား တင်းမာမှုများနှင့် ရပ်ရွာလူထုအတွင်းနှင့် ရပ်ရွာတစ်ခုနှင့်တစ်ခုအကြားတွင် ပြိုင်ဆိုင်မှုများသည် အကြမ်းဖက်မှု ဖြစ်နိုင်ခြေသို့ ဦးတည်လာခြင်း<br>• တည်ဆောက်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်စဉ် ရရှိသည့် လစာအဆင့်အတန်းသည် ဈေးကွက်တွင် သမားရိုးကျလုပ်ငန်းများ (ဥပမာ–စိုက်ပျိုးရေးလုပ်ငန်းလစာ)နှင့် ယှဉ်လျှင် မြင့်မားနေခြင်းသည် “လုပ်သားအင်အား စီးဆင်းမှု”ကို ဖြစ်စေသည်။ ဒေသ၏ အဓိကလုပ်ငန်းများ ဥပမာ – စိုက်ပျိုးရေး၊ မွေးမြူရေး ၊ ခရီးသွားလာရေး စသည်တို့တွင် ဆက်လက်ရင်းနှီးမြှုပ်နှံ ထိန်းသိမ်းလုပ်ကိုင်မှုများ သွယ်ဝိုက်ကျဆင်းလာခြင်း<br>• သဘာဝသယံဇာတ ရှားပါးလာမှုကြောင့် အစားအစာ ဈေးနှုန်းများ၊ အိမ်ရာဈေးနှုန်းများ၊ ဝန်ဆောင်မှုများ၏ ဈေးနှုန်းများ ကြီးမြင့်လာခြင်း သို့မဟုတ် ပဋိပက္ခများ ဖြစ်ပေါ်လာခြင်း<br>• တည်ဆောက်ရေးကာလနောက်ပိုင်းတွင် တစ်ဆင့်ခံ ကန်ထရိုက်တာများက လုပ်သားအင်အား လျှော့ချဖြုတ်တောက်ခြင်း (အလုပ်သမားများအပေါ် ဆိုးကျိုးသက်ရောက်မှုများ) |



# လုပ်ငန်းလည်ပတ်ရေးကာလ

## အလေ့အကျင့်ကောင်းများအတွက် အကြံဉာဏ်များ

- တည်ဆောက်ရေးကာလမှ လုပ်ငန်းလည်ပတ်ရေးကာလသို့ အသွင်ကူးပြောင်းမှုကို စီမံခန့်ခွဲပါ။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သော သတင်းအချက်အလက်ကို ပုံမှန်ပြန်လည် သုံးသပ်၍ နောက်ဆုံးရအချက်အလက်များနှင့်မွမ်းမံ ပြင်ဆင်ပါ။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ သဘောထားအမြင်များကို ဆန်းစစ်နိုင်သည့်နည်းလမ်းများ စဉ်းစားပါ။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကို လိုအပ်သလို ဆက်လက်ဆက်သွယ်၍ သတင်း အချက်အလက်များထုတ်ပြန်အသိပေး၊တိုင်ပင်ဆွေးနွေး၊တင်ပြပါ။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သည့် လက်ရှိဆောင်ရွက်ဆဲ ကတိကဝတ်များကို စီမံကိန်း မောင်းနှင်လည်ပတ်မှု စီမံခန့်ခွဲသည့် စနစ်များထဲသို့ ပေါင်းစပ်မှုစေရေး ဆောင်ရွက်ပါ။
- အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များကို ပုံမှန် ဆက်သွယ်ဆောင်ရွက်ပါ။
- သင်၏ တိုင်ကြားမှု ဖြေရှင်းရေး ယန္တယား ဆက်လက်အလုပ်ဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ပါ။
- စီမံကိန်းကြောင့် အများပါဝင်သော သို့မဟုတ် တတိယ ပုဂ္ဂိုလ်/အဖွဲ့အစည်းက စောင့်ကြပ်ကြည့်ရှု စစ်ဆေးသော အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် စဉ်းစားပါ။
- အငြင်းပွားဖွယ်ရာ စီမံကိန်းများအတွက် လွတ်လပ်အမှီအခိုကင်းသော စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အဖွဲ့တစ်ရပ် ထူထောင်ထားရန် စဉ်းစားပါ။




**တည်ဆောက်ရေးကာလမှ လည်ပတ်ရေးကာလသို့ ကူးပြောင်းရာ၌** အပြောင်းအလဲများစွာ ဖြစ်ပေါ်လာလေ့ရှိသည်။ ရုပ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုလုပ်ငန်း အမြင့်မားဆုံးရှိခဲ့ပြီး ထိခိုက်သက်ရောက်နိုင်ခြေ အများဆုံးဖြစ်သော တည်ဆောက်ရေးကာလပြီးဆုံးပြီဖြစ်ရာ သာမန်အားဖြင့် တိုင်ကြားစာအရေအတွက်လည်း လျော့နည်းလာနိုင်သလို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် အကြိမ်အရေအတွက်လည်း လျော့နည်းလာနိုင်သည်။ ယင်းနှင့်အတူ ကုမ္ပဏီ၏ဝန်ထမ်းအင်အားနှင့် ကန်ထရိုက်တာ၏ လုပ်သားအင်အားများလည်း လျော့ကျသွားသည်။ (ကန်ထရိုက်တာများအပါအဝင်) ဝန်ထမ်း အပြောင်းအရွှေ့များသည် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် လက်ရှိထူထောင်ထားသည့် ဆက်ဆံရေးများ အပေါ် ဆိုးဆိုးရွားရွား ထိခိုက်နိုင်၍ ထို**ဆက်ဆံရေးများ ဆက်လက်ခိုင်မြဲနေစေရန်** ဝန်ထမ်းအပြောင်းအရွှေ့များကို ဂရုတစိုက် စီမံခန့်ခွဲရန် လိုအပ်သည်။

ပြင်ပမှ ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်သည့် နေ့စဉ်လုပ်ဆောင်ချက် သို့မဟုတ် ပုံမှန်အစီအစဉ်များ သို့မဟုတ် အရေးပေါ်အခြေအနေများတွင် ချိတ်ဆက်ဆောင်ရွက်ရသည့်ကိစ္စဟူ၍ မည်သို့ရှိစေကာမူ အဆိုပါ ချိတ်ဆက်ဆောင်ရွက်မှုကို စီမံကိန်းလည်ပတ်ရန် တာဝန်ယူစီမံခန့်ခွဲမှုလုပ်ငန်း၏ အဓိကအစိတ်အပိုင်းအဖြစ် ရှုမြင်သင့်သည်။ စီမံကိန်း၏ သဘောသဘာဝနှင့် အရွယ်အစားပေါ်မူတည်၍ ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုသည် ကုမ္ပဏီအတွင်းမှ လုပ်ငန်းရပ်များ၊ ဌာနအသီးသီး၏ လုပ်ဆောင်မှုများနှင့် ဆက်စပ်နေနိုင်သည်။ ထို့ကြောင့် (စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို) လက်ရှိ စီမံခန့်ခွဲမှုစနစ်များဖြစ်ကြသည့် ကျန်းမာရေး၊ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝယ်ယူ ဖြည့်တင်းမှုနှင့် ကန်ထရိုက်တာစီမံခန့်ခွဲမှု၊ သယ်ယူထောက်ပို့လုပ်ငန်းများအပေါ် စီမံခန့်ခွဲမှု၊ စီမံကိန်းနေရာ သို့မဟုတ် စက်ရုံအားစစ်ဆေးခြင်းနှင့် စာရင်းစစ်ဆေးခြင်းများကို ပြင်ပနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ လုံခြုံရေးဆိုင်ရာ စဉ်းစားမှုများနှင့် စီမံကိန်း၏ ထိခိုက်ဆုံးရှုံးနိုင်ခြေများ စီမံခန့်ခွဲမှုတို့ အတွင်းသို့ ပေါင်းစပ်ထားသင့်သည်။

ESIA အစီရင်ခံစာ ရေးသားပြုစုပြီးသော စီမံကိန်းများတွင် ပတ်သက်ဆက်နွှယ်သူများနှင့် တည်ဆောက်ရေး ကာလအတွင်း ချိတ်ဆက် ဆောင်ရွက်မှုကို တစ်ခါတစ်ရံ၌ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်အောက်တွင် ဖော်ပြထားသော ကတိကဝတ်များကို ကုမ္ပဏီက လိုက်နာခြင်း ရှိ၊ မရှိ ပုံမှန် စာရင်းစစ်ဆေးခြင်းမျှနှင့်သာ ကန့်သတ်ထားသည်။ ဤနေရာတွင် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်သက်ရောက်မှုများအပေါ် ကြိုတင်ခန့်မှန်းချက်များ၏ တိကျသေချာမှုနှင့် ထိခိုက်မှုလျှော့ချရေးနှင့် လျော်ကြေးပေးရေး အစီအမံများ၏ ထိရောက်မှု (၂) ခုစလုံး ခိုင်မာများကို အတည်ပြုရန် လိုအပ်သည်။ ကျွမ်းကျင်သူအဖွဲ့၊ တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ ထိုသို့ပြုလုပ်ရာတွင် ရပ်ရွာလူထုပါဝင်ခြင်း၊ ကုမ္ပဏီ၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာလုပ်ဆောင်မှုများကိုဆက်သွယ်တင်ပြခြင်းတို့သည် စီမံကိန်းလည်ပတ်ရေးကာလတွင် ထိရောက်သော စီမံခန့်ခွဲမှုကို အားကောင်းစေသော ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သော ပုံစံများပင် ဖြစ်သည်။

အချို့စီမံကိန်းများ ၊ ဥပမာ – ဒေသခံလူထု၊ အစိုးရအာဏာပိုင်အဖွဲ့အစည်းများ၊ အထူးစိတ်ဝင်စားသော အုပ်စုများနှင့် **ရေရှည်ထိရောက်သော ဆက်ဆံရေးများ ထူထောင်ထားရန်**လိုအပ်သည့် စီမံကိန်းအချို့တွင် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို ထိခိုက်မှုလျှော့ချခြင်းဆိုသည်ထက်ပင် ကျော်လွန်ဆောင်ရွက်သင့်သည်။ ကုမ္ပဏီသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူ အုပ်စုအသစ်များနှင့် လိုက်လျောညီထွေ ဆက်ဆံဆောင်ရွက်ရပြီး ယင်းတို့၏ စိုးရိမ်ပူပန်မှုများကလည်း ပြောင်းလဲနေလျှင် ပိုမိုအပြောင်းအလဲမြန်သော လုပ်ငန်းစဉ်တစ်ရပ်လိုအပ်နိုင်သည်။ စီမံကိန်းကာလတလျှောက်လုံး ထိရောက်သော ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများနှင့် ယန္တယားများကို ထားရှိပေးရန် လိုအပ်နိုင်သည်။

| လုပ်ဆောင်ချက် | လမ်းညွှန်ချက်အသေးစိတ် |
| --- | --- |
| **တည်ဆောက်ရေးကာလမှ လုပ်ငန်းလည်ပတ်ရေး ကာလသို့ အသွင် ကူးပြောင်းမှုကို စီမံခန့်ခွဲပါ** | တည်ဆောက်ရေးကာလမှ လုပ်ငန်းလည်ပတ်သည့်ကာလသို့ အသွင်ကူးပြောင်းစဉ် ဝန်ထမ်းများ အလုပ်ထွက်မှုနှင့် အခြားသော ဝန်ထမ်းအပြောင်းအရွှေ့များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားသောကြောင့် စီမံကိန်းဝန်ထမ်းများနှင့် ဒေသခံများအကြား ရရှိထားသောဆက်ဆံရေးများနှင့် သိနားလည်ထားသော ဗဟုသုတများကို ထိခိုက်ပွန်းစားမည့် အန္တရာယ်များ ဖြစ်စေသည်။ ထိုအချိန်တွင် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းနိုင်စေရန် ဝိုင်းဝန်းကြိုးပမ်းမှု မပြုလျှင် တည်ဆောက်ထားသော ဆက်ဆံရေးများနှင့် သိနားလည်ထားသော ဒေသဗဟုသုတများ ဆုံးရှုံးသွားနိုင်သည်။ ဆိုလိုသည်မှာ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေးထူထောင်ထားသော ယခင် လူမှုဆက်ဆံရေး အရာရှိများ ကိုပင် ဆက်လက်ထားရှိရန်ဖြစ်သည်။ သို့မဟုတ် ကုမ္ပဏီအတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေးနှင့် စပ်လျဉ်း၍ ဒေသခံများနှင့် မိတ်ဆက်ရန်နှင့် ဗဟုသုတ အတွေ့အကြုံများ လွှဲပြောင်းမျှဝေပေးမှုများအဆင်ပြေစေရန်စီမံကိန်းမှထွက်သွားမည့်အဖွဲ့နှင့်ဝင်လာမည့်အဖွဲ့တို့အကြား အနည်းဆုံးအားဖြင့် တာဝန်လွှဲပြောင်းမှုကို သေသေချာချာ စီစဉ်ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်း လည်ပတ်ရေးကာလသို့ ကူးပြောင်းသည့် အချိန်သည် ဒေသခံများအတွက် မသေချာမှုများ ခံစားရစေသည့် အချိန်ဖြစ်နိုင်သည်ဆိုသည်ကို ဂရုပြုပါ။ ထို့ကြောင့် မည်သည့်အပြောင်းအလဲများ ရှိလာနိုင်ကြောင်းနှင့် ထိုအပြောင်းအလဲသည် သက်ရောက်မှုတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေနိုင်လျှင် မည်သည့် သက်ရောက်မှုများ ရှိနိုင်ကြောင်း ဒေသခံများအား ကြိုတင်ဆက်သွယ်အသိပေးထားရန် လိုအပ်သည်။ |
| **စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ နှင့်ဆိုင်သော သတင်းအချက် အလက်ကို ပုံမှန် ပြန်လည်သုံးသပ်၍ နောက်ဆုံးရ အချက်အလက် များနှင့် မွမ်းမံ ပြင်ဆင်ပါ။** | ကာလရှည်ကြာသော စီမံကိန်းသို့မဟုတ် အချိန် ကာလအားဖြင့် တိတိကျကျ မသတ်မှတ်ထားသော စီမံကိန်းများတွင် ပတ်သက်ဆက်နွှယ်သူများနှင့်ဆိုင်သော သတင်းအချက်အလက်များကို အချိန်ကြာလာသည်နှင့်အမျှ ပြန်လည်သုံးသပ်၍ နောက်ဆုံးရ အချက်အလက်များနှင့် မွမ်းမံပြင်ဆင်မှသာ အဓိပ္ပာယ်ရှိနိုင်သည်။ အထူးသဖြင့် အုပ်စုသစ်များ ထွက်ပေါ်လာခြင်း သို့မဟုတ် လက်ရှိအုပ်စုအများ အပေါ် ဩဇာလွှမ်းမိုးမှု /သက်ရောက်မှုများ ပြောင်းသွားခြင်း စသည့် ပြင်ပ ပတ်ဝန်းကျင်အခြေအနေပေါ် သိသာထင်ရှားသော အပြောင်းအလဲများဖြစ်လျှင် ထိုသို့ပြင်ဆင်သင့်သည်။ ပြန်လည်ဆန်းစစ်မှုတစ်ရပ် ပြုလုပ်ရေး အစပျိုးပေးနိုင်ခြေရှိသော အချက်များတွင် အောက်ပါတို့ပါဝင်သည် –<br>● တစ်နိုင်ငံလုံးနှင့် ဆိုင်သော ရွေးကောက်ပွဲများ သို့မဟုတ် ဒေသန္တရရွေးကောက်ပွဲများ၏ ရလဒ်များကြောင့် ပုဂ္ဂလိကကဏ္ဍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအပေါ် သဘောထားအမြင်များ ပြောင်းလဲခြင်း<br>● စီမံကိန်းကြောင့် မဟုတ်သည့် ဆိုးရွားသော လူမှုစီးပွားဆိုင်ရာ အခြေအနေအပြောင်းအလဲများ၊ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် အခြားသောဖွံ့ဖြိုးတိုးတက်မှုများသည် စီမံကိန်းကြောင့် အကျိုးမဲ့ခြင်းခံစားရသော အင်အားနည်းထိခိုက်လွယ်သူများ၏ အတိဒုက္ခအခြေအနေများကို ပိုမိုဆိုးရွားစေနိုင်သည်။<br>● ဒေသန္တရစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို ခွင့်ပြုချက်ချပေးခြင်းဖြင့် စီမံကိန်းတည်ရှိရာဒေသသို့ စက်ရုံ၊ အလုပ်ရုံအသစ်များအား ရောက်လာနိုင်ခြေရှိခြင်းနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအပေါ် ဆင့်ကဲပေါင်းစပ် သက်ရောက်မှုများ နှင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာနိုင်ခြေအန္တရာယ် |
| **စီမံကိန်းနှင့် ပတ်သက် ဆက်နွှယ်သူများ၏ သဘောထား အမြင်များကို လေ့လာ သုံးသပ်နိုင်သည့် နည်းလမ်းများ စဉ်းစားပါ။** | ကုမ္ပဏီအပေါ် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ သဘောထားအမြင်များသည် ကုမ္ပဏီ၏ လက်တွေ့လုပ်ဆောင်ချက်များကို အမြဲ ထင်ဟပ်ခြင်းမရှိပါ။ အချက်အလက်အရ မတိကျသော်လည်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ သဘောထားအမြင်များသည် စီမံကိန်း၏ လုပ်ဆောင်ချက်နှင့် ဂုဏ်သိက္ခာတို့နှင့် ဆက်စပ်နေနိုင်သည်။ အကြောင်းမှာ ထိုသဘောထားအမြင်များက ရုပ်ပိုင်းဆိုင်ရာ ဖြေရှင်းဆောင်ရွက်ပေးမှုတစ်ခုဖြစ်လာရန် တွန်းအားပေးနိုင်သောကြောင့် ဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ကုမ္ပဏီ၏ ဆက်ဆံရေးများကို စီမံခန့်ခွဲနိုင်ရန် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ သဘောထားအမြင်စစ်တမ်းများကို လွတ်လပ်အမှီအခိုကင်းစွာ ကောက်ယူ ဆန်းစစ်ခြင်းနည်းလမ်းသည် ကုမ္ပဏီအတွက် အသုံးဝင်သော နည်းလမ်းတစ်ရပ်ဖြစ်နိုင်သည်။ သာမန်အားဖြင့် ထိုစစ်တမ်းသည် အခြေခံမေးခွန်းဖြစ်သော “စီမံကိန်းကုမ္ပဏီသည် ယင်း၏ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ကောင်းမွန်သော၊ ထိရောက်သော ဆက်ဆံရေးတစ်ရပ် ရှိပါသလား” ကို ဖြေဆိုနိုင်ရန် ရေးသားပြုစုထားခြင်းဖြစ်သည်။ ပိုမိုသေးငယ်သော ကုမ္ပဏီများသည် အလွတ်သဘောဆန်သောနည်းလမ်းများကို နှစ်သက်နိုင်သည်။ ဥပမာ – စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ ကိုယ်စားလှယ်များနှင့် ရပ်ရွာလူထုအတွင်း နေထိုင်သော အလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ယင်းတို့ ကိုယ်ပိုင်မေးခွန်းလွှာများကို ထိန်းကွပ်ပေးခြင်း၊ အကြံပြုစာပေးပို့နိုင်သော စာတိုက်ပုံးများ အသုံးပြုခြင်းများဖြစ်သည်။ အခြားသော စစ်တမ်းအမျိုးအစားများ၊ ဥပမာ – လုပ်ငန်းအပ်နှံသူ သို့မဟုတ် သုံးစွဲသူ၏ကျေနပ်မှုကို ဆန်းစစ်သောစစ်တမ်းများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိ ကုမ္ပဏီများသည် ထိုစစ်တမ်းများကို ပိုမိုကျယ်ပြန့်စေရန် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သောအခြားသူများကိုပါ စစ်တမ်းကောက်ယူရာ၌ထည့်သွင်းရန်ဆန္ဒရှိနိုင်သည်။(လေးထောင့်ကွက် ၁၄ ကို ကြည့်ပါ။) |

| လုပ်ဆောင်ချက် | လမ်းညွှန်ချက်အသေးစိတ် |
| --- | --- |
| **စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကို လိုအပ်သလို ဆက်လက်ဆက်သွယ်၍ သတင်းအချက်အလက်များ ထုတ်ပြန်အသိပေး၊ တိုင်ပင်ဆွေးနွေးတင်ပြပါ။** | စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား လက်ရှိစီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးတိုင်ပင်ဆွေးနွေးများ၏ သဘောသဘာဝနှင့် အကြိမ်အရေအတွက်၊ စီမံကိန်းလည်ပတ်ရေးကာလ သာမန်အချိန်များတွင် သတင်းအချက်အလက်များ ပေးပို့တင်ပြခြင်းများတွင်ပါ သက်ရောက်မှုအတိုင်းအတာနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ စိုးရိမ်ပူပန်မှုများနှင့် ချိန်ဆဆောင်ရွက်သင့်သည်။ ဖြစ်နိုင်လျှင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား အောက်ပါအကြောင်းအရာများအတွက် ဆက်လက်ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်သည်။ ဥပမာ – ESIA သို့မဟုတ် အခြားသော ကတိကဝတ်များ အကောင်အထည်ဖော်မှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ အချို့သော ပတ်သက်ဆက်နွယ်သူအုပ်စုများကို သက်ရောက်နိုင်သည့် စီမံကိန်းဒီဇိုင်းနှင့် လည်ပတ်ရေး လုပ်ထုံးလုပ်နည်းများ ပြောင်းလဲခြင်းများ၊ ကြိုတင်မခန့်မှန်းနိုင်သော သက်ရောက်မှုများ သို့မဟုတ် ဖွံ့ဖြိုးမှုများ၊ နှစ်စဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများနှင့် အရေးပေါ်အခြေအနေတွင် တုံ့ပြန်ရေးအစီအစဉ်များ။ (သတင်းအချက်အလက် တင်ပြအစီရင်ခံမှုနှင့်ပတ်သက်၍ ပိုမိုသိရှိလိုလျှင် စာမျက်နှာ ၈၇ မှ ၉၈ အထိကို ကြည့်ပါ။) |
| **စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆိုင်သည့် ဆောင်ရွက်ဆဲကတိကဝတ်များကို စီမံကိန်း လည်ပတ်မှု စီမံခန့်ခွဲသည့် စနစ်များထဲသို့ ပေါင်းစပ်ထည့်သွင်းမှု သေချာအောင် ပြုလုပ်ပါ။** | အထူးသဖြင့် မြေပြင်အဖွဲ့ကို အပြောင်းအရွှေ့ပြုလုပ်ရသည့် အခြေအအနေတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် တည်ဆောက်ထားသည့် ယုံကြည်မှုများ ဆက်လက်ခိုင်မြဲစေရန် ပေးအပ်ထားသော ကတိကဝတ်များကို လည်ပတ်ရေးကာလသို့ ကူးပြောင်းစဉ်အတွင်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် အဓိကကျသည်။ အကူးအပြောင်း စတင်မပြုလုပ်မီ တည်ဆောက်ရေးကာလများတွင် ဖြည့်ဆည်းပေးရန် ကျန်ရှိနေသော ထိခိုက်မှုလျှော့ချရေး ကတိကဝတ်များနှင့် စီမံကိန်းဆိုင်ရာ အကျိုးကျေးဇူးများကိုကုမ္ပဏီအဆိုပြုထားသော သို့မဟုတ် လက်ရှိစီမံခန့်ခွဲမှုနှင့် လုပ်ဆောင်မှုလုပ်ငန်းရပ်များအတွင်းသို့ မည်သို့ပေါင်းစပ်ပေးနိုင်မည်ဆိုသည်ကို စိစစ်ဖော်ထုတ်ပါ။ ဥပမာ – ဂေဟဗေဒဆိုင်ရာ ကာကွယ်ပေးမှုနှင့် ညစ်ညမ်းမှုလျှော့ချရေး ကတိကဝတ်များကို ကုမ္ပဏီ၏ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်အသစ်များ သို့မဟုတ် လက်ရှိစနစ်များထဲသို့လည်းကောင်း၊ လုပ်သားစံနှုန်းဆိုင်ရာ ကတိကဝတ်များကို လူသားအရင်းအမြစ် လုပ်ငန်းရပ်များထဲသို့ လည်းကောင်း၊ ဒေသအတွင်း စီးပွားရေးအကျိုးကျေးဇူးများဆိုင်ရာ ကတိကဝတ်များကို ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းရပ်များထဲသို့လည်းကောင်း ထည့်သွင်းပေါင်းစပ်ပေးနိုင်သည်။ |
| **အရေးပေါ် ဖြစ်ရပ်များအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုအစီအစဉ်များကို ပုံမှန်ဆက်သွယ်ဆောင်ရွက်ပါ။** | အချိန်ကြာလာသည်နှင့်အမျှ၊ နိုးကြားမှု၊ အရေးပေါ်တုံ့ပြန် မှုဆိုင်ရာ ဗဟုသုတများ၊ အရေးပေါ် အခြေအနေတစ်ရပ်တွင် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်နိုင်မှုတို့သည် စီမံကိန်းကြောင့် ထိခိုက်နစ်နာရနိုင်ခြေ ရှိသည့်အုပ်စုများ ဥပမာ–ဝန်ထမ်းများ၊ အစိုးရအာဏာပိုင် အဖွဲ့အစည်းများနှင့် ဒေသခံလူထုတို့အကြားတွင် လျော့နည်းလာနိုင်သည်။ ဤသို့ဖြင့် ကြီးမားသော မတော်တဆဖြစ်မှုတစ်ရပ်၏ နောက်ဆက်တွဲဆိုးကျိုးများသည် အထူးစိုးရိမ်ဖွယ်ရာ ဖြစ်လာနိုင်သည်။ လည်ပတ်ရေးကာလများတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းကို ဆက်လက်ထိန်းထားရန် ဒီဇိုင်းပုံဖော်ထားသင့်သည်။ ဥပမာ – ရပ်ရွာလူထုများ ပါဝင်သည့် (အရေးပေါ် အခြေအနေအတွက်) ဇာတ်တိုက်အစမ်းလေ့ကျင့်မှုများနှင့် ပုံစံတူသရုပ်သကန် ပြုလုပ်ခြင်း၊ လက်ရှိ အရေးပေါ်တုံ့ပြန်ခြင်း လုပ်ထုံးလုပ်နည်းများကို အတူတကွ ပြန်လည်သုံးသပ် မွမ်းမံပြင်ဆင်ခြင်း တို့ဖြစ်သည်။ အများပြည်သူအတွက် အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်လာနိုင်ခြေရှိသော စီမံကိန်းများ၊ ဥပမာ–ပေါက်ကွဲခြင်း၊ အန္တရာယ်ရှိပစ္စည်းများ ယိုဖိတ်ခြင်း၊ ရေကြီးရေလျှံခြင်း စသည်တို့ ဖြစ်နိုင်ခြေရှိသည့် စီမံကိန်းများတွင်၊ စီမံကိန်းကုမ္ပဏီက အောက်ပါတို့ကို ထိရောက်စွာ စီမံခန့်ခွဲတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်သည် –<br>(၁) ဒေသခံလူထုအတွင်း နိုးကြားမှုနှင့် အလေ့အကျင့်ကောင်းများရှိခြင်းသည် ကြီးမားသော မတော်တဆဖြစ်မှု ဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ (၂) ထိခိုက်နစ်နာနိုင်ခြေရှိသူအားလုံးသည် စီမံကိန်းနှင့် ဆက်စပ်နေသည့် အန္တရာယ်များအပေါ်နှင့် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်မှုအစီအစဉ်၏ အဓိကအချက်များအပေါ် အခြေခံသိနားလည်မှုတစ်ရပ် ရှိထားကြရန်ဖြစ်သည်။ (၃) စီမံကိန်းအတွင်းနှင့် ပြင်ပမှ လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် အရေးပေါ်အခြေအနေတစ်ရပ်တွင် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို သိနားလည်ထားသည်။ အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်မှုနှင့်တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြုစုရန် အတွေ့အကြုံ မရှိသော ကုမ္ပဏီများသည် ဤတာဝန်နှင့် စပ်လျဉ်း၍ လုံလောက်သော အရင်းအမြစ်များထားပေးရန်နှင့် သင်တန်းများပေးရန်၊ ထိရောက်သော အသိအမြင်မြှင့်တင်ရေးများ ဆောင်ရွက်ရန်အတွက် ကတိကဝတ်ပြုရန် လိုသည်။ |

| လုပ်ဆောင်ချက် | လမ်းညွှန်ချက်အသေးစိတ် |
|---|---|
| **သင်၏တိုင်ကြား ဖြေရှင်းရေး ယန္တယား ဆက်လက်လည်ပတ်အောင် ထိန်းသိမ်းဆောင်ရွက်ပါ။** | တည်ဆောက်ရေးကာလ ပြီးစီးသည်နှင့်တစ်ပြိုင်နက် စီမံကိန်းသည် တိုင်စာအရေအတွက် ရရှိမှု လျော့နည်းလာနိုင်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယခင်တိုင်ကြားထားခဲ့သော အကြောင်းအရာများကို ဖြေရှင်းခဲ့ပြီးဖြစ်ခြင်း သို့မဟုတ် "အကြီးမားဆုံးထိခိုက်သက်ရောက်မှုဖြစ်နိုင်သောကာလ" ကျော်လွန်ခဲ့ပြီး ဖြစ်ခြင်းတို့ကြောင့်ဖြစ်သည်။ ထိုအခြေအနေများက ကုမ္ပဏီအနေနှင့် တိုင်စာများအပေါ် နေ့စဉ်စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန် မြှုပ်နှံထားသော အရင်းအမြစ် အဆင့်အတန်းကို လျှော့ချနိုင်သည်ဟု ဆိုလိုသော်လည်း စီမံကိန်းကာလ တလျှောက်လုံးတွင် အများပြည်သူက တင်ပြလာသည့် စိုးရိမ်ပူပန်မှုများကို လက်ခံရရှိရန်နှင့် ဖြေရှင်းပေးရန်အလုပ်ဖြစ်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ် အမြဲထားရှိသင့်သည်။ (ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းပေးသည့် ယန္တယားတစ်ရပ် ထူထောင်လုပ်ကိုင်ခြင်းဆိုင်ရာအချက်အလက်များကို ပိုမိုသိရှိလိုလျှင် စာမျက်နှာ ၆၉ မှ ၇၇ ကို ကြည့်ပါ) |
| **စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများ ကိုယ်တိုင် ပါဝင် ဆောင်ရွက်သော သို့မဟုတ် တတိယ ပုဂ္ဂိုလ်/ အဖွဲ့အစည်းက စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ် ထူထောင်ရန် စဉ်းစားပါ။** | သင့်ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများ သို့မဟုတ် ပြင်ပမှ တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ ပါဝင်ခြင်းသည် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအစီအစဉ်နှင့် စီမံကိန်းတစ်ခုလုံး၏ ဖြောင့်မတ်မှန်ကန်မှုနှင့် တာဝန်ယူ တာဝန်ခံမှုတို့ကို များစွာ ဖော်ဆောင်ပေးနိုင်သည်။ ထိခိုက်နစ်နာရသူ ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် နမူနာများအား နည်းစနစ်ကျကျ ကောက်ယူခြင်း၊ စူးစမ်းလေ့လာခြင်းများ၊ အုပ်စုလိုက် ဆွေးနွေးခြင်းများနှင့် အချိန်ကြာလာသည်နှင့်အမျှပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် လူမှုစီးပွားဆိုင်ရာ အပြောင်းအလဲဖြစ်ပေါ်လာပုံကို ဆန်းစစ်ခြင်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ တတိယပုဂ္ဂိုလ်အဖွဲ့အစည်းမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု၏ အကျိုးကျေးဇူးများတွင် ကုမ္ပဏီနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအကြား ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်မှုများ တိုးတက်စေခြင်းအပြင် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လုပ်ဆောင်ချက်အပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်မှုတစ်ရပ်ကိုလည်း ရရှိစေသည်။ (ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းနှင့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းက စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းတို့အကြောင်း သတင်းအချက်အလက်များ ပိုမိုသိရှိလိုလျှင် စာမျက်နှာ ၈၀ နှင့် ၈၁ ကိုကြည့်ပါ။) |
| **သံသယဖြစ်စရာ စီမံကိန်းများတွင် လွတ်လပ် အမှီအခိုကင်းသော စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့ ထူထောင်ထားရန် စဉ်းစားပါ။** | အချို့ဖြစ်ရပ်များတွင် စီမံကိန်းတစ်ခုသည် အထူးရှုပ်ထွေးမှု သို့မဟုတ် အငြင်းပွားဖွယ်ရာ အခြေအနေတွင်ရှိပါက ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ပွင့်လင်းမြင်သာမှုများ အမြင့်မားဆုံး ရရှိနိုင်ရေးအတွက် လွတ်လပ်အမှီအခိုကင်းသော စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့ထားရှိခြင်းသည် အသုံးဝင်နိုင်သည်။ ထိုအဖွဲ့တွင်စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အသိအမှတ်ပြုကျွမ်းကျင်ပညာရှင်များနှင့် ထင်ရှားသည့် ပုဂ္ဂိုလ်များ ပါဝင်သင့်သည်။ ထိုအဖွဲ့သည် စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လုပ်ဆောင်မှုများကို စောင့်ကြည့်ထိန်းကျောင်း၍ သတင်းပေးပို့ အစီရင်ခံနိုင်သည်။ (လွတ်လပ်အမှီအခိုကင်းသော စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့များအကြောင်း သတင်းအချက်အလက်များ ပိုမိုသိရှိနိုင်ရန် စာမျက်နှာ ၈၂ ကို ကြည့်ပါ။ ) |

## MALAMPAYA ရေနက်ပိုင်းလုပ်ကွက်မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ် ဓာတ်အားထုတ်လုပ်သည့် စီမံကိန်း။ စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလအတွင်း ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းထားခြင်း

ရေနက်ကွင်းလုပ်ကွက်မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စီမံကိန်းသည် Dutch ကုမ္ပဏီ Shell ၏ ကုမ္ပဏီခွဲဖြစ်သည့် Shell Philippines Exploration (SPEX)၊ ChevronTexaco နှင့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားရေနံကုမ္ပဏီ PNOC တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ကြသည့် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတစ်ခုဖြစ်သည်။ ထိုစီမံကိန်းတွင် ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို SPEX နှင့် Pilipinas Shell Foundation (PSFI) တို့မှ တစ်ဆင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ပြီးနောက်တွင်လည်း ရပ်ရွာလူထုမှ စီမံကိန်းအပေါ် ဆန့်ကျင်နိုင်သည့်အန္တရာယ်များ ရှိနိုင်ကြောင်းကို Shell ကုမ္ပဏီက နားလည်သဘောပေါက်လက်ခံ၍ စီမံကိန်းလည်ပတ်ရေးကာလတွင်လည်း စီမံကိန်းကြောင့် ထိခိုက်နစ်နာရသော ရပ်ရွာလူထုများနှင့် ဆက်ဆံရေးများ ဆက်လက်ထူထောင်၍ ထိုဆက်ဆံရေး၏ အကျိုးကျေးဇူးများကို ဆက်လက်ရရှိနေစေ ရန် ကြိုးပမ်းခဲ့သည်။ စီမံကိန်းအတွက် အစိုးရထံမှ ပတ်ဝန်းကျင်ဆိုင်ရာ ကင်းရှင်းကြောင်း ခွင့်ပြုချက်ရရှိရေး စည်းကမ်းချက်တစ်ရပ်အဖြစ် Shell ကုမ္ပဏီသည် ဒေသန္တရအစိုးရ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာလူထုခေါင်းဆောင်များ၊ ပြည်နယ်နှင့် ရပ်ရွာလူထု၏ ပတ်ဝန်းကျင်ဆိုင်ရာ အရာရှိများ၊ အခြားသူများနှင့် ဖွဲ့စည်းထားသော ပုဂ္ဂလိအဖွဲ့အစည်းပေါင်းစုံ ပါဝင်သည့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့ (Multiparty Monitoring Team)ကို ဖွဲ့စည်း၍ စီမံကိန်း အကောင်အထည်ဖော်မှုကာလအတွင်း ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်သက်ရောက်မှုများကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သဘောတူခဲ့ရသည်။ ၂၀၀၀ ခုနှစ်တွင် ပြည်နယ်အသီးသီး၌ အဆိုပါ စောင့်ကြပ်ကြည့်ရှုရေး အဖွဲ့များကို ဖွဲ့စည်းနိုင်ခဲ့သည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့များ၏ သဘောတူညီမှုစာချုန်လွှာ၌ Shell ကုမ္ပဏီအနေနှင့် ရပ်ရွာလူထု၏ ကျေနပ်အားရမှု နှင့် သဘောတူညီမှုများ မဖြစ်မနေရရှိအောင် ဆောင်ရွက်ရန်ဟူ၍ သတ်မှတ်မထားပါ။ သို့သော် အဆိုပါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့များသည် အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းလည်ပတ်မှုများကို စောင့်ကြည့်ထိန်းကျောင်းရာ၌ အများပြည်သူပါဝင်နိုင်ရေးနှင့် ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများ တင်ပြနိုင်စေရန် အရေးပါသော နည်းလမ်းများကို ဖန်တီးပေးနိုင်မှု အခြေအနေ ရှိသည်။

ထို့အပြင် Shell Foundation သည် စီမံကိန်းလည်ပတ်ရေး ကာလတွင် စီမံကိန်းကို ဆက်လက်သဘောတူစေရေးအတွက် တက်ကြွသော အခန်းကဏ္ဍတစ်ရပ်မှ ဆောင်ရွက်ခဲ့သည်။ PSFI သည် ရပ်ရွာလူထုကိုယ်စားလှယ်များအား လစဉ်တွေ့ဆုံ၍ စီမံကိန်းလည်ပတ်မှုနှင့် သက်ရောက်မှုဆိုင်ရာ နောက်ဆုံးရ အချက်အလက်များပေးခြင်းနှင့် ရပ်ရွာလူထုဘက်မှ စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များ တင်ပြနိုင်ရန် ခွင့်ပြုပေးခဲ့သည်။ စီမံကိန်း၏ သက်ရောက်မှုခံရသော ပြည်နယ်တစ်ခုစီတွင်လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်ပေးသည်။ ထိုအစီအစဉ်များသည် ရပ်ရွာလူထုက တောင်းဆိုသော ဝန်ဆောင်မှုများ၊ ဥပမာ – အလုပ်သင်တန်းများပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အလုပ်အကိုင်အတွက် ချိတ်ဆက်ပေးမှုများ၊

### MALAMPAYA ရေနက်ပိုင်းလုပ်ကွက်မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ် ဓာတ်အားထုတ်လုပ်သည့် စီမံကိန်း။ စီမံကိန်း အကောင် အထည်ဖော်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလအတွင်း ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းထားခြင်း – အဆက်

ပညာသင်ဆုများ၊ အသေးစားချေးငွေများ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အလုပ်ရုံ ဆွေးနွေးပွဲများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်လက်ချိတ်ဆက် ဆောင်ရွက်မှုများသည် ဖိလစ်ပိုင်နိုင်ငံတွင် လုပ်ကိုင်နေကျ စံနှုန်းများနှင့် များစွာကွာခြားနေသည်။ ဖိလစ်ပိုင်နိုင်ငံ၏ စံနှုန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုလေ့လာမှု ပြီးစီးသည်နှင့်တစ်ပြိုင်နက် ရပ်ရွာလူထု နှင့် ဆက်ဆံဆောင်ရွက်မှုများလည်း များသောအားဖြင့် အဆုံးသတ်သွားကြသည်။ MALAM-PAYA စီမံကိန်းသည် တည်ဆောက်ရေးကာလကတည်းက မည်သည့်ကြီးမားသော ပြဿနာမှ မပေါ်ပေါက်ခဲ့သော်လည်း ကုမ္ပဏီနှင့် ရပ်ရွာလူထုအကြား ဆက်ဆံရေးများကို ဆက်လက်ထိန်းသိမ်း ထားရန် အရေးကြီးကြောင်း ရပ်ရွာလူထုအားလုံးအကြား သဘောတူညီမှု ကျယ်ကျယ်ပြန့်ပြန့် ရရှိထားသည်။ Shell ကုမ္ပဏီနှင့် ဆက်လက်ချိတ်ဆက် ဆောင်ရွက်ခြင်းအားဖြင့် ရပ်ရွာလူထုဘက် ကလည်း ယင်းတို့၏ စိုးရိမ်ပူပန်မှုများကို တင်ပြနိုင်သည် – အထူးသဖြင့် ကျန်းမာရေး၊ ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများဖြစ်သည်။ ထိုချိတ်ဆက်ဆောင် ရွက်မှုသည် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများအနေနှင့် ယင်းတို့၏ ဒေသန္တရအစိုးရများက မဆောင်ရွက်နိုင်ခဲ့သော အခြေခံလိုအပ်ချက်များ၊ ဥပမာ – သန့်ရှင်းသော သောက်သုံးရေ၊ အခြေခံ အဆောက်အအုံ၊ အသက်မွေးဝမ်းကြောင်းအတွက် ထောက်ပံ့ငွေများနှင့် အသေးစားချေးငွေများကို အကူအညီတောင်းခံနိုင်သည့် ယန္တရားတစ်ရပ်ကိုလည်း ရရှိစေသည်။ Batangas မြို့မှ ဒေသန္တရ ခေါင်းဆောင်များသည် SPEX ကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်သည် မမျှော်မှန်း ထားသော အကျိုးကျေးဇူးများပေးကြောင်း ဖော်ပြခဲ့သည် – ထိုချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် သည် ရပ်ရွာလူထုအား ဦးစီးဦးဆောင်ပြုခွင့်ပေး၍ ရပ်ရွာလူထု၏ လုပ်ဆောင်နိုင်စွမ်း အလားအလာ များကို ပိုမိုသိနားလည်လာစေသည်။

*Source:WorldResourcesInstitute,2007,“DevelopmentwithoutConflict:TheBusinessCasefor CommunityConsent.”*

## လေးထောင့်ကွက် ၁၄။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ သဘောထားအမြင်စစ်တမ်းတွင် ထည့်သွင်းရန် အကြောင်းအရာများ


- အထွေထွေ ကျင့်ဝတ်နှင့် ကိုက်ညီသော အပြုအမူ
- ဝန်ထမ်းများနှင့်ကန်ထရိုက်တာများ၏ လုပ်ဆောင်ချက်
- စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့်စနစ်များအပါအဝင် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှု အတိုင်းအတာနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ စီမံခန့်ခွဲမှုအရည်အသွေး
- အစိုးရ၊ ဒေသအတွင်းရှိ နိုင်ငံရေးအင်အားစုများနှင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်း
- ဒေသအတွင်း ဝယ်သူဖြည့်တင်းမှု၊ အလုပ်အကိုင်နှင့် သင်တန်းအခွင့်အရေးများ
- ရိုးသားမှုနှင့်ယုံကြည်စိတ်ချရမှုအတိုင်းအတာများအပါအဝင်စီမံကိန်းကုမ္ပဏီနှင့်အထွေထွေဆက်ဆံရေး
- ဆက်သွယ်ဆောင်ရွက်သော သို့မဟုတ် သတင်းပေးပို့သော အချက်အလက်များ၏ သက်ဆိုင်မှုနှင့် အဓိပ္ပာယ်ပြည့်ဝမှု
- ဆောင်ရွက်ဆဲ တိုင်ပင်ဆွေးနွေးမှုများ၏ ထိရောက်မှုနှင့် အချိန်နှင့်တပြေးညီ ဖြေရှင်းဆောင်ရွက်ပေးမှု
- တိုင်စာလက်ခံဆောင်ရွက်ပေးသော လုပ်ထုံးလုပ်နည်းများ၏ ထိရောက်မှုနှင့် ဖြေရှင်းဆောင်ရွက်ပေးမှု
- လိုအပ်ချက်များကိုသာ ဖြည့်ဆည်းပေးပြီး ရွေးချယ်ခွင့်မပေးသော အုပ်ချုပ်မှု၊ ဘက်လိုက်မှုနှင့် အဂတိလိုက်စားမှုတို့အပေါ် သဘောထားအမြင်များ
- ရပ်ရွာလူထုအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးသော အစီအစဉ်များ သို့မဟုတ် အလားတူ အကျိုးအမြတ်မျှဝေရေး အစီအစဉ်များမှ အကျိုးခံစားရမှုများ
- နောက်ဆုံးကောက်ယူခဲ့သောစစ်တမ်းနှင့် ယခုစစ်တမ်းတို့အကြားတွင် ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို နှိုင်းယှဉ်ကြည့်ခြင်း(အထက်တွင်ဖော်ပြခဲ့သည့် တစ်ခုခုအားဖြင့်)



# ဝန်ထမ်းအင်အားနှင့်လုပ်ငန်းအရွယ်အစား လျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် ရင်းနှီး မြှုပ်နှံမှုများကို ပြန်လည်ရောင်းထုတ်သည့်ကာလ

## အလေ့အကျင့်ကောင်းများအတွက် အကြံဉာဏ်များ

- ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစားလျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရောင်းထုတ်ခြင်းဆိုင်ရာ အဆိုပြုချက်များအတွက် စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများအပေါ် ဆန်းစစ်မှုကို ပြန်လည်ပြုလုပ်ရန် စဉ်းစားပါ။
- ကြောက်ရွံ့မှုနှင့် မသေချာမှုများ ပြေပျောက်စေရန် စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် စောစီးစွာဆက်သွယ်ပါ။
- စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများအား နောက်ဆုံးရသတင်းအချက်အလက်များနှင့် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများကို ပုံမှန်တင်ပြပါ။
- စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာသည့်အဆင့်တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုကို စီမံရေးဆွဲဆောင်ရွက်ပါ။
- ကုမ္ပဏီပိုင်ငွေကြေးပစ္စည်းရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ လွှဲပြောင်းမှုနှင့် စီမံခန့်ခွဲမှုကို တိုင်ပင်ဆွေးနွေးပါ။
- ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေး စီမံခန့်ခွဲမှု ကို အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးပါ။
- စီမံခန့်ခွဲမှုစနစ်များ၏ အနာဂတ်တွင် ဆောင်ရွက်ပေးနိုင်စွမ်းကို သုံးသပ်၍ လုပ်ငန်း ပိတ်သိမ်းခြင်း သို့မဟုတ် ကုမ္ပဏီပိုင်ဆိုင်မှုများ ရောင်းထုတ်ခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပါ။




ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစားလျှော့ချရန်၊ ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းကို ပိတ်သိမ်းရန် သို့မဟုတ် ကုမ္ပဏီပိုင်ပစ္စည်းများကို ရောင်းထုတ်ရန် ဆုံးဖြတ်ချက်များကြောင့် ထိခိုက်နစ်နာနိုင်ခြေရှိသူ (သို့မဟုတ် ထိုဆုံးဖြတ်ချက်များအပေါ် ဩဇာလွှမ်းမိုးနိုင်ခြေရှိသူအမျိုးမျိုး)နှင့် ယင်းတို့အပေါ် ထိခိုက်မည့် ပုံစံများသည် စီမံကိန်းတစ်ခု၏ အစောပိုင်းကာလများတွင် ကြုံတွေ့ခဲ့ရသောသူများနှင့် ကွာခြားမှုရှိနိုင်ပါသည်။ အလုပ်အကိုင်များဆုံးရှုံးခြင်း၊ ဒေသအတွင်း ယေဘုယျအားဖြင့် စီးပွားရေးလုပ်ငန်းများ ကျဆင်းခြင်း၊

(အထူးသဖြင့် စီမံကိန်းကြီးများဖြစ်လျှင် သို့မဟုတ် ကျေးလက်ဒေသတွင် ဆောင်ရွက်သော စီမံကိန်းများ ဖြစ်လျှင်) ကုမ္ပဏီက ယခင်ပေးအပ်ထားသော ရပ်ရွာလူထုဆိုင်ရာ ဝန်ဆောင်မှုများကို ဖြတ်တောက်ခြင်းနှင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်သက်ရောက်မှုများအပေါ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာတွင် ဒေသခံ လူထု ပါဝင်ဆောင်ရွက်မှုကို ဖျက်သိမ်းခြင်း စသည်တို့သည် ရေရှည်တွင် စီမံကိန်းကုမ္ပဏီ၏ ငွေကြေးဆိုင်ရာ နှင့် ဂုဏ်သိက္ခာဆိုင်ရာတို့နှင့်ပတ်သက်၍ တာဝန်မကင်းခြင်းများကို အစပျိုးရာရောက်နိုင်သည်။

ထိုသို့မဖြစ်မီ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် သေချာစွာ ချိတ်ဆက်ဆောင်ရွက်ခြင်းသည် ကုန်ကျ စရိတ်များ ပိုမိုသက်သာနိုင်ခြင်း၊ ပေးရန်တာဝန်များ လျော့နည်းနိုင်ခြင်းနှင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ မြင့်တက်စေခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။ ဥပမာ – စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းသည် စီမံကိန်းကြောင့် ပျက်စီးခဲ့သော သဘာဝပတ်ဝန်းကျင်တစ်ခုခုကို ပြန်လည် ထူထောင် နိုင်ရန် လမ်းပြပေးနိုင်သည်။ လက်ရှိစီမံကိန်း လည်ပတ်လုပ်ကိုင်ရာတွင် အသုံးပြုသော အခြေခံအဆောက် အအုံများကို ပြည်သူ့ရေးရာ ဝန်ဆောင်မှုများထံသို့လည်း လွှဲပြောင်းပေးနိုင်ပါသည်။ အလုပ်သမား အင်အား လျှော့ချမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်လည်း လမ်းပြနိုင်သည်။ ပိုင်ဆိုင်မှုများကို ရေရှည်စောင့်ကြပ် ကြည့်ရှုစစ်ဆေးရန် ရန်ပုံငွေများနှင့် စီမံခန့်ခွဲသူများကို ဖွဲ့စည်းထူထောင်နိုင်ရန် လမ်းညွှန်ပေးနိုင်သည်။

အနာဂတ်ကာလတွင် စီမံကိန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစားလျှော့ချခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရောင်းထုတ်ခြင်းများ ဆောင်ရွက်လာသည့်အခါ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများတွင် ဖြစ်ပေါ်လာမည့် စိုးရိမ်ပူပန်မှုများကို စီမံကိန်းကို စီမံရေးဆွဲသည့် ကနဦး ကာလအတွင်းနှင့် EIA လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကြိုတင်စဉ်းစားထားသင့်သည်။ သို့မဟုတ် ထိခိုက်သက်ရောက်နိုင်ခြေများလျှော့ချရန် ရေးဆွဲပြင်ဆင်မှုများနှင့် အန္တရာယ်စီမံခန့်ခွဲမှုအစီအမံများ၊ လက်တွေ့ဆောင်ရွက်ပေးမည့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများကို အနိမ့်ဆုံးအဆင့် သတင်းအချက်အလက် လုံလောက်စွာ ကြိုတင်အသိပေးရန် စဉ်းစားသင့်သည်။

**အနာဂတ်ကာလတစ်ရပ်တွင် စီမံကိန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်း အင်အားနှင့် လုပ်ငန်းအရွယ်အစား လျှော့ချခြင်း သို့မဟုတ် ရင်းနှီး မြှုပ်နှံမှုများကို ပြန်လည်ရောင်းထုတ်ခြင်း ပြုသည့်အချိန်တွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများတွင် ဖြစ်ပေါ်လာမည့် စိုးရိမ်ပူပန်မှုများကို စီမံရေးဆွဲသည့် ကနဦးကာလအတွင်းနှင့် EIA လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စဉ်းစားထားသင့်သည်။**

| လုပ်ဆောင်ချက် | လမ်းညွှန်ချက်အသေးစိတ် |
|---|---|
| **ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစား လျှော့ချခြင်း၊ လုပ်ငန်း ပိတ်သိမ်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရောင်းထုတ် ခြင်းဆိုင်ရာ အဆိုပြုချက် များအတွက် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ အပေါ် ဆန်းစစ်မှုကို ပြန်လည်ပြုလုပ်ရန် စဉ်းစားပါ။** | ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစားလျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရောင်းထုတ်ခြင်း လုပ်ငန်းစဉ်သည် စွန့်စားရမှုများနှင့် အခွင့်အလမ်းသစ်များကို ဖြစ်စေ သည်။ ထို့ကြောင့် ထိုကာလတွင် ပတ်သက်ဆက်နွှယ်လာနိုင်ခြေရှိသူများနှင့် ယင်းတို့၏ အကျိုးစီးပွားမျှော်မှန်းချက်များသည် စီမံကိန်းတစ်ခု၏ အစောပိုင်းကာလများတွင် ထိတွေ့ဆက်ဆံခဲ့ရသော ပတ်သက် ဆက်နွှယ်သူများ၊ ယင်းတို့၏ အကျိုးစီးပွား မျှော်မှန်းချက်များနှင့် များစွာ ကွဲလွဲနိုင်သည်။ စီမံခန့်ခွဲသူ အရေးအတွက် လျှော့ချခြင်းနှင့် ပိုင်ဆိုင်သောပစ္စည်းများ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို လွှဲပြောင်းပေးခြင်းတို့အတွက် ပြင်ပပုဂ္ဂိုလ်များအပါအဝင် မြေပိုင်ရှင်များနှင့် ဒေသခံလူထု၊ အစိုးရပိုင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဖြစ်နိုင်လျှင် အခြားသော ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများနှင့်ပါ ဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်မှု ပုံစံအသစ်များ လိုအပ်မည်။ စီမံကိန်းသက်တမ်းအတွင်း အထူးသဖြင့် ဤကာလတွင် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ပထမခြေလှမ်းတစ်ရပ်အနေနှင့် ပတ်သက်ဆက်နွှယ်လာနိုင်သူများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်းကို နောက်တစ်ကြိမ် ပြုလုပ်သင့်သည်။ |
| **ကြောက်ရွံ့မှုနှင့် မသေချာမှုများ ပြေပျောက်စေရန် စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် စောစီးစွာ ဆက်သွယ်ပါ။** | အပြောင်းအလဲလုပ်ငန်းစဉ်တစ်ရပ် (A Change Process) ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်ဆံရေးကို ထိရောက်စွာ စီမံခန့်ခွဲရန် ဆက်သွယ်မှုများကို အစောပိုင်းကတည်းက ရှင်းရှင်းလင်းလင်း တသတ်မတ်တည်း ဆောင်ရွက်ရန်လိုသည်။ အပြောင်းအလဲများ၊ ဆောင်ရွက်သည့် ရည်ရွယ်ချက်၊ အချိန်ကာလနှင့် ပြောင်းလဲမည့်ပုံစံ အဆိုပြုချက်များ၊ သက်ဆိုင်ရာအုပ်စုအလိုက် ကြုံတွေ့နိုင်သော ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာနောက်ဆက်တွဲကိစ္စရပ်များနှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူအုပ်စု အမျိုးမျိုးနှင့် စီမံရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းတို့တွင် ပါဝင်ဆောင်ရွက်နိုင်သည့်ပုံစံများအကြောင်း သတင်းအချက်အလက်များ တတ်နိုင်သမျှပေးရန် ကြိုးစားပါ။ |
| **စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများအား နောက်ဆုံးရသတင်း အချက်အလက်များနှင့် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကို ပုံမှန်တင်ပြပါ။** | ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် လူမှုစီးပွားဆိုင်ရာ ထိခိုက်သက်ရောက်မှုများနှင့် စွန့်စားရမှုအတိုင်းအတာတို့နှင့်ချိန်ညှိ၍သင်၏ကုမ္ပဏီသည်စီမံကိန်းကြောင့်ထိခိုက်နစ်နာရသူများအား ယင်းတို့သဘောတူထားသော အစီအစဉ်များ၏ တိုးတက်မှုအခြေအနေ အကျဉ်းချုပ် ဖော်ပြထားသော ပုံမှန်အစီရင်ခံစာများကို အဓိကထား ဖြန့်ဝေပေးနိုင်ရေး စဉ်းစားနိုင်သည်။<br>ဤနေရာတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအတွက် အောက်ပါအချက်များ အပါအဝင် အကြီးမားဆုံး စိုးရိမ်ပူပန်မှုများ ဖြစ်လာနိုင်သောကိစ္စများကို အဓိကထားပါ။<br>● လျော်ကြေးခံစားခွင့်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ရရှိခြင်းနှင့် သင်တန်းများနှင့် ဒေသလုပ်ငန်းများအပေါ် အထောက်အပံ့၊ ရပ်ရွာလူထုကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အန္တရာယ်ရင်းမြစ်များနှင့် အခြားစွန့်စားရမှုများ<br>● ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာပိုင်ဆိုင်မှုများနှင့် မြေတို့ကို အခြား ပိုင်ရှင်များ သို့မဟုတ် အသုံးပြုသူများအား လွှဲပြောင်းပေးရာ၌ တိုးတက်မှုအခြေအနေ<br>● ပတ်ဝန်းကျင်နှင့် ဂေဟဗေဒဆိုင်ရာ ပြန်လည်ထူထောင်မှု<br>● ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ၏ အနာဂတ်အခြေအနေ |
| **စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာသည့်အဆင့်တွင် ဆောင်ရွက်ခဲ့ပြီး ဖြစ်သော်လည်း စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့်တိုင်ပင်ဆွေးနွေးမှုကို စီမံရေးဆွဲ ဆောင်ရွက်ပါ။** | စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာသည့်ကာလကဲ့သို့ပင် ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစား လျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ရောင်းထုတ်ခြင်းတို့သည် ကုမ္ပဏီ၏ အဆိုပြုချက်အသစ်များကို ရှေ့တန်းသို့ တွန်းပို့ခြင်းဖြစ်သည်။ ထိုအဆိုပြုချက်များသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ ဘဝများကို သက်ရောက်နိုင်သည်။ ထို့ကြောင့် ထိခိုက်မှုလျှော့ချခြင်းနှင့် လျော်ကြေးပေးခြင်းဆိုင်ရာ အစီအစဉ်သစ်တစ်ရပ်ကိုပြုလုပ်ရန် လိုအပ်နိုင်သည်။ ထိုအခြေအနေတွင် စီမံကိန်းကြောင့် ထိခိုက်နစ်နာရမည့်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ESIA လေ့လာမှုများ ဆောင်ရွက်စဉ်နှင့် ဆင်တူသည့် အခြေခံမူများ ချမှတ်ဆောင်ရွက်သင့်သည်။ များသောအားဖြင့် စီမံကိန်းပိတ်သိမ်းချိန်၌ ပေါ်ပေါက်လာမည့်ကိစ္စများကို နောက်ပိုင်းမှဖြေရှင်းရန် ချန်ထားမည့်အစား ESIA ပြုလုပ်ကတည်းက တင်ပြဖြေရှင်းခြင်းကို အလေ့အကျင့်ကောင်းအဖြစ် အကြံပြုထားသည်။ |

| လုပ်ဆောင်ချက် | လမ်းညွှန်ချက်အသေးစိတ် |
|---|---|
| ကုမ္ပဏီပိုင်ငွေကြေး ပစ္စည်းရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ လွှဲပြောင်းမှုနှင့် စီမံခန့်ခွဲမှုကို တိုင်ပင် ဆွေးနွေးပါ။ | ဒေသခံလူထု၊ အစိုးရအာဏာပိုင်များ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက စီမံကိန်းကုမ္ပဏီ၏ လုပ်ငန်း လုပ်ကိုင်မှုနှင့်ဆိုင်သော ပိုင်ဆိုင်ပစ္စည်းများ ရရန်ခွင့်များကို လွှဲပြောင်းရယူရန် လိုလားခြင်း၊ ပေးရန်တာဝန်များကိုမူ လွှဲပြောင်းရယူရန် မလိုလားခြင်းသည် ပုံမှန်ဖြစ်နေကြကိစ္စဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ဝတ္တုပစ္စည်းများ၊ ပိုင်ဆိုင်မှုများ၊ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို လွှဲပြောင်းပေးရန် အမျိုးမျိုးသော ဗျူဟာများနှင့် ချဉ်းကပ်နည်းများ ရှိသောကြောင့် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား ထိုအမျိုးမျိုးသော ရွေးချယ်စရာများနှင့် ယင်းတို့အပေါ် ဂယက်ရိုက်ခတ်လာနိုင်သည့် ကိစ္စများကို တိုင်ပင်ဆွေးနွေးသင့်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများသည် အထက်ပါ လွှဲပြောင်းရေးကိစ္စများအပေါ် သဘောတူညီချက်ရရေး ဆောင်ရွက်ရာ၌ ပါဝင်ကြရန် အရေးကြီးသည်မှာ အနာဂတ်စီမံခန့်ခွဲမှု သို့မဟုတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုတွင် ယင်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍတစ်ရပ် ရရှိထားနိုင်သောကြောင့်သာမကဘဲ ယင်းတို့သည် ထိုဆုံးဖြတ်ချက်များကြောင့် ဖြစ်လာမည့် နောက်ဆက်တွဲကိစ္စများနှင့်ပါ တွေ့ကြုံရင်ဆိုင်ရမည်ဖြစ်သောကြောင့်ဖြစ်သည်။ ကုမ္ပဏီဘက်က ကြည့်လျှင်လည်း တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများသို့ ယင်း၏ပိုင်ဆိုင်ပစ္စည်းများနှင့် ရရန်ပိုင်ခွင့်များကို လွှဲပြောင်းပေးလိုက်ရာတွင် ထိုပစ္စည်းများအပေါ် တာဝန်ယူမှုဖြင့် စီမံခန့်ခွဲခြင်းမရှိကြဘဲ ကုမ္ပဏီ၏ ဂုဏ်သိက္ခာပိုင်း ဆိုင်ရာထိခိုက်မှုရှိနိုင်သောကြောင့် ထပ်တူထပ်မျှ စွန့်လွှတ်စွန့်စားမှု ပြုလုပ်ရနိုင်သည်။ |
| ထိခိုက်နစ်နာမှုများကို စီမံခန့်ခွဲပေးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါ။ | ရရှိနေသော ဝန်ဆောင်မှုများကို ရုတ်သိမ်းမည် သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို တဖြည်းဖြည်းခြင်း အဆုံးသတ်မည်ဆိုသည်ကို သိရှိရခြင်းသည် ဒေသခံများအတွက် စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်မှုများစွာဖြစ်လာအောင် တွန်းအားပေးသကဲ့သို့ ဖြစ်နိုင်သည်။ ထိုအခြေအနေတွင် ကုမ္ပဏီများသည် ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစား လျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရောင်းထုတ်ခြင်းဟူသည့် ကျယ်ပြန့်သောလုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထိုကိစ္စကိုပါ ထည့်သွင်းစီမံခန့်ခွဲရန် ပြင်ဆင်ထားသင့်သည်။ အဆိုပါ စိုးရိမ်ပူပန်မှုများတွင် လျော်ကြေးများ အလုံအလောက်မရရှိဘဲ အလုပ်မှ အနားယူရခြင်း၊ ထိခိုက်နစ်နာရသူများရရှိမည့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ၊ ခံစားခွင့်များပေးရန် ကတိကဝတ်များကို မကျေပွန်ကြောင်းအမြင်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများအတွက် တာဝန်ရှိမှုဆိုင်ရာ မေးခွန်းမေးမြန်းမှုများ၊ သို့မဟုတ် အဆိုပါ လုပ်ငန်းနှင့် ပစ္စည်းများ၏ အနာဂတ်ပိုင်ရှင်များက ဒေသခံများအပေါ် ဆက်ဆံလာနိုင်သည့် ပုံစံများကိုကြောက်ရွံ့နေကြခြင်းစသည့်စိုးရိမ်ပူပန်မှုများရှိနိုင်သည်။စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူအုပ်စုများသည် ကုမ္ပဏီ၏ လက်ရှိပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လုပ်ဆောင်ချက်များ အားနည်းသည့်အပေါ် စိုးရိမ်မှုများ ရှိလာနိုင်ပြီး ကုမ္ပဏီ၏ တိုက်ရိုက်ထိန်းချုပ်ဆောင်ရွက်မှုအတွင်း ထိုထိခိုက်မှုများ လျော့နည်းသော်လည်း ယင်းတို့ကို အနာဂတ်တွင် ဆက်လက် စီမံခန့်ခွဲပေးနိုင်မည့် ကုမ္ပဏီအကြောင်း သံသယမေးခွန်းများ ရှိလာနိုင်သည်။ ယခင်စီမံကိန်း ကာလများကဲ့သို့ပင် တိုင်ကြားမှုများ စီမံခန့်ခွဲပေးသည့် အခြေခံမှုများကို လိုက်နာဆောင်ရွက်ခြင်းသည် အလေ့အကျင့်ကောင်းတစ်ခု ဖြစ်သည်။ စိုးရိမ်ပူပန်မှုများစီမံခန့်ခွဲခြင်းဆိုင်ရာ လမ်းညွှန်ချက် အသေးစိတ်အတွက် စာမျက်နှာ ၆၉ မှ ၇၇ ကို ကြည့်ပါ။ |
| စီမံခန့်ခွဲမှု စနစ်များ၏ အနာဂတ်တွင် ဆောင်ရွက်ပေးနိုင်စွမ်းကို သုံးသပ်၍ လုပ်ငန်းပိတ်သိမ်းခြင်း သို့မဟုတ် ကုမ္ပဏီ ပိုင်ဆိုင်မှုများ ရောင်းထုတ်ခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပါ။ | လုပ်ငန်းပိတ်သိမ်းခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရောင်းထုတ်ခြင်းလုပ်ငန်းစဉ်အပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက်အရ စီမံခန့်ခွဲသူများ သို့မဟုတ် ပိုင်ဆိုင်မှုပုံစံများနှင့် စနစ်များ အပြောင်းအလဲရှိမည်ဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် လုပ်ငန်းပိတ်သိမ်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရောင်းထုတ်ခြင်းဆောင်ရွက်ပြီးသော်လည်း စီမံကိန်းကုမ္ပဏီသည် အချို့သော အန္တရာယ်များနှင့် ပြုလုပ်ပေးရန် တာဝန်များအတွက် စီမံခန့်ခွဲပေးရန် တာဝန်ကို ဆက်လက်ဆောင်ရွက်ပေးရန် ရွေးချယ်ပေးကြသေးသည်။ ဥပမာ – ပတ်ဝန်း ကျင်ဆိုင်ရာအန္တရာယ်များကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးမှုကို ဆက်လက်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရောင်းထုတ်ခြင်းနှင့် ဆက်နွယ်နေသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုအန္တရာယ်များစွာရှိနေသည့်စီမံကိန်းများတွင် (စီမံကိန်းအတွင်းနှင့် အပြင်မှ) အဓိကစီမံခန့်ခွဲမှုစနစ်တစ်ခုစီ၏ စွမ်းဆောင်ရည်အပေါ် သုံးသပ်ပြီး စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်၍ ပေးထားသောကတိများ ဆက်လက်ကျေပွန်အောင် ဆောင်ရွက်ရန်နှင့် ယင်းတို့၏ စွမ်းဆောင်ရည် အားနည်းလျှင် လိုအပ်သည့်ပြင်ဆင်ချိန်ညှိမှုများ ဆောင်ရွက်ရန် အကြံပြုပါသည်။ ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုဖွဲ့စည်းပုံအကြောင်း သတင်းအချက်အလက်များမရှိလျှင် စီမံကိန်းကုမ္ပဏီသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို ထိရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်စေရန် ယင်းတို့၏ စီမံခန့်ခွဲမှုစနစ်များအပေါ် ပူးတွဲဆန်းစစ်မှုတစ်ရပ် ဆောင်ရွက်နိုင်ရေး ကမ်းလှမ်းရန် စဉ်းစားနိုင်သည်။ |

## လေးထောင့်ကွက် ၁၅။ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစား လျှော့ချခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရောင်းထုတ်ခြင်းတို့အပေါ် ထိရောက်စွာ ရေးဆွဲစီမံခန့်ခွဲရာတွင် ပတ်သက်ဆက်နွှယ်သည့်အုပ်စုများ

### ဝန်ထမ်းအင်အားနှင့် လုပ်ငန်းအရွယ်အစား လျှော့ချခြင်း

- ဝင်ငွေ သို့မဟုတ် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးမည့်သူများ
- ထိုဧရိယာမှ အခြားဖြစ်နိုင်ခြေရှိသော အလုပ်ရှင်များ
- အတတ်ပညာပိုင်းဆိုင်ရာသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းများ ပြန်လည်ထူထောင်ခြင်းနှင့် လုပ်ငန်းအထောက်အကူများ သို့မဟုတ် ဒေသန္တရ ငွေကြေးဈေးကွက်များနှင့်စပ်လျဉ်း၍ ဘက်ဂျက်များနှင့် အတွေ့အကြုံရှိဝန်ထမ်းများရှိသော အစိုးရအာဏာပိုင်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ

### လုပ်ငန်းပိတ်သိမ်းခြင်း

- ဖြိုချပိတ်သိမ်းမည့် အဆောက်အအုံများ၊ ပစ္စည်းများ၏ အနီးတွင် နေထိုင်နေကြသူများအတွက် ရုပ်ပိုင်းဆိုင်ရာ ပိတ်ဆို့ထားနိုင်မှု၊ မြင်ကွင်းပိတ်မှု၊ ယာယီသို့မဟုတ် နာတာရှည်ကျန်းမာရေးအန္တရာယ် သို့မဟုတ် မတော်တဆထိခိုက်မှုများ ဖြစ်နိုင် သည့် အန္တရာယ် (ဥပမာ – အသုံးမပြုတော့သည့်နေရာများ၊ စက်ပစ္စည်းများအပေါ်တွင် ပြေးလွှားဆော့ကစားနေသည့် ကလေးငယ်များ)
- ထိုအဆောက်အအုံများ၊ နေရာများ အနီးတဝိုက်တွင် နေထိုင်နေသူများသည် အချို့သော အားနည်းထိခိုက်လွယ်သော ကိစ္စများ (နေရာပြဿနာ သို့မဟုတ် ကျန်းမာရေးပြဿနာ) ကြောင့် အခြားသူများထက် အန္တရာယ်ပိုမိုခံစားရနိုင်ခြေရှိခြင်း၊ ဥပမာ – ဖြိုချဖျက်ဆီးခဲ့သောနေရာများကို အလုပ်လုပ်ရန် ဖြတ်သန်းသွားလာရသူများ သို့မဟုတ် ရေသယ်ရသူများ ဖြစ်ကြသည်။
- ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ/ဂေဟဗေဒဆိုင်ရာ ပြန်လည်ထူထောင်မှုတို့တွင် အတွေ့အကြုံရှိသော ဒေသန္တရအဖွဲ့အစည်းများ (အစိုးရ၊ တက္ကသိုလ်ကောလိပ်ကျောင်းများ၊ အရပ်ဖက် အဖွဲ့အစည်း)

### ရင်းနှီးမြှုပ်နှံမှုများ ရောင်းထုတ်ခြင်း

- ဒေသန္တရနှင့် ပြည်နယ်အစိုးရအာဏာပိုင်အဖွဲ့အစည်းများအောက်တွင်ရှိသည့် မြေအသုံးချမှုနှင့် စီးပွားစီမံရေးဆွဲမှုဌာန
- ရောင်းထုတ်မည့် အဆောက်အအုံများ၊ ပစ္စည်းများ၊ နေရာများ ဥပမာ – သင်တန်းခန်းမများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသောနေရာများ၊ အိမ်ရာများ စသည်တို့ကို ပုံမှန်အသုံးပြုလေ့ရှိသော လူပုဂ္ဂိုလ်များနှင့် လူအုပ်စုများ
- ရင်းနှီးမြှုပ်နှံမှုများ ရောင်းထုတ်ခြင်းကြောင့် မြေယာလုပ်ပိုင်ခွင့်များ ပြောင်းလဲသွားနိုင်လျှင် ထိုမြေယာလုပ်ပိုင်ခွင့်များအပေါ် အသက်မွေးဝမ်းကျောင်းအရ မှီခိုနေရသူများ၊ ဥပမာ – စီမံကိန်းပိုင်ရှင်ထံမှ မြေငှားရမ်းလုပ်ကိုင်နေသော လယ်သမားများ သို့မဟုတ် စီမံကိန်းပိုင်မြေပေါ်တွင် စီမံကိန်းမှ ရွှေ့ပြောင်းနေရာချထားပေးသော မိသားစုများ
- ရင်းနှီးမြှုပ်နှံမှုများ ရောင်းထုတ်ခြင်းကြောင့် ပျက်ပြယ်သွားမည့် စာချုပ်များကို စီမံကိန်းပိုင်ရှင်နှင့် ချုပ်ဆိုထားကြသူများ ဥပမာ – ယဉ်ကျေးမှုဆိုင်ရာ နယ်မြေများသို့ ဝင်ထွက်သွားလာရေးအတွက် ဒေသခံတိုင်းရင်းသားများနှင့် ချုပ်ဆိုထားသော စာချုပ်များ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာအရင်းအမြစ်များကို စီးပွားရေးအတွက် အသုံးချမှုမှ ရလာသော အကျိုးအမြတ်များ မျှဝေရေးစာချုပ်များ
- စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရောင်းထုတ်ခြင်း သို့မဟုတ် စီမံကိန်းပိတ်သိမ်းခြင်း ပြီးစီးသည်နှင့် တစ်ပြိုင်နက် အဆိုပါစီမံကိန်းနေရာတွင် လာရောက်အခြေချရန် စိတ်ဝင်စားသည့် ရပ်ရွာလူထုကိုယ်စားလှယ်များ ဥပမာ – သမားရိုးကျနည်းလမ်းဖြင့် တစ်နိုင်တစ်ပိုင်သတ္တုတူးဖော်သူများ၊ မြေယာမဲ့စိုက်ပျိုးရေးသမားများ၊

## လေးထောင့်ကွက် ၁၆။ KELIAN EQUATORIAL သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဒေသခံများနှင့် ရရှိခဲ့သော သဘောတူညီမှုများ

- တမံ၏ ဘေးကင်းစိတ်ချရမှုကို အာမခံရန်နှင့် သက်ဆိုင်ရာ အန္တရာယ်စီမံ ခန့်ခွဲမှုအစီအစဉ်တစ်ရပ် ရေးသားပြုစုသည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို သဘောတူညီမှု
- ရေတိမ်ဒေသပြုလုပ်ရန် လိုအပ်မှု ကဲ့သို့သော သတ္တုတွင်းဟောင်းနေရာကိုအသုံးပြုနိုင်မှုများကို ရှာဖွေဖော်ထုတ်ခြင်း အပါအဝင် မိုင်းဟောင်းနေရာမှ စီးထွက်လာသောရေများအတွက် ရေအရည်အသွေးဆိုင်ရာ မြင့်မားသော စံနှုန်းများ အပေါ် သဘောတူညီချက်
- ပို၍လိုလားသော စီမံကိန်းနေရာဟောင်းကို လုပ်ငန်းအမျိုးမျိုးအတွက် အသုံးပြုနိုင်မှု (Integrated Site Use) အခြေအနေကိုရှာဖွေဖော်ထုတ်ခြင်း – ဥပမာ– အဆောက်အဦဟောင်းကို ဖျက်သိမ်းခြင်း၊ အဆောက်အဦပစ္စည်း အဟောင်းများကို အနီးအနားရွာမှ ပြန်လည်အသုံးပြုစေခြင်း၊ ရေအရည်အသွေး ထိန်းသိမ်းရန်အတွက် ရေတိမ်ဒေသ တစ်ခု ဖန်တီးခြင်း
- ရွှေပို့ချမှုများရှိနေသည့် နှုန်းမြေများ တူးဖော်ခြင်းလုပ်ငန်း၏ ဖြစ်မြောက်နိုင်မှု သေချာစေရန် လွန်တူးခြင်းနှင့် မြေနမူနာကောက်ယူခြင်း အစီအစဉ်တစ်ရပ် ဆောင်ရွက်ခြင်းနှင့် မိတ်ဖက်များအကြား အကျိုးအမြတ်မျှဝေခြင်း (ရေတိမ်ကွင်းများ ထူထောင်ပေးရန် သတ်မှတ်ချက်တစ်ရပ်)
- ကုမ္ပဏီက ထူထောင်ပေးခဲ့သော လူထုအခြေပြု အခြေခံအဆောက်အအုံများ ဆက်လက်ထိန်းသိမ်း လုပ်ကိုင်ရန် (ကုမ္ပဏီမှ သက်ဆိုင်ရာအဖွဲ့အစည်းများသို့) သင့်တော်သော လွှဲပြောင်းပေးအပ်မှုအစီအစဉ်များအတွက် သဘောတူညီမှု (ဥပမာ – လမ်းများ၊ ကျောင်းများ၊ ဆေးရုံဆေးခန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း)
- သတ္တုမိုင်းပိတ်သိမ်းမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီမှ ဥပဒေအရနှင့် စာချုပ်စည်းကမ်းအရ သတ်မှတ်ချက်များကို လိုက်နာရန် သဘောတူညီမှု
- ကျောင်းကားမရှိခြင်းအပေါ် သင့်တော်သည့် ဖြေရှင်းနည်းတစ်ရပ်အဖြစ် ကျောင်းသားအဆောင်တစ်ခု ဆောက်လုပ်ပေးခြင်း
- ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအမျိုးမျိုးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ စိုက်ပျိုးရေးစီမံကိန်းများကို ထောက်ပံ့ကူညီခြင်း၊ ကိုယ့်အားကိုယ်ကိုးအုပ်စုများ ထူထောင်ခြင်းနှင့် သတ္တုတွင်း ပိတ်သိမ်းပြီးနောက် ရေရှည်တည်တံ့နိုင်သော လူထုအခြေပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ရန် သင့်တော်သော ရွေးချယ်စရာများကို ဖော်ထုတ်သတ်မှတ်ခြင်းတို့အပါအဝင်၊

**“KEM အတွက် ပုဂ္ဂိုလ်အဖွဲ့အစည်း မျိုးစုံပါဝင်သော မိုင်းပိတ်သိမ်းရေး ဦးဆောင်ကော်မတီ (Muilt– parties Mine Closure Steering Committee – MCSC) နှင့် ထိုကော်မတီ၏ ကိုယ်စားလှယ်အမျိုးမျိုးတို့သည် မိုင်းပိတ်သိမ်းမှုစီမံကိန်း၏ အဓိကကျသော ဆုံးဖြတ်ချက်ချမှတ်သူများ ဖြစ်ကြသည်။ ထိုအချက်သည် ဆုံးဖြတ်ချက်အားလုံးကို အပြည့်အဝထိန်းချုပ်ဆောင်ရွက်လိုသော သတ္တုတွင်းကုမ္ပဏီများအတွက် “အလွန်ကြီးမားသော၊ တုန်လှုပ်စရာကောင်းသော ကိစ္စတစ်ရပ် ဖြစ်သည်။”**

Dr. Geraldine McGuire, MCSC Secretariat Manager

**“ထိုကိစ္စကို ကျွန်ုပ်တို့ကိုယ်တိုင်လုပ်ခဲ့သင့်သည်။ ထို့နောက် ကျွန်ုပ်တို့ ဘာတွေလုပ်နေကြောင်း လူအများအား ပြောခဲ့သင့်သည်။ လူအများ ပါဝင်ဆောင်ရွက်၍ ဦးစီးဦးဆောင်ပြုနိုင်ရေး ဆွဲဆောင်ရန် ကျွန်ုပ်တို့ ကြိုးစားခဲ့သင့်သည်။ အရေးအကြီးဆုံးကိစ္စမှာ လူအများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်၍ ဦးစီးဦးဆောင်ပြုကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် ထိုအရာကို ရရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်၏ ကောက်ချက်က အလုပ်ဖြစ်မည့် အခြားနည်းလမ်းရှိခဲ့မည်ဟု မထင်ခြင်းဖြစ်သည်။”**

Charles Lenegan, KEM ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး

*Source: Business Partners for Development – http://www.bpd– naturalresources.org/html/focus_kelian.html#*

## RÖSSING သတ္တုတွင်း၊ NAMIBIA နိုင်ငံ။ မိုင်းပိတ်သိမ်းရန် နောက်ခံအခြေအနေ များတွင် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း

Rössing Uranium သတ္တုတွင်းကို ၁၉၇၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ Rössing သတ္တုတွင်း၏ ထုတ်လုပ်မှုသည် Namibia ၏ နိုင်ငံခြား တင်ပို့မှု၏ ၁၀ % ရှိပြီး GDP ၏ ၂ % နီးပါးရှိသည်။ Namibia နိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုကြီးမားသော စီမံကိန်းများထဲမှတစ်ခုဖြစ်သည့် Rössing သတ္တုတွင်းသည် သမိုင်းအစဉ်အလာအရ ဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ နိုင်ငံအတွက် အရေးပါသည်။ သို့သော် ၂၀၀၅ ခုနှစ်တွင် Rossing သတ္တုတွင်းသည် ရွေးချယ်စရာနည်းလမ်း ၂ ရပ်ဖြစ်သည့် သတ္တုတွင်းကို တိုးချဲ့လုပ်ကိုင်ရန် (ခွင့်ပြုထားသော သတ္တုတွင်းလုပ်ပိုင်ခွင့်ကာလကို သက်တမ်းတိုးရန်) သို့မဟုတ် သတ္တုတွင်းကို ပိတ်သိမ်းရန်အတွက် ဆန်းစစ်မှု ပြုလုပ်ခဲ့ရသည်။

Rössing သည် သတ္တုတွင်း ပိတ်သိမ်းမည့်နည်းလမ်းများကို အဆိုပြုရန်နှင့် ရေရှည်တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်တစ်ရပ်ထူထောင်နိုင်ရေး အခြေခံအုတ်မြစ်တစ်ရပ် ထူထောင်ရန် **ဆောလျင်စွာ ဆက်သွယ်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်**(Early Communication Program) ချမှတ်ဆောင်ရွက်ခဲ့သည်။ Rössing ကုမ္ပဏီက ကျယ်ကျယ်ပြန့်ပြန့် သြဇာလွှမ်းမိုးသော မြို့ ၃ မြို့တွင် အမြဲတံခါးဖွင့်ဆွေးနွေးခြင်း (Open House Section) နည်းလမ်းအသုံးပြု၍ "ခင်းကျင်းပြသသည့် သဘောတရား" (Exhibition Concept) ကို ဆောင်ရွက်ခဲ့သည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်နိုင်သော Rössing ကုမ္ပဏီ၏ အဆင့်မြင့်ဝန်ထမ်း ၃၀ ဦး ပါဝင်လျက် တစ်မြို့လျှင် ၃ ရက်ကြာဆွေးနွေးပေးရန် ကတိကဝတ်ပြုခဲ့သည်။ အဆိုပြုထားသော သတ္တုတွင်းတိုးချဲ့မှုနှင့် ပိတ်သိမ်းမှုဆိုင်ရာ ရွေးချယ်စရာနည်းလမ်းများနှင့်ဆိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာအကြောင်းအရာများကိုသာ လှည့်ပတ်ဆွေးနွေးခြင်းဖြစ်သည်။

နောက်ဆုံးတွင် Rössing ကုမ္ပဏီသည် သတ္တုတွင်းကို ၂၀၁၆ ခုနှစ်အထိ ဆက်လက်တိုးချဲ့လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်မှ ရရှိခဲ့သော အဓိကသင်ခန်းစာများအနက်တစ်ခုမှာ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်၍ သတ္တုတွင်းပိတ်သိမ်းမှု ကိစ္စရပ်များဆွေးနွေးမှုကို စောစောပိုင်းကာလကတည်းက စတင်ထားရမည်ဟူ၍ ဖြစ်သည်။ ကုမ္ပဏီသည် သတ္တုတွင်းလုပ်ငန်းကို ဆက်လက်သက်တမ်းတိုးလုပ်ကိုင်မည့်အစား ပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့လျှင် သတ္တုတွင်းလုပ်ငန်းအပေါ်များစွာ မှီခိုနေသော အခြေအနေတစ်ရပ်မှ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ရလဒ်များ ပိုမိုသေချာစေမည့်နည်းလမ်းဖြစ်သည့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ပူးတွဲစီမံခန့်ခွဲမှုတစ်ရပ်အဖြစ်သို့ ကူးပြောင်းလုပ်ကိုင်ရန်မှာလည်း အချိန်မလုံလောက်နိုင်သလို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သော လုပ်ငန်းစဉ်များနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကိစ္စများ ဆောင်ရွက်နိုင်ရေးအတွက်လည်း အချိန်လုံလောက် ရနိုင်မည်မဟုတ်ပါ။ ထို့နောက်တွင် ကုမ္ပဏီသည် ဒေသန္တရ အဆင့်၊ ပြည်နယ်အဆင့်နှင့် ဗဟိုအဆင့် အစိုးရအာဏာပိုင်များ၊ ဒေသခံလူထုများ စသည်ဖြင့် **လူပုဂ္ဂိုလ် အဖွဲ့အစည်းပေါင်းစုံ ပါဝင်သော ဖိုရမ်တစ်ခု** ကျင်းပ၍ သတ္တုတွင်းကို တဖြည်းဖြည်းချင်း ပိတ်သိမ်းသွားနိုင်ရန် အားလုံးပါဝင်သော စီမံရေးဆွဲမှုဆိုင်ရာ ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ကို စတင်ရန် ဆောင်ရွက်ခဲ့သည်။ ထိုဖိုရမ်သည် တက်ရောက်လာသူများအကြား သတင်းအချက်အလက်များဖလှယ်၍ စိုးရိမ်ပူပန်မှုများကိုလည်း မျှဝေနိုင်သောနေရာတစ်ခု

## RÖSSING သတ္တုတွင်း၊ NAMIBIA နိုင်ငံ။ မိုင်းပိတ်သိမ်းရန် နောက်ခံအခြေအနေများတွင် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း – အဆက်

ဖြစ်ခဲ့သည်။ အကူးအပြောင်းကာလအတွက် စီမံရေးဆွဲမှုနှင့် ပတ်ဝန်းကျင်၊ ရေ၊ ကျန်းမာရေးနှင့် ဒေသန္တရစီးပွားရေး စသည့် နယ်ပယ်များတွင် အဓိကဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး ဆွေးနွေးရန် မူဘောင်တစ်ရပ်ကို ဖော်ထုတ်နိုင်ခဲ့သည်။ မသေချာမှုများရှိနေသည့်ကာလတွင် ကုမ္ပဏီအနေနှင့် လိုအပ်ချက်များအားလုံးကိုသာ တာဝန်ယူ ဖြည့်ဆည်းဆောင်ရွက်ပေးနေရသည့် ထိန်းချုပ်ဆက်ဆံမှုပုံစံမှသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်သော ပုံစံတစ်ရပ်သို့ ပြောင်းလဲနိုင်ရန် တန်ဖိုးရှိသော လမ်းကြောင်းတစ်ရပ်အဖြစ် ထိုဖိုရမ်က ဆောင်ရွက်ပေးခဲ့သည်။

Rössing ကုမ္ပဏီက ကျင့်သုံးခဲ့သော နည်းလမ်းများတွင် အောက်ပါတို့ပါဝင်သည် –

- **အချိန်ကိုက်ဆောင်ရွက်ခြင်း။** Rössing ကုမ္ပဏီသည် လည်ပတ်ရေးဆိုင်ရာ ရှုထောင့်အခြေအနေ အမျိုးမျိုး (လုပ်ငန်းဆက်လက် တိုးချဲ့လုပ်ကိုင်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းစသည်) အနက်မှ ရွေးချယ်စရာတစ်မျိုးမျှသာ ရှိသည်ဆိုသော သဘောတရားဖြင့် သတ္တုတွင်း ပိတ်သိမ်းမှုနှင့်ပတ်သက်ပြီး ရှင်းပြနိုင်မည့် အခွင့်အလမ်းတစ်ရပ်ကို ဖမ်းဆုပ်ရယူခဲ့သည်။ ဤသို့ဖြင့် သတ္တုတွင်း ပိတ်သိမ်းမှုကို ကြောက်ရွံ့မှုများ၊ မလုံခြုံမှုများနှင့် စိုးရိမ်ပူပန်မှုများ လွှမ်းခြုံနေသော အခြေအနေတစ်ရပ်တွင် တင်ပြဆွေးနွေးမည့်အစား ပိုမိုအပြုသဘောဆန်သော ဆွေးနွေးမှုပုံစံမျိုးရအောင် ပြုလုပ်နိုင်ခဲ့သည်။
- **စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများထံသို့ သတင်းအချက်အလက်များ ယူဆောင်ပေးခြင်း။** Rössing ၏ ဝန်ထမ်း ၃၀ ကျော်ပါဝင်သော ပွင့်လင်းစွာ တင်ပြဆွေးနွေးသည့် ဖိုရမ်များကို ထိခိုက်မှုရှိမည့် အဓိကဒေသ ၃ ခုတွင် ကျင်းပခြင်းအားဖြင့် Rössing ကုမ္ပဏီသည် တက်ကြွသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် သဘောရိုးဖြင့် ချိတ်ဆက်ဆောင်ရွက်ရန် စိတ်အားထက်သန်မှုရှိသော အနေအထားကို တွေ့မြင်စေခဲ့သည်။
- **Rössing ၏ ဝန်ထမ်းများပါဝင်ခြင်း။** ထိုဖိုရမ်များကို ပြင်ပမှပုဂ္ဂိုလ်များနှင့်သာမက ယင်း၏ ဝန်ထမ်းများနှင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များပါ တက်ရောက်စေခြင်းအားဖြင့် Rössing ကုမ္ပဏီသည် အတွင်းအပြင်တစ်ခုလုံးနှင့် ဆက်သွယ်သည့် လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့သည်။
- **ပြောရေးဆိုခွင့်နည်းသူများကို အခွင့်အရေးများ ပေးခြင်း။** ပွင့်လင်းစွာ ခင်းကျင်းပြသဆွေးနွေးသောနည်းလမ်းတစ်ရပ် (Open House Exhibition Method) ကို အသုံးပြုခြင်းအားဖြင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများသည် ကုမ္ပဏီဝန်ထမ်းနှင့် တစ်ဦးချင်းတွေ့ဆုံ၍ ယင်းတို့၏ စိုးရိမ်ပူပန်မှုများဖော်ပြ၍ မေးခွန်းများ မေးမြန်းနိုင်ခဲ့ကြသည်။
- **လမ်းဖွင့်ပေးထားမှုနှင့် ပွင့်လင်းမြင်သာမှု။** စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူအချို့ကို အထူးဦးတည်ထား၍ ပွင့်လင်းစွာ ဆွေးနွေးနိုင်သော အစီအစဉ်များသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ရန် ဒေသန္တရသတင်းစာများတွင် ကြော်ငြာခဲ့သည်။

*Source: Community Development Toolkit (2005) ESMAP, the World Bank, ICMM; Rio Tinto staff*

# နောက်ဆက်တွဲများ

160 နောက်ဆက်တွဲ ၁။ IFC မှ သတ်မှတ်ထားသော လုပ်ဆောင်မှု စံသတ်မှတ်ချက်များနှင့် သတင်းအချက်အလက် ထုတ်ပြန်အသိပေး ခြင်းဆိုင်ရာ မူဝါဒအတွက် လမ်းပြမြေပုံတစ်ရပ်

162 နောက်ဆက်တွဲ ၂။ စီမံကိန်းအကောင်အထည်ဖော်မည့် နည်းလမ်း အမျိုးမျိုးအလိုက် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မည့်ဗျူဟာများ

164 နောက်ဆက်တွဲ ၃ ။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ နှင့် ချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ် (ပါဝင်သောအကြောင်းအရာ နမူနာများ)

169 နောက်ဆက်တွဲ ၄ ။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ ဆိုင်ရာမှတ်တမ်းနမူနာ

170 နောက်ဆက်တွဲ ၅။ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ အစီရင်ခံစာ မူကြမ်း ထုတ်ပြန်အသိပေးမှုကို ကြော်ငြာရန် တရားဝင် လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်း

171 နောက်ဆက်တွဲ ၆။ အသုံးဝင်သော သတင်းအချက်အလက်ရင်းမြစ်များ

# နောက်ဆက်တွဲ ၁။
# IFC မှ သတ်မှတ်ထားသော လုပ်ဆောင်မှု စံသတ်မှတ်ချက်များနှင့် သတင်းအချက်အလက် ထုတ်ပြန်အသိပေးခြင်းဆိုင်ရာ မူဝါဒအတွက် လမ်းပြမြေပုံတစ်ရပ်

အောက်ပါဇယားများသည် စာဖတ်သူများအနေနှင့် ဤလက်စွဲစာအုပ်ပါ တိုင်ပင်ဆွေးနွေးမှုနည်းလမ်းအမျိုးမျိုး၊ သတင်းအချက်အလက် ထုတ်ပြန်အသိပေးမှု၊ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ ကိုးကားစရာများ ပါဝင်သည့် IFC မှ သတ်မှတ်ထားသော လုပ်ဆောင်မှုစံသတ်မှတ်ချက်များနှင့် သတင်းအချက်အလက် ထုတ်ပြန်အသိပေးရေးခြင်းဆိုင်ရာမူဝါဒတို့နှင့် ပတ်သက်သောအလေ့အကျင့်ကောင်းလမ်းညွှန်ချက်များကို ရှာဖွေလေ့လာနိုင်ရန် ကူညီပေးသည်။ လူမှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေး လုပ်ဆောင်ချက်စံနှုန်းများကို IFC ၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားများက ကျင့်သုံးကြသည်။ IFC သည် ယင်း၏ သတင်းအချက်အလက်ထုတ်ပြန်အသိပေးမှု မူဝါဒအရ ထောက်ပံ့ဝန်ဆောင်မှု ရယူထားများကို ကြီးကြပ်သည်။

## ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ရေရှည်တည်တံ့ရေးအတွက် IFC က သတ်မှတ်ထားသော လုပ်ဆောင်မှုစံသတ်မှတ်ချက်များ

| လုပ်ဆောင်မှုစံသတ်မှတ်ချက်/အကြောင်းအရာ | စာမျက်နှာ အမှတ် |
|---|---|
| **PS#1 — လူမှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှုနှင့် စီမံခန့်ခွဲမှုစနစ်များ** | |
| သတင်းအချက်အလက်ထုတ်ပြန်အသိပေးခြင်း | စာမျက်နှာ (27–32) |
| တိုင်ပင်ဆွေးနွေးခြင်း | စာမျက်နှာ (33 –62) |
| လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်ဆွေးနွေး သဘောတူညီခြင်း (Free Prior Informed Consent) | စာမျက်နှာ 38 နှင့် 48 |
| အသိပေး ပါဝင်ဆောင်ရွက်စေခြင်း | စာမျက်နှာ (44–46) |
| ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းခြင်း ယန္တယား | စာမျက်နှာ (69–77) |
| ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများသို့ သတင်းပေးပို့ အစီရင်ခံခြင်း | စာမျက်နှာ (87–98) |
| စီမံခန့်ခွဲမှုစနစ် | စာမျက်နှာ (99–109) |
| **PS#2 – အလုပ်သမားနှင့် လုပ်ငန်းခွင်အခြေအနေများ** | |
| တိုင်ပင်ဆွေးနွေးခြင်း | စာမျက်နှာ (33–42) |
| **PS#3 – ညစ်ညမ်းမှု တားဆီးကာကွယ်ခြင်းနှင့် လျော့ကျစေခြင်း** | |
| သတင်းအချက်အလက်ထုတ်ပြန်အသိပေးခြင်း | စာမျက်နှာ(27–31) |
| **PS#4 – ရပ်ရွာလူထု ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး** | |
| သတင်းအချက်အလက်ထုတ်ပြန်အသိပေးခြင်း | စာမျက်နှာ(27–31) |
| **PS#5 – မြေသိမ်းယူခြင်းနှင့် ဆန္ဒမပါသော ရွှေ့ပြောင်းနေရာချထားမှု** | |
| သတင်းအချက်အလက်ထုတ်ပြန်အသိပေးခြင်း | စာမျက်နှာ(27–31) |
| တိုင်ပင်ဆွေးနွေးခြင်း | စာမျက်နှာ(33–42) |
| အသိပေးပါဝင်ဆောင်ရွက်စေခြင်း | စာမျက်နှာ(44–46) |
| **PS#6 – ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ရေရှည်တည်တံ့သော သဘာဝ သယံဇာတစီမံခန့်ခွဲမှု** | |
| တိုင်ပင်ဆွေးနွေးခြင်း | စာမျက်နှာ(33–42) |

## နောက်ဆက်တွဲ ၁။
## IFC မှ သတ်မှတ်ထားသော လုပ်ဆောင်မှု စံသတ်မှတ်ချက်များနှင့် သတင်းအချက်အလက် ထုတ်ပြန်အသိပေးခြင်းဆိုင်ရာ မူဝါဒအတွက် လမ်းပြမြေပုံတစ်ရပ် အဆက်

### ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ရေရှည်တည်တံ့ရေးအတွက် IFC က သတ်မှတ်ထားသော လုပ်ဆောင်မှုစံသတ်မှတ်ချက်များ

| လုပ်ဆောင်မှုစံသတ်မှတ်ချက်/အကြောင်းအရာ | စာမျက်နှာ အမှတ် |
|---|---|
| **PS#7 – ဒေသခံတိုင်းရင်းသားများ** | |
| သတင်းအချက်အလက်ထုတ်ပြန်အသိပေးခြင်း | စာမျက်နှာ (27–31 နှင့် 51) |
| တိုင်ပင်ဆွေးနွေးခြင်းနှင့် လွတ်လပ်စွာ ကြိုတင်အသိပေး တိုင်ပင်ဆွေးနွေးခြင်း | စာမျက်နှာ (47–55) |
| အသိပေးပါဝင်ဆောင်ရွက်စေခြင်း | စာမျက်နှာ(44–46) |
| သဘောရိုးဖြင့် ညှိနှိုင်းဆွေးနွေးခြင်း | စာမျက်နှာ(64–65) |
| **PS#8 – ယဉ်ကျေးမှုအမွေအနှစ်များ** | |
| တိုင်ပင်ဆွေးနွေးခြင်း | စာမျက်နှာ (33–42) |
| အသိပေး၍ ပါဝင်ဆောင်ရွက်ခြင်း | စာမျက်နှာ(44–46) |
| သဘောရိုးဖြင့် ညှိနှိုင်းဆွေးနွေးခြင်း | စာမျက်နှာ(64–65) |

### IFC ၏ သတင်းအချက်အလက်ထုတ်ပြန်အသိပေးရေးမူဝါဒ

| လုပ်ဆောင်မှုစံသတ်မှတ်ချက်/အကြောင်းအရာ | စာမျက်နှာ အမှတ် |
|---|---|
| **ယေဘုယျ အခြေခံမှုများ** | |
| သတင်းအချက်အလက် ထုတ်ပြန်အသိပေးမှုကို ထောက်ခံအားပေးကြောင်း ထင်မြင်ယူဆချက်များ | စာမျက်နှာ 28 |
| သတင်းအချက်အလက်ထုတ်ပြန်အသိပေးမှုမပြုသည့် အကြောင်းရင်းများ | စာမျက်နှာ 30 |
| လူမှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်း | စာမျက်နှာ (27–32) |

## နောက်ဆက်တွဲ ၂။
## စီမံကိန်း အကောင်အထည်ဖော်မည့် နည်းလမ်းအမျိုးမျိုးအလိုက် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မည့်ဗျူဟာများ

| | ထိခိုက်ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆိုင်သော ပြဿနာအနည်းငယ်သာရှိသည့် စီမံကိန်းများ | ထိခိုက် ဆုံးရှုံးနိုင်ခြေ အန္တရာယ် အသင့်အတင့်နှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆိုင်သည့်ပြဿနာ အသင့်အတင့်ရှိသော စီမံကိန်းများ | အငြင်းပွားဖွယ်ရာစီမံကိန်းများ သို့မဟုတ် သိသာထင်ရှားသော ထိခိုက်ဆုံးရှုံးမှုအန္တရာယ်များနှင့် ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးတို့၏ ပြဿနာအမျိုးမျိုး ရှိနေသည့် စီမံကိန်းများ |
|---|---|---|---|
| စီမံကိန်း ဆောင်ရွက်ရန် သဘောတရားရေးရာများ စဉ်းစားဖော်ထုတ် အဆိုပြုသည့် အဆင့်တွင် ချိတ်ဆက်ဆောင်ရွက်ခြင်း | အစိုးရအရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများ | အဓိကကျသော သတင်းအချက်အလက်ပေးသူများ၊ အစိုးရအရာရှိများနှင့် တွေ့ဆုံ ဆွေးနွေးမှုများ | စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ကိုယ်စားလှယ်များ၊ အဓိကကျသော သတင်းအချက်အလက်ပေးသူများနှင့် အစိုးရအရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုများ<br>စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သည့် စီမံရေးဆွဲမှုများ ပြုလုပ်ရန် ကျင်းပသည့် ဖိုရမ်များ |
| EIA လေ့လာမှုများနှင့် အခြားသော စီမံကိန်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများ ဆောင်ရွက်စဉ်အတွင်း ချိတ်ဆက်ဆောင်ရွက်မှု | စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် အဓိက ကျသော သတင်းပေးသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ ပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲများ | အဓိကကျသောသတင်းအချက်အလက်ပေးသူများ၊ အစိုးရအရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများ<br>ဆန်းစစ်ရမည့် နယ်ပယ်အကြောင်းအရာ သတ်မှတ်ရန် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ<br>သီးသန့်အုပ်စုအလိုက် ဆွေးနွေးမှုများ<br>စီမံကိန်းကြောင့် ထိခိုက်နစ်နာနိုင်ခြေ အများဆုံးရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ<br>ပြည်သူများနှင့် ဆွေးနွေးမှုများ<br>သတင်းစာစောင်များ<br>စီမံကိန်းနယ်မြေတွင် ဖွင့်လှစ်ထားသော ရုံး သို့မဟုတ် ရုံးချုပ်တွင် ပွင့်လင်းစွာ လာရောက်ဆွေးနွေးရန် လမ်းဖွင့်ပေးမှုများ | လူထုဆက်ဆံရေးအရာရှိများ ရွေးချယ်ခန့်ထားခြင်းနှင့် EIA လေ့လာမှုများတွင် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် အတူ ထိုဆက်ဆံရေးအရာရှိများက လိုက်ပါဆောင်ရွက်ခြင်း<br>စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ ကိုယ်စားလှယ်များ၊ အဓိကကျသော သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုများ<br>ဆန်းစစ်မည့် နယ်ပယ်၊ အကြောင်းအရာများ သတ်မှတ်ရန် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများ<br>သက်ဆိုင်ရာ ထိခိုက်မှု အကြောင်းအရာအလိုက် သီးသန့်အုပ်စုများနှင့် တိုင်ပင်ဆွေးနွေးရာတွင် အသုံးပြုသည့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး နည်းစနစ်များ<br>စီမံကိန်းကြောင့် ထိခိုက်နစ်နာနိုင်ခြေ အများဆုံးဖြစ်သူများနှင့် တိုင်ပင်ဆွေးနွေးရာ၌ အသုံးပြုခဲ့သော ပူးပေါင်းပါဝင်ဆောင်ရွက်ရေး နည်းစနစ်များ<br>အလွှာအလိုက် နမူနာတွေ့ဆုံမေးမြန်းပွဲများ<br>အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲများ<br>သတင်းစာစောင်များ<br>စီမံကိန်းနယ်မြေတွင် ဖွင့်လှစ်ထားသော ရုံး သို့မဟုတ် ရုံးချုပ်တွင် ပွင့်လင်းစွာ လာရောက်ဆွေးနွေးရန် လမ်းဖွင့်ပေးမှုများ<br>ရေဒီယိုနှင့် တယ်လီဗေးရှင်းတို့မှ အသိပေးကြေညာမှုများ |

## နောက်ဆက်တွဲ ၂။
## စီမံကိန်း အကောင်အထည်ဖော်မည့် နည်းလမ်းအမျိုးမျိုးအလိုက် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မည့်ဗျူဟာများ အဆက်

| | ထိခိုက်ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆိုင်သော ပြဿနာအနည်းငယ်သာရှိသည့် စီမံကိန်းများ | ထိခိုက် ဆုံးရှုံးနိုင်ခြေ အန္တရာယ် အသင့်အတင့်နှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆိုင်သည့်ပြဿနာ အသင့်အတင့်ရှိသော စီမံကိန်းများ | အငြင်းပွားဖွယ်ရာစီမံကိန်းများ သို့မဟုတ် သိသာထင်ရှားသော ထိခိုက်ဆုံးရှုံးမှုအန္တရာယ်များနှင့် ပတ်သက်ဆက်နွှယ်သူ အမျိုးမျိုးတို့၏ ပြဿနာအမျိုးမျိုး ရှိနေသည့် စီမံကိန်းများ |
|---|---|---|---|
| တည်ဆောက်ရေးကာလနှင့် လည်ပတ်ရေးကာလများတွင် ချိတ်ဆက်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ခြင်း | ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းခြင်း ယန္တယား | ဦးတည်ထားသော လူအုပ်စုများ ဥပမာ – သက်ဆိုင်ရာ လအုပ်စုများနှင့် နှစ်စဉ် / ၃ လတစ်ကြိမ် တိုင်ပင်ဆွေးနွေးခြင်း<br>စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ သဘောထားအမြင် စစ်တမ်းများ နှစ်စဉ် ကောက်ယူခြင်းနှင့် နောက်ဆက်တွဲ ဆောင်ရွက်မှုများ<br>လူထုဆက်ဆံရေး အရာရှိမှ တစ်ဆင့် တိုင်ပင်ဆွေးနွေးမှု<br>သတင်းစာစောင်များ<br>စီမံကိန်းနယ်မြေတွင် ဖွင့်လှစ်ထားသော ရုံး သို့မဟုတ် ရုံးချုပ်တွင် ပွင့်လင်းစွာ လာရောက် ဆွေးနွေးရန် လမ်းဖွင့် ပေးမှုများ | ပူးပေါင်းပါဝင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း<br>ဦးတည်ထားသော သက်ဆိုင်ရာ အုပ်စုများနှင့် နှစ်စဉ်/ ၃ လ တစ်ကြိမ် တိုင်ပင်ဆွေးနွေးခြင်း<br>စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု အချက်အလက်များ ဖြန့်ဝေရန် အင်တာနက်နှင့် အခြားနည်းလမ်းများ အသုံးပြုခြင်း<br>စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏ သဘောထားအမြင်စစ်တမ်းများကို နှစ်စဉ် / ၃ လတစ်ကြိမ် ကောက်ယူခြင်းနှင့် နောက်ဆက်တွဲဆောင်ရွက်မှုများ<br>နမူနာတွေ့ဆုံမေးမြန်းပွဲများကို အလှည့်အလိုက် နှစ်စဉ် / ၃ လ တစ်ကြိမ် ကျင်းပခြင်း<br>သတင်းစာစောင်များ<br>ရေဒီယိုနှင့် တယ်လီဗေးရှင်းတို့မှ အသိပေး ကြေညာမှုများ<br>စီမံကိန်းနယ်မြေတွင် ဖွင့်လှစ်ထားသော ရုံး သို့မဟုတ် ရုံးချုပ်တွင် ပွင့်လင်းစွာ လာရောက်ဆွေးနွေးရန် လမ်းဖွင့်ပေးမှုများ |
| စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆိုင်သော အရေးကိစ္စ အသစ်များနှင့် ယင်းတို့ထံမှ ပေါ်ထွက်လာနိုင်သော စိုးရိမ်ပူပန်မှုများအလိုက် ချိတ်ဆက်ဆောင်ရွက်ခြင်း | ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းခြင်း ယန္တယား | စိုးရိမ်ပူပန်မှုများ နှင့် မကျေနပ်မှုများ တိုင်ကြားနိုင်သော လုပ်ငန်းစဉ်<br>အဓိကကျသော သတင်းပေးပို့သူများ၊ စီမံကိန်းနှင့် ဆိုင်သော ပတ်သက်ဆက်နွှယ်သူများ၏ ကိုယ်စားလှယ်များ နှင့် နှစ်စဉ်တွေ့ဆုံမေးမြန်းမှုများ | စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်မှုများ တိုင်ကြားနိုင်သော လုပ်ငန်းစဉ်(အမျိုးမျိုး)<br>စီမံကိန်းကြောင့် ထိခိုက်နစ်နာခဲ့ရသူများအတွက် အိမ်ထောင်စု စစ်တမ်းမေးခွန်းလွှာများကို နှစ်စဉ် / ၃ လ တစ်ကြိမ် ကောက်ယူခြင်း<br>အဓိကကျသော သတင်းပေးပို့သူများ၊ စီမံကိန်းနှင့် ဆိုင်သော ပတ်သက်ဆက်နွှယ်သူများ၏ ကိုယ်စားလှယ်များနှင့် နှစ်စဉ် တွေ့ဆုံမေးမြန်းမှုများ<br>စီမံကိန်းနှင့် ဆိုင်သော အခမ်းအနားများနှင့် တွေ့ဆုံပွဲများ နှစ်စဉ်ကျင်းပခြင်း |

## နောက်ဆက်တွဲ ၃ ။
## စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် (ပါဝင်သောအကြောင်းအရာ နမူနာများ)

### ၁။ ပင်မ အခြေခံမူများ

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုသည်မှာထိရောက်သောဆက်ဆံရေးကိုအဆက်မပြတ်တည်ဆောက်ထိန်းသိမ်းခြင်းဖြစ်သည်။ ကုမ္ပဏီနှင့်ယင်း၏စီမံကိန်းနှင့်ဆိုင်သောပတ်သက်ဆက်နွယ်သူများအကြား စီမံကိန်းကာလတလျှောက် ရေရှည်ဆက်ဆက်သွယ် ဆောင်ရွက်သွားကြသည့် လုပ်ငန်း စဉ်တစ်ရပ်ဖြစ်ပြီး သတင်းအချက်အလက်မျှဝေခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းမှသည် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ညှိနှိုင်းဆွေးနွေးခြင်းနှင့်မိတ်ဖက်အသွင်ပူးပေါင်းဆောင်ရွက်ခြင်းများအထိလုပ်ဆောင်ချက်အမျိုးမျိုး၊ ချဉ်းကပ်မှုနည်းလမ်းအမျိုးမျိုးဖြင့် လွှမ်းခြုံထားသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ထိုချိတ်ဆက်ဆောင်ရွက်မှု၏ သဘောသဘာဝနှင့် အကြိမ်အရေအတွက်သည် စီမံကိန်းအပေါ် ကျရောက်လာနိုင်သောအန္တရာယ်များ၊ ထိခိုက်သက်ရောက်မှုများ၏ အတိုင်းအတာပေါ် မူတည်သင့်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်၏ ရည်ရွယ်ချက်မှာ – ယဉ်ကျေးမှုနှင့်လိုက်လျောညီထွေစွာ ဆီလျော်သောနည်းလမ်းတစ်ရပ်ဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည့် ကုမ္ပဏီ၏ဗျူဟာတစ်ရပ်နှင့် အစီအစဉ်ကို ဖော်ပြရန်ဖြစ်သည် (တစ်ခုတည်းသော စီမံကိန်းတစ်ရပ်အဖြစ် ကိုင်တွယ်ဆောင်ရွက်မည် သို့မဟုတ် ကုမ္ပဏီကလုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းရပ်များစွာထဲသို့ သွတ်သွင်း ပေါင်းစပ်ဆောင်ရွက်မည် ဟူ၍ဖြစ်သည်)။ ရည်မှန်းချက်ပန်းတိုင်မှာ– နားလည်သဘောပေါက်လွယ်သော သက်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ပေးပို့နိုင်ရန်ဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများဘက်ကလည်း ယင်းတို့၏သဘောထားအမြင်များနှင့်စိုးရိမ်ပူပန်မှုများကိုဖော်ပြနိုင်သည့်အခွင့်အလမ်းများရရှိပြီး ကုမ္ပဏီဘက်ကလည်း ထိုသဘောထားအမြင်များနှင့် စိုးရိမ်ပူပန်မှုများအပေါ် စဉ်းစားသုံးသပ်ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးထားသော လုပ်ငန်းစဉ်တစ်ရပ် ဖော်ဆောင်ခြင်းဖြစ်သည်။

**ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အခြေခံမူ များတွင် အောက်ပါတို့ ပါဝင်သည်။**

- ဦးတည်ထားသော အုပ်စုများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် သတင်းအချက်အလက်များကို ထိရောက်အဓိပ္ပာယ်ရှိသော ပုံစံတစ်ရပ်ဖြင့် ယင်းတို့အလွယ်တကူ နားလည်နိုင်သော ဘာသာစကား အသုံးပြုဖြန့်ဝေခြင်း၊
- တိုင်ပင်ဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများမတိုင်မီ သတင်းအချက်အလက်များကြိုပေးထားခြင်း၊
- စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ အလွယ်တကူ လက်လှမ်းမီနိုင်မည့်နေရာများတွင် ယင်းတို့အလွယ်တကူ လက်လှမ်းမီနိုင်မည့် နည်းလမ်းများဖြင့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊
- ဒေသန္တရရိုးရာဓလေ့များ၊ ဘာသာစကားများ၊ ဒေသအချိန်ကာလ သတ်မှတ်ချက်များနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များကို လေးစားမှုရှိခြင်း၊
- နှစ်ဖက်စလုံး အပြန်အလှန် သဘောထားအမြင်များနှင့် သတင်းအချက်အလက်များ ဖလှယ်ရန်၊ နားထောင်ရန်၊ ယင်းတို့၏အရေးကိစ္စများကိုကြားသိဖြေရှင်းပေး မည့်အခွင့်အလမ်းများပေးခြင်း၊
- အမျိုးသမီးများ၊ အင်အားနည်းထိခိုက်လွယ်သူအုပ်စုများနှင့်(သို့မဟုတ်) လူနည်းစုများ၏ သဘောထားအမြင်များလည်း ပါဝင်စေခြင်း၊
- လုပ်ငန်းစဉ်များသည် ခြိမ်းခြောက်မှု သို့မဟုတ် နိုင်ထက်စီးနင်းပြုမှု ကင်းရှင်းခြင်း ၊
- လူအများ၏ စိုးရိမ်ပူပန်မှုများ၊ အကြံပြုချက်များနှင့် နစ်နာမှုများကို တုံ့ပြန်ဖြေရှင်းပေးနိုင်ရန် ရှင်းလင်းသော လုပ်ငန်းစဉ်များ ထားရှိခြင်း၊
- လူအများ၏သဘောထားအမြင်များကို စီမံကိန်း သို့မဟုတ် အစီအစဉ်ဒီဇိုင်းရေးဆွဲခြင်းတွင် ထည့်သွင်း၍၊ ထိုဆောင်ရွက်မှုများကို စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ပြန်လည်သတင်းပေးပို့အစီရင်ခံခြင်း၊

## နောက်ဆက်တွဲ ၃ ။
## စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် (ပါဝင်သော အကြောင်းအရာ နမူနာများ) အဆက်

### ၂။ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ်တစ်ရပ်တွင် ပါဝင်သော အကြောင်းအရာများ

**စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်ကောင်းတစ်ရပ်တွင် အောက်ပါတို့ ပါဝင်သင့်သည် –**

- တိုင်ပင်ဆွေးနွေးခြင်းနှင့်ထုတ်ပြန်အသိပေးခြင်းတို့အတွက် အစိုးရ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ချေးငွေထုတ်ပေးသူအဖွဲ့အစည်း၊ ကုမ္ပဏီနှင့်(သို့မဟုတ်) အခြားသတ်မှတ်ချက်များကို ဖော်ပြသင့်သည်။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူ အဓိကအုပ်စုများကို ဖော်ထုတ်၍ ဦးစားပေးသတ်မှတ်သင့်သည်။
- အဆိုပါ အုပ်စုတစ်ခုချင်းနှင့် သတင်းအချက်အလက်များ မျှဝေ၍ တိုင်ပင်ဆွေးနွေးရန် ဗျူဟာတစ်ရပ်နှင့် အချိန်ဇယားတို့ ပါရှိသင့်သည်။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အရင်းအမြစ် လိုအပ်ချက်များနှင့် တာဝန်ရှိမှုများကို ဖော်ပြသင့်သည်။
- စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ကုမ္ပဏီ၏ စီမံခန့်ခွဲမှု စနစ် အတွင်းသို့ မည်သို့ ထည့်သွင်းမည်ဖြစ်ကြောင်း ဖော်ပြသင့်သည်။

*အဆိုပါအစီအစဉ် ဆောင်ရွက်မည့်အတိုင်းအတာနှင့် လုပ်ဆောင်မှုအသေးစိတ်သည် စီမံကိန်း (သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ)၏ လိုအပ်ချက်များနှင့်ကိုက်ညီရန် ချိန်ညှိဆောင်ရွက်သင့်သည်။*

**(၁) နိဒါန်း**
ဒီဇိုင်းပိုင်းဆိုင်ရာ အချက်များ၊ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိကအချက်များနှင့် ပတ်ဝန်းကျင်နှင့် လူမှု ဆိုင်ရာ ဖြစ်နိုင်ခြေရှိ ကိစ္စများအပါအဝင် စီမံကိန်း (သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ)အကြောင်း အကျဉ်းချုပ်ဖော်ပြပါ။ ဖြစ်နိုင်လျှင် စီမံကိန်းတည်နေရာနှင့်ပတ်ဝန်းကျင်ဒေသများ၏မြေပုံများထည့်သွင်းပါ။

**(၂) စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များ**
စီမံကိန်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများအတွက် စီမံကိန်း/လုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ် သူများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် လိုက်နာရမည့် ဥပဒေပြဋ္ဌာန်းချက်များ၊ အစိုးရအာဏာပိုင်အဖွဲ့ အစည်းများ၏ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ပေးသူအဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ သတ်မှတ်ချက် များကို စုစည်းဖော်ပြပါ။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်း စစ်မှုနှင့်ဆိုင်သော ထုတ်ပြန်အသိပေးရန် သတ်မှတ်ချက်များလည်း ပါဝင်နိုင်သည်။

**(၃) စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ယခင်ချိတ်ဆက်ဆောင်ရွက်ခဲ့မှုကြောင်းအကျဉ်းချုပ်ဖော်ပြချက်**
သတင်းအချက်အလက်ထုတ်ပြန်အသိပေးခြင်းနှင့်(သို့မဟုတ်) တိုင်ပင်ဆွေးနွေးခြင်းများ အပါအဝင် ကုမ္ပဏီ က ယနေ့အထိ ဆောင်ရွက်ခဲ့ပြီးသော လုပ်ဆောင်ချက်များရှိလျှင် အောက်ပါအသေးစိတ် အချက်အလက်များ ကို ဖော်ပြပေးပါ–

- ထုတ်ပြန်အသိပေးခဲ့သော သတင်းအချက်အလက်အမျိုးအစား၊ မည်သည့်ပုံစံနှင့် ဖော်ပြခဲ့ကြောင်း (ဥပမာ – နှုတ်ဖြင့်၊ လက်ကမ်းစာစောင်၊ အစီရင်ခံစာများ၊ ပိုစတာများ၊ ရေဒီယို စသည်) နှင့် မည်သို့ ဖြန့်ဝေခဲ့ကြောင်း၊

## နောက်ဆက်တွဲ ၃ ။
## စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် (ပါဝင်သော အကြောင်းအရာ နမူနာများ) အဆက်

- ယနေ့အထိ ဆောင်ရွက်ခဲ့သော တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပရာ နေရာနှင့် ရက်စွဲများ၊ တိုင်ပင်ဆွေးနွေးခဲ့သော လူပုဂ္ဂိုလ်များ၊ အုပ်စုများနှင့်(သို့မဟုတ်) အဖွဲ့အစည်းများ ၊
- အဓိကဆွေးနွေးခဲ့သော အကြောင်းအရာများနှင့် တင်ပြလာသော အဓိကကျသော စိုးရိမ်ပူပန်မှုများ၊
- တင်ပြလာသောကိစ္စများအပေါ် ကုမ္ပဏီဘက်မှ တုံ့ပြန်ဆောင်ရွက်ပေးခဲ့မှုများ၊ ကတိကဝတ်များ သို့မဟုတ် နောက်ဆက်တွဲ ဆောင်ရွက်ပေးမှုများ၊
- ထိုလုပ်ဆောင်ချက်များကို မှတ်တမ်းတင်ရန် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်နှင့် စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများအား ပြန်လည်သတင်းပေးပို့ အစီရင်ခံခြင်း။

### (၄) စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ

စီမံကိန်း (သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ)နှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ပို့ပေးရမည့်၊ တိုင်ပင်ဆွေးနွေးခံ အဓိကကျသူအုပ်စုများကို စာရင်းပြုစုပါ။ လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများတွင် အောက်ပါတို့ ပါဝင်သင့်သည်–

- စီမံကိန်း(သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ)ကြောင့် သွယ်ဝိုက် ထိခိုက်နစ်နာခဲ့သူများ
- စီမံကိန်း သို့မဟုတ် မိခင်ကုမ္ပဏီတွင် “အကျိုးခံစားခွင့်များ” ရှိနေ၍ စီမံကိန်းနှင့် ပတ်သက်သူများ အဖြစ် သတ်မှတ်ခံရသူများ၊
- စီမံကိန်း၏ရလဒ် သို့မဟုတ် ကုမ္ပဏီ၏လုပ်ငန်းလည်ပတ်မှုများအပေါ် လွှမ်းမိုးရန် အလားအလာရှိသူများ

*(ဖြစ်နိုင်ခြေရှိသော ပတ်သက်ဆက်နွှယ်သူများကို ဥပမာပြရလျှင် ထိခိုက်နစ်နာသော လူထုများ၊ ဒေသန္တရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရအာဏာပိုင်များ ဖြစ်ကြသည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများတွင် နိုင်ငံရေးသမားများ၊ အခြားသော ကုမ္ပဏီများ၊ အလုပ်သမားသမဂ္ဂများ၊ တက္ကသိုလ်ကောလိပ်ကျောင်းများ၊ ဘာသာရေးအုပ်စုများ၊ အမျိုးသားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြည်သူ့ရေးရာအဖွဲ့အစည်းများနှင့် မီဒီယာတို့လည်း ပါဝင်နိုင်သည်)*

### (၅) စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ်

- အစီအစဉ်၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ပန်းတိုင်များကို (စီမံကိန်းအလိုက် သို့မဟုတ် ကုမ္ပဏီ/စီးပွားရေးအဖွဲ့အစည်းအလိုက်) စုစည်းဖော်ပြပါ။
- အထက်ပါ စာပိုဒ် ၄ တွင် ဖော်ပြထားသော အုပ်စုတစ်ခုချင်းစီအား မည်သည့်သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးမည်၊ မည်သည့် ပုံစံဖြင့်၊ မည်သည့်နည်းလမ်းများအသုံးပြု ဆက်သွယ်ပေးပို့မည် ဆိုသည်ကို အကျဉ်းချုပ်ဖော်ပြပါ။ ဦးတည်ထားသောသူများအလိုက် အသုံးပြုသည့်နည်းလမ်းလည်း ကွဲပြားနိုင်သည်။ ဥပမာ –
  - သတင်းစာများ၊ ပိုစတာများ၊ ရေဒီယို၊ တယ်လီဗေးရှင်း၊
  - သတင်းအချက်အလက်စင်တာများ၊ ပြပွဲများ၊ အခြားကြည့်ရှုနိုင်သော ပြသမှုများ၊
  - ကြော်ငြာစာစောင်များ၊ လက်ကမ်းစာရွက်များ၊ ပိုစတာများ၊ နည်းပညာဆိုင်ရာ အချက်အလက်များ မပါရှိဘဲ အကျဉ်းချုပ်ပြုစု ထားသော စာရွက်စာတမ်းများနှင့် အစီရင်ခံစာများ၊

- အထက်ပါ စာပိုဒ် ၄ တွင် ဖော်ပြထားသော အုပ်စုတစ်ခုချင်းစီအား မည်သည့်ပုံစံဖြင့်၊ မည်သည့် နည်းလမ်းများအသုံးပြုကာ ဆွေးနွေးတိုင်ပင်မည် ဆိုသည်ကို အကျဉ်းချုပ်ဖော်ပြပါ။ ဦးတည်ထားသော သူများအလိုက် အသုံးပြုသည့်နည်းလမ်းလည်း ကွဲပြားနိုင်သည်။ ဥပမာ

## နောက်ဆက်တွဲ ၃ ။
## စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် (ပါဝင်သော အကြောင်းအရာ နမူနာများ) အဆက်

- စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ ကိုယ်စားလှယ်များ၊ အဓိကကျသော သတင်းပေးသူများ နှင့် တွေ့ဆုံဆွေးနွေးမှုများ၊
- လေ့လာမှုစစ်တမ်းများ၊ ဆန္ဒမဲပေးစေခြင်းများနှင့်မေးခွန်းလွှာများ၊
- အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးခွင့်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့်(သို့မဟုတ်) သက်ဆိုင်ရာ အုပ်စုများနှင့် သီးသန့်ဆွေးနွေးပွဲများ
- ပါဝင်ဆောင်ရွက်စေသောနည်းလမ်းများ၊
- တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် အခြားသော သမားရိုးကျလုပ်ငန်း စဉ်များ၊

- အဆိုပါလုပ်ငန်းစဉ်တွင် အမျိုးသမီးများနှင့် အခြားသော အုပ်စုငယ်များ (ဥပမာ– လူနည်းစုများ၊ သက်ကြီးရွယ်အိုများ၊ လူငယ်များစသည်တို့) ၏ သဘောထားအမြင်များကို မည်သို့ထည့်သွင်းစဉ်းစား မည်ဖြစ်ကြောင်း ဖော်ပြပါ။
- အခြားချိတ်ဆက်ဆောင်ရွက်မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်စေသောလုပ်ငန်းစဉ်များ၊ ပူးတွဲဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့်(သို့မဟုတ်)ဒေသခံလူထုများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အခြားသူများနှင့် မိတ်ဖက်အသွင် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဆောင်ရွက်မည့်ချိတ်ဆက်ဆောင်ရွက်မှုများကို ဖော်ပြပါ။ ဥပမာများတွင် အကျိုးအမြတ်ခွဲဝေခြင်းအစီအစဉ်များ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ကနဦးအစီအစဉ်များ၊ ရွှေ့ပြောင်းနေရာချထားခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့်(သို့မဟုတ်) သင်တန်းများ၊ အသေးစားချေးငွေအစီအစဉ်များ ပါဝင်သည်။

**(၆) အချိန်ဇယား**

တိုင်ပင်ဆွေးနွေးခြင်း၊ သတင်းအချက်အလက်ထုတ်ပြန်အသိပေးခြင်းနှင့် မိတ်ဖက်အသွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့အပြင် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အမျိုးမျိုးပြုလုပ်ရန် သတ်မှတ်ထားသည့်နေ့ရက်များ၊ နေရာများပါရှိသည့် အချိန်ဇယားတစ်ခုနှင့် ထိုလုပ်ဆောင်ချက်များကို ကုမ္ပဏီ၏ စီမံခန့်ခွဲမှုစနစ်အတွင်း သွတ်သွင်းမည့်နေ့ရက် (စီမံကိန်းအလိုက်ဖြစ်စေ၊ ကုမ္ပဏီ/စီးပွားရေး လုပ်ငန်းအလိုက်ဖြစ်စေ) ကို ဖော်ပြပေးပါ။

**(၇) အရင်းအမြစ်များနှင့်တာဝန်ရှိမှုများ**

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သော အစီအစဉ်ကို စီမံခန့်ခွဲအကောင် အထည်ဖော်ပေးရန် တာဝန်ပေးထားသည့် ဝန်ထမ်းများနှင့် ရင်းမြစ်ခွဲဝေမှုတို့ကိုဖော်ပြပါ။ ကုမ္ပဏီအတွင်းရှိ မည်သူက ထိုလုပ်ဆောင်ချက်များ ဆောင်ရွက်ရန် တာဝန်ရှိမည်နည်း၊ ထိုလုပ်ဆောင်ချက်များအတွက် ခွဲဝေ ချထားပေးခဲ့သည့် ဘတ်ဂျက်ပမာဏ မည်မျှရှိသနည်း စသည်ဖြင့်။

*သိသာထင်ရှားသော သို့မဟုတ် အမျိုးမျိုးသော ထိခိုက်သက်ရောက်နိုင်ခြေများရှိသည့် စီမံကိန်းများ (သို့မဟုတ် ကုမ္ပဏီ၏ များစွာ ပါဝင်သော)တွင် ကုမ္ပဏီအနေနှင့် စီမံကိန်းအဆင့် လုပ်ဆောင်ချက်များနှင့် (သို့မဟုတ်) ကုမ္ပဏီ/ စီးပွားရေးလုပ်ငန်းအဆင့်အလိုက် လုပ်ဆောင်ချက်များကိုစီစဉ်ရန်နှင့် မြန်ဆန်ချောမွေ့ စေရန် အရည်အချင်းပြည့်မီသော လူထုဆက်ဆံရေး အရာရှိများကို ငှားရမ်းခြင်းသည် အလေ့အကျင့်ကောင်း ဖြစ်သည်။ လူမှုဆက်ဆံရေးလုပ်ငန်းများနှင့် အခြားအဓိကကျသော စီးပွားရေးဆိုင်ရာ လုပ်ငန်းရပ်များကို ပေါင်းစပ်ရန်လည်းအရေးကြီးသည်။ သို့မှသာ စီမံခန့်ခွဲသူများပါဝင်၍ စောင့်ကြည့်ထိန်းကျောင်းကြမည်ဖြစ် သည်။*

## နောက်ဆက်တွဲ ၃ ။
## စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် (ပါဝင်သော အကြောင်းအရာ နမူနာများ) အဆက်

**(၈) ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေး ယန္တယား**
(စီမံကိန်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ)ကြောင့် ထိခိုက်နစ်နာခဲ့သူများက ယင်းတို့၏ စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များကို ကုမ္ပဏီက စဉ်းစားဖြေရှင်းပေးရန် တင်ပြတိုင်ကြားနိုင်သည့် လုပ်ငန်းစဉ်ကို ဖော်ပြပါ။ ပြည်သူထု၏ စိုးရိမ်ပူပန်မှုများနှင့် မကျေနပ်ချက်များကို ဘယ်သူကလက်ခံပေးမလဲ၊ ဘယ်သူက ဘယ်လိုဖြေရှင်းပေးမလဲနှင့် ထိုတုံ့ပြန်ဖြေကြားမှုများကို တိုင်ကြားသူထံသို့ မည်သို့ပြန်လည် ဆက်သွယ်ပေးပို့မလဲ စသည်ဖြင့် ။

**(၉)စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် သတင်းပေးပို့အစီရင်ခံခြင်း**
စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများ (ထိခိုက်နစ်နာသူများအပါအဝင်)ပါဝင် ဆောင်ရွက်နိုင်သောအစီအစဉ် များ သို့မဟုတ် စီမံကိန်းကြောင့် ထိခိုက်မှုများနှင့် ထိခိုက်မှုလျှော့ချရေး အစီအစဉ်အကောင်အထည်ဖော်မှုကို တတိယပုဂ္ဂိုလ်/ အဖွဲ့အစည်းများက စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်များကို ဖော်ပြပါ။

စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုရလဒ်များကို ထိခိုက်နစ်နာရသူများနှင့်ပိုမို ကျယ်ပြန့်သော အုပ်စုများသို့ မည်သည့်အချိန်တွင် မည်သို့ပြန်လည်သတင်းပေးပို့မည်ဖြစ်ကြောင်းဖော်ပြပါ။

*ဥပမာများတွင် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်မှုအစီရင်ခံစာများ၊ ကုမ္ပဏီသတင်းစာစောင်များ၊ ချေးငွေထုတ်ပေးသူများ ထံတင်ပြသော နှစ်စဉ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု အစီရင်ခံစာများ၊ ကုမ္ပဏီ၏ နှစ်ပတ်လည်အစီအရင်ခံစာ၊ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်း၏ ရေရှည်တည်တံ့ရေးအစီရင်ခံစာတို့ပါ ဝင်သည်။*

**(၁၀) စီမံခန့်ခွဲသူများ၏ လုပ်ငန်းတာဝန်များ**
စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ကုမ္ပဏီ၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် အခြားသော အဓိကစီးပွားရေးလုပ်ငန်းရပ်များအတွင်းသို့ မည်သို့ပေါင်းစပ်ထည့် သွင်းမည်နည်း၊

- ထိုအစီအစဉ်ကို မည်သူက စီမံခန့်ခွဲစောင့်ကြည့်ထိန်းကြောင်းမလဲ၊
- စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့်အလုပ်ကို ဆောင်ရွက်ရန် ဝန်ထမ်းများ ငှားရမ်းခြင်း၊ သင်တန်းပေးခြင်းနှင့် ဖြန့်ကျက်တာဝန်ပေးခြင်းဆိုင်ရာ အစီအစဉ်များ ဘယ်လိုရှိမလဲ၊
- လူမှုဆက်ဆံရေးဝန်ထမ်းနှင့် အဆင့်မြင့်စီမံခန့်ခွဲသူတို့အကြား ဆက်သွယ်သတင်းပေးနိုင်သည့် လမ်းကြောင်းများ ဘယ်လိုရှိသလဲ၊
- စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် ဗျူဟာကို ကုမ္ပဏီအဖွဲ့အစည်း အတွင်း၌လည်း အချိတ်အဆက်မိမိ မည်သို့ဆောင်ရွက်မလဲ၊
- ထိုလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရန်၊ ခြေရာခံရန်နှင့် စီမံခန့်ခွဲရန် မည်သည့်စီမံခန့်ခွဲရေး နည်းလမ်းများ အသုံးပြုမလဲ (ဥပမာ–စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ၏အချက်အလက်ဘဏ်၊ ကတိကဝတ်များ မှတ်တမ်းစသည်)
- စီမံကိန်းများ သို့မဟုတ် ကန်ထရိုက်တာများပါဝင်ပတ်သက်သော ကုမ္ပဏီ လုပ်ငန်းဆောင်ရွက်မှုများတွင် ထိုကန်ထရိုက်တာများနှင့် ဒေသခံများအကြား အပြန်အလှန်ချိတ်ဆက်မှုကို မည်သို့စီမံခန့်ခွဲပြီး ကောင်း မွန်သော ဆက်ဆံရေးများ မည်သို့ ထိန်းသိမ်းမည်နည်း၊

# နောက်ဆက်တွဲ ၄ ။
# စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများဆိုင်ရာမှတ်တမ်းနမူနာ

| နေ့ရက်/ နေရာ | တက်ရောက်သော ကုမ္ပဏီ ဝန်ထမ်း | ဆက်သွယ်ရန် ပုဂ္ဂိုလ်များ/ အဖွဲ့အစည်းများ | အစည်းအဝေး အကျဉ်းချုပ်/ အဓိကကိစ္စများ | နောက်ဆက်တွဲ လုပ်ဆောင်ချက်များ |
|---|---|---|---|---|
| ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ Ahskala လူထုစင်တာ India | Savita Dey နှင့် Amit Rao ၊ လူထု ဆက်ဆံရေး အရာရှိများ Krishna Das၊ စက်ရုံမန်နေဂျာ | Ashkala နှင့် Simrit ကျေးရွာ များ၊ လူထုတွေ့ဆုံပွဲများ၊ အစိုးရမဟုတ်သော ဒေသန္တရ အဖွဲ့အစည်း Sri Bhavani၊ Panchayat ဒေသမှ အစိုးရကိုယ်စားလှယ် | မြေသိမ်းဆည်းမည့် အချိန်ဇယား နှင့် လျော်ကြေးကိစ္စများ၊ တည် ဆောက်ရေး လုပ်သားစခန်း တည်နေရာ၊ ကျေးရွာလမ်းများ ပေါ်တွင် ထရပ်ကားများ အရှိန် ပြင်းစွာ မောင်းနှင်မည်ကို စိုးရိမ်ပူပန်မှုများ | KD သည် အရှိန်ပြင်းမောင်းနှင် ခြင်း/ ဘေးအန္တရာယ်ကင်းရှင်း ရေးကိစ္စများကို ကန်ထရိုက် အား ပြောဆိုရန် SD နှင့် AR တို့သည် မြေယာကိစ္စ သတင်းအချက် အလက်များ ဖော်ပြသည့် လက်ကမ်းစာစောင်ပြုစုရန် |
| ၂၀၀၇ ခုနှစ်၊ ဇန်န ဝါရီလ ၂၈ ရက်၊ Simrit ကျေးရွာ | Savita Dey | အမျိုးသမီး မြေပိုင်ရှင်နှင့် ကျေးရွာက သချ်ာဆရာမ | မြေယာ သိမ်းဆည်းမှုလုပ်ငန်းစဉ် နှင့် လျော်ကြေးငွေ အသုံးပြုမှု ဆိုင်ရာများဆွေးနွေးခြင်း | SD က လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ဆက်လက်ခြေရာခံရန် |
| ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် | Savita Dey ၊ Amit Rao စက်ရုံ မန်နေဂျာနှင့် HSE အရာရှိ | ရပ်ရွာက အသက် ၆၀ အထက် အမျိုးသား၊ အမျိုးသမီးများ | စက်ရုံ အနီးတစ်ဝိုက်က ယင်းတို့ နေအိမ်များ၏ ဘေးအန္တရာယ်ရှိမှု အပေါ် စိုးရိမ်ပူပန်မှုများ | HSE အရာရှိ မှ ရပ်ရွာလူထု နှင့် ဆက်လက်ဆွေးနွေး ဆောင်ရွက်ရန် |
| ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် | Amit Rao ၊ လူထုဆက်ဆံ ရေးအရာရှိ | မြေပိုင်ရှင် အဖွဲ့အဲ့<br>Ms. Rita Shukla နှင့် မိသားစုဝင် ၁၀ ဦး | မြေယာလုပ်ပိုင်ခွင့်နှင့် ဆိုင်သည့် လုပ်ငန်းစဉ်နှင့် သစ်သီးပင်များ အတွက် လျော်ကြေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း | စာဖြင့်ရေးထားသော သတင်း အချက်အလက်များ ပါရှိသည့် လက်ကမ်းစာစောင်ကို ဖြန့် ဝေရန် |
| ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် Simrit မြို့ | Amit Rao ၊ Savita Dey ၊ ESIA အတိုင်ပင်ခံအဖွဲ့ | စည်ပင်လူကြီး<br>Mr. Basu Kumar နှင့် ရပ်ရွာမှ အခြားသော အမျိုးသား ၅ ဦး | တည်ဆောက်ရေးလုပ်ငန်းများ ကြောင့် ထိခိုက်မှုများ၊ ဘေး အန္တရာယ် ကင်းရှင်းရေး၊ အလုပ် အကိုင်၊ မြေသိမ်းဆည်းခြင်းနှင့် လျော်ကြေးငွေများ အသုံးပြုမှုတို့ အပေါ် အထွေထွေဆွေးနွေးခြင်း | လာမည့် ရပ်ရွာ လူထု တွေ့ဆုံပွဲတွင် ဆက်လက် ဆောင်ရွက်သွားရန် |
| ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် Hamradi မြို့တော်ခန်းမ | Amit Rao၊ Savita Dey၊ ESIA အတိုင်ပင်ခံအဖွဲ့ | Municipality လူကြီး၊ Mr. Hasan Municipal ရုံး | ကျေးရွာ၏ လိုအပ်ချက်များနှင့် ဦးစားပေးကိစ္စများ၊ တည် ဆောက်ရေး လုပ်ငန်းကြောင့် ထိခိုက်မှုများ၊ ဘေးအန္တရာယ် ကင်းရှင်းရေးအလုပ်အကိုင် (မြေသိမ်းဆည်းမှုမခံရသော ကျေးရွာများအတွက်) စသည်တို့ အပေါ် အထွေထွေဆွေးနွေးခြင်း | တောင်းဆိုသည့်အတိုင်း သတင်းအချက်အလက်များ ပေးပို့ရန် |
| ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် Ashkala | Savita Dey နှင့် Amit Rao၊ လူထု ဆက်ဆံရေး အရာရှိများ | ဒေသခံအမျိုးသား ၁၀ ဦး | အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု သင်တန်းများနှင့် စပ်လျဉ်းသည့် အထွေထွေဆွေးနွေးမှု | ကျေးရွာ၏ အလုပ်အကိုင် ရရှိမှုစာရင်းကို ပြန်လည်သုံးသပ်မွမ်းမံ ပြင်ဆင်ရန် |

## နောက်ဆက်တွဲ ၅။
## ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာအစီရင်ခံစာမူကြမ်း ထုတ်ပြန်အသိပေးမှုကို ကြော်ငြာရန် တရားဝင် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်း

[ကုမ္ပဏီအမည်]၊ [ကုမ္ပဏီဖွဲ့စည်းပုံနှင့် အဓိကရင်းနှီးမြှုပ်နှံသူများ]၊ [တည်ဆောက်/မလည်ပတ်/စီမံခန့်ခွဲ/ **တိုးချဲ့]**ရန်အဆိုပြုမည့် **[စီမံကိန်းအမျိုးအစား] [ဆောင်ရွက်မည့်နေရာ(များ)]**။

စီမံကိန်းတည်ဆောက်ခြင်းကို **[ရက်စွဲ]** တွင်စတင်ရန်မျှော်မှန်းထားပြီး **[ရက်စွဲ]** တွင် ပြီးစီးရန် ရည်ရွယ်ထားသည်။

**[စီမံကိန်းလုပ်ဆောင်ချက်များအတွက်]** လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်မှု အစီရင်ခံစာမူကြမ်းကို **[အတိုင်ပင်ခံအမည်]** က ရေးသားပြုစုခဲ့ပြီးဖြစ်သည်။

အဆိုပါလူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှု အစီရင်ခံစာမူကြမ်းတွင် အောက်ပါ အချက်အလက်များ ပါဝင်သည်-

- စီမံကိန်းအကြောင်းဖော်ပြချက်များ
- သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ
- ဖြစ်နိုင်ခြေရှိသော ထိခိုက်သက်ရောက်မှုများနှင့် အကျိုးကျေးဇူးများ
- ထိခိုက်သက်ရောက်မှုလျှော့ချရေး အဆိုပြုထားသောအစီအမံများ
- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်
- အခြားသောအထောက်အကူပြုသည့်လေ့လာမှုများ

လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်မှု အစီရင်ခံစာမူကြမ်းနှင့် နည်းပညာဆိုင်ရာ အချက်အလက်များ မပါရှိသော အကျဉ်းချုပ်အစီရင်ခံစာတို့ကို ပြည်သူများလေ့လာ သုံးသပ်၊ သဘောထားမှတ်ချက်များပေးရန် အောက်ပါနေရာများ၌ - **[ဖော်ပြပါ နေ့ရက်များနှင့် အချိန်များတွင်ရရှိနိုင်]** ပါမည်။

**[အစိုးရအဖွဲ့အစည်း၏လိပ်စာ]**
**[ကုမ္ပဏီ၏လိပ်စာ]**
**[ဒေသခံများလက်လှမ်းမီနိုင်သောအခြားအဖွဲ့အစည်းများ/စာကြည့်တိုက်များ/ ရပ်ရွာခန်းမများ၏လိပ်စာ]**

ပြည်သူများသည် ဖော်ပြပါအစီရင်ခံစာမူကြမ်းနှင့် အကျဉ်းချုပ်အစီရင်ခံစာတို့အပေါ် **[နေ့ရက်နောက်ဆုံးထား၍]** သဘောထားမှတ်ချက်များ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။ အထက်တွင်ဖော်ပြထားသောနေရာ(များ)တွင် အဆိုပါအစီရင်ခံစာမူကြမ်းများကို လေ့လာသုံးသပ်ရန် လက်လှမ်းမမီနိုင်သူများသည် **[စီမံကိန်းကုမ္ပဏီအမည်]၊ [စီမံကိန်းပိုင်ရှင်၏ လိပ်စာ]** သို့မဟုတ် **[စီမံကိန်း ပိုင်ရှင်၏တယ်လီဖုန်းနံပါတ်နှင့်အီးမေးလ်လိပ်စာသို့ဆက်သွယ်ရန်ဖြစ်သည်။]**

# နောက်ဆက်တွဲ ဖ၊
# အသုံးဝင်သော သတင်းအချက်အလက် ရင်းမြစ်များ


**AccountAbility.** AA1000SES, *Stakeholder Engagement Standard.* www.accountability21.net

**Business for Social Responsibility.** *Issue Brief: Stakeholder Engagement.* 2003. http://www.bsr.org/CSRResources/IssueBriefDetail.cfm?DocumentID=48813

**Canadian International Development Agency (CIDA).** *Policy and Resources on Gender Equality.* www.acdi–cida.gc.ca/CIDAWEB/acdicida.nsf/En/EMA–218123616–NN9

**CDA Collaborative Learning Projects.** *Stakeholder Consultation Issue Paper.* November 2004. www.cdainc.com

**Department for International Development (DFID).** *Tools for Development: A Handbook for Those Engaged in Development Activity. 2002.* www.dfid.gov.uk/pubs/files/toolsfordevelopment.pdf

**ESMAP, the World Bank and ICMM.** *Community Development Toolkit.* 2005. www.esmap.org,www.worldbank.org, www.icmm.com

**Equator Principles.** www.equator–principles.com

**Global Reporting Initiative.** www.globalreporting.org

**Institute of Development Studies (IDS) – Bridge.** *Gender and Participation.* www.bridge.ids.ac.uk/reports_gender_CEP.html#Participation

**International Association for Public Participation.** www.iap2.org

**International Finance Corporation (IFC).** *The BTC Pipeline Project: Lessons of Experience.* 2006. www.ifc.org/envirolessons

**International Finance Corporation (IFC).** *External Monitoring of the Chad–Cameroon Pipeline Project:* Lessons of Experience.2006. www.ifc.org/envirolessons

**International Finance Corporation (IFC).** *Good Practice Note: Addressing the Social Dimensions of Private Sector Projects.* 2002. www.ifc.org/enviropublications

**International Finance Corporation (IFC).** *ILO Convention and the Private Sector: Questions and Answers for IFC Clients.* 2007. www.ifc.org/enviro/publications

**International Finance Corporation (IFC).** *Performance Standards on Social and Environmental Sustainability.* 2006. www.ifc.org/enviro

**International Institute for Environment and Development (IIED).**
*Participatory Learning and Action Series.* www.iied.org

**New Economics Foundation.** *Participation Works! 21 Techniques of Community Participation for the 21st Century.* 1998. www.neweconomics.org

**Organization for Economic Cooperation and Development (OECD).**
*Guidelines for Multinational Enterprises.* www.oecd.org

**Oxfam.** *The Oxfam Gender Training Manual.* 1995.
http://publications.oxfam.org.uk

**WorldResourcesInstitute.** *Development Without Conflict: The Business Case for Community Consent.* 2007.
www.wri.org

## ကျေးဇူးတင်လွှာ

စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အလေ့အကျင့်ကောင်းများအကြောင်း လက်စွဲစာအုပ်ကို အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC)၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးဌာနက စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဤစာအုပ် ကို အဖွဲ့ခေါင်းဆောင် (IFC ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြီးတန်းကျွမ်းကျင်ပညာရှင်) Debra Sequeira နှင့် Michael Warner (အစီအစဉ်ဒါရိုက်တာ၊ နိုင်ငံရပ်ခြားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း)တို့က ရေးသားပြုစုခဲ့သည်။ ဤလုပ်ကိုင်ဆောင်ရွက်မှုကို ဒါရိုက်တာ Rachel Kyte ၏ အထွေထွေလမ်းညွှန်မှုအောက်တွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသူများတွင် Maria Arsenova ၊ Diana Baird ၊ Lakhdeep Babra ၊ Stuart Bell ၊ Michaela Bergmann ၊ Richard Caines ၊ Anne Copeland Chiu ၊ Mark Constantine ၊ Louise Gardiner ၊ Steve Gibbons ၊ Richard English ၊ Ramanie Kunanayagam ၊ Deirde LaPin ၊ Larissa Luy ၊ Ikuko Matsumoto ၊ John Middleton ၊ Fabio Pittaluga၊ Ted Pollett ၊ Justin Pooley ၊ Giulio Quaggiotto ၊ Sarah Ruck ၊ Robin Sandenburgh ၊ Bernie Ward ၊ Jose Zevallos နှင့် Wenlei Zhou တို့လည်းပါဝင်သည်။ ပုံနှိပ်ထုတ်ဝေရေးအတွက် Debra Sequeira နှင့် Amy Sweeting တို့က တည်းဖြတ်ပေးခဲ့သည်။ Vanessa Manuel သည် စီမံရေးရာဆိုင်ရာ ကူညီပံ့ပိုးမှုများပြုလုပ်ခဲ့သည်။ ဒီဇိုင်းပိုင်းဆိုင်ရာနှင့် layout ကို Studio Grafik က ဆောင်ရွက်ခြင်းဖြစ်သည်။

အလေ့အကျင့်ကောင်းများဆိုင်ရာ လက်စွဲစာအုပ်သည် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)မှ ယင်း၏ ထောက်ပံ့ဝန်ဆောင်မှုရယူသူများနှင့် ထွန်းသစ်စဈေးကွက်များအတွင်းရှိ ပုဂ္ဂလိကကဏ္ဍကို အဓိကထားသော အခြားအဖွဲ့အစည်းများ၏ သင်ခန်းစာများနှင့်အတွေ့အကြုံများထဲမှ အဓိက ကောက်နုတ်ယူထားခြင်းဖြစ်သည်။ ဤစာအုပ်သည် IFC မှ ၁၉၉၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် အလေ့အကျင့်ကောင်းများဆိုင်ရာလက်စွဲစာအုပ် "အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုနှင့် သတင်းအချက်အလက်ထုတ်ပြန်အသိပေးမှုတို့ကို ထိရောက်စွာဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းကို ပိုမိုကောင်းမွန်စွာလုပ်ကိုင်ခြင်း"အပေါ် လေ့လာ၍ နောက်ဆုံးရ အချက်အလက်များနှင့် ထပ်မံပြုစုဖော်ပြထားခြင်းဖြစ်သည်။ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေးဆိုင်ရာ IFC ၏ အသစ်ရေးဆွဲထားသော လုပ်ဆောင်မှုစံသတ်မှတ်ချက်များကို ပံ့ပိုးသောအားဖြင့် ဤအလေ့အကျင့်ကောင်းဆိုင်ရာ လမ်းညွှန်ချက်များကို နောက်ဆက်တွဲ ထုတ်ဝေခြင်းဖြစ်သည်။

အသေးစိတ်လေ့လာသုံးသပ်ခြင်းနှင့် အများပြည်သူထံမှ သဘောထားမှတ်ချက်ရယူသည့်လုပ်ငန်းစဉ်အတွင်း မူကြမ်းများစွာအပေါ် ဖတ်ရှု၍ လက်စွဲစာအုပ်ပြုစုရေးအဖွဲ့အား တန်ဘိုးရှိသော သဘောထားမှတ်ချက်များပေးကြသည့် Motoko Aizawa, Clive Armstrong, William Bulmer, Richard Caines, Anne Copeland Chiu, Jozefina Cutura, Leyla Day, Louise Gardiner, Amar Inamdar, Kate Kopischke, Rachel Kyte, Patty Miller, Eluma Obibuaku, Ted Pollett, Justin Pooley, Tamara Sequeira, Liz Smith, Richard Wyness နှင့် Jose Zevallos တို့အပါအဝင် အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ဤမြန်မာဘာသာဖြင့် ထုတ်ဝေသည့် အလေ့အကျင့်ကောင်းများဆိုင်ရာ လက်စွဲစာအုပ်ကို ဩစတြေးလျအစိုးရ (Australian Government) နှင့် ယူကေအစိုးရ(UK Government) တို့မှ ကူညီပံ့ပိုးပါသည်။

IFC | International Finance Corporation
WORLD BANK GROUP

*Creating Markets, Creating Opportunities*


2121 Pennsylvania Avenue, N.W.
Washington, D.C. 20433 U.S.A.
Telephone: 202 473–1000
Facsimile: 202 974–4384
Internet: www.ifc.org/enviro